## နိဒါန်း

မြန်မာသက္ကရာဇ် ၈၄၁ ခုနှစ် (အေဒီ - ၁၄၇၉) တွင် ပဲခူး (ဟံသာဝတီ) ဘုရင် ရာမာဓိပတိ (ဓမ္မစေတီ) မင်းသည် ကလျာဏီသိမ်ကျောက်စာရေးထိုးသည့်အခါ သုဝဏ္ဏဘူမိအရပ်၌ "ဗုဒ္ဓသာသနာ စတင်တည်၍ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ သာမဏေယောက်ျား၊ သာမဏေမိန်းမတို့ဖြစ်ကြကုန်၏" ဟုဖော်ပြခဲ့သည်။ ၎င်းသုဝဏ္ဏဘူမိသည် သုဓမ္မပူရသထုံ၊ ဂေါဠမတ္တိကနှင့် တိုက်ကလားဟုအမည်များဖြစ်ကြောင်း၊ မင်းနေပြည်တော်သည် ကေလာသပေါ ဘုရား၏ အနောက်မြောက်ထောင့်၌ရှိကြောင်း၊ မြို့တစ်ဝက်ကား တောင်ပေါ်၌ရှိ၍၊ အခြားတဘက်ကား ညီသောမြေပြင် ဖြစ်ကြောင်း ရေးထိုးဖော်ပြ၏။

အထက်ပါ ကလျာဏီသိမ်ကျောက်စာညွှန်းအတိုင်းလိုက်၍ ၁၉ ရာစုနှောင်းပိုင်းကာလ ရှေးဟောင်းသုတေသန အရာထမ်းများဖြစ်ကြသော ဒေါက်တာအီး၊ ဖော်ခမ်းမားနှင့် မစ္စတာတော်စိန်ခိုတို့နှစ်ဦးသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ် ကေလာသတောင်ခြေသို့ ကွင်းဆင်းလေ့လာခဲ့ကြ၏။ ကေလာသတောင်ခြေဝင်းကရွာနှင့် ကင်းရွာ အကြား၌ ရှေးသုဝဏ္ဏဘူမိမြို့ရိုး နှင့် ကျုံးတို့အကြွင်းအကျန်များကို တွေ့ခဲ့ရကြောင်း ၎င်းတို့၏ အစီရင်ခံစာများတွင် အသီးသီးဖော်ပြခဲ့ကြာ၏။ ၁၉၅၈ - ခုနှစ်သို့ ရောက်သည့်အခါ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ဦးဖိုးလတ်၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်အဖွဲ့ဝင် ပါမောက္ခလုစ်နှင့် ဒေါက်တာဒေါ်သင်းကြည်တို့ အဖွဲ့သည် ကေလာသတောင်ခြေမှ တိုက်ကုလားမြို့ဟောင်းနေရာကိုလည်းကောင်း၊ ယခုသထုံမြို့နေရာရှိ သထုံမြို့ဟောင်းတို့ကိုလည်းကောင်း၊ ကွင်းဆင်း၍ ဖော်ထုတ်ပေးခဲ့ကြ၏။ ၁၉၇၄ ခုနှစ်သို့ရောက် သည့်အခါ၊ သုဝဏ္ဏဘူမိမြို့ဟောင်းတူးဖော်သုတေသနလုပ်ငန်းကို ရှေးဟောင်းသုတေသနဌာနက စတင်ဆောင်ရွက်ခဲ့ရာ၊ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ကေလာသတောင်ခြေမှ အယက်သမနှင့် ဝင်းကကျေးရွာတူးဖော်မှုများ၊ ၁၉၈၆-ခုနှစ်မှ၊ ၂၀၀၀ပြည့်နှစ် အထိ ကျိုက္ကသာမြို့ဟောင်းတူးဖော်သုတေသနလုပ်ငန်းနှင့် ၂၀၀၀ ပြည့်နှစ် သထုံမြို့ဟောင်း တူးဖော်သုတေသန လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ဤကဲ့သို့တူးဖော်သုတေသနလုပ်ငန်းများမှ ပဏာမတူးဖော်မှုအစီရင်ခံစာများ အသီးသီးဖော်ပြထားချက်အရ သုဝဏ္ဏဘူမိမြို့ဟောင်းခေတ် (ဘီစီ ၃ ရာစုနှစ်) အထိ ရှေးကျနိုင်သော အထောက် အထားများကို ခိုင်ခိုင်မာမာတွေ့ရှိရကြောင်းမသိရသေးပဲ၊ အထောက်အထားအများစုမှာ ပုဂံခေတ်(ခရစ် ၁၁-ရာစုနှစ်) ယဉ်ကျေးမှုအထောက်အထားများသာ ဖြစ်ကြောင်းသိရပါသည်။

## သု ဝ ဏ္ဏ ဘူ မိ သု တေ သ န

အခြားတစ်ဖက်တွင် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ ကောင်းကင်ဓါတ်ပုံလေ့လာမှုမှတစ်ဆင့်၊ ရှေးမြို့ဟောင်းနေရာများစွာကို ကေလာသတောင်ခြေဒေသနှင့် အနီးဝန်းကျင်ဒေသတို့မှတွေ့ရှိခဲ့ရ၏။ ကေလာသတောင်၏မြောက်ဘက်တွင် စစ်တောင်း၊ ကျိုက္ကသာနှင့်ကော့ထင်းမြို့ဟောင်းများ၊ ကေလာသတောင်ခြေအနီးတွင် ဇုတ်သုတ်ရွာကြီး၊ ဇုတ်သုတ်ရွာကလေး၊ ဇွဲဂလာ၊ ဝိုင်းပတ်၊ မုသင်၊ မုဆိုးမကျွန်း (ကကတစ်)၊ လိပ်ခုံးစသော မြို့ဟောင်းများရှိကြ၏။ ဘီးလင်းမြစ်ဝကျွန်းပေါ်အရှေ့ပိုင်း၌ ကတိုက်ကလေး၊ ကတိုက်ကြီး၊ ဆိပ်ကျွန်း၊ မရမ်းကုန်း၊ ဒုံဝန်းစသော မြို့ဟောင်းကုန်းများကို တွေ့ရ၏။ ၎င်းတောင်ဘက်၌ သထုံမြို့ဟောင်းကြီးအနီး ကပ်တည်ရှိနေ၏။ သထုံအနီးမှ ဆင်ဖြူကျွန်းကုန်းသည် သထုံမြို့ဟောင်းအစောပိုင်း ခေတ်အထောက်အထားဟု ဆိုနိုင်၏။ သထုံ၏အရှေ့တောင်ဘက်တွင် မုတ္တမမြို့အနီး၌ စမ္ပါနဂိုရ် (လကွန်းဗျည်း) မြို့ဟောင်းကိုတွေ့ရ၏။ ၎င်းဖော်ပြပါ မြို့ဟောင်းကုန်းများကို ကွင်းဆင်းသုတေသနပြုသည့်အခါ သုဝဏ္ဏဘူမိခေတ်အထိ ရှေးကျနိုင်သည့် အထောက်အထားလက်ရေးစင်းအုတ်ချပ်များကို နေရာတိုင်း၌ ရှာဖွေတွေ့ရှိရ၏။ မုတ္တမကွေ့ပင်လယ်ကမ်းရိုးတန်းပေါ်တွင် တည်ရှိသော ယင်းမြို့ဟောင်းကုန်းများမှာ ရှေးအခါက ပင်လယ်ဆိပ်ကမ်းမြို့များဖြစ်ခဲ့ကြောင်း သက်သေအထောက်အထားအဖြစ် ရှေးခေတ်သုံးငွေဒင်္ဂါးများ၊ ပုတီးစေ့များနှင့်ယဉ်ကျေးမှုဆိုင်ရာ မြေမီးဖုတ်ရုပ်လုံး၊ ရုပ်တု၊ ရုပ်ကြွပုံများကိုလည်း တွေ့ရပါသည်။

ဤမြို့ဟောင်းများသည် ပုံသဏ္ဍာန်အရ ရှေးကျသည့် လက္ခဏာရှိ၍၊ ပုဂံခေတ်မတိုင်မီက မြန်မာ့မြို့ဟောင်းများ၌ တွေ့ရလေ့ရှိသော လက်ရေးစင်းအမှတ်အသားပါ အုတ်ချပ်များကိုလည်း မြို့ရိုးနှင့် အဆောက်အအုံကုန်းဟောင်းများတွင် ရှာဖွေတွေ့ရှိရသဖြင့် ရှေးဟောင်း သုဝဏ္ဏဘူမိခေတ်အတွင်း အကျုံးဝင်လျက်ရှိသည်ဟု ယူဆပါသည်။

ဤကဲ့သို့ မြေပြင်ကွင်းဆင်းသုတေသနတွေ့ရှိချက်များနှင့် ယခင်သုတေသီကြီးများ ကွင်းဆင်းတူးဖော်သုတေသနတွေ့ရှိချက်များကို ပေါင်းစပ်ပြီး သုဝဏ္ဏဘူမိယဉ်ကျေးမှုနယ်မြေကို ဖော်ထုတ်ရန် ကြိုးပမ်းထားပါသည်။

သုဝဏ္ဏဘူမိမြို့တော်ဟောင်းတည်နေရာနှင့်ပတ်သက်၍ အရှေ့တောင်အာရှဒေသအတွင်း နေရာအသီးသီးကို သတ်မှတ်ညွှန်ပြထားသည်လည်းရှိ၏။ အရှေ့တောင်အာရှဒေသတစ်ခုလုံးကို ခေါ်ဆိုခြင်းဖြစ်ကြောင်း ခြုံငုံသုံးသပ်ထားပုံကိုလည်းတွေ့ရ၏။ သို့ရာတွင် ဤကွင်းဆင်းသုတေသန တွေ့ရှိချက်တို့အရ အောက်မြန်မာနိုင်ငံ၊ မွန်ပြည်နယ်၊ သထုံခရိုင်ဒေသအတွင်းမှ သထုံမြို့ဟောင်းကြီးကိုသာ သုဝဏ္ဏဘူမိ အမှန်ဖြစ်ကြောင်း အဆိုပြုတင်ပြထားပါသည်။

# သုဝဏ္ဏဘူမိ သုတေသန

မြန်မာနိုင်ငံသည် သုဝဏ္ဏဘူမိမြို့ဟောင်းတည်ရာဌာနဖြစ်ကြောင်း ကွင်းဆင်းသုတေသန အထောက်အထားနှင့်တကွ သက်သေထူပြသလို၍ ဤစာကိုရေးပါသည်။ မြေပေါ်တွင်တောဖုံးလျက် ကွယ်ပျောက်နေသေးသော မြို့ဟောင်းများကို စနစ်တကျ ကွင်းဆင်းလေ့လာခြင်း မပြုနိုင်သေးသကဲ့သို့ မြေအောက်တွင်နစ်မြုပ်နေဆဲ "သုဝဏ္ဏဘူမိ" ယဉ်ကျေးမှုအမွေအနှစ်များကို သုတေသီတို့ အနည်းငယ်မျှသာသိကြသေး၏။

သုဝဏ္ဏဘူမိယဉ်ကျေးမှုပျံ့နှံ့တည်ရှိရာ ရှေးဟောင်းသထုံဒေသသို့ အသွားအလာခက်ခဲခြင်း၊ နယ်မြေမငြိမ်းချမ်းသေးခြင်းတို့ကြောင့် သုတေသီများ အရောက်အပေါက်နည်းနေပါသေးသည်။ ထို့အပြင် ပဓာနကျသော အချို့မြို့ဟောင်းနေရာများကို ၁၉၇၀ ပြည့်လွန်နှစ်များတွင်မှ သုတေသီတို့တွေ့ခဲ့ပါသည်။ ဤကဲ့သို့ ကောင်းကင်ဓါတ်ပုံဖတ်ရှုလေ့လာခြင်းမှ တစ်ဆင့်အသစ်တွေ့ရသော မြို့ဟောင်းနေရာများကို ဤစာတန်း၌တင်ပြထားပါသည်။



## သုဝဏ္ဏဘူမိ အမည်တွင်ပုံ

“သုဝဏ္ဏဘူမိ”ဟုခေါ်သော ဒေသသည် တိမ်မြုပ်ပျောက်ကွယ်နေဆဲ ဖြစ်၏။ “ရွှေမြေ”၊ “ရွှေရောင်အဆင်းဖြင့် တင့်တယ်သောမြေ”၊ ရွှေထွက်သောနိုင်ငံ” စသည်ဖြင့် အဓိပ္ပါယ်ရ၍ မြန်မာတို့က “ရွှေတိုင်းပြည်၊ ရွှေနိုင်ငံ”ဟုဆိုသော ရှေးဟောင်းမင်းနိုင်ငံတစ်ခုသည်၊ အောက်မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်း၌သာ တည်ရှိကြောင်း၊ ထိုမင်းနိုင်ငံ၏ မြို့တော်ဟောင်းသည် ယခုသထုံမြို့နေရာပင်ဖြစ်ကြောင်း၊ ယင်းမြို့တော်ကို မြန်မာ့အစဉ်အလာမှတ် တမ်းများတွင် “သုဝဏ္ဏဘူမိ-သုဓမ္မဝတီ”ဟုခေါ်ဆိုကြောင်း၊ ယင်းသုဓမ္မဝတီမှ သထုံမြို့အမည်တွင်ခဲ့ကြောင်း “သထုံရာဇဝင်”ကို ပြုစုသူ ဦးပညာနှင့် “မွန်ရာဇဝင်နှင့်စေတီတော်သမိုင်း” ကို ပြုစုသူ ဦးရွှေနော်တို့ကဆိုပါသည်။

“သုဝဏ္ဏဘူမိ” ဟု ကျော်စောရခြင်းအကြောင်းမှာ ဤသုဓမ္မဝတီ၊ သထုံပြည်သည် “ရွှေအဆင်းနှင့် တူသော မြေသည်လည်းကောင်း၊ ရွှေထွက်အပ်သောမြေသည်လည်းကောင်း၊ ရွှေထွက်အပ်သောတောင်တို့ သည်လည်းကောင်း၊ ရွှေထွက်အပ်သောမြစ်၊ ချောင်းတို့မှစ၍ ရွှေထွက်အပ်သော အင်းအိုင်စသည်တို့ ပေါ်များသောကြောင့်” သုဝဏ္ဏဘူမိဟု ရှေးအခါကပင်ခေါ်ကြသည်။ *(သထုံရာဇဝင်၊ စာ-၃၀)*

“မဟာသမ္မတမင်း၏သားတော် သူရိယကုမာရမင်းသားသည် မိမိ၏ပြည်သူအလုံးအရင်းနှင့်တကွ ကုသဝတီ (အိန္ဒိယ)ပြည်မှခွဲထွက်လာပြီး၊ စည်မျက်နှာပြင်ကဲ့သို့ သာယာညီညွတ်သော သထုံမြို့တည်ရာအရပ်၊ တောကြီးသို့ ရောက်လာခဲ့ကြောင်း၊ ထိုအခါတောအခြေ၊ တောင်၏အခြေမြေပြင်၌ ရွှေမြေရတနာ ပေါင်းများစွာတို့ကို ကောင်းစွာ မြင်တွေ့ရသဖြင့် စိတ်နှလုံးပျော်မွေ့ချမ်းသာခြင်းဖြစ်၍၊ တောတောင်ခပင်းတို့ကို ခုတ်ထွင်ရှင်းလင်းစေပြီး၊ မြို့နန်းတည် ထောင်လျက် သူရိယရာဇာအမည်ဖြင့် မင်းပြုတော်မူကြောင်း၊ သိကြားမင်းစံရာ သုဓမ္မာနတ်နန်းနှင့်တူသောကြောင့် **သုဓမ္မဝတီ**ဟုခေါ်တွင် ကြောင်းဖော်ပြသည်။” *(သထုံရာဇဝင်၊ စာ- ၁၉-၂၀)*

# ပိဋကတ်တော်နှင့် အဋ္ဌကထာလာ သုဝဏ္ဏဘူမိ

**အင်္ဂုတ္တရအဋ္ဌကထာ**

ဤသုဝဏ္ဏဘူမိတည်ရှိကြောင်းကို အင်္ဂုတ္တရအဋ္ဌကထာကျမ်း၌ -

သီဟဠဒီပတော သုဝဏ္ဏဘူမိ
သတ္တယောဇနေ သတာနိ ဟောန္တိ။
နာဝါယတနန္တာ ဉဇုဝါတေသတိ၊
သတ္တဒိဝသေန ပါပုဏိတုံသက္ကာ။ ဟု ပါဠိဂါထာစီသည်။

*အဓိပ္ပါယ်မှာ -*

*သီဟိုဠ်ကျွန်းမှ သုဝဏ္ဏဘူမိ သို့ ယူဇနာခုနှစ်ရာအကွာရှိသည် ဖြစ်ကုန်၏။ သင်္ဘော၊ လှေ၊ ဖောင်စသည်တို့ဖြင့် ကူးကုန်သောသူတို့သည် လေဖြောင့်ဖြောင့်လာလတ်သည်ရှိသော် (၇)ရက်ဖြင့်ပင်လျှင် ရောက် နိုင်ကုန်၏ ဟုဆိုပါသည်။*

**ပေတဝတ္ထု**

သို့သော် ဤပင်လယ်ရေလမ်းခရီးသည် ငွေသင်ဖြူးခင်းသည့်လမ်းတစ်ခုတော့မဟုတ်ပေ။ လေပြင်း မုန်တိုင်း များကျ၍ သင်္ဘောပျက်ခြင်း၊ နစ်မြုပ်ခြင်းတို့ကြောင့် အန္တရာယ်လည်း ကြီးမားလှသည်။ ဤအကြောင်းကို ပေတဝတ္ထု၊ ခလ္လာဋိယပေတိခန်း၌

အထအမှာကံ ဘဂဝတိလောကေ
ဉပ္ပဇ္ဇိတွာ ပဝတ္တိတဝရ ဓမ္မစက္ကေ
အနုပုဗ္ဗေန သာဝတ္တိယံ
ဝိဟရေန္တေ သာဝတ္ထိဝါသိနော
သတ္တသတာ ဝါဏိဇာ
သုဝဏ္ဏဘူမိ ဉဒ္ဒိဿနာဝါယ
မဟာသမုဒ္ဒံ ဩတရိံ သု
တေမိအာရုဠှာ နာဝါဝိသမဂါတစေ
ရက္ခိတ္တာ ဣတေစိတောစ
ပရိဗ္ဘမန္တိတံ ပဒေသံ အဂမာသိ။ ဟု ဂါထာစီသည်။

*မြန်မာပြန်မှာ -*

*ငါတို့မြတ်စွာဘုရားသခင်သည် လောကဥ္စပွင့်တော်မူ၍ မြတ်သောတရားစက်ကိုလည်စေသည် ရှိသော် (တရားဦးဟောတော်မူသည်ရှိသော်) အစဉ်အတိုင်းသာဝတ္ထိပြည်၌ နေတော်မူစဉ်၊ သာဝတ္ထိမြို့၌နေကုန်သော ကုန်သည် ခုနှစ်ရာတို့သည် သုဝဏ္ဏဘူမိကို (သုဝဏ္ဏဘူမိသို့သွားခြင်းငှာ) ရည်ရွယ်၍ လှေဖြင့်မဟာသမုဒ္ဒရာကို ဖြတ်ကူးကြကုန်ပြီ။ ထိုကုန်သည်ခုနှစ်ရာတို့သည် တက်စီးအပ်ကုန်သော လှေတို့ကို အားကြီးသောလေအဟုန် (မညီညာသောလေအ*

*ဟုန်မှန်တိုင်း)သည် လွှင့်ပစ်အပ်ကုန်သည်၏အဖြစ်ကြောင့်၊ ထိုမှသည်မှလည်း (ဟိုဟိုသည်သည်ပတ်ချာလည်) ပတ်ပတ်လည်ကုန်၏။ (ခလ္လာငိုယပေတိ၊ ပေတ-၄-၄၄)*

၎င်းပေတဝတ္ထု၊ ပါဠိ လိပုတ္တပေတအခန်း၌လည်း သုဝဏ္ဏဘူမိသို့သွားသော သင်္ဘောစီးခရီးသည်တို့ အကြောင်းကို

သာဝတ္ထိဝါသိနော ကိရပါဋလိပုတ္တဝါသိနော စ
ဗဟူဝါဏိဇာ နာဝါယသုဝဏ္ဏဘူမိံ အာအမိသု။
တတ္တေကော ဥပါသိကော အာဖာဒိကော
မာတုဂါမေ ပဋိဗဒ္ဓစိတ္တော ကာလမာကာသံ။
သော ကတကုသလောပိ ဒေဝလောကံ
အနုပ ပဇ္ဇိတွာ ဣတ္ထိယာ ပဋိဗဒ္ဓစိတ္တတ္တာယ
သမုဒ္ဒမဇ္ဈေ ဝိမာနပေတော ပုတ္တာနိဗ္ဗတ္တိ။
ယသံ ပနသော ပဋိဗဒ္ဓစိတ္တောသာ
ဣတ္ထိ သုဝဏ္ဏဘူမိဂါမိနိံ နာဂံ
အဘိရုယှ ဂစ္ဆတိ၊
အထခေါ် သောပေတောတံထုတ္တိံ
ဂဟေတုကာမော နာဝါယ ဂမနံဥပရုန္ဒိ။
ဟု ဂါထာစီထားရာ

*၎င်းမြန်မာပြန်မှာ -*

*(တဆင့်စကားအရ) သာဝတ္ထိပြည်နှင့် ပါဋလိပုတ်ပြည်၌ နေကြကုန်သော များစွာသောကုန်သည်တို့သည် လှေဖြင့်သုဝဏ္ဏဘူမိသို့ သွားကြကုန်ပြီ (ဆို၏)။ ထိုလူကုန်သည်အပေါင်းတို့တွင် တစ်ယောက်သော အနာရောဂါနှိပ်စက်သော ကုန်သည်တစ်ယောက်သည် မာတုဂါမ ၌ တပ်မက်သောစိတ်ဖြင့် သေလေတော့သည်။ ထိုသေသွားသော ကုန်သည်သည် ပြုပြီးအပ်သောကုသိုလ်ကောင်းမှုရှိပါသော်လည်း နတ်ပြည်၌ မဖြစ်ဘဲ မိန်းမ၌ တပ်မက်သောစိတ် (ဥပါဒါန်) ကြောင့် သမုဒ္ဒရာအလယ်ခေါင်၌ ဗိမာန်ဖြင့်နေရသော ပြိတ္တာဘဝဖြစ်လေပြီ။ ထိုကုန်သည်ပြိတ္တာကြီးတပ်မက်သော မိန်းမသည် သုဝဏ္ဏဘူမိသို့သွားရန်ဖြစ်သော အကြင်လှေကိုတက်စီး၍ သွား၏။ ထိုသောအခါ၌ ထိုမိန်းမကိုတပ်မက်နေခဲ့သော ပြိတ္တာကုန်သည်ကြီးသည် ထိုလှေစီး၍လာသော သူတပ်မက်သော အမျိုးသမီးကိုရယူချင်၍ လှေဖြင့်သွားခြင်းကို (လှေစီးခြင်းကို) တားမြစ်ခဲ့ပြီ။ (ပေတ-အဋ္ဌ-၂၅၄)*

**မဟာဇနက ဇာတ်တော်**

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ မဟာဗုဒ္ဓဝင်ဇာတ်တော်ကြီးများမှ မဟာဇနကဇာတ်တော်ကို အကျွမ်းတဝင်ရှိကြပြီးဖြစ်ပါသည်။ ဘုရားအလောင်းတော် မဟာဇနကမင်းသားသည် ခမည်းတော်မင်းကြီး ၏ ထီးမွေနန်းမွေကို ပြန်လည်ရအံ့သောငှာ မိခင်ထံမှရတနာပစ္စည်းထက်ဝက်မျှကို တောင်းယူ၍စီးပွား ရှာရန်အတွက် ကုန်သည်တို့နှင့်အတူ လှေသင်္ဘောစီး၍ သုဝဏ္ဏဘူမိသို့ ကုန်ကူးရန်အသွား၊ ခရီးတွင် သင်္ဘောပျက်ခဲ့ရသည်။ ၎င်းဇာတ်တော်ပါဠိဘာသာ အဋ္ဌကထာကျမ်းတွင်

တံပနဂဟေတွာ၊ သုဝဏ္ဏဘူမိံ
ဂန္တာပေဟုခနံ အာဟာရိတွာ။

ရဌံ ဂဏှိသာမီတိ၊ သောဥပမံ
အာဟရာပေတွာ။
ဘဏ္ဍိတံကတွာ၊ သုဝဏ္ဏဘူမိံ အမိကေဟိ
ဝါ ဏိဇေဟိ သဒ္ဓိံ နာစာယ။
ဘဏ္ဍာအာရောပေတွာ။
ပုနနိဝတ္တိတွာဝ၍ - ရံစန္ဒိတွာ။
အမ္ဗါအဟံ သုဝဏ္ဏဘူမိံ-ဂမိဿာပီတိအာဟ။ ဟူ၍ ဂါထာစီပါသည်။

*အဓိပ္ပါယ်မှာ -*

*ထိုရတနာ၊ ရွှေ၊ ငွေစသည်တို့ကို ယူဆောင်၍ သုဝဏ္ဏဘူမိရွှေမြေသို့လျှင် သွားလပ်၍များစွာသော ကုန်ပစ္စည်း-ဥစ္စာရတနာကိုဆောင်ယူ၍ မင်းအဖြစ်ကိုယူပေအံ့။ ဤသို့ ထိုလျှင်သော၊ ထိုဇနကမင်းသားသည် တစ်ဝက်သော ရတနာတို့ကို ဆောင်ယူစေပြီး၍ အထုပ်ပြုပြီးလျှင်၊ သုဝဏ္ဏဘူမိသို့သွားမည်ဖြစ်ကုန်သော ကုန်သည်တို့နှင့်တကွ အတူသာလျှင်လှေ၌ ဥစ္စာထုပ် စသည်တို့ကို တင်ခဲ့ပြီးလေ၍ တဖန်တုံပြန်ရှာလျက်၊ မယ်တော်ကိုအထပ်ထပ်ရှိခိုးလျှင်၍ အိုအမိ ကျွန်ုပ်သည် သုဝဏ္ဏဘူမိမည်သော ပြည်သို့သွားပါကုန်အံ့။ ဤသို့ပြောဆိုလေ၏ ။ ။*

မဟာဇနကပျို့၌လည်း လင်္ကာသွားဖြင့် ဤသို့စပ်ဆိုထားရာ
ဥစ္စာမည်များ၊ သည်သုံးပါးတွင်၊
ရှင့်သားတဝက်၊ မယ်တဝက်တည့်၊
ချိန်စက်မျှစေ၊ ခွဲဝေပြီးလျှင်၊
ပင်လယ်ခွင်၌၊ သုံးပင်တိုင်ကြီး၊
သင်္ဘောစီး၍၊ နှီးနှီးနွှယ်နွှယ်၊
ခေါက်ခြင်းကြွယ်အောင်၊ ဆယ်ပြန်တပိုး၊
တိုးမကသာ၊ သုဝဏ္ဏာဟု
သညာဘူမိ၊ နှံ့သိညာကြေ
ကျော်ဝန်းစေသည်၊ ရွှေမြေရပ်ခြား
တိုင်းတိုင်သွား၍၊ စီးပွားရှာရှာ၊
မြတ်ဥစ္စာဖြင့်၊ မိမိလာပြည်၊
ယူအံ့သည်ဟု။
ဟူ၍ဖြစ်ပါသည်။

**ဥဒါနအဋ္ဌကထာ**

တစ်ဖန် ဥဒါနအဋ္ဌကထာ မာမိယသုတ္တဝဏ္ဏနာ အခန်းစာမျက်နှာ (၇၀) တွင်
သော ဇယပတ္တော ယရာဝါသံ ဝသန္တော
ဝဏိဇ္ဇတ္ထာယ ဗဟုနံ ဘဏ္ဍာနံ နာဝံပူရေတွာ
ဥမုဒ္ဒံ ပဝါသေတွာ အပရာပရံ သဥ္စရန္တော
သတ္တဝါရေ သဒ္ဓိံယေဝ ပရိသာယ
အတ္တနော နာရံ ဥပဂစ္ဆိ ။ ။
အဋ္ဌမေ ဂါရေပန "သုဝဏ္ဏဘူမိံ အမိဿာမိ" တိ

အာရောပိတ ဘဏ္ဍော နာဝံ အဘိရုဟိ။
နာဝါမဟာသမုဒ္ဒံ အဇ္ဈောဂါဟေတွာ။
မုစ္စိကဒေသံ အပတွာဝ သမုဒ္ဒမဇ္ဈေဝိပန္နာ။
မဟာဇနော မစ္ဆပစ္ဆပ ဘက္ခော အဟောသိ။ ဟူ၍ ဂါထာလာရှိသည်။

*ငင်းမြန်မာပြန်မှာ -*

*ထိုဗာဟိလုလင်သည် အရွယ်သို့ရောက်လတ်သော် လူတို့ဘောင်၌နေလျက် ကုန်သွယ်ခြင်းဌာ များစွာသော ဘဏ္ဍာတို့ကို လှေကိုပြည့်စေ၍ သမုဒ္ဒရာသို့သက်ဝင်၍ (ထွက်၍) ခေါက်တုန့်ခေါက်ပြန် လှည့်လည်သွားလာလျက် ခုနစ် ကြိမ်တိုင်တိုင် ပရိသတ်နှင့်တကွ မိမိ၏မြို့တော်သို့ ပြန်လည်၍ဆိုက်ကပ်နိုင်လေပြီ။*

*ရှစ်ကြိမ်မြောက်၍မူကား "သုဝဏ္ဏဘူမိသို့သွားအံ့"ဟု နှလုံးသွင်း၍ တင်သင့်တင်ထိုက်သော ကုန်ဘဏ္ဍာကို လှေပေါ်သို့တင်လေပြီ။ လှေသည် သမုဒ္ဒရာသို့သက်ဝင်၍ အလိုရှိအပ်သော (သုဝဏ္ဏဘူမိ) အရပ်သို့ မရောက်မူ၍ သမုဒ္ဒရာ၏အလယ်၌ပင်လျှင် ပျက်ကျလေပြီ။ (လှေထဲ၌)လူအပေါင်းတို့သည် ငါး၊ လိပ်တို့၏အစာဖြစ်ကြကုန်ပြီ။ ဟူ၍ဖြစ်ပါသည်။*

**ပါစိတျာဒိ အဋ္ဌကထာ**

အခြားဗုဒ္ဓဝါစကကျမ်းစာများတွင်လည်း သုဝဏ္ဏဘူမိအကြောင်း ဖော်ပြချက်များရှိပါသေးသည်။ သုဝဏ္ဏဘူမိကို သွားရာလမ်းခရီး၌ သမုဒ္ဒရာခြားလျက်ရှိကြောင်းကို

မဟာသမုဒ္ဒံ တရိတုကာမောတိ
သုဝဏ္ဏဘူမိံ အန္တမ္ဘနာဝါယ
မဟာသမုဒ္ဒံ တရိတုကာမော။ ဟုတွေ့ရ၏။

*ငင်းမြန်မာပြန်မှာ*

*သုဝဏ္ဏဘူမိအရပ်သို့ သွားခြင်းငှာလှေဖြင့်*
*မဟာသမုဒ္ဒရာသို့ ကူးရခြင်းငှာ အလိုရှိခြင်းသည်*
*"မဟာသမုဒ္ဒံတရိတုကာမော" မည်၏။ ဟူ၍ဖြစ်ပါသည်။*

*ဤကဲ့သို့ မဟာသမုဒ္ဒရာကိုကူး၍ သုဝဏ္ဏဘူမိအရပ်သို့ သွားသောရဟန်းတို့အားလည်း အာပတ်မသင့်ဟု (ပါစိတျာဒိအဋ္ဌကထာ) (နာဝါဘိရုဟန သိက္ခာပုဒ်) အခန်းတွင် ဤသို့ဖွင့်ဆိုထားပါသည်။*

"အနာပတ္တိ တိရိယံ တရဏာယာ"တိ၊
ဇတ္တန နကေဝလံ နဒိယာ၊ ယောပိ
မဟာတိတ္ထပဋ္ဋနတော တာမလိတ္တိံ ဝါ
သုဝဏ္ဏဘူမိံ ဝါ ဂစ္ဆတိ တဿာပိအနာပတ္တိ။

*ငင်းမြန်မာပြန်မှာ -*

*"အနာ မတ္တိ တိရိယံ တရဏာယ" ဟူသော စကား၏အဓိပ္ပါယ်အား - သမုဒ္ဒရာမဟုတ်ဘဲ မြစ်ချည်းသက်သက် သို့သွားသော ရဟန်းအား အာပတ်မသင့်။*

*အကြင်ရဟန်းတပါးသည်လည်း မဟာတိတ္ထဆိပ်ကမ်းနားမှ ကာမလိတ္တိသို့လည်းကောင်း၊ သုဝဏ္ဏဘူမိသို့ လည်းကောင်းသွားလေ၏။ ထိုရဟန်းအားလည်း အာပတ်မသင့်ဟူ၍ဖြစ်ပါသည်။*

**ဇာတက အဋ္ဌကထာ**

ငါးရာ့ငါးဆယ်ဇာတ်တော် (ဇာတက-႒-၄/၁၆) တွင်လည်း

သော ဧကဒိဝသံ စိန္တေသိ "အဟံဂေဟေ စခေနိ
ဃောဒိတုံ နသက္ခိဿာမိ၊
အပရိက္ခီဏေယေဝ စနေ နာဝါယ သုဝဏ္ဏဘူမိံ
ဂန္တွာဓနံ အာဟရိဿာမိ" တိ၊
သောနာဝံ ဗန္ဓာပေတွာ ဘဏ္ဍသ ပူရာပေတွာ
ပုတ္တဒါရံ အာမန္တေတွာ ယာဝါဟံ အာဂစ္ဆာမိ
တာဝမေဒါနံ အနုပစ္ဆိန္ဒိတွာ ပဝတ္တေယျာထာတိ
ဝတွာ ဒါသကမ္မကရပရိဝုတော
သတ္တံအာဒါယ ဥပါဟနံ အာရုယှ မဇ္ဈန္ဟိကာသမယေ
ပဋ္ဋ နဂါမာဘိမုခေါ ပါယာသိ

*မြန်မာပြန်-*

*တစ်နေ့၌ သခ်ပုဏ္ဏားသည် "ငါသည်အိမ်၌ ဓနဥစ္စာကုန်လေလျှင် လှူဒါန်းခြင်းဝတ်စွမ်းနိုင်လိမ့်မည်မဟုတ်၊ ဓနဥစ္စာမကုန်ခမ်းခင် လှေဖြင့်သုဝဏ္ဏဘူမိသို့သွား၍ ဥစ္စာကိုတစ်ဖန်ဆောင်အံ့" ဟူ၍ကြံစည်လေပြီ။ ထိုသခ်ပုဏ္ဏားသည် လှေကိုဖွဲ့စီရင်၍ ဘဏ္ဍာကိုအပြည့်ဖြည့်၍ သားမယားကိုခေါ်ပြီးလျှင် "ငါပြန်လာသည့်တိုင်အောင် ငါ့အားတစ်ဖန်ဖြတ်၍ အလှူကိုဖြစ်စေကြကုန်လော့" ဟုဆို၍ ကျွန်အလုပ်သမားများ ခြံရံလျက် ထီးကိုယူ၍ ဖိနပ်ကိုစီး၍ နေမွန်းတည့်အချိန်၌ ပဋ္ဋနရွာဘက်သို့ ဦးတည်၍ထွက်သွားလေပြီ ... ။ ဟူ၍ပါရှိသည်။*

ၾငင်း ဇာတကအဋ္ဌကထာ(႒-၃/၁၇၄)၌လည်း

တဒါ ကုရုကစ္ဆဝါဏိဇာနာဝါယ သုဝဏ္ဏဘူမိံ
ဂစ္ဆန္တိ၊ သောတေဉပသင်္ကမိတွာ
"အဟံဂန္တဗ္ဗော နာဝါယဝေတနံ
ခလ္လောတွာတုမှာကံ ဂန္တဗ္ဗံ ကရိဿာမိ၊
မမမ္ပနေထာ" တိ၊
တေ "သာဓူ" တိ တမ္ပိ အာရောပေတွာ
နာဝံဝိဿဇ္ဇေသုံ

*ၾငင်းမြန်မာပြန် -*

*ထိုအခါ၌ ကုရုကစ္ဆ ကုန်သည်တို့သည် လှေဖြင့်သုဝဏ္ဏဘူမိသို့ သွားကြကုန်၏။ ထိုဘုရား လောင်းသည် ထိုကုရုကစ္ဆကုန်သည်တို့အားချဉ်းကပ်၍ "လမ်းပြဖြစ်သောငါသည် လှေ၏အဖိုး အခကို ကန့်သတ်ပိုင်းဖြတ်စေ၍ သင်ကုန်သည်တို့အား သွားသင့်သောခရီးကိုညွှန်အံ့။ ငါ့အားလည်းလိုက်ခွင့်ပေးပါလော့" ဟု ဆို၏။*

ထိုကုရုကစ္ဆကုန်သည်တို့သည် "ကောင်းပါပြီ"ဟု ပြန်ပြော၍ ထိုဘုရားလောင်းကိုလည်း (လှေပေါ်သို့) တက်စေ၍လှေကိုလွှတ်၍ (ရွက်လွှင့်၍)ဟု ဖော်ပြပါရှိသည်။

**မိလိန္ဒပဉှာပါဠိတော်**

တစ်ဖန် မိလိန္ဒပဉှာပါဠိတော်၌
ယထာမဟာရာဇ သမနော နာဝိကောပဋ္ဋ နေ
သုဋ္ဌုကတသုကော မဟာသမုဒ္ဒံ ပဝါသိတွာ
ဝင်္ဂံ တက္ကောလံ မိနံသောဝီရံ သုရဋ္ဌံ
အလသန္ဒံ ကောလပဋ္ဋ နံ သုဝဏ္ဏဘူမိံ ဂစ္ဆတိ
အညမ္ပိ ယံ ကိဉ္စိ နာဝါသဉ္စရဏံ

*ငင်းမြန်မာပြန်မှာ -*

*မိလိန္ဒမင်းကြီး-ဥပမာအားဖြင့် ဥစ္စာရှိသောလှေသူကြီးသည် ဆိပ်ကမ်းနား၌အခွန်ထုတ်ကို ကျေအောင်ဆောင်၍ မဟာသမုဒ္ဒရာသို့ဝင်၍ (သက်ဆင်း၍) ဝင်္ဂတိုင်း (ဗင်္ဂလား) သို့လည်းကောင်း၊ တက္ကောတိုင်းသို့လည်းကောင်း၊ စိန့်တိုင်း (တရုတ်ပြည်) သို့လည်းကောင်း၊ သောဝီရတိုင်းသို့လည်းကောင်း၊ သူရတိုင်းသို့လည်းကောင်း၊ အလသန္ဒတိုင်းသို့ လည်းကောင်း၊ ကောလမဋ္ဋနတိုင်းသို့လည်းကောင်း၊ သုဝဏ္ဏဘူမိသို့လည်းကောင်း၊ သွားသကဲ့သို့ ဆိုအပ်ပြီးသည်မှ တပါး အမှတ်မရှိသောတိုင်းသို့ လှေဖြင့်လှည့်လည်သွားလာခြင်းဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။*

*ဤကဲ့သို့ ဗုဒ္ဓကျမ်းစာ များဖော်ပြချက်အရ အိန္ဒိယမှမင်းသား၊ ပုဏ္ဏား၊ ရဟန်း၊ ကုန်သည်၊ ယောက်ျား၊ မိန်းမတို့သည် သုဝဏ္ဏဘူမိသို့အသွားအပြန်၊ ကူးလူးဆက်ဆံသွားလာခဲ့ကြပုံကို သိရှိရပေသည်။ ရဟန်းတော်များသည် ဗုဒ္ဓသာသနာပြုရန် ကြွရောက်တော်မူကြခြင်းပင်ဖြစ်၏။*

တတိယသင်္ဂါယနာတင်ပွဲအပြီး ပါတလိပုတ္တရမြို့တော်မှ အရှင်သောဏနှင့်ဥတ္တရမထေရ်တို့ သုဝဏ္ဏဘူမိသို့ ကြွရောက်တော်မူလာကြောင်းကိုလည်း (တတိယသင်္ဂါကထာ) (ဝိ-ဋ္ဌ-၁/၅၁)တွင်

သောဏတ္ထေရောပိ သဒ္ဓိံ ဥတ္တရတ္ထေရေန
သုဝဏ္ဏဘူမိံ အဂမာသိ။
တေန စ သမယေန တက္ကကော
ရက္ခသီ သမုဒ္ဒတော နိက္ခမိတွာ
ရာဇကုလေ ဇာတေ ဇာတေ
ဒါရကော ခါဒတိ။

*ငင်းမြန်မာပြန်-*

*သောဏမထေရ်သည်လည်း ဥတ္တရမထေရ်နှင့် သုဝဏ္ဏဘူမိသို့သွားလေပြီ။ ထိုအချိန်အခါ၌ ထိုသုဝဏ္ဏဘူမိ အရပ်၌၊ တစ်ယောက်သော ရက္ခိုသ်ဘီလူးမသည် သမုဒ္ဒရာမှထွက်၍ မင်းအိမ်(နန်းတော်)၌ ဖွားကုန်သော သူငယ်တိုင်း ကိုစားလေ၏။ ဟူ၍ဖော်ပြပါသည်။*

ဋ္ဌင်းဂါထာ (ဝိ-ဋ္ဌ ၁/၅၂) ၌လည်း
ထေရောပိ တေယာဝ အဒဿနံ၊ တာပပလာပေတွာ
ဒီပဿ သမန္တတောရက္ခံ ဌပေသိ။ ဟူ၍ ပါရှိသည်။

*ငင်းမြန်မာပြန်မှာ -*

*(သောဏ) မထေရ်သည်လည်း ထိုရက္ခိုသ်ဘီလူးမနှင့် အသင်းအပင်းတို့ကို အကြင်မျှလောက် မမြင်အပ်ရာ အရပ်သည်ရှိ၏။ ထိုအရပ်မျှလောက် (မျက်စိတဆုံးအရပ်တိုင်အောင်) ပြေးစေ ပြီး၍ သုဝဏ္ဏဘူမိကျွန်း၏ ထက်ဝန်းကျင်မှ (သုဝဏ္ဏဘူမိကျွန်းတစ်ခုလုံး၌) အစောင့် အရှောက်ကိုထားလေပြီဟူ၍ ဖြစ်ပါသည်။*

## သ ဝ ဏ္ဏ ဘူ မိ သု တေ သ န

သုဝဏ္ဏဘူမိအရပ်သည် အိန္ဒိယနှင့် သမုဒ္ဒရာ (ဘင်္ဂလားပင်လယ်) ခြားလျက်နေ၏။ ကုန်သွယ် ရောင်းဝယ်ရာ ဆိပ်ကမ်းမြို့ဖြစ်၏။ သင်္ဘော(ရွက်လှေ)ဖြင့် လာသောကုန်သည်တို့မှာ တစ်ခါတစ်ရံ လေပြင်းမုန်တိုင်းဒဏ်ကြောင့် အသက်ဆုံးရှုံးရခြင်းလည်းရှိ၏။ သို့သော် ဆယ်ခါတစ်ခါမျှသာဖြစ်၍ အသွားအလာမပျက်ပေ။ သောဏနှင့်ဥတ္တရမထေရ် တို့ဆိုက်ရောက်လာကြောင်း တတိယသံဂီကထာ (ဂိ-ဌ၊ ၁/၅၂) ၌ ဖော်ပြချက်တွင် "ဒီပဿ သမန္တတော"ဟူသည့် ပုဒ်အရ၊ ကျွန်းမြေဟူ၍အနက်ရပေရာ၊ အချို့ပညာရှင်တို့က သုဝဏ္ဏဘူမိသည် ကုန်းမြေမဟုတ် ကျွန်းနိုင်ငံဖြစ် တန်ရာ ၏ဟု ယူဆကြပေသည်။ သို့ဖြစ်၍ အရှေ့တောင်အာရှကျွန်းဆွယ်ပိုင်းမှ မလေးကျွန်းဆွယ်၊ စုမာတြားကျွန်း၊ ဂျာဗားကျွန်း စသည်တို့ကို သုဝဏ္ဏဘူမိအရပ်ဟု ညွှန်းဆိုခဲ့ကြပေသည်။ အမှန်မှာ မထေရ်တို့အစောင့်အရှောက် (အရပ်) များထား သည့်ကျွန်းဆိုသည်မှာ ကေလာသတောင်ခြေရင်း ပတ်လည်နေရာကိုသာဆိုလိုခြင်းဖြစ်ပါသည်။ မလေး၊ ဂျာဗား၊ စုမာတြားကျွန်းကြီးများကို ပတ်လည်အစောင့်ရုပ်ထားရန် မဖြစ်နိုင်ပေ။ ကေလာသ တောင်ခြေ သုဝဏ္ဏဘူမိမြို့တော်ကို ရေကျိုးပတ်လည်ဝန်းရံလျက် စီမံထားခြင်းဖြစ်၍ ထိုတောင်ခြေဒေသတစ်ခုလုံးကို ကျွန်းဟုဆိုလိုခြင်းသာဖြစ်နိုင်၏။ ဤအကြောင်းကို ရှေ့အခန်းများတွင် ဆက်လက်ဆွေးနွေးတင်ပြသွားပါမည်။

**ပါရာဇိက အဋ္ဌကထာ**

သောဏနှင့် ဥတ္တရမထေရ်တို့ ဆိုက်ရောက်ချိန်အခါ၌ ရေစောင့်ဘီလူးများက သုဝဏ္ဏဘူမိမြို့တော်ကို နှောက်ယှက်လျက်ရှိပုံအကြောင်းကိုလည်း သမိုင်းဆရာတို့က ပုံပြင်ဆန်ဆန်ဇာတ်လမ်းအဖြစ်ဝေဖန်ခဲ့ကြ၏။ ပါရာဇိ အဋ္ဌကထာ ကျမ်း၌ပါရှိသော

> သုဝဏ္ဏဘူမိံ ဂန္တာန သောနုတ္တရာ
> မဟိဒ္ဓိကာ၊ ပိသာစေနိ ဒမိတွာန
> ဗြဟ္မဇာလ ဒေသယုံ

*ၚင်းမြန်မာပြန်*

*တန်ခိုးကြီးသော အသျှင်သောနနှင့် အသျှင်ဥတ္တရမထေရ်နှစ်ပါးတို့သည် သုံးပါးကုန်သော အသျှင်တိဿ ဂုတ္တ၊ အသျှင်သောမာယတို့နှင့် သုဝဏ္ဏဘုမ္မိမည်သော (သထုံ) ပြည်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ၍ ရေ၌ကျက်စားသော ရေစောင့်ဘီလူးများတို့အား တန်ခိုးတော်ဖြင့် နှိမ်နင်းဆုံးမတော်မူလေ၍ ကွန်ရက်ပမာခြောက် ဆယ်နှစ်ဖြာသော မိစ္ဆာဒိဋ္ဌိတို့ဖြင့် ရှုပ်ထွေးသောဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူကုန်ပြီ။*
*ဟူသည့် အကြောင်း အရာတို့ကိုလည်း လက်သင့်မခံလိုကြပေ။*

ဗုဒ္ဓစာပေကျမ်းဂန်များဖြစ်ကြသော ဇာတကအဋ္ဌကထာ၊ အင်္ဂုတ္တရအဋ္ဌကထာ၊ ပါရာဇိကအဋ္ဌကထာ၊ မိလိန္ဒပဉှာတို့က သုဝဏ္ဏဘူမိအမည်ကို ဖော်ထုတ်လျက်တည်နေရာအနေအထားကိုလည်း ညွှန်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းပိဋကတ် စာပေကျမ်းဂန်ဖော်ပြချက်များကို အစဉ်အလာမှတ်တမ်းများဟုသာ သတ်မှတ်၍ သိပ္ပံနည်းကျဆန်း စစ်ခဲ့ခြင်းမရှိသေးပေ။ ယင်းတို့ကို အထောက်အကူပြုသော ဒေသတွင်းသားတို့၏ ရာဇဝင်ကျမ်းများ၊ ကျောက်စာ မော်ကွန်းများကိုလည်း ခေတ်ပြိုင်အထောက်အထားများ မဟုတ်သဖြင့် ဒဏ္ဍာရီများသာဖြစ်သည်ဟု သတ်မှတ်ကြပါသည်။ သမိုင်းဆရာများအတွက် ဒဏ္ဍာရီ ဆန်ဆန်ပုံပြင်များဟု တိုင်းရင်း ရာဇဝင်တို့ကို ငြင်းပယ်လိုကြမည်ဖြစ်သော်လည်း၊ စာပေအက္ခရာ မပေါ် ထွန်းသေးခင်က လူ့သမိုင်းကိုလေ့လာကြမည့် ရှေးဟောင်းသုတေသနပညာရှင်များအတွက်မူ ၎င်းရာဇဝင် ထွက်စကားများမှ အထောက်အထား သဲလွန်စကိုရှာနိုင်လိမ့်မည်။ သို့ဖြစ်၍ သက်ဆိုင်ရာ ဒေသသမိုင်း များကိုလည်း ဆက်လက်ဖော်ပြသွားပါမည်။



*ဝေပုလ္လတောင်ပေါ်မှ မြင်ရသော သုဝဏ္ဏဘူမိမြို့ဟောင်းမြင်ကွင်း (ဝင်းကရွာ)*

# ရာဇဝင်ထဲက သုဝဏ္ဏဘူမိ

တိုင်းရင်းအထောက်အထားများမှ သုဝဏ္ဏဘူမိအကြောင်းကို ဖော်ပြရန် နေရာဒေသနှင့်အချိန်(ရက်စွဲ) (Time and Space) ကို သိသာရန်အတွက် ကာလအပိုင်းအခြား (Date) နှင့် အဖြစ်အပျက် (Event) ကို ဖော်ညွှန်း တင်ပြရပါမည်။ အနောက်တိုင်းသမိုင်းတင်ရက်စွဲကို ခရစ်နှစ်ဖြင့် ဖော်ပြလျက်ရှိသကဲ့သို့ အရှေ့တိုင်း အိန္ဒိယ၊ မြန်မာ၊ ယိုးဒယား (ထိုင်း) နိုင်ငံသမိုင်းအတွက် ဗုဒ္ဓပရိနိဗ္ဗာန် စံလွန်သည့်နှစ် (သာသနာနှစ်) ကို သုံးလေ့ရှိသည်။ ယခု သုဝဏ္ဏဘူမိသမိုင်းကိုလည်း ဗုဒ္ဓမတိုင်မီခေတ်၊ ဗုဒ္ဓခေတ်၊ ဗုဒ္ဓလွန် (သာသနာနှစ်) ခေတ်ဟူ၍ ကဏ္ဍခွဲပြီး ဖော်ပြပါမည်။ သို့ဖြစ်၍ သုဝဏ္ဏဘူမိဟုဆိုလျှင် အဖြစ်အပျက်ကြီးငါးခုနှင့် သက်ဆိုင်နေကြောင်းတွေ့ရမည်ဖြစ်ပါသည်။

၁။ ပထမဖြစ်ရပ်မှာ ဗုဒ္ဓမတိုင်မီက သုဝဏ္ဏဘူမိမြို့တည်ထောင်ပုံဖြစ်၏။

၂။ ဒုတိယဖြစ်ရပ်မှာ ဗုဒ္ဓနှင့်ခေတ်ပြိုင် သုဝဏ္ဏဘူမိဖြစ်ပါသည်။

၃။ တတိယဖြစ်ရပ်မှာ ဗုဒ္ဓလွန် (သာသနာနှစ်) သုံးရာစုနှစ်တွင် တတိယသင်္ဂါယနာတင်ပွဲပြီး မြောက်၍ ကိုးတိုင်းကိုးဌာနသို့ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးက သာသနာပြုအဖွဲ့များကို စေလွှတ်ခဲ့စဉ်က သောဏနှင့် ဥတ္တရမထေရ်တို့ကြွရောက်တော်မူခဲ့သော သုဝဏ္ဏဘူမိဖြစ်ပါသည်။

၄။ စတုတ္ထဖြစ်ရပ်မှာ ဗုဒ္ဓလွန် (သာသနာ) နှစ် (၉၃၀) တွင် အရှင်မဟာဗုဒ္ဓဃောသမထေရ် သီဟိုဠ်ကျွန်းမှ ပိဋကတ်သုံးပုံပါဠိတော်နှင့် အဋ္ဌကထာကို မာဂဓဘာသာဖြင့် ရေးကူးခဲ့၍ သုဝဏ္ဏဘူမိ-သထုံပြည်သို့ ယူဆောင်ခဲ့ကြောင်း ပင်ဖြစ်သည်။

၅။ ပဥ္စမဖြစ်ရပ်မှာ ပုဂံပြည် အနုရုဒ္ဓဒေဝ (အနော်ရထာမင်း) နှင့် သထုံပြည် မနောဟရီ (မနုဟာမင်း) တို့ စစ်ကြီးဖြစ်ကြ၍ သထုံမြို့ပျက်၊ ပြည်ပျက်ဖြစ်ခြင်းအကြောင်းပင်ဖြစ်၏။

သုဝဏ္ဏဘူမိ သမိုင်းသည် ၎င်းဖြစ်ရပ်ကြီး ငါးခုနှင့်သက်ဆိုင်နေ၏။ ဤအကြောင်းချင်းရာငါးခု အထောက်အထား များတွေ့နိုင်သော နေရာဌာနသည်သာလျှင် သုဝဏ္ဏဘူမိဖြစ်နိုင်ပါသည်။ သုဝဏ္ဏဘူမိသည် ထိုင်းနိုင်ငံဖြစ်သလား၊ မလေးကျွန်းဆွယ်လား၊ စုမားတြားကျွန်း၊ ဂျာဗားကျွန်း စသည့်နေရာများလား၊ အောက်မြန်မာနိုင်ငံလား၊ အိန္ဒိယပြည် ဘင်္ဂလားနယ်ပတ်သလား စသည့်မေးခွန်းများကို အထက်ပါ သမိုင်းဖြစ်ရပ် (၅) ခုနှင့်သာတိုက်ဆိုင်စစ်ဆေးသင့်ပါသည်။ ထိုသို့ စစ်ဆေးလျှင် အောက်မြန်မာနိုင်ငံမှ သထုံဒေသသာလျှင် ဤအချက်များနှင့်ကိုက်ညီနေကြောင်း တွေ့ရမည်ဖြစ် ပါသည်။

သုဝဏ္ဏဘူမိရုပ်ပုံလွှာကို ဖော်ထုတ်သည့်အခါ မြန်မာရာဇဝင်၊ မွန်ရာဇဝင်ကျမ်းများအပြင်၊ ၎င်းကျမ်းများကိုစုစည်း၍ ထုတ်နုတ်တင်ပြသော သထုံရာဇဝင်(ဦးပညာ)၊ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်း(ဦးရွှေနော်)၊ ရာမညဒေသဓါတ် တော်သမိုင်း၊ ပဲခူးကလျာဏီမွန်ကျောက်စာ၊ အစရှိသော အထောက်အထားများတို့မှ ထုတ်နုတ်၍ ဖော်ပြသွားမည် ဖြစ်ပါသည်။ အချို့သမိုင်းပညာရှင်ကြီးများက "သုဝဏ္ဏဘူမိသည် သထုံမဟုတ်၊ ကေလာသတောင်ခြေ (အယက်သမ၊ ဝင်းက) ဒေသသာဖြစ်သည်ဟု ညွှန်ပြလေ့ရှိ၏။ စင်စစ်သထုံ (သုဓမ္မဝတီ) မြို့ဟောင်းနေရာကို အချိန်နှင့်အမျှ အကြောင်းအမျိုးမျိုးတို့ကြောင့် ရွှေ့ပြောင်းထူထောင်ခဲ့ကြပုံကို သိရန်လိုပါသည်။ ဤအကြောင်းရင်းများကို အစဉ်အလာ မှတ်တမ်းများအရသာ သိရှိနိုင်ပေလိမ့်မည်။ "ရေးထုံးလည်းမပယ်နဲ့" ဟူသည့် မြန်မာစကားအတိုင်း ရေးထုံးပယ်၍ လွဲခဲ့ပုံကို ဤကဏ္ဍတွင်တွေ့ရမည်ဖြစ်ပါသည်။

**မှန်နန်းရာဇဝင်**

ထိုအခါ (သာသနာ ၉၀၀ ကျော်) သုဝဏ္ဏဘူမိမည်သော သထုံပြည်၌ အစစွာမင်းပြုသော သီဟရာဇာမင်းမှ သားမြေးမပျက် နှစ်ဆယ့်ငါးဆက်မြောက်ဖြစ်သော ဓမ္မပါလမင်းသည် သာသနာတော်၌ အလွန်ကြည်ညိုရကား အရှင်ဗုဒ္ဓဃောသအား ဆင်ဖြူတစ်စီးအမတ်ကြီးလေးယောက်နှင့်တကွ အထူးထူးသောလက်ဆောင်တို့ဖြင့် ချီးမြှင့်ပေ၏။ အရှင်ဗုဒ္ဓဃောသလည်း ပုသိမ်သင်္ဘောဆိပ်မှ မဇ္ဈိမဒေသသို့ ကူးတော်မူပြီးလျှင် မဇ္ဈိမဒေသ၌ မဟာဗောဓိ၊ သတ္တဋ္ဌာနနေရာ၌ရာ၊ ပုပ္ဖါရုံကျောင်းတော်စသောပုံစံများကို ပန်းချီတို့ရေးစေပြီးလျှင် သီဟိုဠ်ကျွန်းပေါ်သို့ ကူးအံ့သည်ကို ကြံတော်မူ၏။ (ထိုနောက်)

> ဒက္ခိဏဒေသဘင်္ဂသင်္ဘောဆိပ်သို့ သက်၍သင်္ဘောဖြင့် သီဟိုဠ်ကျွန်းသို့ကူးတော်မူ၏။ ထိုအခါ သီဟိုဠ်ကျွန်း မဟာဝိဟာရစာနယရ၌ သံဃာပါလမထေရ်ထံ ထေရဝါဒနှင့်တကွ သီဟိုဠ်အဌကထာကိုနာ၍ ရှေးဦးစွာ ဝိသုဒ္ဓိမဂ်ကျမ်းကိုပြု၏။ ထိုနောက်အလုံးစုံသော အဌကထာကျမ်းတို့ကို မာဂဓဘာသာပြန်တော်မူ၏။
>
> ထိုမှတပါး သီဟိုဠ်အရှင်ဗုဒ္ဓဟိတ္တဆရာထံ မဟာအဌကာ၊ မဟာပစ္စရိက်အဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ-ဤ သုံးကျမ်းတို့ကိုသင်၍ ကျမ်းအများပြုတော်မူ၏ ဟူ၍ဖော်ပြထားပါသည်။ (မှန်နန်း စာ ၂၀၉ ၂၁၁)

အရှင်မဟာဗုဒ္ဓဃောသသည် မဇ္ဈိမဒေသတွင်သာသနာမတည်၊ သရေခေတ္တရာ၊ သီရိပစ္စယာ၊ ရာမညဒေသ စသောအရပ်တွင် သာသနာတည်မည်ဟုသိရသဖြင့်၊ ပိဋကတ်တော်များကို သုဓမ္မဝတီသထုံပြည်သို့ ဆောင်ယူလာခဲ့ ကြောင်း၊ ထိုအခါရာမညတိုင်းအားလုံးအုတ်အုတ်ကျက်ကျက် ကျော်စောသဖြင့် မင်း၊ မိဖုရား၊ ပြည်သား ပြည်သူအပေါင်းတို့

ကြိုဆိုကြပြီး၊ ရှိသေလေးမြတ်စွာရွှေနန်းတော်ဦး၌ သုဓမ္မာမဏ္ဍပ်ဆောက်၍ ပိဋကတ်တော်ဟူသော ဓမ္မစေတီတော်ကို သွင်းထားရကြောင်းဖော်ပြပါသည်။ *(မှန်နန်း၊ ၂၁၁)*

ထိုအချိန်ကသထုံပြည်တွင်သာသနာပြုမထေရ်အရှင်မနောမဒဿီသည် ပိဋကတ်တော်များဖြင့် သာသနာပြုတော်မူသည့်အခါ မြန်မာပြည်၊ မွန်ပြည်၊ ရခိုင်ပြည်၊ ရှမ်းပြည်၊ ယွန်းပြည်၊ လင်းဇင်းပြည်၊ သောဏ္ဍတဲပြည်တို့၌ သီတင်းသုံးနေတော်မူကုန်သော ရဟန်းသံဃာတို့သည် သထုံသို့ အသီးသီးကြွရောက်လာကုန်ကြကြောင်း၊ ဆရာအဆက်ဆက်နှုတ်ဖြင့်သာဆောင်ခဲ့ရသော ပိဋကတ်တော်နှင့်ညီညွတ်စွာ အဋ္ဌကထာနှင့်တကွ သင်ကြားဆောင်ယူတော်မူကြကြောင်း သာသနာတော်ပြန့်ပွားထွန်းကားလာခဲ့ကြောင်း ဖော်ပြထားပါသည်။ *(မှန်နန်း၊ ၂၁၂)*

သုဝဏ္ဏဘူမိသည် သမိုင်းဆရာတို့၏အမြင်တွင် ဒဏ္ဍာရီဆန်လျက်ပင်ရှိပေ၏။ သို့သော်လည်း ထိုပုံပြင်ဒဏ္ဍာရီများတွင် အကွက်အကွင်းကျကျ၊ ဖော်ပြလျက်ထားသော သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့ဟောင်းကြီးကား အခိုင်အမာတည်ရှိနေပေသည်။

## မုံရွေးမွန်ရာဇဝင်

မြန်မာဘာသာဖြင့် မွန်ရာဇဝင်ကျမ်း (လက်နှိပ်စက်မူ) တစ်စောင်ကို သမိုင်းသုတေသနဦးစီးဌာန စာကြည့်တိုက် (ယခင် BURMA HISTORICAL COMMISSION LIBERARY) တိုက်ပိုင်အမှတ် (၂၉ဂ၂) ၌ တွေ့ရပါသည်။ "မုံရွေးဇေတဝန်ကျောင်း၊ နေအရိယ်ဝံသသူမြတ်စာ မွန်ရာဇဝင်ကျမ်း" ဟူ၍ ၎င်းကျမ်းအဆုံး၌ ဖော်ပြထား၏။ "သက္ကရာဇ် ၁၁၅၇ တခူးလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့သုံးချက်တီးအချိန်အတွင်း မွန်ရာဇဝင်ရေးကူး၍ပြီးသည်။ ပု၊ ဒိ၊ အာနှင့် ပြည့်စုံစေသော်ဝ်" ဟူ၍ ဖော်ပြထားသဖြင့် ကုန်းဘောင်မင်းဆက်မှ ဘိုးတော်ဘုရား (ဗဒုံမင်း) (၁၇ဂ၂ - ၁ဂ၁၉) လက်ထက်တွင် မွန်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုသည့် ကျမ်းဖြစ်ကြောင်း သိရ၏။ ယင်းကျမ်းမှာ ရှစ်ကြောင်းပေ (က) အင်္ဂါမှ (င) အင်္ဂါအထိရှိသည်။ ၎င်းကို ၁၂၉၇ ခုနှစ်၊ (၁ဂ၃၅) သီတင်းကျွတ်လဆန်း (၁)ရက်နေ့တွင် ထပ်မံရေးကူး၍ ပြီးသည်ဟုဖော်ပြထားပြီး၊ သမိုင်းကော်မရှင်က လက်နှိပ်စက်မူကို (၃၁၊ ၃၊ ၅၉) ရက်တွင် ကူးယူပြီးစီးခဲ့ရာ၊ တစ်မျက်နှာလျှင် စာ-၃၅ ကြောင်းစီ၊ စာမျက်နှာပေါင်း (၆၆) မျက်နှာကျော်ရှိပါသည်။

၎င်းမွန်ရာဇဝင်တော်ကြီး ကျမ်းဦးအစမှာ မြတ်စွာဘုရား စတုတ္ထဝါ၊ ရာဇဂြိုဟ်ပြည်၌ဝါဆိုစဉ် မထေရ်ဂဝံပတိကို အကြောင်းပြု၍ သုဝဏ္ဏဘူမိသို့ ကြွရောက်ကြောင်းဖြင့် အစချီပြီး၊ အဆုံးတွင် ဓမ္မစေတီမင်း (၁၄၇၂-၁၄၉၂) ၏သားတော် ဗညားရံမင်း ( ၁၄၉၂-၁၅၂၆ ) နှင့် ၎င်းသားတော် သုရှင်တကာရွှတ်ပိလက်ထက် အကြောင်းအရာ ဖြင့်ပြီးဆုံးသည်။ သထုံပြည်သို့ ဘုရားရှင်ကြွလာပုံ၊ ဆံတော်များပေးဝေပုံ၊ သွားတော်စွယ်တော်များပူဇော်ရန် ဗျာဒိတ်ပေးပုံ၊ မုတ္တမမွန်မင်းဆက်ကို ဝါရီရူမင်းက တည်ထောင်မည့်အကြောင်း ဗျာဒိတ်ပေးပုံ၊ ဟံသာဝတီကို သမလ၊ ဝိမလတည်ထောင်မည့်အကြောင်း၊ ဗျာဒိတ်ပေးပုံ၊ သမလ၊ ဝိမလတို့မွေးဖွားရာ မုတ္တမအနီး ဧဉဝတီမြို့အကြောင်း၊ သုဓမ္မဝတီ သထုံမြို့ ထူထောင်ပုံအကြောင်း၊ သထုံမြို့နောက်ဆုံး ပျက်ရခြင်းအကြောင်းနှင့်တကွ ဟံသာဝတီခေတ်သမိုင်းဆိုင်ရာ မင်းစဉ်မင်းဆက်အဖြစ်အပျက်များပါရှိသည်။

မုတ္တမမင်းဆက်ဝါရီရူမင်းမှစ၍ ဟံသာဝတီခေတ်သမိုင်းကြောင်းမှာ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၌ အသေးစိတ်ပါရှိပြီဖြစ်သည်။ ပဲခူးကို သမလ၊ ဝိမလထူထောင်ပုံနှင့် ၎င်းမင်းဆက်များ၊ ၎င်းထက်ပို၍စောသည့် သုဓမ္မဝတီ သထုံမင်းဆက်များ၊ တည်ထောင်ခဲ့သော မြို့တော်များအကြောင်းကိုမူ မွန်ရာဇဝင်၌ အပြည့်အစုံဖော်ပြထားသည်ကို တွေ့ရပါသည်။

“မုတ္တမမြို့ မဟာပိန္နဲဘုန်းတော်ကြီးထံ မွန်အက္ခရာနှင့်ရှိလေရာ၊ ကုန်းဘောင်ဝံသာ၊ နေလာသနင်း၊ ဗဒုံမင်းတရားကြီးလက်ထက်တော်အခါ မြန်မာပြန်စေအမိန့်တော်မြတ်အရ ပြန်ဆိုထားရှိသောသမိုင်းစာ” ဟုဆိုသော “ရာမညတိုင်းသုံးရပ်၊ ဓာတ်တော်သမိုင်း” စာအုပ်ကို ရန်ကုန်မြို့စစ်ကဲ မောင်ထော်လေးလမ်းနေ၊ အငြိမ်းစားမြို့အုပ်သူကောင်းပြုမြို့ဝန်ဦးတာပိုး မိသားစုက ဓမ္မဒါနအဖြစ် ပုံနှိပ်သည်။ ၁၂၇၃ ခုနှစ် (၁၇၁၁ ခုနှစ်) ရန်ကုန်မြို့ ဂေါ်ဝင်လမ်း မြန်မာ့သြဘာပုံနှိပ်တိုက်တွင်ရိုက်နှိပ်၍ ပဲခူးမြို့အရှေ့ရွှေနံ့သာဘုရား(ကျောင်းတိုက်)၌ သားရှင်ပြုအလှူပွဲမှာ အုပ်ရေ (၁၀၀၀) ဝေခဲ့သော စာအုပ်ဖြစ်သည်။ ရာမညဒေသမှ မြို့ပေါင်း (၇၀) ကျော်တွင် ဆံတော်၊ သွားတော်၊ ဓါတ်တော်၊ ခြေတော်ရာစေတီများ တည်ထားပုံအကြောင်းများပါရှိ၏။

နောက်ထပ် မွန်ရာဇဝင်ကျမ်းတစ်စောင်ကို မူရင်းကျမ်းရှာမတွေ့ရသော်လည်း ဦးပညာ၏ သထုံရာဇဝင်တွင် ကိုးကားဖော်ပြချက်အရ ကုန်းဘောင်ဆက်၊ ဘကြီးတော်မင်းလက်ထက်တွင် မြန်မာဘာသာသို့ ပြန်ဆိုသည့်ကျမ်းဖြစ်ကြောင်း သိရပါသည်။ ၎င်းကျမ်းအထောက်အထားအရ သထုံမြို့တည်စ အကြောင်းအရာများနှင့်တကွ၊ မြို့တော်ကို အကြိမ်ကြိမ် ပြောင်းရွှေ့တည်ထောင်ပုံများကိုပါ သိခွင့်ရခဲ့ပါသည်။ ယခုတင်ပြမည့်အခန်းတွင် ၎င်းမွန်ရာဇဝင်ကျမ်း အပါအဝင်၊ သထုံရာဇဝင် (ဦးပညာ) မှ ကောက်နုတ်ဖော်ပြချက်များကို တင်ပြသွားမည်ဖြစ်ပါသည်။

# သထုံရာဇဝင်(ဦးပညာ)

**ပထမသုဓမ္မဝတီ**

"(မြန်မာသကရာဇ်) ၁၁၈၅ ခု (ခရစ်နှစ် ၁၇၉၆)၊ သတင်းကျွတ်လဆန်း (၆) ရက်နေ့တွင် ကော့ဂွန်းကျောက်ဂူတွင်းမှ ငရဲသီ-ဧရမ်မိပလဲ-ဇာတတွန်တို့ တိုက်ထုတ်ယူခဲ့ကြသော မွန်ဘာသာနှင့် သထုံမြို့ကြီး၏ သမိုင်းစာပေါင်းကို ဘကြီးတော်ဘုရားသို့ ဆက်သကြသည်တွင် ဆရာသီရိဇေယျသူနှင့် စာရေး(ငတိ)တို့ မြန်မာဘာသာပြန်ဆိုသည့် မွန်စာအရ ပြန်စာမှာသော်ကား" ဟူ၍ အစချီးထားသော သုဘိန္ဒနဂရမြို့တည်ထောင်ပုံအခန်းမှာ အောက်ပါအတိုင်း ဖြစ်၏။

သထုံမြို့ ဖြစ်ရင်းအစကား ထိုအရပ်၌မုဆိုးလူမျိုးအိမ်ခြေငါးရာရှိ၏။ ထိုရွာတွင် အကြီးပြုသူကား ကမ္ဘာဦးမင်းမျိုးမင်းနွယ်မှပေါက်ဖွားသော သုဒ္ဓမာနဝ အမည်ရှိသောသူသည် ငါးပါးသီလနှင့်ပြည့်စုံခြင်း၊ တရားတော်ကိုကျင့်ခြင်း၊ ရှေးရှေးဘဝကပြုခဲ့ဘူးသော ကုသိုလ်ရှိခြင်းတို့ကြောင့် သိကြားမင်းသည် မနေနိုင်၍ ဆင်းသက်လာပြီးလျှင် မြို့ခုနစ်ထပ်၊ ကျုံးခုနစ်ထပ်၊ တည်လုပ်ဖန်ဆင်းပြီးမှ သုဓမ္မဝတီမြို့ဟု သမုတ်ပြီးလျှင် ထိုသုဒ္ဓမာနဝ အမည်ရှိသောသူကို ၁။ သုဓမ္မရာဇာအမည်သမုတ်၍ မင်းပြုစေ၏။

ထိုမင်းစုတေသော်
- ၂။ သား ပဒုမ္မရာဇာ
- ၃။ သာလီရာဇာ
- ၄။ သောမနဿရာဇာ
- ၅။ ဒေဝတိရာဇာ
- ၆။ ကာလီရာဇာ
- ၇။ နန္ဒရာဇာ
- ၈။ မိတ္တရာဇာ
- ၉။ သာမညရာဇာ
- ၁၀။ ဥဒုမ္ဗရရာဇာ
- ၁၁။ ကာလဝါနရာဇာ
- ၁၂။ အဒိန္နကရာဇာ
- ၁၃။ မဟာသာလရာဇာ
- ၁၄။ ရမကရာဇာ
- ၁၅။ မဟာသာရရာဇာ
- ၁၆။ နရာသူရရာဇာ
- ၁၇။ အနမရာဇာ
- ၁၈။ သီရိဝုတ္တရာဇာ
- ၁၉။ ဥရုနကရာဇာ
- ၂၀။ အသာဂန္ဓရာဇာ
- ၂၁။ ဗြဟ္မဒတ္တရာဇာ
- ၂၂။ သီရိတိဿရာဇာ
- ၂၃။ (သား) ဥဂ္ဂရရာဇာ
- ၂၄။ (သား) ဓမ္မဒေဝရာဇာ မင်းပြု၏။

ထိုမင်းနှစ်ဆယ့်လေးဆက်ကို လွန်သည့်နောက် သုဓမ္မဝတီမြို့သည်လည်း မင်းဆက်မရှိ အနှစ်များစွာတောကြီးဖြစ်နေလေ၏။ *(သထုံရာဇဝင်၊ စာ - ၃၆ - ၃၇)*

**ဒုတိယသုဝမ္မဝတီ**

ထိုအရပ်တွင် ရွာတရွာနှင့် သီဟအမည်ရှိသော ရသေ့နှင့်အကံ့ရအမည်ရှိသောရသေ့ · · · တို့ရှိကြကုန်၏။ အကံ့ရရသေ့ထံ၌ သုဝမ္မရာဇာမင်းတို့၏ အဆက်အနွယ်မှဖြစ်သော သူငယ်တစ်ယောက်သည် မထင်မရှားသောအသွင်ဖြင့်ရှိလေ၏။ · · · ထိုသူငယ်၏အမည်ကား သီရိယကုမ္မာဟုတွင်၏။ ရသေ့နှစ်ပါးတို့သည် ဤသို့ကြံကြ၏။ ငါတို့ (ကိတ္တိမ) သားသည် ဘုန်းပညာလက္ခဏာအာဏာတန်ခိုးနှင့် ပြည့်စုံသောသားဖြစ်သည်။ သိကြားနတ်တို့စောင်မသဖြင့် မင်းဖြစ်ထိုက်၏ဟုကြံကြကုန်၏။ ထိုရသေ့နှစ်ပါးတို့ကြံသောအတိုင်း · · ·သိကြားမင်းသည် မနေနိုင်၍ ဆင်းသက်ပြီးလျှင်၊ ရသေ့နှစ်ပါးတို့နေသော သခ်န်းကျောင်းနှစ်ခုတို့အကြားတွင် မြို့ရိုး (၇) ထပ်ကာရံသောမြို့ကိုတည်လပ်၍ (သုဝမ္မဝတီဟု သမုတ်လျက်၊ မင်းမြောက်တံဆာ (၅) ပါးနှင့်တကွ သီရိယကုမ္မာကိုနန်းတင်၍ ၁။ ဇောတိပါလရာဇာဟူသော အမည်ဖြင့် မင်းပြုစေ၏။ ထိုမင်းစုတေလျှင် (သား) သီရိမာသောကမင်းသည် မင်းပြု၏။ *(သထုံရာဇဝင်၊ စာ- ၁၇-၁၈)*

**တတိယသုဝမ္မဝတီ၊ သုဝဏ္ဏဘူမိ**

ထိုအခါ ဇင်းကျိုက်တောင်တွင်နေသော ရှင်ရသေ့နှင့် ဇွဲကပင်တောင်တွင်နေသော ထိုမင်း၏ဘိုးတော်ဖြစ်သည့် ရှင်ရသေ့နှစ်ပါးတို့ကို သီရိမာသောကမင်းကပင့်၍ မြို့နန်းသစ်တည်ကြောင်းကို လျှောက်ရာတွင် ရသေ့နှစ်ပါးတို့က မိမိတို့ထံဆီးကပ်ပူဇော်လာသော ဝိဇ္ဇာမိုရ်နှင့်တိုင်ပင်ပြီးလျှင် ဂေတ္တပလ (ဂေါ့တောင်) အမည်ရှိသောတောင်၏ မြောက်အရပ်၌ မြို့တည်ပြီးလျှင် ဝိဇ္ဇာမိုရ်က ငါ၏မြေးသည် ဘုန်းတန်ခိုးအာဏာနှင့် ပြည့်စုံသောသူဖြစ်သည်။ မြို့ရိုးကို ရွှေစပ်သွင်း၍ တည်လုပ်ပါအံ့ဟု ကြံပြီးသော် ရွှေအုတ်အများသွင်းလုပ်၍ မြို့တည်လေ၏။

သိကြားမင်းသည် ထိုသို့ရွှေစပ်ဖြင့်လုပ်သော မြို့ဖြစ်ခြင်းကြောင့် အစွန့်ရှည်စွာ သတ္တဝါအပေါင်းတို့မှာ ဥပါဒ်ဘေးဒဏ်ဖြစ်ရာသော အကြောင်းဖြစ်ချေသည်ဟု နှစ်လုံးပုပန်၍ ဝိဇ္ဇာမိုရ်ပြုလုပ်သော ရွှေတို့ကိုသိမ်းယူပြီးလျှင် ဥမှင်တည်လုပ်ပြီးမှ ထိုရွှေတို့ကို ဥမင်၌သွင်းထားလေ၏။ ထိုများစွာသောရွှေကိုအကြောင်းမူ၍ သုဝဏ္ဏဘူမိဟုတွင်သတည်း။ ထိုဥမှင်သည်လည်း ယခုတိုင်ရှိလေ၏။

ထိုသုဝဏ္ဏဘူမိမြို့ကို သီရိမာသောကမင်းက မိမိ၏အစ်ကို ဓမ္မဇမင်းသားအားပေး၍ ထိုဓမ္မဇမင်းသား မင်းပြုလေ၏။ သုဝမ္မဝတီမြို့မှာ သီရိမာသောကမင်း မင်းပြု၏။ ညီတော်-နောင်တော်နှစ်ပါး၊ ထီးပြိုင်-နန်းပြိုင်စံကြ၏။ သက်တော် (၆၀) နှစ်တွင် ကံကုန်လေ၏။ ထိုမင်းမရှိလျှင် သုဝမ္မဝတီမြို့ဆိပ်ငြိမ်၍ သုဝဏ္ဏဘူမိမြို့ ပွင့်လင်းစည်ပင်လေ၏။

ဓမ္မဇမင်းသည် စည်းစိမ်အနှစ် (၃၀) ခံပြီးမှ စုတေလေ၏။ ထို့နောက်

| | |
|---|---|
| ၂။ ဗလဒေဝမင်း | ၃။ ပစ္စတိုက်မင်း |
| ၄။ အီတခေါင်မင်း | ၅။ ကူလပသာတကူမင်း |
| ၆။ အာတပ္ပမင်း | ၇။ ဓမ္မဇေဋ္ဌမင်း |
| ၈။ အင်္ဂတ္တရသတ်မင်း | ၉။ သီရိဝိဇ္ဇာမင်း |
| ၁၀။ ဓမ္မဝတီမင်း | ၁၁။ ဇန္ဒဝမင်း |
| ၁၂။ ရတနမင်း | ၁၃။ သုဘာဝိတမင်း |
| ၁၄။ စန္ဒပဇ္ဇောတမင်း | ၁၅။ မဟာသောကမင်း |

၁၆။ တိဿမင်း စသော မင်းပေါင်းတစ်ဆယ့်ခြောက်ဆက်တို့သည် နှစ်ပေါင်း (၂၃၇)နှစ်တိုင် မင်းပြုကြလေကုန်၏။ ထိုမြို့သည် သုဓမ္မဝတီမှခွဲ၍တဖန် သုဝဏ္ဏဘူမိမြို့ကို တည်ပြန်သဖြင့် "သုဘိန္နနဂရ" ဟုခေါ်ကြလေ၏။ *(သထုံရာဇဝင်၊ စာ - ၃၆-၄၀)*

ဓမ္မဇမင်းမျိုးတစ်ဆယ့်ခြောက်ဆက်တို့တွင် နောက်ဆုံးမင်းဖြစ်သော တိဿမင်းကြီးလက်ထက်မှာ ဂေါတမဘုရားပွင့်တော်မမူမီ အနှစ် (၅၀) ခန့်ဖြစ်သည်ဟု သထုံရာဇဝင်က ဆိုထားပါသည်။ သို့ဖြစ်၍ ပထမသုဓမ္မဝတီ (သုဓမ္မရာဇာမင်း)၊ ဒုတိယသုဓမ္မဝတီ (ဇောတိပါလရာဇာမင်း)နှင့် တတိယသုဓမ္မဝတီ (ဓမ္မဇမင်း) တို့တည်ထောင်ခဲ့ကြသော သုဓမ္မဝတီ (သထုံ) မြို့များကို ဗုဒ္ဓမတိုင်မီက သုဝဏ္ဏဘူမိ၊ သထုံမြို့များဟုဆိုရမည်။ ၎င်းနောက်ဗုဒ္ဓနှင့်ခေတ်ပြိုင်တည်ရှိနေခဲ့သော သုဝဏ္ဏဘူမိမြို့ကို သီဟရာဇာ မင်းလက်ထက်တွင် တည်ခဲ့ပြန်သည်။ *(သထုံရာဇဝင်၊ စာ- ၄၂)*

## စတုတ္ထသုဓမ္မဝတီ၊ သုဝဏ္ဏဘူမိမြို့ကို ထပ်မံပြုပြင်ခြင်း

တိဿမင်းကြီးသည် သုဘိန္နနဂရ (တတိယသုဓမ္မဝတီ၊ သုဝဏ္ဏဘူမိ) တွင် မိဖုရားသီရိက ပွါဒေဝီနှင့် နန်းစံ၏။ သမီးတော်တစ်ပါး၊ သားတော်တစ်ပါးဖွားသည်။ သမီးတော် သုဝဏ္ဏဒေဝီ၊ သားတော်ဝိဇယ ကုမ္မာအမည်မှည့်တော်မူသည်။ ထိုအခါ ဂျွန်း(ကြွမ်း)စစ်သည်တို့ ဝန်းရံလာကြ၍ အငြိမ်မသက်ဖြစ်လေ၏။ ထိုသုဘိန္နမြို့ရှိသဘော်သားတို့သည် သမုဒ္ဒရာပင်လယ်ခရီးဖြင့် လှည့်လည်ရာကျွန်းငယ်တစ်ခုတွင် တောသားလူငယ်လေးစကြာရှင်နှင့်တွေ့ပြီး လေးကိုယူခဲ့၍ မင်းကြီးအားဆက်သ၏။ ထိုလေးစကြာကြောင့် ဂျွန်းစစ်သည်တို့ကို ဖြိုခွင်းနိုင်ခဲ့သည်။ လေးရှင်လည်း ကျေးဇူးကြီးပေသည်ဟု သမီးတော်နှင့်လက်ဆက်ပေးသည်။ သမီးတော်သည် လူငယ်ရှိရာကျွန်းသို့ရောက်စဉ် လူငယ်သေဆုံးသဖြင့် ထိုအရပ်မှာပင်မြို့တည်၍ နေခဲ့သည်။

တိဿမင်းကြီး၏သားတော် ဝိဇယကုမ္မာသည် ကောင်းကင်ပျံ၍ကိုယ်ဖျောက်နိုင်စွမ်းသော ဝိဇ္ဇာမိုရ်ရဲတစ်ဦးကိုတွေ့၍ ဝိဇ္ဇာဖြစ်လိုသောကြောင့် ဝိဇ္ဇာမိုရ်နှင့်လိုက်သွားတော့၏။ ထို့ကြောင့် တိဿမင်းကြီးမှာ ထီးမွေခံရန် သားရင်းမရှိသောကြောင့် ၎င်းနှင့်အမည်တူ၊ အရွယ်တူ၊ ပညာသင်ဖက်တိဿ၊ အမတ်ကြီး၏သား တိဿကုမ္မာနှင့် သီဟကုမ္မာတို့ကို သားအမှတ်ဖြင့်ဆောင်ယူမွေးစားသည်။

ထိုမွေးစားသားနှစ်ယောက်အရွယ်ရောက်သော် ရသေ့ရဟန်းပြုလိုစိတ်ဖြစ်၍ ထီးမွေနန်းမွေကို စွန့်လွှတ်ကာ ရသေ့ပြုရန်ခွင့်ပန်ကြသည်။ မြို့၏အရှေ့တောင်အရပ် ဂစ္ဆဂီရိ (ဇင်းကျိုက်) တောင်သို့သွား၍ ရဟန်းပြုကြသည်။ မကြာမီ ဘခင်ရင်းဖြစ်သော တိဿအမတ်ကြီးလည်း သတိသံဝေဂရ၍ သားတော်များ ထံလိုက်၍ ရသေ့ပြုသည်။ ထိုရသေ့သုံးပါး တရားကျင့်၍ လောကီစျာန်ကိုရကြသည့်အခါ ညီနောင်သား အဘ တစ်နေရာစီခွဲနေကြရန်ဆုံးဖြတ်၍ နောင်တော်တိဿရသေ့က ဂစ္ဆဂီရိတောင်၊ ညီတော်သီဟရသေ့က ဗန္ဓဂီရိ(ဇွဲကပင်)တောင်၊ အဘတိဿရသေ့ကြီးက မထိအဇ္ဈတ္တကျိုက်ထီးရိုးတောင်၊ ဤသို့ အသီးသီးခွဲခြားနေကြပြီး၊ အကြောင်းရှိလျှင် မီးပြခြင်းအထိမ်းအမှတ်ကို ဂတိပြုထားလျက်နေကြသည်။ *(သထုံရာဇဝင်၊ စာ- ၄၂-၄၇)*

နောင်တော်တိဿရသေ့သည် ဇင်းကျိုက်တောင်ခြေတွင် ဝိဇ္ဇာနှင့်နဂါးမတို့ တွေ့ကြ၍ ဆက်ဆံရာမှရသော ဥကြီးနှစ်လုံးကိုကောက်ရ၍ ညီတော်အားခေါ်ယူကာ တစ်ယောက်တစ်လုံးစီဝေ၍သိမ်းထားကြ၏။ ထိုဥများမှ ယောက်ျားကလေးတစ်ယောက်စီဖွားသည်။ နောင်တော်တိဿရသေ့ မွေးသောကလေးမှာ အသက် (၂၀) အရွယ်တွင် သုဘိန္နနဂရမြို့၌ တိဿမင်းကြီးနတ်ရွာစံလေသော် ရသေ့နှစ်ပါးတို့က မိမိတို့ကိုယ်စား မွေးစားသားကိုမင်းမြှောက်သည်။ ညီတော်သီဟရသေ့မွေးသော သူငယ်မှာအသက် (၇) နှစ်အရွယ်တွင် ကျောက်ပေါက်၍သေသည်။ ထို့နောက် မိမိလာ (အိန္ဒိယ) ပြည် မိန်းမတစ်ယောက် ကိုယ်၌ဝင်စား၍ အသက် (၈) နှစ်အရွယ်၌ မြတ်စွာဘုရားနှင့် ကြုံကြိုက်ပြီးတရားနာရ၍ ဂဝံပတိရဟန္တာဖြစ်လာသည်။ သုဘိန္နနဂရမြို့၌လည်း ရသေ့နှစ်ပါးတို့သည် သိကြားမင်းနှင့်တိုင်ပင်ပြီး

မြို့နန်းကို အသစ်ထပ်မံပြုပြင်ကြကာ မြို့တော်သစ်ကို သုဓမ္မဝတီဟုသမုတ်၍ (ဘိုးတော်အခွန်း ဖြို့ခွင်းသက္ကရာဇ်) ၁၁၀ ပြည့်နှစ်တွင် ကိတ္တိမသားကို တိဿဓမ္မသီဟရာဇာဘွဲ့အမည်ဖြင့် နန်းတင်ကြသည်။ ပြည်၏အမည်မှာမူကား ၎င်းတိုင်းပြည်မြို့အလယ်တို့၌ ရွှေထွက်သောမြစ်ချောင်းနှင့် မြို့ထိပ်တွင် ရွှေထွက်သောတောင်ရှိခြင်းကြောင့်လည်း ကောင်း၊ ထိုမြို့နိုင်ငံတော်အတွင်း၌ ရွှေထွက်သောနေရာ ဌာနအများပင်ရှိ၍ လည်းကောင်း၊ ပကတိမြေကပင် ရွှေရောင် အဆင်းရှိသောကြောင့်လည်းကောင်း၊ သုဝဏ္ဏဘူမိပြည်ဟု တံဆိပ်ခပ်နိုပ်တော်မူသည်။*(သထုံရာဇဝင်၊ စာ ၊ ၄၂-၅၃)*

မွန်ရာဇဝင်၌ ၎င်း (စတုတ္ထ) သုဝဏ္ဏဘူမိမြို့ကို သိကြားမင်းကပြုပြင်တည်ထောင်ပေးသည့် အကြောင်းကို "သုဝဏ္ဏဘုံမြို့နေရာနန်းတို့သည် နတ်ဗိမာန်နှင့်အမျှ ဖန်ဆင်းပြီးမှ ရွှေ၊ ငွေ၊ ဖန်မှန်၊ ကြေးနီ၊ ကြေးဖြူ၊ သလဲမြို့ဟူ၍ မြို့ခုနစ်ထပ်လုပ်ဆောင်စီမံ၍ တယူဇနာခရီးက ပျော်ဘွယ်၊ ရှုဘွယ်၊ ကြောက်ဘွယ်အသံတို့ဖြင့် သာယာစွာဖြစ်၍ အများသခင်ကျော်ဇောထင်ရှားခြင်းနှင့် (အတူ) သီဟရာဇာဘိသိတ်ခံသည်" ဟု ဖော်ပြသည်။

*(မွန်ရာဇဝင်၊ စာ-၂)*

## ဂဝံပတိ ရဟန္တာသုဓမ္မဝတီ သထုံပြည်သို့ကြွလာခြင်း

ဘုရားရှင်ထံရောက်ရှိနေသော ဂဝံပတိရဟန္တာသည် မိခင်ကိုဖူးမြော်မည်ဟု မိဓိလာပြည်သို့ကြွသွား မည်ပြုရာ အမိကံကုန်သေလွန်ပြီး သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မဝတီမြို့ မုဆိုး-တံငါရွာ၌ လူဖြစ်ကြောင်းသိရ၏။ ထိုသုဝဏ္ဏတိုင်းရှင် ဘုရင်မှာလည်း ဘဝဟောင်းက ညီနောင်ဖြစ်ခဲ့ဖူးကြောင်းကိုလည်း သိရသဖြင့်၊ ဘုရားထံတွင် ခွင့်ပန်၍ကြွလာခဲ့၏။ တရားတော်ကိုလည်းဟော၏။ ပါရမီရင့်သန်ကြီးသူများ တရားရ၍ ကောင်းမြတ်သောအကျင့်ကို ကျင့်ကြလေသည်။ သီဟရာဇာမင်းလည်း ဂဝံပတိအား နန်းတော်သို့ပင့်၍ တရားနာ၏။ အထက်ကညီနောင်ဖြစ်ခဲ့ဖူးကြောင်းကို သိကြပြီးလျှင် သီဟရာဇာမင်းသည် ဘုရားရှင်ကိုယ်တော်တိုင်အားဖူးမြင်လို၍ ပင့်ဆောင်ပေးရန် ဂဝံပတိထံတောင်းပန်သည်။ ဂဝံပတိလည်း ဘုရားနေရာဗိမာန်ကို ဦးစွာဆောက်စေ၏။ ကျောင်းတော်ပြီးလျှင် ပန်းဆီမီးပေါက်ပေါက်တို့ဖြင့် ပူဇော်ပြီး ပင့်တော်မူသည်။ *(သထုံရာဇဝင်၊ စာ ၊ ၅၇-၆၀)*

## သုဝဏ္ဏဘူမိသို့ မြတ်စွာဘုရားကြွလာတော်မူခြင်း

မြတ်စွာဘုရားသည် ဂဝံပတိပင့်ကြောင်းကိုသိ၍ ပစ္ဆိမရာဇ်၌ သာသနာတော်အရှည်ထွန်းလင်းမည် အကြောင်းကို မြင်တော်မူ၍ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်အတွင်းကြွလာပြီး သုဝဏ္ဏဘူမိသို့ရောက်သည်။ တိဿမ္မသီဟရာဇာမင်းနှင့် ပြည်သူများသဘင်ကြီးစွာခံလျက် တရားနာကြ၏။ အနီးအဝေးရှိရသေ့တို့လည်း တရားတော်နာရောက်လာကြ၍၊ ဘုရားရှင်ထံမှ ကိုးကွယ်စရာဆံတော်ကို လိုချင်စိတ်ရှိကြကုန်၏။ ထိုအကြောင်းကို သိတော်မူ၍ ဘုရားရှင်က ရသေ့ကို ကိုးကွယ်ရန် ဆံတော်များပေးသနားတော်မူသည်။

၁။ ဂစ္ဆဂီရိတောင်၊ တိဿကုမာရသေ့
၂။ ဇန္တဝဂီရိတောင်၊ သီဟကုမာရရသေ့
၃။ ဒိုးကမော့ကတွံဂလိုင်တောင် (ကျိုက်ထီးရိုး)၊ ဗုဒ္ဓဉာဏရသေ့ (တိဿရသေ့ကြီး)
၄။ ဒိုးခလွန်း (ကေလာသ) တောင်ရသေ့
၅။ မဲလံတောင်ရသေ့
၆။ ကုသိနာရုံတောင်ရသေ့

တို့ ပေါင်း (၆) ယောက်သော ရသေ့တို့ဆံတော်ဦးစွာရကြ၏။ မကြာမီ

၇။ မွတ်လအိတောင်၊ ကပ္ပရသေ့
၈။ မွတ်လအပ်တောင်၊ နာရဒရသေ့
၉။ ကျိုက္ခမီတောင်ရသေ့
၁၀။ ကောယကန္ဒဇတ်သုတ်ကျွန်းမှ နတ်ဘီလူးညီနောင်-၂-ယောက်
၁၂။ ဒိုးယွန်းတောင်ရသေ့
၁၃။ ဆောင်ခဲတောင်မှ အလ္လကပ္ပရသေ့

ပေါင်း (၇) ဦးသော ပုဂ္ဂိုလ်ထူးတို့ မြတ်စွာဘုရားထံအဖူးအမြော်ရောက်ကြ၍ ဆံတော်တစ်ဆူစီ ပေးသနားတော်မူသည်။

တိဿဓမ္မသီဟရာဇာမင်းအားလည်း ဆံတော်နှစ်ဆူပေးသနားတော်မူပြန်သည်။ ထို့အပြင် ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသော် သွားတော်များကိုဂဝံပတိဆောင်ယူ၍ သီဟရာဇာမင်းအားပေးလာလိမ့်မည်။ စေတီပြု၍ ထပ်မံကိုးကွယ်တော့ဟု ဗျာဒိတ်ပေးခဲ့သည်။ ဤကဲ့သို့ ဘုရားရှင်ဆံတော် (၁၅)ဆူရကြောင်းကို မွန်ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ်ကဆိုပါသည်။ *(သထုံရာဇဝင်၊ စာ ၈၀-၈၃)*

သီဟရာဇာမင်းသည် တရားတော်ကိုနာခိုက်၊ သေတတ်သောသဘောကို မြင်သဖြင့် ထိတ်လန့်၍ "နေ့သေမည်၊ ညသေမည်မသိ၊ မမြင်နိုင် (၃၇) နှစ်ကြာမှ စွယ်တော်ကို ကိုးကွယ်ရဟန်မရှိ" ဟု စိတ်ကရှိကြောင်းကို ဘုရားရှင်သိတော်မူသည်။ သို့ဖြစ်၍ ဘုရားရှင်၏ ရုပ်တုတော်ကို လုပ်၍ကိုးကွယ်ရန်ခွင့် ပြုတော်မူသည်။ ရက်လည်အောင် နေတော်မူ၍ ဘုရားရှေ့တော်တွင် ရွှေဆင်းတုကို ဘုရားကိုယ်တော်အတိုင်းသွန်း၍ သီဟရာဇာမင်းကိုးကွယ်ရသည်ဟုဆိုသည်။ *(သထုံရာဇာဝင်၊ စာ- ၆၁-၂) (မွန်ရာဇာဝင်၊ စာ-၄-၅)*

### ဆံတော်၊ ရုပ်ပွားတော်၊ ဓါတ်တော်များ ဌာပနာ၍ စေတီတည်ကြခြင်း

တိဿဓမ္မသီဟရာဇာမင်းသည် မြတ်စွာဘုရားရှင်၏ ဆံတော်နှစ်ဆူကို သုဝဏ္ဏဘူမိပြည်အတွင်း သက္ကရာဇ် ၁၁၁ ခုနှစ်မှာပင် ဌာပနာ၍ စေတီတော်တည်လုပ်ကိုးကွယ်သည်။ (ယခု ရွှေစာရံစေတီဟု အမည်တွင်သည်။)

ထိုနောက် သက္ကရာဇ် ၁၄၈ ခု၊ အဇာတသတ်မင်းဖြိုသောနှစ်၊ ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသော အခါ၊ သွားတော် ဓါတ်တော် ၃၃ ဆူကို အထက်ဗျာဒိတ်စကားအတိုင်း ဂဝံပတိရဟန္တာပို့ပေးလာသဖြင့်၊ ၄င်းနှစ်အတွင်းမှာပင် တိဿဓမ္မသီဟရာဇာမင်းသည် သွားတော် ၃၃ ဆူတို့ကို မိဖုရား ၃၃ ပါး၊ တစ်ပါးလျှင် တစ်ဆူကျစီပေးအပ်၍၊ ကျောက်စေတီ ၃၃ ဆူတည်လုပ်စေ၏။ *(ဦးရွှေနော်၊ စာ -၂၄)*

ဂစ္ဆဂီရိတောင်က တိဿကုမာရရသေ့သည် မိမိရသော ဘုရားရှင် ဆံတော်တစ်ဆူကို ဂစ္ဆဂီရိတောင်ထိပ်အစွန်းတွင် ဌာပနာလိုသည်ဖြစ်၍ သီဟရာဇာမင်းနှင့် တိုင်ပင်ပြီး၊ ဘိနပ်တော် (၁၀) တောင် စေတီတည်လုပ်သည်။ ထိုစေတီအစောင့်အထိန်းလူ အိမ်ပေါင်း ၅၀ ကို (သီဟရာဇာမင်းက) တောင်ခြေရင်းတွင် ရွာတည်လုပ်စေ၏။ ၄င်းရွာ အမည်ကား "ကွမ်းဇိုင်းကျပ်"တွင်၏။ မြန်မာပြန်သော ကွမ်း = ရွာ။ ဇိုင်း = ခြေ။ ကျပ် / ကျာက် = ဘုရား "ဘုရားခြေ (ရင်း) ရွာ"ဟုဆို၏။ ထိုရွာအမည်ကို စွဲပြီးလျှင် နောက်သား၊ နောက်မြေးတို့က "ဇိုင်းကျပ်" ရွာကို "ဇင်းကျိုက်ရွာ"ဟုလည်းကောင်း၊ ဘုရားကိုလည်း ဇင်းကျိုက်ဘုရားဟုလည်းကောင်း မမှန်မကန်ခေါ်ကြ၏။ ၄င်းဘုရားစေတီ၏ မူလဘွဲ့တော်မှာ "ကျိုက်ဖြော်နတ်"ခေါ်၏။ မြန်မာဘာသာပြန်သော် ကျိုက် = ဘုရား။ ဖြော် = မိန်းမ။ နတ် = နဂါး။ "နဂါး မိန်းမဘုရား" "နဂါးမဘုရား" ဟု ဆို၏။ တောင်အမည်မှာ "ဂစ္ဆဂီရိ" ဟု မူလအမည်တွင်နေ၏။ *(ဦးရွှေနော်၊ စာ- ၂၄-၂၅)* သို့သော်လည်း၊ နောင်အခါ ဇင်းကျိုက်တောင်ဟုပင်ခေါ်ကြတော့သည်။

ဗန္ဓဝဂီရိတောင်နေ သီဟကုမာရ ရသေ့ကလည်း၊ မိမိရရှိထားသော ဆံတော်တစ်ဆူကို မိမိသီတင်းသုံးနေသော တောင်ထိပ်အစွန်းတွင် ဌာပနာလိုသဖြင့် ကောဇာသက္ကရာဇ် ၁၁၃ ခုနှစ်၌ နောင်တော် တိဿကုမာရရသေ့၊ တူတော် သုဝဏ္ဏဘူမိဘုရင်တို့နှင့် တိုင်ပင်ပြီး ဆံတော်ကိုဌာပနာ၏။ ဗန္ဓဝဂီရိတောင် ဘုရားဟုပင် ခေါ်ကြ၏။ ကျိုက်ဖြော်နတ်စေတီနှင့် အရွယ်တူပင်ဖြစ်သည်။ ဗန္ဓဝဂီရိတောင်ခြေရင်းမှာ လေ့၊ သင်္ဘောများ မကြာမကြာခိုကပ် ချီနောင်တတ်ကြသောကြောင့် (ထိုစဉ်က သံလွင်မြစ်ကြောင်းသည် ဤတောင်ခြေရင်းမှ စီးဆင်းခဲ့ဖူးဟန်တူ၏) မွန်လူတို့က "ဒိုးကရွယ်ကပန်" ခေါ်ကြ၏။ "သင်္ဘောချည် သောတောင်" ဟုအဓိပ္ပါယ်ရ၍၊ ဘုရားကိုလည်း "ကျိုက်ဂရွယ်ကပန်"၊ "သင်္ဘောချည်သောဘုရား" ဟု ခေါ်ကြသည်။ ကာလရွေ့လျော၍ "ဂရွယ်ကပန်" မှ "ဇွဲကဗန်"၊ "ဇွဲကပင်" ဖြစ်လာခဲ့သည်။ *(ဦးရွှေနော်၊ စာ- ၂၆)*

ဒိုးကမော့ခတွံဂလိုင်း၊ ဒိုးကုသိနာရုံ၊ ဒိုးခလွန်းဟူသော တောင်သုံးလုံးက ရသေ့သုံးပါးရသော ဆံတော်များကို သုံးနှစ်အထိ ဌာပနာခြင်းမပြုရသေးဘဲ၊ ဒိုးခလွန်း၊ ဒိုးကုသိနာရုံတောင်တို့က ရသေ့နှစ်ပါး အနာရောဂါစွဲကပ်၍ ဒိုးကမော့ခတွံဂလိုင်းတောင် ဗုဒ္ဓဉာဏရသေ့ထံ မိမိတို့ရသောဆံတော်များကို ပေးအပ်ပြီး မကြာမီသေလွန်ကုန်ကြ၏။ ဗုဒ္ဓဉာဏရသေ့လည်း ဆံတော်သုံးဆူမပျောက်မပျက်ရအောင် မိမိဆံကျစ်မှာစည်းနှောင်ထား၏။ ထို့နောက် ဇရာဖိဆီးနှိပ်စက်၍ စတေတော့မည်ကိုစိုးရိမ်၏။ သိကြားမင်း ဆင်းလာပြီး ရှင်ရသေ့ဆံတော်သုံးချောင်း ဌာပနာရန်ကူညီသည်။ တစ်ဆူကို ရသေ့ဦးခေါင်းနှင့်တူသော ကျောက်တုံးကိုရှာဖွေပြီး ကောဇာသက္ကရာဇ် ၁၁၈ ခုနှစ်အတွင်း ကျောက်တုံးကို ထွင်းဖောက်၍ ဆံတော်ဌာပနာ၏။ ရသေ့တပြည့်လက်သားတို့က စေတီတည်လုပ်ကိုးကွယ်ကြသည်။ မွန်ဘာသာ "ကျိုက်အိသိရို" မြန်မာဘာသာ "ရသေ့ရွက်ထားသောဘုရား" ဆို၏။


ကျန်သော ဆံတော်နှစ်ဆူအနက်တစ်ဆူကို သိကြားမင်းက ဒိုးခလွန်းတောင်ထိပ်၌တစ်ဆူ တောင်ထိပ်ကျောက်ကိုထွင်း၍ ဌာပနာပေး၏။ တိုက္ကလားမြို့ သပေါ်မင်းနှင့် လူအပေါင်းတို့က ဘိနပ်တော်အတောင် (၅၀) စေတီတည်လုပ်ကြ၏။ မွန်ဘာသာ "ကျိုက်ကေသာရ" ခေါ်၏။ တိုက္ကလားမြို့ သပေါ်မင်းတည်၍ "ကျိုက်သီလပေါ် " လည်းခေါ်၏။ *(ဦးရွှေနော်၊ စာ ၊ ၂၆-၂၉)*

ကျန်သောဆံတော်တစ်ဆူကို ဘီးလင်းမြို့ဒေးခင်တောင်တန်း၏ အနောက်မြောက်ထောင့်အရပ် ကုသိနာရုံအမည်ရှိသောတောင်တွင် သိကြားမင်းဌာပနာပေးပြန်၏။ ဆံတော်ဌာပနာသော ကျောက်တုံးပေါ်က စေတီငယ်တစ်ဆူကို ဒါယကာတို့ကတည်လုပ်ကိုးကွယ်ကြ၏။ ဘွဲ့အမည်မှာ "ကျိုက်ကုသိနာရုံ"ခေါ်၏။

ထို့နောက် သာသနာနှစ် ၂၃၅ တွင် သောဏထေရ်၊ ဥတ္တရထေရ်တို့သည် ဒုတိယတည်သော သုဓမ္မဝတီသထုံပြည် (ကေလာသတောင်ခြေမြို့)ကို သာသနာပြုလာရောက်၏။ နောက်သာသနာနှစ် ၂၅၀ ကျော်တွင် (ထိုအရှင်နှစ်ပါး) ပရိနိဗ္ဗာန်ပြုတော်မူကြကုန်၏။ အလောင်းတော်ကို ကုသိနာရုံ ဘုရားစေတီ၌ထား၏။ ထို့ကြောင့် ကုသိန္နာရုံအမည် ပြောင်း၍ တွင်လေသည်။ *(ဦးရွှေနော်၊ စာ ၊ ၃၀-၃၁)*

မဲလံတောင်ကား ဘီးလင်းမြို့နယ်၊ ယင်းအုံရွာအထက် ဘီးလင်းချောင်းမကခွဲသွားသော မဲလံချောင်းမြောက်ဘက်၌ရှိသည်။ ရှေးက နာဂပဗ္ဗတတောင်ဖြစ်၏။ တောင်ပေါ်၌ ကျောက်တုံးကြီးသုံးလုံးရှိ၏။ အပေါ်ကျောက်လုံးကို သိကြားလာ၍ သန်လျက်နှင့် သုံးတောင်တမိုက်လေးသစ်နက်အောင် ထွင်းဖောက်ပေးသဖြင့် (မဲလံတောင်) ရသေ့က သက္ကရာဇ် ၁၁၉ ခုနှစ်အတွင်း ဆံတော်တစ်ဆူဌာပနာ၏။ တောင်အနီးအပါးလူတို့ စေတီတည်လုပ်ကိုးကွယ်ကြပြီး၊ ဆံတော်ဘုရားဟူ၍ပင်ခေါ်ကြ၏။ *(ဦးရွှေနော်၊ စာ ၊ ၃၁)*

ဆောင်ခဲတောင်ကား ကေလာသတောင်စေတီတော်၏ အရှေ့မြောက်ဘက်၊ သဲဖြူချောင်းကမ်း နားတွင်ရှိ၏။ "အလူး" ရွာနှင့်နီးသည်။ ထိုတောင်မှ အလကပ္ပရသေ့သည် မိမိရသောဆံတော်တစ်ဆူကို တောင်စွန်းပေါ်၌ ဌာပနာလို၍ တိုက်ကုလားမြို့ သပေါ်မင်းနှင့်တိုင်ပင်ပြီး သက္ကရာဇ် ၁၁၃ ခုနှစ်အတွင်း ဆောင်ခဲတောင်စွန်းပေါ်တွင် ဌာပနာကြ၏။



*ဇင်းကျိုက် ဆံတော်စေတီ*

စေတီတော်လည်းတည်လုပ်ထား၏။ ၎င်းဘုရားသည် ဘိနပ်တော်ခြောက်ဆယ့်လေးတောင်အရွယ် စေတီကြီးဖြစ်သည်။ တောင်ခပ်နိမ့်နိမ့်ပေါ်တွင် တည်ထား၍မထင် မရှားရှိသည်။


မွတ်လအိတောင်သည် မော်လမြိုင်မြို့မှ အထက်ပိုင်းဟောင်သရေချောင်းဖျားတွင် ကျိုတ်မြို့ရှိ၏။ ၎င်းကျိုတ်မြို့ အရှေ့တည့်တည့် ခရီးတာပေါင်းတစ်သောင်းနှစ်ထောင် (မိုင် ၅၀ ခန့်) အကွာ၌ရှိ၏။ ထိုတောင်ထိပ်၌ မွတ်လအိဘုရား စေတီရှိ၏။ မွတ်လအိတောင်တွင် သီတင်းသုံးနေသော အလကပ္ပရှင် ရသေ့သည် မိမိရခဲ့သော ဆံတော်ကိုတင့်တယ်စွာ ဌာပနာလို၍ ကျိုတ်၊ တောင်ဘိုဒ့အစရှိသော ဟောင် သရေချောင်းဖျားတစ်လျှောက် အုပ်စိုးသောကုလာပုမင်းနှင့်တိုင်ပင်ပြီး သက္ကရာဇ် ၁၁၄ ခုနှစ်တွင် မွတ်လအိတောင်ထိပ်၌ ဌာပနာတိုက်လုပ်၏။ ဆံတော်ကို ရွှေကြုတ်နှင့်သွတ်သွင်း ဌာပနာ၏။ ဘိနပ်တော် ဆယ်တောင်၊ ဉာဏ်တော် တဆယ့်ငါးတောင်ကျောက်စေတီတည်လုပ် ကိုးကွယ်ကြ၏။ တောင်ထိပ်ပြင် အကျယ် အရှေ့အနောက် အတောင်လေးဆယ်၊ (ပေ ၇၀)၊ တောင်နှင့်မြောက်နှစ်ဆယ့်ငါးတောင် (ပေ ၅၀)ရှိ၏။ စေတီဘွဲ့တော်ကား "ကျိုက်မွတ်လအိ"၊ မွန်မာဘာသာ "အမြဲထင်ပေါ်သောဘုရား" ဆို၏။ တောင်အမြင့်မှာ (ပေ ၆၀၀၀) ခန့်ရှိသည်။

ဤ မွတ်လအိတောင်မှ တောင်ဘက်ခရီးမြန်မာသုံးတိုင် (၆ မိုင်) အကွာ၌၊ နတ်ဘီလူးတောင် ဟုခေါ်သော တောင်ရှိ၏။ ထိုတောင်မှ အရှေ့စူးစူးရှစ်မိုင်ခန့်အကွာတွင် မွတ်လအပ်တောင်ကြီးရှိ၏။ ထိုတောင်ကို ယိုးဒယားရှမ်းတို့ကပိုင်၏။ ၎င်းမွတ်လအပ်တောင်၌ သီတင်းသုံးသော နာရဒရှင်ရသေ့သည် သုဝဏ္ဏဘူမိသထုံပြည် မြတ်စွာဘုရားကြွလာစဉ်က ဆံတော်တစ်ဆူရခဲ့၏။ ဆံတော်မြတ်ကိုကောင်းမွန်ကြီးကျယ်စွာ ဌာပနာလိုသဖြင့် မွတ်လအိဌာပနာ တိုက်ကဲ့သို့ စီမံ၍ မွတ်လအပ်တောင်ထိပ်၌ ဌာပနာ၏။ ဘုရားစေတီဘွဲ့တော်မှာ "ကျိုက်မွတ်လအပ်" ခေါ်၏။ ဤ မွတ်လအပ် တောင်အမြင့်မှာ ပေပေါင်း (၆၅၀၀) မြင့်၏။ *(ဦးရွှေနော်၊ စာ - ၃၉-၄၀)*

ဝါခရူမြို့တောင်ဘက်၊ လမိုင်းမြို့အတွင်းကေလာသတောင်ဘုရားစေတီရှိ၏။ ဤကေလာသရှင် ရသေ့လည်း ဆံတော်တစ်ဆူရထား၏။ ၎င်းဆံတော်ကို မွတ်လအိ၊ မွတ်လအပ်တောင်ထိပ်ဖျားမှ စေတီ တည်လုပ်ကိုးကွယ်သကဲ့သို့ တည်လုပ်ကိုးကွယ်ကြကုန်၏။ *(ဦးရွှေနော်၊ စာ - ၄၀)*



ကုသိနာရုံ ဆံတော်စေတီ



မဲလံတောင် ဆံတော်စေတီ



ဆောင်ခဲတောင်ကျိုက်တဲဆံတော်စေတီ

ကျိုက္ခမီဘုရားစေတီမှာ၊ ကျိုက္ခမီတောင်ရသေ့ထံဆံတော်တစ်ဆူရပြီး၊ ၎င်းကျိုက္ခမီတောင်ပေါ်တွင် (ယခုဆင်ပုန်းဂူအနီး) ဌာပနာတည်လုပ်ကိုးကွယ်ကြ၏။ စေတီဘွဲ့တော်မှာ "ကျိုက္ခမီ" ခေါ်၏။ "မျှော်ကြည့်ဘုရား" ဟုလည်း အမိပ္ပါယ်ရသည်။ ယခုကျောက်ဆောင်ပေါ်မှ ရေလယ်ဘုရားမဟုတ်ပေ။ *(ဦးရွှေနော်၊ စာ ၊ ၄၁)*

ဘီးလင်းနယ်ဇုတ်သုတ်အရပ်သည် ဘုရားမပွင့်မှီကာလ နတ်ဘီလူးများနေသော ကျွန်းဖြစ်၏။ သုဝဏ္ဏဘူမိသို့ ဘုရားရှင်ကြွလာတော်မူစဉ် ၎င်းကျွန်းနေနတ်ဘီလူး ညီနောင်နှစ်ပါးသွားရောက်ဖူးမြော် ကြပြီး၊ ဆံတော်တစ်ဆူရခဲ့သည်။ သက္ကရာဇ် ၁၁၃ ခုနှစ်ကစ၍ ဂဝံကျောက်အုတ်တို့ဖြင့် ဘုရားစေတီတည် လုပ်ပြီး၊ ဌာပနာတိုက်မှာ ဆံတော်ကိုရွှေကြုတ်ထည့်သွင်းဌာပနာ၏။ နတ်ဘီလူးညီနောင်နှစ်ယောက်တို့၏ သမီးတော်နတ်သမီးများက ဘုရားသခင်ဦးခေါင်းထက်၌ ပေါက်သောဆံပင်အလွန်တရာ အတုမရှိမြတ်ပေ သည်။ ငါတို့ဦးခေါင်းက ဆံပင်ကိုလည်းဖြတ်လှီးပူဇော်ဌာပနာသော် ကောင်း၏ဟု သဘောရ၍ မိမိတို့ ဦးခေါင်းမှဆံပင်ကို ဖြတ်လှီးကာကြိုးကဲ့သို့ကျစ်ပြီး ဌာပနာ၏။ ၎င်းနတ်သမီးဆံပင်ကြိုးပူဇော်ဌာပနာ ခြင်းကြောင့် "ကျိုက်ဇုတ်သွတ်" ခေါ်၏။ နတ်ဘီလူးတည်သောဘုရားဖြစ်၍ "ကျိုက်ကလွတ်ဒက်" ဟူ၍ လည်းခေါ်သည်။ ဤစေတီအောက် ဘိနပ်တော်အတောင် ၉၀၊ (၁၃၅ ပေ)၊ ၎င်းဘိနပ်ခုံ (ဂဝံကျောက်အုတ်စီ) အမြင့် ၂၃တောင် (၃၅ ပေ) ထိုခုံပေါ်မှ တစ်ဖန် ဒုတိယဘိနပ်တော် အတောင် ၃၆ တောင် (၅၄ ပေ)၊ ၈ မြောင့်၊ တစ်မြောင့်လျှင် ၁၈ တောင် (၂၇ ပေ)၊ ဉာဏ်တော်အတောင် ၆၀ (၉၀ ပေ) တည် လုပ်ကြ၏။ စေတီပတ်လည်တွင် (ဂဝံ) ကျောက်ထီးရွက်၊ ဗျက်နှစ်တောင်တစ်မိုက် (၃ ပေ၊ ၆ လက်မ)၊ ၁၂ စင်းလှူဒါန်းပူဇော်၏။ ထိုဘုရားစေတီတည်လုပ်သော ဂဝံအုတ်တို့သည် ဘိနပ်တော်က တတိယပစ္စယံအထိ ၎င်းအတွင်းအငယ်ဆုံး လူတစ်ယောက်လျှင် နှစ်ပြားယူဆောင်နိုင်သည်။ အလတ်စားအုတ်မှာ လူ ၂၀-၂၅ ယောက်ပင့်ချီယူဆောင်နိုင်သည်။ အကြီးဆုံးအုတ်မှာ လူ ၇၀-၈၀ မှ ယူဆောင်နိုင်သည်။ *(ဦးရွှေ နော်၊ စာ၄၃-၄၄)*

ဒိုးယွန်းတောင်သည် ဒိုးခလွန်း (ဘီလင်းကေလာသ) တောင်ထိပ်ကျိုက်ကေသာရနှင့် တစ်ဆက် တည်း၊ တစ်တန်းတည်း အရှေ့စူးစူး၌ရှိ၏။ ထိုဒိုးယွန်းတောင်ရသေ့သည် မြတ်စွာဘုရားရှင်ထံမှရသော ဆံတော်ကိုမိမိသီတင်း သုံးနေရာ ဒိုးယွန်းတောင်ထိပ်တွင် သင့်တော်လျောက်ပတ်စွာ ကျောက်တုံးကျောက်ခဲ ဌာပနာတိုက်ကိုလုပ်၍ ဆံတော်ကိုရွှေကြုတ်အတွင်း ထည့်သွင်းဌာပနာ၏။ ဘုရားစေတီကိုလည်း ကျောက် တစ်ချို့၊ မြေအုတ်တစ်ချို့ရောနှော တည်လုပ်၏။ ယခုဘုရားစေတီတော် ဘိနပ်တော် ၁၀ တောင်ခန့် လောက်ပြိုပျက်လျက် ငုတ်တိုအပေါင်းအတိရှိနေ၏။ ဘုရားစေတီ ဘွဲ့တော်မှာ "ကျိုက်ဒိုးယွန်း" ခေါ်၏။ ထိုစေတီသို့ အဖူးအမြော်တက်သောအခါ စေတီရောက်ခါနီးတွင် ချောက်ကမ်းပါး ဖြစ်သောကြောင့် အလွန်အသွားခက်သဖြင့် ချောက်ကမ်းပါးကိုအစွဲပြု၍ ဒိုးယွန်းဟုမှန်တို့ခေါ်၏။ (ယခု ကျိုက်ဒေးယျုံ ဟု ခေါ်ကြသည်) *(ဦးရွှေနော်၊ စာ ၊ ၄၄-၄၅)*

## သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီ-သထုံပြည် (အသစ်တည်စတုတ္ထ သုဓမ္မဝတီ)၌ စိုးစံကြသောမင်းများ

တိဿဓမ္မသီဟရာဇာမင်း စည်းစိမ်အနှစ် (၆၀) စံတော်မူ၍ နတ်ရွာစံ၏။ ထိုမင်းလက်ထက် ကုသိနာရုံတောင် အနီး၌ မင်္ဂလာဘူမိမြို့ကိုတည်ခဲ့သည်။ ရွှေစာရံစေတီနှင့် ကောင်းမှုကုသိုလ်များစွာ လှူဒါန်းခဲ့သည်။ ထိုမင်းလွန်သော်

၂။ သားတော် သီရိဓမ္မာသောကရာဇာမင်းပြုသည်။

၃။ သား ဓမ္မပါလရာဇာမင်းပြုသည်။

၄။ သား သုဝဏ္ဏရာဇာ၊ မဟာဓမ္မဓဇ မင်းပြုသည်။

ထိုမင်းလက်ထက် ရတနာသုံးပါးကို အထူးသဖြင့် ယုံကြည်ခြင်းဖြစ်၍ ဘိုးတော်သီဟရာဇာမင်း တည်ခဲ့သော စိရံစေတီ (ရွှေစာရံ) ကို ထပ်မံပြုပြင်ခဲ့သည်။ ထိုမင်း၌ မိဖုရားကြီး သုဝဏ္ဏဒေဝီမှာ ပထမအရွယ်တွင် သားတော်၊ သမီးတော်မမြင်ချေ။ မင်းကြီးသည် ထီးမွေနန်းမွေဆက်ခံသူမရှိ၍ သူဆင်းရဲ သမီးတစ်ယောက်ကို မိဖုရားမြှောက်ရာ (သုဒ္ဓဝံသဒေဝီ) ဘွဲ့ရ၏။ သားတော်တစ်ပါး၊ သမီးတော်နှစ်ပါး အစဉ်အတိုင်းဘွားမြင်၏။ သားတော်ကို ရာဇဝံသအကုံရကုမာ အမည်ပေးသည်။ သမီးတော်အကြီးကို စန္ဒာသီရိ၊ အငယ်ကို နန်းဦးသီရိ ဘွဲ့တော်များပေးသည်။

ထိုသုဝဏ္ဏမင်းကြီးလက်ထက် မဇ္ဈိမဒေသမှ အသျှင်မဟိန္ဒနှင့် အသျှင်သောဏစသော ရဟန္တာ ငါးပါးကြွလာသည်။ သောဏုတ္တရ စသောရဟန္တာများမဟုတ်သေး၊ တစ်ခြားပင်ဖြစ်သည်။ ရဟန္တာအရှင်တို့ထံမှ ဆံတော် (၈) ဆူကိုရလေ၏။ ဆံတော်များကို ရဟန္တာအရှင်တို့ညွှန်ပြနေသော၊ သုဓမ္မဝတီမြို့ အရှေ့တောင်ရှိ၊ သိင်္ဂိနိက္ခတောင် ထိပ်၌၊ သာသနာနှစ် (၁၂၈)၊ (ဘီစီ ၄၁၆) ခုနှစ်တွင် ဆံတော်နှစ်ဆူကို ဌာပနာ၍စေတီတည်၏။ နောင်အခါ ထိုစေတီကို "သင်္ဂိနိတ်" စေတီဟု အမည်တွင်၏။ (ယခုမြသပိတ် စေတီဖြစ်သည်။)

ထို့နောက် သုဓမ္မဝတီမြို့၏အနောက်မြောက်တာ (၅၀၀) ခန့် (တစ်မိုင်ခန့်) အကွာ၊ သာရ ကလျာဏီကုန်း၌ လည်း ရဟန္တတို့ညွှန်ပြ၍ ဆံတော်နှစ်ဆူကိုဌာပနာပြီး စေတီတစ်ဆူတည်တော်မူ၏။ (ယခု သထုံမြို့မြောက်ဘက် မြေနီကုန်းရွာပေါ်တော်မူစေတီဖြစ်၏။) ထိုစေတီ၏ ဘွဲ့တော်မှာ "သာရကလျာဏီစေတီ" ဟုတွင်သည်။

ကျန်သောဆံတော်လေးဆူကို သမီးတော်နှစ်ယောက်တို့အား နှစ်ဆူစီအပ်၍ စေတီတည်ထား ကိုးကွယ်စေသည်။ သမီးတော်အကြီး စန္ဒာသီရိမင်းသမီးရသောဆံတော်နှစ်ဆူကို ရဟန္တာအရှင်တို့ ညွှန်ပြသည့်နေရာ၊ စိရံစေတီ၏ အနောက် မြောက်တာ ၇၀၀ (တစ်မိုင်ခွဲခန့်) အကွာတွင် ဌာပနာသွင်း၍ စေတီတည်လေ၏။ ထိုစေတီကို စန္ဒာသီရိစေတီဟူ၍ပင် တွင်လေ၏။ ကာလရွေ့လျော၍ စံသီးစေတီဟု ခေါ်ကြပြန်လေသည်။

သမီးတော်အငယ်ရသော ဆံတော်နှစ်ဆူကိုလည်း စိရံစေတီနှင့် စန္ဒာသီရိစေတီအအကြား၌ တည်ထားကိုးကွယ်လေ၏။ ထိုစေတီကို သမီးတော်အငယ် နန်းဦးသီရိကိုတည်စေသောကြောင့် နန်းဦးစေတီဟူ၍ပင်ခေါ်ကြသည်။ ကာလရှည်၍ နာမည်ရွေ့လျောသဖြင့်၊ ယခုအခါ နန်းတော်ဦးစေတီဟုခေါ် ကြသည်။ (ယခု သထုံမြို့နန်းတော်ဦးကျောင်းဝင်းတောင်ဘက်၌ရှိ၏။)

ထိုသုဝဏ္ဏရာဇာမင်းကြီးသည် သုဝဏ္ဏဘူမိမြို့၏ နောက်ဘက်၊ မြစ်ငယ်၏တဘက်ကမ်း၊ သာရ ကလျာဏီစေတီ၏ တောင်ဘက်၊ တာ (၃၀၀) ခန့် (ကိုက် ၁၅၀၀) အကွာတွင် ကျောင်းတိုက်တည်၍ အရှင်မဟိန္ဒစသောရဟန္တာတိုက်ကို တည်ဆောက်ပြီး အရဟန္တာရာမဟုသမုတ်ခဲ့သည်။ နောက်လူများက ထိုကျောင်းတော်ရာကို ရဟန္တာတိုက်ဟုခေါ်ကြ၏။ ယခုတိုင် ထင်ရှားရှိ၏။ *(သထုံရာဇဝင်၊ စာ - ၆၆-၇၀)*

ထိုသုဝဏ္ဏရာဇာမင်းကြီး၏ မိဖုရားကြီးသုဝဏ္ဏဒေဝီမှာ အရွယ်လွန်မှသားတော်နှစ်ပါးကို အစဉ်အတိုင်းဘွားမြင်ပြန်သည်။ မင်းကြီးက မင်းမျိုး-မင်းနွယ်မှန်သော တောင်နန်းစံမိဖုရားကြီးမှ သားတော်များဘွားမြင်ခြင်း နောက်ကျလေစွဟု သံဝေဂရ၍သားကြီးကို ဥပဒေဝရာဇာသံဝေ၊ သားငယ်ကို ဥဒိန္ဒရာဇာသံဝေဟု အမည်အသီးသီးပေးသည်။

မိဖုရားငယ်မှမွေးသော သားတော်ကြီးအင်္ကရမင်းသားသည် မင်းစည်းစိမ်ကိုမက်မောပြီး ခမည်းတော်မင်းကြီးအားပစ်မှားသဖြင့် အကျဉ်းချကာထားသည်။ အစာငတ်ရေငတ်လည်းထားလေသည်။ တောင်နန်းစံမိဖုရားကြီးက ဥပါယ်နှင့်အစားအသောက်ပေးသည်ကိုလည်း ခွင့်မပြုပေ။ နောက်ဆုံးခမည်းတော်ကြီးသေလေသည်။ တောင်နန်းစံမိဖုရားကြီးလည်း မြို့၏မြောက်ဘက်ရှိ မြစ်ငယ် (ချောင်း)တစ်ခုတွင် ရေသို့ ဆင်းလျက်ကိုယ့်ကိုကိုယ်သတ်လေသည်။ ထိုမြစ် ချောင်းငယ်ကို "ရိပုံနဒီ"၊ "ရန်သူကြောင့်သေသောမြစ်"ဟု ဆိုကြသည်။ (ယခု သထုံမြို့ မြောက်ဘက်ရေပုပ်စမ်းဖြစ်၏။)

၅။ ထိုအင်္ကရမင်းသားသည် ခမည်းတော်ကိုသတ်ပြီးနန်းတက်သည်။ မင်းကျင့်တရားဆယ်ပါး၊ အပရိဟာနိယတရားဆယ်ပါး၊ သင်္ဂဟတရားလေးပါးစသော ကောင်းသောအမှုအရာတို့ကို အလုံးစုံစွန့်လျက် မတရားသောအမှုကိုပြုသည်။ ခမည်းတော်နှင့်တကွ ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ ကောင်းမှု စေတီပုထိုးများကိုလည်းဖြိုဖျက်၍ ဌာပနာတိုက်အတွင်းရှိ ရွှေငွေရတနာဥစ္စာနှင့်တကွ ရုပ်တု-ဆင်းတုများကို ယူငင်သုံးစွဲခြင်းပြုလေ၏။ အထူးသဖြင့် ဘေးလောင်းတော် တိဿဓမ္မသီဟရာဇာမင်းမှစ၍ ခမည်းတော်သုဝဏ္ဏမင်းကြီးလက်ထက်အထိ မင်းတို့အမှန်သွင်းနှံ့ဌာပနာခဲ့သော စိရံစေတီ (ရွှေစာရံ) အတွင်းရှိ ဌာပနာပစ္စည်းများကို ဖြိုဖျက်ထုတ်ယူသုံးစွဲလေသည်။ ၎င်းနှင့်အတူ အိမ်ရှေ့အရာခန့်ထားသော ဦးရီးတော်နှင့်တကွ သေနာပတိမှူးမတ်တို့လည်း မတရားကျင့်ကြ၍ သူတော်တရားပျက်ပြားကြသောအခါ နတ်တို့သည်းမခံနိုင်ကြသဖြင့် မိုးကြိုးပစ်ခြင်း၊ လောင်မီးကျခြင်း၊ မြေကြီးအက်ပျို၍ မြေမျိုခြင်း စသည်ဖြင့်အင်္ကရနှင့်တကွ မတရားကျင့်သူတို့ သေကြလေကုန်၏။ သိကြားမင်းနှင့် ရသေ့မြတ်တို့ဖန်ဆင်း တည်ထောင် ပေးခဲ့သောမြို့တော်တွင် မသင့်မလျော်ကျင့်ကြံကြသောကြောင့် မင်းနှင့်တကွ မြို့ကိုမြေမြိုလေသည်။ *(ဦးပညာ၊ စာ - ၆၆-၇၃)*

## ပဉ္စမသုဝဏ္ဏဘူမိ - သုဓမ္မပူရမြို့

အင်္ကရမင်းကို မိုးကြိုးပစ်၊ လောင်မီးကျ၊ မြေမျိုပြီးမြို့ကြီးပါ ပျောက်သွားပြီးနောက် သုဝဏ္ဏရာဇာမင်းကြီး၏ တောင်နန်းစံမိဖုရားကြီး သုဝဏ္ဏဒေဝီမှမွေးဖွားသော သားတော်နှစ်ယောက်တို့သည် မြို့ပျက်သောအခါ ထွက်ပြေးတိမ်းရှောင်၍ အသက်ဘေးမှလွတ်ကြ၏။ နောင်တော် ဥပဒေဝရာဇသံဝေမင်းသားသည် မိမိနှင့်သဘောတူသူလူအပေါင်းကို စုစောင်းစည်းကြပ်လျက် မြေမျိုသွားသော မြို့ရာဟောင်း၏တောင်ဘက်ကပ်လျက် မြို့ရိုးသုံးထပ်၊ ကျုံးသုံးထပ်နှင့်မြို့ကြီးတည်၏။ ထိုမြို့ကို သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပူရမြို့ဟု သမုတ်လေ၍ ထီးနန်းစိုးစံတော်မူပြန်သည်။

ညီတော် ဥဒိန္နရာဇာသံဝေမင်းသားသည်လည်း မိမိနှင့်သဘောတူသူ လူအပေါင်းနှင့်တိုင်ပင်၍ သုဓမ္မဝတီမြို့ရာပဟောင်း၏အရှေ့တောင်ပေါ်၌ မြို့တည်လျက် ရမ္မာဝတီမြို့ဟု သမုတ်ပြီးလျှင်နောင်တော်နှင့် ထီးပြိုင်နန်းပြိုင် စိုးစံကြ၏။

တိဿဓမ္မသီဟရာဇာမင်းအား သိကြားမင်းဖန်ဆင်းပေးသော သုဓမ္မဝတီမြို့ကား ယခုကာလ သုဓမ္မာကုန်းဖြစ်သတည်း။ ဥပဒေဝမင်းတည်သော သုဓမ္မပူရမြို့ကား ယခုကာလထင်ရှားရှိသော သထုံမြို့ပင်တည်း။ ဥဒိန္နမင်းတည်သော ရမ္မာဝတီမြို့သည်ကား ယခုသထုံမြို့၏ အရှေ့တောင်ပေါ်၌ရှိသော လဝမြို့ ခေါ်သော မြို့ရာပဟောင်းပင်တည်း။ *(ဦးပညာ၊ စာ ● ၇၅)*

ဥပဒေဝမင်းသည် သာသနာသက္ကရာဇ် (၁၆၁) ခုနှစ် (ဘီစီ ၃၈၂) တွင် သုဓမ္မပူရမြို့ကို တည်ထောင်၍ မင်းကျင့်တရားဆယ်ပါးစသော ကျင့်ဝတ်နှင့်ပြည့်စုံစွာမင်းပြု၍ နိုင်ငံတော်သာယာ၏။ သို့ရာတွင် နောင်တော်အကုံရမင်းလက်ထက်၌ ဘုရားပုထိုးစသည်တို့ကို ဖြိုဖျက်၍ရသော ရွှေ၊ ငွေ၊ ရတနာ တို့ကို မသိ၍သုံးစွဲမိရာတွင် မင်းကြီး၏ကိုယ်၌ ကုဋ္ဌရောဂါစွဲကပ်လေ၏။ ထိုအခါ မှူးမတ်၊ သေနာပတိစသော ပြည်သူတို့က ထီးဖြူဆောင်းချင်းတစ်ပါးသော မင်းတို့ကြား၍ မလျော်သဖြင့် မြို့တော်၏အနောက်တောင် ပင်လယ်တွင်းရှိ ကျွန်းငယ် တစ်ခုသို့ ပို့လိုက်ကြ၏။ ထိုသို့ ကျွန်းငယ်သို့ အပို့ခံရသည့်အခါ မင်း၏စည်းစိမ်အသက် (၃၀) ရှိ၍၊ ကျွန်းငယ်သို့ ရောက်ပြီး မကြာမီကံကုန်လေ၏။

## ဆဋ္ဌမသုဝဏ္ဏဘူမိ - ဧညဝတီ (မုတ္တမ) မြို့

သုဓမ္မပူရမြို့ရှင် နောင်တော်ဥပဒေဝမင်းအား ကုဋ္ဌရောဂါနူနာစွဲကပ်၍ ကျွန်းငယ်သိုပို့ကြောင်းကို ရမ္မာဝတီမြို့ရှင် ညီတော်ဥဒိန္နရာဇာမင်းကြားသိလျှင် ထိတ်လန့်ခြင်းဖြစ်၍ အကုံရမင်းတို့ကို မြေမျိုသော သုဓမ္မဝတီမြို့ဟောင်းနှင့် နီးသောကြောင့် ဖြစ်ရသည်ဟုထင်လျက်၊ ဝေးရာသို့ပြောင်းရွှေ့မှတော်မည်ဟု မှူးမတ်များနှင့်တိုင်ပင်ပြီးလျှင် ရမ္မဝတီမြို့မှသည် တောင်စဉ်တောင်တန်းတစ်လျှောက်သို့ ပြောင်းရွှေ့လေ၍ နောက်ဆုံး၌ တစ်ခုသော တောင်တန်း၏အစွန်းအဖျား၊ ပင်လယ်ကမ်းနားသို့ ရောက်သောအခါ တောကြီးကို ခုတ်ထွင်ရှင်းလင်းစေလျက် မြို့တည်၍ ဧညဝတီမြို့ဟု သမုတ်ပြီးလျှင် မင်းလုပ်တော်မူသည်။ ထို ဧညဝတီမြို့ကို တောင်စွန်းကျောက်စွန်း၌ တည်သည်ဖြစ်သောကြောင့် မွန်ဘာသာအားဖြင့် ဒုံမူးတမော့ဟု ခေါ်ကြသည်။ နောက်စကားရွေ့လျော၍ မုတ္တမဟုဖြစ်လာသည်။ *(ဦးပညာ၊ စာ- ၇၆-၇၇)* ထိုဧညဝတီ (မုတ္တမ)မြို့၌ ဥဒိန္နရာဇာအစ၊ သိနဂဂိမင်းအဆုံး မင်းပေါင်း ၁၂ ဆက်တွင် ထီးနန်းပျက်၍ တောကြီးအတိဖြစ်လေ၏။

ဧညဝတီမြို့တည်သောနှစ်မှာ သာသနာတော် ၂၃၆ ခုနှစ်ဖြစ်သည်ဟု မွန်ရာဇာဝင်၌ဆို၏။ နောက်ဆုံး သိနဂဂိမင်းလက်ထက်တွင် နဂါးမဥမှပေါက်ဖွားသောသူငယ်မကို မိဖုရားမြှောက်၍ သားတော်နှစ်ပါး သမလနှင့်ဝိမလတို့ကို ဖွားသည်။ နဂါးမမှန်းသိရသောအခါ မိဖုရားကိုသတ်လေသည်။ သားငယ် နှစ်ယောက်အမိမဲ့ဖြစ်၍ ဘိုးတော်ရှင်ရသေ့ထံ အပ်လေသည်။ ရှင်ရသေ့လည်း မြေးနှစ်ယောက်ကို ကျွေးမွေး၍ အရွယ်ရောက်သော် သထုံမင်းထံအပ်၍ထားသည်။ မကြာမီ သမလမင်းသားနှင့် သထုံမင်းသမီးတို့ ရည်ငံကြသည်ကို မင်းကသိလျှင်ညီအစ်ကိုနှစ်ယောက် ရသေ့ထံထွက်ပြေးလာရပြန်သည်။ ဘိုးတော်ရသေ့လည်း ညီနောင်တို့ကို ဟံသာဝတီရှိရာသို့ညွှန်ပြပြီး သွားရောက်ကာမင်းပြုစေသည်။ ဟံသာဝတီတွင် သမလ၊ ဝိမလတို့ မင်းပြုကြကာ ပထမဟံသာဝတီမင်းဆက်ကိုထူထောင်ကြသည်။

## သတ္တမသုဓမ္မဝတီ၊ မရိဿဘူမိ (မြိုက်သဘုံ) မြို့

ဥပဒေဝမင်းကို ထီးနန်းကချ၍ ကျွန်းငယ်သို့အပို့ခံရသည့်အခါ ထိုမင်း၏သားတော် ရာဇာဇောနီမင်းသား (သီဝိရာဇာမင်း) နှင့် သားတော်ရာဇာဇောဝေခေါ် ဇောတကုမ္မာမင်းသားတို့သည် ဤသုဝဏ္ဏဘူမိ၊ သုဓမ္မဝတီ၊ သုဓမ္မပူရနေရာသည် ငါတို့နှင့်မထိုက်တန်ပြီဟု သဘောပိုက်ပြီးလျှင် ထိတ်လန့်ကြောက်ရွံ့လျက်၊ ထိုနေရာကို စွန့်ခွာထွက်ပြေးကြရန်ကြံကြသည်။ မှူးမတ်တို့နှင့်တိုင်ပင်ပြီးနောက် သာသနာတော်သက္ကရာဇ် ၁၉၁ ခုနှစ် (၃၅၃ ဘီစီ)




*ကတိုက်ကြီး မြို့ဟောင်း နှင့် နန်းတော်ရာကုန်း*

တွင် ရာဇာဇာနီမင်းသားသည် ကျေးလက်တောရွာနေအိမ်ခြေပေါင်း (၆၇၀၀) ကျော်တို့ကို ဆင့်ခေါ်စုစည်းပြီးလျှင် ထိုသုဝဏ္ဏဘူမိ သထုံမြို့၏အနောက်မြောက်တာပေါင်း (၄၀၀၀) ခန့် (၈ မိုင်ခန့်) ကွာသောအရပ်၌ ကျွန်းငယ်ငါးကျွန်းတို့ကိုပေါင်း၍ မြို့တည်ထောင်ထီးနန်းစိုက်ဆောက်လျက် ခမည်းတော်ကဲ့သို့ ရာဇာဇာနီမင်းသားစိုးစံသည်။

ဥပဒေဝမြို့မှပါခဲ့သော ဓါး၊ လှံ၊ လေးမြား စသောလက်နက်တို့ကိုလည်း ရေကန်ကြီးတူး၍ ဆေးကြောသည်။ စေတီကြီးတစ်ဆူတည်ပြီးလျှင်၊ လက်နက်တို့ကို ဌာပနာသွင်းထားလေသည်။ သို့သော် သုံးနှစ်တိုင်အောင် မြို့တော်လည်းမပြီး၊ စေတီတော်ကြီးလည်းမပြီးမီ၊ ခမည်းတော်ဥပဒေဝမင်းအနိစ္စ ဖြစ်ရသည့်အတွက် စိတ်မချမ်းသာ၊ ရောဂါစွဲကပ်၍ နတ်ရွာစံသည်။

ခမည်းတော်နတ်ရွာစံလျှင် ရာဇာဇာနီမင်း၏သားတော် ရာဇာဇာဝေခေါ် ဇောတကုမ္မာမင်းသားသည် ထီးနန်းဆက်ခံ၍မင်းလုပ်၏။ မြို့တော်နှင့်စေတီတော်တို့ကိုလည်း ဆက်လက်၍အပြီးသတ်တည် သည်။ ပြီးလျှင် မရိသဘူမိ-သုဓမ္မဝတီ ဟုသမုတ်တော်မူသည်။ ယခုထိုမြို့ဟောင်းကို မရိက်သဖုံးဟု ခေါ်ကြလေသည်။ *(ဦးပညာ၊စာ ၇၈-၇၉)*၊ ရာမညဒေသ ဓါတ်တော်သမိုင်းတွင်မူ ထိုမြို့ကို ဒုံမြိုက်သဘုံဟုဖော်ပြပါသည်။ မွန်ရာဇဝင်တွင်မူ ဤမြို့တည်ကြောင်းကို ဖော်ပြမထားပေ။ ငြုပ်ကောင်းပင်များစွာ ပေါက်သောကျွန်းကို ပါဠိတစ်ဝက်၊ မွန်တစ်ဝက်ဖြင့် ကော့မရိသ်ဟု ခေါ်ခြင်းဖြစ်သည်။ ထိုမှ မရိသဘူမိဟူသောမြို့အမည်ဖြစ်သည်ဟုဆို၏။

ကျွန်းငယ်ငါးခုတို့၏အမည်များမှာ

၁။ ကော့ခတတ်တွတ် - (လှွငယ်ကျွန်း)၊ ကတိုက်ကလေး

၂။ ကော့ခတတ်နွတ် - (လှွကြီးကျွန်း)၊ ကတိုက်ကြီး

၃။ ကော့ကသီ - (စပါးလှေ့ကျွန်း)၊ ကော့ကသဲကျွန်း

၄။ ကော့နှင်းနီး - (လှေဆိပ်ကျွန်း)၊ ဆိပ်ကျွန်း

၅။ ကော့မရိသ် - (ငြုပ်ကောင်းကျွန်း)၊ မရမ်းကုန်း

တို့ဖြစ်ကြ၏။ လှွငယ်ကျွန်း၊ လှွကြီးကျွန်းခေါ်သည်မှာ ထိုစဉ်ကဘီးလင်းမြစ်သည် အရှေ့ဖက်ကမ်းသို့ထွက်၍ ယခုကတိုက်ကလေးနှင့် ကတိုက်ကြီးတို့မှာ မြစ်ဝနား၌ရှိခဲ့ဟန်တူ၏။ ကောင်းကင်ဓါတ်ပုံပေါ်တွင်လည်း ထိုကတိုက်ကလေးနှင့်

ကတိုက်ကြီးတို့ အနီးလယ်ကွင်းပြင်၌ မြစ်ကြောင်းဟောင်းနေရာကို တွေ့နိုင်ပါသည်။ ဤကဲ့သို့ ကျွန်းငါးကျွန်းကို စုပေါင်း၍မြို့တည်သောကြောင့် ပစ္စိုင်ပုံဟုလည်း ခေါ်ကြသည်။ *(သထုံရာဇဝင်၊ စာ- ၈၀)*

**အဌမသုဝဏ္ဏဘူမိ၊ ဟရိသရာဘူမိ၊ ရွှေလောင်းမြို့**

ထိုပြုပ်ကောင်းပေါသော မရိသဘူမိ-သုဓမ္မဝတီမြို့သည် ရေလယ်ကျွန်းဖြစ်၍ ပြည်သူဆင်းရဲသားတို့မှာ မိုးကာလတွင် အသွားအလာခက်ခဲလှသည်။ ဘိုးသွားမိဘတို့သေကျေပျက်စီးသောကြောင့် စိတ်သောက ဖြစ်ရခြင်းကြောင့်လည်း ဤအရပ်တွင် မနေလိုတော့ပြီ၊ ဆင်းရဲသားတို့လုပ်ကိုင်စားသောက်ရန် ပြန့်ပြူးကျယ်ဝန်းသောနေရာ၊ ဤမြို့နှင့် ဝေးသောအရပ်ဒေသသို့ ရွှေ့ပြောင်းလိုသည်ဟုအကြံရှိပြီး၊ မှူးမတ်သေနာပတိတို့နှင့်တိုင်ပင်ရာ သဘောတူကြသဖြင့် ထိုမြို့မှ အနောက်မြောက်ခရီးတာပေါင်း (၁၅၀၀၀)၊ (မိုင် ၃၀ ခန့်) ကွာဝေးသောအရပ်၊ ဆောင်ခဲတောင်အနီး၊ ရွှေထွက်သောအင်းကြီးတစ်ခု၏အနီးသို့ အိမ်ခြေပေါင်း ၆၀၀၀ ကျော်နှင့်ရွှေ့ပြောင်းခဲ့၏။ သာသနာသက္ကရာဇ် (၁၉၆) ခုနှစ်တွင် မြို့တည်ထောင်လျက် ထီးနန်းအသစ်စိုက်ထူသည်။ ထိုမြို့ကို ရွှေထွက်သောအင်း၏အနီး၌ တည်သောကြောင့် ဟရိသရာဘူမိ၊ သုဓမ္မဝတီမြို့ဟု သမုတ်တော်မူကုန်၏။ ရွှေလောင်းမြို့ဟူ၍လည်း ခေါ်ကြသည်။*( သထုံရာဇဝင်၊ စာ ၊၈၀-၈၁)* ထိုမြို့၏နေရာသည် ကျိုက်တဲဘုရားကြီးအနောက်မြောက်ခပ်ယွန်းယွန်း၊ တာ (၇၀၀)၊ (၁½ မိုင်ခန့်) အကွာ သဲဖြူချောင်း၏ အနောက်ဘက်ကမ်း၊ တောင်ပူစာခေါ်ကုန်းမြင့်မြင့်စောင်း၌ရှိသောနေရာဖြစ်သည် ဟုဆို၏။ ယခုထိုနေရာကိုမေးလျှင် (ဒုတိယသထုံရာ)ဟု ပြောကြသည်ဟုလည်းဆိုပါသည်။

ထို ဟရိသရာဘူမိ-သုဓမ္မဝတီမြို့၌ ရာဇာဇောဝေမင်းသည် (၁၂) နှစ်နန်းစံခဲ့သည်။ ဆောင်ခဲတောင်(ဆံတော်)ဘုရား (ကျိုက်တဲစေတီ)ကိုလည်း အကြီးအကျယ်ထပ်မံ၍ တည်လေသည်။ ထိုအခါ မှစ၍ ကျိုက်ဒဲဟုတွင်သည်ဟု ဆို၏။ *(သထုံရာဇဝင်၊ စာ ၊ ၈၁)*။ (ပုဂံကျန်စစ်သားမင်းကျောက်စာတွင် “ကျိုက်တဲ” ဟူ၍ရေးသည်။)

**နဝမသုဝဏ္ဏဘူမိ၊ တိုက်ကုလားမြို့**

သာသနာသက္ကရာဇ် (၂၀၈)၊ (၃၃၆ ဘီစီ) ခုနှစ်သို့ရောက်သောအခါ ရာဇာဇောဝေမင်းသည် (ရွှေအင်းမြို့ ရွှေလောင်းမြို့၌ ရောဂါအနာထူပြော၍ ဆင်းရဲသားနှင့်တကွ ကျွဲ-နွားစသော သတ္တဝါတို့ အသေအပျောက်များသည်၊ ပင်လယ်ကမ်းနားသို့ ရွှေ့ပြောင်း၍ မြို့နန်းတည်ရပြန်သော် သင့်လျော်မည်၊ မသင့်လျော်မည်၊ မှူးမတ်တို့နှင့်တိုင်ပင်ပြန်၏။ မှူးမတ်သေနာပတိများက မြို့နန်းရွှေပြောင်းရန်သဘောတူကြ၏။ ထို့ကြောင့် သာသနာသက္ကရာဇ် (၂၀၈-၂၁၅) ခုနှစ်အတွင်း ကျိုက်ကေသာရာဘုရားစေတီ၏ အနောက်တောင်ထောင့်၊ တောင်စောင်းတစ်ဝက်၊ မြေညီတစ်ဝက်၊ အရပ်ဒေသသို့ ပြောင်းရွှေ့၍ မြို့ပြထီးနန်းတည်စိုက်ပြန်လေ၏။ မြို့အနံကား အရှေ့နောက် တာ ၅၀၀ (ကိုက် ၁၇၅၀၊ မီတာ ၁၀၀၀)၊ အလျားကား တောင်မြောက်တာပေါင်း ၇၅၀ (ကိုက် ၂၆၂၅၊ မီတာ ၂၄၀၀) ရှိ၏။ မြို့၏အမည်မှာ




တိုက်ကုလား၊ ဝင်းက မြို့ဟောင်းနေရာ

ဘေးလောင်းတော်တိဿမေမ္မသီဟရာဇာမင်းကြီးအား သိကြားမင်းဖန်ဆင်း၍ပေးသောမြို့နှင့် မြေရာဌာန တောင်ပင်လယ်မြစ်ချောင်းမှစ၍ အလုံးစုံလျှင်အလွန်တူသောကြောင့် သုဝဏ္ဏဘူမိ။ ရဋ္ဌ။ သုဓမ္မဝတီဟု သမုတ်တော်မူ၏။ ထိုသို့ သမုတ်ခဲ့သော်လည်း တိုက်ကုလားမြို့ဟောင်းနယ်အတွင်း ကျသောကြောင့် တိုက်ကုလားဟူ၍လည်း ခေါ်ကြကုန်၏။ *(သထုံရာဇဝင်၊ စာ ၈၁-၈၂)*

ထိုမြို့နှင့် နယ်ချင်းစပ်နေသော တိုက်ကုလားမြို့ဟောင်းနေရာမှာ ဒိုးခလွန်းတောင် (ကေလာသ တောင်)၏ အနောက်မြောက်ဘက်၊ တောင်တန်းတောင်ခြေရင်းတွင်ရှိသည်။ (ယခု အယက်သမရွာနေရာဖြစ်၏။) ထိုမြို့တည်ထားပုံမှာ တောင်ဘက်မျက်နှာက တောင်ကမ်းပါးယံကျောက်ကမ်းပါးယံတို့ကို မြို့ရိုးလုပ်၏။ အရှေ့ဘက်အနောက်ဘက်မျက်နှာတို့တွင်လည်း ကျောက်ကမ်းပါးတဝက်နှင့်လုပ်၍ အပေါ်ကကျောက်ခဲစီခဲ့သည်။ ကျောက်ခဲတစ်ဝက်ကို မြို့ရိုးလုပ်သည်။ မြောက်ဘက်တစ်မျက်နှာမှာ ကျောက်နှင့်မြေရောနှောဖို့၍မြို့ရိုးလုပ်၏။ တံခါးမှာ အရှေ့ အနောက်၊ မြောက်၊ တောင်ပေါင်း (၁၀၀၀)။(၄၅၇ မီတာ)၊ အရှေ့နှင့်အနောက်တောင်ပေါင်း(၂၀၀၀)၊ (၉၁၅ မီတာ)သာရှိသည်။(၄၁ ၈၂) တက်တာခန့် ကျယ်ဝန်းမည်။ ရာဇာဇေဝမင်းတည်သော သုဓမ္မဝတီ၊ သုဝဏ္ဏဘူမိ တိုက်ကုလားမြို့က (၃၈၄ ဟတ်တာ) အရွယ်အစားမျှရှိသည်။ ထို့ကြောင့် ၄င်းတိုက်ကုလား(ဝင်းက)သည်၊ အယက်သမတိုက်ကုလားထက် အရွယ်အစားချင်း နှိုင်းယှဉ်လျှင် ရှစ်ဆကျော်မျှပိုကြီးသည်။

# အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ်တို့ သုဝဏ္ဏဘူမိတိုင်းသို့ ကြွလာပြီး သာသနာပြုခြင်း

ရာဇာဇေဝမင်းသည် မြို့ပြထီးနန်းတည်ထောင်ပြီးသော် မိမိ၏ဘွဲ့အမည်ကိုလည်း သိရီဓမ္မာသောကရာဇာ ဟုဘွဲ့ကိုခံယူသည်။

သီရိဓမ္မာသောကမင်း၊ သုဓမ္မဝတီမြို့တည်၍ နန်းစံနှစ် (၂၇)နှစ်ခန့်ရှိသောအခါ သာသနာ သက္ကရာဇ် (၂၃၅) ခုနှစ် (၃၀၉ ဘီစီ) အတွင်း သုဓမ္မာဝတီသထုံပြည်( တိုက်ကုလား၊ဝင်းကမြို့)သို့ အသျှင်သောဏနှင့် အသျှင်ဥတ္တရ တို့သည် အဖော်ရဟန္တာကြီး သုံးပါးနှင့်တကွ သာသနာပြုရန်ကြွလာတော်မူသည်။ ပေါင်းရဟန္တာကြီး ငါးပါးဖြစ်သည်။ ထိုအသျှင်သူမြတ်တို့ကား

၁။ အသျှင်သောဏ
၂။ အသျှင်ဥတ္တရ
၃။ အသျှင်အနုရုဒ္ဓါ
၄။ အသျှင်တိသာဂုတ္တ
၅။ အသျှင်သောမာယ ဟုမွန်ရာဇဝင်၌ဆိုသည်။

ထိုသို့ သောဏုတ္တရ စသောအရှင်တို့ သာသနာပြုကြွလာတော်မူသောအခါ ထိုသထုံပြည် (တိုက်ကုလား၊ ဝင်းက) သည် သမုဒ္ဒရာနှင့်နီးကပ်သောကြောင့် ရေစောင့်ဘီလူးမတို့သည် မင်း၏အိမ်၌ သားဖွားတိုင်းလျှင် စားလေ၏။

မထေရ်မြတ်တို့ရောက်သောနေ့တွင်လည်း မင်းအိမ်၌ သားဖွားခိုက်ကြုံ၍ ဘီလူးမတို့သည် စားပါမည်ဟု အရံငါးရာနှင့်လာသည်။ လူတို့မြင်ကြလျှင် ကြောက်လန့်၍ကြွေးကြော်ကြ၏။ ထိုစဉ် မထေရ်တို့လည်း ကြောက်မက်ဘွယ် သော ခြင်္သေ့နှင့်တူသော ခေါင်းတစ်လုံးတွင် နှစ်ခုရှိသောကိုယ်နှင့် မနုသီဟသဏ္ဍာန်ရေဘီလူးတို့ထက် အရည်အတွက် နှစ်ဆသာအောင်ဖန်ဆင်းပြီးမှ၊ ဘီလူးမတို့ကိုလိုက်၍ ဝိတ်ဆီးကုန်လျှင်၊ ဘီလူးမတို့သည်လည်းပြေးသွားကြကုန်၏။





ထိုအခါ မထေရ်တို့သည် တစ်ဖန်ဘီလူးမတို့ မလာစိမ့်သောငှာ ပရိတ်အရံအတားကိုပြု၏။ ထိုကာလ စည်းဝေးရောက်လာကြကုန်သောသူတို့အား ဗြဟ္မဇာလသုတ်တရားကို ဟောတော်မူလက်သော် ခြောက်ထောင်မျှသော သူတို့သည် အကျွတ်တရားရကြ၍ အရိယာဖြစ်ကုန်၏။ သုံးထောင်ငါးရာသော ယောကျ်ားတို့သည်လည်း ရဟန်းပြု ကြကုန်၏။ ထိုသို့ ရဟန်းပြုသောသူတို့တွင် မင်းသားချည်းပင် တစ်ထောင်ပြည့်အောင်ရှိ၏။ ကြွင်းကျန်သူတို့လည်း သရဏဂုံတည်စေ၏။

ထိုကာလမှစ၍ ယနေ့ဖွားစဖြစ်သော မင်းသားငယ်အား သောဏုတ္တရဟူသောအမည်ပေးကြ၏။ လူအပေါင်း အားလည်း ဘီလူးဘေးကိုတားဆီးနိုင်စေခြင်းငှာ၊ ထန်းရွက်သလူရွက် စသည်တို့တွင် မထေရ်တို့ဖန်ဆင်းသော၊ မနုသီဟ ရုပ်ကိုရေးကုန်လျက် ဦးခေါင်းထက်တင်ထားကြ၏။ ထိုအရုပ်သဏ္ဍာန်ကို သထုံမြို့(သုဝဏ္ဏဘူမိ၊ တိုက်ကုလား)(ဝင်းက) ၏ အရှေ့မြောက်ထောင့်တောင်ထိပ်တွင် ကျောက်ရုပ်ထု၍ ယခုထက်တိုင်ထင်ရှားရှိသည်ဟု သာသနာဝံသစာတမ်း၌ ဖော်ပြထားသည်။ *(သထုံရာဇဝင်၊ စာ ・ ၇၅-၇၆)*

လွန်ခဲ့သောကာလ တိသဓမ္မသီဟရာဇာမင်းအား စွယ်တော်(၃၃)ချောင်း ကုသိန္နာရုံပြည်မှ ရဟန္တာဂဝံပတိ ဆောင်ယူပေးခဲ့သည်။ ကာလရှည်ကြာသည်နှင့် သစ်နွယ်ဖုံးလျက်တောကြီးဖြစ်နေသည်နှင့် ကွယ်၍မမြင်ရဖြစ်သည်ကို သောဏနှင့်ဥတ္တရမထေရ်တို့က ညွှန်ပြပေးလျှင် စွယ်တော်သွားတော်များရကြ၏။ မြို့တော်ကြီး၏ မြောက်ဘက်၌ ရွှေဥမင်တည်၍ စွယ်တော် ၃၃ ဆူကို ဌာပနာပြီးစေတီကြီးတည်သည်။ သုဝဏ္ဏဘူမိမြို့တွင်း၊ မြို့ပြင်အရပ်ဌာန၌ ရှိရှိသမျှ စွယ်တော်၊ မွေတော်ဟူသမျှတို့ကိုလည်း စေတီတည်၍ ကိုးကွယ်ကြသည်။

ရဟန္တာငါးပါး သထုံသို့ရောက်တော်မူရာတွင် ဆံတော်၊ စွယ်တော်၊ သရီရဓါတ်တော်၊ ပရိဘောဂစေတီ၊ ပရိယတ္တိစသော ပိဋကတ်သုံးပုံတတ်သော အရိယာသံဃာ၊ ရဟန်း၊ သူမြတ်တို့နှင့် ပညာရှိသူတော်ကောင်း၊ ဗေဒင် ဂဏန်းတတ်သူ၊ လူအသုံးအဆောင်ပစ္စည်းပြုလုပ်တတ်သူတို့နှင့် ပြည့်စုံလေသည်။ ပြည်သူတို့ချမ်းသာစွာ သုဓမ္မဝတီ မြို့တော်သည် ရာဇဌာနီမင်းနေပြည်တော်ကြီးဟူ၍ ထင်ရှားစည်ပင်လေသည်။

ထိုသီရိမာသောကမင်းလက်ထက်တွင် မူလသုဓမ္မဝတီသထုံပြည် (တတိယနှင့်စတုတ္ထသုဓမ္မဝတီ)ကို မြေမျို ပျက်စီးသွားစဉ်က ဆံတော်နှင့်သွားတော်စေတီများ ပျောက်ကွယ်ဆုံးပါး၍နေသည်။ အရှင်မြတ်တို့က ပြန်လည်ရှာဖွေ ဖော်ထုတ်ပေးပါရန် မင်းကြီးတောင်းပန်သဖြင့် သွားရောက်၍ရှာဖွေပေးသည်။ ဆံတော်နှစ်ဆူ၊ သွားတော်(၃၃)ဆူ

အကုန်ပြန်ရသည်။ ယခင်က စိရံစေတီ (ရွှေစာရံ) နေရာပေါင်းမှာပင် ဆံတော် (၂) ဆူကို ဌာပနာ၍ ဘိနပ်တော် အတောင်(၅၀)၊ ဉာဏ်တော်အမြင့်အတောင် (၇၀) စေတီတည်သည်။

သွားတော်ဓါတ် (၃၃) ချောင်းကို မည်သူမဆိုကိုးကွယ်လိုလျှင် လာရောက်ပင့်ကြပာကြွေကြာသည်။ ထိုအခါ (၁၁) ဆူသော သွားတော်တို့ကို အဝေးအနီးမြို့ရွာများက ပင့်လာကြ၍ မိမိတို့မြို့ရွာ၌ စေတီတည် လျက်ကိုးကွယ်ကြသည်။ ကြွင်းကျန်သော သွားတော်ဓါတ် (၂၂) ဆူကို ယခင်ဆံတော်ဘုရားအနီးတွင် ဌာပနာ၍ စေတီကြီးတည်လျက်ကိုးကွယ်ကြသည်။ (၁၁) ဆူသော သွားတော်ဓါတ်ကို စေတီတည်၍ ကိုးကွယ်ကြသော မြို့ရွာများနှင့်စေတီဘွဲ့တော်များမှာ -

၁။ ရမ္မာဝတီခေါ် မော်လမြိုင် ကျိုက်သံလင်စေတီ
၂။ ဘီလူးကျွန်းမြို့ ကျိုက်မူနိုင်းစေတီ
၃။ မော်လမြိုင်မူးပွန်ရပ်၊ ကျိုက်မူးပွန်စေတီ
၄။ ဇာသပြင်ရပ်၊ ကျိုက်ပိုင်ကြုံစေတီ
၅။ အသားမြို့-ကျိုက်အသား (ကျိုက်ကသာစေတီ)
၆။ စစ်တောင်းမြို့ ဇေယပဗ္ဗတတောင်စွန်း၌ ကျိုက်ကလွံပွံစေတီ
၇။ ဒုံစရစ်မြို့ ကျိုက်မူးတလင်စေတီ
၈။ ပဲခူးမြို့ ကျိုက်မူးတားခေါ် ရွှေမော်ဓောစေတီ (ထပ်သွင်း၍ဌာပနာသည်)
၉။ မူးခိုင်ကြီးရပ် ကျိုက်မူးကမောနွတ်စေတီ
၁၀။ မူးခိုင်ကလေးရပ်၊ ကျိုက်မူးကမော့တွတ်စေတီ
၁၁။ ကဝမြို့ ၊ ကျိုက်ကွစေတီ

ပေါင်းစေတီ (၁၁) ဆူရှိကြောင်း မွန်ရာဇဝင်နှင့်စေတီတော်သမိုင်းပေါင်းချုပ်ကျမ်းတွင် ဖော်ပြထားသည်။ *(သထုံရာဇဝင်၊ စာ ⋅ ၇၉-၉၀)*

**သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမင်းဆက်များ**

| စဉ်။ | မင်းအမည် | အိမ်နိမ့် | စည်းစိမ် | သက်တော် | သာသနာ | ခရစ် |
|---|---|---|---|---|---|---|
| ၁။ | သီဟရာဇာ | ၁၇၊ | ၆၀၊ | ၇၇ | | |
| ၂။ | သီရိဓမ္မာသောက | ၂၀၊ | ၅၇၊ | ၇၇ | | |
| ၃။ | ဓမ္မပါလ | ၂၅၊ | ၅၀၊ | ၇၅ | | |
| ၄။ | ဓမ္မဇ (သုဝဏ္ဏ) | ၃၀၊ | ၃၂၊ | ၆၂ | | |
| ၅။ | အင်္ကုရ | (တစ်နှစ်မပြည့်လပိုင်း) | | | | |
| ၆။ | ဥပဒေဝ | ၂၀၊ | ၃၂၊ | ၅၂ | | |
| ၇။ | သီဝိရာဇာ | ၂၂၊ | ၃၀၊ | ၅၂ | | |
| ၈။ | ဇောတကုမ္မာ (ဓမ္မာသောက) | ၂၅၊ | ၄၅၊ | ၇၀ | | |

**တိုက်ကုလားနယ်၊ သုဓမ္မဝတီမင်းဆက်များ**

ရာဇာဇောဝေ၊ ဇောတကုမ္မာ၊ ဓမ္မာသောက အမည်များရသောမင်းသည် မရိုက်သဖုံးမြို့၌ နန်းစံ (၂) နှစ်၊ ရွှေလောင်းအင်းမြို့၌ နန်းစံနှစ် (၁၂) နှစ်၊ သုဓမ္မဝတီတိုက်ကုလားမြို့၌ နန်းစံနှစ် (၃၁) နှစ်၊ အိမ်နိမ့် (၂၅) နှစ် ပေါင်း သက်တော် (၇၀) တွင် အနိစ္စဖြစ်သည်။

၉။ သား၊ သောဏုတ္တရကုမ္မာ
၁၀။ သား၊ ကာလဝဏ္ဏရာဇာ
၁၁။ သား၊ မဟာသာလရာဇာ
၁၂။ သား၊ ရာမကရာဇာ
၁၃။ သား၊ နရသူရာဇာ
၁၄။ သား၊ မဟာဘဒြရာဇာ
၁၅။ သား၊ အရဓရာဇာ
၁၆။ သား၊ သီဂုံတ္တရရာဇာ
၁၇။ သား၊ ဥရုနာဂဘဝရာဇာ

မင်းပြုလေ၏။ သီရိဓမ္မသောကအစ၊ ဥရုနာဂဘဝအဆုံးရှိသော ထိုတစ်ကျိပ်သောမင်းတို့သည် မကိုင့်သရဖူ၊ လေး၊ သန်လျက်၊ ငါးပါးသော မင်းမြောက်တန်ဆာကိုရကြ၏။

**ဒသမ သုဝဏ္ဏဘူမိ၊ သုဓမ္မပူရ**

တိုက်ကုလားနယ် သုဓမ္မဝတီသထုံပြည်တွင် ဥရုနာဂဘဝရာဇာမင်းနတ်ရွာစံ၍ ထိုမင်း၏ သားတော်-

၁၈။ ယုဂန္ဓကုမ္မသည် ထီးမွေနန်းမွေကိုရ၍မကြာမီ သုဓမ္မဝတီတိုက်ကုလားမြို့သည် ပင်လယ်နှင့်နီးကပ်သည်ဖြစ်၍ ပင်လယ်ကမ်းပြိုပျက်သဖြင့် မြို့တစ်ပိုင်းပါပြိုပျက်လေ၏။ တိုင်းသူပြည်သားတို့သည် အိမ်ယာပြိုပျက်ခြင်း၊ လယ်ယာမြေ ဥယျာဉ်၊ ပန်းမန်၊ အာရာမ် စသည်ပြိုပျက်ကြ၏။ ဆင်းရဲကြီးစွာတွေ့ကြုံကြရလေသည်။ ထိုအခါ ယုဂန္ဓကုမ္မာမင်းသည် ပြည်သူဆင်းရဲသားတို့ ဒုက္ခတွေ့ကြုံခဲဖြစ်၍ တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်သော်လည်း၊ အဘိသိက်ကိုမခံသေးပဲ၊ မှူးတော်မတ်တော်များနှင့်တိုင်ပင်ပြီး ရှေးအခါက ဘိုးလောင်းတော် ဥပဒေဝရာဇာသံဝေမင်းကြီး တည်ထောင်ခဲ့သော သုဓမ္မပူရမြို့တော်ဟောင်းနေရာသို့ ပြန်၍ပြောင်းရွှေ့ပြီးလျှင် ထီးနန်းစိုက်ထူ၍နန်းစံသည်။ သုဓမ္မဝတီတိုက်ကုလားမြို့မှ သုဓမ္မပူရ သထုံပြည်သို့ ပြန်၍ပြောင်းလာသော သာသနာသက္ကရာဇ် (၄၅၀) ပြည့်နှစ် (၉၄ ဘီစီ) ဖြစ်သည်။

တိုက်ကုလားသုဓမ္မဝတီ၊ သထုံပြည်၌ သီရိဓမ္မသောကမင်းအစ၊ ဥရုနာဂဘဝမင်းအဆုံး မင်းပေါင်းတစ်ကျိပ် မြို့သက် (၂၄) နှစ်ရှိခဲ့၏။ သာသနာ (၄၅၀) ပြည့်နှစ်တွင် သုဝဏ္ဏဘူမိ၊ သုဓမ္မပူရ၊ ဥပဒေဝမြို့သို့ ပြန်၍ပြောင်းခဲ့သည်။

ထိုမင်းလက်ထက် သမုဒ္ဒရာကမ်းပြို၍ ကျွန်းငယ်တို့ပျက်လျှင် ထိုပြိုရာကျွန်းငယ်ချောင်းတစ်ခုမှ ဝေဘူလ၊ ပတ္တမြားရတနာကိုရ၍ မင်းအားဆက်သည်။ ထိုဝေဘူလပတ္တမြားကိုရသောကြောင့် ဇောတိပါလဘွဲ့ကိုခံယူသည်။

ယုဂန္ဓရာဇာ၊ ဇောတိပါလမင်းအနိစ္စဖြစ်ပြီးနောက်

၁၉။ သား၊ သုနန္ဒရာဇာ
၂၀။ သား၊ ဖြဟ္မဒဋ္ဌရာဇာ
၂၁။ သား၊ ပဋ္ဌရာဇာ
၂၂။ သား၊ အဓိကရာဇာ
၂၃။ သား၊ အပရောဓိရာဇာ
၂၄။ သား၊ သာဓုရာဇာ
၂၅။ သား၊ ဓမ္မပါလရာဇာ

မင်းပြုကြသည်။ *(သထုံရာဇဝင်၊ စာ - ၉၁-၉၃)*

## ဓမ္မပါလမင်းလက်ထက် အသျှင်မဟာဗုဒ္ဓဃောသမထေရ်ကြွလာခြင်း၊ ပိဋကတ်တော်များရောက်ခြင်း၊ ပရိယတ္တိသင်ကြားပို့ချကြ၍ သာသနာတော်ထွန်းလင်းခြင်း



*သထုံမြို့ ဖောင်တော်ဦးဘုရား*

သုဝဏ္ဏဘူမိသထုံပြည်တွင် ဓမ္မပါလမင်းလက်ထက် သာသနာ ၉၃၀ ပြည့်နှစ်သို့ရောက်သောအခါ အရှင်မဟာဗုဒ္ဓဃောသမထေရ်၊ သီဟိုဠ်ကျွန်းမှ ပိဋကတ်သုံးပုံပါဠိတော်နှင့် အဋ္ဌကထာကို မာဂဓဘာသာ ဖြင့်ရေးကူး၍ သုဝဏ္ဏဘူမိ သထုံပြည်သို့ ယူဆောင်ခဲ့သည်။

အရှင်မဟာ ဗုဒ္ဓဃောသမထေရ် စီးနင်းလိုက်ပါလာသော သင်္ဘောဖောင်တော်သည် သုဝဏ္ဏဘူမိဆိပ်ကမ်းသို့ ဆိုက်သဖြင့် ပြည်သူ၊ လူ၊ ရှင်၊ ရဟန်းတို့စုံစမ်းမေးမြန်းကြသည်။ ပိဋကတ်တော်၊ နိဗ္ဗာန်ကုန်ကို သထုံပြည်သူတို့၏ အကျိုးငှာ ကူးယူဆောင်ကြဉ်းခဲ့ကြောင်းကို သိကြလေ၏။ ထိုအခါ လွန်စွာဝမ်းမြောက် ကြကုန်လျက်၊ ပူဇော်ကြပြီးလျှင် ပွဲသဘင်ကြီးစွာခံ၍ မင်းနှင့်တကွပြည်သူအပေါင်းသည် ပိဋကတ်တော် တင်လာသောလှေ၊ ဖောင်တော်ကို သုဝဏ္ဏဘူမိမြို့၏ အနောက်မျက်နှာ မြို့ရိုးသုံးထပ်ကျုံးသုံးထပ်ရှိသည့်နေရာတွင် အပြင်ဘက်ဆုံးသောအထပ်ကျုံးသို့ရောက်အောင် ပင်လယ်မှ ဖောင်တော်ဝင်ရန် တောင်းပန်ကြကုန်၏။

ဖောင်တော်ဆိုက်ကပ်မိလျှင် စည်မောင်းပတ်သာ၊ တူရိယာမျိုးတို့ဖြင့်၊ ပူဇော်ကြွေးကြော်လျက် ပိဋကတ်တော်ကို မြို့တွင်းသို့ပင့်ဆောင်သည်။ ပြီးလျှင် စိရံစေတီတော် မဟာရာမ်တံတိုင်း၏အတွင်း မြောက်တံခါး၏အနီး၌ ရတနာ



*သထုံမြို့ ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ ပိဋိကတိုက်စေတီတော်*

(၇) ပါးဖြင့်ပြီးသော မဏ္ဍိုပ်ကြီးဆောက်လုပ်၍ ပိဋကတ်တော်ကို ကောင်းစွာထားလျက် ရဟန်းရှင်လူတို့ ဖတ်ကြသည်။ ထို့နောက် ပြည်သူပြည်သားတို့သည် ပိဋကတ်တော်တို့ကို ရက်လည်အောင်ပူဇော်ကြလေကုန်၏။

ထို့နောက် ဓမ္မပါလမင်းကြီးကလည်း ရတနာမဏ္ဍပ်နေရာ၌ အုတ်၊ ကျောက်၊ အင်္ဂတေတို့ဖြင့် ဥမင်ကြီး တည်၍ အထက်တွင်စေတီဆင့်လျက် ထိုအတွင်း၌ ပိဋကတ်တော်များကို ထည့်သွင်းပြီးသော် ထိုဥမင်စေတီတော်ကို ပိဋကတ္တယစေတီဟု သမုတ်သည်။ ပြည်သူ၊ လူ၊ ရဟန်းတို့သည် မည်သူမဆို ဥမင်တွင်းရှိ ပိဋကတ်တော်ကို ဖတ်နာသင်ကြားစေဟု အမိန့်ထုတ်ပြန်ထားသည်။ ဤကဲ့သို့ပင် ထိုကာလမှစ၍ သထုံပြည်၌ ပိဋကတ်တော်ပြန့်ပွားလေ၏။ ပဋိပတ္တိ၊ ပဋိဝေဓ တည်းဟူသော သာသနာတော်လည်း ထွန်းကားပြန်သည်။

ထိုပိဋကတ်ထားသော စေတီကို ယခုကာလ ပိဋကတ်ဘုရားဟု ခေါ်ကြသည်။

အရှင်မဟာဗုဒ္ဓဃောသမထေရ်ဖောင်တော်ဆိုက်၍ ပိဋကတ်တော်ကို မြို့တော်သို့ ပင့်ဆောင်ရာဆိပ်ကမ်း၌ နောင်လာနောက်သားတို့ အမှတ်တရဖြစ်စေခြင်းငှာ၊ စေတီတစ်ဆူတည်ထားလေသည်။ ထိုစေတီကို ယခုကာလ ဖောင်တော်ဦးဘုရားဟု ခေါ်ကြသည်။

အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ရှေးအခါက သုဝဏ္ဏရာဇာ မဟာဓမ္မဇမင်းကြီး၏ကောင်းမှုတော် အရဟန္တာရာမကျောင်းတိုက်ကြီးကို ထပ်မံပြုပြင်စေ၍ ထိုကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူလျက်ရှိသော အရှင်သောဏုတ္တရမထေရ်တို့၏ အဆက်အနွယ်သံဃာတော်တို့နှင့် အတူတကွ သီတင်းသုံးနေထိုင်တော်မူသည်။ ပရိယတ္တိစာပေများကိုလည်း ပို့ချပေးတော်မူသည်။

ထိုကျောင်းတိုက်၏အနောက်မြောက် တာ ၁၀၀၀ (ကိုက် ၁၀၅၀ ခန့်) အကွာ၊ သာရကလျာဏီ ဆံတော်စေတီ၏ အရှေ့မြောက်ထောင့်၌ သိမ်ကြီးတစ်သိမ်လည်း သမုတ်တော်မူပါသည်။ ထိုသိမ်ကို အရှင်ဗုဒ္ဓဃောသ

သိမ်ဟုအမည်တွင်လေသည်။(ယခု သထုံပေါ်တော်မူရွာ၊ ပေါ်တော်မူဘုရားတံတိုင်းအတွင်း အရှေ့မြောက်ထောင့်၌ ရှိ၏)။

သထုံမြို့တွင် အရှင်မဟာဗုဒ္ဓဃောသတို့ သီတင်းသုံးနေထိုင်သော အရဟန္တာရာမကျောင်းတိုက်ကြီးကို ယခုအခါ ရဟန္တာတိုက်ဟု ခေါ်ကြသည်။

အရှင်မဟာဗုဒ္ဓဃောသသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတည်းဟူသော သာသနာတော်သုံးရပ်ကို ထွန်းလင်းတောက်ပစေလျက်၊ အသက်တော်၏အဆုံး၌ ဤသထုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအခါ အရှင်ဗုဒ္ဓဃောသအလောင်းတော်ကို သာရကလျာဏီ (ပေါ်တော်မူ) စေတီ၏ အနောက်တောင်ထောင့်အရပ်၌ မင်းနှင့်တကွ ပြည်သူတို့သည် ကောင်းစွာသင်္ဂြိုလ်ကြ၏။ သာရကလျာဏီစေတီတော်၏ အနောက်ထောင့်ဘက်၌လည်း အရှင်ဗုဒ္ဓဃောသ၏ ကိုယ်တော်စား၊ ရုပ်ပွားတော်ကြီးပြုလုပ်ကုန်၍ ကိုးကွယ်ကြသည်။ ယခုတိုင် ထင်ရှားတွေ့မြင်ကြရ၏။ ထိုအရှင်မြတ်၏ ဓါတ်တော်များကိုလည်း ရှေးရဟန္တာကြီးတို့၏ ဓါတုစေတီတော်များ၏အနီး၌ စေတီတစ်ဆူထပ်မံ၍ တည်ထားကြသည်။

**ဓမ္မပါလမင်းမှစ၍ မနုဟာမင်းအထိ သထုံပြည်မင်းဆက်များ**

ထိုဓမ္မပါလမင်းသည် တရားတော်နှင့်မညီ မင်းပြုတော်မူပြီးလျှင် သာသနာတော်ကို ချီးမြှောက်လျက် အသက်အတိုင်းနေ၍ နတ်ရွာစံသည်။ ဓမ္မပါလမင်းမရှိသည့်နောက်၊

၂၆။ သား၊ သုဒဿနရာဇာ
၂၇။ သား၊ ဒိဗ္ဗရာဇာ
၂၈။ သား၊ အသင်္ဂရာဇာ
၂၉။ သား၊ ဘုမ္မရာဇာ
၃၀။ သား၊ ဗန္ဓရာဇာ
၃၁။ သား၊ မဟိံသရာဇာ
၃၂။ သား၊ ဓမ္မစက္ကရာဇာ
၃၃။ သား၊ သူဇမ္ဗုတိရာဇာ
၃၄။ သား၊ ဗန္ဓရာဇာ
၃၅။ သား၊ နရသူရ ဇမ္ဗူဒိဗ္ဗရာဇာ
၃၆။ သား၊ သီလရာဇာ
၃၇။ သား၊ ဗိလိကရာဇာ
၃၈။ သား၊ ဇမ္ဗုတ္တရရာဇာ
၃၉။ သား၊ ဒေဝရာဇာ
၄၀။ သား၊ သီဝိရာဇာ
၄၁။ သား၊ မဟာစက္ကဝရာဇာ
၄၂။ သား၊ ကေသရာဇာ

မင်းပြုသည်။ ထိုမင်းသည် မင်းဖြစ်၍မကြာမှီ၊ ပင်လယ်ဝသို့ ထွက်သောချောင်းမြစ်ဝယ် ရေသဘင်ကျင်းပ၍ ပျော်ပါးရာတွင် ဘေးလောင်းတော် ဇေတိပါလမင်း (အမှတ်-၁၈) လက်ထက်တော်မှရထားခဲ့သော ဝေဘူလပတ္တမြားရှင်သည် ရေသို့ကျ၍ပျောက်ဆုံးလေ၏။

ထိုဝေဘူလပတ္တမြားကို တောဝက်ကြီးတစ်ကောင်မြင်၍ အစာအမှတ်ဖြင့်ကိုက်သည့်အခါ မကိုက်နိုင်၍ ငုံသည်နှင့်သမုဒ္ဒရာရေပြင်ပေါ်လုမ်း၍ သွားနိုင်ကြောင်းသိရ၏။ ထိုပတ္တမြားကိုဝက်ကြီးထံမှ မုဆိုးတစ်ယောက်ရ၍ တြိဟကုမ္ဘမြို့ (သံလျင်) မင်းထံဆက်သည်။

ထိုသို့ ပတ္တမြားရတနာရေသို့ကျ၍ ပျောက်ဆုံးသောသုဓမ္မဝတီ၊ သထုံမင်းကေသရာဇာသည် လွန်စွာစိုးရိမ်ပူပန်ခြင်းဖြစ်၍ မစားနိုင်၊ မအိပ်နိုင်ရှိနေခြင်းကြောင့် ပြည်သူတို့က ထိုမင်းကိုမဟာသောကမင်းဟု သမုတ်ကြသည်။

ကေသရာဇာ-မဟာသောက မင်းကြီးလက်ထက်တွင်၊ မင်းကြီး၏သူရဲကြီးဇယရေနှင့် ရမ္မဒေဝနှစ်ယောက်တို့ရှိကြ၏။ ထိုသူရဲကြီးတို့သည် ခြင်္သေ့တစ်ကောင်ကိုတောမှာရ၍ ဖမ်းယူခဲ့ပြီးလျှင် မင်းအားဆက်၏။ ပုဏ္ဏနှင့်ဇနက

အမည်ရှိသော မုဆိုးနှစ်ယောက်လည်းရှိကြ၏။ ဖားကြီးတစ်ကောင်ကိုတောမှာရ၍ မင်းထံဆက်သကြ၏။ မုဆိုး တစ်ယောက်ကလည်း ခရမ်းကစော့ပင်ကြီးကို ရလေ၍ယူခဲ့သည်။ ဤသို့သော အခြင်းအရာများကို မနောမုန္ဒရီ အမည်ရှိသော မုဆိုး၏ဆရာသည်ကြားသိ၍ ပြည့်ရှင်မင်းထံပန်ကြားပြီး ခရမ်းကစော့ပင်ကို စည်လုပ်သည်။ ဖား၏ သားရေကို စည်မျက်နှာကျက်သည်။ ခြသေ့်သားရေကို ကြိုးပြု၍စည်ကြီးကိုခတ်သည်။ ခြသေ့်၏လက်ရုံးရိုးကို စည် လက်ခတ်ပြုသည်။ ဤသို့စီမံပြီးလျှင် မင်းကြီးအားဆက်လေသည်။

ဤစည်ကို တီးခတ်သောအခါ အသံကြားသူထီးဖြူဆောင်းမင်းတို့သည် မနေနိုင်၍ သမီးကညာ၊ ရတနာရွှေငွေ ပေးဆက်လာကြရသည်။ ထိုအခါ မင်းသည်ပျောက်ဆုံးသော ပတ္တမြားရတနာကြောင့် စိုးရိမ်ခြင်းကင်းလေ၍ တစ်ဖန် ရဲရင့်ခြင်းသတ္တိရှိလာသောကြောင့် မဟာသောကဟူသော အမည်ပျောက်၍ ကေသရာဇာဘွဲ့အမည်ဟောင်းတွင်ပြန်သည်။ ကေသရာဇာမင်းအနိစ္စရောက်လျှင်

| | | | |
|---|---|---|---|
| ၄၃။ | သား၊ မနိရာဇာ | ၅၀။ | သား၊ ဥတ္တမရာဇာ |
| ၄၄။ | သား၊ တက္ကရာဇာ | ၅၁။ | သား၊ သီရိဓမ္မရာဇာ |
| ၄၅။ | သား၊ ကုသရာဇာ | ၅၂။ | သား၊ မဟာစိတ္တရာဇာ |
| ၄၆။ | သား၊ ဇနေဒိဗ္ဗရာဇာ | ၅၃။ | သား၊ ဝန္ဒရာဇာ |
| ၄၇။ | သား၊ သုလုရာဇာ | ၅၄။ | သား၊ ဇယသုမနရာဇာ |
| ၄၈။ | သား၊ စိတ္တရာဇာ | ၅၅။ | သား၊ ဝဒ္ဒကရာဇာ |
| ၄၉။ | သား၊ ဒီဃရာဇာ | ၅၆။ | သား၊ အဇိဏ္ဏရာဇာ |

မင်းပြု၏။ ထိုမင်းလက်ထက်တွင် သူရဲကြီး၊ ပရုတ်ကြီး၊ ပရုတ်ငယ်နှစ်ယောက်ရှိသည်။ (မှန်ရာဇဝင်တွင် သူရဲကြီး၊ ပရုတ်ကြီး၊ ပရုတ်ငယ်ဟူ၍ ဖော်ပြသည်။ ၎င်း စာ ၁၁) ဖြတ်ဝိ၊ ဖြတ္တဟုခေါ်သော သူရဲကြီးများပင်ဖြစ်ကြ၏။ *(သထုံရာဇဝင်၊ စာ - ၉၆-၁၀၀)*

ထိုမင်းအနိစ္စဖြစ်လျှင်

၅၇။ သား၊ ဥဒိန္နရာဇာ မင်းပြု၏။ ဤမင်း ၄၈ ဆက် (တိုက်ကုလားနယ်၊ သုဓမ္မဝတီမင်းဆက်များမပါ) တွင် သုဓမ္မဝတီမြို့စည်ပင်သာယာသည်။ သာသနာတော်ထွန်းတောက်ပ၍ ရွှေကျောင်း၊ ရွှေဇရပ်၊ ရွှေပြဿဒ်စေတီ၊ ရုပ်တုဆင်းတုတော်များ၊ ပဋိပတ္တိနှင့်ပြည့်စုံသော ရဟန်းပညာရှိ၊ ပုဏ္ဏား၊ ဗေဒင်တတ် လူပညာရှိသူမြတ်တို့နှင့် ပြည့်စုံပြန့်ပွားခြင်းနှင့်တကွ တာဝတီံသာကဲ့သို့ ငြိမ်းချမ်းသာယာဝပြောစွာရှိလေသည်။ *(မှန်ရာဇဝင်၊ စာ - ၁၁)*

ဥဒိန္နရာဇာမင်းအနိစ္စရောက်လျှင်-

၅၈။ သား၊ မနုဟာမင်းသည် အသက် ၁၈ နှစ်ရှိ၍ မင်းပြုသည်။

ထိုမင်းလက်ထက်တွင် ဆဒ္ဒါန်ဆင်မျိုးချည်းနှင်နှင်ဖြစ်သော ဆင်ဖြူတော်သုံးဆယ့်နှစ်စီး ရတော်မူသည်။ ထိုမင်းသည် "သီရိတြိဘဝနာဓိတျာပဝရ ဓမ္မရာဇာ" ဟူသော ဘွဲ့အမည်ကိုခံ၍ ဘိသိက်ခံလျက်မင်းပြု၏။ ဘိုးတော် အဇိဏ္ဏမင်းနှင့် ခမည်းတော်ဥဒိန္နမင်းတို့ ချီးမြှောက်သူကောင်းပြုခဲ့သော သူရဲကြီး ကုလားညီနောင် ဖြတ်ဝိ၊ ဖြတ္တတို့ကိုလည်း အထက်ကနည်းတူ မြို့စား၊ ရွာစားပေး၍ ချီးပင့်စေလျက် အမှုထမ်းစေသည်။ ဘေးလောင်းတော် ကေသရာဇာမင်းကြီး လက်ထက်ကရသော ရန်အပေါင်းကိုအောင်နိုင်သော ဖားစည်တော်ကြီးကိုလည်းရတော်မူသည်။

## သထုံပျက်ရသည့် အကြောင်းအရင်း

ထိုအခါ ပအာဝနမြို့ မင်းကြီးထံသမီးကညာလက်ဆောင်ပန္နာဆက် သရန်တောင်းသည်။ ပအာဝနမင်းလည်း သမီးတော်ကိုမလွှဲသာ၍ပေးရတော့မည့် အချိန်တွင်သမီးကိုခေါ်၍ မနုဟာမင်းသည် ကုလားညီနောင်လူစွမ်းကောင်း ဗြတ်ဝိ၊ ဗြတ္တနှစ်ယောက်နှင့် ဖားစည်ကြီး၊ ဆင်ဖြူတော် (၃၂) စီးတို့၏ တန်ခိုးကြောင့် ဘုန်းတန်ခိုးအာဘော်ကြီး၍ မခုခံ၊ မနေသာလုပ်၊ သမီးတော်ကိုဆက်ရတော့မည်။ ထိုမနုဟာမင်း အချစ်အခင်ကြီးလျှင် ဖားစည်ကြီးနှင့် သူရဲကြီးဗြတ်ဝိ၊ ဗြတ္တတို့ပျောက်ပျက်၍ ဖျက်ဆီးရအောင်လုံ့လပြုပါ။ သို့ပျောက်ပျက်လျှင် အမျိုးတကာကို ငြိမ်းအောင်ပြုသည်လည်း မည်သည်။ ငါ၏သမီးသည်လည်း မိဘထံတစ်ဖန်ပြန်၍ ရောက်ရတော့မည်ဟု မှာလိုက်၍ သမီးကိုပေးဆက်လိုက်၏။

ပအာဝနမင်းသမီးလည်း သုဝဏ္ဏဘူမိပြည် မနုဟာမင်းထံရောက်လျှင် မိဖုရားဖြစ်၍ မနုဟာမင်းက ချစ်ခင်၊ မေတ္တာကြီးကြောင်းကို ပအာဝနမိဖုရားသိလေလျှင် မိန်းမတို့၏မာယာအားဖြင့် ခမည်းတော်မှာလိုက်သည့် စကားအတိုင်း အားထုတ်ကြံစည်ကြိုးစားလေ၏။

ပအာဝနမြို့သည် ယခုအခါ ဒုန်ရင်းဟုခေါ်သောအရပ်အနီး၌ရှိသော မြို့ဟောင်း၊ မြို့ပျက်ပင်ဖြစ်သည်။ ဇွဲကာဂီရိ (ဇွဲကပင်)တောင်၏အနီး၌ရှိသော တောကြီးကို ရှေးက ပအာဝန-ပအာဝုဏ်တောကြီး ဟုခေါ်သည်။ ထိုတော၌ တည်ထောင်သော မြို့ကိုလည်း ပအာဝနမြို့ဟူ၍ပင်ခေါ်သည်။ ပအာဝနမြို့ရာဟောင်းကို ဒုန်ရင်းဟုခေါ်ကြပြီးနောက် ထိုပအာဝနဟူသောအမည်ဟောင်းသည် မူလမြို့ရာဟောင်း၏ အနောက်မြောက်အနီးရှိ ဖားအံ(ဘားအံ) ဟုခေါ်သော အရပ်သို့ရောက်သည်။ ထိုဘားအံအမည်သည် ပအာဝနမြို့အမည်ဟောင်းဖြစ်သည်။ *(ဦးပညာ၊ စာ - ၁၀၆)*

သူရဲကြီးညီနောင်တို့သည်လည်း မင်းသုံးဆက်မြောက်အောင် သူမတူသောစွမ်းရည်သတ္တိနှင့် ပြည့်စုံ၍ မာန်မာနထောင်လွှားလျက်ရှိကြ၏။ ဗျတ်ဝိသည် သထုံမြို့ဝန်၏ သမီးမအိုစာကို မယားပြုသည်။ မအိုစာက ကြည်ဖြူ သဖြင့် အပြစ်မဖြစ်ပေ။ ညီငယ်ဗျတ္တက ဝင်းတော်မှူးသမီးမစောနန်းကိုယူသည်။ ထိုမစောနန်းကားဗျတ္တကို မနှစ် သက်သဖြင့် နန်းတော်တွင်းသို့ဝင်း၍ ပအာဝနမိဖုရားကြီးထံ ခံစားပြီးလျှင် ဗျတ္တအား မကောင်းကြံတော့သည်။

ပအာဝနမိဖုရားကြီးလည်း မင်းကြီးကမိမိအား ချစ်ကြည်လေးမြတ်သည်ကို အခွင့်ကောင်းယူ၍ ကုလားညီနောင် တို့သည် မင်းကြီးကိုလည်းအရေးမပြု၊ နန်းတော်ထဲဝင်၍ မိဖုရားမောင်းမတို့ကို ကျူးလွန်စော်ကားကြောင်း၊ မယုံလျှင် မြို့ဝန်နှင့် ဝင်းတော်မှူးပါစစ်မေးတော်မူပါဟု လျှောက်၏။ ထိုသို့ အကြိမ်ကြိမ်ဂုန်းချောစကားဖြင့် ပြောဆိုဖန်များလျှင် မှူးတော်မတ်တော်တို့ကို မေးမြန်းရာအမှုထင်ရှားသဖြင့် မိဖုရားစကားအောင်လေသည်။

သထုံမင်းမနုဟာလည်း ကုလားညီနောင်ကိုဖမ်းစေ၏။ အစ်ကိုကိုမိလျှင်သတ်လေ၏။ ညီငယ်မှုကား သထုံပြည်မှ ထွက်ပြေး၍ ပုဂံရာမ (ပုဂံ) သို့ရောက်လျှင် အနော်ရထာမင်းစောထံ၌ ခစား၏။

မနုဟာမင်းလည်း ဗြတ်ဝိအလောင်းကို ပရောဂစီရင်၍ မြှုပ်လေ၏။ ထိုနေ့မှစ၍ သထုံမြို့ကို ရန်အပေါင်းတို့ မလှုပ်ချောက်ခြားနိုင်ပဲဖြစ်၏။

ပအာဝနမိဖုရားသည် ဖားစည်ကြီးကိုဖျက်ဆီးရန် အကြံပြုပြန်၏။ ယုံကြည်ရသူကို တံစိုးလက်ဆောင်ပေး၍ စေခိုင်းသည်။ ထိုသူသည် မနီးမဝေးအရပ်၌တည်းခိုပြီး လူယုံကြည်အောင် ပညာရှိအယောင်ဆောင်၍ ဟောပြောလျက် နေသည်။ ကျော်စောထင်ရှား၍ လူတို့ဆည်းကပ်ကိုးကွယ်သည့်အခါ မင်းကြီးထံရောက်လာသည်။ မနုဟာမင်းကြီးလည်း ထိုသူကိုယုံကြည်လာသည်။ ထိုအခါ ဖားစည်ကြီးဟောင်းနွမ်းလုသောကြောင့် တန်ခိုးအာဏာကောင်းစွာ မရှိဖြစ် နေပါသည်။ အကယ်၍ ဖားစည်ကြီးကိုဖျက်ပြီး နွားနက်ရေဖြင့်ပြင်၍ ကျက်ရလျှင် ရှေးကထက် တံခိုးကြီးမည်ဟု

လျှောက်၏။ ထိုသူတော်ရောင် လူစဉ်းလဲ၏စကားကို လိုက်နာ၍ ဘိုးလောင်းတော်တို့၏လက်ထက်မှ ဖားရည်စည်ကြီးကို ဖျက်၍ နွားနက်ရေကိုထည့်စေသည်။ ထိုဖားရေကို ဖျက်သည်မှစ၍ မနုဟာမင်းကြီးတန်ခိုးအာဏာယုတ်လျော့လေ၏။ သူတော်ယောင် ငစဉ်းလဲလည်းထွက် ပြေးတိမ်းရှောင်လေ၏။

သုဓမ္မဝတီပြည့်ရှင်မင်း ဘုန်းအာဏာနိမ့်လျက် ကျေးလက်ရွာပြည်၌ မုဒိန်းထူထပ်၍ အငတ်အမွတ်ကြီးသည်။ အရိယာသံဃာတော်တို့လည်း လွင့်ပြားလေ၏။

တစ်ပါးသော သာမဏေမှာ အရိမဒ္ဒနာပူရ ပုဂံမြို့၏နယ်ပယ်သို့ ရောက်သဖြင့် မုဆိုးတစ်ယောက်ကတွေ့လေ၍ ထိုသာမဏေအား အနုရုဒ္ဓဒေဝမင်းသို့ ဆက်သည်။ ထိုမင်းသည် ရတနာသုံးပါး၌ အထူးနှစ်သက်ပါသော်လည်း ပရိယတ္တိသာသနာတော်အမှန်ကို မကြားနာရသေး၍ အလဇ္ဇီရဟန်းတို့နှင့်သာ နေရလေသည်။ သထုံပြည်သည် သာသနာတည်၍ ပိဋကတ်တတ်မြောက်သော ရဟန်းတော်အများရှိကြောင်း သာမဏေထံမှကြားသိရလျှင် သာသနာတော်ကို အကြောင်းပြု၍ စစ်သည်ဗိုလ်ပါများနှင့် သုဓမ္မဝတီသို့ ချီတက်ပြီး တစ်ဆယ့်တစ်လလုပ်ကြံလျှင် သထုံပြည်ပျက်လေ၏။ *(သထုံရာ ဇဝင်၊ စာ - ၁၀၇-၁၁၀)*

## မွန်ရာဇဝင်

သထုံမြို့ပျက်ရကြောင်းကို မွန်ရာဇဝင်တွင် အောက်ပါအတိုင်းဖော်ပြထားသည်ကို တွေ့ရ၏။

သထုံမြို့သည် သာသနာတော်တည်၍ ဓန္မဓူရ၊ ဝိပဿနာဓူရကို ကျင့်သောရဟန်းများရှိကြောင်း၊ ရတနာသုံးပါး၊ စွယ်တော်ဓါတ်တော်များရှိကြောင်း၊ ပိဋကတ်တော်များရှိကြောင်း၊ သာသနာတော်တည်မည်ကိုလည်း အကြောင်းပြု၍ စစ်လေးမျက်နှာဗိုလ်ပါအများနှင့် သိန္ဓဝ မြင်းကိုစီး၍ သုဓမ္မဝတီမြို့ကိုရောက်၍ ရဲမက်တို့သည် တဆယ့်တစ်လဝန်းရံနေမှ မြို့ပျက်လေသည်။ အနုရုဒ္ဓါဒေဝမင်းလည်း မနုဟာမင်းကို သံကျိုင်လုပ်၍ ချည်နှောင်၍၊ လှောင်အိမ်နှင့်ယူခဲ့သည်။ အမတ်များကိုလည်း မြဲမြံအောင်၊ ဆိုင်သင့်သသူကိုအပ်၍ ယူခဲ့သည်။ ဂန္ဓဓူရ၊ ဝိပဿနာဓူရကို ကျင့်ဆောင်သော ရဟန်း၊ သီလဝုဒ္ဓိ၊ ဂုဏဝုဒ္ဓိရှိသော ရဟန်း၊ ပိဋကတ်တတ်သောရဟန်း မြတ်ရာဆောင်ရွက်၍ ဗေဒင်လေးပုံတတ်သောပုဏ္ဏား၊ ဗိန္ဓောပဇ္ဇဘုတ် ကျမ်းဂံတတ်သော ဆေးသမားပညာရှိ၊ မန္တာန်တတ်သောသူ၊ အလုပ်တတ်သောပညာသည်အပေါင်း သူဌေးသူကြွယ်တို့နှင့် မဆိုင်သင့်မတော်သူကိုချထား၍ အနုရုဒ္ဓါမင်းသည် ဗိုလ်ပါများနှင့် အသူရာမင်းကို သိကြားမင်းနိုင်သကဲ့သို့ သာယာစွာအရိမဒ္ဒနာပူရပြည်သို့ ပြန်တော်မူသည်။ *(မွန်ရာဇဝင်း၊ စာ-၁၂)*

## ဓမ္မစေတီမင်း၏ မှတ်တမ်း

ဓမ္မစေတီမင်း၏ ပဲခူးကလျာဏီသိမ်ကျောက်စာ၌မူ သထုံပြည်ပျက်သုဉ်းသည်မှာ မနုဟာမင်းလက်ထက် အားနည်းလျက်ရှိသော အကြောင်းကြောင့်ဖြစ်ရသည်ဟုဆို၏။ ထိုအကြောင်းကို ကလျာဏီပါဠိ ကျောက်စာမြန်မာပြန်တွင်-

ကြောင်း ၂၃။ ဤသို့လျှင် ရာမညဒေသ၌ သာသနာတည်သည်မှစ၍ ကြာမြင့်စွာသောကာလပတ်လုံး တင့်တယ်ပြောင်ရှန်းထွန်းပခဲ့၏။ ရှည်မြင့်စွာသောကာလလွန်လတ်သော် ရာမညတိုင်းသည် ကျယ်ဝန်းသော အဝန်းရှိသော်လည်း အသီးသီးမင်းအဖြစ်ကို အလိုရှိသဖြင့် လုယက်နှောက်ယှက်ခြင်းကို ပြုသောအားဖြင့်

ကြောင်း ၂၄။ ပျက်သောကြောင့်လည်းကောင်း၊ ယင်အနာဖြင့်နှိပ်စပ်သောကြောင့်လည်းကောင်း၊ မွတ်သိပ် ခြင်းနှိပ်စက်သောကြောင့်လည်းကောင်း၊ မြတ်သောသာသနာကိုကျဉ်းမြောင်းစေတတ်သော **မင်းခုနစ်ဦးတို့၏ စစ်သည် နှိပ်စက်သောကြောင့်လည်းကောင်း** ရာမညအရပ်သည် အားနည်းခြင်းဖြစ်လာ၏။

။ ၂၅။ ထိုသို့အားနည်းသောကြောင့် ထိုရာမညတိုင်း၌နေကုန်သော ရဟန်းတို့အား ချမ်းသာသဖြင့် ပရိယတ်ကိုလည်းကောင်း၊ ပဋိပတ်ကိုလည်းကောင်း ဖြည့်စွမ်းခြင်းငှာ မတတ်နိုင်သောကြောင့် သာသနာသည် တဖြည်းဖြည်းအားနည်းလာ၏။ အထူးသဖြင့် အားနည်းသည်မှာ သူရိယမင်းသားဟူ၍ ငယ်မည်ရှိသော မနုဟာမင်းပြုသောအခါ၌ ထိုရာမညတိုင်းအရပ်သည် လွန်၍ပင်အားနည်းလာ၏။

။ ၂၆။ ထိုအခါမြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်သည်မှ (၁၆၀၀)・သာရှိပြီဟူ၍ မှတ်အပ်၏။

သာသနာသက္ကရာဇ် (၁၆၀၁) ခုနှစ်မြန်မာသက္ကရာဇ် (၄၁၉) ခုနှစ်ရောက်သောအခါ အရိမဒ္ဒနာမည်သော ပုဂံပြည်ကိုအစိုးရသော

။ ၂၇။ အနော်ရထာမင်းစောသည် ပိဋကတ်သုံးပုံနှင့်တကွ ရဟန်းသံဃာအပေါင်းကို ရာမညတိုင်းမှ ဆောင်ယူခဲ့၍ အရိမဒ္ဒနာ ပုဂံပြည်ကြီး၌သာသနာတော်မြတ်ကိုတည်စေခဲ့သည်・・・

ဟူ၍အကျဉ်းရုံးဖော်ပြထားသည်။ (မြင့်သန်းဌွေ၊ စာ၊ ဂ၂) (သထုံကို အနော်ရထာတိုက်ကြောင်း အကျယ်ကို မှန်နန်းရာဇဝင်တွင်ကြည့်ပါ။ )

အနော်ရထာနှင့်စစ်ပြုသော သထုံသည်ယခု (အောက်မြန်မာနိုင်ငံ) သထုံမဟုတ်၊ ထိုင်း(ယိုးဒယား) နိုင်ငံ၊ နကွန်ပထုမ်ဖြစ်မည်ဟူသော အယူအဆနှင့်ပတ်သက်၍ ဦးပညာပြုစုသော သထုံရာဇဝင်မှ အောက်ဖော်ပြပါအကြောင်းအရာတို့ကို ဆက်လက်ဖတ်ရှုပါ။

ပုဂံပြည် (အနုရုဒ္ဓဒေဝ) အနော်ရထာမင်းစောနှင့် သထုံပြည်(မနောဟရီ)မနုဟာမင်းတို့ စစ်ကြီးဖြစ်ကြစဉ်

အနော်ရထာမင်းစောသည် အတိုင်းမသိ စစ်သည်သူရဲတို့ဖြင့်တပ်ကြီးချီလာ၏။ ထိုအကြောင်းကို မနုဟာမင်းကြားလျှင် သုဓမ္မဝတီမြို့တော် ကျုံး(၃)ထပ်ရှိသည်ကို ထပ်မံပြုပြင်၏။

မြောက်မျက်နှာမှာ မြို့အရှေ့မြောက် (လ၀) မြို့ဟောင်းရာနှင့် တစ်ဆက်တည်းဖြစ်သော တောင်ညွှန့်တောင်တန်းမှဆက်၍ အနောက်စူးစူးသို့ပင်လယ်ကမ်းခြေအရောက် ကျုံးမြောင်းနှင့် မြို့ရိုးကြီးပြုလုပ်၏။ ထိုခံတပ်မြို့ရိုးနှင့် မူလရှိရင်း မြို့ရိုးတို့အကြားအကြား၌လည်း ဆင်ခလုတ်၊ မြင်းခလုတ် ဖြစ်စေခြင်းငှာ၊ မြို့ရိုးကျုံးမြောင်း (၂) ထပ်စီလုပ်စေ၏။ ထို့ကြောင့်သထုံမြို့မှာ ပဋ္ဌမကမြို့ရိုး (၃)ထပ်၊ ကျုံးသုံးထပ်ရှိသော်လည်း၊ ယခုအခါ မြောက်မျက်နှာက မြို့ရိုး (၆) ထပ်၊ ကျုံး (၆) ထပ်ရှိလေသည်။

ဤသို့မြို့တော်ကို ခိုင်လုံအောင်ပြုလုပ်ပြီးလျှင် ပစ်စင်၊ ရင်တား၊ လက်နက်လူသူစီမံပြီးလျှင် အပြင် ဘက်ခံတပ်များကိုလည်းလက်ဝဲ၊ လက်ယာ (၄) တပ်စီတည်လုပ်စေသည်။ ခံတပ်တို့၏အမည်များကား

၁။ ကော့ခတပ်တွတ် (ကတိုက်ကလေး)
၂။ ကော့ခတပ်နွတ် (ကတိုက်ကြီး)
၃။ မရိသဘူမိမြို့ဟောင်းရာ (မရိုက်သဖုံး) (မရမ်းကုန်း)
၄။ ကော့ကာလာသောက (ဆင်ဖြူကျွန်း)

လက်ဝဲမှ (၄) တပ်စီမံ၍ မျိုးရိုးရိက္ခာ၊ လက်နက်လူသူအပြည့်အစုံသွင်း၍ ခံစေသည်။ လက်ယာဘက်၌လည်း

၁။ ကျိုက်ကော်ဘုရားရှေ့ ကဿဖတောင်၏အရှေ့မြောက်တွင် ဝက်ပါခံတပ် (ယခုဝင်းပရွာ)

၂။ ကဿဖတောင်၏အနောက်တောင်ထောင့်၌ ဗိုလ်ခိုင်ခံတပ်။ နောက်ထိုနေရာ၌ ဘုရားတည်၍ ကျိုက်ဗိုလ်ခိုင်ဘုရားခေါ်သည်။

၃။ ဒေးတွတ် (ခေါ်) ကုန်းကလေးခံတပ်၊ ယခုသာယာကုန်းဟုခေါ်သည်။
၄။ နွှတ်ကုလားခံတပ်။ ယခုနောင်ကုလားရွာခံတပ်များဖြင့်ခုခံစေသည်။

အနော်ရထာမင်း၏ ပုဂံပြည်မှ ရေကြောင်းနှင့် ကြည်းကြောင်းချီတက်စစ်သည်များ၊ ဥဿပဲခူး မြို့၌ ပေါင်းဆုံ၍ စစ်တောင်းမြစ်ကိုကူးပြီးလျှင် သထုံမြို့ကျေးစပ် ရေးအသားမင်းနေရာ ကသာ(ကျိုက်ကသာ)မည်သော အရပ်၌ တပ်တည်လျက်စခန်းချသည်။ စစ်သည်သူရဲတို့ကို သုံးကြောင်းသုံးသွယ်ခွဲ၍ချီတက်စေ၏။

ကြည်းတပ်မှာ ကျန်စစ်သားဗိုလ်မှူးပြု၍ အနောက်ဘက်ကြောင်းချီရ၏။ ငထွေရူးကိုဗိုလ်မှူးပြု၍ အရှေ့ဘက် ကြောင်းချီတက်လုပ်ကြံစေ၏။ ပင်လယ်ရေကြောင်းမှ ညောင်ဦးဘီးနှင့် ငလုံးလက်ဖယ်တို့ကို ပင်လယ်မှစေလွှတ်၍ သုဓမ္မဝတီမြို့ကိုတောင်ကတိုက်ခိုက်စေ၏။

အနော်ရထာမင်းသည် မြောက်မျက်နှာကသာလျှင် အကြီးအကျယ်ခံတပ်ပြု၍ ခုခံစေသည်။ ပင်လယ်ခရီးမှ ချီတက်လာသော ရေကြောင်းတပ်သည်သထုံမြို့ကို အနောက်မှကွေ့ပတ်လျက် ရင်းငြိမ်ဆိပ်ကတက်လေသည်။

ထိုရင်းငြိမ်ဆိပ်မှ တက်၍တပ်တော်ကို (၂) စုခွဲပြန်သည်။ ငလုံးလက်ဖယ်အုပ်ချုပ်သောတပ်သည် အရှေ့သို့ ယွန်း၍ တောင်ခြေ(ဇင်းကျိုက်)သို့ ကပ်လျက်တိုက်ခိုက်သိမ်းယူပြီး သထုံမြို့၏အရှေ့တောင် (ကော့) မည်သောအရပ် တွင် တပ်စွဲလျက်ဝန်းရံသည်။ ညောင်ဦးဖီးအုပ်ချုပ်သောတပ်သည်ရင်းငြိမ်မှ မြောက်သို့တောင်စဉ်တလျှောက် တိုက်ခိုက် သိမ်းယူရန် တောင်တန်း၏အဆုံး မုခစရနီမြစ် (ယခုဆားချောင်း) ကမ်း၌ တပ်တည်၍သထုံမြို့ကိုဝန်းရံလေ၏။

ထိုသို့ရေကြောင်း၊ ကြည်းကြောင်းစစ်ကြီးချီလာသောအခါ မနုဟာမင်း၏လက်ဝဲ၊ လက်ယာခံတပ်တို့သည် တစ်တပ်ပြီးတစ်တပ် ဆုတ်ခွါလျက်နောက်ဆုံးမြို့တွင်းကသာ စု၍ခုခံကြရတော့သည်။

အနော်ရထာ၏ကုန်းကြောင်းစစ်သည် တို့လည်း အစဉ်အတိုင်းအောင်မြင်၍ အနောက်ကြောင်း စစ်သည်တို့သည် မနုဟာမင်း၏ဆင်ဖြူတော် ၃၂ စီးထား ရာကာလသောကခေါ် (ဆင်ဖြူကျွန်း ခံတပ်)က တပ်စွဲ၍သထုံကို ဝန်းရံသည်။ အရှေ့ဘက် ကြည်းကြောင်းတပ်ကလည်း သထုံမြို့၏အရှေ့မြောက် ကျိုက်ကေသာရ အနောက်တောင်ခြေရင်း၌ တပ်စွဲ၍ သထုံ မြို့ကိုဝန်းရံသည်။



သထုံမြေနီကုန်း(ဇယဘူမိ)ပေါ်တော်ပြန်စေတီ

အနော်ရထာမင်းစောလည်း ကသာ တပ်တော်စခန်းမှချီတော်မူ၍မူးသီ(မှသင်) ၌ တပ်စခန်းချသည်။ ထိုမှချီပြန်သော် ကျိုက်ကော်ဘုရား၏ မြောက်ဘက်တွင် စခန်းချသည်။ ထိုစခန်းမှနေ၍ စည်းစိမ် မပျက်၊ အသက်မသေ၊ နေလိုလျှင် ဓါတ် တော်၊ မွေတော်၊ ပိဋကတ်တော်များနှင့် ထီးနန်းကိုအပ်ရမည်ဟု မနုဟာမင်းထံစေ လွှတ်၍တောင်းစေ၏။ မနုဟာမင်းလည်း မြို့ကိုလုံခြုံစွာပိတ်၍ တိတ်ဆိတ်စွာနေ၏။ စကားမပြန်ချေ။ အနော်ရထာမင်းလည်း ရှေ့သို့ဆက်လက်ချီခဲ့ပြန်၍ သုဓမ္မဝတီ သထုံမြို့၏ မြောက်ဘက်ကုန်းပြင်တစ်ခု၌ တပ်စွဲ၍ သထုံမြို့ကိုလုပ်ကြံတော်မူ၏။

ထိုအခါ သထုံ၏အရှေ့တောင်မှ ကော့တပ်၊ အနောက်တောင်မှ မုခစရနီ တပ်၊ အနောက်မြောက်မှ ကာလာသောကတပ်၊ အရှေ့မြောက်မှ ကျိုက်ကေသာ ရတပ်၊ မြောက်တည့်တည့်မှ ဘုရင်မင်း၏ တပ်တော်ကို သထုံမြို့ကို(၅)တပ် လုံးဝိုင်း ၍ တိုက်ခိုက်သောကြောင့် အောင်မြင် နိုင်နင်းလေ၏။ ထိုသို့ မြောက်ဘက် တပ်တော်စခန်းချရာနေရာကိုဇယဘူမိ ဟုသမုတ်ခဲ့သည်။ ယခုမြေနီကုန်းဟု ခေါ်သည်။ အနော်ရထာမင်းသည် ဇယ ဘူမိတပ်တော်၏ရှေ့တပ်ဦး၌ သထုံကို အောင်၍ပြန်တော်မူသည့်အထိန်းအမှတ် စေတီတစ်ဆူတည်ထားသည်။ ယခု ပေါ်တော်ပြန်ဟုခေါ်သော စေတီဖြစ်၏။

အနော်ရထာမင်းစောလည်း သထုံပြည်ကိုအောင်တော်မူ၍၊ မင်းမိဖုရားနှင့်တကွ၊ ပိဋကတ်တော်၊ ဓါတ်တော်၊ မွေတော်၊ ရုပ်တုတော်၊ ဆင်ဖြူတော်မှစ၍ ယူသင့်ရာရာသိမ်းယူတော်မူပြီးလျှင် အရိယာသံဃာတော်(၁၀၀၀)ကိုလည်း ပင့်ဆောင်တော်မူ၍ တပ်တော်အစဉ်အတိုင်းနှုတ်ပြီးလျှင် ပုဂံပြည်သို့ပြန်သည်။

ထိုအခါ သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မဝတီ၊ သထုံမြို့နှယ်ဆုံးကသာ (ကျိုက်ကသာ) တပ်တော်စခန်းသို့ ရောက်သောအခါ၊ သထုံပြည်မှပင့်ခဲ့သော သံဃာတော် (၁၀၀၀) တို့သည်၊ ငါတို့ပုဂံပြည်သို့ လိုက်ပါ၍သွားလျှင်၊ သထုံပြည်၌ ဘုရားသခင်၏ လက်ထက်တော်မှစ၍ တည်ထွန်းခဲ့သော သာသနာတော်ကြီး သုံးရပ်သည် မေးမှိန်ကွယ်ပရစ်တော့မည် ဟု သတိသံဝေဂဖြစ်တော်မူကုန်ကြ၍၊ တပ်တော်စခန်းနှင့် မနီးမဝေးတောကြီးသို့ဝင်၍ ဈာန်သမာပတ်ဖြင့် နေတော်မူ ကြကုန်၏။ ထိုအခါအနော်ရထာမင်းက ပင့်သော်လည်းမရသဖြင့် ပညာရှိမှူးမတ်များနှင့် တိုင်ပင်သောအခါ ပညာရှိတို့က သာသနာကွယ်ပျောက်မည်စိုး၍ မလိုက်လိုကြသဖြင့် ဈာန်ဝင်စား၍နေကြောင်း လျှောက်ထားကြလေ၏။ ပင့်၍ ရမည်မဟုတ်ကြောင်း ဥပါယ်တမျှင်ဖြင့် လျှောက်တင်ကြကုန်၏။

မှူးမတ်ပညာရှိတို့လျှောက်သည့်အတိုင်း အရိယာသံဃာတော် (၁၀၀၀) တို့၏နေရာတော်၌ ဘုရားပေါင်း စေတီပေါင်း (၁၀၀၀) တည်ပြီးမှ “အရှင်ဘုရားတို့ပုဂံပြည်သို့ကြွ၍ သာသနာတော်ကိုပြုစုချီးမြှင့်တော်မူပါ။ ဤသထုံမြို့၌



ကျိုက္ကသာ ဘုရားတစ်ထောင်ကုန်းမှ ရှေးဟောင်း(စေတီကုန်း)များ

အရှင်တို့၏ဆရာမြတ်စွာဘုရား၏ ဥဒ္ဒိဿစေတီတော် (၁၀၀၀) လည်းရှိရစ်ပါပြီ။ နောက်နောင်ကိုလည်း သာသနာတော် မကွယ်ပအောင်စောင့်ရှောက်ပါမည်"ဟု လျှောက်တော်မူကြကုန်၏။

ထိုအခါတည်သော စေတီတော်ပေါင်း (၁၀၀၀) ကိုမွန်လူမျိုးတို့က ကျိုက်လင်းဟုခေါ်ကြသည်။ ယခုအခါ တောခြုံတို့အတွင်း၌ ပျိုပျက်လျက်ရှိနေကြ၍၊ ထိုဘုရားများရှိရာ တောကြီးကိုဘုရားတစ်ထောင်တောဟု မြန်မာဘာသာ ဖြင့် ပင့်ခေါ်ကြကုန်၏။ (၎င်းဘုရားတစ်ထောင်တောနှင့် ဘုရားတစ်ထောင် စေတီငယ်များကို ကျိုက္ကသာရွာ၊ ဘုရား တစ်ထောင်ကုန်း၌ တွေ့နိုင်ပါသည်။) *(သထုံရာဇဝင်၊ စာ ၁၁၃-၁၉)*

## သထုံမင်းဆက်များကိုဖော်ပြခြင်း

သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီ၊ သထုံပြည်သည်ကား ဘိုးတော်အခ္ခနမင်းဖြိုကြွင်း သက္ကရာဇ် (၁၁၀) ပြည့်နှစ် (၆၈၂ ဘီစီ) သီဟရာဇာမင်းအား၊ သိကြားမင်းဖန်ဆင်းပေးသော သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမြို့၌ သီဟရာဇာအစ အကံ့ရမင်း အဆုံးမင်း(၅)ဆက်။

ထို့နောက် သုဝဏ္ဏဘူမိ၊ သုဓမ္မပူရမြို့၌ ဥပဒေဝရာဇသံဝေမင်း အစတည်၍စံနေသည် မင်း (၁) ဆက်။

ထို့နောက် မရိသဘူမိ၊ သုဓမ္မဝတီမြို့၌ ရာဇာဇေနီမင်း ၎င်းနောက်သားတော်ရာဇာဇေဝေမင်း နှင့် ပေါင်းမင်း (၂) ဆက်။

ထို့နောက် ၎င်းရာဇာဇေဝေမင်းပင် ဟာရိသရဘူမိ၊ သုဓမ္မဝတီ ရွှေလောင်းအင်းမြို့ကိုတည်၍ (၁၂)နှစ် နန်းစံပြီးမှ၊ တိုက်ကုလားနယ်၊ သုဝဏ္ဏဘူမိ+သုဓမ္မဝတီမြို့ကိုတည်၍ နန်းစံပြန်သည်။ (၃၁)နှစ်ရှိမှာ မြို့ပေါင်း(၃)မြို့ နန်းစံ၍ စည်းစိမ် (၄၅)၊ အိမ်နိမ့် (၂၅)၊ အသက် (၇၀) တွင် အနိစ္စဖြစ်သည်။ ထိုတိုက်ကုလား သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမြို့၌ ရာဇာဇေဝေခေါ် သီရိဓမ္မာသောကအစ ဥရုနာဂဘဝမင်းအဆုံး မင်းပေါင်း (၁၀) ဆက်။

ထိုမင်းသည် ယုဂန္ဓရာဇာ၊ ဇောတိပါလမင်း၏လက်ထက် ဥပဒေဝမင်းတည်ခဲ့သော သုဝဏ္ဏဘူမိ၊ သုဓမ္မပူရမြို့သို့ ပြောင်းခဲ့ပြန်၍ ထိုဇောတိပါလမင်းအစ၊ မနုဟာမင်းအဆုံး မင်းပေါင်း (၄၁) ဆက်၊ ပေါင်း (၆) မြို့မှာ မင်းပေါင်း (၅၈) ဆက်ပြည့်လေ၏။

ဤမင်းအမည်များကို ယိုးဒယား (ထိုင်း) နိုင်ငံမှရသော ပေစာမူမှ ပါဠိဂါထာကိုအောက်ပါအတိုင်းတွေ့ရပါသည်။

သုဓမ္မဝတိမ္ဟနိမံ ။ ။ ကတမေထာဇာ။ ။ သီဟကုမ္မာသုဓမ္မရာဇာ။ သီရိဓမ္မာသောကရာဇာ။ သီရိဓမ္မရာဇာ။ ဓမ္မဒဿီရာဇာ။ ဓမ္မဒဇ္ဇရာဇာ။ အကံ့ရရာဇာ။ ဗလဒေဝရာဇာ။ သီရိရာဇာ။ ဇောတကုမ္မာရာဇာ။ သီရိဓမ္မာသောကံ ပကာသိတံ။ တတောပရံ ဒုဒယရာဇာ။ ကာလဝဏ္ဏရာဇာ။ အဇိန္နကရာဇာ။ မဟာသလရာဇာ။ ဥရုဏ္ဏကရာဇာ။ နရသူရာဇာ။ မဟာဘဒြရာဇာ။ အနုဓဝရရာဇာ။ သီရိဂုတ္တိယရာဇာ။ ဥရုဏ္ဏကရာဇာ။ ယုဂန္ဓရာဇာ။ သုနန္ဒရာဇာ။ ဖြဟ္မဒတ္တရာဇာ။ ပုညရာဇာ။ ဘဝိကရာဇာ။ ပူရောဓိတရာဇာ။ သာဓုရာဇာ။ ဓမ္မပါလရာဇာ။ ဒဿနရာဇာ။ ယောဂဒိယရာဇာ။ အသက္က ရာဇာ။ ပဒုမ္မရာဇာ။ ဗန္ဓုရာဇာ။ သီလရာဇာ။ မဟိံသရာဇာ။ ဗာလိကရာဇာ။ ဗမ္ဗုတ္တရရာဇာ။ ဒေဝရာဇာ။ ကေသရာဇာ။ မူနိရာဇာ။ သက္ကရာဇာ။ ကုသရာဇာ။ နရာဓိတရာဇာ။ ဝေလုရာဇာ။ စိတ္တရာဇာ။ ဗန္ဓရာဇာ။ ဒီယရာဇာ။ သိဝိရာဇာ။ ဥရုကရာဇာ။ ဥဿုတ္တရာဇာ။ သီရိဓမ္မာသောက - မဟာစက္ကဝရာဇာ။ ဗန္ဓရရာဇာ။ ဇယသုမနရာဇာ။ ဗန္ဓရာဇာ။ အဇိန္နရာဇာ။ ဥဒိန္နရာဇာ။ မနုဟာရာဇာ။ ဣမေနာနာသတ္တပညာသရာဇာ။ မဟိဒ္ဓိကာ။ သာသနဿပတိတ္ထိတာ။

ဤပါဠိဂါထာ၌ မင်း (၅၇) ဆက်ရှိကြောင်းကို ဆိုသည်။ သို့ရာတွင် သာသနာပြုသောမင်း (၅၇) ဆက်ဟုဆိုသောကြောင့် သာသနာကိုဖျက်သော (အက်ရ) မင်းနှင့်ပေါင်းသော် မင်း (၅၈) ဆက်နှင့် ညီလေသည်။ ယိုးဒယားမှုနှင့် သထုံရာဇဝင်မှု မင်းအမည်မတူကွဲပြားမှုများရှိပါသည်။ သို့သော် မင်းတစ်ယောက်တည်းကိုပင်၊ နှစ်မည်၊ သုံးမည်တွင်ရကြောင်း ရှေ့တွင်ဖော်ပြပြီးဖြစ်၍ နာမည်သာကွဲပြားသော်လည်း မင်းဆက်ကိုအတူတူပင်ယူကြပါ။ *(ဦးပညာ၊ စာ - ၁၁၉-၁၂၁)*

**မနုဟာမင်းပုဂံသို့ပါသွားပြီးနောက် သထုံမင်းဆက်များ**

သထုံမြို့ကို အနော်ရထာသိမ်းပြီးလျှင် မင်းကိုပါယူဆောင်သွားပြီးနောက်

| | | |
|---|---|---|
| ၁။ | စစ်သူကြီးလက်ဝဲသူရမင်းပြု | ၂၅ နှစ် |
| ၂။ | သား နန္ဒသူရ | ၁၂ နှစ် |
| ၃။ | ကြက်ဖမင်းပြု | ၁၁ နှစ် |
| ၄။ | ကျားမင်းပြု | ၁ နှစ် ၂ လ |
| ၅။ | ကျားသေသည့်နေရာ မြို့တည်၍ ဗျဂ္ဃဘူမိမြို့ခေါ်တွင်၊ ပုဂံမင်းသား ဗျဂ္ဃရာဇာမင်းပြု | ၁၂ နှစ် |
| ၆။ | ခြင်္သေ့မင်းပြု | ၁ နှစ် |
| ၇။ | ပုဂံမင်းသား ဇောတဒေဝမင်းပြု | ၂၄ နှစ် |
| | ပေါင်း | ၈၆ နှစ် ၂ လ |

ထို့နောက် မင်းဆက်ပြတ်၍ သထုံဆိုသော သုဓမ္မပုရမြို့သည် ပျောက်ကွယ်၍ လွင်ဖြစ်ရလေ၏။ (ဦးပညာ၊ စာ၁၂၂)

ဤသထုံရာဇဝင်ပါအကြောင်းအရာတို့သည် ခေတ်ပြိုင်ကျောက်စာလည်းမဟုတ်၊ သမိုင်းမှတ်တမ်းဟုလည်း မဆိုသာ။ ဒဏ္ဍာရီပါအကြောင်းအရာတို့ကို သမိုင်းနည်းဖြင့် အချိန်ကာလ၊ နေရာဒေသနှင့် အဖြစ်အပျက်များကို ထုတ်နုတ်ပြီးဆန်းစစ်တင်ပြပါဦးမည်။

အချိန်ကာလအားဖြင့် ဗုဒ္ဓမတိုင်မီခေတ်၊ ဗုဒ္ဓခေတ်နှင့်ဗုဒ္ဓလွန်ခေတ်အကြောင်းတို့ ပါဝင်နေပါသည်။ သုဝဏ္ဏဘူမိသထုံပြည်ကို ဗုဒ္ဓမြတ်စွာမပွင့်မီကာလ၌ပင် စတင်တည်ထောင်သည်ဟုဆို၏။ အိန္ဒိယမှ စွန့်စားလာရောက်သော မင်းသားတစ်ပါးနှင့် နောက်လိုက်နောက်ပါများဖြစ်ကြပါသည်။ လာရောက်သည့် ရက်စွဲကိုမသိရပါ။

တစ်ဖန် သိကြား၊ ရသေ့၊ ဝိဿကြုမ်ိန်ဲတို့ ဖန်ဆင်းတည်ထောင်ပေးခဲ့ကြသော သုဓမ္မဝတီ၊ သုဝဏ္ဏဘူမိ မြို့တော်များ ပေါ်ပေါက်လာကြ၏။ ပထမသုဓမ္မဝတီ၊ ဒုတိယသုဓမ္မဝတီမြို့များ ဖြစ်ကြ၏။ ပထမသုဓမ္မဝတီသည် "သုဒ္ဓမာနဝ" ကို "သုဓမ္မရာဇာ"အဖြစ် နန်းတင်ပေးသောမြို့ဖြစ်သည်။ သိကြားမင်းက ထိုမြို့ကို မြို့ရိုးခုနစ်ထပ်၊ ကျုံးခုနစ်ထပ်ဖြင့် ဖန်ဆင်းတည်ထောင်ပေးသည်ဆို၏။ ထိုအချက်မှာ မှတ်သားစရာကောင်းသလို၊ စိတ်ဝင်စားဖွယ် လည်းကောင်း၏။ အကြောင်းမူ သထုံဒေသတွင် မြို့ရိုးအထပ်များများနှင့် တည်ထားသောမြို့ဟောင်းရာများကို ကောင်း ကင်ဓါတ်ပုံပေါ်မှ ရှာဖွေတွေ့ရှိထားခြင်းကြောင့်ပင်ဖြစ်၏။ ဥပမာ ကျိုက္ကသာမြို့ဟောင်းဆိုလျှင် မြို့ရိုးအထပ် (၇) ထပ် ထက်မနည်းရှိသည်။ ဇုတ်သုတ်မြို့ဟောင်းမှာလည်း ထိုနည်းအတိုင်းပင် မြို့ရိုးအထပ်များပါသည်။ ဤမြို့ဟောင်းနှစ်မြို့မှာ အရွယ်အစား လည်းမသေးငယ်လှပေ။ မြို့တည်ရာအနေအထားကလည်းကောင်းသည်။ ကျိုက္ကသာမှာ စစ်တောင်းမြစ်ဝ၌ ရှိ၍၊

ဇုတ်သုတ်မှာ ဘီးလင်းမြစ်ဝတွင်ရှိသည်။ ရှေးဟောင်းအဆောက်အအုံအကြွင်းအကျန်၊ ယဉ်ကျေးမှုလက်ရာအကြွင်းအကျန်များလည်း တွေ့ရှိရပါသည်။

ဒုတိယသုဓမ္မဝတီမြို့ကို သီရိယကုမ္မာမင်းသားအတွက် ရသေ့နှစ်ပါးတို့က စီမံဖန်တီးပေး၏။ သိကြားမင်းက ကူညီသည်။ မြို့ရိုး (၇) ထပ်၊ ကျုံး (၇) ထပ်နှင့်ပင်တည်ခဲ့သည်။ ထိုမြို့တည်ထောင်ချိန်ကို မသိရပေ။ ဗုဒ္ဓဘုရားမပွင့်မီကပဟုသာမှတ်ရ၏။ မြို့တည်ရာဌာနမှာ ရသေ့နှစ်ပါးတို့၏ သင်္ခန်းကျောင်း နှစ်ခုအကြားနေရာဟူ၍သာ သိရပါသည်။ သထုံဒေသတွင် ရသေ့တို့သီတင်းသုံးသော တောင်များရှိကြပါသည်။ ထိုတောင်နှစ်တောင်အကြားဖြစ်မည်ဟူ၍သာ မှန်းဆနိုင်ပါသည်။

တတိယသုဓမ္မဝတီတည်ထောင်သည့် ရက်စွဲကိုလည်းမသိရသေးပေ။ တည်ထောင်ပေးသူတို့မှာ ဇင်းကျိုက်တောင်ရသေ့နှင့် ဇွဲကဗင်တောင်ရသေ့တို့ ဖြစ်ကြောင်းသိရသည်။ ဝိဇ္ဇာဓိုရ်က ကူညီ၍ ရွှေအုတ်များဖြင့် မြို့ရိုးတည်ပေးကြောင်း၊ ထိုရွှေအုတ်များစွာကိုအကြောင်းပြုပြီး သုဝဏ္ဏဘူမိခေါ်ကြောင်း အဓိပ္ပါယ်တစ်မျိုးသိရ၏။ မြို့တည်သောနေရာမှာ ယခုသထုံမြို့ အရှေ့တောင်တန်းကြီးမှ ဂေါ့တောင်၏ မြောက်ဘက်အရပ်ဟု နေရာအညွှန်းပေးထားသည်။ ယခု သထုံမြို့ဟောင်းအနီးပတ်ဝန်းကျင်ပင်ဖြစ်ပါသည်။ ထိုမြို့တွင် ဓမ္မဇမင်းမျိုး (၁၆) ဆက်နှစ်ပေါင်း (၂၃၇) နှစ်သက်တမ်းကြာမြင့်ခဲ့ကြကြောင်း အဆိုရှိသော်လည်း အစနှစ်နှင့်အဆုံးနှစ်ကိုမသိရသေးပေ။

စတုတ္ထသုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမြို့မှာ တတိယသဓမ္မဝတီမြို့နေရာမှာပင် အသစ်ထပ်မံပြုပြင်၍ တည်သောမြို့ဖြစ်ပါသည်။ ရသေ့နှစ်ပါးအပြင် သိကြားမင်းလည်းပါသည်။ ဝိဇ္ဇာနှင့်နဂါးမတို့မှရသော ဥကြီးနှစ်လုံးလည်းပါသည်။ ဥကပေါက်သောလူသားအကြောင်းမှာ အလွန်ဒဏ္ဍာရီဆန်ပါသည်။ အချိန်ကာလအားဖြင့် ဗုဒ္ဓပွင့်ချိန်နှင့်တိုက်ဆိုင်နေ၏။ အိန္ဒိယနိုင်ငံဗုဒ္ဓကျမ်းစာများ၌မတွေ့ရသော ဂဝံပတိရဟန္တာအကြောင်းပါဝင်နေသည်မှာ သိပ္ပံပညာရှင်များအတွက် အထူးကန့်ကွက်စရာဖြစ်နေပါသည်။ ဂဝံပတိရဟန္တာ၏အမည်သည် အိန္ဒိယတွင်သမိုင်းဝင် ထင်ရှားလှသည်မဟုတ်သော်လည်း မြန်မာ့သမိုင်း၌မူထင်ရှားသည်။ ပုဂံခေတ်မူလ ထိုးကျောက်စာတစ်ချပ်တွင် ဂဝံပတိအမည်ပါရှိ၏။ အောက်မြန်မာနိုင်ငံ သထုံဒေသအတွက် ဂဝံပတိရဟန္တာသည် ဖယ်ထုတ်ပစ်၍မရသော သမိုင်းဝင်ပုဂ္ဂိုလ်ဖြစ်နေပါသည်။ သထုံသည် ဗုဒ္ဓနှင့်ခေတ်ပြိုင်တည်ရှိနေကြောင်း ဤဂဝံပတိရဟန္တာ ယုံကြည်မှုသက်သေထူပြသလျက်ရှိသည်။ အရှင်ဂဝံပတိဆောင်ယူလာခဲ့သော သွားတော်ဓါတ်ဌာပနာသည့် စေတီများရှိသည်။ ဗုဒ္ဓဆံတော်စေတီတော်များလည်း အများအပြားပင်ရှိပြီး ယနေ့တိုင်ယုံကြည်ကိုးကွယ်အားထားနေကြပါသည်။

ရှေးဟောင်းသုတေသနအမြင်အရဆိုလျှင် ဤစတုတ္ထသုဝဏ္ဏဘူမိကိုလည်း မြို့ရိုး (၇) ထပ်၊ ကျုံး(၇)ထပ်ဖြင့် တည်ထားခဲ့ကြောင်းမှာအရေးကြီးသည်။ တည်ထောင်သောခုနှစ်သက္ကရာဇ်ကို ဤမြို့ကျမှ အသေအချာသိရသည်မှာလည်း အရေးကြီးပါသည်။ သီဟရာဇာမင်းအသက် (၁၇) နှစ်အရွယ်၊ ဘိုးတော်အဋ္ဌမင်းဖြိုကွင်းသက္ကရာဇ်(၁၀၀)ပြည့်နှစ်ဟု အညွှန်းပါရှိ၏။ ခရစ်နှစ်သို့ဖလှယ်သော် ထိုရက်စွဲမှာ (ဘီစီ ၅၈၂) တွင် ကျရောက်လျက်ရှိ၏။ ထိုရက်စွဲသည် ဤစတုတ္ထသုဝဏ္ဏဘူမိမြို့၏မြို့တည်ရက်စွဲပင် ဖြစ်တော့သည်။ (ဗုဒ္ဓဘုရားရှင်ပရိနိဗ္ဗာန်စံနှစ်ကို ဘီစီ ၅၄၄ ဖြင့် ဖလှယ်တွက်ယူသည်။)

ဤစတုတ္ထသုဓမ္မဝတီမြို့တည်ကာလအတွင်း သမိုင်းဝင်အဖြစ်အပျက်များစွာရှိခဲ့၏။ သထုံနယ်မှ ဆံတော်စေတီပေါင်း (၁၅) ဆူ၊ သွားတော်ဓါတ်စေတီပေါင်း (၁၁) ဆူ၊ အမည်ထင်ရှားလျက် ယနေ့တိုင်တည်တန့်နေခြင်းကိုထောက်ထားစရာရှိပါသည်။ သထုံမြို့တွင်း သုဝဏ္ဏမင်းကြီးလက်ထက်တည်သည်ဟု ဆိုသော ရွှေစာရံစေတီ (ထပ်မံပြုပြင်) မြသပိတ်စေတီ၊ သာရကလျာဏီကုန်း (ပေါ်တော်မူ) စေတီ၊ ဇံသီးစေတီ၊ နန်းတော်ဦးစေတီ၊ ရဟန္တာတိုက်တော်စသည်အဆောက်အအုံများ ယနေ့တိုင်တည်တန့်နေပါသေးသည်။ ဤအဆောက်အအုံဟောင်းနေရာတို့မှာရှေးဟောင်းသုတေသနနည်းဖြင့် စူးစမ်းလေ့လာ အဖြေရှာရမည့်နေရာဌာနများပင်ဖြစ်ကြ၏။

ထို့ထက်ထင်ရှားသောသက်သေမှာ သထုံမြို့ဟောင်းက မြို့ရိုးဟောင်းများပင်ဖြစ်သည်။ ခရစ်တော်မပေါ်မီက အနှစ် (၅၀၀) ခန့် (ဘီစီ ၅၈၂) က တည်ခဲ့သောမြို့ရိုးဟောင်းများ သထုံတွင်အမှန် တကယ်ရှိပါကလားဟု စံနစ်တကျ စူးစမ်းလေ့လာဖော်ထုတ်သင့်ပါသေးသည်။

ပဥ္စမသုဓမ္မဝတီ(ဥပဒေဝမြို့)သည် မြေမျိုသွားသော မြို့ရာဟောင်း၏တောင်ဘက် ကပ်လျက် မြို့ရိုးသုံးထပ်၊ ကျုံးသုံးထပ် ( ယခုသထုံမြို့ဟောင်းနေရာ) တည်ထားသည်ဟု ဆို၏။

ဆဋ္ဌမသုဓမ္မဝတီမြို့ဟောင်းနေရာသည် ယခုမုတ္တမမြို့အနီးအတွင်ရှိ၏။ မူလသုဓမ္မဝတီမှခွဲထွက်ပြီး ဧညဝတီ အမည်ဖြင့်ထွန်းကားနေခဲ့သည်။ မင်းပေါင်း (၁၂) ဆက်တည်တန့်နေခဲ့သည်ဆို၏။ ပဲခူး၊ ဟံသာဝတီကို လက်မွန်အစ ထူထောင်သော သမလ၊ ဝိမလမင်းသားတို့မွေးရပ်ဇာတိလည်းဖြစ်သည်။ သထုံ နှင့် ပဲခူးခေတ်ပြိုင်ထွန်းကားခဲ့ပုံကိုလည်း ဖော်ပြလျက်ရှိ၏။ ဆက်လက်နောက်ထပ် သုတေသနပြုသင့်သော မြို့ဟောင်းတစ်နေရာဟုဆိုရမည်။

သတ္တမသုဓမ္မဝတီ (မရိုက်သဖုံး)၊ အဋ္ဌမသုဓမ္မဝတီ (ရွှေလောင်းမြို့)၊ နဝမသုဓမ္မဝတီ တိုက်ကုလား(ဝင်းက) မြို့ဟောင်းရာတို့သည် မူလသုဓမ္မဝတီမှ မြောက်ဘက်သို့ခွဲထွက်သွားခဲ့ကြ၏။ မရိုက်သဖုံးနှင့် ရွှေလောင်းမှာသိပ်မ ထင်ရှားလှပေ။ တည်တန့်ချိန်တိုတောင်းလှသည်။ သို့သော် နေရာထင်ရှားရှိပေသည်။ မရိုက်သဖုံးမြို့ဟောင်းမှ မရမ်းကုန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေးတို့သည် မြန်မာနိုင်ငံတွင် ထူးခြားသောမြို့ဟောင်းနေရာများဖြစ်ကြပါသည်။ အရွယ် အစားသေးငယ်သော်လည်း မြို့တည်ပုံဆန်းပြားသည်။ ကတိုက်ကြီးနှင့် ကတိုက်ကလေးတို့သည် ဇုတ်သုတ်နှင့် ကျိုက္ကသာတို့နှင့် တူလုစွာခြေဖဝါး (ပါဒ) ပုံမျိုးရှိကြသည်မှာဆန်းသည်။ မြို့ရိုးအထပ်လည်းများသည်။ သထုံနှင့် ခေတ်ပြိုင်ဖြစ်ကြောင်းမြို့ရိုးအုတ်ချပ်များက သက်သေပြလျက်ရှိပါသည်။

တိုက်ကုလား (ဝင်းက) မြို့ဟောင်းမှာ အရေးအပါဆုံးဖြစ်၏။ ထိုမြို့တွင် သီရိမာသောကမင်း အုပ်စိုးနေစဉ် မဇ္ဈိမဒေသ၊ ပါတလိပုတ္တရမြို့မှ သာသနာပြုရဟန်းတော် အရှင်သောဏနှင့် ဥတ္တရတို့၏ အဖွဲ့ဆိုက်ရောက်လာကြောင်း ရာဇဝင်က ဆိုထားပေသည်။ မြို့တည်ရက်စွဲကို သာသနာ (၂၀၈)ခုနှစ် (ဘီစီ ၃၃၆) ၊ မြို့ပျက်ရက်စွဲကို သာသနာ (၄၅၀)ပြည့်နှစ် (ဘီစီ ၉၄)၊ မြို့သက်ပေါင်း (၂၄၂)နှစ်ရှိခဲ့ကြောင်းဖော်ပြထားသည်။ ဤမြို့အကြောင်းကိုပဲခူးကလျာဏီ သိမ်ကျောက်စာ၌ ရေးထိုးထားခဲ့ခြင်းဖြစ်၍ သမိုင်းဆရာများ အမျိုးမျိုးဝေဖန်သုံးသပ်လျက်ရှိသော ပြဿနာလည်းဖြစ် သည်။ မြန်မာနိုင်ငံအစောဆုံး ရှေးဟောင်းသုတေသနဝန်ထမ်း၊ ပညာရှင်ဒေါက်တာအီးဖော်ခမ်းမားက အရေးတယူ ပြု၍ ဗွေဆော်ဦးကွင်း ဆင်းစစ်ဆေးခဲ့သည့် မြို့ဟောင်းတစ်ခုလည်းဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း တူးဖော်မှု ကုန်းပေါင်း (၆) ကုန်းအား ရှေးဟောင်းသုတေသနနည်းဖြင့် တူးဖော်သုတေသနပြုခဲ့သည့် မြို့ဟောင်း လည်းဖြစ်ပါသည်။ ထိုမြို့သည် သက္ကရာဇ်နှင့် ရှင်ဘုရင်တို့၏အမည်များမှာ ရာဇဝင်ထဲတွင်သာ ထင်ကျန်ရစ်နေဆဲ ဖြစ်ပါသည်။

ဒသမသုဓမ္မပူရ၊ သုဝဏ္ဏဘူမိမြို့ဟောင်းကြီးကား အရေးကြီးဆုံးမြို့ဟုဆိုရမည်။ အဘယ့်ကြောင်ဆိုသော် တည်ထောင်သောခုနှစ်၊ သာသနာ(၄၅၀)၊ (ဘီစီ ၉၄)မှ ပျက်သုန်းသောနှစ်၊ သာသနာ(၁၆၀၀)ခုနှစ် (အေဒီ ၁၀၅၇) အထိ မြို့သက်ပေါင်း (၁၁၅၀) နှစ်ကြာကြာ၊ တစ်ဆက်တစ်စပ်တည်းထွန်းကားခဲ့ခြင်းကြောင့်ဖြစ်၏။ မြန်မာ့ ရှေးမြို့တော် ဟောင်းများအနက် သက်တမ်းအရှည်ဆုံးမြို့များထဲတွင် တစ်မြို့ပါဝင်ပေလိမ့်မည်။ မင်းပေါင်း (၄၈) ဆက် အုပ်စိုးခဲ့သည် ဆို၏။ မြို့တည်နေရာအတိအကျရှိ၏။ မြို့ရိုးဟောင်းကျုံးဟောင်း ထင်ရှားကျန်ရစ်၏။ နန်းတော်ရာ ကုန်းဟောင်းကျန်သေး၏။ ရွှေစာရံစေတီ၊ ပိဋကတ်တိုက်၊ ဖောင်တော်ဦးဘုရား၊ သိကြားဘုရား၊ ကလျာဏီသိမ်စသော ခေတ်ပြိုင်သာသနိက အဆောက်အအုံအကြွင်းအကျန်များလည်း ထင်ရှားရှိနေသည်။ ရှေးဟောင်းကျောက်စာတိုင် များလည်း ကြွင်းကျန် ရစ်သေး၏။ ယခုသထုံမြို့သစ်တည်ရာ၌ ရှိပါသည်။

သထုံတွင် မတင်မကျသမိုင်းပြဿနာများစွာရှိ၏။ အနော်ရထာစစ်တိုက်တာ ဒီသထုံပဲလား ဆိုသည့်အချက်ကို ဦးစွာရှင်းရမည်။ သထုံရာဇဝင်ထဲတွင်မူ ဤသထုံပင်ဖြစ်ကြောင်း အတိအကျ ညွှန်ပြသည်။ ဤရာဇဝင်ကိုပင် အတည်ယူရမည်လား၊ ရှေးဟောင်းနှင့်သမိုင်းပညာရှင်ကြီးများ ယနေ့တိုင် နှုတ်ပိတ်လျက်ပင်ရှိသေး၏။ အချို့ကလည်း မမြင်သယောင်ဆောင်နေကြသလားပင်မသိပေ။ သထုံအမှန်တကယ်မရှိကြောင်း တွင်တွင်ပြောနေကြ၏။ ၁၉၇၅ - ၇၈ ခုနှစ်တူးဖော်ရေးကာလ၌ မြို့ရိုးဟောင်း၊ ကျုံးဟောင်း၊ နန်းတော်ရာဟောင်း၊ သာသနိကအဆောက်အအုံဟောင်း ထင်ရှားကျန်ရှိနေသေးသော သထုံမြို့ဟောင်းကို မတူးဖြစ်ခဲ့ပေ။ မြို့ထက်ဝက် ကမ်းပြို၍ပျောက်ဆုံးနေပြီ (ရာဇဝင်အရ) ဖြစ်သော တိုက်ကုလားမြို့ဟောင်းကိုသာ ပထမဦးစားပေးရွေးချယ်တူးခဲ့ရ၏။ ပဲခူးကလျာဏီသိမ်ကျောက်စာပါ ဗုဒ္ဓသာသနာပြုရဟန်းတော်များ အသောကခေတ် (အိန္ဒိယ) က ဦးစွာရောက်ခဲ့ကြောင်းကို သမိုင်းပြဿနာ အဖြစ်ရေးတန်းတင်ခဲ့၍ပင်ဖြစ်ပါမည်။ သထုံကိုမရွေးခဲ့ပေ။ ပြီးနောက် ၂၀၀၀ ပြည့်နှစ်တွင်တစ်ကြိမ် စမ်းသပ်တူးဖော်ပြီးသည့်နောက် ဆက်မလုပ်ပဲ ကွင်းဆက်ပြတ်နေပြန်ပါသည်။ သထုံမင်းတစ်ပါးအမည်မှာ "မကုတ" လား "မနုဟာ" လား ကိစ္စကိုလည်း ရှင်းရှင်းလင်းလင်းမသိရသေးပေ။

ရှေးဟောင်းသုတေသနနည်းကျကျ ဆုံးဖြတ်ရန်အရေးကြီးပါသည်။ တူးဖော်သုတေသနနည်းဖြင့် သာ ဆုံးဖြတ်အဖြေရှာနိုင်ပေလိမ့်မည်။ သို့မဟုတ်ပါကလည်း စံနစ်တကျကွင်းဆင်းသုတေသနပြုသင့်ပါ သည်။

**ရာဇဝင်ထဲက သုဝဏ္ဏဘူမိအကြောင်းမှာ ပုံပြင်ဆန်လွန်းလှသည်တော့မဟုတ်ပေ။ အထက်တွင် ဖော်ပြထားသကဲ့သို့ တိတိကျကျအစိပ်ပွါယ်ကောက်ယူနိုင်မည့် သမိုင်းဝင်အချက်အလက်များ ပါဝင်နေကြောင်းတွေ့နိုင်သည်။ ဥပမာ သမိုင်းဆရာကြီးများ မျက်စိလည်နေခဲ့သော သထုံဘယ်ဟာလဲ၊ ဘယ်မှာလဲဆိုသည့် အဖြေကိုပေးထားသည်။ သထုံသည် စစ်တောင်းမြစ်နှင့်သံလွင်မြစ်တို့အကြားမှာပင် အချိန်နှင့်အမျှ နေရာပေါင်း (၉)နေရာခန့် ရွှေ့လျားတည်ထောင်နေခဲ့ပုံကို မြင်သာအောင်ဖော်ပြထား၏။ သုဝဏ္ဏဘူမိသည်အခြားမဟုတ်၊ ယခုသထုံပင်ဖြစ်ကြောင်း အတိအကျဆိုထားပေသည်။ ဤနယ်မြေသည် အထူးကျယ်ပြောလှသည်လည်းမဟုတ် လက်ရှိသထုံခရိုင်တစ်ခု အတွင်းမျှသာဖြစ်၏။ သမိုင်းဝင်မြို့ဟောင်းများ စုပြုံလျက်တည်နေရာလည်းဖြစ်၏။ အောက်မြန်မာနိုင်ငံ မုတ္တမပင်လယ်ကွေ့ဝန်းကျင်ဒေသပင်ဖြစ်၏။ သုဝဏ္ဏဘူမိဟူသည် မြန်မာနိုင်ငံမှာပင်ရှိသည်။ ဤအကြောင်းကို ရာဇဝင်ဟုဆိုသော ဦးရွှေနော်၏ စေတီတော်သမိုင်းပေါင်းချုပ်ကျမ်းတွင် အောက်ပါအတိုင်းတွေ့နိုင်ပါသည်။**

> **ဘုရားသခင်ရှစ်ဝါမြောက်၍ကြွရောက်သော သုဝဏ္ဏဘူမိသထုံပြည်သည်ကား၊ ဇင်းကျိုက်တောင်၏ မြောက်ဘက်ခရီး မြန်မာတိုင်ခုနစ်တိုင် (၁၄ မိုင်) ကွာတွင်ယခုရှိသော သထုံကေန်မှန်၏။ ဘုရားလက်ထက်သက္ကရာဇ် ၁၁ဝ ပြည့်တိသဿမ္မသီဟရာဇာမင်းကစ၍ ဥပဒေဝမင်းအထိ မင်းပေါင်း ၆ ဆက်၊ မြို့သက်ပေါင်း ၂၂၉။ သာသနာသက္ကရာဇ် ၁၉၂ ခုမှာ ပျက်ပြား၍မြေမျို၏။ ထို့ကြောင့် မသေကျန်ကြွင်းသော ရာဇာဇောဝေမင်းသည် သာသနာသက္ကရာဇ် ၁၉၆ ခု ရွှေ့ပြောင်းလာ၍ ဆောင်ခဲတောင်အနီးရွှေလောင်းအင်းနားရွှေလောင်းမြို့ ထီးနန်း၌ ၁၂ နှစ်စံနေ၏။ နောက်သက္ကရာဇ် ၂၀၉ ခု သုဓမ္မဝတီမြို့ထီးနန်းကိုတည်ပြန်၏။ ၎င်းသုဓမ္မဝတီကား ဒုတိယသုဝဏ္ဏဘူမိသထုံဖြစ်၏။ ဒုတိယသုဓမ္မသထုံ မည်သည့်ဒေသဖြစ်ပါသနည်းမေးသော် ယခုခနုန်းချောင်း၊ တောင်ကြီးရွာ၊ ကျောက်လုံးကြီးရွာ၊ ဝင်းကရွာတလျောက်တို့သည် သုဓမ္မဝတီဒုတိယ သထုံမြို့ဟောင်း နေရာကေန်အမှန်မှတ်လေ။ သုဓမ္မဝတီမှာမင်း ၁၀ ဆက်၊ နှစ်ပေါင်း၂၄၁ နှစ်သာ ထီးနန်းတည်စိုက်စိုးစံခဲ့၏။ သာသနာသက္ကရာဇ် ၄၅၀ ခု ရောက်သော်၊ ပဌမသုဝဏ္ဏဘူမိသထုံသို့ပြန်၍ ရွှေ့ပြောင်းထီးနန်းဆောက်ပြန်၏။**
>
> **ဒုတိယသုဓမ္မဝတီမှာမင်း ၁၀ ဆက် ပဌမသုဓမ္မဝတီမင်းမှာ မင်း ၄၈ ဆက်၊ နှစ်ခုပေါင်း ၅၈ ဆက်၊ မနုဟာမင်းလက်ထက်တွင်ပျက်၏။**

**ပဌမ သုဝဏ္ဏဘူမိသထုံပြည်အသက် ဘုရားသခင်(ရ)ဝါမြောက်၊ သက္ကရာဇ် ၁၁၀၊ တိဿဓမ္မသီဟ ရာဇာမင်း နန်းတက်သည်ကစ၍ ပရိနိဗ္ဗာန်ယူသည့်တိုင်အောင် ၃၇ နှစ်၊ ထို့နောက် သာသနာနှစ် ၁၆၀၁ ခုအထိ ၁၃၆၀ နှစ်၊ ဒုတိယသုဓမ္မဝတီအသက် ၂၄၁နှစ်၊ နှစ်ရပ်ပေါင်း နှစ်ပြည်နှစ်ရပ်ပေါင်းသော် ၁၆၃၉နှစ်ဖြစ်၏။**

**နော်ရထာစောတိုက်သော သထုံသည် ယခုသထုံဖြစ်ကြောင်းမှန်၏။**

(ဦးရွှေနော်၊ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၃၁၊ စာ ၃၆-၃၇)

ဤအခန်းတွင် ကောက်နှုတ်တင်ပြထားသော သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမြို့ဟောင်း အကြောင်းအရာများများ ၁၉၂၇ ခုနှစ်လောက်ကျမှ ရေးဟောင်းမွန်သမိုင်းစာများက ထုတ်နှုတ်လျက်စုစည်းတင်ပြထားသော ဦးပညာ၏သထုံရာဇဝင်နှင့် ဦးရွှေနော်၏စေတီတော်သမိုင်းပေါင်းချုပ် (၁၉၃၁) တို့ အာဘော်ဖြစ်ကြောင်း တွေ့ရပါမည်။ သထုံတွင်ရှိသည့် ခေတ်ပြိုင်မွန်ကျောက်စာအချို့တို့မှာ ရေးထိုးသည့်ခုနှစ်မပါ။ စာပျက်စာမိုန်များ၍ အဓိပ္ပါယ်ဆက်စပ်ပြီး မဖော်နိုင်သေးသည့် မှတ်တမ်းများဖြစ်ကြ၏။ ထို့ကြောင့် ရေးမွန်သမိုင်းစာရသမျှနှင့် ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

# ' ပုဂံအလွန် သုဝဏ္ဏဘူမိ '

သာသနာသက္ကရာဇ် ၁၆၀၀ကျော် (အေဒီ-၁၀၅၇) မှစ၍ သုဝဏ္ဏဘူမိသထုံပြည်သည် ဘုန်းတန်ခိုး အာဏာကျဆင်းသွားကာ နှစ်ပေါင်း(၅၀)မျှ အချိန်ပိုင်းအတွင်းဆိတ်သုဉ်းသွားခဲ့ပါသည်။ ပုဂံခေတ်(၁၁-၁၃ ရာစုနှစ်) တစ်လျှောက်လုံးတွင် ထင်ပေါ်ခြင်းမရှိတော့ပေ။ အောက်မြန်မာနိုင်ငံတွင် သထုံအစား ဒလ(တွံတေး)၊ ပဲခူး(ဥဿာ) မြို့များဆက်လက်ထွန်းကားလျက်ရှိ၏။ ပုဂံခေတ်လွန် (၁၃ ရာစုနှစ်) ကာလ ရောက်သည့်အခါ သထုံဒေသတွင် မုတ္တမမွန်မင်းဆက်ကို ဝါရီရူက ထူထောင်ပြန်သည်။ ဝါရီရူလက်ထက် သထုံသည် မုတ္တမ (၃၂) မြို့နယ်အတွင်းရှိ ဂေါ့ (ကော့) မြို့နယ်မှ ရွာကလေးတစ်ရွာသာ ဖြစ်လျက်ရှိပါသည်။ ထိုစဉ်အခါက သထုံမြို့ပျက်ကြီးမှာ တောခြုံဖုံးလျက် ရှိနေခဲ့မည်မှာမလွဲပေ။ သုဝဏ္ဏဘူမိခေတ် အဆက်ဆက်မြို့ဟောင်းနေရာများမှာလည်း ရိုးမတောင်တန်းကြီး၏ခြေရင်းမှာပဲ လဲလျောင်းအိပ်စက်နေဆဲပင်ဖြစ်၏။

မုတ္တမမွန်မင်းဆက်မှဗညားဦးမင်းသည် သုဝဏ္ဏဘူမိမြို့ဟောင်းနေရာတစ်ခုဖြစ်သော "ဒုံဝန်း" ၌ မြို့တည်ကာ (၆)နှစ်နေခဲ့၏။ ထိုမြို့မှာပင် မင်းသားဗညားနွဲ့ကိုမွေးသည်။ နောင်အခါ ရာဇဓိရာဇ်မင်းဖြစ်လာသူပင်တည်း။ "ဒုံဝန်း" ဆိုသည်မှာ "ဒုံဝဏ္ဏ" ၊ "ဒုံသုဝဏ္ဏ" မှ ရွေ့လျားဆင်းသက်လာသည့်အမည် ဖြစ်တန်ရာ၏။ မွန်ဘာသာဖြင့် "ဝန်" မှာ ဂဝံကျောက်ကိုခေါ်ပါသည်။

ဝန်မြို့ (ဒုံဝန်း) တွင် ဟံသာဝတီဆင်ဖြူရှင်သည် ဆံတော်ရှင် (ကျိုက်ထီးစောင်း) စေတီကို မွမ်းမံပြုပြင် စေခဲ့ကြောင်းသိရပါသည်။ **မှန်နန်းရာဇဝင်တော်ကြီးတွင် "ဝန်မြို့၌ ဘီးလူးတို့တည်သောဆံတော်ဘုရား ပျက်ယွင်းသည်များကို အသစ်တည်လုပ်စေ၏" ဟု တွေ့ရသည်။** ၎င်းမူလစေတီ (ကျိုက်ထီးစောင်း) သည် မြတ်စွာဘုရား ငါးဝါမြောက် သုဝဏ္ဏဘူမိသထုံပြည်သို့ကြွ ရောက်တော်မူလာစဉ် ကော့ယက္ခ ဇုတ်သုတ်ကျွန်းမှ နတ်ဘီးလူးညီနောင် နှစ်ယောက်တို့လည်း ရသေ့ကြီးတို့နှင့်အတူ ဆံတော်တစ်ဆူပေးသနားခြင်းခံရ၍၊ ၎င်းတို့နေရာဇုတ်သုတ်ကျွန်းတွင် ဌာပနာပြီးတည်ခဲ့သော စေတီပင်ဖြစ်သည်ဟု အဆိုရှိ၏။

ဒုံဝန်းမှတောင်ဘက် ကော့မြို့နှင့်ရင်းငြိမ်မြို့တို့အနီး၌ ဇင်းကျိုက်ဆံတော်ရှင်စေတီရှိပါသည်။ ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် အလွန်ထင်ရှားခဲ့သော စာဆိုတော်ကြီးနဝဒေးသည် မုတ္တမဖက်ဆီသို့ စစ်ချီရသည့်အခါ ဇင်းကျိုက်ဆံတော်ရှင် (ကျိုက်ဖြင်းနတ်) စေတီကိုယုံကြည်စွာ ဖူးမြော်ကြည်ညိုသည်။ ဘုရားတိုင်ပိုဒ်စုံ ရတုတစ်ပုဒ်ကို လည်းစပ်ဆိုခဲ့ပါသည်။ ယင်းဘုရားတိုင်ရတုတွင် ဇင်းကျိုက်တောင်ကို မြင်းမိုရ်တောင်နှင့် ဥပမာထား၍-

> မြင်းမိုရ်နှင့်သာတောင်တကာလည်း
> နှိုင်းရာမဲ့ဘူး၊ သွယ်မြင့်ဖြူသား . .

စသည်ဖြင့်စပ်ဆိုသည်။ ဇင်းကျိုက်တောင်၏အမြင့်သည် မိုးတိမ်ထိဖောက်ထွက်နေပုံကိုလည်း "မြင်းနတ် ကောင်းကင့်တန်ခွန်သော်"ဟူ၍ အံ့ဩဘနန်းချီးမွမ်းသည်။ ထိုတောင်ပေါ်မှ စေတီမှာဆံတော်ရှင်အစစ်ဖြစ်ကြောင်း ယုံကြည်စွာဖြင့် . . .



*ဇင်းကျိုက်တောင် ဆံတော်ရှင်စေတီ (ခေါ်) ကျိုက်ဖြင်းနတ်ဘုရားတောင်*

> အထွတ်ထက်ခေါင်၊ မြင်းမိုရ်တောင်နှင့်ပုံဆောင်မပြား၊ သမုဒ်နားဝယ်၊ ငါးပါးမာရ်ကင်း၊ သုံးလူမင်းကို
> သန်ရှင်းကြည်ဖြူ ဆုယူသမျှ တောင်းတိုင်းရဟု၊ ဘဝလူနတ်၊ ကြည်လှည့်သွတ်သည်။
> ဖြင်းနတ်မွေတော်စစ်ပေသောဝ်

ဟူ၍ စပ်ဆိုပါသည်။

တောင်ငူစာဆိုတော် မင်းဗေယျရွှန္တမိတ်ကလည်း ၎င်း၏ "ဖြင်းနတ်ဘုရားတိုင်ရတု" တွင်
"တာဝတိံသာစံရာမယွန်း၊ သိုက်နန်းမြရောင်၊ ဘဝဂ်ခေါင်ထက်၊ တိမ်မှောင်စင်ကြည်" အစချီလျက်၊
ထိုစေတီမှာဆံတော်ရှင်စေတီတစ်ဆူဖြစ်ကြောင်းကို

> စက်ဝါညီးညီး၊ ဆောင်းထီးမျက်ပွင့်
> ခံမြင့်ဗိတာန်၊ ကြာပြန်ကြာသွန်း
> ပျံ့ဘာနန်းတည်၊ ထွတ်စွန့်ဥကင်
> ဆံတော်ရှင်ကို၊ ကြည်လင်စက်အောင်ဖူးရရောက်သော် • •

ဟူ၍စပ်ဆိုထားပါသည်။

ယင်းအထောက်အထားအရ ရှေးမွန်၊ မြန်မာမင်းများလက်ထက်ကပင် သုဝဏ္ဏဘူမိခေတ် ယဉ်ကျေးမှုအမွေအနှစ် ဆံတော်ရှင်စေတီကို သက်ဝင်ယုံကြည်စွာပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း အလေ့အထကောင်းများရှိခဲ့ကြောင်း သိရပေသည်။ ဟံသာဝတီ မွန်မင်းအဆက်ဆက်နှင့် မြန်မာမင်းအဆက်ဆက်တို့သည် ရွှေတိဂုံစေတီ၊ ရွှေမော်ဓောစေတီ စသော ဆံတော်ရှင်စေတီများကို မွမ်းမံခဲ့ကြပုံမှာ သုဝဏ္ဏဘူမိခေတ်ဆံတော်ဘုရား ကိုးကွယ်ယုံကြည်မှုအပေါ် မြတ်နိုးစွာထိန်းသိမ်းလာခဲ့ခြင်းပင်ဖြစ်၏။

သုဝဏ္ဏဘူမိခေတ် ရှေးမြို့ဟောင်းကြီးတစ်ခုတည်ရှိကြောင်း သတိပြုမိပြီး၊ ဂရုတစိုက်ဖော်ထုတ်ပေးသူမှာ ဓမ္မစေတီခေါ် ရာမာဓိပတိမင်းကြီး(၁၄၇၂-၁၄၉၂) ပင်ဖြစ်ပါသည်။ ထိုမင်းကြီးလက်ထက် သာသနာတော်ကို ပြုပြင်ခြင်းမှာ ထင်ရှားသောဆောင်ရွက်ချက်အဖြစ် လူသိများခဲ့သည်။ ကေလာသတောင်ထိပ်စေတီကို ထပ်မံတည်ခဲ့သည့်အခါ၊ ၎င်းတောင်ပေါ်တောင်အောက်က သုဝဏ္ဏဘူမိမြို့ရိုးဟောင်း ကျုံးဟောင်းနေရာတို့ကို တွေ့မြင်ရပြီး၊ "ဤကား သုဝဏ္ဏဘူမိ မြို့ဟောင်းဖြစ်သည်" ဟုယုံကြည်စွာ ကျောက်စာကမ္ပည်းမော်ကွန်းတင်ခဲ့သည့် မင်းတစ်ပါးဖြစ်ပါသည်။

ကုန်းဘောင်အလောင်းမင်းတရားကြီးသည်၊ ကလျာဏီသိမ်ကျောက်စာကို ဂရုတစိုက်လေ့လာခဲ့သူဖြစ်သည်။ ထို့ကြောင့် မင်းဆရာ၊ တောင်တွင်းကြီးဆရာတော်ခင်ကြီးဖျော်အား ကလျာဏီသိမ်ကျောက်စာကို ဘာသာပြန်ရေးသား စေခဲ့သည်။ ထိုမင်းကြီး၏သားတော်ဗဒုံမင်းသည်လည်း မွန်ရာဇဝင်ပေမူ ကျမ်းစာများမှ သုဝဏ္ဏဘူမိသမိုင်းဝင်ပေစာတို့ကို မြန်မာဘာသာသို့ ပြန်ဆိုစေခဲ့ခြင်းဖြင့် ကုန်းဘောင်ခေတ်မင်းများလက်ထက်ကပင် သုဝဏ္ဏဘူမိမြို့ဟောင်းအကြောင်း သိခဲ့ကြ ပေသည်။ မှန်နန်းရာဇဝင်တော်ကြီးကို ဘကြီးတော်မင်းတရားလက်ထက်ပြုစုရေးသားကြသည့်အခါ -

> ထိုအခါ သုဓမ္မဝတီမည်သော သထုံပြည်မှဓမ္မဒဿီမည်သော အရှင်အရဟံသည် ပုဂံပြည်သို့ ရောက်တော်မူလာ၏။ ထိုရဟန်းသည် သုနာပရန္တတိုင်းတမ္ပဒီပတိုင်းတို့၌ သာသနာတော်မတည်သေးဟူ၍ ပုဂံမသို့ ကြွလာတော်မူ၏။

ဟူ၍ သထုံမှအရှင်အရဟံ ပုဂံသို့ရောက်လာခဲ့ကြောင်းဖော်ပြသည်။ ထို့နောက်ရှင်အရဟံသည် အနော်ရထာ မင်း နှင့်တွေ့ပြီးလျှင်

> ဘုရားဟောတော်မူသော တရားတော်အရေအတွက်သည်ကား ・・・ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့်သုံးပါး၊ နိကာယ်အားဖြင့်ငါးပါး၊ အင်္ဂါအားဖြင့်ကိုးပါး၊ ဓမ္မာက္ခန္ဓယအားဖြင့် ရှစ်သောင်း လေးထောင်ရှိ၏။ ထိုသို့အရေအတွက်ရှိသော ဓမ္မဒေသနာတော်တို့ကို မဇ္ဈိမဒေသအရပ်၌ သင်္ဂါယနာ သုံးကြိမ် တင်ပြီးသည်နောက် သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာတင်ထားရှိသည်ကို ဆရာတော်တို့သည် ရေးကူးဆောင်ယူတော်မူခဲ့၍ သထုံမင်းအားအပ်သည်။ သထုံပြည်ဝယ် ပိဋကတ်အစုံသုံးဆယ်ရှိ၏။ မွေတော်ဓါတ်တော်လည်းများစွာရှိ၏။

ဟူ၍မိန့်တော်မူသည်။

ဤသို့ အရှင်အရဟံ မိန့်တော်မူသောစကားကို အနော်ရထာမင်းကြားသိလျှင် အတိုင်းအထက် အလွန် သဒ္ဓါခြင်းဖြစ်၏။ ပြီးလျှင်လက်ဆောင်ပဏ္ဏာကာရ အများစီရင်၍လိမ္မာသော အမတ်တစ်ယောက်ကို သာယာချောင်စွာ သောစကားဖြင့် သထုံပြည်သို့စေလွှတ်၍တောင်း၏။ သထုံမင်းသည်လည်း မကောင်းသောနလုံးဖြင့် ကြီးစွာသော အမျက်ရှိသည်ဖြစ်၍ မချေမငံသောစကားဖြင့်ပြန်ဆိုလေ၏။

အနော်ရထာမင်းစောလည်း အမျက်ကြီးစွာထွက်၍ ရေကြောင်းကြည်းကြောင်း စစ်တပ်ကြီးဖြင့် သထုံသို့ ချီတက်ခဲ့သည်။ သထုံပြည်ကို ရဲမက်တော်အပေါင်းဝင်နိုင်သည်။ မနုဟာမင်းနှင့်တကွသား၊ မယား၊ အမျုးအမတ်တို့ကို ဖမ်း၍ အနော်ရထာမင်းအားဆက်သည်ဟုဖော်ပြပါသည်။ (မှန်နန်း၊ ၂၄၆) ထို့နောက်ဆက်လက်၍ သထုံပြည် အကြောင်းကို

> ・・・ ထိုသထုံပြည်ကား ဘုရားသခင်ရှိတော်မူစဉ် အစစွာသီဟရာဇမည်သောမင်းသည် မင်းပြုတော်မူသည်။ ထိုမင်းမှစ၍ မနုဟာမင်းတိုင်အောင် လေးကျိပ်ရှစ်ယောက်သော (တိုက်ကုလားမင်း ၁၀ ဆက်မပါ) မင်းတို့သည် ဘုန်းတန်းခိုးအာဏာနှင့် ပြည်စုံတော်မူ၍ ဘုရားရှင်သာသနာတော်ကို အစဉ်ဆောင် ရွက်တော်မူကြပါသည်။ ပြည်သူအပေါင်းတို့သည်လည်း ဒါန၊ သီလအစရှိသော ကျေးဇူးနှင့်ပြည့်စုံကြ

သည်ဖြစ်၍ နတ်ပြည်ကဲ့သို့ အလွန်ဝပြော သာယာစွာဖြစ်သည် ။ ။ *(မှန်နန်း၊ စာ ၂၄၈)* ဟူ၍ဖော်ကျူးထားပုံကိုတွေ့ရပါသည်။

သထုံပျက်သည့်အကြောင်းနှင့်ပတ်သက်၍လည်း မြန်မာအထောက်အထားများတွင်-

> ထိုသို့စည်ပင်ပြန့်ပြောစွာတည်သော သထုံပြည်ကြီးကို အစိုးရသော ဆင်ဖြူသုံးဆယ်နှစ်စီးရှင်ဖြစ်သော သီရိတြိဘဝနာဒိတျာပဝရဓမ္မရာဇာမနုဟာမင်းသည် အနော်ရထာမင်းကြီးကစေသော သံကိုမချေမငံသော စကားဖြင့် ဆိုမိခြင်းကြောင့် မိမိကိုယ်မှစ၍ တစ်ပြည်လုံးပျက်စီးခြင်းသို့ရောက်တော်မူချေသည်။ *(မှန်နန်း၊ စာ-၂၄၉)*

ဟူ၍ ဖော်ပြထားပါသည်။

ပုဂံသို့ရောက်လျှင် အနော်ရထာမင်းဆောင်ယူခဲ့သောသထုံမှ သူရဲသူခက် အစရှိသော ပညာသည် အပေါင်းတို့ကို အသီးသီးအစုအကွက်ချ၍နေရကြောင်း၊ သရီရဓာတ်တော်အပေါင်းတို့ကိုလည်း ရတနာအတိပြီးသော ပတ္တမြားကြုတ်တွင်ဌာပနာ၍ ခေါင်းရင်းတော်၌အမြဲထား၍ ကိုးကွယ်ကြောင်း၊ ပိဋကတ်အစုံ သုံးဆယ်ကိုလည်း ရတနာအတိပြီးသော ပြာသဒ်၌ထား၍ အရိယာသံဃာတော်မြတ်တို့အား သင်ကြားပို့ချရကြောင်း ဆက်လက်ဖော်ပြထားသည်ကို တွေ့ရပါသည်။ ယင်းအဖြစ်အပျက်တို့ကား အနှစ်(၁၀၀၀) နီးပါးကြာညောင်းခဲ့ပြီး ဖြစ်ပါသည်။

# ကိုလိုနီခေတ် သုဝဏ္ဏဘူမိ

ဗြိတိသျှကိုလိုနီအစိုးရလက်ထက် ၁၈၆၃-ခုနှစ်သို့ ရောက် သောအခါ သထုံမြို့ဟောင်းအတွင်းက သထုံရွာတွင် မြို့သစ်ကို စတင်ထူထောင်သည်။ ထိုအချိန်မှစ၍ ခေတ်သစ်သထုံမြို့ကြီး ပေါ်ပေါက်လာခဲ့သည်။ သထုံမြို့ဟောင်းကြီးမှာလည်း၊ ခေတ်သစ်သထုံမြို့ကြီးအောက်သို့ တစ်စ၊ တစ်စရောက်ရှိသွားတော့သည်။ ခေတ်ဟောင်းမှသထုံနယ် (မုတ္တမ)၌လည်း ကိုလိုနီစီးပွားရေး အတွက် နိုင်ငံခြားတင်ပို့ရန် ဆန်စပါးစိုက်ခင်းတိုးချဲ့ခြင်း၊ ကျွန်းသစ်နှင့်သယံဇာတများတင်ပို့နိုင်ရေးအတွက် လမ်းများဖောက်ခြင်း၊ ရေတားတမံများတည်ဆောက်ခြင်း စသည့်ခေတ်သစ်နှင့် အညီ တိုးတက်လာခြင်းတို့ ရှိလာခဲ့ပါသည်။

ပထမအင်္ဂလိပ်မြန်မာစစ်ပွဲကို ၁၈၂၄-ခုနှစ်တွင် ဆင်နွှဲခဲ့ကြပြီးနောက် မော်လမြိုင်နှင့်ဘီးလူးကျွန်းအပါဝင် တနင်္သာရီတိုင်းကို ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ရာ သထုံ(မုတ္တမ)နယ်မှာ သံလွင်မြစ်ကို နယ်ခြားထား၍ နှစ်ပိုင်းကွဲသွားခဲ့သည်။ အရှေ့ဘက်ပိုင်းမှာ ကျိုက္ခမီခရိုင်အဖြစ် ဖွဲ့စည်း၍ မြို့သစ်ရွာများထူထောင်ကြသည်။ မြန်မာမင်းဆင်ဖြူရှင်လက်ထက် ၁၇၇၄-ခုနှစ်တွင် မုတ္တမ-ဗညားစိန်ပုန်ကန်မှုကြောင့် မုတ္တမနယ်လုံးကျွတ်နီးပါးယိုးဒယား(ထိုင်း) နိုင်ငံသို့ ထွက်ပြေးသွားခဲ့ကြသဖြင့် ကျေးရွာများ၊ စိုက်ပျိုးမြေများပျက်စီးခဲ့ရသည်ကို ဗြိတိသျှတို့က ၁၈၃၁-ခုနှစ်မှစပြီး လယ်ယာမြေသစ်များကိုထူထောင်ခဲ့ရာ ဧရိယာစတုရန်း (၁၀၀၁၇)မိုင်အထိ စိုက်ပျိုးမြေများ တီထွင်ခဲ့ပေသည်။


ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲအပြီး ၁၈၅၂-ခုနှစ်တွင်ပဲခူးနယ်အပါအဝင် အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ခဲ့ရာ သထုံမြို့အနောက်ဘက်ပင်လယ်စပ်အထိ ၁၅ မိုင်ခန့်ကျယ်ပြန့်သော မြေနုလွင်ပြင်မှာ စပါးစိုက်လယ်ကွင်းများအဖြစ်သို့ ပြောင်းလဲသွားတော့သည်။ ထိုလယ်မြေများ ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးလုပ်ကိုင်ကြသည့်အခါ သထုံမြို့မှာ လူဦးရေတိုးပွားလျက် ၁၈၆၂ ခုနှစ် (၁၀ နှစ်အတွင်း) တွင် ရွာကလေးအဆင့်မှ သထုံမြို့အဖြစ် ပြောင်းလဲသွားတော့သည်။ စိုက်ပျိုးမြေကေပေါင်း (၇) သိန်းကျော် လယ်သစ်တီထွင်နိုင်ခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် သထုံမြို့သည် ခရိုင်မြို့ကြီးဖြစ်လာပါသည်။ ၁၈၇၂ ခုနှစ်တွင် သထုံခရိုင်လူဦးရေ (၁၆၅, ၀၇၇) ဦးရေရှိလာ၍ ၁၉၂၁ ခုနှစ်တွင် (၄၇၁,၁၀၀) အထိတိုးတက်လာခဲ့သည်။ ဤအချိန်မှာပင် သထုံမြို့ဟောင်းကြီးမည်သို့ရှိသနည်း။

မြို့ဟောင်း၏အလယ်ဗဟိုချက် နန်းတော်ရာကုန်းဟောင်းနေရာတွင် ဘုန်းကြီးကျောင်းများနှင့် ခရိုင်ဆေးရုံကြီးတို့တည်ထားသည်။ မြောက်ဘက် နန်းမြို့ရိုး၊ ကျုံးနှင့် ကပ်လျက်မြေပြင်မှာ အကျဉ်းထောင်၊ ခရိုင်ရုံး၊ ခရိုင်တရားသူကြီးရုံးတို့ကိုတည်ထားပါသည်။ နန်းတော်ရာ၏ အနောက်ဘက်ပိုင်းမှာ လိပ်အင်း၊ နန်းခဲ၊ အောက်ကျင်းရပ်ကွက်စသော လူနေအိမ်ခြေများဖြင့် ပြည့်နှက်လျက်ရှိ၏။ အရှေ့တောင်ဘက်နှင့် တောင်ဘက်ပိုင်းမှာ သိမ်ကုန်းနှင့်ဘင်လှိုင်ရပ်ကွက်တည်ထားကြသည်။ အရှေ့မြို့ရိုးတစ်လျှောက်၌ ဘုန်းကြီးကျောင်းများတည်ထားလျက်၊ ကျန်သော မြို့ဟောင်းမြေပြင်မှာလည်း လူနေရပ်ကွက်နှင့်မလွတ်ကင်းတော့ပေ။ မြို့တွင်း၌ ကတ္တရာခင်းလမ်းသစ်များဖောက်လုပ်ထားပြီဖြစ်သည်။ သထုံမြို့ဟောင်း၏ အသွင်အပြင်မှာ အစစအရာရာ ပြောင်းလဲသွားတော့၏။

အောက်မြန်မာနိုင်ငံ ပဲခူးမြို့ဟောင်း၊ ပြည်မြို့ဟောင်း၊ အထက်မြန်မာနိုင်ငံမှ တောင်တွင်းကြီးမြို့ဟောင်းတို့ကဲ့သို့ ရှေးမြို့ဟောင်းကို ခေတ်သစ်မြို့ကြီးက ငုံလိုက်သည့် အနေအထားမျိုးပင်ဖြစ်ပါသည်။ ရန်ကုန်မော်လမြိုင်ကားလမ်းနှင့် သထုံ-ဘားအံကားလမ်းတို့ကိုလည်း မြို့ဟောင်းအတွင်း ဖြတ်သန်းဖောက်လုပ်ထား၏။ မီးရထားလမ်းကို အနောက်မြို့ရိုးနှင့် အနီးကပ်ဖောက်လုပ်လျက်ထားရှိပေသည်။

## ဗြိတိလျကိုလိုနီခေတ် (၁၉၄၅)ခုနှစ်၊ ဇန်နဝါရီလတွင် ရေးဆွဲသော သထုံမြို့မြေပုံ

*ထိုပုံတွင် သထုံမြို့ဟောင်း အရှေ့မြောက်မြို့ထောင့်နေရာတွင် စစ်ရေလေ့ကျင့်ကွင်း၊ စက်ပစ်ကွင်း၊ သစ်တောရုံး၊ ပလိပ်လိုင်းခန်း၊ အကျဉ်းထောင်၊ တရားရုံး၊ ရာဇဝတ်ရုံး၊ ဗိုလ်တဲ၊ ဂေါက်ကွင်း စသည့် အဆောက်အအုံများ တည်ထားပုံကို တွေ့ရသည်။*




ဒေါက်တာ အဲလစ်ဇဘက်မိုးထံမှရသည့် သထုံမြို့မြေပုံ

## သရေခေတ္တရာနှင့် သုဝဏ္ဏဘူမိ

နောက်ထပ်အရေးကြီးသည့် ကိစ္စတစ်ခုရှိသေး၏။ ကောင်းကင်ဓါတ်ပုံမှတွေ့ရသော အသစ်တွေ့မြို့ဟောင်းကုန်းများ သထုံဒေသတွင်ရှိကြ၏။ ဤမြို့ဟောင်းကုန်းများမှာ ပျူမြို့များသာဖြစ်မည်။ သုဝဏ္ဏဘူမိ သထုံသမိုင်းနှင့်မဆိုင်ဟု ယူဆချင်သူများလည်းရှိနေပါသည်။ မြန်မာနိုင်ငံတွင် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာပျူမြို့ဟောင်းများကို တူးဖော်သုတေသနဦးစွာလုပ်ခဲ့ကြပုံကို အများသိပြီးဖြစ်ပါသည်။ ပျူယဉ်ကျေးမှုကိုဦးစားပေး သုတေသနပြုခဲ့ကြခြင်းလည်းဖြစ်၏။ ယင်းပျူမြို့များ၌တွေ့ရသော ယဉ်ကျေးမှု အထောက်အထားများနှင့် ဆင်တူသည့် အခြားယဉ်ကျေးမှုပစ္စည်းမျိုးကို သထုံဒေသမှာတွေ့ရလျှင် သထုံကိုပျူဟုဆိုရမည်လား၊ သို့မဟုတ် ပျူခေတ်ကမြို့ဟောင်းဟုဆိုရမည်လား၊ သို့မဟုတ် သုဝဏ္ဏဘူမိ အထောက်အထားဟုပင် သတ်မှတ်မည်လား စဉ်းစားစရာရှိနေပါသည်။ အထူးသဖြင့် အုတ်ချပ်၊ ဒင်္ဂါး၊ ပုတီးစေ့ စသည့်အထောက်အထားများဖြစ်ကြ၏။ မြေပေါ်တွေ့ ပစ္စည်းများအဖြစ်တွေ့ရသော လက်ရေးစင်းအုတ်များကို ပျူမြို့ဟောင်းတူးဖော်မှုတွင်လည်းတွေ့ခဲ့ရသဖြင့် ပျူအုတ်ဟုခပ်လွယ်လွယ်ခေါ်ခဲ့ကြပါသည်။ ဒင်္ဂါးကိုလည်း ပျူဒင်္ဂါးဟုပင် ခေါ်ကြပါသည်။ ယခုသထုံနယ်မြို့ဟောင်း ငွေဒင်္ဂါးအမြောက်အများ တွေ့ရသည့်အပြင် မြို့ဟောင်းတိုင်းမှာလိုလိုပင် လက်ရေးစင်းအုတ်ကိုတွေ့ကြရပြီဖြစ်သည်။ ရှေးဟောင်းပုတီးစေ့ကိုလည်းတွေ့ရ၏။ ကျောက်ခေတ်သစ်လက်နက် (မိုးကြိုးသွား)များကိုလည်းတွေ့ရ၏။ ၎င်းပစ္စည်းများကြောင့် ပျူမြို့ပြနိုင်ငံ၏ အစွန်အဖျားဒေသဖြစ်မည်ဟုဆိုလျှင် မှားလိမ့်မည်ဟု ကြိုတင်အသိပေးချင်သည်။ အကယ်၍ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့ကို တူးဖော်သုတေသနမပြုမီ သထုံကို တူးဖော်ခဲ့ကြမည် ဆိုပါစို့။ ဆိုခဲ့ပြီသောပစ္စည်းမျိုးကို သထုံမှာအရင်တွေ့ရှိခဲ့ကြပေလိမ့်မည်။ ထိုအခါ နောက်မှတွေ့ရမည့် ပျူဒေသပစ္စည်းများကို မည်သို့သတ်မှတ်ဆုံးဖြတ်ကြမည်နည်း စဉ်းစားသင့်ပေသည်။

ပျူသရေခေတ္တရာနှင့်သထုံသည် ဒေသချင်းကျောခိုင်းနံစပ်ရှိသည်။ သို့ဖြစ်၍ သရေခေတ္တရာနှင့် သထုံသည် အောက်မြန်မာနိုင်ငံဒေသချင်း အတူတူကူးလူးဆက်ဆံမှုရှိနိုင်၏။ ယဉ်ကျေးမှုချင်းနီးနွှယ်နိုင်ကြ၏။ စပါး စိုက်ပျိုးရေး (မိုးကောင်းမြေနိမ့်စပါး) ဖြစ်ထွန်းပုံချင်းလည်းတူ၏။ ပင်လယ်ရေကြောင်းလမ်း ကုန်သွယ်ရေးအတွက် ဆိပ်ကမ်းဖြစ်ပုံချင်းလည်းတူ၏။ ထိုရေလမ်းကုန်သွယ်ရေးကြောင့် အိန္ဒိယနိုင်ငံ စသောပြင်ပကမ္ဘာနှင့် ဆက်ဆံရေးရှိပြီး ကြီးပွားတိုးတက်ကာ ယဉ်ကျေးမှုကိုထူထောင်နိုင်ခဲ့ခြင်းဖြစ်၏။ သရေခေတ္တရာ ကြီးပွားတိုးတက်သလို၊ သထုံကလည်း အထိုက်အလျောက် တိုးတက်ကြီးပွားခဲ့ဟန် လက္ခဏာရှိ၏။ အိန္ဒိယမှ ဓလေ့ထုံးတမ်းများ ယဉ်ကျေးမှုအင်္ဂါ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ စသည်များ၊ စာပေအရေးအသားများရရှိခဲ့ပုံချင်းလည်းတူညီပေသည်။ သထုံကို ပျူဟုဆိုလျှင် သထုံမှရှေးမွန်ကျောက်စာများ တွေ့ရှိခဲ့ပုံကို မေ့မထားသင့်ပေ။ သို့သော် ပို၍တိကျခိုင်လုံစေရန် သထုံကိုလည်း သရေခေတ္တရာကဲ့သို့ စနစ်တကျ တူးဖော်လေ့လာဖော်ထုတ်ပေးသင့်၏။ အချိန်ကာလအားဖြင့် သထုံက သရေခေတ္တရာထက် ပိုစောသည်။ တည်ထောင်ချိန်စော၍ ပျက်ချိန်လည်း နောက်ကျသည်။ မှန်နန်းရာဇဝင်တော်ကြီးတွင် သရေခေတ္တရာ တည်ထောင်သည့်ရက်စွဲကို သာသနာတော် သက္ကရာဇ် (၁၀၁) ခုနှစ်ဟု ဖော်ပြပါရှိသည်။ ထိုရက်စွဲ (ဘီစီ ၄၄၂) သည်၊ သထုံရာဇဝင်အရ သီဟရာဇာအား ရသေ့၊ သိကြားမစ၍ မြို့တည်ပေးသော မဟာသက္ကရာဇ် (၁၀၁) ခုနှစ် (ဘီစီ ၅၇၂) ထက်စာလျှင် နှစ်ပေါင်း (၁၀၀) ကျော်မျှ နောက်ကျလျက်ရှိ၏။ ဤရက်စွဲသည် စတုတ္ထသုဓမ္မဝတီမြို့ကို တည်ထောင်သည့်ရက်စွဲသာဖြစ်၍ ယခင်ကသုဓမ္မဝတီမြို့များ စောစီးစွာတည်ထားခဲ့ပြီးဖြစ်၏။ ထို့ကြောင့် အောက်မြန်မာနိုင်ငံတွင် သရေခေတ္တရာထက် သထုံယဉ်ကျေးမှုက နှစ်ပေါင်းများစွာ ပို၍ရှေးကျနေကြောင်း ညွှန်ပြနေသည်။

ခေတ်သစ်သမိုင်းအမြင်အရ သရေခေတ္တရာကိုခရစ်နှစ် ၄ရာစုခန့်ကတည်ထောင်ခဲ့ပြီး ခရစ်၉-ရာစုနှစ်အထိ ထွန်းကားနေခဲ့သည်ဟုခန့်မှန်းပါသည်။ ရာဇဝင်အဆိုနှင့်ကွာခြားလှ၏။ ဤသို့ယူဆခြင်းမှာ ရှေးဟောင်းစာပေအက္ခရာပုံသဏ္ဌာန်ကိုလေ့လာသည့် Epigraphy၊ ရှေးဟောင်းလက်ရေးဗေဒ Palaeography ပညာတို့ဖြင့်ချဉ်းကပ် လေ့လာဆုံးဖြတ်ခဲ့ခြင်းကြောင့်ဖြစ်နိုင်၏။ သရေခေတ္တရာ ကျောက်အရိုးအိုးပျူစာများကို ဒေါက်တာစီအိုဗလက်ဒင်ဖတ်ရှုပေးပြီး

ရက်စွဲခန့်မှန်းထားခဲ့သော ခရစ်နှစ်-၇-ရာစု လက်ရေးဖြစ်မည် ဟူသောဆုံးဖြတ်ချက်ကြောင့်ပင်ဖြစ်၏။ တူးဖော်တွေ့ရှိရသော ရုပ်လုံး၊ ရုပ်တုတို့၏ လက်ရာကိုလည်း ထိုရက်စွဲကိုသာခန့်မှန်းခဲ့ကြသည်။

မှန်နန်းရာဇဝင်၊ မွန်ရာဇဝင်တို့အဆိုအရ တင်ပြရသော်သရေခေတ္တရာသည် ခရစ်နှစ် (၁) ရာစု အကုန်ပိုင်း၌ ပျက်ခဲ့ပေပြီ။ ၎င်းသရေခေတ္တရာနောက်ဆုံးမင်းများဖြစ်ကြသော သုမုန္ဒရီ၊ အာဓိတျာနှင့် သုပဉ္ဉာမင်းတို့လက်ထက်မှာ သာသနာသက္ကရာဇ် ၆၁၇ (အေဒီ ၇၃) မှ ၆၃၈ (အေဒီ ၉၄) အတွင်းကျ ရောက်လျက်ရှိသည်။ ထိုအချိန်တွင်သုဝဏ္ဏဘူမိ သုဓမ္မဝတီ ဒသသမမြို့ကိုပြန်လည်တူထောင်ချိန်နှင့် တိုက်ဆိုင်နေပါသည်။ သရေခေတ္တရာပျက်ချိန်တွင် နောက်ဆုံး သထုံမင်းဆက် (၄၈) ဆက်တို့အစပျိုး ချိန်ဟုဆိုရမည်။ ထို့နောက်နှစ်ပေါင်း (၁၀၀၀) ခန့်ကြာမှသထုံပျက်ပါသည်။

သရေခေတ္တရာပျက်သည့်အခါ၌ ပျူ ကမ်းယံသက်တို့ သုံးစုကွဲပြီးနောက်၊ ယုန်လွှတ်ကျွန်းအရပ်တွင် တစ်ဆယ့်ကိုးရွာသားတို့နှင့် ပုဂံကိုအစတည်ပါသည်။ ဤအကြောင်းကိုမှန်နန်းရာဇဝင်တွင်

> သက္ကရာဇ် တစ်ဆယ့်ခြောက်ခု [(သာသနာသက္ကရာဇ် (၆၂၄) နှစ်ကို (၆၂၂) ဖြို၍ အကြွင်း ၂-နှစ်ထား)] ရောက်သောအခါ သုံးစုကွဲလေ၏။ ပျူတစ်စု၊ ကမ်းယံတစ်စု၊ မြန်မာတစ်စု ဖြစ်သတည်း။ ထိုသို့သုံးစုကွဲရာတွင် ပျူနှင့်ကမ်းယံစစ်ပြုကြ၏။ ဗိုလ်ပါများရာနိုင်ကြစေဟူ၍ စကားအမြဲဆိုကြပြီးမှ ဘုရားတစ်ဘက်တစ်ဆူတည်ကြရလေ၏။ ပျူတို့သည် သရေခေတ္တရာပြည် အနောက်ပုထိုးကိုတည်ကြကုန်၏။ ကမ်းယံတို့က သရေခေတ္တရာပြည်မြောက် ပုထိုးကိုတည်၏။ ပုထိုးကြီးပြီးသူနိုင်ရမည် စကားရှိသောကြောင့် ကမ်းယံတို့က အုတ်ဖြင့်လုပ်ကြ၍ ပုထိုးကြီးမပြီးလေသော် ပျူတို့သည်ပညာဖြင့်ကြံ၍ ဝါးကိုပုထိုးယောင်လုပ်ပြီးလျှင် ပုဆိုးဖြူကို လွှမ်း၍ထီးတင်လေ၏။ ကမ်းယံတို့ကမြင်လေသော် ငါတို့ရှုံးချေပြီဟူ၍ပြေးလေ၏။ ကမ်းယံပြေးလေပြီးသော် ပျူအချင်းချင်း စစ်ဖြစ်ကြပြန်၍ သုံးစုကွဲပြန်၏။ တစ်စုကိုကျပင်းတို့ယူလေ၏။ တစ်စုကိုသက်တို့ယူလေ၏။ တစ်စုကား တောင်ညိုဟူသောအရပ်ကိုပြည်တည်ထောင်၍ နေလေ၏။ သုံးနှစ်ရှိသောအခါမွန်တို့က တိုက်ပြန်လေသောကြောင့် ပျက်ချေ၏။ ထိုကသည် ပန်းတောင်းသက်သာ အရပ်ကိုတည်ပြန်၍နေပြန်လေ၏။ ခြောက်နှစ်ရှိလျှင်ကမ်းယံတို့က တိုက်ပြန်လေ၍ ပျက်ပြန်ချေ၏။ ထိုကမှ မင်းတုန်းကိုတည်ထောင်၍ သုံးနှစ်နေပြန်လေ၏။ မင်းတုန်းတွင်သုံးနှစ်နေမှ သက္ကရာဇ်တိုနှစ်ဆယ့်ကိုးခု (အေဒီ ၁၂၇)ခုတွင် ယုန်လွှတ်ကျွန်း အရပ်၌ သမုဒ္ဒရာဇ်မင်းတည်ထောင်စပြုသည်။ *(မှန်နန်း၊ ၁၉၉၂၊ ပ၊ စာ ၁၈၆-၇)*

ဟူ၍ဖော်ပြထားပါသည်။

ပုဂံတွင်ရွာပေါင်းတစ်ဆယ့်ကိုးရွာစုစည်း၍ မြို့တည်ပြီးနောက် ရသေ့ကြောင်မင်း၊ ပျူစောထီးမင်းတို့မှစ၍ မင်းပေါင်း (၄၂ဆက်) အနော်ရထာမင်း (အေဒီ ၁၀၄၄) နန်းတက်သည့်ကာလအထိ သထုံနှင့် ခေတ်ပြိုင်ဖြစ်နေခဲ့ပါသည်။ ဤနေရာတွင် သရေခေတ္တရာပျူတို့ပျက်ခဲ့ပြီးနောက် ပျူလူဦးရေအများစုတို့မှာ သရေခေတ္တရာမှ မြောက်ဘက်အရပ်ပုဂံသို့ ပြောင်းရွှေ့သွားပုံကို တွေ့ရမည်ဖြစ်ပါသည်။ အဘယ့်ကြောင့် တောင်ဘက်၊ အရှေ့တောင်ဘက်သို့ မရွှေ့ခဲ့ကြပါသနည်း။ အကြောင်းမှာသထုံရှိနေခဲ့ခြင်းကြောင့်သာဖြစ်ပါသည်။ ပုဂံသို့မရောက်မီ (ယုန်လွှတ်ကျွန်း၌မြို့မတည်မီ) နေရာများစွာ (တောင်ညို၊ ပန်းတောင်း၊ မင်းတုန်း) သို့ရွှေ့ပြောင်းခဲ့ကြသေး၏။ ထိုနေရာများတွင် သထုံမပါရှိပေ။

မှန်နန်းရာဇဝင်တော်ကြီးမှာပင် သရေခေတ္တရာပျက်စဉ်အခါက ပဲခူး(သထုံ)နှင့်သရေခေတ္တရာ ဆက်ဆံမှုကို ဖော်ပြထားသေး၏။ ၎င်းဆက်ဆံမှုမှာ ဆံတော်ဘုရားကိုးကွယ်မှုအကြောင်းနှင့်သက်ဆိုင်၏။

မှန်နန်းရာဇဝင် (၁၉၉၂-ပ၊ စာ၊ ၂၆၇) တွင်အနော်ရထာမင်းကို ဥသာ(ပဲခူး) သမီးတော် မဏိစန္ဒာနှင့်အတူ ဆံတော်ဓါတ်တစ်ဆူဆက်သကြောင်းပါရှိ၏။ ထိုဆံတော်ကိုအနော်ရထာမင်းက ပုဂံတွင် ဘုရားစည်းခုံ (ရွှေစည်းခုံမဟုတ်) တစ်ဆူတည်၍ ကိုးကွယ်တော်မူသည်။ ထိုဘုရားကိုမဟာပိန္နဲ (ရွှေဆံတော်) ဟူ၍သမုတ်ခဲ့ပါသည်။ ယင်းအကြောင်းကို မှန်နန်းရာဇဝင်တွင် -

ဉသာမင်းကဆက်လိုက်သော ဆံတော်အကြောင်းကား တပုဿဘလိက ညီနောင်နှစ်ပါးတည်သော စေတီနှစ်ဆူတွင် ဘလိကတည်သောစေတီကို (သရေခေတ္တရာ) ဒွတ္တပေါင်မင်းကြီးဖျက်၍ ဆံတော်လေးချောင်းကို ယူပြီးသော် သရေခေတ္တရာပြည်၌ စေတီတည်၍ ကိုးကွယ်တော်မူ၏။

သရေခေတ္တရာပျက်လျှင် မွန်မင်းတို့ ထိုစေတီကိုဖျက်၍ ဆံတော်လေးချောင်းကိုပင့်ပြန်လေ၏။ ရွှေမော်ဓော ဘုရားမှာ ဆံတော်နှစ်ဆူ ကျိုက်ကိုဘုရားမှာ တစ်ဆူဌာပနာလေသည်။ ဆံတော်တစ်ဆူကိုကား ရတနာပန်း တောင်းနှင့်ထား၍ မွန်မင်းအဆက်ဆက်တို့ (ပဲခူး) နန်းတော်တွင်ထား၍ ကိုးကွယ်သောဆံတော်တည်း။

ဟူ၍တွေ့ရပါသည်။ (၄င်းစာမျက်နှာ၌ပင်- "သထုံမင်းမနုဟာကိုလည်း သားမယားအခြွေအရံနှင့်တကွ၊ ကောင်းမှုတော် ရွှေစည်းခုံဘုရားမှာ လှူတော်မူ၍ အကြီးပြုရ၏။ ဟုတွေ့ရပါသေးသည်။)

စင်စစ် သထုံသည် ပုဂံထက်လည်းစောသည်၊ သရေခေတ္တရာထက်လည်းစောပါသည်။ တကောင်းတည်ထောင် သောခေတ်နှင့် ခေတ်ပြိုင်မြို့ဟောင်းဟုပင်ဆိုနိုင်ပါသည်။

ဒွတ္တပေါင်မင်းကြီးသည် ဘုန်းကြီးသောမင်းဖြစ်၏။ ဇမ္ဗူဒီပါကျွန်းမှစ၍ အသူရာပြည်၊ နဂါးပြည်တိုင်အောင် လက်နက်နိုင်ငံဖြစ်၍ အခွန်ခံရသည်ဟုဆို၏။ ထိုမင်းအိမ်နိမ့် (၃၅) နှစ်၊ စည်းစိမ် (၇၀) သက်တော် (၁၀၅) နှစ်တွင် အနိစ္စရောက်သည်ဟု မှန်နန်းရာဇဝင်တွင်တွေ့ရပါသည်။ (မှန်နန်း၊ စာ ၁၇၂) ဒွတ္တပေါင်ကိုသာသနာ (၆၆) ခုနှစ် (ဘီစီ-၄၇၇) တွင်ဖွားသည်၊ သာသနာ (၁၇၁) ခုနှစ် (ဘီစီ-၃၇၃) တွင် အနိစ္စရောက်သည်ဟုဆိုသဖြင့်၊ သထုံမင်း သီဟရာဇာတက်၊ သက်တော်အနှစ် (၁၂၀) ငယ်ပေသည်။ သထုံဘုရင် တိဿဓမ္မသီဟရာဇာမင်းဆက်မှ သုဝဏ္ဏရာဇာမင်း၊ အက်ရမင်း၊ ဉပဒေဝမင်းနှင့် ရာဇာဇောနီခေါ် သီဝိရာဇာမင်းတို့နှင့် ခေတ်ပြိုင်ဖြစ်ကြောင်းတွေ့ရ၏။ ၎င်းသထုံမင်းများ၏ နန်းသက်များမှာအောက်ပါ အတိုင်းဖြစ်၏။

၁။ သီဟရာဇာမင်း၊ မဟာသက္ကရာဇ် (၇၉) ခုနှစ် (ဘီစီ ၆၀၃) ဖွား၊
အိမ်နိမ့် ၂၀၊ စည်းစိမ် ၆၀၊ သက်တော် ၈၀။
(သာသနာ ၂၁-ခုနှစ် (ဘီစီ-၅၂၃) တွင်အနိစ္စရောက်

၂။ သားသီရိဓမ္မာသောက (သာသနာ၊ ၂၁၊ ဘီစီ ၅၂၃ နန်တက်၊
အိမ်နိမ့် ၂၀၊ စည်းစိမ် ၅၃၊ သက်တော်ရ ၃။
(သာသနာ ၁၂၄၊ ဘီစီ ၄၂၀) တွင်အနိစ္စရောက်။

၃။ သား၊ သုဝဏ္ဏရာဇာ၊ ဓမ္မဇမင်း (သာသနာ၊ ၁၂၄၊ ဘီစီ ၄၂၀ နန်းတက်)
အိမ်နိမ့် ၃၀၊ စည်းစိမ် ၃၅၊ သက်တော် ၆၂၊
(သာသနာ ၁၅၆၊ ဘီစီ၊ ၃၈၅) တွင်အိစ္စရောက်

၅။ သားအက်ရ- (နန်းသက်တစ်နှစ်မပြည့်)

၆။ ညီ-ဉပဒေဝမင်း (သာသနာ ၁၆၀၊ ဘီစီ ၃၈၄-နန်းတက်)
အိမ်နိမ့် ၂၀၊ စည်းစိမ် ၃၂၊ သက်တော် ၅၂၊
(သာသနာ ၁၉၂၊ ဘီစီ ၃၅၂) တွင်အနိစ္စရောက်
(ထိုမင်းလက်ထက် သုဓမ္မပူရကိုတည်သည်။)

၇။ သား၊ ရာဇာဇောနီခေါ်
သီဝိရာဇာမင်း (သာသနာ ၁၉၂၊ ဘီစီ-၃၅၂) နန်းတက်၊
အိမ်နိမ့် ၂၂၊ ဘီစီ၊ ၃၂၂) တွင်အနိစ္စရောက်
(၄င်းမင်း-၇-ဆက်၊ နန်းသက်ပေါင်း ၂၆၀၊ ပျမ်းမျှတစ်ပါး ၃၇ နှစ်

ဂ။ သားဇောတကုမ္မာ၊ ဓမ္မသောက
(သာသနာ ၂၂၂၊ ဘီစီ ၃၂၂) နန်းတက်
အိမ်နိမ့် ၂၅၊ စည်းစိမ် ၄၅၊ သက်တော် ၇၀၊
(သာသနာ ၂၆၇၊ ဘီစီ ၂၇၅) တွင်အနိစ္စရောက်)
ထိုမင်းလက်ထက်တွင် မာရိဿဘူမိသုဓမ္မဝတီ
ရွှေလောင်းမြို့နှင့် သုဓမ္မဝတီ-သုဝဏ္ဏဘူမိ-တိုက်ကုလားမြို့တို့ကိုတည်သည်။)

သာသနာသက္ကရာဇ် ၂၃၅-ခုနှစ်၊ ဘီစီ ၃၀၉၊ ခုနှစ်တွင်သောဏနှင့် ဉတ္တရထေရ်တို့အဖွဲ့သာ သနာပြု ကြွရောက်လာခဲ့သည်။)

၎င်းဇောတကုမ္မာ၊ ဓမ္မသောကမင်းဆက် (၁၀) ဆက်၊ တို့သည်နန်းသက် ၂၁၄ နှစ်ကြာအောင်၊ တိုက် ကုလား သုဓမ္မဝတီတွင်စိုးစံကြ၏။ ၎င်းမင်းတစ်ပါးပျမ်းမျှနန်းသက် (၂၄) နှစ်ရှိကြ၏။

ထို့နောက်သာသနာနှစ် ၄၅၀၊ ဘီစီ-၉၄-ခုနှစ်တွင် တိုက်ကုလားမှယခုသထုံ၊ သုဓမ္မပူရမြို့ဟောင်းနေရာသို့ ရွှေ့ပြောင်း၍ထီးနန်းစိုက်ထူသည်။ မင်းပေါင်း ၄၁ ဆက်အုပ်စိုးသည်။ မြို့သက် (၁၁၅၁) နှစ်ရှိ၍ မင်းတစ်ပါးပျမ်းမျှ နန်းစံနှစ် (၂၈) နှစ်စီရှိကြပါသည်။ သာသနာနှစ် ၁၆၀၁၊ ခုနှစ် (အေဒီ ၁၀၅၇) ရောက်သည့်အခါ ပုဂံမင်းအနော်ရထာ နှင့် စစ်ဖြစ်၍မင်းဆက်ပြတ်ခဲ့၏။ (Tun Aung Chain, 2010, PP-11-20)

ဤအချက်များကိုထောက်လျှင် သထုံသည်သရေခေတ္တရာတည်ထောင်သည်မှ၊ ပုဂံသို့ရောက်ပြီး၊ ပုဂံမင်း အနော်ရထာလက်ထက်တိုင်အောင် (ဒွတ္တပေါင်မှစ၍၊ အနော်ရထာအဆုံး) မင်းပေါင်း (၆၇) ဆက်တို့နှင့်ခေတ်ပြိုင်ဖြစ် လျက်ရှိကြောင်းတွေ့ရသည်။ သက်တမ်းအားဖြင့် နှစ်ပေါင်း (၁၅၀၀) ဖြစ်ပါသည်။

ရှေးခေတ်ဟောင်းမြန်မာနိုင်ငံသမိုင်းတွင် သုဝဏ္ဏဘူမိဟူ၍မရှိကြောင်း၊ သထုံ (သုဓမ္မဝတီ) လည်းမရှိခဲ့ကြောင်း၊ သမိုင်းပညာရှင်အချို့က တွေးတောယူဆထားပေသည်။ အချို့ကလည်းသရေခေတ္တရာ ကဲ့သို့ ပျူမြို့ကြီးတစ်မြို့တည်တန့် နေရာ၊ ၎င်းပတ်ဝန်းကျင်မှာ သထုံရှိလျှင်လည်း သရေခေတ္တရာ၏ လက်အောက်ခံသာဖြစ်မည်။ သရေခေတ္တရာ၏ နယ်စွန်နယ်ဖျား (Periphery) ပိုင်းသာဖြစ်မည်။ သို့မဟုတ် အစောင့်၊ ခံတပ်မြို့ (garrison) မျှသာဖြစ်နိုင်မည်။ ထို့ကြောင့် သထုံယဉ်ကျေးမှုမှာလည်း ပျူယဉ်ကျေးမှုသာဖြစ်မည်စသည်ဖြင့် ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ( Aung Thwin, 2005. )

ရှေးဟောင်းသုတေသနအမြင်အရ ကြည့်လျှင်လည်း သရေခေတ္တရာမြို့ဟောင်းကြီးသည် အဝိုင်းအဝန်းပုံစံမျိုး ဖြစ်သော မြန်မာနိုင်ငံအကြီးဆုံးမြို့ဟောင်းကြီး ဖြစ်ပေသည်။ အရှေ့တောင်အာရှတစ်ခွင်မှာပင် ဤကဲ့သို့ခန့်နားကြီး ကျယ်သောမြို့ဟောင်းကို ရှာမတွေ့ရပေ။ ရှေးမြို့ဟောင်းကြီးတစ်ခုပီသစွာ၊ ဗိသုကာလက်ရာ အဆောက်အအုံများ ထင်ရှားရှိ၏။ ယဉ်ကျေးမှု အနုပညာလက်ရာပစ္စည်းများ၊ ကျောက်စာဟောင်းအထောက်အထားများနှင့်လည်း ပြည့်စုံစွာရှိ၏။

သထုံမှာမူ ဟံသာဝတီ (ပဲခူး)၊ ကေတုမတီတောင်ငူ၊ အမရပူရနှင့် မန္တလေးမြို့ဟောင်း ထိုကဲ့သို့ လေးထောင့် ပုံသဏ္ဍာန်ရှိ၏။ ဤမြို့ဟောင်း၏ပန္နက်ပုံစံအရ သရေခေတ္တရာ၊ မိုင်းမော၊ ဝတီးစသော ပျူမြို့ဟောင်းများကဲ့သို့ အဝန်း အဝိုင်းပုံမျိုးမဟုတ်သဖြင့် ရှေးကျသောအသွင်အပြင်မရှိကြောင်း ထောက်ပြပါသည်။ ( Aung Thwin, 2005. )

စင်စစ်ဤကဲ့သို့ မျဉ်းဖြောင့်နှင့် မျဉ်းကွေးပုံသဏ္ဍာန်ဖြင့်ရှေးလူနေရွာဟောင်းကုန်း၊ မြို့ဟောင်းကုန်းများ တည်ထား လေ့ရှိကြောင်းမှာ အငြင်းပွားဖွယ်မရှိပေ။ မြန်မာနိုင်ငံတွင်တွေ့ရသော ရှေးမြို့ဟောင်းများကို ကောင်းကင်ဓါတ်ပုံပေါ်မှ တစ်ဆင့် ဖတ်ရှုလေ့လာပြီး၊ မြေပေါ်တွင်လည်းကွင်းဆင်းကာ ရှေးသားပြုစုခဲ့သော၊ သစ်တောမင်းကြီး ဦးအောင်မြင့် (သစ်တောဓါတ်ပုံ အင်ဂျင်နီယာ) ကငြင်း၏ "ကောင်းကင် ဓါတ်ပုံမှတွေ့ရသော မြန်မာ့မြို့ဟောင်းများ" စာအုပ်တွင်

၎င်းအယူအဆမျိုးတင်ပြထား၍ ကျွန်ုပ်တို့သိရှိ လိုက်နာမှတ်သားရပေသည်။ သို့သော်ရှေးမြို့ဟောင်း လေ့လာအကဲဖြတ်သူက စဉ်းစားဆုံးဖြတ်ရမည့် အကြောင်းအရာ၊ အချက်အလက်များစွာရှိပါသည်။ ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းစစ်ဆေး၍ မြေပြင်အခြေအနေ Topography ကို စူးစမ်းရပါမည်။ အဘယ့်ကြောင့် မျဉ်းဖြောင့်ပုံရှိ၍၊ အဘယ်အကြောင်းကြောင့် မျဉ်းကွေး၊ အဝန်းအဝိုင်းပုံမျိုးရှိပါသနည်းဆိုသည်ကို ဆန်းစစ်ရပါမည်။ လေးထောင့်ပုံ မျဉ်းဖြောင့် ပုံပန္နက်ရှိတိုင်းသထုံကိုခေတ်သစ်မြို့ (သိပ်မဟောင်းဘူး)ဟု ဆုံးဖြတ်သည်မှာ ယေဘုယျဆန်လွန်းပါသည်။

သရေခေတ္တရာ မြို့ဟောင်း၏ကောင်းကင်ဓါတ်ပုံကိုကြည့်ပါ။ အဝန်းအဝိုင်းပုံအပြင် မြို့ရိုး၏ အလယ်ဗဟိုချက်နေရာ (မော်ဇာရွာစက်တိုင်ဘုရားကိုဗဟိုပြုလျက်) တွင် လေးထောင့်ပုံမြို့ကွက်ငယ်အား တွေ့နိုင်ပါသည်။ ထိုပုံမှာသရေခေတ္တရာမြို့ဟောင်း နန်းတော်ရာအကွက်ပင်ဖြစ်ပါသည်။ အပြင်ကအဝန်း အဝိုင်းပုံစံဖြစ်၍ ရှေးကျကြောင်းယူဆလျှင်အတွင်းကလေးထောင့်ပုံကိုရော မည်ကဲ့သို့ဆုံးဖြတ်ရမည်နည်း။ စင်စစ်၊ ၎င်းလေးထောင့်ရော၊ အဝိုင်းပုံကိုရော၊ တစ်ချိန်တည်းတည်ဆောက်ခဲ့ခြင်းသာဖြစ်ပါသည်။

ထိုနည်းတူစွာ အဝန်းအဝိုင်းပုံရှိသော မိုင်းမော (ပင်လယ်) မြို့ဟောင်းပုံမှာလည်း အပြင်က အဝိုင်းပုံအလယ်၌ လေးထောင့်မြို့ကွက်တစ်ခုပါရှိနေပါသည်။

စင်စစ်မိုင်းမော(ပင်လယ်)၊ ဝတီး၊ ကျိုက္ကသာ၊ သဲကုန်းစသည့်အသစ်တွေ့ မြို့ဟောင်းများကို ၁၉၇၀ ပြည့်လွန်နှစ်များက သစ်တောမင်းကြီးဖော်ထုတ်ပေးသည့်အခါ၊ ယင်းမြို့ဟောင်းတို့သည် ပုံသဏ္ဌာန်အရ ရှေးကျကြောင်း၊ သက်သေပြချက်တစ်ခုသာဖြစ်ပါသည်။ ရှေးမြို့ဟောင်းဖြစ်ကြောင်းသက်သေပြရန် အခြားအချက်အလက်များလည်း ရှိပါသေးသည်။ ဥပမာ-အုတ်ချပ်ပါလက်ရေးစင်းကြောင်းများ၊ ဒင်္ဂါးနှင့်ပုတီးစေ့များ၊ အခြားစာပေအရေးအသားအထောက်အထားစသောရှေးဟောင်းပစ္စည်းကိုလည်း ထည့်သွင်းစဉ်းစားရာရှိ၏။ သထုံတွင် ရှေးဟောင်းမွန်ကျောက်စာများ၊ သာသနိကအဆောက်အအုံများ၊ ယဉ်ကျေးမှုပစ္စည်းများ တွေ့ရှိထားပြီးဖြစ်ပါသည်။ ၎င်းအထောက်အထားများကို မေ့ထားပြီး ပုံသဏ္ဌာန်မှာ ထောင့်မှန်စတုဂံဖြစ်၍ ရှေးဟောင်းမြို့မဟုတ်ဟူ၍ အငြင်းပွားရန်အကြောင်းမရှိပါ။

သထုံမြို့ဟောင်းပုံသဏ္ဌာန်နှင့်ပတ်သက်၍ ၎င်းမြို့ဟောင်းရာကို ၁၈၆၅-ခုနှစ်ကစတင်တွေ့ခဲ့သူ၊ သထုံခရိုင်လက်ထောက်ကော်မရှင်နာမင်းကြီးက သထုံမြို့ဟောင်းသည် မြန်မာနိုင်ငံရှေးမြို့ဟောင်းကြီးများဖြစ်သော၊ မန္တလေး၊ အမရပူရတို့က အတုယူလိုက်နာရသောလေးထောင့်ပုံ (Rectongular) သဏ္ဌာန်ရှိသည်ဟု ဦးစွာတင်ပြထားခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအစီရင်ခံစာကို ဗြိတိသျှဘားမားဂဇက်တီးယား (British Burma Gazetteer) မှ ကူးယူ၍သထုံခရိုင်ဂဇက်တီးယား(Burma Gazeteer, Thaton District) တွင်ဖော်ပြချက်အတိုင်း "၎င်းလေးထောင့်ပုံ မြို့ကွက်၏မြို့ထောင့်များသည် ဝန်းဝိုင်းသောသဏ္ဌာန်ရှိကြောင်း" ထည့်သွင်းဖော်ပြထားပေသည်။ သို့ရာတွင် ၎င်းကျမ်းကိုထပ်မံကိုးကားဖော်ပြကြသည့်အခါ ထိုအချက်ကိုချန်လှပ်ထားခဲ့ကြ၏။ (Aung Thaw, Aung Thwin) သထုံမြို့ထောင့်များသည် ၉၀ ဒီဂရီထောင့်မှန်ကျထောင့်များမဟုတ်ကြောင်း၊ မြို့ထောင့်များသည် ထောင့်ချွန်များမဟုတ်ပဲ ထောင့်လုံးများသာဖြစ်ကြောင်း ဖော်ပြမထားကြတော့ပေ။ သို့ဖြစ်၍ သထုံမြို့ဟောင်းပုံသဏ္ဌာန်သည် ၁၉-ရာစုနှစ်က တည်ထားသောမန္တလေး၊ အမရပူရမြို့များနှင့်လည်းကောင်း၊ ၁၆ ရာစုနှစ်ကတည်သည့် ပဲခူး (ကမ္ဘောဇသာဒီ)၊ တောင်ငူ (ကေတုမတီ)၊ တို့နှင့်လည်းကောင်း တစ်တန်းတည်းကျသွားတော့သည်။ သထုံမြို့ရိုးများသည် မြောက်မှန်အတိုင်းတည်မနေပဲအနောက်သို့ ၁၅ ဒီဂရီစောင်းနေခြင်းကိုလည်း ဖော်ပြခြင်းမပြုခဲ့ကြပေ။ ၎င်းအချက်ကိုသုံးပြီး ဆရာကြီး ဒေါက်တာသန်းထွန်းကသထုံကိုအေဒီ ၄-ရာစုထက် နောက်မကျသော မြို့ဟောင်းများစာရင်းတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။

***(သန်းထွန်း၊ တောင်မြောက်တန်းနှင့် မြန်မာ့မြို့ဟောင်းများ)***


သထုံမြို့တည်ပုံကို ကောင်းကင်ဓါတ်ပုံနှင့် စစ်သုံးမြေပုံများတွင် လေ့လာမည်ဆိုလျှင် မြို့တည်ပုံအနေအထားကိုအလွယ်တကူသဘောပေါက်နိုင်ပါသည်။ ၎င်းမြို့ဟောင်း၏ အရှေ့မြို့ရိုးများနှင့် မြောက်ဘက်မြို့ရိုးများကို ကောင်းကင်



*သထုံမြို့ဟောင်း ကောင်းကင်ဓာတ်ပုံ*

ဓါတ်ပုံတွင် ပေါ်လွင်ထင်ရှားစွာမြင်နိုင်၏။ အရှေ့မြောက်မြို့ထောင့်၊ အနောက်မြောက်မြို့ထောင့်နှင့် အရှေ့တောင်မြို့ထောင့်နေရာများကိုလည်း ထင်ရှားစွာမြင်ရ၏။ အနောက်တောင်မြို့ထောင့်မှာမူ လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။ အနောက်မြို့ရိုးများနှင့် တောင်ဘက်မြို့ရိုးများတိမ်ကောနေပြီ၊ ပေါ်လွင်ထင်ရှားခြင်းမရှိတော့ပေ။

ကောင်းကင်ဓါတ်ပုံပေါ်မှ အရှေ့မြောက်မြို့ထောင့်ကို အလိုက်သင့်ကွေးနေပုံအတိုင်းမြင်နိုင်သည်။ အလားတူစွာ အနောက်မြောက်မြို့ထောင့်ကိုလည်း ကွေးဝိုက်လျက်တွေ့နိုင်သည်။ ဤမြို့ထောင့်များသည် ထောင့်ကျယ် ၉၅ ဒီဂရီ နှင့်ထောင့်ကျဉ်း ၈၅ ဒီဂရီစီရှိကြ၍ မြို့ရိုးများမျဉ်းပြိုင် အနေအထားတည်နေကြသည်။ [(4၊ 1၊ 58) ရက်နေ့ရိုက် ကောင်းကင်ဓါတ်ပုံအမှတ်-94-H-5, 5, (515-146) နှင့် (515-147)၊ (12၊ 12၊ 58) နေ့ရိုက် ကောင်းကင်ဓါတ်ပုံအမှတ်၊ 94-H-5, 5, (674-13)] **[ စံဝင်း၊ စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်စပ်ကြားရှိ ရှေးမြို့ဟောင်းများအား ပထာမလေ့လာချက်၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန၊ ၁၉၇၆၊ စာ-၁၄၅]**




*သထုံမြို့ဟောင်း မြေပုံ*

စစ်သုံးမြေပုံ (94၊ H. 5) ပေါ်တွင်သထုံမြို့ဟောင်းရာကို ရှာဖွေတွေ့နိုင်ပါသည်။ မြို့ဟောင်း၏ အရှေ့ဘက်၊ တောင်ဘက်နှင့်အနောက်ဘက်တို့၌ တောင်တန်းများပတ်လည်ဝန်းရံထား၏။ တောင်ဘက်က ဇင်းကျိုက်တောင်ထုံးနှင့် မြို့ဟောင်းအကြားမြေပြန့်မှာလည်း လယ်ကွင်းပြင်ကို တောင်တန်းပတ်လည်ရံကာလျက်မြို့ဟောင်းကုန်းနှင့် တစ်ဆက်တည်းတွေ့ရ၏။ အနောက်ဘက်ပိုင်းမှာ ပင်လယ်စပ်အထိ ၁၀ မိုင်မှ ၁၅ မိုင်အထိ လယ်ကွင်းပြင်ကျယ်ကြီးရှိ၏။ မြောက်ဘက်တွင် ပေ ၅၀ မှ ၁၀၀ အကြားဆင်ခြေလျော ကုန်းပြင်ကျယ်ရှိ၍ အနောက်ဘက်လယ်ကွင်းစပ်တွင်

အနားသပ်ထားသည်။ ဤမြေပြင်အနေအထားအရ တောင်တန်းနှင့် လယ်ကွင်းအကြားတောင်နှင့်မြောက် အလျားရှည် ကုန်းမြေပေါ်တွင် အလျားရှည်စတုဂံမြို့ကွက်ကို အလိုက်သင့်တည်ထားခြင်းဖြစ်ကြောင်းတွေ့ရပါမည်။ အရှေ့ဘက်မြို့ရိုးသည် တောင်ခြေရင်းတွင်ရှိ၍၊ အနောက်ဘက်မြို့ရိုးသည် လယ်ကွင်းစပ်သို့ရောက်လျက်ရှိ၏။ မြို့မြေပြင်သည် အရှေ့မှအနောက်သို့ အရှေ့မြောက်မှအနောက်တောင်သို့ တဖြည်းဖြည်းနိမ့်လျောနေသည်။ ဤအနေအထားတွင် အဝိုင်းပုံမြို့ကြီးကိုတည်၍ မြို့ကွက်ကျယ်ကျယ်ရနိုင်မည်မဟုတ်ပေ။

သထုံမြို့ဟောင်းတောင်ဘက် မြို့ရိုးများအပြင်မှာ ဇင်းကျိုက်တောင်ခြေအစပ်အထိ လယ်ကွင်းများသည် မြို့ဟောင်းခေတ်က စိုက်ပျိုးမြေပင်ဖြစ်၏။ ၎င်းစိုက်ပျိုးမြေကို မြို့ဟောင်းအတွင်းထည့်သွင်းထားရမည်သာဖြစ်သည်။ သရေခေတ္တရာမြို့ဟောင်းအတွင်း၌ စပါးစိုက်လယ်ကွင်းများ ထည့်ထားသည့်သဘောနှင့် ဆင်တူပေသည်။ ထိုအချက်ကို ထောက်ထားလျှင် သထုံမြို့၏အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်တောင်ဘက်တို့မှ ပတ်ရံကာဆီးထားသော သဘာဝတောင်တန်းများသည်၊ မြို့ဟောင်း၏ အပြင်မြို့ရိုးကြီးပင်ဖြစ်ရပေမည်။ ဤအတိုင်းမှန်ပါသည်။ ကွင်းဆင်း စစ်ဆေးချက်အရ သထုံအရှေ့မြောက်သပိတ် တောင်တန်းမှအရှေ့တောင်တန်း၊ ဝင်းစိန်တောင်တန်းများအထိ၊ တောင်ထိမ် ကျောတစ်လျောက် ကျောက်တုံးစီ မြို့ရိုးဟောင်းနေရာများကိုတွေ့ရပါသည်။ အနောက်တောင်ဘက် အောင်းစိုင်တောင်စွန်း မှစ၍ ရင်းငြိမ်၊ ဖြူဘစသော တောင်တန်းပေါ်တွင် ကျောက်တုံးစီမြို့ရိုးဟောင်းနေရာများတွေ့ရသည်။သို့ဖြစ်၍သထုံမြို့ဟောင်း အကျယ်အဝန်းကို၊ ဤတောင်တန်းတစ်ပတ် အတိုင်းအတာနှင့် တွက်ဆမည်ဆိုလျှင် သရေခေတ္တရာမြို့ဟောင်းထက်ပို၍ ကြီးကျယ်နေပေသည်။

မြို့ဟောင်း၏မြောက်ဘက်၊ ပေါ်တော်မူရွာ၊ မြေနီကုန်းရွာ၊ နောင်ကုလားရွာ၊ နောင်ဘိုရွာနှင့် ကျိုက်ကော်ရွာ အထိကုန်းမြေမှာ၊ ရှေးဟောင်းသုဓမ္မဝတီမြို့ဟောင်းများတည်ခဲ့သော ဂဝံမြေခံကုန်းပြင်ကြီးဖြစ်သည်။ သထုံမြို့သည် ၎င်းတောင်ဘက်လယ်ကွင်းများမှ ရိက္ခာအတွက်စပါးစိုက်ပျိုးနိုင်ပြီး၊ မြောက်ဘက် ဂဝံကုန်းများတွင် မြို့ကိုတည်ထောင် ထားခဲ့ခြင်းဖြစ်သည်။ အရှေ့ဘက်တောင်တန်းကိုပင် အရှေ့မြို့ရိုးပြုထားသည်။ အနောက်ဘက်လယ်ကွင်းများမှ တူးမြောင်း ဆက်သွယ်ရေးဖြင့် သံလွင်မြစ်ဝနှင့် ဘီးလင်းမြစ်ဝ၊ စစ်တောင်းမြစ်ဝတို့အထိ ရေကြောင်းဆက်သွယ်ရေးဖြင့် ပြည်သူများ ဖောက်ကားရောင်းဝယ်သွားလာနိုင် စေရန်လည်းကောင်း၊ ဘင်္ဂလားပင်လယ်ကုန်သွယ်ရောင်းဝယ်ရေး လှေကြီး၊ လှေငယ် များဝင်ထွက်ဆိုက်ကပ်နိုင်စေရန်လည်းကောင်း စီမံဖန်တီးထားခဲ့ပေသည်။ ဤအကြောင်းများကြောင့် သုဓမ္မဝတီ၊ သထုံ ပြည်သည် အိန္ဒိယ၊ သီဟိုဠ်ကျွန်းစသော နိုင်ငံရပ်ခြားဒေသများက သုဝဏ္ဏဘူမိမြို့တော်ကြီးအဖြစ်သိခဲ့ကြသော ပင်လယ် ဆိပ်ကမ်းမြို့ကြီးဖြစ်ခဲ့ပေသည်။

သထုံမြို့ဟောင်းသည် သရေခေတ္တရာမြို့နှင့်မတူ၊ ကွဲပြားသည့်အချက်များရှိနေသည်မှာလည်း ၎င်း၏ပင်ကို အားဖြင့်ထူးခြားမှုဟုဆိုရမည်။ ဤမြို့ဟောင်းနှစ်ခုတို့၏မြို့တည်ပုံ အစဉ်အလာချင်းလည်း မတူညီကြပေ။

သရေခေတ္တရာကို ဘိုးတော်ရသေ့ကြီးနှင့်တကွ သူမြတ်ခုနစ်ဖော်တို့ကတည်ပေးခဲ့သည်ဟူသော မှန်နန်းရာဇဝင် အဆိုနှင့် သထုံမြို့ကိုရသေ့နှစ်ပါး၊ သိကြား၊ ဝိဇ္ဇာတို့တည်ထောင်ဖန်ဆင်းပေးရသည်ဟူသော သထုံရာဇဝင်အဆိုတို့မှာ အစဉ်အလာဆန်ချင်းဆင်တူပေသည်။ သို့သော် သရေခေတ္တရာမြို့တည်ပုံသည် အထက်မြန်မာနိုင်ငံ တကောင်းမြို့ဟောင်း အစဉ်အလာကိုယူထား၍ သထုံသည်မုတ္တမပင်လယ်ကွေ့ ဝန်းကျင်ရှိ ရှေးမြို့ဟောင်းအစဉ်အလာကို ယူထားပါသည်။

သရေခေတ္တရာတည်သည့် ခေပဒူတရသေ့ကြီးသည် တကောင်းမင်းသတိုးမဟာရာဇ၏ ယေကဗ္ဗတော်သူ၊ အိမ်ရှေ့မင်းသားဖြစ်ခဲ့ဖူးသူဖြစ်သည်။ မဟာသမ္ဘဝ၊ စူဠသမ္ဘဝတို့နှင့် တွေ့ ပြီးမြို့တည်ပေးရန် စီစဉ်ကြသည့်အခါ သမ္ဘာဝ ညီနောင်တို့က တကောင်းမင်းထံသွား၍ မြို့တည်ခွင့်တောင်းသည်။ ထိုအခါ ဖခင်မင်းကြီးကသားရေတစ်ချပ်ကိုပေး၍ ထိုသားရေဖြင့်နန်းဆွဲပြီးမြို့ကွက်တည်တော့ဟု ခွင့်ပေးသည်ဆို၏။ (တကောင်းရာဇဝင်) ၎င်းတို့ပြန်ရောက်လာသည့်အခါ အင်းမအင်း၏အရှေ့ဘက်၊ ၎င်းအင်းနှင့် ရိုးမတောင်ခြေအကြားမြေပြန့်လွင်ပြင်၌ ရသေ့မြို့ခေါ် သဲကုန်းမြို့ကိုတည် သည်။ ထိုမြို့ပုံသဏ္ဍာန်မျိုးကို တကောင်းမြို့ဟောင်းအမှတ် (၃) တွင်တွေ့ရသည်။ သို့ဖြစ်၍တကောင်း အမှတ် (၃) မြို့နှင့် သဲကုန်းမြို့ (ရသေ့မြို့) ဟောင်းတို့ ပုံသဏ္ဍာန်ချင်းဆင်တူလျက်ရှိသည်။ အရွယ်အစားမှာလည်း ဆတူမျှပင်ကေ

(၇၀၀) ခန့်စီရှိကြသည်။ တကောင်းမှ ရောက်လာသောမင်းညီ၊ မင်းသားတို့ကကြီးကြပ်လျက်တည်သည့် မြို့ဖြစ်ခြင်းကြောင့် တကောင်းပုံစံ၊ ဆင်တူဖြစ်ရသည်ဟုဆိုရမည်။ နောက်တစ်ဖန် သရေခေတ္တရာကိုတည့်သည့်အခါ ၎င်း အလျားရှည်မြို့ ဝန်းပုံကိုပင် ဘေးနှစ်ဖက်ကားပြီးစက်ဝန်းလည်းမကျ၊ အလျားရှည် oblong ပုံလဲမက သည့်ပုံသဏ္ဍာန်ဖြစ်လာသည်။ သို့ဖြစ်၍ သရေခေတ္တရာတည်ထားသည့်ပုံစံသည် တကောင်းမြို့တည် ဗိသုကာအစဉ်အလာတိုင်းတည်သည်ဟု ဆိုရပါမည်။

သုဓမ္မဝတီသထုံမြို့တည်ပုံမှာ ၎င်းတကောင်းအစဉ်အလာပုံစံနှင့် ခြားနားပေသည်။ အပြင်ဝန်း မြို့ကွက်ပုံမှာ ခြေဖဝါးပုံသဏ္ဍာန်ရှိ၏။ အတွင်းထပ်မြို့ကွက်မှာ လေးထောင့်ပုံရှိ၏။ ၎င်းလေးထောင့်ပုံကို မြို့ရိုးအထပ်များများ ထပ်ဆင့်ရံပြီး တည်ပါသည်။ သထုံရာဇဝင်တွင် ပထမသုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမြို့ကို သုဒ္ဓမာနဝလုလင်အား သိကြားမင်းက တည်ထောင် ပေးသည့်အခါ မြို့ရိုးခုနစ်ထပ်၊ ကျုံးခုနစ်ထပ်တည်လုပ်ဖန်ဆင်းပေးခဲ့ကြောင်း ဖော်ပြထား၏။ တစ်ဖန် ဒုတိယသုဓမ္မဝတီကို သီရိယကုမ္မာ မင်းသားအား ရသေ့နှစ်ပါးနှင့်သိကြားမင်းတို့က တည်ထောင်ပေးခဲ့ပြန်သည့်အခါ၌လည်း ၎င်းအတိုင်းပင် မြို့ရိုးခုနစ်ထပ်ကျုံးခုနစ်ထပ် အစီအစဉ်အတိုင်းတည်ခဲ့သည်ဟုဆို၏။ ဤအစဉ်အလာကို တတိယသုဓမ္မဝတီ၊ စတုတ္ထသုဓမ္မဝတီတို့တည်စဉ်၌လည်း လိုက်နာခဲ့သည်။ ဤမြို့ဟောင်းများကို စစ်တောင်းမြစ်နှင့်သံလွင် မြစ်ဝတို့အကြား ပင်လယ်ကမ်းရိုးတန်းတစ်လျောက်၊ တောင်တန်းနှင့်ပင်လယ်အကြားမှာပင် တစ်နေရာပြီး၊ တစ်နေရာရွှေ့ပြောင်း တည် ထောင်ကြခြင်းဖြစ်၏။ ထို့ကြောင့် ဤအစဉ်အလာပျက်မသွားဘဲ၊ သုဓမ္မပူရ (ယခုသထုံမြို့ဟောင်း) တည်သည်အထိ လိုက်နာခဲ့ခြင်းဖြစ်၏။

မြို့ရိုးအထပ်၊ အရစ်များများအတွင်းထပ်၌တည့်ထားပြီး အပြင်ကခြေဖဝါးပုံရှိသောမြို့ရိုးကို

၁။ ကျိုက္ကသာ (ကျိုက်ထို) (မြောက် ၁၇°၊ ၁၂'၊ ၇၀"၊ အရှေ့ ၉၆°၊ ၅၅')

၂။ ဇုတ်သုတ် (၂) (ဘီးလင်း) (မြောက် ၁၇°၊ ၁၀'၊ နှင့် အရှေ့ ၉၇°၊ ၁၀')

၃။ ကတိုက်ကြီး (သထုံ) (မြောက် ၁၇°၊ ၁'၊ ၃၀"နှင့် အရှေ့ ၉၇°၊ ၁၄'၊ ၃၀')

၄။ ကတိုက်ကလေး (သထုံ) (မြောက် ၁၇°၊ ၃' နှင့် အရှေ့ ၉၇°၊ ၁၄')

တို့တွင်တွေ့နိုင်ပါသည်။


ကျိုက္ကသာသည် အကျယ် ၆၉၃ ဧက (၂၇၉ ဟက်တာ) မျှကြီးသည်။ ထိုမျှကြီး၍ မင်းနေပြည်မြို့ တစ်မြို့ ဟု သတ်မှတ်နိုင်ပါသည်။ ဇုတ်သုတ် (၂) မှာ အကျယ် ၄၅၀ ဧက (၁၈၂ ဟက်တာ) မျှအရွယ်ရှိသည်။ ထိုဇုတ် သုတ် (၂) ၏ ထူးခြားချက်မှာလည်း စိတ်ဝင်စားဖွယ်ကောင်း၏။ ၎င်း၏မြောက်ဘက်တွင် ကပ်လျက်တည်နေသော ဇုတ်သုတ် (၁) (မြောက် ၁၇°၊ ၁၀'၊ နှင့် အရှေ့ ၉၇°၊ ၁၀') သည် အကျယ် ၉၂ ဧက (၃၇ဟက်တာ) မျှရှိသည်။ ဇုတ်သုတ် (၂) က ကုန်းပိုကြီးသည့်အပြင်၊ ပို၍လည်းမြင့်ပါသည်။ မင်းနေပြည်မြို့တော်တစ်ခုအသွင်ကိုဆောင်သည့် သဘောမှာ ၎င်း၏ အလယ်ဗဟိုချက်နန်းတော်ကုန်းနေရာ၌ မြို့ရိုးအထပ်အရစ်များစွာ (၇ ထပ်မှ ၉ ထပ်ခန့်) ရစ်ပတ်တည်ထားခြင်းဖြစ်၏။ ထိုဗဟိုကုန်းကို ဇုတ်သုတ် (၁)က မြောက် ဘက်ကရံထားပုံ၊ အရှေ့ဘက်မှ ကော့ကွဲကုန်း၊ တောင်ဘက်မှဖွဲ့ဂလာကုန်း တို့ရံနေပုံသည် ဟိန္ဒူဗြဟ္မဏနှင့် ဗုဒ္ဓဘာသာဝင်တို့ယုံကြည်မှုအရ စကြာဝဠာတည်ဟန်နှင့် တူသည်။ မြင်းမိုရ် (သိကြားမင်းနေရာ)တောင်ကို ဗဟိုထားလျက် ကျွန်းကြီးလေးကျွန်း ပတ်လည်ရံလျက်ရှိပုံမျိုးပင်ဖြစ်ပါ သည်။ အရံကျွန်းငယ် (၅၀၀) လည်း ပါဝင်လျက်ရှိသည့်သဘောအရ၊ ၎င်းဇုတ်သုတ် (၁) နှင့် (၂) တို့ပတ်လည်တွင် ကော့ကတွတ်၊ မုသင်၊ ဝိုင်းပတ်၊ သစ်တိုကျွန်း၊ မိန်းမလုကျွန်း၊ မုဆိုးမကျွန်း၊ ရေဖြူကန်၊ ညောင်ပလင်၊ ညောင်လန်း၊ လိပ်ခုံ၊ ရွှေလေ့ စသည့် ကျွန်းပုံသဏ္ဍာန် ဂဝံကုန်းများဝိုင်းရံထားပေသည်။ အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တွင် ဘီးလင်းမြစ်ဝက ဝန်းရံရစ်ပတ် စီးဆင်းနေပြီး၊ မြောက်ဘက်တွင် သဲဖြူချောင်းစီးဆင်းလျက်၊ ရေပတ်လည်ဝိုင်းထားလျက် ရှိ၏။ ပတ်ဝန်းကျင်မြေပြင်မှာလည်း ရေနက်ကွင်းများနှင့် ချောင်းမြောင်းများ သာဖြစ်၍



စစ်တောင်း မြို့ဟောင်း



မုသင်မြို့ဟောင်း



ကကတစ်မြို့ဟောင်း




လိပ်ခုံးမြို့ဟောင်း

မဟာသမုဒ္ဒရာအသွင်အပြင်မျိုး သဏ္ဍာန်တူနေပေသည်။ ဤကဲ့သို့ မြို့တည်ပုံအကွက်အကွင်း မျိုးကို မြန်မာနိုင်ငံတွင် နမူနာပြစရာဟူ၍ ဤသထုံဒေသ ဇုတ်သုတ်မှာပင်ရှိသည်ဟု ဆိုနိုင်ပါသည်။

ကတိုက်ကြီး (၂၃၀ ဧက၊ ၉၆ ဟက်တာ) နှင့် ကတိုက်ကလေး (၅၀ ဧက၊ ၂၁ ဟက်တာ) တို့သည် သထုံမှအနောက်မြောက်ဘက် (၈) မိုင်ခန့်အကွာ၌ရှိကြ၏။ ကတိုက်ကြီးမှာ အလျားပုတိုတိုနှင့် ခြေဖဝါးပုံတွင်အလယ်၌ လေးထောင့်ပုံမြို့ရိုးသုံးထပ်၊ ကျုံးသုံးထပ်ထင်ရှားပေါ်လွင်လျက်ရှိ၏။ အပြင်ဝန်း မြို့အထပ်မည်မျှရှိခဲ့မည်ကို မခန့်မှန်းသေးပေ။ ကတိုက်ကလေးမှာ အပြင်ဝန်းမြို့ရိုးသုံးထပ်မျှ ခပ်ရေးရေး တွေ့ရသေးသည်။ အတွင်းထပ်မှာ ဂဝံကုန်းမြင့်နှစ်ကုန်းကွဲ လျက် အရှေ့နှင့်အနောက်တည်နေကြပြီး မြို့ရိုးအရစ် မပီမသကျန်ပါသေးသည်။

သထုံမြို့ဟောင်း (မြောက် ၁၆°၊ ၅၄'၊ ၄၆'' နှင့် အရှေ့ ၉၇°၊ ၂၂') သည် အကြီးဆုံးမြို့ဟောင်းဖြစ်၏။ အရွယ်အစား ဧက ၇၀၀ (၂၈၃ ဟက်တာ) မျှရှိပါသည်။ သထုံမြို့ဟောင်း၏ မြောက်ဘက်တွင် မြို့ရိုးအထပ် (၆) ထပ်ကို ထင်ထင်ရှားရှားတွေ့နိုင်ပါသေးသည်။ အရှေ့ဘက်တွင် တောင်ခြေရင်းမြို့ရိုး (၂) ထပ်နှင့် တောင်စောင်းပေါ်ရှိ မြို့ရိုးများကိုပေါင်းလျှင် သုံးထပ်ထက်မကရှိနိုင်၏။ အနောက်ဘက်မှာလည်း မြို့ရိုးငါးထပ်ခန့်ရေတွက်၍ရပါသေးသည်။ တောင်ဘက်မြို့ရိုးများပွန်းတီးမှုများခြင်း၊ မြို့သစ်လူနေအိုးအိမ် ထူထပ်ခြင်းကြောင့် မမှန်းဆနိုင်ပေ။ ဤကဲ့သို့ သထုံမြို့ကွက် ပုံသဏ္ဍာန်၊ အရွယ်အစားနှင့် မြို့တည်ပုံကို ကြည့်၍ သထုံသည် သရေခေတ္တရာနှင့်လည်းမတူ၊ အခြားသောပျူဒေသ မြို့ဟောင်းများနှင့်လည်းမတူပဲ၊ ကိုယ်ပိုင်အစဉ်အလာအရ မြို့တည်ပုံဗိသုကာစနစ်ကို လိုက်နာပြီးတည်ဆောက်ထားသည့် မြို့ဟောင်း တစ်ခုဟု ယူဆရခြင်းဖြစ်ပါသည်။

သထုံမြို့ဟောင်းဒေသမှာပင်-

| | |
|---|---|
| စစ်တောင်း | ၈၈ ဧက |
| ကော့ထင်း | ၄၀ ဧက |
| တိုက်ကုလား (အယက်သည်မ) | ၆၄ ဧက |
| တိုက်ကုလား (ဝင်းက) | ၃၀၇ ဧက |
| မုသင် | ၁၅၃ ဧက |
| ကကတစ် | ၃၀ ဧက |
| လိပ်ခုံး | ၃၀ ဧက |
| မရမ်းကုန်း | ၂၀၀ ဧက |
| ဆင်ဖြူကျွန်း | ၆၇ ဧက |
| စမွါနဂိုရ် | ၃၁၁ ဧက |
| ကတိုက်ကြီး | ၂၃၀ ဧက (၉၆ ဟက်တာ) |
| ဇုတ်သုတ် (၁) | ၉၂ ဧက (၃၇ ဟက်တာ) |
| ဇုတ်သုတ် (၂) | ၄၅၀ ဧက (၁၈၂ ဟက်တာ) |

တို့ကိုတွေ့နိုင်ပါသေးသည်။ ၎င်းမြို့ဟောင်းငယ်များမှာလည်း မြို့ရိုးအထပ်အရစ် များများတည်ထားကြပါသည်။ မြို့ကုန်း ပေါ်တွင် လက်ရေးစင်းအမှတ် အသားပါသော အုတ်ချပ်နှင့်အဆောက်အအုံကုန်းများကိုတွေ့ရပြီး၊ မြို့ရိုးအုတ်ချပ်များမှာ လည်း လက်စင်းအုတ်များပင်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၏။ သထုံဒေသအတွင်းတွေ့ရှိပြီး သမျှမြို့ဟောင်းများ စုစုပေါင်းအကျယ်အဝန်းမှာ (၃၆၀၁ ဧက) (၁၄၆၈ ဟက်တာ) မျှရှိသည်။ သို့ဖြစ်၍ သထုံသည် မြို့ဟောင်းမဟုတ်ဟု လည်းကောင်း၊ မြို့ပြပြည်ရွာထွန်းကားခဲ့ခြင်း မရှိဟူ၍လည်းကောင်း မယူဆသင့်ကြောင်း သိသာထင်ရှားနေပေပြီ။

# အမွေလုခံရသော သုဝဏ္ဏဘူမိ

မြန်မာနိုင်ငံ၏အိမ်နီးချင်းထိုင်းနိုင်ငံသည် မြန်မာနှင့်ရေ၊ မြေရာသီဥတုသိပ်မကွာ၊ ရှမ်းရိုးမ၊ ဒေါနနှင့် တနင်္သာရီတောင်တန်း၏ တစ်ဖက်ပိုင်းတွင်ရှိ၏။ တောင်တန်း၏အရှေ့ မိုးကွယ်ဒေသ ဖြစ်သောကြောင့် မုတ္တာပင်လယ်ကွေ့ ကမ်းရိုးတန်းက သထုံဒေသနှင့်စာလျှင် မိုးရွာသွန်းမှု ထက်ဝက်မျှနည်းသည်။ အဓိကမြစ်ကြီးဖြစ်သော မဲနာမ်-ချောင် ဖရာမြစ်က အလယ်ပိုင်းမှနေ၍ တောင်ဘက် ယိုးဒယား(ထိုင်း)ပင်လယ်ကွေ့ထဲသို့ စီးဆင်းနေလျက်ရှိ၏။ ၎င်းထိုင်း ပင်လယ်ကွေ့ ပတ်ဝန်းကျင်ဒေသကို သုဝဏ္ဏဘူမိမင်းနိုင်ငံ တည်နေရာဌာနဖြစ်မည်ဟု စွဲလန်းယုံကြည်မှုရှိပါသည်။ မုတ္တမပင်လယ်ကွေ့နှင့် ယိုးဒယား (ထိုင်း) ပင်လယ်ကွေ့တို့ကို စစ်တောင်းမြစ်ဝမှအစပြု၍ မလေးကျွန်းဆွယ်အထိ တောက်လျှောက်သွယ်တန်းသွားသော အရှေ့ရိုးမတောင်တန်းကြီးက ပိုင်းခြားထားလျက်ရှိပြီး၊ ထိုတောင်တန်းကြီး၏ အရှေ့နှင့်အနောက် ကျောခိုင်းနံစပ်အနေအထားမျိုးဖြစ်သည်။ ဤသက်ရင့်တောင်တန်းကြီးမှ တွင်းထွက်သဘာဝဓါတ် သတ္တုများထွက်ရှိပါသည်။ ကျောက်ခေတ်သစ်ကို လွန်မြောက်ပြီးနောက် ကြေးခေတ်၊ သံခေတ်(ဘီစီ ၂၀၀၀-၅၀၀) သို့ရောက်လာသည့်အခါ ဤသက်ရင့်တောင်တန်းကြီးမှ ငွေ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း စသည့် သတ္တုရိုင်း များမှာ အဖိုးတန်ပစ္စည်းများဖြစ်လာသည်။ ဤဒေသနှစ်ခုအတွင်း မြစ်ကြီးများ၏ သဲသောင်မြေပြင်မှ ရွှေကိုလည်း "ကျင်" ယူ၍ရနိုင်သဖြင့် သတ္တုခေတ်အစပိုင်းမှာပင် သုဝဏ္ဏဘူမိဟူ၍ အမည်ကျော်ကြားနေခဲ့ပေလိမ့် မည်။ ဤတောင်တန်းကြီး၏ အနောက်ဘက်က မုတ္တမကွေ့ပတ်ဝန်းကျင်တွင် သုဝဏ္ဏဘူမိအစဉ်အလာရှိသကဲ့သို့ပင်၊ တောင်တန်းကြီး၏ အရှေ့ဘက်ရှိ ထိုင်းပင်လယ်ကွေ့ ပတ်ဝန်းကျင်မှာလည်း သုဝဏ္ဏဘူမိအစဉ်အလာရှိနေပြန်ပါသည်။ ယင်းအစဉ်အလာကို ရှေးဟောင်းသုတေသနတူးဖော်တွေ့ရှိမှုများက အထောက်အပံ့ပြုပါသည်။ ဒေါနတောင်တန်း၏ အရှေ့ဘက် တောင်ခြေတွင် တစ္ဆေဂူ (spirit cave) မှ ကျောက်ခေတ်ဂူနေ လူသားအထောက်အထား၊ ဘန့်ကောက် (Ban Kao) ရွာမှ ကျောက်ခေတ်သစ်ရွာဟောင်းကုန်း၊ ဒုံတားဖက်ရွာမှ ကြေးနှင့်သံခေတ်ဦးရွာဟောင်းကုန်းတို့ကို တူးဖော်တွေ့ရှိခဲ့၏။ သံခေတ်ရှေးမြို့ဟောင်းယဉ်ကျေးမှုကို ဦးထောင်းမြို့ဟောင်း၊ နကွန်းပထုမ် မြို့ဟောင်း၊ ကူဘူး ဝါးမြို့ဟောင်းနှင့် ပုန်တုတ်မြို့ဟောင်းကုန်းတို့၌ တွေ့ရသည်။ ထိုင်းပင်လယ်ကွေ့ ရှေးမြို့ဟောင်းယဉ်ကျေးမှုကို ဒွါရဝတီ မြို့ဟောင်းများဟုခေါ်ပါသည်။

အိန္ဒိယတိုင်းရင်းစကားဖြင့် သုဝဏ္ဏဘူမိဟူ၍လည်းကောင်း၊ တရုတ်တိုင်းရင်းစကားဖြင့် "ကျင်လင်" ဟု လည်းကောင်းခေါ်သည့် မင်းနိုင်ငံတစ်ခုကို ထိုင်းတို့ကလည်း ထိုင်းနိုင်ငံ ဒွါရဝတီမင်းနိုင်ငံဖြစ်ကြောင်း ၎င်းတို့၏ သုတေသနရလဒ်အဖြေများနှင့် သက်သေထူပြသရန် ကြိုးပမ်းလျက်ရှိပါသည်။ ထိုင်းတို့ယူဆသော သုဝဏ္ဏဘူမိ နှင့်ပတ်သက်၍ ထိုင်းနိုင်ငံ ကျောင်းသုံးစာအုပ် (Text Book) တစ်အုပ်မှ ဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်၏။

Suvarnabhumi, meaning The land of gold, was known to the Romans as ‘’Chryse Chersonesus”. It must have been located in Indo-China and especially within the boundaries of present day Thailand, where gold has been discovered; some of it was at one time collected from the alluvial soil at Kamnerd nophakun in the Bang Saphan district of the province of Prachuap khiri khan, while gold mining was operated at Tohmoh in Narathiwat, and the metal has been found by geologists in Kabin Buri in Prachin Buri. There has been a difference of opinion among some archaeologists and historians as to the exact centre of Suvarnabhumi, Would it be Thaton in South Burma, Chaiya in South Thailand, or Nakhon Pathom or Suphan Buri in the Central plain of Thailand? On account of many relics typifying the age of Ashoka such as a Wheel of Law, a deer statue and a stupa built in the same style at Sanchi in India, it has been established that the area extending from Nakhon Pathom to Suphan Buri constituted the centre of Suvarnabhumi.

(Thai Civilization, Text Book, G.S. 1001 p.14)

ၑင်းဘာသာပြန်မှာ

> "ရွှေမြေ" ဟုအဓိပ္ပါယ်ရသော သုဝဏ္ဏဘူမိကို ရောမတိုင်းသားတို့က **ခရိုင်စီချာဆိုနေစပ်** ဟူ၍သိကြပါသည်။ ၎င်းနေရာဌာနကို အင်ဒိုချိုင်းနားကျွန်းဆွယ်မှ နေရာတစ်ခုခုကို သတ်မှတ်ရပါမည်။ အထူးဖြင့် ရွှေသတ္တုကို ရှာဖွေ တွေ့ရှိရသော မျက်မှောက်ခေတ်ယိုးဒယား (ထိုင်း) နိုင်ငံနယ် နိမိတ်များအတွင်း၌သာလျှင် တည်ရှိခဲ့၏။ (ထိုင်းနိုင်ငံတွင်) ရွှေသတ္တုကို ပရာချွတ်ကီရိခန်ပြည်နယ် ဘန်စဖန်းခရိုင်၊ ကမ်နတ်နိုဖကွန်အရပ်ရှိ နုံးမြေများမှစဆောင်း ရယူနိုင်သည်။ ထို့ပြင် နရာသီဝပ်ပြည်နယ် တိုမိုဒေသ၌လည်း ရွှေသတ္တုထုတ်လုပ်ငန်း ရှိပါသည်။ ဘူမိဗေဒပညာရှင်များက ပရာချင်ဘူရီ ခရိုင်၊ ကဖင်ဘူရီမှလည်း ရွှေသတ္တုတွေ့ရသေး သည်ဟုဆို၏။ သုဝဏ္ဏဘူမိမြို့ဟောင်း တည်ရာဌာန နေရာအတိအကျကို ရှေးဟောင်းသုတေသီများနှင့် သမိုင်းသုတေသီများ အချင်းချင်း မတူကွဲပြားသောအယူအဆတို့ ရှိခဲ့ကြဖူးပါသည်။ အောက် မြန်မာနိုင်ငံက သထုံဖြစ်သလား၊ ထိုင်းတောင်ပိုင်းကချိုင်းယ (ဇယဘုမ္မိ) ဖြစ်သလား သို့မဟုတ် ထိုင်းအလယ်ပိုင်း လွင်ပြင်မှ နကွန်ပထုမ်လား၊ စုဖန်ဘူရီ (သုဝဏ္ဏပူရီ) လားဆိုသည့်အချက်ပင်ဖြစ်၏။ အသောကခေတ်နှင့်ခေတ်ပြိုင် ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများဖြစ်ကြသည့် ဓမ္မစကြာလည်းဘီး (Wheel of Law) နှင့် သမင်ပုံကျောက်ဆစ် ရုပ်ကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံဆန်ချီပုထိုးတော်ကြီးပုံစံဖြင့် စေတီတစ်ဆူတည်ရှိနေခြင်းကိုလည်းကောင်း ထောက်ထား လျှင် နကွန်ပထုမ်မှ စုဖန်ဘူရီ (သုဝဏ္ဏပူရီ) အထိဖြန့်ကျက် နေသောဒေသကို သုဝဏ္ဏဘူမိ၏ ဗဟိုချက်နေရာဟု အခိုင်အမာသတ်မှတ်နိုင်ပေသည်။

ဟူ၍ဖြစ်ပါသည်။

မောရိယခေတ်အိန္ဒိယအင်ပိုင်ယာသခင်ကြီး အသောက (၂၇၄-၂၃၆ဘီစီ) သည် ၎င်း သုဝဏ္ဏဘူမိတွင် ဗုဒ္ဓဘာသာကို ထူထောင်ရန် သောဏနှင့် ဉတ္တရတို့ပါဝင်သော သာသနာပြုအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်းလည်း ဖော်ပြသည်။ ဤအယူအဆကို အတည်ပြုရန် ထိုင်းရှေးဟောင်းသုတေသီတို့သည် အနှစ် (၄၀) မျှအားထုတ်ကြိုးပမ်း ခဲ့ရပေသည်။

## ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ စူးစမ်းလေ့လာမှုနောက်ခံသမိုင်း

ထိုင်းနိုင်ငံ ရှေးဟောင်းသုတေသန စူးစမ်းရှာဖွေမှုအစကို အရှေ့တောင်အာရှဒေသသို့ ဥရောပတိုက်သားများ ရောက်လာခဲ့ပုံမှ ခြေရာကောက်ရပေမည်။ ၁၉-ရာစုနှစ်တစ်လျှောက်လုံး ဥရောပတွင် သိပ္ပံပညာစူးစမ်းလေ့လာမှုများနှင့် ခေတ်ဟောင်းကို ခေတ်သစ်နှင့်အစားထိုးနေချိန်၌ အရှေ့တောင်အာရှမှာ ထူးခြားပြောင်းလဲမှုမရှိသေးပေ။ ရှေးဟောင်း သုတေသန စူးစမ်းလေ့လာမှုကိုလည်း ဥရောပတိုက်သားများကသာ အခြေခံအုတ်မြစ်ချပေးခဲ့ပေသည်။ ရောမတိုင်းသား မာကိုပိုလိုမှစ၍၊ ပေါ်တူဂီ၊ ပြင်သစ်ပညာရှင်အသီးသီး အင်ဒိုချိုင်းနားဒေသသို့ ရောက်လာခဲ့ကြသည်။ အစပိုင်းမှာ ကုန်သွယ်စီးပွားအတွက်သာဖြစ်သော်လည်း နောက်ပိုင်းတွင်သိပ္ပံညာစူးစမ်းလေ့လာရေး၊ သမိုင်းနှင့် ယဉ်ကျေးမှုသုတေသန ပြုစုရေးတို့ပါဝင်လာသည်။

## ဟင်နရီ မိုဟွတ်

ပြင်သစ်လူမျိုးဟင်နရီ မိုဟွတ် (Henri Mouhot) (၁၈၆၄) သည် အရှေ့တောင်အာရှတွင် ပထမဆုံးအကြိမ် သိပ္ပံပညာစူးစမ်းလေ့လာရေးအတွက် ခရီးထွက်ခဲ့သူဖြစ်၏။ သူသည် လန်ဒန်မှ ၁၈၅၈ ခုနှစ်၊ ဧပြီလတွင် စတင်

ထွက်ခွါလာခဲ့ပြီး ၁၈၆၁ ခုနှစ် နိုဝင်ဘာတွင် လာအိုနိုင်ငံ၌ (ငှက်ဖျားရောဂါဖြင့်) အနိစ္စရောက်ခဲ့သည်။ အပင်များ၊ တိရိစ္ဆာန်များ၊ ကျောရိုးမဲ့သတ္တဝါများမှစ၍ ဒေသခံတိုင်းရင်းသားတို့နှင့် ၎င်းတို့ထုံးစံလေ့များကိုပါ စူးစမ်းလေ့လာခဲ့သည့် သူ၏ ခရီးသွားမှတ်တမ်းကို ၁၈၆၄ ခုနှစ် (၎င်းကွယ်လွန် ပြီးသုံးနှစ်အကြာ)တွင် ပုံနှိပ်ထုတ်ဝေသည့်အခါ လူအများ စိတ်ဝင်စားခဲ့ကြ၏။ ဤသုတေသနခရီး အစီရင်ခံစာက အင်ဒိုချိုင်းနားတွင် ပြင်သစ်အရှေ့ဖျားဒေသလေ့လာရေးဌာနကြီး (Ecole Françoise d' Extreme Orient) ကို စတင်ထူထောင်ကြရန် နှိုးဆော်လိုက်ပေသည်။ ၁၈၉၈ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့စွဲဖြင့် အသင်းကြီးထူထောင်ရန် ပြန်တမ်းထုတ်သည့်အခါ အင်ဒိုချိုင်းနား ကျွန်းဆွယ်ကြီးအတွင်း ရှေးဟောင်းသုတေသန စူးစမ်းလေ့လာရေးအတွက် အမြဲတမ်းအဖွဲ့ကို ဖွဲ့စည်းပေးရန် အထူးကဏ္ဍတစ်ခု ထည့်သွင်း ထားရှိ၏။ ပြတိုက်နှင့်စာကြည့်တိုက်ကိုလည်း တွဲဖက်ဖွင့်လှစ်စေပါသည်။ ထိုအသင်းကြီး၏ ပထမဆုံးညွှန်ကြားရေးမှူး ဖြစ်လာသူ လူဝစ်ဖိနောက် (Louis Finot) ၏ ဦးဆောင်မှုဖြင့် အရှေ့တောင် အာရှ (မြန်မာမပါ) ရှေးဟောင်းသုတေသန ရွှေခေတ်ကြီးတစ်ခေတ်ရောက်ခဲ့သည်ဟု ဆိုပါသည်။ (Charles Higham, Early Cultures of Mainland Southeast Asia, Bangkok,  River Books Ltd, 2002. pp. 16-21)

**လူဝစ်ဖိနောက်**

လူဝစ်ဖိနောက်သည် မြန်မာ့သုဝဏ္ဏဘူမိရှေးဟောင်း သုတေသနအတွက်ဆိုလျှင် ဖျက်မြင်းတစ်ကောင်နှင့် တူနေ၏။ သုဝဏ္ဏဘူမိ သထုံဒေသသို့ အရှင်မဟာဗုဒ္ဓဃောသမထေရ်ကြီးက ဗုဒ္ဓပိဋကတ်တော်၊ အဋ္ဌကထာကျမ်း စသည်များ ပင့်ဆောင်လာသည်ဟူသောအချက်ကို မဟုတ်မမှန်ကြောင်း၊ ဗုဒ္ဓဃောသသည် လူပုဂ္ဂိုလ်မဟုတ်ပဲ စိတ်ကူးယဉ်ဇာတ်ကောင်သာဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်ဖြစ်လျှင်လည်း အောက်မြန်မာနိုင်ငံသားတစ်ဦးမဖြစ်နိုင်ကြောင်း စသည်ဖြင့် ကန့်ကွက်ခဲ့သူပင်ဖြစ်၏။ မြန်မာသုတေသနဖက်မှ ဆရာကြီးဦးဖေမောင်တင်နှင့် ဦးလူဖေဝင်းတို့က တန်ပြန်ဖြေရှင်းသည့်စာတမ်းများဖြင့် ဖိနောက်၏အဆိုကို တုန့်ပြန်ချေပခဲ့ရ၏။ ၁၈၉၉ ခုနှစ်တွင် တရုတ်ဘာသာ ကျွမ်းကျင်သူ ပေါလ်ပေလီယို (Paul Pelliot) သည် အသင်းကြီး၏ အဖွဲ့ဝင်တစ်ယောက်ဖြစ်လာ၏။ ၎င်းက အရှေ့တောင်အာရှမင်းနိုင်ငံများ တည်ထောင်ကြပုံအကြောင်းသုတေသနပြုသည်။ ၁၉၀၀ ပြည့်နှစ်တွင် ရှေးဟောင်း သုတေသနပညာရှင်ဟင်နရီပါမင်တီရာ (Henri Parmentier) ကို ခန့်ထားခဲ့ပြီးနောက် တူးဖော်သုတေသနလုပ်ငန်း များကို ဗီယက်နမ်နိုင်ငံတွင်စတင်ခဲ့၏။ အသင်းကြီးသည် အင်ဒိုချိုင်းနားမှ ရှေးဟောင်းအဆောက်အအုံအားလုံး၊ ကျောက်စာတိုင်များ၊ ရုပ်တုရုပ်ပွားစသည်များကို စာရင်းပြုစုပြီးပြုပြင် ထိန်းသိမ်းသည်။ ၁၉၀၂ ခုနှစ်သို့ ရောက်သည့် အခါ အသင်းကြီး၏လုပ်ငန်းနယ်ပယ်ကို ထိုင်းနိုင်ငံအထိတိုးချဲ့ထည့်သွင်းခဲ့ပါသည်။

**ဂျော့ဆေးဒေး**

ဖိနောက်၏ရာထူးကို ဂျော့ဆေးဒေး (G. Coedes) ကဆက်ခံ၏။ ဆေးဒေးသည် အင်ဒိုချိုင်းနား ကျွန်းဆွယ်မှ ကျောက်စာများပေါင်းချုပ်ကျမ်းစာအုပ်ကြီး ၆-အုပ်ကို တည်းဖြတ်ပုံနှိပ်ခဲ့သည်။ ထိုင်းနိုင်ငံ ပုန်တုတ်မြို့ဟောင်းကုန်း တူးဖော်မှုအစီရင်ခံစာ (The excavations of Pong Tuk and Their importance for the ancient history of Siam) နှင့် အိန္ဒိယသြဇာသက်ရောက်မှုရှိသော အရှေ့တောင်အာရှမှ မင်းနိုင်ငံများ (The Indianised States of Southeast Asia) ကျမ်းစာအုပ် အပါအဝင် အခြားသုတေသနစာတမ်းပေါင်းများစွာကို ပြုစုခဲ့သည်။ အသင်းကြီးကလည်း (bulletin) သုတေသနစာစောင်ကိုပုံမှန်ထုတ်ဝေသည်။ ၁၉၀၄ ခုနှစ်ထုတ်သုတေသနစာစောင်ထဲတွင် ထိုင်းနိုင်ငံ အတွက် ပညာရပ်ဆိုင်ရာအသင်းတစ်ခုထူထောင်ရန်အကြောင်း သတင်းတစ်ပုဒ်ပါရှိခဲ့ပြီး၊ ထိုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ဘန်ကောက်မြို့အရှေ့တိုင်းဟော်တယ် (Oriental Hotel in Bangkok) ၌ စည်းဝေးပွဲတစ်ခုပြုလုပ်၍ ထိုင်းသုတေသနအသင်း (The Siam Society) ကိုထည်ထောင်ခဲ့သည်။ အသင်း၏ရည်ရွယ်ချက်မှာ (for the investigation and encouragement of arts, seiences and literature in relation to Siam and neighbouring

Countries) "ထိုင်းနိုင်ငံနှင့်တကွ အိမ်နီးချင်းနိုင်ငံများမှ အနုပညာ၊ သိပ္ပံပညာနှင့်စာပေယဉ်ကျေးမှုတို့ကို စူးစမ်းလေ့လာရန်နှင့် အားပေးကူညီရန်" ပင်ဖြစ်၏ (Higham 2002, 23)။ အသင်းထူထောင်ခါစ၌ အစိုးရထောက်ပံ့သောငွေမရသေးဘဲ၊ ရှေးဟောင်းသုတေသနဝန်ထမ်းများလည်းမရှိခဲ့ပေ။ သို့ရာတွင် ၁၉၁၁ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ဆဋ္ဌမရာမမင်း (King Rama VI) က ထိုင်းယဉ်ကျေးမှုဌာန Fine Arts Department ကို ရှေးဟောင်း သုတေသနအပါအဝင် ထိုင်းနိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်သွားရန် ရည်ရွယ်ချက်ဖြင့်တည်ထောင်စေခဲ့သည်။ ၎င်းဌာနကြီးပေါ်ပေါက်လာခဲ့သဖြင့် သမိုင်းဝင်အဆောက် အအုံများနှင့် ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြတိုက်များထူထောင်ခြင်း၊ ရှေးဟောင်းသုတေသနနည်းဖြင့် စနစ်တကျတူးဖော်ခြင်းလုပ်ငန်းများ အကောင်အထည်ပေါ်လာခဲ့သည်။

**မင်းသားကြီးဒင်မရောင်း၏ အယူအဆ**

ထိုင်းသုတေသနအသင်းကို ဘုရင့်တော်ဝင်မိသားစုက ဦးစီးတည်ထောင်ခြင်းဖြစ်၏။ ထိုင်းနိုင်ငံ မင်းသားကြီးဒင်မရောင်း (Prince Damrong) သည် အသင်းကြီးတွင် "အယုဒ္ဓယမြို့တော်တည်ထောင်ပုံ" (The Founding of Ayuthaya) စာတမ်းကို ပထမဦးစွာဖတ်ကြားတင်သွင်းသူဖြစ်သည်။ မင်းသားကြီးသည် သမိုင်းနှင့်ရှေးဟောင်းသုတေသနအပေါ် ဦးဆောင်ဦးရွက်ပြုသူဖြစ်လာသည်။ အောက်မြန်မာနိုင်ငံမှ သုဝဏ္ဏဘူမိကိုသံသယစိတ်ဖြင့် စိတ်ဝင်စားသူဖြစ်သည့်အားလျော်စွာ ၁၉၃၅- ခုနှစ်တွင် မြန်မာနိုင်ငံပုဂံ၊ ရန်ကုန်နှင့် သထုံဒေသများသို့ ကိုယ်တိုင်ကိုယ်ကျခရီးထွက်၍ စူးစမ်းလေ့လာခြင်းပြုခဲ့၏။

၎င်း၏အမြင်တွင် သထုံမြို့ဟောင်းမှာ ရှေးဟောင်းဆောက်အအုံ အကြွင်းအကျန်နည်းလွန်းသည် ဟု အထင်ရှိသည်။ မြန်မာနိုင်ငံသမိုင်းကို ကျွမ်းကျင်သူကိုလိုနီအရာရှိကြီး ဆာဂျော့စကော့ (ရွှေရိုး) ထံမှလည်း သထုံအကြောင်းကိုစုံစမ်းသည်။ ထိုအခါ တနင်္သာရီတိုင်း သထုံဒေသမှာ အစိုးရပြန်တမ်းဝင် ရှေးဟောင်းအဆောက်အအုံအထူးနည်းပါးကြောင်းအဖြေကိုရခဲ့သည်။ ထိုစဉ်က "စကော့" သည် အိန္ဒိယ အစိုးရပြည်ထဲရေးဌာန (Government of India, Home Department) က ၁၈၈၃-ခုနှစ်နှင့် ၁၉၁၉-ခုနှစ်အတွင်းထုတ်ပြန်ခဲ့သော အမိန့် (Revolution) များကိုကိုးကား၍ တနင်္သာရီတိုင်း (Tenasserim Division) သထုံခရိုင်အတွင်း၌ ရှေးမြို့ဟောင်းဟူ၍ လုံးဝမရှိကြောင်း၊ ဂေဇက်ဝင်အဆောက်အအုံ (ဘုရား) ဟောင်းဟူ၍၊ ရွှေစာရံ (သထုံ)၊ သိကြားဘုရား (သထုံ)၊ ဇင်းကျိုက်ဘုရား (ဇင်းကျိုက်)၊ ကော့ဂွန်းဂူ (ကော့ဂွန်း)၊ ဇွဲကပင်ဘုရား (ဘားအံ) နှင့် ကျိုက်ထီးရိုးဘုရား (ကင်မွန်းစခန်း) တို့သာရှိသည်ဟု ဖြေကြားခဲ့ပါသည်။


မိမိမျက်မြင်အားဖြင့်လည်း ရှေးဟောင်းအဆောက်အအုံများမတွေ့ရခြင်း၊ ဩဇာတိက္ကမရှိသူ ပညာရှင်တစ်ဦးကလည်း စိတ်ဝင်စားဖွယ်ရှေးဟောင်းယဉ်ကျေးမှုများမရှိကြောင်း ဖြေကြားခဲ့ခြင်းတို့ကိုထောက်ထား၍ မင်းသားကြီးဒင်မရောင်းသည် သထုံကိုသုဝဏ္ဏဘူမိမြို့တော်ဟု လက်မခံတော့သည်သာမက မိမိနိုင်ငံ (ထိုင်း) မှ နကွန်ပထုမ်မြို့ဟောင်းသည်သာ ပုဂံအနော်ရထာမင်းနှင့် ခေတ်ပြိုင်ထွန်းကားခဲ့သော သုဝဏ္ဏဘူမိဖြစ်နိုင်ကြောင်း ထင်မှတ်သွားတော့သည်။ မိမိထင်မြင်ယူဆချက်ကို သက်သေထူပြသနိုင်ရန် ရှေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းများကိုလည်း အထူးအားပေးခဲ့ပေသည်။ ပြင်သစ် ရှေးဟောင်းသုတေသနပညာရှင်ကြီး ဒူးပွန့် (P. Dupont) အား နကွန်ပထုမ်မြို့ဟောင်းတူးဖော်မှုလုပ်ငန်းများကိုဦးစီးစေပြီး၊ ပရပထုမ်စေတီ၊ မြင့်မိုရ်တောင်စေတီ အပါအဝင်ရှေးဟောင်းဌာနများကို သုတေသနပြုဖော်ထုတ်စေသည်။ ကမ္ဗည်းကျောက်စာပညာရှင်ဂျော့ဆေးဒေးက နကွန်ပထုမ်မှ "ယေဓမ္မာ" ဂါထာ အုတ်ခွက်စာအထောက်အထား၏ လက်ရေးကိုလေ့လာ၍ခရစ်နှစ် ၇-ရာစု ရက်စွဲကိုသတ်မှတ်ပေးခဲ့၏။ ဒူးပွန့်ကလည်း မြင့်မိုရ်တောင်စေတီ၏ ပန္နက်တော်ပုံသည် ပုဂံကျန်စစ်သားမင်းကြီး၏ကောင်းမှု အာနန္ဒာဂူဘုရား၏ပန္နက်ပုံနှင့် ဆင်တူကြောင်းကောက်ချက်



*ဦးထောင်းမြို့ဟောင်း တူးဖော်မှုမှရသော ဓမ္မစကြာလှည်းဘီးပုံ*

ချပေးခဲ့သည်။ ၎င်းအဖြေနှစ်ခုကို ထောက်ထား၍ နကွန်ပထုမ်သည် ပုဂံနှင့်ခေတ်ပြိုင်ထွန်းကားသော (ပုဂံမတိုင်မီက) မြို့တော်တစ်ခုဖြစ်ခဲ့ကြောင်း၊ ထိုအုပြင်အနော်ရထာမင်းကြီး ပိဋကတ်တော်များရယူလိုသဖြင့် သုဝဏ္ဏဘူမိသထုံကို စစ်ပြုခြင်းမဟုတ်ပဲ၊ မိမိနိုင်ငံ(ထိုင်းနိုင်ငံ) အတွင်းရှိ နကွန်ပထုမ်မြို့ကြီးကိုသာ အနော်ရထာကလာရောက် တိုက်ခိုက်ခဲ့ခြင်း ဖြစ်မည်ဟု မင်းသားကြီးကောက်ချက်ချခဲ့၏။ အနော်ရထာနှင့်အတူ စစ်သူကြီးကျန်စစ်သားလည်းပါလာပြီး နကွန်ပထုမ်မြို့မှ မြင့်မိုရ်တောင်ဘုရားကိုတွေ့မြင်ခဲ့ခြင်းကြောင့် ၎င်းကိုအတုယူ၍ ပုဂံတွင်အာနန္ဒာဘုရားကို တည်ခဲ့ခြင်းဖြစ်မည်ဟု ထင်မှတ်သွားပေသည်။ ဤကဲ့သို့ထင်မြင် ယူဆခဲ့ခြင်းကြောင့် အနော်ရထာသည် သထုံအစားနကွန်ပထုမ်ကို စစ်ချီ တိုက်ခိုက်ခဲ့ခြင်းသာဖြစ်မည်ဟူသော သမိုင်းကြောင်းကောက်ချက်ကိုချခြင်း၊ သုဝဏ္ဏဘူမိဆိုသည်မှာ မြန်မာနိုင်ငံတွင်မရှိ၊ ထိုင်းနိုင်ငံ၌သာရှိသည်ဟူသော အဖြေထုတ်ယူခြင်းများ ရှိခဲ့ပေသည်။

ဒင်မရောင်း၏ အထက်ပါသမိုင်း အယူအဆဖြစ်ပေါ်လာခြင်းသည် အောက်မြန်မာနိုင်ငံမှ သုဝဏ္ဏဘူမိကို မြူခိုးများ၊ တိမ်တိုက်များဖုံးအုပ်လာသည်နှင့်တူပေသည်။ မင်းသားကြီးဒင်မရောင်းကမူ (History of Siam in the Period Antecedent to the Foundiny of Ayuddhya by King Phra Chua U Thong" "ဖရာ့ကျောက် ဥတောင်းမင်းက အယုဒ္ဓမြို့ကို မတည်ထောင်မီကာလ ယိုးဒယားနိုင်ငံသမိုင်း" စာတမ်း(ထိုင်းသုတေသနအသင်းဂျာနယ်၊ အတွဲ ၁၃၊ အမှတ် ၂၊ စာ ၃၀-၃၁) စာတန်းတွင် သူ၏အယူအဆကိုတင်ပြခဲ့၏။ ထို့နောက် အခြားပညာရှင်များ ဖြစ်ကြသော ဒေါက်တာကွာရစ်ဝေးလ် (Dr. Quarteh Wales)၊ ပေါလ်ဝှစ်တလေ (Paul Wheatley)၊ စသူတို့ကလည်း ၎င်းအယူအဆနှင့် ဆင်တူယိုးမှား ရေးသားဖော်ပြလာခဲ့ကြသည် (Quaritch Wales, Anuruddha and the Thaton



*နကွန်းပထုမ်မြို့ဟောင်းမှ ပရပထုမ်စေတီ*

Tradition'', J.R.A.S, 1947, pp. 152-156; Wheatlay, Nagara and Commandery, University of Chicago, Department of Geography Research Paper, 1983, p. )။

ပါမောက္ခဂျီ၊ အိပ်ချ်၊ လုစ်၏ Old Burma Early Pagan တွင်ဖော်ပြသည့် သုဝဏ္ဏဘူမိသည် မုတ္တမပင်လယ်ကွေ့ (The Culf of Multama/Martaban) တွင်ရှိ၍ သထုံဒေသဖြစ်သည်။ ထိုင်းနိုင်ငံသုတေသီတို့ယူဆသော (သတ်မှတ်သော) သုဝဏ္ဏဘူမိသည် ယိုးဒယား (ထိုင်း) ပင်လယ်ကွေ့ (The Gulf of Siam) မှ နကွန်ပထုမ်ဒေသဖြစ်ပါသည်။

နကွန်ပထုမ် (နဂရပထမ) မြို့ဟောင်း (၃၇၀၀ x ၂၀၀၀ မီတာ) သည် ဒွါရဝတီခေတ်မြို့ဟောင်း များအနက် အကြီးဆုံးဖြစ်သည်။ မြန်မာနိုင်ငံပုဂံခေတ်မတိုင်မီက ရှေးဟောင်းသာသနိက အဆောက်အအုံများ၊ ကျောက်စာ၊ ကမ္ပည်းစာအထောက်အထားများ ကြွယ်ဝသည်။ ပရပထုမ်စေတီ၊ စူဠပထုမ်စေတီ၊ မြင့်မိုရ်တောင်ဘုရား (Wat Phra Men) နှင့် ပရပထုမ်ဘုရား (Wat Phra Pattom) တို့ကိုတူးဖော် တွေ့ရှိထားပြီး ဘုရားကြီးများတည်ရာမြို့တော် (Temple-Cities) ဟုတင်စားခေါ်ဝေါ်နိုင်သည်။ ခရစ်နှစ် ၆-ရာစုမှ ၁၁-ရာစုအတွင်းတည်တန့်နေခဲ့မည်ဟု ခန့်မှန်းနိုင်၏။

ဥထောင်မြို့ဟောင်း (ရွှေပုခက်) (၁၆၉၀ x ၈၄၀ မီတာ)သည် နကွန်ပထုမ်၏ အနောက်မြောက်ဘက် ကီလိုမီတာ (၃၀) ခန့်၌ရှိ၍ ပိုပြီးရှေးကျဟန်တူသည်။ ဗြိတိသျှလူမျိုး **ကွားရစ်ဝေးလ်** ဆိုသူ ရှေးဟောင်းသုတေသီကြီးက ၁၉၄၀-ပြည့်လွန်နှစ်များအတွင်း စတင်တူးဖော်လေ့လာပြီး ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းဥထောင်နှင့် နကွန်ပထုမ်တို့ကိုဗဟိုပြုလျက်နေသော အလယ်ပိုင်းထိုင်းနိုင်ငံ နောက်ခြမ်းကိုပင်၊ သောဏနှင့် ဥတ္တရတို့ဆိုက်ရောက်ခဲ့ရာ သုဝဏ္ဏဘူမိနယ်မြေဖြစ်သည်ဟု ထိုင်းသုတေသီတို့က ယူဆကြပါသည်။

**ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်မှစ၍ကြိုခေတ်အထိ သုဝဏ္ဏဘူမိကို စူးစမ်းရှာဖွေဖော်ထုတ်ခဲ့ပြီး လွတ်လပ်ပြီးခေတ်တွင် ကမ္ဘာသိအောင် ပါမောက္ခ လုစ်ကတင်ပြထားခဲ့သော်လည်း၊ ၎င်းအယူအဆနှင့် စင်ပြိုင်ယိုးဒယား(ထိုင်း)နိုင်ငံသည်သာ သုဝဏ္ဏဘူမိဖြစ်ထိုက်ကြောင်း သမိုင်းအဆိုတစ်ရပ် ထွက်ပေါ်လာပုံကို တွေ့ရပါသည်။**

ဤယူဆချက်ဖြင့်ပင် ထိုင်းနိုင်ငံတကာလေဆိပ်ကြီးကို သုဝဏ္ဏဘူမိဟူ၍ အမည်ပေးခဲ့ပါသည်။ သုဝဏ္ဏဘူမိ အမွေလုခံရခြင်းဖြစ်ပါသည်။

**ထိုင်းနိုင်ငံ ရှေးဟောင်းသုတေသနတူးဖော်မှု ဂယက်**

ထိုင်းနိုင်ငံ ဒွါရာဝတီ (သုဝဏ္ဏဘူမိ) ခေတ်တူးဖော်သုတေသနလုပ်ငန်းကို တစေ့တစောင်းလှည့်ကြည့်ပါဦးမည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးစီးသွားပြီးနောက် စစ်အတွင်းက ဒါတ်ချ်လူမျိုးစစ်သုံ့ပန်း ရှေးဟောင်းသုတေသနပညာရှင် ဗင်ဟီကေရင် (Van Heekeren) ဆိုသူသည် သေမင်းတမာန်မီးရထားလမ်းဖောက်လုပ်ရာ၌ပါဝင်ခဲ့ပြီး ကျောက်ခေတ်လက်နက်ကိရိယာ အချို့ကို တွေ့ရှိခဲ့ရာ၊ စစ်ပြီးသောအခါ ထိုင်းအစိုးရထံခွင့်တောင်းကာ တူးဖော်သုတေသနပြုလုပ်ခွင့်ရရှိသွားခဲ့သည်။ ၎င်းအခွင့်အရေးမှာ အစဦအလာတစ်ခုဖြစ်သွားခဲ့၏။ ထိုင်းနှင့် အမေရိကန်၊ ဩစတေးလျ၊ ဗြိတိန်၊ နယူးဇီလန် ရှေးဟောင်းသုတေသီများပါတွဲဖက်ပြီး သုတေသနလုပ်ငန်းများဆောင်ရွက်လာခဲ့ကြသည်။ ဗင်ဟီကေရင်၏ သမိုင်းမတိုင်မီခေတ် ရှေးဟောင်းသုတေသနတူးဖော်မှုကိုအတုယူ၍ ထိုင်းတို့ကလည်း သမိုင်းမတင်မီခေတ် သုတေသနအပေါ် စိတ်ဝင်စားဆောင်ရွက်လာကြရင်း၊ သမိုင်းတင်ခေတ်ဦး တူးဖော်မှုလုပ်ငန်းတို့မှုများစွာလည်း တွင်ကျယ်လာခဲ့ပါသည်။ ရှေးမြို့ဟောင်းခေတ် ဒွါရဝတီ (သုဝဏ္ဏဘူမိ) မြို့ဟောင်းများတူးဖော်မှုကို စစ်ပြီးခေတ်တွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာခဲ့ရာ -

- ၁၉၅၉ ခုနှစ်နှင့် ၁၉၈၄ ခုနှစ်တို့တွင် နကွန်ပထုမ်မြို့ဟောင်း၊
- ၁၉၆၁ ခုနှစ်၊ ကူဘူးဝါ (Ku Bua) မြို့ဟောင်း၊
- ၁၉၆၃ ခုနှစ်၊ ဥတာပေါင် (U-Taphao) မြို့ဟောင်း၊
- ၁၉၆၈ ခုနှစ်၊ မူဝင်ဖာဒက် (Maung Fa Daet) မြို့ဟောင်း၊
- ၁၉၇၁ ခုနှစ်၊ စပ်ချမ်ပါ (Sab Champa) မြို့ဟောင်း၊
- ၁၉၇၂ ခုနှစ်၊ ကွန္တရဝိချိုင်း (ကွန္တရဝိဇယ) မြို့ဟောင်း၊
- ၁၉၈၀ ပြည့်နှစ်၊ ဘန်ခူမူဝင် (Ban Khu Maung) မြို့ဟောင်း၊
- ၁၉၈၁ ခုနှစ်၊ လော့ပူရီ (Lop buri) မြို့ဟောင်း၊
- ၁၉၈၇ ခုနှစ် မူဝင်ဖရာရွက် (Maung Phra Rot) မြို့ဟောင်း၊
- ၁၉၈၇ ခုနှစ်မူဝင်ဒုံကွမ် (Maung Dongkorm) မြို့ဟောင်း၊
- ၁၉၉၁ ခုနှစ် စီထက် (သိရိဒေဝ) (Sri Thep) မြို့ဟောင်း (ပြန်တူး)၊
- ၁၉၉၂ ခုနှစ် ဒုံစီမဟာစွတ် (Dong Si Mamasod) မြို့ဟောင်း၊ နှင့်
- ၁၉၉၆ ခုနှစ် ဒုံလခွန် (Dong Lakhon) မြို့ဟောင်း စသည်ဖြင့်ရှေးမြို့ဟောင်းတူးဖော်သုတေသနကို ဆောင်ရွက်ကြောင်းတွေ့ရသည် (Higham and Thosarat, 1998, pp. 126-186)။

ထိုင်းအရှေ့မြောက်ဒေသကိုရတ်ကုန်းမြင့်တွင် ၁၉၇၅-ခုနှစ် (အရက်သမတူးဖော်ချိန်) ၌ ဘန်ချီယင် (Ban Chiang) ကြေးသံခေတ်တူးဖော်မှုသည် ထိုင်းနိုင်ငံတွင် အထူးကျော်ကြားသွားခဲ့သည်။ ထိုင်းတို့၏ ရှေးဟောင်းသုတေသနလုပ်ငန်းအပေါ် ကမ္ဘာကအာရုံစိုက်လာသည်အထိ အောင်မြင်ခဲ့သည် တူးဖော်မှုဟုဆိုရမည်။ ထိုအချိန်မှာပင် မြန်မာ့သုဝဏ္ဏဘူမိ တူးဖော်သုတေသနလုပ်ငန်းများရပ်ဆိုင်းသွားချိန်လည်း ဖြစ်ပါသည်။



*သီမားမြို့ဟောင်းမှ ကျောက်ဆစ်လျောင်းတော်မူ ရုပ်ပွားတော်*

## ဒေါက်တာသာလှ

ထိုစဉ်အချိန်မှာပင် ကမ္ဘာ့စားနပ်ရိက္ခာ (FAO) အဖွဲ့ ညွှန်ကြားရေးမှူးအဖြစ်ထိုင်းနိုင်ငံသို့ ရောက်ရှိလျက်နေသော ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်ဆရာကြီးဒေါက်တာသာလှသည် ထိုင်းနိုင်ငံတွင် ရှေးဟောင်းသုတေသန ဆောင်ရွက်ပုံများကို ကိုယ်တိုင်တွေ့မြင်ခဲ့ရသည်။ အောက်မြန်မာနိုင်ငံ သုဝဏ္ဏဘူမိဟုဆိုသော သထုံဒေသတွင်သုတေသန ရလဒ်ကိုချိန်ထိုး၍ ထိုင်းဖက်ကအထောက်အထားနှင့် နှိုင်းယှဉ်ကြည့်ခဲ့သည်။ မြန်မာနိုင်ငံဖက်မှ သုတေသနရလာဒ်မှာ အားနည်းနေပြီး၊ ထိုင်းသုတေသနရလာဒ်များက အားသာနေပုံကိုတွေ့ရ၍။ ဆရာကြီးသည် "သထုံနှင့်နကွန်ပထုမ်" ဟူသောအမည်ဖြင့် သုတေသနဆောင်းပါး တစ်စောင်ရေးပါသည်။ ((Tha Hla, Dr, '' Thaton and Nakorn Pathom" SHIROKU, No 16, Kyoto, 1983)) ထိုဆောင်းပါးကို ဂျပန်နိုင်ငံတိုကျိုမြို့မှ **ရှိရိကူစာစောင်** တွင် ထည့်သွင်းဖော်ပြပါသည်။ ယင်းဆောင်းပါးတွင် သထုံသည်သုဝဏ္ဏဘူမိမဟုတ်ကြောင်း၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ အနောက်စူးစူး ၆၀ ကီလိုမီတာအကွာရှိနကွန်ပထုမ် (၁၇°၊ ၄၇'မြောက်၊ ၁၀၀ အရှေ့) သည်သာ သုဝဏ္ဏဘူမိမြို့ဟောင်းဖြစ် နိုင်ကြောင်းဖော်ပြပါသည်။ ဤသို့ဖြင့်ဆက်လက်၍ အနော်ရထာသည် အောက်မြန်မာနိုင်ငံသထုံကိုစစ်ပြုခဲ့ခြင်း မဟုတ်နိုင်ကြောင်း၊ သထုံမှအရှေ့တောင်ကီလိုမီတာ (၄၅၀) အကွာရှိ နကွန်ပထုမ်သို့ ဘုရားသုံးဆူတောင်ကြားလမ်းဖြင့် သွားရောက်ပြီး စစ်ပြုခဲ့ခြင်းသာဖြစ်ကြောင်း၊ ထိုမှမင်းစိုးရာဇာတို့ကို ပုဂံသို့ယူဆောင်လာခဲ့ပြီးနောက် ထိုမြို့တွင်ကျန်ရစ်ခဲ့သော မြို့သားတို့သည် ယခုသထုံတည်ရာဌာနသို့ ပြောင်းရွှေ့နေထိုင်လာခဲ့ကြပြီး၊ ထိုသူတို့က မိမိနေရင်းဒေသကို စွဲလန်း သောစိတ်ဖြင့် နေရာသစ်ကို သထုံအမည်ပေးခဲ့ကြခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့်မူလ သုဓမ္မဝတီ (သထုံ) သည် နကွန်ပထုမ် မြို့ဟောင်းသာဖြစ်နိုင်ကြောင်း ဖော်ပြထားပါသည်။

## ဒေါက်တာဦးနိုင်ပန်းလှ

ထိုင်းနိုင်ငံတွင် ရှေးဟောင်းသုတေသနတူးဖော်မှုအရှိန်အဟုန်ကြောင့် အထောက်အထားကောင်းများတွေ့ရခြင်း မှန်သော်လည်း၊ မြန်မာနိုင်ငံတွင် သထုံမြို့ဟောင်း မူလကမရှိခဲ့ကြောင်းအယူအဆမှာမူ မြန်မာ့အစဉ်အလာနှင့်တက် တက်စင်အောင်လွှဲနေပါသည်။ သို့ဖြစ်၍ရှေးဟောင်းသုတေသန၊ ကမ္ဘည်း ကျောက်စာဌာနခွဲမှူး ဦးနိုင်ပန်လှ (ဒေါက်တာ နိုင်ပန်းလှ) ကဒေါက်တာသာလှအယူအဆအပေါ်တုန့်ပြန်သော ဆောင်းပါးများချေပရေးသားခဲ့သည်။ ၎င်းတို့နှစ်ဦးအပြန် အလှန်ပေးစာပြန်စာ (Tha Hla and Pan Hla Cornespondence) ကို လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင်တွေ့ရပါ သည်။ နောက်ဆုံးတွင် ဒေါက်တာသာလှက "မွန်ပြည်နယ်မှာ ဒူးရင်းသီးသာပေါသည်" ဟုမှတ်ချက်ဖြင့် တုန့်ပြန်ရင်း ပြီးဆုံးသွားခဲ့ပါသည်။

ဒေါက်တာသာလှသည် ၁၉၈၆ ခုနှစ်၊ မေလ ထုတ်ချက်ရီမဂ္ဂဇင်းတွင်လည်း "သထုံနှင့် သုဝဏ္ဏဘူမိအစွဲအလန်း" ဆောင်းပါးကို ဆက်လက်ရေးသားတင်ပြခဲ့ပါသေးသည်။ ဦးနိုင်ပန်းလှကလည်း "သုဝဏ္ဏဘူမိသို့ ဗုဒ္ဓသာသနာပျံ့နှံ့ရောက်ရှိ လာပုံ" (Nai Pan Hla, Advent of Buddhism into Suvannabhũmi) ခေါင်းစဉ်ဖြင့် ဆောင်းပါးများဆက်လက်ရေးသား သည် (WPD. 20-6-86), 4-6-86, 16-6-86, 17-6-86 and 18-6-86)။ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဦးတင့်လွင်ကလည်း "မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာပျံ့နှံ့ရောက်ရှိလာပုံသမိုင်း" (Tint Lwin, ''Introduction of Buddhism into Burma, Legend and History '') ဆောင်းပါးများရေးသား၍ သုဝဏ္ဏဘူမိသည် အောက်မြန်မာ နိုင်ငံမှ သထုံဒေသသာလျှင်ဖြစ်ကြောင်း ဖော်ပြရေးသားခဲ့ပါသည် (WPD, 24-2, 86, 25-2-86, 26-2-86, 27-2-86, and 1-3. 86)။

## ဇဝေဇဝါ သုဝဏ္ဏဘူမိ

မိချီဂန်တက္ကသိုလ် အရှေ့တောင်အာရှရေးရာ ပါမောက္ခစောဆိုင်မွန်မင်းရဲက သထုံ (ရာမည) သို့ သောဏနှင့်ဥတ္တရမထေရ်နှစ်ပါးရောက်ရှိခြင်းမှာ ဖြစ်နိုင်ကြောင်း၊ သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော ဗုဒ္ဓဝါစက ရွှေပေစာများအရ သက်သေပြပါသည်။ (Sao Saimong Mangrai, '' Did Sona and Uttara Come to Lower Burma, JBRS, LIX pp. 155-165)။ ၎င်းရွှေပေလွှာများ၏လက်ရေးသည် ခရစ်နှစ် ၅-ရာစုနှစ်၊ ၇-ရာစုနှစ်များအထိ ရေးကျနိုင်ကြောင်းသိရသဖြင့် အောက်မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာသည် ဘီစီ-၃ ရာစုနှစ် (သောဏ-ဥတ္တရခေတ်) လောက်ကပင် ရောက်ရှိခဲ့တန်ရာသည်ဟု ခန့်မှန်းတင်ပြထားခြင်းဖြစ်ပါသည်။ သို့သော်"သုဝဏ္ဏဘူမိ ဘယ်ဟာလဲ၊ ဘယ်မှာလဲ"ဟူသည့်သမိုင်းပြဿနာကို ရာစုနှစ်တစ်ခုမကအောင် အဖြေရှာမရသေးသော ပြဿနာကြီးဖြစ် လျက်ရှိပေပြီ။ မြန်မာပညာရှင်များပင်လျှင် မသေမချာ၊ ဇဝေဝါနှင့်၊ ထင်ကြေးအမျိုးမျိုးပေးနေခဲ့ကြပါသည်။

## တောင်ပေါက်ဆရာတော်

မော်လမြိုင်မြို့ တောင်ပေါက်ကျောင်းဆရာတော်ဦးစက္ကပါလပြုစုသော၊ **ဗုဒ္ဓသာသနိကပထဝီဝင်ကျမ်း**၌မူ သုဝဏ္ဏဘူမိဖြစ်ထိုက်သောနရာကို

ဝဂေါ်ပသာဂရခေါ်ဘင်္ဂလားပင်လယ်မှအရှေ့ဘက်တွင်ရှိခြင်း၊ တာမလိတ္တိ(ဂင်္ဂါမြစ်ဝ)မှ ယူဇနာခုနစ်ရာဝေး ကွာခြင်း၊ ကုန်းမြေမဟုတ်ရေပတ်လည်ဝိုင်းလျက်ရှိသော ကုန်းမြေဖြစ်ခြင်း၊ လေ့သင်္ဘောလမ်း၊ ရေကြောင်း လမ်း၊ လှေကြောင်းလမ်းသင့်၍ အသွားအလာများရာဌာနဖြစ်ခြင်း၊ ယနေ့တိုင်ရှေးဟောင်းသာသနအဆောက် အအုံများစွာရှိနေခြင်း

စသောလက္ခဏာများနှင့်ပြည့်စုံရမည်။ ယင်းအချက်များနှင့် ပြည့်စုံသောနေရာသည် **သထုံ မဟုတ်၊ စုမားတြားကျွန်းသာဖြစ်သည်ဟုဆို၏** (စက္ကပါလ၊ **ဗုဒ္ဓသာသနိကပထဝီဝင်ကျမ်း။** သထုံ၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၅၇၊ ၁ ၂၃၂-၅)။ ယင်းအယူအဆသည် သထုံကို သုဝဏ္ဏဘူမိဖြစ်ကြောင်းအဆိုကို လုံးလုံးပစ်ပယ်လိုက်ခြင်းပင်ဖြစ်၏။

## ဦးတင်လှသော်

ပညာရှင်ဦးတင်လှသော်ကလည်း အထက်ပါဦးစက္ကပါလနှင့် ခပ်ဆင်ဆင်အယူအဆကိုတင်ပြသည်။ ၎င်းက

> အသောကမင်းကြီးစေခိုင်းချက်အရ သုဝဏ္ဏဘူမိသို့သောနနှင့် ဥတ္တရ ရဟန်းနှစ်ပါးရောက်လာပြီး ဗုဒ္ဓဝါဒဖြန့်သည်ဟု မဟာဝင်ကဆို၏။ သုဝဏ္ဏဘူမိသည် သထုံဖြစ်သည်ဟု ၁၅-ရာစုနှောင်းပိုင်းထိုး ကလျာဏီမွန်ကျောက်စာကဆိုပြန်၏။ သထုံသည် သုဝဏ္ဏဘူမိဟု တထစ်ချမဆိုနိုင်ပေ။ သို့သော် ရခိုင်၊ အောက်မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးကျွန်းဆွယ်တို့သည် သုဝဏ္ဏဘူမိဖြစ်နိုင်၏။

ဟုဆိုပါသည် (တင်လှသော်၊ "ရွှေတိဂုံစေတီ၏သက်တော်" **ကန်သာစိမ်းလဲ့စာတမ်းများ။** ရန်ကုန်၊ မင်းလှစာပုံနှိပ်တိုက်၊ ၁၉၆၉၊ စာ၊ ၆၅-၆)။

## မိုက်ကယ်အောင်သွင်

အောက်မြန်မာနိုင်ငံတွင် ရာမညဒေသဟုခေါ်သောမွန်နိုင်ငံဟူ၍ ပုဂံခေတ် (၁၁-ရာစုနှစ်) ထက်စောပြီးမရှိခဲ့။ သထုံမြို့လည်းမရှိ၊ သောဏ၊ ဥတ္တရတို့မှာလည်း မြန်မာနိုင်ငံဗုဒ္ဓဘာသာသမိုင်းတွင် မရှိဘူးခဲ့သဖြင့် သုဝဏ္ဏဘူမိလည်းမရှိနိုင်ကြောင်း အဆိုတစ်ရပ် လတ်တလောကာလမှာပင် ပေါ်ထွက်လာခဲ့ပါသည်။ ယင်းအဆိုကို မိချိဂန်တက္ကသိုလ်၊ အာရှဒေသလေ့လာရေးဌာန ပါမောက္ခ ဒေါက်တာမိုက်ကယ်အောင်သွင်က တင်ပြထားခြင်းဖြစ်သည်။ စာမျက်နှာပေါင်း (၄၀၀) ကျော်ရှိသည့် မြူခိုးဝေသောရာမည **(The Mist of Ramaòòan: The Legend That was Lower Burma)** ဟု အမည်ပေးထားသော စာအုပ်တွင်

> For the historical reality is that the Mon Paradigm is a myth: Sona and Uttara had nothing to do with the origins of Theravade Buddhism in Burma, and perhaps even in the rest of Southeast Asia; there was no Mon Kingdom in Lower Burma called Râmaòòadesa that preceded Pagan (Bagan); there was no conquest of Thaton by Aniruddha in 1057; and as a consequence Lower Burma did not ‘’civilized” Upper Burma. It was the other way around: Pagan settled, developed, and ‘’civilized” Lower Burma.

ဟု နိဂုံးချုပ်ကာဖော်ပြထားသည် (Aung Thwin, 2005, p. 321)။

မိုက်ကယ်အောင်သွင်၏ တင်ပြချက်များတွင် အောက်မြန်မာနိုင်ငံမှ သုဝဏ္ဏဘူမိနှင့် ရာမညဒေသ (မွန်နိုင်ငံ) တည်ရှိခဲ့ကြောင်းအယူအဆမှာ ၂၀-ရာစုနှစ်အတွင်းမြန်မာနိုင်ငံ ကိုလိုနီခေတ်သမိုင်းဘာသာရပ်တွင် ခေတ်စားလာခဲ့ကြောင်း၊ ပါမောက္ခလုစ်သည် **Old Burma- Early Pagan** စာအုပ်ဒုတိယတွဲ၌ မြေပုံဆွဲပြီး အောက်မြန်မာနိုင်ငံကို ရာမညဒေသ၊ သုဝဏ္ဏဘူမိဟုဖော်ပြထားကြောင်း၊ အခြားမြန်မာနိုင်ငံ သမိုင်းပညာရှင်များကလည်း အောက်မြန်မာနိုင်ငံကို သုဝဏ္ဏဘူမိဟုအခိုင်အမာပြောဆိုခဲ့ကြောင်း၊ သို့ရာတွင် ယခုခေတ်သစ်သုတေသနတွေ့ရှိချက်များက ယင်းသုဝဏ္ဏဘူမိအယူအဆမမှန်ကန်ကြောင်း နှစ်ပေါင်းအတော်များများကပင် ဆန့်ကျင်ဖော်ပြနေပြီဖြစ်သော်လည်း ၎င်းမြန်မာပညာရှင်တို့ မတုန်မလှုပ်ရှိနေခဲ့ကြောင်း စသည်ဖြင့်ဖော်ပြထားသည်ကိုတွေ့ရ၏။

ဤဘာသာရပ် (သုဝဏ္ဏဘူမိအယူအဆ) နှင့်ပတ်သက်၍မိုက်ကယ်အောင်သွင်သည် ကွယ်လွန်သူသုတေသန ဝါရင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ပါမောက္ခပေါလ်ဝှစ်တလေ(Paul Wheatly) ကိုအားကိုးအားထား ပြုထားကြောင်းတွေ့ရသည်။ ဝှစ်တလေသည် ဂရိ၊ အာရပ်၊ တရုပ်နှင့် အိန္ဒိယတို့မှ ရှေးဟောင်းခေတ်အထောက်အထားများနှင့် တိုက်ဆိုင်ပြီး အသေးစိပ်သရုပ်ခွဲကာ လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကပင်တစိုက် မတ်မတ်ဆန့်ကျင်ကန့်ကွက်လာခဲ့သည်။ ၎င်းက သုဝဏ္ဏဘူမိဆိုသည် (အိန္ဒိယနိုင်ငံမှအပ) အရှေ့တောင်အာရှဒေသတစ်ခုစလုံးကို စုပေါင်းခေါ်ဝေါ်သော အမည်ဖြစ် သည်ဟုတင်ပြထားခဲ့သည်။ အရှေ့တောင်အာရှမှာပင် ကုန်းပိုင်းကိုဆိုခြင်းမဟုတ်၊ ကျွန်းဆွယ်ပိုင်းကိုသာ ခေါ်ခြင်းဖြစ် သည်ဟုဆိုသည်။ တစ်ဖန်သုဝဏ္ဏဘူမိအမည်သည် အရှေ့တောင်အာရှတွင်မရှိ၊ ဘင်္ဂလားနယ်တွင်သာရှိသည်ဟု ဆိုထားပြန်သည်။ ဤအဆိုများကို **ဝှစ်တလေ** ၏ ၁၉၇၅-ခုနှစ်ရေး The Golden Khersonese စာအုပ်နှင့် ၁၉၈၅- ခုနှစ်ထုတ် ‘’Nagara and Commandary” စာအုပ်တို့တွင်တွေ့နိုင်ကြောင်းအောင်သွင်က ကိုးကားဖော်ပြသည်။

ထို့အပြင်သီရိလင်္ကာနိုင်ငံမှ ပညာရှင် (Senarat Paranavitana) ၏ ( Ceylon and Malaya”, Colambo, Lake House Investment Ltd. 1966) စာအုပ် စာမျက်နှာ (၂) အား ကိုးကား၍ သီဟိုဠ်ရှေးဟောင်းကျောက်စာတို့တွင် “ရာမည” အမည်ကိုမတွေ့ရကြောင်း၊ သို့ဖြစ်၍ သီဟိုဠ်နိုင်ငံသားတို့သည် သုဝဏ္ဏဘူမိကိုလည်း သိကြမည်မဟုတ် ကြောင်း တင်ပြထား၏ (Aung Thwin, 2005. p. 76, Note 182)။ အခြားပညာရှင်တစ်ဦးဖြစ်သူ (J.F. Fleet) ကလည်း သုဝဏ္ဏဘူမိသည် အရှေ့တောင်အာရှဒေသတွင် လုံးဝမရှိနိုင်ဟုဆိုထားပြီး ဘင်္ဂလားနယ်ကိုသာ ညွှန်ပြထားသည်ဟုဆို၏။ (Aung Thwin, 2005, p. 16, Note, 184)။

မိုက်ကယ်အောင်သွင်သည် မိမိကိုယ်တိုင်အပင်ပမ်းခံ၍ ရှေးဟောင်းကျောက်စာများကို လေ့လာရင်း သုဝဏ္ဏဘူမိ အမည်ကိုရှာဖွေပါသည်။ ပုဂံကျွန်စစ်သားမင်းလက်ထက်မှစ၍ ၁၅-ရာစုနှစ်ရောက်သည် အထိရှေးဟောင်းမွန်ကျောက်စာ တို့တွင် “သုဝဏ္ဏဘူမိ၊ ရာမည၊ သထုံ၊ မနုဟာ” စသောအမည်များကို လုံဝရှာမတွေ့ရပဲ၊ အေဒီ ၁၄၇၆-ခုနှစ် ထိုဓမ္မစေတီ၏ကလျာဏီသိမ်ကျောက်စာ၌သာလျှင် ထိုအမည်များကို တွေ့ရသည်။ အလွန်နောက်ကျလွန်းသည်ဟုဆို၏။ ထို့ကြောင့် ကလျာဏီသိမ်ကျောက်စာမှ သထုံမြို့သမိုင်းဆိုင်ရာ အကြောင်းအရာများမှာ ဓမ္မစေတီကထိုးဇာတ်၊ လုပ်ဇာတ်၊ လုပ်ကြံလီဆယ်၍ ထည့်သွင်းဖော်ပြထားခြင်းသာဖြစ်သည်ဟု မိုက်ကယ်အောင်သွင်က စွပ်စွဲပါသည် (Aung Thwin, 2005, pp. 83-103)။

၎င်း၏အဆိုအရ ဓမ္မစေတီမင်းသည်

(၁) အိန္ဒိယနိုင်ငံတွင် အဇာတသတ်မင်းက ဗုဒ္ဓဓါတ်တော်စေတီများကို ပြန်လည်ဖော်ထုတ်ခြင်းအကြောင်းကို (အတုယူ၍) အအောက်မြန်မာနိုင်ငံမှ ရွှေတိဂုံစေတီအားပြန်လည် ရှာဖွေဖော်ထုတ်ခြင်း (ဇာတ်လမ်း) ကိုအစားထိုးလျက် သောဏနှင့် ဥတ္တရဇာတ်လမ်း အား ဖော်ထုတ်ခဲ့ခြင်းသာဖြစ်သည်။ ဤသို့ပြုလုပ် ခြင်းဖြင့် မိမိမင်းနိုင်ငံအတွင်းမှ ရွှေတိဂုံစေတီတော်ကိုမူလဆံတော်ရှင်စေတီဖြစ်ကြောင်း သက်သေပြ ခဲ့ခြင်းဖြစ်သည်။

(၂) ရွှေတိဂုံစေတီကျောက်စာ (မြန်မာဘာသာ)တွင် အိန္ဒိယနိုင်ငံတွင်သာရှိသော ပေါက္ခရဝတီနှင့် အသိ တဉ္စနအမည်နှစ်ခုတို့အကြား “ရာမည” ဟူသည့်အမည်ကို ထည့်သွင်းရေးထိုးခဲ့ခြင်းဖြင့် ဗုဒ္ဓခေတ် အိန္ဒိယမှ မွန်မြတ်သောဘာသာရေး ပထဝီဝင်နေရာတို့ကို အောက်မြန်မာနိုင်ငံရန်ကုန်ဒေသဖြစ်လေ ဟန် လုပ်ကြံဖန်တီးခဲ့သည်။


(၃) အိန္ဒိယမှ အသောကမင်းအမည်ကိုလည်း မွန်ရာဇဝင်ထဲမှာ သီရိမာသောကမင်းအမည်တွင် ရောထည့် လိုက်သည်။ ဤနည်းဖြင့်သောဏနှင့် ဥတ္တရတို့သည် အသောကမင်းကြီး နှင့် ခေတ်ပြိုင်ဖြစ်လေဟန် ဖန်တီးသည်။ သို့ဖြစ်၍ အသောကခေတ်အိန္ဒိယနိုင်ငံရှိ သုဝဏ္ဏဘူမိကိုမိမိနိုင်ငံမှ သုဝဏ္ဏဘူမိနှင့်

ဆက်စပ်ပေးသည်။ ဤသို့ဆောင်ရွက်ရာ၌ အလွန်သိမ်မွေ့စွာ ပရိယာယ်ကိုသုံးထားသည်။ ထိုနည်းဖြင့် ဓမ္မစေတီမင်းသည် နှစ်ပေါင်းများစွာကြာမြင့်ပြီး၊ တစ်ချိန်စီသီးခြားဖြစ်ပေါ်နေခဲ့သောလူပုဂ္ဂိုလ်များ၊ နေရာဒေသများ နှင့် အဖြစ်အပျက်များကို ဘာလိကနှင့်တဖုဿတို့က ဗုဒ္ဓခေတ်အတွင်းဖြစ်လေဟန်၊ သောဏနှင့် ဥတ္တရတို့က အသောကခေတ်ဖြစ်လေဟန်၊ ဤအကြောင်းအချက်နှစ်မျိုးစလုံးတို့သည် အောက်မြန်မာနိုင်ငံတွင်ဖြစ်လေဟန် ဆက်စပ်ဖန်တီးခဲ့သည်

ဟု စွပ်စွဲထားကြောင်းတွေ့ရသည်။

၎င်းကဆက်လက်၍ သုဝဏ္ဏဘူမိ၊ သောဏ-ဥတ္တရ၊ သီရိမာသောက၊ ဘာလိကနှင့် တဖုဿ၊ ရွှေတိဂုံစေတီ၊ ရာမညဒေသ စသော အကြောင်းအရာအားလုံးတို့သည် ဓမ္မစေတီကြောင့် တစ်ခုနှင့်တစ်ခု ဆက်စပ်မိသွားကြပြီး ဗုဒ္ဓခေတ်အိန္ဒိယမှ မွန်မြတ်သောသမိုင်းဝင်အကြောင်းချင်းရာတို့သည် အောက်မြန်မာနိုင်ငံ၏ အစိပ်အပိုင်းများဖြစ်ကြ ကုန်တော့ကြောင်း၊ ဤအဆက်အစပ်သမိုင်းကြောင်း အားလုံးတို့မှာလည်း မြန်မာတို့၏ သုဝဏ္ဏဘူမိအယူအဆကို အခြေခံအုတ်မြစ်ချပေးသော ၁၈-ရာစုနှစ်မွန်ရာဇဝင်များတွင် တစ်ဖန်ပြန်လည်၍ထွက်ပေါ်လာခဲ့ကြောင်း တွေ့ရသည်ဟု ဆိုထားပါသည်။

အထက်တွင်ကောက်နုတ်ဖော်ပြသည့် မိုက်ကယ်အောင်သွင်၏ ဓမ္မစေတီမင်းအပေါ်စွပ်စွဲချက် (၃) ချက်ကို (Paul Whearly) ၏ (Nagara and Commandary) စာအုပ်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါ သည်။ **သို့ဖြစ်၍ မိုက်ကယ်အောင်သွင်သည် ကျမ်းတစ်စောင်တွင်တွေ့ရသော သမိုင်းအယူအဆတစ်ရပ်ကို ပုံသေစွဲမှတ်လျက် မြန်မာ့သုဝဏ္ဏဘူမိ အယူအဆကို ငြင်းပယ်ထားကြောင်းတွေ့ရပါသည်။**



*နကွန်းပထုမ်မြို့မှ တူးဖော်ရရှိသော မြေမီးဖုတ်ဇာတ်တော် ရုပ်ကြွပုံများ*

**သုဓမ္မဝတီ နှင့် ဒွါရဝတီ**

သထုံသည် ၎င်း၏အရှေ့ဘက် ရေးဟောင်းဒွါရဝတီမင်းနိုင်ငံ၏ အစွယ်အပွား လက်အောက်ခံမြို့လား ဆိုသည်ကိုလည်းဆွေးနွေးရန် လိုပေဦးမည်။ ဒွါရဝတီ မြို့ဟောင်းများကို ခေတ်သစ်သိပ္ပံနည်းကျကျ၊ ရှေးဟောင်း သုတေသီများက အင်တိုက်အားတိုက် တူးဖော်လေ့လာခဲ့ကြသဖြင့် မြို့ဟောင်းနေရာပေါင်း (၂၀၀) ကျော်မျှ ယခုအခါ ဖော်ထုတ်ပေးခဲ့ပြီဖြစ်ကြောင်း သိရပါသည်။ အဓိကမြို့ဟောင်းကြီးများ ဖြစ်ကြသော-



*နကွန်းသီးမား မြို့ဟောင်း ရေကျုံးနှင့် မြို့ရိုး*


| | | |
|---|---|---|
| နကွန်ပထုမ် | - | Nakhon Pathom (3700 x 2000 metres) |
| ဥထောင်း | - | (U- Thong) (1690 x 840 metres) |
| ပုံထုတ် | - | (Pong Tuk) |
| ကူးဘူးဝါး | - | (Ku Bua) (200 x 800 metres) |
| လော့ဃူရီ | - | (Lop buri) |
| မူဝင်ဖရာရွတ် | - | (Muang Phra Rot) (1350 x 700 metres) |
| ဒုံစရီမဟိုစွတ် | - | (Dong Si Mahosod) |
| စရီထက် | - | (Sri Thep) 4.7 km$^2$ ) |
| ဘန်ခူမူဝင် | - | (Ban Khu Muong) (650 x 750) |
| စပ်ချန်ပါ | - | (Sab Champa) (834 x 700 metres) |
| လန်ဖုန်း | - | (Lanphun) (Haripunchai) |

စသည့် ဒွါရသတီမြို့ဟောင်းကြီးများ ထွန်းကားခဲ့ပါသည်။

ဒွါရဝတီမြို့ဟောင်းများတွင်တွေ့ရသော အဆောက်အအုံဟောင်းများ၏ ဗိသုကာလက်ရာမှာ အိန္ဒိယအရှေ့မြောက်ဘက် ဂုပ္ပတခေတ်ဗိသုကာ လက်ရာများဖြစ်ကြောင်းသိရ၏။ ကျောက်စာ၊ ကြေးပြားစာ စသောရေးစာအရေးအသားမှာလည်း ဂုပ္ပတခေတ်ကိုဖော်ပြသည်။ ဗုဒ္ဓဆင်းတုတော်များ လက်ရာနှင့် ဓမ္မစကြာလှည်းဘီးပုံတို့မှာ ဗာရာဏသီ၊ ဆာရ်နတ်ဒေသ အနုပညာဟန်မျိုးဖြစ်၍ မောရိယခေတ် အနုပညာနှင့်ဆက်နွယ်မှုရှိကြောင်းကိုလည်း သိရပါသည်။


သထုံဒေသရှေးမြို့ဟောင်းများကို ယခုအခါဒွါရဝတီမြို့ဟောင်းများကဲ့သို့ တူးဖော်သုတေသနမပြုရသေးပေ။ မြေပေါ်တွေ့ ဆင်းတုရုပ်တုအချို့မှ ဂုပ္ပတခေတ်လက်ရာဟန် (ခရစ် ၇ ရာစုနှစ်) နှင့် ပါလ သေနခေတ် (ခရစ် ၉ ရာစုနှစ်) လက်ရာဟန်များကိုသာ အစောဆုံးတွေ့ရသည်ဆို၏။ သို့ဖြစ်၍ သထုံမှာ ဒွါရဝတီလောက် ခမ်းနားကြီးကျယ်ခြင်းမရှိ၊ သီးခြားရပ်တည်နိုင်မည့် မြို့ပြနိုင်ငံတစ်ခုလည်း မဟုတ်ကြောင်း ယူဆကြပေသည်။

## ခရသင်း ပုံကြမ်းရှိ ထိုင်းနိုင်ငံ မြို့ဟောင်းများ




ဟရိဘုဥ္စယမြို့ဟောင်း(လန်ဖုံး)


0 125 250 m




ဖရဲ(ဗျည်း)မြို့ဟောင်း




လဝပူရ(လော့ပူရီ)မြို့ဟောင်း



ရတနကောသမ်(ဘန်ကောက်)မြို့ဟောင်း

နကွန်ပထုမ်၊ ဥထောင်း၊ ကူးဘူးဝါး စသောဒွါရဝတီမြို့ဟောင်းများ၏ မြို့တည်ပုံကိုလေ့လာလျှင် အတွင်းထပ် မြို့ရိုးအထပ်များများထည့်မထားပေ။ ဤအချက်တွင် သထုံမြို့ဟောင်းများအစဉ်အလာနှင့် ကွာခြားနေပေသည်။ ထိုမြို့ဟောင်းများ၏အလယ်တွင် နန်းတော်ရာကုန်းဟောင်းနေရာ ပီပီပြင်ပြင်မတွေ့ရပေ။ နကွန်ပထုမ် ၃၇၀၀ × ၂၀၀၀ (၇၄၀ ဟက်တာ) မြို့ကြီးမှလွဲ၍ ကျန်သောမြို့များ၏ အရွယ်အစားမှာ သထုံမြို့ဟောင်းနှင့် ဆတူမျှသာရှိပါသည်။ သုတေသီအချို့က ဒွါရဝတီမြို့ဟောင်းများ၏ ပုံသဏ္ဌာန်ကို ခရုသင်းပုံသဏ္ဌာန်ရှိသည်ဟုဆိုပါသည်။ ၎င်းခရုသင်းပုံဆိုသည်မှာ အလျားရှည်တစ်ဘက်ကျဉ်း တစ်ဘက်ကျယ်ပုံသဏ္ဌာန်မျိုးပင်ဖြစ်သည်။ တစ်နည်းဆိုရသော် သထုံဒေသမှ ခြေဖဝါးပုံမြို့ဟောင်း ပုံသဏ္ဌာန်မှ အသွင်ပြောင်းသွားသည့် ပုံမျိုးရှိသည်။ သထုံဒေသမှ ကျိုက္ကသာမြို့ဟောင်းတွင် ၁၉၇၆ ခုနှစ်က တူးဖော်တွေ့ရှိရသည့် ငွေဒင်္ဂါးမျိုးနှင့် ဆင်တူဒင်္ဂါးကို ဒွါရဝတီမြို့ဟောင်းများ၌ လည်းတွေ့ရသည်။ ယင်းဒင်္ဂါးမှာ မြန်မာနိုင်ငံအလယ်ပိုင်းမှ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ သရေခေတ္တရာဒင်္ဂါးတို့နှင့် ကွဲပြားသည့်အမှတ်အသားမျိုးဖြစ်၍ မျက်နှာဘက်တွင် သိရိဝစ္ဆပုံနှင့်ကျောဘက်တွင် ခရုသင်းပုံအပြည့်ပါသည့် ဒင်္ဂါးအမျိုးအစားဖြစ်ပါသည်။ ဤဒင်္ဂါးပါ ခရုသင်းပုံမျိုး မြို့ဟောင်းပုံသဏ္ဌာန်နှင့်တူကြောင်း အယူအဆတစ်မျိုးပင်ဖြစ်ပါသည်။

ဒွါရဝတီမင်းနိုင်ငံသည် မဲနာမ်ချောင်ဖရာဖြစ်ဝှမ်းအလယ်ပိုင်းကို ဗဟိုပြုလျက် အရှေ့ဘက်၊ မြောက်ဘက်၊ တောင်ဘက်များအထိပျံ့နှံ့ခဲ့သည်ဖြစ်၍ နယ်မြေဒေသအားဖြင့် ကျယ်ဝန်းသည်ဟုဆိုရသော်လည်း သထုံဒေသနှင့် တနင်္သာရီရိုးမတောင်တန်းခြားနားလျက် တစ်သီးတစ်ခြားစီတည်ရှိကြပါသည်။ တစ်နေရာနှင့် တစ်နေရာတောင်ကြားလမ်းများဖြင့်သာ ကူးသန်းသွားလာရ၏။ ဘုရားသုံးဆူတောင်ကြားလမ်းမှာ အဓိကဆက်သွယ်ရေးလမ်းဖြစ်သည်။ ဘင်္ဂလားပင်လယ်နှင့် ကပ္ပလီပင်လယ်သို့ ရေကြောင်း လမ်းထွက်ပေါက်မရှိသည့်အတွက် သထုံဒေသဆိပ်ကမ်းမြို့များမှတစ်ဆင့် အိန္ဒိယနိုင်ငံ သီဟိုဠ်နိုင်ငံတို့နှင့် ဆက်သွယ်ရဖွယ်ရှိ၏။ အေဒီ ၅ ရာစုနှစ်ကရောမနိုင်ငံမှလာသော ဆပ်ကပ်အဖွဲ့တစ်ဖွဲ့သည် ဘုရားသုံးဆူတောင်ကြားလမ်းကို ဖြတ်လျက်ဒွါရဝတီသို့ ရောက်လာခြင်းဖြစ်ကြောင်းသိရပါသည်။

သုဓမ္မဝတီသထုံပြည်သည် ပထဝီအနေအထားအရ မုတ္တမကွေ့အစွန်းထိပ်ပေါ်၌ တည်နေသဖြင့် ပင်လယ်ရေကြောင်းလမ်းသင့်သည့်အနေအထားရှိသည်။ မြို့တည်ပုံမှာလည်း ပင်လယ်ကိုမျက်နှာမူလျက် တောင်တန်းကိုနောက်ခံထား၍တည်သည်။ ထိုတောင်တန်းများသည် ပင်လယ်မှဝင်လာသော လှေကြီးများအတွက် ရေကြောင်းပြမှတ်တိုင်ကြီးများသဖွယ်လည်း ဖြစ်ပါသည်။ မြို့ဝင်မြို့ထွက်အထိန်းအမှတ်များလည်းဖြစ်သည်။ ကုန်သွယ်ရေးကိုအကြောင်းပြု၍ ကမ်းရိုးတန်းတစ်လျှောက် မင်းနိုင်ငံများနှင့် ကောင်းစွာဆက်ဆံမှုရှိသည့်အပြင် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ အခြားဆိပ်ကမ်းမြို့များထက်သာသည့် အချက်ကိုလည်းတွေ့ရသည်။ ယင်းအချက်မှာ ရောဝတီ၊ စစ်တောင်းနှင့် သံလွင်မြစ်ကြီးများ၏ မြစ်ဝကျွန်းပေါ်လွင်ပြင်ကို ကျောထောက်နောက်ခံပြုလျက်ရှိခြင်းပင်ဖြစ်သည်။ ထိုအချက်ကြောင့်ပင် သထုံသည် ကမ်းရိုးတန်းတစ်လျှောက်ပြိုင်စံရှားသော အဓိကဆိပ်ကမ်းမြို့ကြီးဖြစ်ပေသည်။ သထုံမင်းများ၏အစဉ်အလာတစ်ခုဖြစ်သော ဓမ္မရာဇာမင်းအမည်ကို ကမ်းရိုးတန်းတစ်လျှောက် နကွန်ရှရီထမရတ် (NaKhon Sri Thammarat (နဂရသီရိဓမ္မရာဇာ) မြို့တိုင်အောင်ကျင့်သုံးခဲ့သည်။ အန်ကောကိုအခြေခံသော ခမာမင်းများမှာ ဒေဝရာဇာ(ဟိန္ဒူနတ် သီဝ၊ ဗိဿနိုးကိုယ်စား) မင်းများအမည်ကိုသာခံယူကြပါသည်။ သထုံကဲ့သို့ ဓမ္မရာဇာမင်းအမည်ကို မခံယူကြပါ။ သို့ဖြစ်၍ သထုံသည် ကမ္ဘောဒီးယား၏ လက်အောက်ခံလည်း မဟုတ်ခဲ့ပေ။ ဒွါရဝတီမင်းနိုင်ငံ၏ လက်အောက်ခံလည်းမဟုတ်ခဲ့ပေ။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်မှစ၍ ဆံတော်စေတီများ ကိုးကွယ်ယုံကြည်မှုကို ခံယူကျင့်သုံးခဲ့သော တစ်ခုတည်းသော အရှေ့တောင်အာရှ ရှေးဟောင်းနယ်မြေဒေသတစ်ခုအဖြစ် တွေ့ရှိရပေသည်။

# သထုံမြို့ဟောင်းကို စတင်မှတ်တမ်းတင်ခဲ့သူ

## ဆာ၊ စိန့်၊ အင်ဒရူး စိန့်ဂျွန်း

သထုံမြို့ဟောင်းကို ဦးဦးဖျားဖျားတွေ့ရှိပြီးမှတ်တမ်းတင်ခဲ့သူ ဥရောပတိုက်သားမှာ ၁၈၆၅ ခုနှစ် က၊ သထုံခရိုင်လက်ထောက်ကော်မရှင်နာမင်းကြီး ဆာ၊ စိန့်၊ အင်ဒရူး၊ စိန့်ဂျွန်းပင်ဖြစ်ပါသည်။ ၎င်းအစီ အရင်ခံစာကို ဗြိတိသျှဘားမားဂေဇက်၊ အတွဲ ၂၊ စာမျက်နှာ-၇၁၅ (British Burma Gazetteer, volume II, p. 715) တွင် အောက်ပါအတိုင်း ဖော်ပြပါသည်။ သထုံမြို့၏ ပန္နက်ပုံစံနှင့်ပတ်သက်၍

"သထုံမြို့တော်ကို ရှေးဟောင်း အိန္ဒိယတိုင်းရင်းသားတို့၏ မြို့တော်များ၏ပန္နက်ပုံစံအတိုင်း တည်ဆောက်ထားခဲ့ဟန်တူ၏။ ၎င်းပန္နက်ပုံစံကိုပင် မြန်မာနိုင်ငံရှိ နောက်ပိုင်းမြို့တော်များက လိုက်၍အတုယူခဲ့ကြဟန်တူပေသည်။"

"အပြင်မြို့ရိုး၏ပန္နက်ပုံမှာ လေးထောင့်ပုံ သို့မဟုတ် အလျားရှည်လေးထောင့်ပုံမျိုးရှိသည်။ ထိုမြို့ကွက်အတွင်း ပေ ၁၅၀ ခန့်အကွာ၌ ဒုတိယမြို့ရိုးနှင့်ကျုံးကို တွေ့ရသည်။ အရှေ့နှင့်အနောက် အတွင်းမြို့ရိုးတို့ အလျားပေပေါင်း (၇၇၀၀) စီရှိကြ၍၊ မြောက်ဘက်နှင့်တောင်ဘက် ၎င်းအတွင်းမြို့ရိုးများမှာ(အနံ) ပေ (၄၀၀၀) ခန့်စီရှိကြပါသည်။ အကျယ်အဝန်းမှာ ဧက (၇၀၀) မျှရှိပါသည်။ သို့ရာတွင် မြို့ထောင့်များသည် တိကျသောထောင့်မှန်များ မဟုတ်ကြပေ။"

"မြို့တော်၏ အလယ်ဗဟိုချက်သည် မြောက်မှ တောင်သို့ ပေ (၁၀၇၀) နှင့် အရှေ့နှင့် အနောက် ပေ (၁,၁၅၀) စီရှိသောမြို့တံတိုင်းကာ နန်းတော်ရာကုန်းပင် ဖြစ်၏။ ဤနေရာသည် နန်းတော်နှင့်ရာဇပလ္လင်တည် ထားရန်အတွက်ပင်ဖြစ်သည်။ မြန်မာမင်းများ၏ နန်းတော်ကို မြို့တော်၏ အလယ်ဗဟိုချက်ကျကျနေရာ၌ တည်ထားလေ့ရှိသည့်အတိုင်းပင်ဖြစ်သည်။ ဝင်ပေါက်ထွက် ပေါက်အတွက် မြို့တံခါးနှစ်ပေါက်ကို မြောက်မြို့ရိုးနှင့် တောင်မြို့ရိုးတို့မှာတွေ့ရသော်လည်း အရှေ့နှင့်အနောက် ဘက်တို့တွင် တံခါးမည်မျှဖောက်ထားသည်ကို မခန့်မှန်းနိုင်ပေ။ နန်းတော်ကုန်းပေါ်တွင် အဆောက်အဦအကြွင်းအကျန်ဟူ၍ မတွေ့ရတော့ပါ။ မြို့ရိုးများမှာ မြေမြို့ရိုးများသာဖြစ်ကြ၏။ အချို့မြို့ရိုးနေရာများ ယိုယွင်းပျက်စီးကုန်ကြပါပြီ။ သို့သော်အချို့နေရာတို့တွင် ကျောက်တုံးများကပ်စီထားမည့်သဘောမျိုး ရှိပါသည်။ (BBG. II, 715)။

လက်ထောက်ကော်မရှင်နာ စိန့်ဂျွန်း၏အစီရင်ခံစာတွင် သထုံမြို့မှရှေးဟောင်းအဆောက်အဦအချို့ကို ဤသို့ မှတ်တမ်းတင်ခဲ့သည်။ မြို့ရိုးဟောင်း၊ ကျုံးဟောင်းနှင့် သထုံမြို့ကွက်ကိုဖော်ပြပြီးနောက်-




*သထုံမြို့ ရွှေစာရံဘုရားကြီး*

"အဓိက ဘုရား(စေတီ)များကို နန်းတော်ကုန်းနှင့် တောင်ဘက်မြို့ရိုးအကြား၌တွေ့ရသည်။ ယခုချိန်တွင် အကြီးဆုံးစေတီတော်ကို ခေတ်သစ်ပုံစံ၊ မြင်တွေ့နေကျအတိုင်း၊ အဟောင်းပေါ်အသစ်ထပ်လျက် ပြုပြင် တည်ဆောက်ထားခဲ့ပါပြီ၊ ၎င်းစေတီကြီးအနီးတွင် လေးထောင့်ပန္နက်တော်နှင့် စေတီသုံးဆူတည် နေပါသည်။ ၎င်းတို့သုံးဆူအနက် ပဓာနအကျဆုံးတစ်ဆူမှာ ဘုရားကြီး(ရွှေစာရံ)၏အရှေ့ဘက်၌တည်ရှိ သည်။ ၎င်းသည် ပျက်စီးယိုယွင်းနေပြီဖြစ်သော်လည်း တစ်ကြိမ်တစ်ခါက ၎င်း၏လုပဆန်းကျယ်ပုံ၊ အချိုးအစားကျပုံကို ဖော်ပြညွှန်းပြသလျက်ပင်ရှိပေသည်။ ဤစေတီတော်တစ်ဆူလုံးကို သထုံဒေသ အတွင်းက ဘုရားစေတီအားလုံးနီးပါး၌ မြင်တွေ့နေကျအတိုင်း ပုံသွင်းခုတ်ယူထားသော ဂဝံအုတ်ချပ် ကြီးများဖြင့် တည်ဆောက်ထားပေသည်။

. . . အခြားနေရာတို့တွင်စေတီဟောင်းပေါင်းများစွာကျန်ရှိနေပေသေးသည်။ အားလုံးလိုလို မှာ လေးထောင့်ပန္နက်ပုံစံရှိ၏။ ဥစ္စာသိုက်တူးသူများက ထွင်းဖောက်ခိုးယူထားကြသဖြင့် အပျက်အစီးပုံကြီး ဖြစ်နေကြပါပြီ။ ဘုရားကြီး(ရွှေစာရံ)၏ အရှေ့ဘက်တွင် ပေ ၂၀၀ ပတ်လည် လေးထောင့်ပုံရေကန် နက်နက်ကြီးရှိသည်။ ရေကန်ထဲတွင် ခေါင်းလောင်းကြီးတစ်လုံး (နစ်မြုပ်လျက်) ရှိသည်ဟုလည်း အပြောအဆိုရှိပါသည်။ မြို့၏အနောက်ခြမ်း အလယ်ပိုင်းမြို့ရိုးအပြင်ဘက်တွင် ပေ ၁၅၀ ပတ်လည် ရေကန်တစ်ကန်ရှိ၏။ အရှေ့မြောက်ထောင့်အတွင်းမြို့ရိုးနှင့် အပြင်မြို့ရိုးအကြား၌လည်း ရေကန်ကြီး တစ်ကန်(သမီးတော်ကန်)ရှိပါသည်။


. . . ဘုရားကြီး(ရွှေစာရံ)ရေကန်၏ အရှေ့ဘက်၌ တစ်ကောနှစ်ကောခန့် ကျယ်ပြန့်သောကုန်းပေါ်တွင် စေတီငယ်အပျက်အစီးများ ကုန်းအပြည့်နီးပါးရှိပါသည်။ အမြင့်သုံးပေ၊ လေးပေခန့်စီသာရှိ၏။ ဂဝံကျောက်ကွင်းများဖြင့် အထပ်ထပ်ဆင့်၍တည်သည်။ တဖြည်းဖြည်းအထက်သို့ ရှူးလျက်သွား၏။ အထွတ်ကို ထိပ်ဆုံးမှာသစ်ပင်ထိပ်ဖူးကဲ့သို့ တပ်ဆင်ထား၏။ ဘုရားကြီးများအတွင်း ၎င်းတို့ကိုမတွေ့ရပဲ ခပ်လှမ်းလှမ်းမှာ ဤသို့အရေအတွက်များများတွေ့ရခြင်း၏ အဓိပ္ပါယ်ကို မခန့်မှန်းနိုင်သေးပါ။ စေတီငယ်အချို့ကို တူးဖြိုထားကြပြီဖြစ်၍ အထဲမှမီးသွေးစနှင့် အိုးကွဲများထွက်ပေါ်လာကြောင်းသိရ၏။ သေဆုံးသူဆွေမျိုးတို့၏ အရိုးပြာပေါ်တွင် စေတီတည်ထားတာလား၊ သို့မဟုတ် အနော်ရထာမင်း၏ စစ်သည်တော်များအတွက် တည်ထားခဲ့ကြသော (အရိုးအိုး) စေတီလားဆိုသည်ကို မသိရပါ။

လက်ထောက်ကော်မရှင်နာမင်းကြီး စိန့်အင်ရှူးစိန့်ဂျွန်းသည် အုပ်ချုပ်ရေးအရာရှိကြီးတစ်ဦးသာ ဖြစ်သည်။ သထုံမြို့ကိုထူထောင်ပြီး (၁၀)နှစ်ခန့်ကြာမှ လာရောက်တာဝန်ထမ်းဆောင်ရသည်။ သို့သော် ၎င်းထက်စောပြီး ရောက်ခဲ့သူအရာရှိများနှင့်မတူ၊ သထုံမြို့ဟောင်းကို ဖော်ထုတ်ပေးခဲ့သူဖြစ်သည်။ ၎င်း ကျေးဇူးကြောင့် သထုံသည် ရှေးမြို့ဟောင်းဖြစ်ကြောင်း ထိုစဉ်အခါကပင် သိခွင့်ရခဲ့ပေသည်။ ထိုပြင်မက ရှေးဟောင်းအနုပညာလက်ရာတန်ဖိုး သိသူ၊ အရှေ့တိုင်းယဉ်ကျေးမှုကို နားလည်သူတစ်ဦးအဖြစ်လည်း ချီးမွမ်းထိုက်သူဖြစ်သည်။ သထုံသမိုင်းအတွက် စိန့်ဂျွန်းကရှေးဟောင်းပစ္စည်းကို အကဲဖြတ်လျက် သက်သေထူပြသခဲ့ခြင်းကြောင့်ပင်ဖြစ်၏။

စိန့်ဂျွန်းသည် သထုံမြို့ဟောင်းကိုတိုင်းတာမှတ်သားပြီး ဖော်ထုတ်ပေးသည့်အပြင် မြို့တွင်းရှိ တောင်ဘက်မြို့ တံတိုင်းအနီးမှ ရွှေစာရံပရဝဏ်တွင် မိမိတွေ့ရသော သာသနိကအဆောက်အအုံများကိုလည်း မှတ်တမ်းတင်ပေး ခဲ့သည်။ ၄င်းနေရာတွင်ရွှေစာရံစေတီကြီးအပြင်၊ လေးထောင့်ပုံရှိသောစေတီကြီး (၃)ဆူကိုလည်း တွေ့ရကြောင်း အစီရင်ခံခဲ့ပါသည်။ ၎င်းတို့အနက်မှ သိကြားဘုရားခေါ် မြသိန်းတန်စေတီတွင် ကပ်စီလျက်တန်ဆာဆင်ထားသော မြေမီးဖုတ်ရုပ်ကြွပုံတို့ကို အဓိပ္ပါယ်ပေါ်အောင် လေ့လာ၍ ဗုဒ္ဓဘာသာ ဆိုင်ရာပစ္စည်းများဖြစ်ကြောင်း အကဲဖြတ်ပေးခဲ့သည်။

## သိကြားဘုရား

သိကြားဘုရားသည် ရွှေစာရံစေတီကြီး နှင့် ကပ်လျက် အရှေ့တောင်ဘက်၌တည်ရှိသည်။ စေတီတစ်ဆူလုံးကို ဂဝံအုတ်ချပ်ကြီးများဖြင့် တည်ဆောက်ထား၏။ ဖိနပ်တော်မှာ အလျား၊ အနံ ၁၀၄ ပေစီ၊ စတုရန်းပုံဖြစ်ပြီး ပစ္စယာသုံးဆင့်ရှိ၏။ ပထမ ပစ္စယာသို့တက်ရန် မြောက်ဘက်၊ အနောက်ဘက် နှင့်တောင်ဘက်ဆုံးမျက်နှာတို့၌ နတ်လမ်းလှေကား ကြီးများရှိသည်။ ဖိနပ်တော်မှ ပထမပစ္စယာအထိ ၁၈ ပေမြင့်သည်။ ၎င်း အထက်မှ ဒုတိယပစ္စယာ သည် ပေ ၇၀ စတုရန်းပုံရှိ၍ အမြင့် ၁၆ ပေ ရှိသည်။ တတိယပစ္စယာမှာ အနားတစ်ဖက် ၄၈ ပေစတုရန်းပုံဖြစ်ပြီး ၁၂ ပေမြင့်ပါသည်။ ၎င်း အထက်မှ စေတီအထွတ်တင်ထားသည်။ ပစ္စယာ ၏ဘေးနံရံပတ်လည်မှာသပ္ပါယ်လှ၏။ ပထမပစ္စယာ ၏ ဘေးနံရံပတ်လည်မှာ ၁ ပေ ၁၁ လက်မ အရွယ် လေးထောင့်ပုံမှန်ကပ်များရှိကြ၍ ထိုမှန်ကပ် များအတွင်း၌ မြေမီးဖုတ် ရုပ်ကြွချပ်များကို ထည့် သွင်းပူဇော်ထား၏။ နတ်လမ်းလှေကားထိပ်တည့် တည့်တွင် ရုပ်တော်မှုဆင်းတုကို မှန်ကပ်ကြီး အတွင်းပူဇော်ထား၏။ စေတီတစ်ဆူ လုံးအမြင့်မှာ ညဏ်တော် ၈၅ ပေရှိသည်။


သထုံ သကြားဘုရား(ခေါ်)
မြသိန်းတန်စေတီ

## စဥ့်ကွင်း ရုပ်ကြွများ

ပထမပစ္စယာနံရံလေးဖက်စလုံးရှိ မုခ်ကပ်များအတွင်း ရုပ်ကြွချပ် (စဥ့်ကွင်း) အရေအတွက် (၆၀) ကျော်မျှရှိမည်။ သို့သော် စိန့်ဂျွန်းမှတ်တမ်းတင်သည့်ကာလတွင် အရေအတွက်ဆယ်ခု ကျော်မျှ သာတွေ့ရပြီး၊ ကျန်သောရုပ်ကြွချပ်များ ပျောက်ဆုံးကုန်ပြီ။ အချို့မှာ လည်း ကွဲအက်ကြေမွလျက်တစ်ပိုင်းတစ်စသာကျန်ပါသည်။ စေတီ၏ အနောက်မြောက်ထောင့်မှစ၍ အမှတ်စဥ်အတိုင်းရေတွက်၍ရသော ရုပ်ကြွချပ်တို့ကို စိန့်ဂျွန်းက အောက်ပါအတိုင်း အဓိပ္ပါယ်ဖော်ပေးခဲ့ပါသည်။



*ဝေဿန္တရာဇာတ်ကွက်*

### ဝေဿန္တရာဇာတ်ကွက်

ရုပ်ကြွပုံအမှတ် (၁) သည် အချိုးအစားကျနသော ဆင်တစ်ကောင်ပုံဖြစ်သည်။ ဆင်ပေါ်တွင် လူတစ်စုထိုင်နေသည်။ ဆင်နောက်မှလူနှစ်ယောက်ကလိုက်၍ ဆင်ပေါ်မှလူစုကို ခဲနှင့်ပစ်ပေါက်နေပုံဖြစ်သည်။

ဤဇာတ်ကွက်မှဆင်သည် ဝေဿန္တရာဇာတ်တော်မှ ဥပေါသထဆင်ဖြူတော်ဖြစ်၏။ ဆင်ကြောကုန်းပေါ်တွင် မုတ်ဆိတ်နှင့် အရုပ်ဆိုးဆိုးလူတစ်စုမှာ ဆင်ဖြူတော်ကိုအလှူခံသွားကြသော ပုဏ္ဏားများဖြစ်သည်။ ဝေဿန္တရာမင်းကြီးထံမှ ဆင်ဖြူတော်ကို ပုဏ္ဏားများက အလှူခံပြီးမြို့တွင်းကို ဖြတ်လျက်ယူသွားကြစဥ် စေတုတ္တရာ မြို့သားများမကျေမနပ်ဖြစ်ကာ ခဲဖြင့် ပစ်ပေါက်ဟန်ကို သရုပ်ဖော်ထားပါသည်။



*ဝိဓူရဇာတ်ကွက်*

### ဝိဓူရဇာတ်ကွက်

ရုပ်ကြွပုံအမှတ်(၂)သည် လူရုပ်ပုံသုံးယောက်တစ်တန်းပါရှိသည်။ ဘယ်ဘက်လူသည် သရဖူဆောင်းလျက် မြင်းကိုစီးထားသည်။ ညာလက်တွင်ဓါးကိုကိုင်သည်။ ဘယ်လက်က မြင်းဇက်ကြိုးကိုဆွဲသည်။ ညာဘက်မှလူရုပ်သည် သရဖူဆောင်းလျက်၊ ညာလက်တွင် ပစ္စည်းတစ်ခုကိုကိုင်ထားသည်။ သူ၏ခြေထောက်ကိုကွေးထားပြီး ထိုင်လျက်နေ၏။ အလယ်လူသည် ရပ်လျက်နေပြီးညာဘက်က လူ၏လက်ကိုကိုင်ဆွဲထားဟန်ရှိ၏။ ထိုပုံ၏အောက်ခြေတွင် လှိုင်းတွန့်သဏ္ဍာန်မျဥ်းကြောင်းသုံးခုပါရှိသည်။

ဤပုံကိုအဓိပ္ပါယ်ဖော်ရန်ခက်ခဲသည့်အတွက် ချက်ချင်းအဖြေမရခဲ့ပေ။ ထို့ကြောင့်စိန့်ဂျွန်းသည် ပုဂံမြို့ဟောင်း သို့သွားရောက်ပြီး ဖက်လိပ်ဘုရားမှ စဥ့်ကွင်းများကိုလေ့လာရသည်။ ဖက်လိပ်စဥ့်ကွင်းများမှာ ရုပ်ပုံနှင့်အတူစာဖြင့် ဇာတ်တော်အမည်ရေး ထိုးထား၏။ သထုံသိကြားဘုရား အမှတ်(၂)ပုံနှင့်တိုက်ဆိုင်စစ်ဆေး၍ သိရသောဖက်လိပ် စဥ့်ကွင်းပုံမှာ ဝိဓူရဇာတ်ကွက်ဖြစ်ကြောင်းသိခဲ့ရ၏။ ဤသို့ဖြင့်သရဖူဆောင်းလျက်မြင်းစီးထားသူမှာ ပုဏ္ဏကဘီလူးဖြစ်ကြောင်း၊ ညာဘက်မှသရဖူဆောင်းထားသူမှာလည်း ပုဏ္ဏကပင်ဖြစ်၍ အလယ်မှလူရုပ်မှာ ဣရာဒတီနတ်သမီးရုပ်ဖြစ်ကြောင်း အဓိပ္ပါယ်ပေါ်လာသည်။ အောက်ခြေမှလှိုင်းတွန့်မှာ ဘီးလူးနှင့်နတ်သမီးတို့ဆုံ



ဝိဓူရဇာတ်ကွက်

တွေ့ကြရာ တောတောင်ပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

**ဝိဓူရဇာတ်ကွက်**

ရုပ်ကြွပုံ(၄)သည် အထက်နှင့်အောက်နှစ်ကန့်ပိုင်းထားသည်။ အထက်ပိုင်းတစ်ကန့်တွင် လူနှစ်ယောက် ထိုင်လျက်နေဟန်ရှိသည်။ ညာဘက်ကလူသည်သက်တောင့်သက်သာ(မင်းထိုင်)ထိုင်လျက်၊ ထီးမိုးထားသည်။ ဘယ်ဖက် ဒူးကိုထောင်ထားပြီး၊ ညာဖက်ဒူးကို ဆန့်ထားသည်။ ဦးခေါင်းမှာပျောက်ဆုံးနေ၏။ ဘယ်ဘက်ကလူမှာ တင်ပျဉ်ခွေထိုင် လျက်ရှိသည်။ မိမိရှေ့မှလူထံသို့မျက်နှာမူထား၏။ ဆံပင်ကိုဆံထုံးကြီးကြီးထုံးသည်။ ဦးခေါင်းပေါ်၌ ရောင်လျှံ စက်ဝန်း ပုံရှိသည်။ ထိုအရုပ်ရှေ့တွင် သေတ္တာတစ်လုံးရှိသည်။

အောက်ပိုင်းအကန့်တွင် စီးသူမပါပဲမြင်းတစ်ကောင်ကို တိုင်တွင်ချည်ထား၏။ ထိုမြင်း၏ရှေ့တွင် ကြာပန်း သဏ္ဍာန်အဝိုင်းပုံ ပစ္စည်းတစ်ခုရှိသည်။ အနောက်ဘက်တွင်လည်း လူတစ်ယောက် ဒူးထောက်လျက်ထိုင်နေသည်။

ဤသရုပ်ဖော်ပုံ၊ ဇာတ်ကွက်နှင့်ဆင်တူပုဂံဖက်လိပ်ဘုရားစဉ့်ကွင်းတစ်ခုတွင် ကမ္ဗည်းကျောက်စာ ရေးထိုးထားရာ၊ (ဝိဒူရဇာတ်၊ ၅၄၉)ဟုတွေ့ရ၏။ သို့ဖြစ်၍ဆော၊ အင်ရှူး၊ စိန့်ဂျွန်းသည် သိကြားဘုရားမှ နံပါတ်(၄) (စဉ့်ကွင်းမှန်ကပ် နံပါတ် ၆) သည် ဝိဒူရဇာတ်ပင်ဖြစ်ကြောင်း အဓိပ္ပါယ်ဖော်၍ရသွားသည်။ ဤသရုပ်ဖော်ကွက်သည် ပုဏ္ဏကဘီလူးကို စီးတော်မြင်း၊ လက်ဝတ်တော်ပတ္တမြားလက်စွပ်၊ နောက်လိုက် အစေခံတစ်ဦးတို့နှင့် အတူဖော်ပြထားခြင်းဖြစ်သည်။ ကြာပန်းသဏ္ဍာန်အဝိုင်းပုံသည် ကြွေအံကစားရာ၌ သုံးသောအံစာတုံးဖြစ်သည်။ အထက်ပိုင်းအကန့်မှ လူနှစ်ယောက် တို့မှာ ပုဏ္ဏကနှင့်ဘုရင်ကြီးတို့ ထိုင်လျက်ကြွေအံကစားနေပုံဖြစ်၏။ ထို့ကြောင့် သိကြားဘုရားရုပ်ကြွပုံ အမှတ်(၂) နှင့် (၄)တို့သည်၊ ဝိဒူရ ဇာတ်သရုပ်ဖော်ကွက်များဖြစ်ကြောင်းသိရသည်။

စိန့်ဂျွန်းသည် အမှတ် (၁) ရုပ်ကြွပုံမှာဝေဿန္တရာဇာတ်ကွက်နှင့် အမှတ်(၂)နှင့်အမှတ် (၄)တို့မှ ရုပ်ကြွပုံတို့မှာ ဝိဒူရဇာတ်ကွက်တို့ဖြစ်ကြောင်းသိရသောအခါ ကျန်ရုပ်ကြွပုံတို့၏အဓိပ္ပါယ်ကိုမှန်းဆရန် သိပ်မခက်တော့ပေ။ ဗုဒ္ဓဝင် မဟာနိပါတ်တော်ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပုံများသာဖြစ်မည်ဟု တွက်ဆ၍ရသွားတော့သည်။

**မဟော်သဓာ ဇာတ်ကွက်**

ရုပ်ကြွပုံအမှတ် (၅) (စဉ့်ကွင်းမှန်ကပ်နံပါတ် ၁၆) သည်လူရုပ်ပုံများစွာပါသော ဇာတ်ကွက်ဖြစ် သည်။ ထိုပုံ၏ဘယ်ဘက်ခြမ်းမှာပလ္လင်ပုံရှိသည်။ ပလ္လင်ထက်တွင်လူတစ်ယောက်ထိုင်လျက်၊ ပလ္လင်ခြေ ရင်းတွင် မင်းချင်းတစ်ယောက်ရပ်လျက်၊ အခြားတစ် ဖက်တွင် မင်းချင်းတစ်ယောက်ဒူးတုပ်ခစားလျက် ရှိသည်။ ရပ်နေသောမင်းချင်း၏ လက်တွင် ပန်း သို့မဟုတ် စားစရာတစ်ခုခုကိုင်ထားသည်။ ထိုပုံ၏ ညာဘက်တွင် နန်းဝတ်နန်းစားနှင့်လူတစ်ယောက်ကို



မဟော်သဓာ ဇာတ်ကွက်

မင်းချင်းတို့ကထမ်းစင်ပေါ်တင်လျက် ခေါ်ဆောင်သွားပုံ ရှိသည်။ ထိုသူ၏ခေါင်းတွင် မကိုဋ်မြင့်မြင့်ဆောင်းထားလျက် အပေါ်မှထီးမိုးသွားသည်။ ထီးတော်မှ တံခွန်၊ ကုက္ကားတို့လွင့်ပျံနေပုံကို နောက်ပိုင်းတွင်မြင်ရ၏။

ဤဇာတ်ကွက်သည် မဟော်သဓာ (မဟာဥမင်္ဂ) ဇာတ်ကွက်သရုပ်ဖော်ပုံဖြစ်၏။ မဟော်သဓာသည် ဇနီးလောင်း ရှာရန် အပ်ချုပ်သမားအသွင်ဖြင့် မြို့မှထွက်သွားပြီးအမရာနှင့်တွေ့သည်။ ပြီးနောက် တံခါးမှူးအိမ်တွင် အပ်ထားပြီး မြို့တွင်းသို့ဝင်သည်။ ထိုနောက်မင်းချင်းတစ်ယောက်ကိုစေ၍ မိမိရှေ့သို့ အရောက်ခေါ်ယူပြီး အမရာ၏သိက္ခာစင်ကြယ်မှုကို စမ်းသပ်သည်။ အမရာသည် ထိုသူကိုမဟော်သဓာမှန်းမသိပေ။ အပ်ချုပ်သည်အဝတ်အစားနှင့်မဟုတ်သဖြင့် မမှတ်မိခြင်းဖြစ်သည်။ ထို့ကြောင့်အမရာဒေဝီက မဟော်သဓာအား လင်ရှိမယားကို မပြစ်မှားထိုက်ကြောင်း ဆုံးမစကားဆို၏။ မဟော်သဓာလည်း အမရာ၏သိက္ခာစင်ကြယ်မှုကိုသိရပြီးနောက် နန်းတော်သို့ဝင်ပြီးမိဖုရားကြီးအား အကြောင်းစုံပြောပြသည်။ မိဖုရားကြီးက မင်းကြီးထံသို့ ဆက်လက်လျှောက်တင်ပြီးလျှင် အမရာအားနန်းတွင်းသို့ခေါ်ယူရန် မင်းကြီးက အမိန့်ပေးသည်။ အမရာဒေဝီကို ဝတ်စားတန်ဆာဆင်မြန်းစေ၍ ဝေါယာဉ်ဖြင့် ကြီးကြယ်ခန်းနားစွာဆောင်ယူသည်။ ဘုရားလောင်းတော် မဟော်သဓာကိုလည်း အသပြာထောင်တန်သော ပဏ္ဏာတော်ကိုချီးမြှင့်သည်။ မြို့သူမြို့သားအပေါင်းတို့ကလည်း တံခါးမှူးအိမ်သို့လက်ဆောင်ပဏ္ဏာများ ပို့ဆက်ကြလေသည်။

ဤပုံ၏လက်ဝဲဘက်ခြမ်း၌ ထိုင်နေသူမှာမဟော်သဓာဖြစ်၏။ သူ၏နေအိမ်တွင် လက်ဆောင်ပဏ္ဏာကိုလက်ခံနေပုံဖြစ်သည်။ ညာဘက်ခြမ်းမှဝေါယဉ်စီးနေသူမှာ အမရာဒေဝီဖြစ်သည်။ မဟော်သဓာနှင့် ထိမ်းမြားရန် ဆောင်ယူသွားပုံဖြစ်ပါသည်။



**ဘူရိဒတ်ဇာတ်ကွက်**

ရုပ်ကြွပုံအမှတ် (၆) (မှတ်ကပ်နံပါတ်-၂၀) သည် သထုံသမိုင်းအတွက် အထူးပင်အရေးကြီးလှပါသည်။ ဤပုံကို နောက်မှတွေ့သောပညာရှင်တို့က ဟိန္ဒူဘာသာရေးဆိုင်ရာ ရာမယနဇာတ်တော်မှ သရုပ်ဖော်ကွက်ဖြစ်ကြောင်း အဓိပ္ပါယ်ဖော်ခဲ့ကြ၏။ ထို့ကြောင့်သထုံမှဗုဒ္ဓဘာသာသည် ထေရဝါဒစစ်စစ်မဖြစ်နိုင်ကြောင်း၊ ဟိန္ဒူဗြဟ္မာဏအယူအဆ လွှမ်းမိုးလျက်ရှိကြောင်း တင်ပြခဲ့ကြ၏။ ရုပ်ကြွပုံအမှတ်(၃)မှ လူရုပ်ပုံကိုလည်း ခက်ရင်းခွကိုင်လျက်ထိုင်နေသော ဟိန္ဒူနတ်မင်းသီဝပုံဖြစ်သည်ဟုယူဆသည်။ သို့ဖြစ်၍ ရုပ်ပုံနှစ်ခုဆက်စပ်မှု ရှိသွားသည်။

ဤပုံသည် အပြည့်မဟုတ်၊ တစ်ပိုင်းကျိုးနေသည်။ ကျန်သောအပိုင်းကိုပင် နစ်ကန့်ခွဲထားသည်။ အထက်ပိုင်းအကန့်တွင်လူတစ်ယောက်မတ်တပ်ရပ်နေပုံရှိသည်။ ထိုသူ၏နောက်ကျောတွင် ချိုင်းအောက်မှ အမြီးနှင့်တူသော ရှည်မျောမျောအရာတစ်ခု ထိုးထွက်နေလျက်ရှိသည်။

အောက်ဘယ်အကန့်တွင် လူလေးယောက်ထိုင်လျက်ပုံတို့ရှိကြသည်။ ဘယ်ဘက်အစွန်မှလူသည် သရဖူကို ဆောင်းပြီး၊ ကျန်သောသုံးယောက်တို့မှာ နဂါးခေါင်းဆောင်းထားကြသည်။ ၎င်းတို့ကပထမလူအား ရိုသေစွာလျှောက်ထားလျက်နေဟန်ရှိ၏။

ဤရုပ်ကြွပုံကို စိန့်၊ အင်္ဂရှူး၊ စိန်ဂျွန်းကအလမ္ဗယ်ဆရာနှင့် မြွေကြီးတစ်ကောင်ပုံဟု အဓိပ္ပါယ်ကောက်ယူပါသည်။ ဥယျာဉ်ထဲတွင်မြွေအလမ္ဗယ်ဆရာက ဘူရိဒတ်နဂါးမင်း (မြွေကြီး) ကို ကိုယ်မှာပတ်၍ အလမ္ဗယ်(မြွေကစား)ပြနေပုံဖြစ်သည်။ အောက်ခြေမှပုံမှာ နဂါးပြည်မှနဂါးမင်းကြီးနှင့် နဂါးမင်းသမီးများပုံဖြစ်သည်။

အလမ္ဗယ်သည် ဗာရာဏသီပြည်မင်းကြီး၏ရှေ့တော်တွင် ဘုရားအလောင်းတော်ဘူရိဒတ်နဂါးမင်းကို ပြပွဲလုပ်၍ပြသလျက်ရှိ၏။ ထိုပြပွဲတွင် ဘူရိဒတ်၏ညီတော် သုဒဿနကရသေ့အသွင်ဖြင့် ရောက်နေ၏။ နမတော် နဂါးမင်းသမီးလည်း အတူရှိနေကြ၏။ ရသေ့နှင့်အလမ္ဗယ်တို့ ပညာပြိုင်ကြရာ ရသေ့ကနိုင်၍ ဘူရိဒတ်ကို လွှတ်ပေးလိုက်ရသည်။ အောက်ပုံတွင် ဘူရိဒတ်နှင့်ညီတော်၊ နမတော်တို့ နဂါးပြည်သို့ပြန်ရောက်၍ နဂါးမင်းကြီးထံ အကြောင်းစုံလျှောက်ထားနေကြပုံဖြစ်သည်။

ရုပ်ကြွပုံအမှတ် (၇) (မှန်ကပ်အမှတ် ၂၅) မှာ အပျက်အစီးများ၍ အဓိပ္ပါယ်မဖော်နိုင်ပါ။

ရုပ်ကြွပုံအမှတ် (၈) (မှန်ကပ်အမှတ် ၂၆) သည် ထုံးဖြူအထပ်ထပ်လိမ်းကြံထားသဖြင့် ပုံပျက်နေ၏။ သို့သော် ဘူရိဒတ်ဇာတ်တော်မှ ပြကွက်ဖြစ်ကြောင်းသိသာသည်။

ဘူရိဒတ်သည် မုဆိုးတစ်ယောက်နှင့် သူ၏သားတစ်ယောက်ကို နဂါးပြည်သို့ခေါ်ဆောင်သွားခဲ့၏။ ၎င်းတို့ နဂါးပြည်မှပြန်ချင်လာသောအခါ နဂါးမင်း၊ မုဆိုးနှင့်သူ၏သားတို့ ဆွေးနွေးပြောဆိုနေကြပုံဖြစ်သည်။

**မဟောသဓာဇာတ်ကွက်**

ရုပ်ကြွပုံအမှတ် (၉) (မှန်ကပ်အမှတ် ၃၀) သည် အကျိုးတစ်ပိုင်းသာကျန်သည်။ ဘယ်ဘက်အောက်အစွန်းကျိုးပဲ့နေ၏။ ၎င်းကို အကန့်နှစ်ကန့်ပိုင်းခြားထား၏။ အထက်အကန့်တွင် လူလေးယောက်ရှိသည်။ ထိုင်လျက်နေသူနှစ်ဦးမှာ ဘုရင်ကြီးနှင့်မိဖုရားကြီးတို့ဖြစ်ကြသည်။ အလယ်နားမှင့်ပြီးဆောင့်ကြောင့် ထိုင်နေသူနှင့် ညာဘက်တွင်ဒူးကို ထောက်ကာရင်ဘတ်ပေါ် လက်နှစ်ဖက်တင်၍ ထိုင်နေသူတို့မှာ အမတ်ကြီးနှစ်ယောက်ဖြစ်ကြ၏။ ဆောင့်ကြောင့်ထိုင်သူ၏အောက်နားတွင်လည်း အမတ်ကြီးအရုပ်တစ်ရုပ်ရှိသေး၏။ ဤပုံကိုပုံအမှတ် (၁၀)နှင့်တွဲ၍ ကြည့်မှပို၍ အဓိပ္ပါယ်ပေါက်နိုင်သည်။

ရုပ်ကြွပုံအမှတ် (၁၀) (မှန်ကပ်အမှတ် ၃၁)

ဤပုံသည် ပြည့်စုံကောင်းမွန်သည်။ ပုံ (၉) နှင့်နီးကပ်စွာရှိ၍ နစ်ပုံတွဲပြီး အဓိပ္ပါယ်ဖော်၍ရသည်။ ကော်မရှင်နာစိန့်ဂျွန်းသည် ဤပုံနစ်ပုံကို မဟောသဓာဇာတ်ကွက်များဖြစ်ကြောင်း အဓိပ္ပါယ်ဖော်ပြပါသည်။

ဤဒုတိယပုံ၏ အထက်ပိုင်းတွင် ဝတ်စားဆင်ယင်လျက် အမျိုးသားနှင့်အမျိုးသမီးမြင်းလှည်းပေါ်ထိုင်နေကြသည်။ အောက်ဘက်တွင် အိုးထိန်းသည်၏အိုးဖိုရှိသည်။ အိုးထိန်းစက်ကိုလှည့်၍ အိုးပုံဖော်နေသူတစ်ယောက်လည်း ရှိသည်။ အခြားလူတစ်ယောက်က အနောက်နားတွင် ရွှံ့တုံးကိုနယ်လျက်ရှိ၏။ စင်ပေါ်တွင်အိုးများကို တင်ထားသည်။



*မဟော်သဓာ ဇာတ်ကွက်*

ဇာတ်တော်မှာ ဤသို့ဖြစ်၏။ မဟော်သဓာသည် ၎င်းအားမနာလိုသူ အမတ်ကြီးလေးပါးက အကောက်ကြံ၍ သရဖူခိုးယူသည့်အမှုပေါ်ပေါက်လာပြီး မင်းဒဏ်သင့်သဖြင့် ထွက်ပြေးတိမ်းရှောင်နေရ၏။ အိုးထိန်းသည့်၏အိမ်တွင် အိုးလုပ်သမားသွင်ဖြင့်ရောက်နေစဉ် အမတ်ကြီးလေးပါးတို့က အမရာဒေဝီကိုသွေးဆောင်ဖြားယောင်ရန် ကြိုးပမ်းကြသည်။ အမရာဒေဝီကလည်း အမတ်ကြီးတို့ကို ထောင်ချောက်ဆင်ကာ မစင်ကျင်းထဲလိမ့်ကျစေပြီး ဖမ်းမိလေသည်။ ပြီးလျှင် လဲမှို့များလိမ်းကြံ၍ မျောက်ဖြူလေးကောင်အဖြစ် ကြိုးနှင့်ဆွဲကာ မင်းကြီးထံဆက်သသည်။ မဟော်သဓာ၌ အပြစ်မရှိကြောင်းကိုလည်း မင်းကြီးထံလျှောက်ထားလေသည်။ သရဖူခိုးထားသူအစစ်မှာ အမတ်ကြီးလေးပါးပင်ဖြစ်ကြောင်း ထုတ်ဖော်လိုက်နိုင်၏။ သို့သော် မဟော်သဓာ၌ အပြစ်မရှိကြောင်းကို မင်းကြီးကချက်ချင်းမဆုံးဖြတ်နိုင်ပဲရှိသည်။ ထိုအခါ ထီးချက်ဆောင့်နတ်သမီးက မဟော်သဓာအားချက်ချင်းခေါ်ယူရန်တိုက်တွန်းလေသည်။ မင်းကြီးလည်း မင်းချင်းလေးယောက်ကိုစေလွှတ်၍ မြို့တံခါးလေးရပ်တွင် မဟော်သဓာအားရှာဖွေရန် အမိန့်ပေးသည်။ တောင်တံခါးသို့သွားသော မင်းချင်းက မဟော်သဓာကို အိုးထိန်းသည့်၏နေအိမ်၌တွေ့ပြီး ဘုရင်ကြီးထံခေါ်ယူလာခဲ့သည်။

အထက်ပါဇာတ်လမ်းအရ ပုံအမှတ်(၉)မှာ ပြဟ္မဒတ်မင်းကြီးနှင့် မိဘုရားဥဒုမ္ဗရဒေဝီတို့ အထက်ပိုင်းလက်ဝဲဘက်တွင်ရှိသည်။ မျောက်ဖြူအသွင်ဖြင့် အမတ်ကြီးတစ်ပါးနှင့်အမရာတို့က အခြားတစ်ဖက်တွင်ရှိသည်။ အောက်ခြေအကန့်တွင် မျောက်ဖြူအမတ်ကြီးတစ်ပါးအနက် တစ်ပါးကိုတွေ့ရသည်။



*မဟော်သဓာ ဇာက်ကွက်*

အမှတ် (၁၀)ပုံမှာ အိုးထိန်းသည်၏နေအိမ်၌ မဟော်သဓာရောက်နေပုံဖြစ်သည်။ ထိုအိမ်မှာပင် မင်းချင်းတစ်ယောက်နှင့်တွေ့ရပြီး မင်းကြီးထံမြင်းလှည်းဖြင့်တင်၍ ပြန်ခေါ်ယူဆောင်သွားလေသည်။

**တေမိယဇာတ်**



*တေမိယ ဇာက်ကွက်*

ရုပ်ကြွပုံအမှတ် (၁၁) (မှတ်ကပ်အမှတ် ၅၅) သည် ဝေဿန္တရာဇာတ်ကွက်လား၊ တေမိယဇာတ်ကွက်လား ဆုံးဖြတ်ရန်ခက်ခဲနေပါသည်။

ပုံ၏လက်ဝဲဘက်တွင် ဘုရားအလောင်းတော်သည် မကိုင့်မြင့်မြင့်ဆောင်းထားပြီး မတ်တပ်ရပ်နေသည်။

သူ၏ညာဘက်လက်မှာပျောက်ဆုံးနေ၏။ ဘယ်ဘက်လက်မောင်းကိုကွေးညွှတ်လျက် ပုခုံးပေါ်တင်ထားသည်။ ၎င်း၏ရှေ့တွင် လူတစ်ယောက်ဒူးတုပ်ခစားလျက်ရှိသည်။ နောက်လူတစ်ယောက်မှာ မြင်းလှည်းပေါ်တွင်ရှိသည်။ ထိုသူသည်လှည်းကို လှည့်ကာ မောင်းနှင်မည့်ဟန်ရှိ၏။ ဤပုံသည်ဝေဿန္တရာဇာတ်(အဆုံးဇာတ်)နှင့် နီးကပ်စွာရှိ၍ တေမိယဇာတ် (အစဇာတ်) ကွက်ဖြစ်မည်ဟု စိန့်ဂျွန်းကခန့်မှန်းပါသည်။ ဤပုံ၏ဇာတ်လမ်းမှာ အောက်ပါအတိုင်းဖြစ်၏။

မြင်းလှည်းသမားသည် ဘုရင်ကြီး၏အမိန့်အရ တေမိယမင်းသားကိုမြင်းလှည်းပေါ်တင်ကာ မြို့ပြင်သို့ထုတ်၍ မြေမြှုပ်ပစ်ရန်စီစဉ်သည်။ မြင်းလှည်းသမားကမြေကြီး၌တွင်းကိုတူးသည်။ ထိုအခါ မွေးကင်းစမှစ၍တစ်သက်လုံး စကား မပြောဘဲနေလာသူ တေမိယသည် ထိုသူထံသို့သွား၍ မြေတူးရခြင်း အကြောင်းကိုမေးလေသည်။ မြင်းလှည်းသမားက အကြောင်းစုံကိုရှင်းပြသည့်အခါ တေမိယလည်း မိမိ၏သရုပ်သဏ္ဌာန်အစစ်အမှန်ကို ဖော်ထုတ်ပြလိုက်သည်။

ဤပုံတွင်ရပ်နေသူမှာ တေမိယမင်းသားဖြစ်သည်။ ၎င်းရှေ့တွင် ဒူးထောက်လျက်နေသူ မြင်းလှည်းသမားကို စကားပြောဆိုနေပုံဖြစ်၏။ မြင်းလှည်းပေါ်မှ နောက်လူတစ်ယောက်မှာလည်း မြင်းလှည်းသမားပင်ဖြစ်၍ တေမိယ၏ မယ်တော်ထံ မင်းသားစကားပြောတတ်ကြောင်း ဝမ်းမြောက်ဘွယ်သတင်းကို လျှောက်ထားရန် ပြန်လှည့်သွားသည့်ပုံ ဖြစ်သည်။

ပုံ(၁၂) ဤပုံသည် သိကြားဘုရားမှ ပျောက်ဆုံးသွားသော မြေမီးဖုတ်ရုပ်ကြွချပ်များအနက်မှ တစ်ချပ်ကို ရွှေစာရံရွှေတီပုရဝုဏ်ရှိ ရေးဟောင်းသုတေသနကျောက်စာရုံ၌ ထိန်းသိမ်းထားလျက် တွေ့ရပုံဖြစ်၏။ နေမိမင်းသား ဇာတ်ကွက် သရုပ်ဖော်ပုံ ဖြစ်ပါသည်။



*နေမိဇာတ်ကွက်*

သထုံမြို့ သိကြားဘုရားမှခ်ကပ်များတွင် ကပ်စီလျက်ပူဇော်ထားခဲ့သော ဤမဟာဗုဒ္ဓဝင်ဇာတ်ကွက် သရုပ်ဖော်ပုံ များကို ကော်မရှင်နာမင်းကြီးစိန့်ဂျွန်းသည်၊ တစ်ထိုင်တည်းကြည့်ပြီးဆုံးဖြတ်လျက် အဓိပ္ပါယ်ဖော်နိုင်ခဲ့သည်မဟုတ်ပါ။ တစိမ့်စိမ့်ကြည့်ရင်း၊ တစ်နှစ်ကျော်မျှအချိန်ယူကာ လေ့လာခဲ့ရပေမည်။ ထိုစဉ်က မြန်မာဘုရင်ပိုင်နက် အထက်မြန်မာပြည် ပုဂံမြို့ဟောင်းသို့သွား၍ ရွှေစည်းခုံ၊ အာနန္ဒာ၊ ဓမ္မရာဇိက၊ မင်္ဂလာ စေတီစသောဘုရားများမှ ဇာတ်တော်စဥ့်ကွင်းများကို လည်းလေ့လာရသည်။ နောက်ဆုံး ဖက်လိပ်ဘုရားနှစ်ဆူတွင်တွေ့ရသော မြေမီးဖုတ်ရုပ်ကြွချပ်များမှ သထုံနှင့်ဆင်တူ ဇာတ်ကွက်များကိုတွေ့ရပြီး၊ ၎င်းဇာတ်ကွက်အမည်ကိုပါ သိခဲ့ရပေသည်။

စိန့်ဂျွန်း၏ဗုဒ္ဓဝင်ဇာတ်ကွက်ပုံများ အဓိပ္ပါယ်ဖော်ထုတ်ချက်ကို ၎င်းနောက် (၂၅)နှစ်ကျော်ခန့်ကြာသည့်အခါ သထုံသို့ရောက်လာခဲ့သူ ကျောက်စာဝန်မစ္စတာတော်စိန်ခိုနှင့် အာရ်စီ၊ တင်ပယ်တို့ကလည်း မိမိတို့ထင်မြင်သည့်အတိုင်း အဓိပ္ပါယ်ဖော်ခဲ့ကြပြန်ပါသည်။

မစ္စတာတော်စိန်ခိုက ဤသရုပ်ဖော်ရုပ်ကြွပုံတို့မှာ ဗုဒ္ဓဘာသာနှင့်မသက်ဆိုင်ကြောင်း၊ ဟိန္ဒူဗြဟ္မဏဝါဒဆိုင်ရာ၊ ရာမာယနဇာတ်ကွက်များဖြစ်နိုင်ကြောင်း ထင်မြင်ယူဆခဲ့ပါသည်။ အာရ်၊ စီ၊ တင်ပယ်ကမူ ကော်မရှင်နာမင်းကြီး ဆာအင်ရှူးစိန့်ဂျွန်း၏ အဓိပ္ပါယ်ဖော်ထုတ်ချက် (Interpretation) ကိုသဘောတူစွာဖြင့် မဟာဗုဒ္ဓဝင်ဇာတ်ကွက်များ ဖြစ်ကြောင်း အတည်ပြုလက်ခံခဲ့ပါသည်။

**နိဟာရာဂျန်ရေး အမှားတော်ပုံ**



မစ္စတာတော်စိန်ခို၏ ကွင်းဆင်းသုတေသန အစီရင်ခံစာကို မှီငြမ်းကိုးကားလျက် ဒေါက်တာနိဟာရမ်ဂျန်ရေးကလည်း ၎င်း၏ **မြန်မာနိုင်ငံဟိန္ဒူနတ်ဘုရားများအကြောင်း** စာအုပ်ကိုရေးသားသည့်အခါ သထုံသိကြားဘုရား စဥ့်ကွင်းတို့သည် ဟိန္ဒူဗြဟ္မဏဝါဒနှင့်သာသက်ဆိုင်သည် ဗုဒ္ဓဘာသာနှင့် မသက်ဆိုင်ကြောင်း ထပ်မံတင်ပြလာခဲ့သည်။

ဒေါက်တာနိဟာရမ်ဂျန်ရေးသည် ပုဂံမြို့ဟောင်းတွင်တွေ့ရသော နတ်လှောင်ကျောင်း (နတ်လျှောင်းကျောင်း) ဂူဘုရားမှ ဟိန္ဒူနတ်ရုပ်များ၊ ယခုပုဂံပြတိုက်ရှိ ဗိဿနိုးနတ်မင်းကျောက်ရုပ်ကြွများကို ထောက်ထား၍လည်းကောင်း၊ အောက်မြန်မာနိုင်ငံ သရေခေတ္တရာမြို့ဟောင်းမှ ဗိဿနိုးကျောက်ဆစ်ရုပ်၊ သီဝနတ်မင်းကျောက်ဆစ်ရုပ်ကိုတွေ့ရှိမှုကို လည်းကောင်း၊ သထုံမြို့ဟောင်းမှလည်း ဗိဿနိုးနတ်မင်းရုပ်တုများတွေ့ရှိမှုတို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံတွင် ဟိန္ဒူအယူဝါသည် ဗုဒ္ဓဝါဒနှင့်စင်ပြိုင်ထွန်းကားခဲ့မည်ဟုယူဆသည်။ အထူးသဖြင့် သထုံမှာ ဟိန္ဒူနတ်ရုပ်တုများတွေ့ရပုံ ကိုအကြောင်းပြုကာ သထုံသာသနာသည် ထေရဝါဒစစ်စစ်မဖြစ်နိုင်ကြောင်း ဝေဖန်ထောက်ပြခဲ့ပါသည်။

ဤကဲ့သို့ဝေဖန်ထောက်ပြချက်ကိုပင် **ဂျော့ဆေးဒေး၊ ပယ်လီယို**နှင့် **ဗုတ်တလေ**တို့က ဆက်လက်ကိုးကား၍ သထုံမှာ ဟိန္ဒူဗြဟ္မဏဝါဒ ထွန်းကားခဲ့ကြောင်း အယူအဆကိုထင်ပေါ်လာအောင် ဖြန့်ချီခဲ့ကြသည်မှာ နောက်ဆုံးမိုက်ကယ်အောင်သွင် (၂၀၀၅)က ကိုးကားခဲ့သည်အထိ ဖြစ်လာခဲ့သည်။

ဒေါက်တာရေးသည် ၎င်း၏အယူအဆကို ဖြည့်စွက်ထောက်ခံမည့် အထောက်အထားတစ်ခုအဖြစ် သထုံသိကြားဘုရားစဥ့်ကွင်းရုပ်ကြွ၊ ပထမပစ္စယာ အနောက်တောင်ထောင့်မှ တွေ့ရသောရုပ်ကြွချပ် တစ်ခုတွင် မင်းဝတ်မင်းတန်ဆာဖြင့် လူ၏လက်မှ ခက်ရင်းခွသဏ္ဍာန် (တြိသူလ)ကိုတွေ့ရသဖြင့်၊ ထိုအရုပ်ကို သီဝနတ်မင်းရုပ်ဟုလည်းကောင်း၊ ရုပ်ကြွပုံ



*ဒေါက်တာရေးက*
*ဟန်နုမာန်မျောက်မင်းပုံဟု*
*ယူဆသော*
*ဘူရိဒတ်ဇာတ်ကွက်မှ*
*မြွေနှင့်အလမ္မယ်ပြကစားနေပုံ*

အမှတ် (၆)(မှန်ကပ်အမှတ် ၂၀)ကိုလည်း ရာမာယနဇာတ်ဝင်ခန်းတစ်ခုဟူ၍ လည်းကောင်း အဓိပ္ပါယ်ကောက်ယူခဲ့ပါသည်။

ရုပ်ကြွပုံအမှတ် (၆) မှအလမ္မယ်နှင့်ဘူရိဒတ်နဂါးမင်း ရုပ်ပုံတို့ကို ဒေါက်တာရေးက ဟာနုမာမျောက်မင်းပုံဟုယူဆသည်။ အလမ္မယ်ချိုင်းအောက်နှင့် နောက်ကျောကိုရစ်ပတ်ထားသည့်မြွေကြီးကို ဟာနုမာမျောက်မင်း၏အမြီးဖြစ်သည်ဟု ဆိုပါသည်။ ဤကဲ့သို့အဓိပ္ပါယ်ကောက်ယူပြီး ထိုပုံသည် ရာမာယနဇာတ်ကွက်ဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။

ဒေါက်တာရေးသည် သထုံမှတွေ့ရသည့်ဗိဿနိုးနတ်ရုပ်တု သဲကျောက်ဆစ်ရုပ်ကြွပုံမှာ ယခင်က သိကြားဘုရား၌ ထည့်သွင်းပူဇော်ထားသည့်အရုပ်ပင် ဖြစ်မည်ဟူ၍လည်း ခန့်မှန်းသည်။ ၎င်း၏စာအုပ်တွင် သိကြားဘုရား၏အမည်ကို ရွှေစာရံစေတီဟုမှားယွင်းစွာဖော်ပြခဲ့ပါသည်။ ဤသို့ဖြင့် ဒေါက်တာရေးသည် ကော်မရှင်နာမင်းကြီးစိန့်ဂျွန်း၏ အစီရင်ခံစာတွင်တင်ပြထားသော သိကြားဘုရားရုပ်ကြွပုံများ၏ အဓိပ္ပါယ်ကို လုံးဝပစ်ပယ်လိုက်ပြီး မိမိအယူအဆသစ်ကို ဖန်တီးခဲ့ကြောင်း တွေ့ရပါသည်။

ဒေါက်တာနိဟာရမ်ဂျန်ရေး၏အယူအဆမှားယွင်းကြောင်းသိရသော ကမ္ဘည်းကျောက်စာဝန်ဦးမြ သည် (၁၉၃၂) ခုနှစ်တွင် သထုံမြို့ကိုကွင်းဆင်းပြီး ကိုယ်တိုင်ကိုယ်ကျစစ်ဆေးခဲ့ပါသည်။ ဦးမြသည် သိကြားဘုရားရုပ်ကြွပုံများမှာ ကော်မရှင်နာမင်းကြီးစိန့်ဂျွန်း၏ အဓိပ္ပါယ်ဖော်ပေးထားသည့်အတိုင်း မဟာနိပါတ်တော် သရုပ်ဖော်ပုံများဖြစ်ကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။ (U Mya, ''Terracotta Plaques of the Thagyapaya at Thaton''. ASI, 1930-34, vol I, pp. 196-230) သကြားဘုရားအနီးမှာပင် ရွှေစာရံစေတီတောင်ဘက်ရှိ ကလျာဏီသိမ်နိမိတ်တိုင်များရှိသည်။ ထိုသိမ်နိမိတ်တိုင်များတွင် သဲကျောက်ဖြင့် ရုပ်ကြွပုံများထုဆစ်ထား၏။ ၎င်းရုပ်ကြွပုံတို့မှာလည်း မဟာနိပါတ်တော်ဇာတ်ကွက် သရုပ်ဖော်ပုံတို့ပင် ဖြစ်ကြ၍ သိကြားဘုရားမြေမီးဖုတ်ပုံရုပ်ကြွများနှင့်အလားတူ ဗုဒ္ဓဝင်ဇာတ်တော်များဖြစ်ကြောင်း လေ့လာ တွေ့ရှိခဲ့၏။ (ဦးမြ၏အိန္ဒိယရှေးဟောင်းသုတေသနဌာန နှစ်ချုပ်အစီရင်ခံစာ (၁၉၃၀-၃၄)၊ အပိုင်း (၁)၊ စာမျက်နှာ ၂၃၀-၄ တွင် ၎င်းဇာတ်နိပါတ်တော်များ အကြောင်းအစီရင်ခံ ဖော်ပြထားခဲ့ပါသည်။ (U Mya, Pillers with Kalyani Sima, Thaton, ASI, 1930-34, Part I, pp. 230-4).

ဒေါက်တာနိမာရမ်ဂျန်ရေး၏ မှားယွင်းစွာကြည့်ရှုအကဲဖြတ်ခဲ့သော ဤဆုံးဖြတ်ချက်သည် သထုံသမိုင်းတွက် မည်မျှအရေးကြီးပါသနည်း။ မည်သို့ထိခိုက်နိုင်ပါသနည်း။

များစွာထိခိုက်နစ်နာလှပါသည် ဟုဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် သထုံသမိုင်းတွင်ဒုတိယမြောက် အရေးပါသော အရှင်မဟာဗုဒ္ဓဃောသနှင့်ပိဋကတ်တော်များ သထုံသို့ဆိုက်ရောက်လာခြင်းကို လုံးဝပြစ်ပယ်လိုက် သည့် အဓိပ္ပါယ်ရှိဖြစ်ကြောင့်ဖြစ်ပါသည်။

ယင်းအဓိပ္ပါယ်သက်ရောက်မှုကို အချက်ကောင်းယူ၍ အရှင်မဟာဗုဒ္ဓဃောသသည် သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ကြောင်း၊ ရှင်မဟာဗုဒ္ဓဃောသ တကယ်မရှိကြောင်း သမိုင်းသုတေသီတစ်ချို့က ယူဆလာကြသည်။ အကယ်၍ ရှင်မဟာဗုဒ္ဓဃောသပင့်ဆောင်လာသဖြင့် သထုံကိုပိဋကတ်တော်များ ဆိုက်ရောက်လာခဲ့ခြင်းမှန်လျှင်၊ ဤမျှအရေးပါသော သမိုင်းဖြစ်ရပ်ကို ဓမ္မစေတီမင်းကြီးသည် သူ၏ကလျာဏီသိမ်ကျောက်စာ၌ ထည့်သွင်းရေးထိုးသင့်သည်။ ယခုကလျာဏီ သိမ်ကျောက်စာတွင် ဗုဒ္ဓဃောသအကြောင်း တစ်စွန်းတစမျှမပါကြောင်း ထောက်ပြသူတို့လည်းရှိလာသည်။ ဤသို့ဖြင့် ရှင်မဟာဗုဒ္ဓဃောသကို့ သမိုင်းထဲမှ ဆွဲထုတ်ပစ်ပယ်လိုက်ကြပေတော့သည်။

သထုံမှ ရှေးဟောင်းအဆောက်အဦတို့တွင် အထင်ကရကျန်ရှိနေသော ဖောင်တော်ဦးစေတီသည် ပိဋကတ် တော်များ ပင့်ဆောင်လာခဲ့စဉ်က၊ လှေဖောင်ဆိုက်ရာနေရာ၌ သထုံပြည်သားတို့ အထိန်းအမှတ်စေတီတည်သည့် သထုံသမိုင်းမှတ်တိုင် တစ်ခုပင်ဖြစ်သည်။ **ပိဋကတ်တိုက်စေတီ**မှာလည်း ရွှေစာရံစေတီတော်ဝင်းအတွင်း၌ ဓမ္မပါလမင်းကြီးက လိုဏ်ဂူ ဘုရားတည်ထား၍ ပိဋကတ်တော်များကို သိုမှီးသိမ်းဆည်းထားရာ အဆောက်အဦဖြစ်သည်။ ဗုဒ္ဓဃောသနှင့် ပိဋကတ်တော်များဆိုက်ရောက်ခြင်းဤရှေးဟောင်းအမှတ်အသားတို့သည် ဒေါက်တာရေး၏ မှားယွင်း စွာအကဲဖြတ်ချက်ကြောင့် ရှေးဟောင်းတန်ဖိုးကင်းမဲ့သွားတော့သည်။ ဤအကျိုးဆက်ကြောင့်ပင် ၁၈၈၃-ခုနှစ် နိုဝင်ဘာလ ၂၆ ရက်စွဲ ဖြင့် ဗြိတိသျှအိန္ဒိယအစိုးရ၊ ပြည်ထဲရေးဌာနက အမိန့်ကြော်ငြာစာအမှတ် (၃-၁၆၈-၈၃) အရသတ်မှတ်ခဲ့ပြီး၊ ၁၉၁၉-ခုနှစ်ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် အိန္ဒိယအစိုးရပညာရေးဌာနက၊ အမိန့်ကြော်ငြာစာအမှတ်(၄၈)ဖြင့် ထုတ်ပြန် ကြေငြာခဲ့သော သထုံခရိုင်အတွင်းရှိ ရှေးဟောင်းဆောက်အဦများစာရင်းတွင်၊ ဖောင်တော်ဦးဘုရားနှင့် ပိဋကတ်တိုက် စေတီတို့ကို ချန်လှပ်ထားခဲ့၏။

အမှတ်စဉ် - ၁၄၊ ရွှေစာရံစေတီ
- ၁၅၊ သိကြား (မြသိန်းတန်) စေတီ
- ၁၆၊ ဇင်းကျိုက်ဘုရား
- ၁၇၊ ကော့ဂွန်းဂူ
- ၁၈၊ ဇွဲကပင်ဘုရားနှင့်
- ၁၉၊ ကျိုက်ထီးရိုးဘုရား

တို့ကိုသာ စာရင်းဝင်အဆောက်အအုံများအဖြစ် သတ်မှတ်သည်။ ထိုစာရင်းကို ၁၉၆၀ ပြည့်နှစ်တွင်၊ ရန်ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရပုံနှိပ်တိုက်က ပြန်လည်ပုံနှိပ်ပြီး ထုတ်ပြန်ခဲ့သော ( AMENDED LIST OF ANCIENT MONUMENTS IN BURMA, 1960 (Reprint) ? (Rangoon, Supdt, Govt, Printing and Staty, Union of Burma) စာရင်းစာအုပ်၌လည်း သထုံဖောင်တော်ဦးနှင့် ပိဋကတ်တိုက်စေတီတို့ကို ထည့်သွင်းဖော်ပြခြင်းမပြုခဲ့ပေ။ ဤမျှသောစာရင်းဝင် အဆောက်အအုံများကို အထောက်အထားပြု၍ ဆာဂျော့စကော့က၊ ထိုင်းနိုင်ငံ **မင်းသားကြီး ဒင်မရောင်း** အား၊ သထုံ၌ ရှေးဟောင်းအဆောက်အဦများနည်းပါးလွန်းသည်ဟု ဆိုခဲ့ခြင်းလည်းဖြစ်ပါသည်။


အောက်မြန်မာနိုင်ငံ သထုံဒေသတွင် ဟိန္ဒူဗြဟ္မဏတို့၏ ရာမာယနဇာတ်တော် အစဉ်အလာမရှိခဲ့ကြောင်း အရှင်မဟာဗုဒ္ဓဃောသဆောင်ယူလာခဲ့သော အဋ္ဌကထာကျမ်းများမှ ဇာတကကျမ်းထွက် မဟာနိပါတ်တော်ကိုသာ အစဉ်အဆက်ယုံကြည် မှတ်သားလာခဲ့ခြင်းသာဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် “ရာမာယန”၊ “မဟာဘာရတ”

စသော ဟိန္ဒူဗုဒ္ဓဇာတ်တော်များအတွက် နေရာမရှိခဲ့သည်မှာ ရှေးအခါကတည်းကပင်ဖြစ်ကြောင်း ပါဠိပါရဂူဆရာကြီး ဦးလူဖေဝင်းက ရှင်းလင်းတင်ပြထားပါသည်။ (U Li Pe Win, Buddhaghosa and Burma, J.B.R.S. LVIII, part I. October, 1975)

စိန့်ဂွန်းသည် သထုံသိကြားဘုရားကို မြန်မာနိုင်ငံမှအထူးခြားဆုံး ဘုရားတစ်ဆူအဖြစ်သတ်မှတ်သည်။ သက်တမ်းအားဖြင့်လည်း ဗုဒ္ဓဃောသလက်ထက်လောက်က တည်ခဲ့မည်ဖြစ်၍ နှစ်ပေါင်း (၁၃၇၀) ကျော်ပြီဟုခန့်မှန်းသည်။ ဤစေတီ၏ပုံစံမှာ သီဟိုဠ်ဘုရားပုံစံဖြစ်သည်ဟုလည်းဆို၏။ နှောင်းခေတ်ကာလများတွင် အဘယ့်ကြောင့် ဤစေတီပုံစံမျိုးဆက်လက်တည်ဆောက်ခြင်းမရှိသည်ကိုလည်း မိမိအံ့သြမိကြောင်း အစီရင်ခံတင်ပြထားပါသည်။



ကော့ဂွန်းဂူ နံရံကပ်ဗုဒ္ဓရုပ်ပွားတော်များ




*ဖော်ခမ်းမား၏ အစီရင်ခံစာ၌ ဖော်ပြသော(မနုသီဟ)ရုပ်ထု လိပ်သဲကျောက်တုံးကြီးကို ခြသေ့်ရုပ်မျက်နှာ ထုဆစ်ပုံဖော်ထားသည်။ (ဝင်းကရွာ ကုမာရစေတီ၏ တောင်ဘက်ကပ်လျက်ရှိ၏)*

## ဖော်ခမ်းမား၏ သထုံကွင်းဆင်းခရီး

သုဝဏ္ဏဘူမိ၊ သထုံမြို့ဟောင်းကို ပထမကွင်းဆင်းလေ့လာခဲ့သူဥရောပတိုက်သားမှာ ဒေါက်တာအီးဖေါ်ခမ်းမားပင်ဖြစ်သည်။ သူသည် မစ္စတာစိန့်ဂျွန်းကဲ့သို့ အုပ်ချုပ်ရေးအရာရှိကြီးတစ်ဦးမဟုတ်ပေ။ ပါဠိစာပေပါရဂူဘွဲ့ရသူတစ်ဦးဖြစ်၏။ အစိုးရက ခန့်ထားသော ရှေးဟောင်းသုတေသနအထူးအရာရှိကြီး (Government Archaeologist) တစ်ဦးလည်းဖြစ်သည်။

ဖော်ခမ်းမားသည် ပဲခူးကလျာဏီသိမ်ကျောက်စာ၌ ဖော်ပြထားသော အရှင်သောဏနှင့် ဥတ္တရတို့ဆိုက်ရောက်ခဲ့ရာ သုဝဏ္ဏဘူမိကိုဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ၁၈၈၁-ခုနှစ်တွင် ကွင်းဆင်းခဲ့၏။ ၎င်းအစီရင်ခံစာ (Note on The Early History and Geography of Birtish Burma Mission To Suvannabhumi) တွင် ဘီးလင်းနယ်ကေလာသတောင်ခြေမှ တိုက်ကုလားမြို့ဟောင်းကို ဦးစွာဖော်ပြထားပါသည်။



ဝင်းက ကုမာရစေတီ(မူလပုံ)

ဖော်ခမ်းမားသည် ပါဠိစာပေ၊ ပါရဂူတစ်ဦးဖြစ်သည့်အားလျော်စွာ ကလျာဏီသိမ်ကျောက်စာ၊ ပါဠိဘာသာကို နိုင်နင်းစွာဖတ်ရှုနိုင်ပေသည်။ ၎င်းကျောက်စာကြောင်းရေ (၁၂) မှ (၁၅) အထိဖော်ပြထားသော အောက်ပါအကြောင်း အရာတို့က ဖော်ခမ်းမားအား တိုက်ကုလားမြို့ဟောင်းကိုရှာဖွေရန် လမ်းညွှန်ခဲ့ပေသည်။

၁၂။ . . . တတိယသင်္ဂါယနာတင်ပြီးသောအဆုံး၌ မောဂ္ဂလိပုတ္တတိဿမထေရ်သည် အနာဂတ်ကာလ တွင်သာသနာတော်သည် ပစ္စန္တရစ်အရပ်တို့၌တည်လတ္တံ့ဟု သိတော်မူ၍သာသနာတည်စိမ့်သောငှါ မဇ္ဈန္တိကမထေရ်အစရှိသော ထိုထိုမထေရ်တို့ကို ထိုထိုအရပ်တို့သို့စေလွှတ်၏။ ထိုမထေရ်တို့တွင် မဟာမဟိန္ဒမထေရ်ကို သီဟိုဠ်ကျွန်း၌ သာသနာတည်စိမ့်သောငှာစေလွှတ်၏။

၁၃။ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိတိုင်းဟုဆိုအပ်သော ရာမညမည်သောအရပ်၌ သာသနာတည်စိမ့်သောငှါစေလွှတ်၏။ ထိုမထေရ်နှစ်ပါးရောက်သောအချိန်တွင် သုဝဏ္ဏဘူမိတိုင်း၌ သီရိမာသောကမည်သောမင်းသည် မင်းပြု၏။

၁၄။ ထိုမင်း၏နေပြည်တော်သည် ကေလာသတောင်စေတီ၏ အနောက်မြောက်ထောင့်၌ဖြစ်၏။ မြို့တစ်ဝက် အရှေ့ပိုင်းသည် တောင်ပေါ်၌ရှိ၍ အနောက်ထက်ဝက်အပိုင်းသည် မြေညီ၌ဖြစ်၏။

၁၅။ ထိုမြို့သည် တင်လဲချက်သောဂေါဠလူမျိုးတို့၏ အိမ်တို့ကဲ့သို့ မြေကျည်သောအိမ်များသောကြောင့် နှောင်းလူတို့သည် တိုက်ကုလားမြို့ဟုခေါ်ကြကုန်၏။



*ဝင်းက ကုမာရစေတီ (ပြုပြင်ပြီးပုံ)*

ဤအညွှန်းကျောက်စာသည် ၁၅-ရာစုနှစ် ကုန်ဆုံးချိန်လောက်ကျမှ ရေးထိုးထားခဲ့သည်မှန်သော်လည်း ၎င်းကျောက်စာထဲတွင် “သုဝဏ္ဏဘူမိ” “ရာမညဒေသ”၊ ကေလာသပဗ္ဗတနှင့် ဂေါဠမတ္တိကနာဂရစသော ပထဝီဝင်နေရာဌာနအမည်များပါဝင်နေပါသည်။ ဤကျောက်စာတွင် သောဏနှင့်ဥတ္တရတို့ ဆိုက်ရောက်ခဲ့သည့်နေရာကို တိတိကျကျညွှန်ပြထားသည်ဖြစ်သောကြောင့် ဖော်ခမ်းမားအတွက် သုသဏ္ဏဘူမိမြို့ဟောင်းကြီးကို သွားရောက်ရှာဖွေဖော်ထုတ်ရန်အခက်အခဲသိပ်မရှိတော့ပေ။

**ကေလာသစေတီ**

ဖော်ခမ်းမားသည် ကေလာသတောင်ခြေရင်းအရက်သမရွာ၊ ဝင်းကရွာ၊ တောင်ကြီးရွာနှင့် ကင်းရွာတို့တစ်လျှောက်ရှိ တိုက်ကုလားမြို့ဟောင်းကို မိမိတွေ့ခဲ့ရကြောင်း အစီရင်ခံခဲ့သည်။ ၎င်း၏အစီရင်ခံစာတွင်

> “ယခုကာလပင်လယ်ကမ်းခြေမှ ၁၂ မိုင်ခန့်အကွာ ကုန်းတွင်းပိုင်း၌လည်းကောင်း၊ သထုံမြို့မှ အနောက်မြောက် ၂၂ မိုင်အကွာ၌လည်းကောင်း။ ကေလာသတောင်ဟုခေါ်သော တောင်တန်း သည်ရှိ၏။ အလယ်ဗဟို၊ အမြင့်ဆုံးတောင်ထိပ် (လတ္တီတွဒ် ၁၇ ဒီဂရီ ၂ မိနစ်၊ လောင်ဂျီတွတ် ၉၇ ဒီဂရီ ၂ မိနစ်) ကို ကေလာသတောင်ထိပ်ဟုခေါ်၏။

ဟူ၍ဖော်ပြသည်။

၎င်းဆိုက်ရောက်သည့်အခါက ကေလာသတောင်စောင်းမှာ ချောက်ကမ်းပါးယံရှိပြီး၊ အနောက်တောင်ဘက်စောင်းမှာ သစ်တောကြီးထူထပ်စွာ ဖုံးအုပ်လျက်ရှိကြောင်း၊ တောင်ခြေမြေပြန့်မှာ တဆက်တည်းညီညာစွာဖြင့် ပင်လယ်ကမ်းစပ်၊ စစ်တောင်းမြစ်ဝသို့ရောက်ကြောင်းဖော်ပြပါသည်။

တောင်ထိပ်ရှိကေလာသစေတီမှာ ကျောက်စာထဲပါသော ကေလာသပဗ္ဗတစေတီပင်ဖြစ်၍၊ မိမိဆိုက်ရောက်စဉ် (၁ဂဂ၁-ခုနှစ်) ၌ အသစ်မွမ်းမံပြုပြင်ထားပြီးဖြစ်သည်။ မွန်တို့ဒေသကျိုက္ကသာ၊ စစ်တောင်း၊ သိမ်ဇရပ်၊ သထုံ၊ အရက်သည်မ၊ ရွှေဂူကြီး (ပဲခူး) တို့ရှိစေတီများကဲ့သို့မြေမီးဖုတ်အုတ်နှင့် ဂဝံအုတ်ချပ်များဖြင့်တည်ထားသည်။ စေတီ၏ ပုံသဏ္ဍာန်မှာ ပစ္စယာသုံးဆင့်ပါရှိ၍ အလယ်တွင်နတ်လမ်းများထားရှိသည့် ပုံစံမျိုးဖြစ်သည်ဟု ဖော်ပြသည်။

ဓမ္မစေတီမင်းလက်ထက်တွင် ကေလာသစေတီကို ပြုပြင်မွမ်းမံခဲ့ဖူးကြောင်း ကမ္ဗည်းမော်ကွန်းကျောက်စာ (အမြင့် ၁၀ပေ၊ ဗျက် ၃ပေအရွယ် နှစ်ပိုင်းကျိုးပဲ့နေသည်)ကိုလည်း မိမိတွေ့ခဲ့ရသည်ဆို၏။

**ကေလာသဝိဟာရ ကျောင်းတော်**

ဖော်ခမ်းမားသည် တောင်ထိပ်မှလှေကားထစ်လမ်းအတိုင်းဆင်းသက်ခဲ့၏။ လူသွားလမ်းသည် မြေညီမြေပြန့် တစ်နေရာသို့ ရှေ့ရှု၍သွားနေသည်။ ထိုမြေပြန့်နေရာမှာ တစ်ချိန်တစ်ခါက "ကေလာသဝိဟာရ" ကျောင်းတော်ကြီး နေရာဖြစ်မည်ဟု ခန့်မှန်းသည်။ ယင်းကေလာသဝိဟာရကျောင်းတော်သည် သီဟိုဠ်ကျွန်း မှမဟာဝိဟာရ ကျောင်းတော်ကြီးကဲ့သို့ပင် သုဝဏ္ဏဘူမိမှာလည်း အမည်ထင်ရှားကျော်ကြားနေခဲ့သော သာသနာ့နယ်မြေတစ်ခုပင်ဖြစ်ခဲ့ ကြောင်း၊ ဤကျောင်းတော်ကြီးစတင် တည်ထောင်ပုံမှာ သောဏနှင့်ဥတ္တရမထေရ်တို့ ကြွရောက်တော်မူလာခြင်းနှင့် ဆက်စပ်မှုရှိကြောင်း၊ ၎င်းအပြင်မွန်တို့၏ အစဉ်အလာဆိုစကားအရ ဗုဒ္ဓဃောသအရှင်သူမြတ်သည်လည်း ရာမည ဒေသသို့ဆိုက်ရောက်ခဲ့ပြီးနောက် ဤသာသနာနယ်မြေမှာပင် သီတင်းသုံးနေထိုင်ခဲ့သည်ဟု အဆိုရှိကြောင်း အစီရင်ခံစာ တင်ပြထားပါသည်။ ဤအကြောင်းအရာ များနှင့်ပတ်သက်၍ မဟာဝံသကျမ်းစာမျက်နှာ ၁၇၂ တွင်


သူရိယဂုတ္တော မဟာထေရော
ကေလာသမဟာဝိဟာရတော
ဆန္နဝတိသဟဿနိ ဘိက္ခူ
အာဒါယ အာဂမာ။ ဟူ၍ဖော်ပြထားသည်ဟုဆို၏။

အေဒီ ၃၂၈-ခုနှစ်၌ သီဟိုဠ်ကျွန်း မဟာထူပါစေတီကြီး ဌာပနာပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံရပ်ခြားမှ သံဃာတော်များကို (ကျောင်းကုန်) ပင့်ဖိတ်သည့်အခါ ကေလာသဝိဟာရကျောင်းမှ ရဟန်းတော်များ လည်းကြွရောက်ကာ ချီးမြှင့်ခဲ့ကြသည် ဟုဖော်ပြထားခြင်းဖြစ်သည်။ ၎င်းမဟာဝံသကျမ်း၌တွေ့ရသည့် ကေလာသဝိဟာရ ကျောင်းနေရာကို ယခုအချိန်အထိရှာမတွေ့ခဲ့ရသေးကြောင်း၊ ၎င်းသီဟိုဠ်ရာဇဝင်မှ ကေလာသဝိဟာရ ကျောင်းတော်ကြီး နေရာမှာ ယခုတွေ့မြင်ရသော ကေလာသတောင်ပေါ်မှ ကျောင်းတော်ကြီးပင်ဖြစ်မည်ဟု မိမိယူဆကြောင်း ဖော်ပြ ထားပါသည်။

ကေလာသဝိဟာရကျောင်းတော်ကြီးနေရာမှ ရောက်သည့်အခါ လူသွားလမ်းသည် အနောက်မြောက်ဘက် ဆီသို့ ဆက်လက်ဆင်းသွားပြီး တောင်ခြေရင်းရှိအယက်သည်မရွာနှင့် ကင်းရွာတို့အကြား (ဝင်းကရွာ)သို့ ဆိုက်ရောက် သည်ဟုဆိုပါသည်။ ထိုနေရာတွင် တောင်တန်းသည်အလယ်ဗဟိုတောင်ထွတ်မှ တဖြည်းဖြည်းနိမ့်ဆင်းသွားပြီး၊ နောက် ဆုံးတောင်စွယ်နှစ်ခုကွဲသွားကာ မြေပြန့်သို့ဆင်းသည်။ ၎င်းအနောက်ဘက် တောင်ခြေတစ်လျှောက်ရှိ အယက်သ မရွာနှင့် ၎င်းအနီးကင်းရွာတို့မှာ ယခင်ကတိုက်ကုလားမြို့ဟု ခေါ်သောမြို့ဟောင်းပင် ဖြစ်သည်ဟုဆိုပါသည်။ ယခု ပင်လယ်ကမ်းခြေသည် အနောက်သို့ ၁၂ မိုင်ခန့် အကွာ အလှမ်းဝေးနေသေးသော်လည်း ၁၆ ရာစုနှစ်နှင့် ၁၇ ရာစုနှစ် များကအရေးပါသော ပင်လယ်ဆိပ်ကမ်းတစ်နေရာဖြစ်ခဲ့ကြောင်း သိသာထင်ရှားသည်ဟုလည်းဆိုပါသည်။

ဖော်ခမ်းမားသည် ကေလာသတောင်ခြေမှ၎င်းတွေ့ခဲ့ရသော သုဝဏ္ဏဘူမိမြို့ဟောင်းနေရာ၏ မြင်ကွင်းကို ဤသို့ဆက်လက်၍ ဖော်ပြပါသည်။

တောင်တန်း၏အရှေ့ဘက်နှင့် အနောက်ဘက်တောင်စောင်းနေရာတို့တွင် အကြီးအကျယ်ယိုယွင်းပျက်စီး နေသော အပျက်အစီးများနှင့် ဖုံးလွှမ်းနေလျက်ရှိ၏။ ၎င်းအပျက်အစီးများသည် တောင်ခြေရင်းအထိ




*ကေလာသတောင် ကောင်းကင်ဓာတ်ပုံ*

ရောက်ပါသည်။ ထိုအပြင်အနောက်နှင့် အရှေ့တောင်ခြေမှ အယက်သည်မရွာ၏ နောက်ကြောနှင့် ကင်းရွာမရောက်မီလမ်းခွတ်လပ်အထိ နေရာများဆီသို့ ပျံ့နှံ့လျက်တည်ရှိနေ၏။

... ဤကဲ့သို့ အယက်သည်မရွာမှ ကင်းရွာအကြား ကွင်းကျန်ရစ်သော အပျက်အစီးများမှာ (ကလျာဏီ သိမ်ကျောက်စာ၌ ဖော်ပြထားသော) ဂေါဠမတ္တိကနဂရမြို့ဟောင်းကြီးပင်ဖြစ်ရမည်မှာ သံသယရှိစရာ မလိုပေ။

ဖော်ချမ်းမားသည် မိမိတွေ့ခဲ့ရသည့်အချက်ပေါ်မူတည်၍ ကောက်ချက်နှစ်ခုတင်ပြထား၏။ ၎င်းတို့မှာ

(၁) သောဏနှင့်ဥတ္တရတို့ ဆိုက်ရောက်ရာနေရာမှာ သထုံမဟုတ်၊ သထုံမှ ၂၂ မိုင်အကွာ အဝေးတွင်ရှိသော တစ်ခါကပင်လယ်ဆိပ်ကမ်းဖြစ်ခဲ့သည့် ဂေါဠမတ္တိကနဂရသာဖြစ် သည်။

(၂) အနောက်တိုင်းသားတို့ကို “ကုလား” ဟု ခေါ်ကြသော ဝေါဟာရစကား၏ ရင်းမြစ် အဓိပ္ပါယ်ကို ဤတိုက်ကုလားမြို့အမည်မှ သဲလွန်စရခဲ့သည်။

ဟူသည့်အချက်များပင်ဖြစ်ကြပါသည်။ သို့ဖြစ်၍သုဓမ္မပူရအမည်မှရွေ့လျောလာသော သထုံသည် သောဏ၊ ဥတ္တရတို့ ဆိုက်ရောက်လာသည့် နေရာဟုဂုဏ်ယူဝင့်ကြွားရမည့် နေရာမဟုတ်သည့်ပြင်၊ မြန်မာနိုင်ငံဗုဒ္ဓဘာသာ စတင်ထွန်း ကားရာအရပ်ဟူ၍လည်း မဆိုနိုင်ကြောင်းကောက်ချက်ချထားခဲ့ပါသည်။

သထုံမြို့နှင့်ပတ်သက်၍ ဖော်ခမ်းမားက သထုံနှင့်၎င်းအနီးဝန်းကျင်မှတွေ့ရသော ရှေးမြို့ဟောင်း အပျက်အစီးများ၊ ရုပ်လုံးရုပ်တုများနှင့် ကျောက်စာများသည် ခရစ်နှစ် ၃-ရာစုနှစ်မှ ၄-ရာစုနှစ်ခန့်အထိသာ ရှေးကျနိုင်ကြောင်း၊ ၎င်းအထောက်အထားများသည် ဂေါဋ္ဌမတ္တိကနဂရ (တိုက်ကုလား)မှဆင်းသက်လာသော မူရင်းမူလယဉ်ကျေးမှုမဟုတ်ကြောင်း၊ သထုံတွင်တွေ့ရသော ပစ္စယာဆင့်များများနှင့် စေတီများ၊ ဗိဿနိုးနတ်ရုပ်တုပုံ၊ ဗြဟ္မာ၊ ဗိဿနိုးနှင့် သီဝနတ်ဘုရားသုံးဆူပါသော ထင်ရှားလှသည့် (Trimurti) ရုပ်တုနှင့် သထုံကျောက်စာများမှ အက္ခရာအရေးအသားတို့သည် အိန္ဒိယတောင်ပိုင်းက မူရင်း၊ လူ့ယဉ် ကျေးမှုဖြစ်ကြောင်း ဖော်ပြလျက်ရှိကြောင်း၊ စာပေအက္ခရာ အရေးအသားသည် တေလဂူကနာရီ (Telugu-Canarese) အက္ခရာအရေးအသားပင်ဖြစ်ပြီး အစောဆုံးပုံစံမျိုးဖြစ်ကြောင်း၊ ၎င်းတို့သည် ၄-ရာစုနှစ်ဗင်ဂီ (Vengi) ဒေသမှဆင်းသက်လာဟန်တူကြောင်း၊ ထို့ကြောင့် သထုံကိုအိန္ဒိယယဉ်ကျေးမှုရောက်လာသည်မှာ အခြားသောဒေသစွဲတစ်ခုခုမှဖြစ်နိုင်ကြောင်း၊ အိန္ဒိယတောင်ပိုင်းအရှေ့ဘက်ကမ်းခြေရှိ(ကလိင်္ဂ) စာလုကျမင်းဆက် (Kalinga Câlukya dynashy) တို့ အုပ်စိုးရာဒေသဖြစ်ဖွယ်ရှိကြောင်း၊ သို့သော်သထုံအစောပိုင်းသမိုင်းအတွက် ယခုထက်ပို၍လေ့လာကြရဦးမှာဖြစ်ကြောင်းတင်ပြထား၏။

ဖော်ခမ်းမားသည် တိုက်ကုလားခေါ်ဂေါဋ္ဌမတ္တိကနဂရမြို့သည် ယခုအိန္ဒိယနိုင်ငံဘင်္ဂလားနယ် အလယ်ဗဟိုချက်ဝင်ဂ (Wanga) မှ ဩရိဿပြည်နယ်စပ်အထိဖြန့်ကျက်ထားသော ဂေါ်ခရိုင် (district of Gour) ဒေသသားတို့၏ ကိုလိုနီတစ်ခုဖြစ်ပြီး၊ သထုံမှာမူ အိန္ဒိယအရှေ့တောင်ပိုင်းကမ်းခြေရှိ ကလိင်္ဂဒေသမှလာရောက်ထူထောင်သော ကိုလိုနီဖြစ်မည်ဟုယူဆပါသည်။

**မနဿီဟကျောက်ရုပ်**

ဖော်ချမ်းမား၏အစီရင်ခံစာတွင် စိတ်ဝင်စားဖွယ်အကြောင်းမှာ ကလျာဏီကျောက်စာ၌ ရည်ညွှန်းပါရှိသော (မနဿီဟ) ကျောက်ရုပ်ကို တွေ့ရကြောင်းပင်ဖြစ်၏။ ၎င်းသည် ကုမာရစေတီ၏တောင်ဘက် ရေကန်ငယ်တစ်ခုအနီးတွင် မြေထဲ၌တစ်ပိုင်း နစ်မြုပ်လျက်ရှိသည်ဆို၏။ အလွန်ကြီးမားသော ကျောက်တုံးကို ထူးထွေဆန်းပြားစွာ မမြင်စဖူးသတ္တဝါတစ်ကောင်ပုံ ထုဆစ်ထားသည်ဟုဆို၏။



*ကေလာသတောင်ပေါ်စေတီ ပစ္စယာမှ မနုဿီဟရုပ်တု*

# တော်စိန်ခိုင်၏ သုဝဏ္ဏဘူမိခရီးစဉ်

ပဲခူးကလျာဏီသိမ်ကျောက်စာအညွှန်းအတိုင်း ဖော်ခမ်းမားကဲ့သို့ပင် သုဝဏ္ဏဘူမိကို ခြေရာခံလိုက်ခဲ့သူမှာ မစ္စတာတော်စိန်ခိုင်ဖြစ်ပါသည်။ ၁၇၉၁-ခုနှစ်ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မှ (ထိုစဉ်ကခရီးစဉ်အတိုင်း) မော်လမြိုင်သို့ ခရီးစတင်ထွက်ခဲ့ရာ စက်လှေဖြင့်ကျိုက္ခမီသို့ဦးစွာသွားရ၏။ ကျိုက္ခမီမှ မော်လမြိုင်သို့ခရီးဆက်သည့်အခါ ဝါဂရူမြို့ဟောင်းကို ခေတ္တဝင်ကြည့်ဖြစ်ခဲ့သည်။ ထိုအခါ ကျိုက္ခမီနှင့် သံဖြူဇရပ်ကို ပြည်သူ့လုပ်ငန်းဌာန (Public Work Department, P.W.D) က လမ်းခင်းနေချိန်နှင့် ကြုံကြိုက်နေ၏။ လမ်းခင်းကျောက်ကို ဝါဂရူမြို့ဟောင်းမြို့ရိုးမှ ဂဝံအုတ်ချပ်များထုတ်ယူ သုံးစွဲလျက်ရှိကြောင်းကိုလည်း တွေ့ခဲ့ရသည်ဆို၏။

မော်လမြိုင်သို့ရောက်လျှင် ဖားကပ်သို့ခရီးဆက်ပါသည်။ ဒီဇင်ဘာလ (၁) ရက်နေ့၌ ဖားကပ်သို့ရောက်သည့်အခါ ဖားကပ်အနီးမှ ကျောက်လိုဏ်ဂူများတွင် ရှေးဟောင်းပေစာများ သတင်းရကြောင်း ဖော်ခမ်းမားကမိန့်ကြားဖူးသဖြင့် ၎င်းဂူများသို့သွားရောက်ခဲ့သည်။ အချိန်မရ၍ကော့ဂွန်းဂူနှင့် ဖားကပ်ဂူတို့ကိုသာကြည့်ခဲ့ရ၏။ ထို့နောက် ဒီဇင်ဘာ (၁၄)တွင် ကော့ကရိတ်သို့သွားသည်။ ထိုမှရန်ကုန်သို့ ပညာရေးဌာနကိစ္စဖြင့် ဒီဇင်ဘာ(၁၉)ရက်နေ့ ပြန်လာခဲ့သည်။ ပြီးနောက် ဒီဇင်ဘာ(၂၆)ရက်နေ့တွင် မော်လမြိုင်သို့ ထပ်မံခရီးထွက်ခဲ့ပြန်ရာ ထိုမှတစ်ဆင့် ဒီဇင်ဘာလ(၂၈ )ရက်နေ့တွင် သထုံမြို့သို့ ဆိုက်ရောက်ခဲ့သည်။



သထုံနန်းတော်ကုန်းကို ဦးစွာစစ်ဆေးသည့်အခါ ဗြိတိသျှအစိုးရက သထုံကိုစတင်ထူတောင်သည့် (၂၅) ပြည့် ငွေရတုအထိမ်းအမှတ် ရေပန်း (Jubilee Memorial Fountain) ကို နန်းတော်ကုန်းပေါ်၌ တည်ထားသည်ကို တွေ့ခဲ့ရ၏။ မြို့ဟောင်းအရှေ့ဘက်က သိဂ်နိက်တောင်တန်းမှ စီးဆင်းလာသောစမ်းချောင်းတွင် မိုးအခါလူအများ ရွှေကျင်သည့် လုပ်ငန်းရှိကြောင်း စုံစမ်းသိရှိရ၏။ ရှေးဟောင်းမွန်ကျောက်စာငါးချပ်ကို ရွှေစာရံစေတီဝင်းမှလေးချပ်၊ ညောင်ဝိုင်းရပ်ကွက် ညောင်ပင်ကြီးအောက်မှတစ်ချပ်တွေ့ရသည်။ ရွှေစာရံစေတီဝင်းထဲတွင် အဆောက်အအုံကြီးသုံးခုမှာ အနော်ရထာမင်းက အေဒီ ၁၀၅၇ ခုနှစ်တွင် ဆင်ငါးစီးပေါ်တင်၍ ပုဂံသို့ဆောင်ယူသွားခဲ့သော ပိဋကတ်တော်များကို သိုမှီးထားခဲ့ရာ ပိဋကတ်တိုက်များဖြစ်ကြောင်းသိရသည်။

သိကြားဘုရားမှ မုခ်ကပ်များတွင် ထည့်သွင်းထားသော မြေမီးဖုတ်ရုပ်ကြွများကို တော်စိန်ခိုသည် များစွာ စိတ်ဝင်းစားခဲ့ပေသည်။ ရုပ်ကြွချပ်အများစုမှာ ပျောက်ဆုံးသွားပြီဖြစ်သော်လည်း ကြွင်းကျန်၏ သမျှကို လေ့လာကြည့်အခါ

> “ဤရုပ်ကြွပုံချပ်များကို ပြုလုပ်သူတို့သည် မည်သည့်လူမျိုးမှန်းမသိရသော်လည်း ဟိန္ဒူဗြဟ္မဏဝါကို သက်ဝင်ယုံကြည်ရသူများဖြစ်ကြောင်း သံသယရှိစရာမလိုပေ။ ယဉ်ကျေးမှုရှိပြီး သူများလည်းဖြစ်ကြပါသည်။ ရုပ်ပုံများတွင် သုံးခွမိုန်း (တြိသူလ) ကိုင်ထားသော သီဝနတ်မင်းပုံသည် အပေါ်လွင်ဆုံးဖြစ်၏။ အမျိုးသမီးများက သူတို့ဆံပင်ကို ဦးခေါင်းနောက်ဘက်တွင် ဆံထုံးကြီးကြီးထုံးဖွဲ့ကြသည်။ သူတို့အသွင်အပြင်မှာ မွန်ဂိုလ်ွိုက်ဆန်သည်။

ဟူ၍ အကဲဖြတ်ပါသည်။

ခရိုင်ဝန်ရုံးသို့ရောက်သွားသောအခါ ရန်ကုန်မြို့ဖယ်ရာပြတိုက်သို့ ပို့ပေးရန်ပြင်ဆင်နေသော ကျောက်ဆစ်ရုပ်ကြွ သုံးချပ်ကိုတွေ့ရသည်။ ဗိဿနိုးနတ်မင်းကို ကိုယ်စားပြုထားသည့် ရုပ်တုများပင်ဖြစ်ကြ၏။ ထိုမှတစ်ဆင့်မြို့ဟောင်း တောင်ဘက်က သထုံမြို့ဘိုးဘိုးကြီးနတ်စင်သို့ရောက်သွားပြီး တော်စိန်ခို၏သထုံမြို့လေ့လာရေးခရီး ပြီးဆုံးသွားခဲ့ပါသည်။

*သထုံမြို့ဟောင်းမှ တွေ့ရသော ဗိဿနိုးနတ်မင်းကိုယ်စားပြု ကျောက်ဆစ်ရုပ်တုများ*



*သထုံမြို့ဟောင်းမှ တွေ့ရသော ဝိဿနိုးနတ်မင်းကိုယ်စားပြု ကျောက်ဆစ်ရုပ်တု*

ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ဘီးလင်းမြို့မှ ၇ မိုင်ခန့်အကွာရှိ ကုသိနာရုံတောင်ပေါ်သို့ မစ္စတော်စိန်နိ သွားရောက်ခဲ့၏။ တောင်ထိပ်တွင် ကျောက်သပိတ်တစ်လုံးကို ဦးတိုက်လျက် လက်အုပ်ချီကာ လဲလျောင်းနေသော အရှင်သောဏနှင့် ဥတ္တရကိုယ်တော်ရုပ်တုနှစ်ခုကိုတွေ့သည်။ ကျောက်သပိတ်တော်မှာ ဆံတော်ကိုထည့်သွင်းဌာပနာ ထားသည်ဟုသိရသည်ဆို၏။ ရုပ်တုတော်တို့ပတ်လည်တွင် ရဟန္တာရုပ်တုများကို ဝန်းရံလျက်ထားရာ တုတ်တုတ် ခိုင်ခိုင်ပြည့်ဖြိုးသော ကိုယ်တော်များဖြစ်သည်။ နှာဖူးကျယ်ပြီး မို့မောက်နေသည်။ နှာခေါင်းတော်ကြီး၍ရှည်သည်၊ နှုတ်ခမ်းထူသည်ဟုဆို၏။ ရင်ပြင်တော်၏ ထောင့်လေးထောင့်တို့၌ မနုသီဟဟုခေါ်သော ထူးထူးဆန်းဆန်းတိရိစ္ဆာန် ရုပ်တုများကို တွေ့ရသည်ဟုဆိုပါသည်။ ဤရုပ်တုများမှာ ကလျာဏီကျောက်စာတွင် ဖော်ပြထားသော လူသားစားဘီလူး တို့ကို ခြောက်လှန့်မောင်းနှင်ထုတ်ခဲ့သည့် လူတစ်ပိုင်းခြင်္သေ့တစ်ပိုင်းရုပ်တုများပင်ဖြစ်နိုင်ကြောင်းအစီရင်ခံခဲ့သည်။

ဇန်နဝါရီ (၁) ရက်နေ့တွင် ဘီးလင်းမှ (၆) မိုင်အကွာရှိ ဇုတ်သုတ်ရွာကျိုက်ထီးဆောင်းဘုရားသို့ ရောက်သည်။ စေတီ၏ဘီနပ်တော်မှာ ဂဝံအုတ်ကြီးများဖြင့်တည်ထား၍ ရုပ်တုတော်များ၊ ကျောက်ထီး၊ ကျောက်သပိတ်၊ စသော လှူဖွယ်ဝတ္ထုများကိုလည်း ဂဝံကျောက်ဖြင့်သာ လက်ရာမြောက်စွာထုဆစ်ထားသည်။ ၎င်းစေတီအနီးမှာပင် ဂဝံကျောက်ပြားကြီးများကို ဖောင်းကြွရုပ်ထုလျက် အလျားပေ ၄၅၀ ခန့်အရှည်မြေမြှုပ်ရိုး၌ ကပ်စီထားသည် အမြင့် ၁၂ ပေခန့်ရှိသည်။ ၎င်းတို့ကို ဆင်တပ်မြင်းတပ်ဟုခေါ်ကြသည်။ အရုပ်များမှာ ခြင်္သေ့နှင့်ဆင်ပုံတို့ဖြစ်ကြ၍ ၎င်းတို့ အကြားတွင် နတ်ရုပ်များကို အကန့်ခြားထားသည်ဟုဆိုပါသည်။

ဇန်နဝါရီလ (၂) ရက်နေ့တွင် မစ္စတာတော်စိန်နိသည် ကေလာသတောင်ပေါ်စေတီသို့ရောက်ခဲ့၏။ ကေလာသ ရသေ့ကြီးအား မြတ်စွာဘုရားပေးသနားခဲ့သော ဆံတော်ကိုဌာပနာထားသည်ဟုဆိုသော ထိုစေတီမှာအသစ်မွမ်းမံ ထားပြီးဖြစ်သည်။ ရင်ပြင်တွင် ဓမ္မစေတီမင်း၏ ကျောက်စာနှစ်ချပ်တွေ့ရသည်။ ပင်လယ်ဘက်သို့ မျက်နှာမူလျက်ထားသော မနုသီဟရုပ်တုကိုလည်း ရင်ပြင်ထောင့်နေရာ၌ တွေ့ရသည်ဟုဆို၏။

ထိုနေ့မှာပင် လေးမိုင်ခရီးခန့်ရှိသည့် အယက်သည်မရွာသို့ ရောက်သွားခဲ့သည်။ ဒေါက်တာဖော်ချမ်းမား၏ အစီရင်ခံစာထဲတွင် ဖော်ပြထားသည့်အတိုင်း ဂေါဋ္ဌမတ္တိကနဂရ၊ တိုက်ကုလားမြို့ဟောင်းနေရာပင်ဖြစ်ကြောင်း၊ အယက်သည်မရွာမှ ကျောက်စာတစ်ချပ်ကို ရန်ကုန်မြို့ဖယ်ယာပြတိုက်သို့ လွန်ခဲ့သော(၈)နှစ်ခန့်က ရွှေ့ပြောင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်ဟုဆို၏။ ၎င်းအယက်သည်မရွာတွင် မြို့ရိုးဟောင်း ကျုံးဟောင်းနေရာများကို မိမိတွေ့ရှိရပါသည်ဟူ၍လည်း မစ္စတာတော်စိန်ခိုက အစီရင်ခံထားသည်။ ၎င်းအစီရင်ခံချက်တွင် မှတ်သားစရာတစ်ခုမှာ ဖော်ခမ်းမားရောက်ခဲ့သည့် အချိန် (၁၈၈၁-ခုနှစ်)က ပင်လယ်နှင့် ၁၂ မိုင်ခန့်ဝေးကွာနေသေးသော တောင်အနောက်ဘက်မြေပြန့်ပိုင်းမှာ တော်စိန်ခို ရောက်သွားသည့်အချိန် (၁၇၉၂-ခုနှစ်)တွင် ပင်လယ်ရေဝင်ရောက်တိုက်စားသဖြင့်ကမ်းပြိုနေပါသည်။ စပါးစိုက် ပျိုးရေးကြောင့် ချမ်းသာနေသောရွာအချို့လည်း ရေထဲပါကုန်ကြပြီဖြစ်ကြောင်း တွေ့ရသည်ဟုဆိုပါသည်။

မစ္စတာတော်စိန်ခိုသည် ဇန္နဝါရီလ(၃) ရက်နေ့ညနေပိုင်းတွင် ပဲခူးသို့ကူးသွားပြီး ဇန္နဝါရီလ (၅) ရက်နေ့အထိ ကွင်းဆင်းသည်။ ကလျာဏီသိမ်၊ မဟာစေတီ၊ ရသေ့မြို့၊ ကျိုက်ပွန်နှင့် ရွှေဂူကြီးတို့ကို ဦးစွာသွား၍ ကျောက်စာချပ်များ စုဆောင်းရသည်။ ရွှေဂူကလေး၊ ရွှေနံ့သာဘုရားများသို့လည်း ရောက်ခဲ့သည်။ ဇန္နဝါရီ ၁၅ ရက်နေ့တွင် ပဲခူးမြို့အရှေ့ဘက်ရှိ ရွှေမော်ဓော၊ ဟသ်ာကုန်း၊ ရွှေအောင်ရိုးဘုရားများနှင့် ဇေတုဝတီမြို့ဟောင်းတို့ကိုရောက်ခဲ့သည်။ ပဲခူးမြို့ဟောင်းကို လေ့လာသည့်အခါ ဤမြို့ကြီးနန်းတော်နေရာတွင် ဟံသာဝတီဆင်ဖြူများရှင်၊ ရာဇာဓိရာဇ်နှင့် ဓမ္မစေတီမင်းတို့စံမြန်း ခဲ့ကြသည်။ မြို့ရိုးနှစ်ထပ်နှင့် ကျုံးတို့ကိုလည်း အခြေအနေကောင်းစွာဖြင့် မြင်ရသည်ဟုဆိုပါသည်။

တော်စိန်ခိုသည် ၎င်း၏ရာမညဒေသခရီးစဉ်တစ်ခုလုံးကို ခြုံငုံသုံးသပ်သည့်အခါ တွေ့ရှိရသော ကျောက်စာချပ် များကို ရှေးဟောင်းသုတေသနတန်ဖိုးကြီးမားသည့်အတွက် ရန်ကုန်မြို့ဖယ်ယာပြတိုက်သို့ ရွှေပြောင်းထားရန် အကြံပြု ထား၏။ ပေစာအထောက်အထားအလွန်ရှားပါးကြောင်း၊ ရှေးဟောင်းဘာသာရေးအဆောက်အအုံများကို ပြန်လည်မွမ်းမံ ထား၍ ခေတ်သစ်ပုံစံပေါက်နေကြောင်း ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ စေတီများနှင့်ဂူသင်္ချိုင်းများကဲ့သို့ အဆောက်အအုံတစ်ခုတစ်လေမျှ မတွေ့ခဲ့ရပဲ၊ အသောကခေတ်ရေးအက္ခရာမျိုးဖြင့် မှတ်တမ်းတင်ထားသော ကျောက်စာ၊ ကမ္ပည်းစာ စသည်တို့ကိုလည်း မိမိမတွေ့ခဲ့ရကြောင်း အစီရင်ခံထား၏။ ဤကဲ့သို့ ရှေးဟောင်းအထောက်အထား မျိုးကို ရာမညဒေသမှာရော၊ မြန်မာဘုရင်များ (သထုံကို) အောင်နိုင်ပြီး သယ်ယူသွားသည်ဆိုသော ပုဂံမှာရော မိမိ မတွေ့ရဘူးသဖြင့် သောဏနှင့်ဥတ္တရတို့၊ တတိယသင်္ဂါယနာတင်ပွဲအပြီးတွင် သာသနာပြုရန်ကြွရောက်လာခဲ့သည် ဆိုသော မဟာဝံသကျမ်းနှင့်အခြားဗုဒ္ဓဘာသာကျမ်းများမှ အဆိုအမိန့်များအပေါ် မိမိသံသယဖြစ်မိပါကြောင်း အစီရင်ခံ တင်ပြထားပါသည်။

ဖော်ခမ်းမား၏ခရီးစဉ် (၁၈၈၁-ခုနှစ်) နှင့် တော်စိန်ခိုခရီး (၁၇၉၁-၉၂ ခုနှစ်)တို့သည် ဗြိတိသျှကိုလိုနီ အစိုးရလက်ထက် အောက်မြန်မာနိုင်ငံတွင် သုဝဏ္ဏဘူမိကို မြန်မာနိုင်ငံကမ္ပည်းကျောက်စာဌာန (ရှေးဟောင်းသုတေသန ဌာန) အနေဖြင့် ဌာနဆိုင်ရာတာဝန်အရ ပထမဆုံးကြိုးပမ်းရှာဖွေခြင်းအဖြစ် မှတ်တမ်းတင်ရပါမည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနလုပ်ငန်းကို စနစ်တကျစတင်ဖွဲ့လုပ်ကိုင်သည့် ထိုအချိန်ကစ၍ သုဝဏ္ဏဘူမိသုတေသနလုပ်ငန်း ကိုလည်း စတင်ခဲ့ပြီဟုဆိုရမည်။ **ထိုပညာရှင်နှစ်ဦးတို့သည် ဘီးလင်းမြို့နယ်၊ ကေလာသတောင်ခြေရှိ တိုက်ကုလား မြို့ဟောင်းကို သုဝဏ္ဏဘူမိမြို့တော်ဟောင်းနေရာအဖြစ် တစ်ညီတစ်ညာ တည်းသတ်မှတ်ခဲ့ကြောင်းကိုလည်း တွေ့ရ၏။** သထုံ (သုဓမ္မပူရ) မြို့ကိုမူ သောဏနှင့် ဥတ္တရကို ကြွရောက် လာခဲ့သောကာလ (ဘီစီ ၃၀၇ ခုနှစ်) ထက်နောက်ကျပြီး တည်သောမြို့အဖြစ် သတ်မှတ်ခဲ့ကြပုံရှိပါသည်။ ဤသို့ဖြင့် အောက်မြန်မာနိုင်ငံမှ သုဝဏ္ဏဘူမိ သုတေသနလုပ်ငန်းမှာ အစကောင်းခဲ့သည်ဟု ဆိုနိုင်ပေသည်။ သို့သော် နောက်ထပ် နှစ်ပေါင်း(၂၀)မျှကြာသည်အထိ မည်သည့်ရှေးဟောင်းသုတေသနအရာရှိတစ်ဦးတစ်လေမျှ အောက်မြန်မာနိုင်ငံသ ထုံဒေသသို့ ခြေဦးမလှည့်နိုင်ခဲ့ကြပေ။



*ဇုတ်သုတ်ရှာ ဆင်တပ်မြင်းတပ်တံတိုင်း တောင်မှမြောက်သို့ မြင်းကွင်း ( ဂဝံကျောက်ဆစ်ရုပ်တုများ )*

မစ္စတာတော်စိန်ခိုသည် ဖော်ချမ်းမားလက်ထက်က စုဆောင်းထားခဲ့သော ကျောက်စာမင်ကူးများကို ဖတ်ရှုတည်းဖြတ်ပြီး ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများနှင့်လုံးပမ်းနေရ၏။ သူ့ထံတွင် အစိုးရပညာရေးလုပ်ငန်း၊ ဘာသာပြန်လုပ်ငန်းစသော ရှေးဟောင်းသုတေသနနှင့် မဆိုင်သည့်တာဝန်များလည်းရှိသေး၏။ ဤအတောအတွင်း ၁၉၀၁ ခုနှစ်တွင် အိန္ဒိယမဟာမင်းကြီးလော့ကာဇွန် (Lord Curzon) မြန်မာပြည်သို့ ရောက်ရှိလာခဲ့ပြီး မန္တလေးမင်းနေပြည်တော်ကို ပြုပြင်ထိန်းသိမ်းရန်တာဝန်ပေးသည်။ ၁၉၀၅ ခုနှစ်တွင် မန္တလေးပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့၏။ ၁၉၀၆ ခုနှစ် ပုဂံမြို့ဟောင်း၌ ပထမဦးစွာတူးဖော်သုတေသနလုပ်ငန်းကို စတင်ဆောင်ရွက်ရ၏။ ထိုနှစ် စက်တင်ဘာတွင် ဦးမြသည်ထိန်းသိမ်းရေး အင်ဂျင်နီယာအဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့သဖြင့် တော်စိန်ခိုအတွက် လက်ထောက်ကောင်းတစ်ယောက်တိုးလာခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် ပြင်သစ်လူမျိုးရှေးဟောင်းသုတေသနပညာရှင် ဗိုလ်ချုပ်လီယွန်ဒီဗြဲလေ (General Leon dc Beyloc) ရောက်လာခဲ့ပြီး တော်စိန်ခိုနှင့်အတူ သရေခေတ္တရာမှော်ဇာရွာတွင် စမ်းသပ်တူးဖော်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ မှော်ဇာကျောက်ကာသိမ်ပြတိုက်ကို ထိုနှစ်မှာပင် စတင်ထူထောင်ခဲ့ပါသည်။ ထိုနှစ် ဖေဖော်ဝါရီလ တွင် တော်စိန်ခိုသည် အိန္ဒိယနိုင်ငံရှေးဟောင်းသုတေသနဌာနက တူးဖော်သုတေသနပြုလုပ်လျက်ရှိသော အိန္ဒိယ မြောက်ပိုင်းတူးဖော်မှုလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို သွားရောက်လေ့လာသည်။ ဦးမြကလည်း အိန္ဒိယနိုင်ငံဆာရ်နတ် (Sarnath) (မိဂဒါဝုန်၊ ဗာရာဏသီ) တူးဖော်မှုလုပ်ငန်းများကို သွားရောက်လေ့လာဆည်းပူးခွင့်ရခဲ့သည်။ ထို့နောက် ၁၉၁၀ ခုနှစ်ရောက်သည့်အခါ သရေခေတ္တရာ၊ မှော်ဇာရွာတွင် တူးဖော်သုတေသနလုပ်ငန်းများ ထပ်မံဆောင်ရွက်ခဲ့ပါသည်။ (Than Tun, 1981, pp. 25-26)

တော်စိန်ခိုသည် သရေခေတ္တရာ (ပြည်) မြို့ဟောင်းတွင် ၁၉၁၀-၁၁ ခုနှစ် ခြောက်သွေ့ရာသီအတွင်း တူးဖော်မှုလုပ်ငန်းများဆောင်ရွက်သည့်အခါ ထူးထူးခြားခြားသုတေသနရလာဒ်တစ်ခု ရရှိခဲ့ပါသည်။ ၁၉၁၁ ခုနှစ် ဇန်နဝါရီလအတွင်း ဘောဘောကြီးဘုရားပတ်ဝန်းကျင်ကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ် အလျား ၆ လက်မ နှင့် အနံ ၃ ၁/၂ လက်မအရွယ် ကျောက်ပြားတစ်ချပ်တွေ့ရ၏။ ယင်းကျောက်ပြားများတွင် ကမ္ပည်းစာအရေးအသား ပါရှိ၏။

၎င်းကမ္ပည်းစာနှစ်ချပ်ကို မင်ကူး၍ ပြင်သစ်နိုင်ငံပဲရစ်မြို့ရှိ ပညာရှင်**ဖိနော့**ထံပေးပို့၍ ဖတ်ရှုလေ့လာစေသည့်အခါ ပါဠိဘာသာဖြင့်ရေးထားသော ဗုဒ္ဓကျမ်းစာကောက်နုတ်ချက်ဖြစ်ကြောင်း၊ လက်ရေးမှာအလွန်ရေးကျပြီး ၅ ရာစုနှစ်၊ ကဒမ္ဗလက်ရေးလက်သားဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။ ထိုဗုဒ္ဓကျမ်းစာကောက်နုတ်ချက်မှာ "ဖဿပစ္စယာ ဝေဒနာ" အစချီသည့် ဂါထာတော်တစ်ပိုဒ်ဖြစ်ကြောင်းကိုလည်းသိရ၏။ အောက်မြန်မာနိုင်ငံတွင် ပါဠိဘာသာကို သုံးစွဲနေသည့်အထောက်အထားပင်ဖြစ်ပါသည်။ တော်စိန်ခိုသည် အရှေ့တောင်အာရှကျွန်းဆွယ်ကြီးမှ အခြားဒေသတို့တွင် မဟာယာနဗုဒ္ဓဘာသာနှင့် သက္ကတဘာသာစာပေများထွန်းကားနေချိန်တွင် အောက်မြန်မာနိုင်ငံ၌ ပါဠိဘာသာစာပေ ထွန်းကားကြောင်း အထောက်အထားကိုတွေ့ရသဖြင့် များစွာစိတ်ဝင်စားခဲ့ပေသည်။ ပါဠိပိဋကတ်တော်များကို ကျောက်ပြား၊ ကြေးပြားစသည်တို့အပေါ်တွင် ရေးထိုးပြီး စေတီများတည်ထားရာ၌ ဌာပနာထည့်သည့် ဓလေ့ရှိကြောင်းကိုလည်း သိခွင့်ရခဲ့၏။ သုတ္တန်ကျမ်း၊ ဝိနည်းကျမ်းနှင့် အဘိဓမ္မာကျမ်းစာတို့အနက် ဤကျောက်ပြားကျိုးနှစ်ပိုင်းတွင် ပါသောစာသည် ဝိနည်းပိဋကတ်တော်မဟာဝဂ္ဂကျမ်းမှ ကောက်နုတ်ချက်ပင်ဖြစ်သည်။

၎င်းတူးဖော်မှုကုန်းတစ်ခုတည်းမှာပင် အလျား ၅½ လက်မနှင့် အနံ ၅ လက်မအရွယ်ရှိသော မြေမီးဖုတ်အုတ်ခွက်ဘုရားတစ်ဆူကိုလည်း ရရှိခဲ့ပါသည်။ ၎င်းနောက်ကြောဘက်တွင် အရေးအသားပါရှိ၏။ (Taw Sein Ko, 1914, Fig. 21) ၎င်းစာကို ဒေါက်တာဗလက်ဒင် (Blagdon) အားပေးပို့၍ ဖတ်ရှုစေသည့်အခါ ခရစ်နှစ် ၅ ရာစုနှင့် ၆ ရာစုနှစ်လက်ရေးဖြင့် ပျူစာဖြစ်ကြောင်းသိရသည်။ သို့ဖြစ်၍ တော်စိန်ခိုအနေဖြင့် မြန်မာ့သမိုင်းကို ခရစ်နှစ် ၆ ရာစုအထိ ရှေ့သို့တိုး၍ အတည်ပြုပေးနိုင်ခဲ့သောကြောင့် များစွာကျေနပ်သွားခဲ့လေသည် (Taw Sein Ko, 1914, p. 93)။

ပြင်သစ်လူမျိုးပညာရှင် ချားလ်စ်ဒူရွိုင်ဇယ် (Charles Duroiselle) ၁၊ ဩဂုတ်၊ ၁၉၁၂ တွင် ရှေးဟောင်းသုတေသနအစမ်းခန့်ဝန်ထမ်းတစ်ဦးဖြစ်လာ၏။ ၁၉၁၄ ခုနှစ် ဇန္နဝါရီလတွင် လက်ထောက်ကမ္ပည်းကျောက်စာဝန်ရာထူးကို ဒူရွိုင်ဇယ်လက်ခံရရှိသည်။ ၁၉၁၉ ခုနှစ်တွင် တော်စိန်ခိုအငြိမ်းစားယူ သွားသည့်အခါ ဒူရွိုင်ဇယ်သည် ကမ္ပည်းကျောင်စာဌာနတာဝန်ခံဖြစ်လာခဲ့သည်။ ၁၉၂၀ နိုဝင်ဘာလမှစ၍ ဌာနတာဝန်အပြင် ရန်ကုန်ကောလိပ် ပါဠိဘာသာ ပါမောက္ခတာဝန်ကိုလည်း ပူးတွဲထမ်းဆောင်ရ၏။ ၁၉၂၅ - ၂၆ ခုနှစ်များအတွင်း ဒူရွိုင်ဇယ်သည် သရေခေတ္တရာ မှော်ဇာရွာတွင် တူးဖော်မှုများဆောင်ရွက်ရသည်။ ထိုနှစ်မှာပင် ပုဂံမောင်ချစ်စကုန်းကို တူးဖော်ပါသည်။ ဤသို့ဖြင့် ၁၉၃၁ ခုနှစ်တွင် ဒူရွိုင်ဇယ်ရာထူးမှ အငြိမ်းစားယူသည်အထိ သထုံဒေသဆီသို့ တစ်ခေါက်တစ်လေမျှ မရောက်ရှိခဲ့သေးပေ။ ၎င်းရာထူးကို ဦးမြက ဆက်လက်တာဝန်ယူထမ်းဆောင်ခဲ့ရသည်။

# ဦးမြ၏ သုဝဏ္ဏဘူမိခရီးစဉ်

ဦးမြသည် ကမ္ဘာ့ည်းကျောက်စာဝန်ဖြစ်လာပြီးနောက် ၁၉၃၃-၃၄ ခုနှစ်တွင် သထုံဒေသမြို့ဟောင်းကို (Exploration) ကွင်းဆင်းပြီး သထုံမှရှေးဟောင်းမွန်ကျောက်စာများကို စုဆောင်းပါသည်။ စုစုပေါင်းကျောက်စာ (၇) ချပ်တွေ့ရသည်ဟုဆို၏ (Maung Mya, Exploration in Burma: Inscriptions from Thaton; ASI, 1930-34, p. 176)။ ပါဠိဘာသာနှင့် မွန်ဘာသာများရေးထိုးထားသည်ဟုဆို၏။ ယင်းတို့အနက် ကျောက်စာသုံးချပ်ကို ရွှေစာရံစေတီ၏အရှေ့တန်ဆောင်းတွင် တစ်တန်းထဲစိုက်ထူထား လျက်တွေ့ရသည်။ အမြင့် ၆ ပေခန့်ရှိသောကျောက်စာ တစ်ချပ်တွင် ရုပ်တော်မူရုပ်ပွားတော်တစ်ဆူပုံကို ခပ်ရေးရေးမြင်ရပြီး၊ ဒီပင်္ကရာဗုဒ္ဓပုံတော်ဖြစ်မည်ဟုခန့်မှန်းသည်။ သာဝကရဟန်းတစ်ပါးပုံလည်းပါသည်။ ၎င်းရဟန်း၏ ဦးခေါင်းထက်ကွက်လပ်တွင် မှုံမွှားမွှားကျောက်စာကြောင်းများကို တွေ့ရပြီး၊ ဖတ်မရပေ။ အက္ခရာအချို့ကိုကြည့်ပြီး ခရစ်နှစ် ၁၁ ရာစု၊ ၁၂ ရာစုနှစ် လက်ရေးဖြစ်မည်ဟု ဦးမြက ခန့်မှန်းသည် (Mya, 1930-34, Plate, XII. a)။

ဒုတိယကျောက်စာတိုင်သည် တစ်တန်းတည်းတည်နေပြီး အမြင့်ပေ ၅ ပေ၊ ၃ လက်မရှိသည်။ ကျောက်စာကြောင်းရေများစွာပါရှိသော်လည်း အက္ခရာများအလွန်မှေးမှိန်လွန်းသည်။ ထိုကျောက်စာထိပ် ပိုင်းတွင် သုံးထောင့်ပုံခေါင်းစီးနေရာ၌ ကြာပလ္လင်ထက်ထိုင်နေတော်မူသော ဗုဒ္ဓရုပ်ပွားတော်သုံးဆူတို့ကို ထွင်းထုထားပါသည် (Mya, 1930-37, Plate, XII. b)။ လက်ရေးစာလုံးတို့၏ပုံစံအရ ၎င်းကျောက်စာ မှာလည်း ခရစ် ၁၁-၁၂ ရာစုလောက်ပင်ဖြစ်မည်ဟုခန့်မှန်းသည်။

တတိယကျောက်စာမှာ လုံးဝပျက်စီးသွားပြီဖြစ်၏။

စတုတ္ထကျောက်စာတိုင်ကို အရှေ့တန်ဆောင်းရှိ ခေါင်းလောင်းကြီးအနီးမှ တွေ့ရသည်။ ယင်းကျောက်ချပ်မှာလည်း အကြီးအကျယ်ပျက်စီးနေပြီးဖြစ်သော်လည်း ခရစ်နှစ် ၁၁-၁၂ ရာစုခန့်ကပင် ဖြစ်မည်ဟုခန့်မှန်းနိုင်၏။

ပဥ္စမကျောက်စာတိုင်မှာလည်း အထက်ကဖော်ပြခဲ့ပြီးသော ကျောက်စာတို့နှင့်တစ်တန်းစားထဲ သတ်မှတ်၍ရ၏။ ၎င်းကို မြောက်ဘက်မဟာရံတံတိုင်းအနီးမှတွေ့ရသည်။ တစ်ပိုင်းကျိုးကျောက်စာမျှသာဖြစ်ပြီး စာလုံးများလည်း မှေးမှိန်ကွယ်ပျောက်လျက်ရှိ၏။

ဆဋ္ဌမကျောက်စာတိုင်ကို အခြားတန်ဆောင်းတစ်ခုတွင် စိုက်ထူထားလျက်တွေ့ရသည်။ ယင်းကျောက်စာကို ခရစ်နှစ် ၁၅ ရာစုနှစ်အတွင်းက ဟံသာဝတီဘုရင် ဓမ္မစေတီမင်း (၁၄၇၂-၁၄၉၂) လက်ထက်တွင် စိုက်ထူခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဗုဒ္ဓမြတ်စွာ၏သွားတော်ဓါတ် ၃၃ ဆူကို ဌာပနာ၍ စေတီတည်ထားကြောင်းဖော်ပြသည့် ကျောက်စာ ဖြစ်ပါသည်။ ဤကျောက်တုံးမှာလည်း များစွာပျက်စီးနေပြီ ဟုဆိုပါသည်။

သတ္တမကျောက်စာသည် အပိုင်းကျိုးငယ်မျှသာဖြစ်၍ စာကိုလည်းဖတ်မရတော့ပေ။ ၎င်းကို ရွှေစာရံဘုရားဝင်း ထဲမှပင် တွေ့ရသည်ဟုဆို၏။

ဤကျောက်စာတိုင်များကို ဦးမြက တန်ဆောင်းတစ်ခုထဲတွင် စုပေါင်းကာရွှေ့ပြောင်းစိုက်ထူထားရန် ရွှေစာရံ ဘုရားဂေါပကအဖွဲ့အား မေတ္တာရပ်ခံသည့်အခါ ၎င်းဂေါပကအဖွဲ့က သဘောတူခဲ့သည်ဟုဆို၏။



မဟာဇနကဇာတ်



သုဝဏ္ဏသာမဇာတ်
*(ဒုကူလနှင့် ပါရိကာတို့အား လမ်းညွှန်ပြနေပုံ)*



ဝေသန္တရာဇာတ်ကွက်
(ပြပဲ့ထာ ပုဏ္ဏား ၄ ယောက်ပုံ)



ဝိဓူရ ပဏ္ဍိတဇာတ်
( မင်းလေးပါး ရေကန်အနီးထိုင်ကာ စကားပြောနေပုံ)

ဦးမြ၏ခရီးစဉ်တွင် သထုံကျောက်စာများ ထိန်းသိမ်းစောင့်ရှောက်ရေးကိုသာ ဆောင်ရွက်နိုင်ခဲ့ပြီး ၎င်းတို့ကို ဖတ်ရှုခြင်း၊ ဘာသာပြန်ပေးခြင်းများ မလုပ်နိုင်ခဲ့သေးပေ။ ဒုတိယကျောက်စာတိုင်ကို တြာပ်ကျောက်စာဟုလည်းကောင်း၊ စတုတ္ထကျောက်စာတိုင်ကို ပဏ္ဍိတ်ကျောက်စာဟုလည်းကောင်း အမည်ပေးကာ ပါမောက္ခ၊ ဂျီ၊ အိပ်ချ်လုစ်နှင့် မွန်ပညာရှိ ဦးချစ်သိန်းတို့က ဖတ်ရှုပြီးဘာသာပြန်ခဲ့ကြပါသည်။

ထိုကျောက်စာတို့၏ လက်ရေးကိုကြည့်၍ ဦးမြကခရစ်နှစ် ၁၁ ရာစုနှစ်၊ ၁၂ ရာစုနှစ်အတွင်း ရေးထိုးခဲ့မည်ဟု ခန့်မှန်းခဲ့ပါသည်။ မစ္စတာတော်စိန်ခိုကလည်း နှစ်ပေါင်း ၄၀၀ ခန့်သာရှေးကျနိုင်မည်ဟု ခန့်မှန်းထားခဲ့သည်။ ဤသို့ ခန့်မှန်းချက်များကြောင့် သထုံသမိုင်းမှာများစွာနောက်ကျကြောင်း ပုဂံအနော်ရထာမင်းနှင့် ခေတ်ပြိုင်ပင်မဖြစ်နိုင်တော့ကြောင်း အဖြေထုတ်သူများရှိလာခဲ့ပါသည်။

ခရစ်နှစ် ၁၂ ရာစု နှစ်ကို ရည်ညွှန်းမည်ဆိုပါလျှင် ပုဂံတွင်ရှေးဟောင်း မွန်ဘာသာဖြင့် ကျောက်စာရေးထိုးသူမှာ ကျန်စစ်သားမင်း(၁၀၈၄-၁၁၁၂)တစ်ပါးသာရှိသည်။ သထုံမွန်ကျောက်စာ တို့သည် ကျန်စစ်သားမင်းခေတ်ထက်များစွာ စောနိုင်သည်ဟုယူဆရ၏။ သို့သော် ဦးမြ၏ ရက်စွဲခန့်မှန်းချက်ကြောင့်ပင် သထုံသည်ပုဂံထက်မစောနိုင်၊ သထုံယဉ်ကျေးမှုသည် ပုဂံကယဉ်ကျေးမှုရောက်လာပြီးမှသာ ပြန်လည်ဆန်းသစ်ခြင်းသာဖြစ်မည်၊ စသည်ဖြင့် ပြောင်းပြန်အတွေးအခေါ်အယူအဆကို အားပေးအားမြှောက်ပြုပေးသကဲ့သို့ ဖြစ်သွားပါ တော့သည်။

ဦးမြသည် သထုံသိကြားဘုရားမှ မြေမီးဖုတ်ရုပ်ကြွများ၏ ရက်စွဲကိုလည်း ခရစ် ၁၁-၁၂ ရာစုနှစ်ခန့်မှန်းရက်စွဲကိုသာပေးပြီး သထုံကလျာဏီသိမ်ကျောက်စာနှင့် သိမ်နိမိတ်တိုင်ကျောက်ဆစ်ရုပ်တု အနုပညာလက်ရာတို့ကိုလည်း ခရစ် ၁၂ ရာစုနှစ်ခန့်မှန်းရက်စွဲကိုသာပေးခဲ့သည်။ ယင်းရက်စွဲတို့သည် သထုံကောင်းစားစဉ်ကာလကို ညွှန်ပြခြင်းမရှိပဲ၊ သထုံပျက်ပြီးရက်စွဲကိုသာဖော်ပြသဖြင့် သမိုင်းစဉ်ရှုပ်ထွေးမှု ဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ရှိစေကာမူ ဦးမြ၏ ၁၉၃၃-၃၄ ခုနှစ် သထုံခရီးစဉ်သည် အချည်းအနှီးတော့မဖြစ်ခဲ့ပေ။ သုဝဏ္ဏပူရ သထုံသမိုင်းအတွက် အကျိုးဖြစ်ထွန်းမှုလည်းရှိပါသည်။ သိကြားဘုရားမှ မြေမီးဖုတ်ရုပ်ကြွပုံတို့ကို မစ္စတာတော်စိန်ခိုနှင့် နိဟာရမ်ဂျန်းရေးတို့က သီဝနတ်ကိုးကွယ်မှုဆိုင်ရာ ဟိန္ဒူဗြဟ္မဏဘာသာရေး၊ ရာမာယနဇာတ်ကွက်များဟု မှားယွင်းစွာ အကဲဖြတ်ခဲ့သည်ကို ပြင်ဆင်၍၊ ဤရုပ်ပုံများမှာ မဟာနိပါတ်တော် ဗုဒ္ဓဝင်ဇာတ်တော်ကြီးများကို သရုပ်ဖော်ထားခြင်းဖြစ်ကြောင်း အမှန်ကိုတင်ပြနိုင်ခဲ့သည့်အတွက် ဦးမြ၏ကျေးဇူးကြီးမားကြောင်း ဖော်ပြသင့်လှပေသည်။

ဦးမြသည် သထုံကော်မစ်ရှင်နာမင်းကြီး အင်ရူးစိန့်ဂျွန်း၊ မေဂျာအာရ်စီ၊ တင်ပယ်တို့နှင့် ဤနေရာ၌ သဘောချင်းထပ်တူဖြစ်၍ မဟာနိပါတ်တော်ဇာတ်ကွက်များဖြစ်ကြောင်း သုတေသနပြုစုလျက် အမှန်ရောက်အောင် တည့်မတ်ပေးနိုင်ခဲ့ပါသည်။ ထိုသို့အမှန်ကိုရောက်အောင် ထောက်ပံ့ပေးခဲ့သည့် အထောက်အထားကိုလည်း သထုံကလျာဏီသိမ်နိမိတ်ကျောက်တိုင်များမှ ကျောက်ဆစ်ရုပ်ကြွများတွင် ဦးမြကတွေ့ခဲ့ရပါသည်။ ၎င်းသုတေသနတွေ့ရှိချက်ကို ဦးမြ၏ ၁၉၃၀-၃၄ ခုနှစ် အစီရင်ခံစာတွင် အောက်ပါအတိုင်းဖော်ပြထားသည်ကို တွေ့နိုင်၏။

> "သိကြားဘုရားအနီး လမ်းသစ်ဖောက်ထားသောလမ်းမ၏ တောင်ဘက်၊ ဘုရား(ရွှေစာရံ)တံတိုင်း အပြင်နားတွင် ရှေးဟောင်းသိမ်ပေါ်ထပ်၍ အသစ်တည်ထားသော သိမ်တစ်ဆောင်ရှိ၏။ ကလျာဏီသိမ်ဟုခေါ်သော ထိုသိမ်ပတ်လည်တွင် နိမိတ်တိုင်များရှိပါသည်။ သဲကျောက်ကိုထုဆစ်၍ မဟာနိမိတ်တော်ဇာတ်ကွက်များ ထုဆစ်ထားသည့်ကျောက်တိုင်များပင် ဖြစ်ကြပါသည်"
>
> "ထောင့်တစ်နေရာတွင် မဟာဇနကဇာတ်တော်လာ ဇာတ်ကွက်တစ်ခုရှိ၏။ မဟာဇနက မင်းသားသည် ပင်လယ်ပြင်ထက်သင်္ဘောပျက်သည်နှင့် ကြုံတွေ့ရ၏။ မဏိမေခလာ နတ်သမီးက လေထဲ၌ပျံဝဲလျက် မင်းသား၏အထက်မှ စကားပြောနေဟန်ကို ထုဆစ်ထားပါသည်။

"နောက်နိမိတ်တိုင်တစ်တိုင်မှာ ကျိုးပဲ့နေ၏။ သို့သော်သုဝဏ္ဏသာမက မျက်မမြင်မိဘနှစ်ပါးဒုကုလာနှင့် ပါလိကာတို့ကိုလမ်းပြပေးနေသော သာမဇာတ်ကွက်တစ်ခုဖြစ်၏။(Mya, 1930-34, Plate- XVI. a)"

"နေမိဇာတ်တော်မှ နေမိမင်းအား ငရဲပြည်ကိုပြသော ဇာတ်ကွက်ကိုသိမ်၏ထောင့်တစ်နေရာ၌ တွေ့နိုင်ပါသည်။ သိကြားမင်း၏ရထားထိန်းမာတလိမောင်းနှင်သော ရထားပေါ်တွင် နေမိမင်းထိုင်လျက်နေသည်။ (Mya, 1930-34, Plate-XVI. b)"

"ဂုင်းသိမ်တိုင်အနီးမှာပင် အခြားသိမ်တိုင်တစ်ခု၌ မဟော်သဓာ၏ကြင်ယာတော် မိန်းမလိမ္မာအမရာဒေဝီသည် ခင်ပွန်းသည်ထွက်ပြေးရ၍ အိုးထိန်းသည်ထံရောက်နေခိုက်၊ အမတ်ကြီးလေးပါးကို မျောက်ဖြူအသွင်ဝတ်ဆင်စေပြီး ဘုရင်ကြီးထံဆက်သနေပုံဇာတ်ကွက်ကို တွေ့နိုင်ပါသည်။
(Mya, 1930-34, Plate-XVI. c)"

"ဝိဒူရဇာတ်ကွက်များကို သိမ်နိမိတ်တိုင်နှစ်ခုတို့တွင် သရုပ်ဖော်ထား၏။ တိုင်တစ်တိုင်(ကျိုးပဲ့နေ)တွင် မင်းလေးပါးရေကန်ဘေး၌ထိုင်လျက် တစ်ဦးကိုတစ်ဦးချီးမွမ်းစကားပြောဆိုနေကြ၏။
(Mya, 1930-34, Plate-XVV. c)"

"နောက်တစ်တိုင်တွင် ဓနဥ္စရာမင်းကြီးကို ပုဏ္ဏကဘီလူးက ကြွေအံကစားရန်စိန်ခေါ်နေပုံရှိ၏။ ဘုရင်ကြီးက ခုံးအောက်တွင် ပလ္လင်ပေါ်ထိုင်လျက်နေသည်။ ပုဏ္ဏဘီလူးက သူ၏ရှေ့မှောက်တွင် လူငယ်တစ်ယောက်အသွင်ဖြင့် ရပ်တည်နေသည်။ (Mya, 1930-34, Plate-XVI. t)"

"နှစ်ပိုင်းကျိုးပဲ့နေသော နောက်ထပ်နိမိတ်တိုင်တစ်တိုင်တွင် ဝေဿန္တရာဇာတ်ကိုသရုပ်ဖော် သည်။ ဤဇာတ်ကွက်ကို နှစ်ကန့်ခွဲထား၏။ အထက်အကန့်တွင် ဝေဿန္တရာမင်းကြီးက ဆင်ဖြူတော်ပေးသည့်အခန်းဖြစ်သည်။ ကျောက်တိုင်တစ်ပိုင်းကျိုးပဲ့နေသော်လည်း ဇာတ်ဝင်ခန်းပုံပျက်မသွားပေ။ အောက်ပိုင်းအတန်းတွင် လူရုပ်ပုံလေးခု တစ်တန်းရပ်လျက်နေသည်။ သူတို့ဆံပင်ကို ခေါင်းအနောက်ဘက်တွင် ဆံထုံးကြီးကြီးထုံးဖွဲ့ထားကြ၏။ အဝတ်အစားမှာ ရှားပါးစွာ လီနင်ထည်တစ်ခုတည်းသာ ဝတ်ဆင်ထားကြ၏။ သူတို့၏နားခေါင်းများသည် ရှည်လျား၍ထိပ်ဖျားချွန်သည်။ လက်မောင်းများကွေးညွတ်လျက်ရှေ့သို့ဆန့်ထုတ်ထားကြ၏။ ညာဘက်မှရှေ့ဆုံးလူသည် ဝေဿန္တရာမင်းကြီးကို တိုင်းပြည်မှနှင်ထုတ်ပြီး ဟိမဝန္တာသို့မသွားမီ နောက်ဆုံးအနေဖြင့် လက်ဆောင်ကိုပေးဆက်ရန်အခွင့်မရသည့် မြင်ကွင်းပင်ဖြစ်သည်။
(Mya, 1930-34, Plate-XVI. g)"

နောက်ကျောက်တစ်တိုင်မှာလည်း အောက်တစ်ပိုင်းသာကျန်သည်။ ထိုပုံတွင် သစ်ပင်၏ပင်စည်ပိုင်းကိုပြထား၏။ တစ်စိပ်တစ်ပိုင်းပျက်စီးနေသော လူပုံကသစ်ပင်၏တစ်ဖက်တွင် ရပ်လျက်နေသည်။ သူ၏အသွင်မှာ (တစ်စုံတစ်ယောက်အား) ခြောက်လှန့်နေပုံရှိသည်။ နောက်လူတစ်ယောက်၏လက်တွင် လေးကိုကိုင်စွဲလျက် အထက်ဆီသို့ချိန်ရွယ်ထားသည်။

ဤပုံသည် ဝေဿန္တရာဇာတ်မှ နောက်ထပ်ဇာတ်ကွက်တစ်ကွက်ကို ပုံဖော်ထားသည်။ ဝေဿန္တရာနှင့် ဇနီး၊ သားသမီးများ ဟိမဝန္တာသို့ရောက်ရှိသွားသည့်အခါ တောလိုက်မုဆိုးက သစ်တော၏အဝမှနေ၍ စောင့်ကြပ်ပေးပါသည်။ တစ်နေ့တွင် ပုဏ္ဏားကြီးဇူဇကာသည် မင်းသားကိုရှာရန် ထွက်လာပြီးတောအုပ်သို့ရောက်သည်။ မုဆိုး၏ခွေးက သူ့အားမြင်သွားပြီး သစ်ပင်ပေါ်သို့တက်ပြေးရ၏။ သူ၏အော်သံကြောင့် မုဆိုးရောက်လာသည်။ မုဆိုးသည် ပုဏ္ဏားက မဒီဒေဝီအားတောင်းမှာလား၊ ကလေးများကိုတောင်းမှာလားဟု သံသယစိတ်ရှိလာပြီး လေးကိုဆွဲ၍ပုဏ္ဏားကိုပစ်ခတ်ခြောက်လှန့်ရန် ပြင်နေပုံဖြစ်သည်။

(Mya, 1930-34, Plate-XVI. d) ဤပုံတွင် ခွေးရုပ်ကိုမမြင်ရပေ။ ထိုအပြင် အထက်ပိုင်းကျိုးပဲ့နေ၊ ပျောက်ဆုံးနေသဖြင့် သစ်ပင်အထက်ပိုင်းနှင့် ပုဏ္ဏားကြီးဇူဇကာတို့ ရုပ်ပုံကိုလည်းမမြင်နိုင်တော့ပေ။

ဦးမြသည် ဤကျောက်ဆစ်ရုပ်ကြွ သိမ်နိမိတ်တိုင်များ၏ရက်စွဲကို ခရစ် ၁၂ ရာစု-၁၃ ရာစုနှစ် လောက်က လက်ရာဖြစ်မည်ဟုခန့်မှန်းထားပြန်၏။ ထိုသို့ခန့်မှန်းရခြင်းအကြောင်းမှာ သိမ်နိမိတ်တိုင် တစ်တိုင်တွင်ရှိသော ကျောက်စာတိုင်မှ ကျောက်စာလက်ရေးကိုကြည့်၍ အကဲဖြတ်ရကြောင်းဖော်ပြမည်။ (Maung Mya, Exploration-Burma, ASI, 1930-34, Part one, Delhi, Manager of Publication, 1936, p. 204) ဤကလျာဏီသိမ် (သထုံ) နိမိတ်တိုင်များမှ မဟာနိပါတ်တော်ဇာတ်ကွက်ခါတ်ပုံများကို (Luce, Phases of Pre-Pagan Burma, Languages and History, Volume I, Catalogue of Plates-93, 94 တို့နှင့် Volume II, Plate-93, a, b, c, d,; Plate-94, a, b, c, d) တို့တွင်ရှုပါ။

ဦးမြ၏ ၁၉၃၃-၃၄ ခုနှစ် သထုံသုတေသန ခရီးစဉ်တွင် သိကြားဘုရားစဥ့်ကွင်းနှင့် ကလျာဏီ သိမ်နိမိတ်တိုင်မှ သရုပ်ဖော်ပုံများသည် မဟာနိပါတ်တော်ဇာတ်ကွက်များဖြစ်ကြောင်း လေ့လာအကဲဖြတ်ချက်မှန်ကန်ကြောင်းကို ပါမောက္ခဂျီအိပ်ချ်-လုစ်က အပြည့်အဝထောက်ခံသည်။ သူ၏ (Phases of Pre-Pagan Burma; Volume I) စာအုပ်၊ စာမျက်နှာ ၁၇၁ (Plate. 92. a) တွင် သိကြားဘုရားမှ ဝေသန္တရာဇာတက ( ပုဏ္ဏားများဆင်ဖြူစီးလျက်နေစဉ် မြို့သားတို့က ခဲနှင့်ပစ်ပေါက်ပုံ) ဇာတ်ဝင်ခန်းကို ဖော်ပြလျက်

> "ဦးမြသည် မြန်မာတို့၏ အတော်ဆုံးပညာရှင်တစ်ဦးပင်ဖြစ်၏။ သူသည်အငြင်းပွားဘွယ် ဖြစ်နေသည့် သိကြားဘုရားစဥ့်ကွင်းများကို ဗုဒ္ဓဘာသာနှင့်သာ သက်ဆိုင်ကြောင်း သက်သေ ထူလျက်အဆုံးအဖြတ်ပေး ခဲ့ပေသည်။""
>
> (It was the late U Mya – one of the Burma's finest scholar who first in the face of general contradiction, proved conclusively that all the plates are Buddhist illustrations of the Mahânipâta Jatâka, perhaps the oldest in Burma)

ချီးကျူးထောပနာပြုခဲ့ပေသည်။ ပါမောက္ခလုစ်၏ ဖော်ပြချက်တွင် ဤသထုံသိကြားဘုရားမြေမီးဖုတ်ရုပ်ကြွချပ်များသည် မြန်မာနိုင်ငံတွင် အစောဆုံးလက်ရာ ဖြစ်ကောင်းဖြစ်နိုင်ပေသည်ဟု မှတ်ချက်ကိုလည်း ပေးထားခဲ့ပေသည်။ သို့ရာတွင် ဦးမြက ခန့်မှန်းပေးထားသော ခရစ်နှစ် ၁၁-၁၂ ရာစုနှစ်ရက်စွဲကိုမူ မည်သို့မျှဝေဖန်ထောက်ပြခြင်းမပြုခဲ့ပေ။

သထုံရက်စွဲနှင့်ပတ်သက်၍ ဦးမြက ဤကဲ့သို့နောက်ပိုင်းကျကျခန့်မှန်းရခြင်းမှာတွေ့ရှိရသော ရှေးဟောင်း ကမ္ဗည်းစာ၏လက်ရေး၊ အက္ခရာပုံသဏ္ဍာန်အရ ဆုံးဖြတ်ရခြင်းမှန်သော်လည်း ဤသိကြား ဘုရားနှင့်တကွ ပိဋကတ်တိုက် စေတီစသော အဆောက်အအုံများသည် အရှင်မဟာဗုဒ္ဓဃောသခေတ်လောက်အထိ ရှေးကျနိုင်သည်ဟုခန့်မှန်းရကြောင်း ကော်မစ်ရှင်နာမင်းကြီးစိန့်ဂျွန်း၏ အယူအဆနှင့်များစွာ ကွာဟလျက်ရှိကြောင်းတွေ့ရ၏။ စိန့်ဂျွန်းသည် သိကြားဘုရား၏ ပုံစံကိုကြည့်၍ သီဟိုဠ်ပုံစံမျိုးဖြစ်ခြင်း၊ ဗုဒ္ဓဝင်ဇာတကဇာတ်လမ်းမှာ ရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်း၌ဖွင့်ဆို ထားသော အကြောင်းအရာများဖြစ်ခြင်း၊ ပါဠိပိဋကတ်တော်များ ရောက်ရှိလာခဲ့စဥ်က ဤရွှေစာရံဘုရားအနီးမှာပင် ပိဋကတ်တိုက်တော်ကိုတည်ထားခဲ့ကြောင်း အစဉ်အလာရှိခဲ့ခြင်းတို့ကိုထောက်၍ ၎င်းရုပ်ကြွပုံများ၏ သက်တမ်းမှာ နှစ်ပေါင်း (၁၃၈၀) ခန့် (၁၈၆၀ ခုနှစ်ကရေတွက်ပုံ) ရှိပြီဟု ခန့်မှန်းထားခဲ့သည်။ ၎င်းခန့်မှန်းရက်စွဲမှာဗုဒ္ဓဃောသ သထုံသို့ ရောက်သော သာသနာနှစ် (၉၆၀)၊ ခရစ်နှစ် ၄၁၆ ခုနှစ်ကို မူတည်ထားသော ခန့်မှန်းရက်စွဲပင်ဖြစ်ပါသည်။ အစဉ်အလာအရ သိမှတ်ထားသည့်အချိန်ကာလနှင့် ခေတ်သစ်သိပ္ပံနည်းကျစူးစမ်းလေ့လာ၍ သိရသောအချိန်ကာလတို့ ကွာဟချက်ကြီးမားနေပုံကို တွေ့ရခြင်းပင်ဖြစ်ပါသည်။ ဗုဒ္ဓဃောသ၏ ဇာတကဝတ္ထုဇာတ်လမ်းများသထုံသို့ ရောက်လာ ခဲ့ခြင်းကြောင့်သာ ဤကဲ့သို့ဗုဒ္ဓဝင်ဇာတ်ကွက်များကို သရုပ်ဖော်ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်းကိုမူ အငြင်းပွားဘွယ်မရှိပေ။

သို့သော် ဦးမြတ်ကြီးထွင်ပေးလိုက်သော ဤသိကြားဘုရားမြေမီးဖုတ်ရုပ်ကြွချပ်များ (Terracotta Plaques) ရက်စွဲကြောင့်ပင်အငြင်းပွားဘွယ် သမိုင်းပြဿနာတစ်ရပ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ ဦးမြ၏ ၎င်းရက်စွဲကို ဦးအောင်သော်ကလည်း ၎င်း၏မြန်မာနိုင်ငံသမိုင်းဝင်မြို့ဟောင်းများ (Historical Sites in Burma) စာအုပ်တွင် ထပ်မံကိုးကား၍ ဖော်ပြခဲ့ပါသည်။ ၎င်းရက်စွဲဖော်ပြချက်ကို မိုက်ကယ်အောင်သွင်က ထပ်ဆင့်ကိုးကားပြီး သထုံမရှိကြောင်း သက်သေထူခဲ့ပါသည်။ မိုက်ကယ်အောင်သွင်၏ဆင်ခြေမှာ ဤသို့ဖြစ်၏။

ပါမောက္ခလုစ်သည် အောက်မြန်မာနိုင်ငံမွန်တို့က ပုဂံဗိသုကာအနုပညာတိုးတက် ဖြစ်ပေါ်လာ အောင် စွမ်းဆောင်ပေးခဲ့သည်ဟု ရေးသားတင်ပြချက်တစ်ရပ်ရှိခဲ့ပါသည်။ ထိုအချက်ကို မိုက်ကယ်အောင် သွင်က ပယ်ချပစ်ရန်ကြိုးပမ်းပါသည်။ ၎င်းက "ပေါ်စထရက်ဂျင်" (Paul Strachan) ၏ **ပုဂံအကြောင်း** စာအုပ်စာမျက်နှာ ၄၁-၄၂ ကို ကိုးကား၍ "သထုံတွင် ဂူဘုရားဗိသုကာလက်ရာတစ်ခုမျှ သက်သေပြစရာမရှိ"ကြောင်း (.. at Thaton, not a single example of early temple architecture [of Burma] is to be found) စာသားကိုကိုးကားပြီး ငြင်းဆိုသည် (Aung Thwin, 2005, p. 215, Note. 53)။ ထို့အပြင် ပါမောက္ခလုစ်တင်ပြခဲ့သော သထုံမြို့ဟောင်း အပြင်ဘက် (အမှန်မှာ မြို့ဟောင်းအတွင်း၌သာရှိသည်)ရှိ မြသိန်းတန်စေတီ (သိကြားဘုရား)မှ ဇာတ်တော်ရုပ်ကြွပုံများ (Terracota Plaques) ကို ဦးအောင်သော်က ခရစ်နှစ် ၁၁-၁၂ ရာစုနှစ် ရက်စွဲကိုသာ ခန့်မှန်းကြောင်းတင်ပြခဲ့ပေသည်။ ၎င်းက ဤရက်စွဲသည် အနော်ရထာသထုံကို တိုက်ခိုက်သိမ်းယူသည်ဆိုသော ခရစ်နှစ် ၁၁ ရာစုနှစ်ထက် နောက်ကျနေကြောင်း၊ အကယ်၍ အနော်ရထာကသာ သထုံကိုတိုက်ခိုက်ခဲ့ခြင်းမှန်လျှင် ဤရုပ်ကြွချပ်များ၏ရက်စွဲမှာ ယခုထက်ပို၍စောရမည်ဖြစ်ကြောင်း၊ သို့သော် ဝါရင့်ရှေးဟောင်းသုတေသန ပညာရှင် (ဦးအောင်သော်) က ခရစ်နှစ် ၁၁-၁၂ ရာစုနှစ်ရက်စွဲကိုသာ ခန့်မှန်းထားကြောင်း ငြင်းချက်ထုတ်ထားပေသည်။ ဤရုပ်ကြွချပ်များသည် ပုဂံက လာပြီးပြုလုပ်ထားခြင်းလည်းဖြစ်နိုင်ပါသေးသည်။ (The plaques could just as earily [and more likely] have come from Pagan) ဟူ၍လည်း စောဒကတက်ထားပြန်ပါသည်။ (Aung Thwin, 2005, p. 216) ၎င်းက ဆက်လက်၍ ရက်စွဲရေးထိုးမထားသော သထုံမြို့ဟောင်းမှ ရှေးမွန်ကျောက်စာများမှာလည်း ခရစ် ၁၁ ရာစုနှစ်ပတ်ဝန်း ကျင်က ကမ္ပည်းစာများသာဖြစ်သည်ဟု ပညာရှင်တို့ခန့်မှန်းခဲ့ကြောင်းသက်သေအထောက်အထားအဖြစ် တင်ပြခဲ့ပေသည်။

ကျောက်စာဖတ်ရှုနည်းပညာ (Epigraphy) အားဖြင့်လည်းကောင်း၊ ရှေးဟောင်းကမ္ပည်းအက္ခရာနှင့် လက်ရေး လက်သားလေ့လာနည်း (Paleography) အားဖြင့်လည်းကောင်း၊ သထုံမြို့ရှေးဟောင်းသမိုင်းကို ချဉ်းကပ်လေ့လာကြ သည့်အခါ ကျောက်စာဝန်မစ္စတာတော်စိန်ခိုနှင့် ကျောက်စာဝန်ဦးမြတို့လက်ထက် သုတေသနရလာဒ်အဖြေမှာ ၁၁ ရာစု၊ ၁၂ ရာစုနှစ်များဆီသို့ ညွှန်းဆိုပြသလျက်ရှိကြောင်း တွေ့ခဲ့ရပြီးဖြစ်ပါသည်။ ၎င်းပညာရှင်များခေတ်က မရှိမဖြစ် သုံးစွဲကြလေ့ရှိသော ရုပ်လုံး၊ ရုပ်တုများ၏ အနုပညာဟန်ကိုလေ့လာနည်း ရှုထောင့်မှမည်သို့အကဲဖြတ်ခဲ့ကြသနည်း။

ယခုတင်ပြနေဆဲ ဦးမြ၏ ၁၉၃၃-၃၄ ခုနှစ် ကွင်းဆင်းသုတေသနခရီးမှာပင် သထုံမြို့မှ ဒီပင်္ကရာမြတ်စွာဘုရား ပုံတော် ကြေးဆင်းတုတစ်ဆူတွေ့ရကြောင်းကို (A Bronze Image of The Dipankara Buddha, Thaton) ခေါင်းစဉ်ဖြင့် ဦးမြက အစီရင်ခံခဲ့သည်ကိုတွေ့ရပါသည်။



*ဒီပင်္ကရာ ကြေးဆင်းတုတော်*

## ဒီပင်္ကရာ ရုပ်ပွားတော်

"သထုံမြို့ သဒ္ဓမ္မဇောတိကကျောင်း ပဓာနဆရာတော် ဦးအာဒိစ္စဝံသ ပူဇော်ကိုးကွယ်ထားသော ဒီပင်္ကရာမြတ်စွာဘုရား ကြေးသွန်းရုပ်ပွားတော်တစ်ဆူကို တွေ့ရသည်။" ဟု ဦးမြက အစီရင်ခံပါသည်။ ဆရာတော်၏မိန့်ကြားချက်အရ ဤရုပ်ပွားတော်အား လွန်ခဲ့သည့်(၂၅)နှစ်၊ (၁၉၀၈ခုနှစ်) ခန့်က သထုံတွင် ကုလားကူလီ (လမ်းအလုပ်သမား)များ ရေမြောင်းတူးစဉ် တွေ့ရခြင်းဖြစ်သည်ဟု သိရ၏။ ၎င်း ဒီပင်္ကရာမြတ်စွာဘုရားပုံတော်မှာ ယာဘက်လက်တော်သည် "အဘယမုဒြာ"ဟန်ဖြင့် ရှေ့သို့မတင်ထား လျက်ရှိပြီး၊ ဝဲလက်တော်မှာလည်း ရှေ့သို့ကွေးဆန့်ထားလျက် သင်္ကန်းစွန်းကို ကိုင်ထားသည့်ဟန်၊ မတ်ရပ် ဆင်းတုဖြစ်သည်။

(Mya, 1933-34, Plate-XII, d)

သင်္ကန်းတော်သည် ကိုယ်လုံးတော်တွင်ထိကပ်လျက် အံနေအံကျရှိသည်။ သို့သော်သင်္ကန်းတော် အဖျားစွန်း တို့မှာ အတွန့်ခေါက်များစွာဖြင့် တွဲကျနေပါသည်။ အတွန့်အခေါက်တို့သည် လက်တော်နှစ်ဖက်တို့မှ ခြေသလုံးတော် နားအထိတွဲလျားကျဆင်းလက်ရှိပြီး ဝဲ၊ ယာ၊ ဘေးနှစ်ဖက်စလုံးမှာပင်ပေါ်လွင်လျက် အရေအတွက်များများ ထင်ရှားစွာ ရှိပါသည်။ ခါးဝတ်တော်ပတ်လည်၌လည်း အတွန့်အခေါက်ကို မြင်နိုင်သည်။ သို့သော် ခြေနှစ်ချောင်းတို့အကြား သင်္ကန်းတော်တွဲကျနေပုံကိုမူ မျဉ်းကြောင်းငယ်များရေးဆွဲပြီး ပုံဖော်ထား၏။ ပုခုံးတော်နှစ်ဖက်စလုံးကို ခြုံလျက်ထား၏။ ဝတ်ရုံ၏အစကိုထင်မြင်သာအောင် လည်ပင်းအောက်နားမှ ခပ်ရေးရေးမျဉ်းကွေးတစ်ကြောင်း ရေးဆွဲကာထားသည်။

ဤရုပ်ပွားတော်ကို တူးဖော်စဉ်က ပေါက်ချွန်းနှင့်ထိ၍ သုံးပိုင်းကျိုးပဲ့သွားသည်ဟုဆို၏။ ဦးခေါင်း၊ ပုခုံးနှင့် လည်ပင်တော်များ တစ်ပိုင်း၊ ကိုယ်လုံးတော်ကတစ်ပိုင်း ညာဖက်လက်တော်ကတစ်ပိုင်း၊ ကျိုးသွားသည်။ နှာခေါင်း၊ ပါးစပ်နှင့်နှာဖူးတော်တို့လည်း ပွန်းပဲ့ကုန်၏။ သို့သော် မျက်နှာတော်၏အဓိကကျသော မူလအသွင်အပြင်မှာမူ ပျက်စီး သွားခြင်းမရှိပေ။



*တွံ့တေးမြို့နယ်၊ ပြဿတိုက်၊ တံခွန်တိုင်ရွာမှ ပေါ်တော်မူဘုရား (၃)ဆူပုံ*
*( အလယ်ဆင်းတုသည် သထုံဒီပင်္ကရာ ပုံတူဖြစ်သည် )*

ဤရုပ်ပွားတော်တွင် ထူးခြားသည့်အသွင်အပြင်တစ်ရပ်မှာ ထုလုပ်ထားသည့် (Material) ပစ္စည်း ပင်ဖြစ်သည်။ ကြေးသွန်းဆင်းတုတော်တစ်ဆူလုံးကို အပေါ်မှအစိမ်းရောင်ရှိသော သတ္တုရည်တစ်မျိုးကို (ချေးမတက်အောင်) သုတ်လိမ်းထားကြောင်းတွေ့ရသည်။

ဤကဲ့သို့ သတ္တုရည်လိမ်းထားသောဆင်းတုကို မြန်မာနိုင်ငံတွင် ၁၉၂၆-၂၇ ခုနှစ်မှော်ဇာရွာ (သရေခေတ္တရာ) တူးဖော်မှုမှလည်းရခဲ့ဖူးသေး၏။ ဤသထုံရုပ်ပွားတော်ကို ဒုတိယမြောက်တစ်ဆူဟု မှတ် ယူရမည်။ မှော်ဇာရွာမှ ဒီပင်္ကရာဆင်းတုတော်ကို ခရစ်နှစ် ၇ ရာစုနှစ်၊ ၈ ရာစုနှစ်ခန့်က ရက်စွဲသတ်မှတ် နိုင်သောအခြားရှေးဟောင်း ပစ္စည်းများနှင့် ပူးတွဲတွေ့ရှိရခြင်းဖြစ်သည်။ (A.S.L, 1926-27, p. 177)

ဦးမြကလည်း သထုံဒီပင်္ကရာရုပ်ပွားတော် ရက်စွဲကို ခရစ် ၇-၈ ရာစုနှစ်ဟု သတ်မှတ်သည်။ ၄င်းသတ်မှတ် ချက်နှင့်ပတ်သက်၍ အယ်ဒီတာ၏မှတ်ချက်တွင်

> "မောင်မြ (ဦးမြ) ၏ ခန့်မှန်းရက်စွဲသည် မှန်ကန်သည်ဟုဆိုနိုင်၏။ ဤဆင်းတုတော်တွင် ဂုပ္ပတခေတ် နှောင်းပိုင်းအိန္ဒိယဆင်းတုများနှင့်တူညီသော လက္ခဏာရပ်များရှိသည်။ အကယ်၍ ဤဆင်းတုကို အိန္ဒိယနိုင်ငံမှာသာ ရှာဖွေတွေ့ရှိခဲ့မည်ဆိုလျှင် မြန်မာနိုင်ငံက ဆင်းတုတစ်ဆူဟုမည်သူကမျှ ထင်မြင် ယူဆနိုင်ကြမည်မဟုတ်ပေ။"
>
> [Maung Mya, Exploration-Burma, A.S.I, Annual Report, 1930-34, Part I, p. 204]

ခရစ်နှစ် ၇ ရာစု-၈ ရာစုနှစ်များကို ရက်စွဲသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဂုပ္ပတခေတ်နှောင်းပိုင်းအိန္ဒိယ ဆင်းဘလတုများနှင့် ဆင်တူကြောင်းကို ထောက်ထားသဖြင့် ဤသို့ **ရုပ်တုဗေဒနည်း** (Iconography) အရ သတ်မှတ်ခြင်းဖြစ်ကြောင်း အထက်ပါအယ်ဒီတာ၏ သတ်မှတ်ချက်တွင် တွေ့နိုင်ပါသည်။


သရေခေတ္တရာ စေတီပျက်ဌာပနာတိုက်မှတွေ့ရသော စဉ့်စိမ်းသုတ်ဒီပင်္ကရာဆင်းတုနှင့် သထုံ သဒ္ဓမ္မဇောတိကကျောင်းတိုက် ဒီပင်္ကရာဆင်းတုတို့ကဲ့သို့ပင် စဉ့်စိမ်းသုတ်ဒီပင်္ကရာ ဆင်းတုတော်တစ်ဆူကို အောက်မြန်မာ နိုင်ငံ၊ ရန်ကုန်တိုင်းတွံတေးမြို့နယ်၊ ပြဿတိုက်ကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာ၌လည်း ၂၀၀၂ ခုနှစ်က ရွာသား များတူးဖော်တွေ့ရှိခဲ့ပါသည်။ တံခွန်တိုင် ဒီပင်္ကရာဆင်းတုတော်သုံးဆူတွေ့ခဲ့ရ၏။ အရွယ်ကြီးဆင်းတု (ဉာဏ်တော်) အရွယ် လတ်ဆင်းတု (ဉာဏ်တော် ၁၈ လက်မ)နှင့် အရွယ်ငယ်ဆင်းတု (ဉာဏ်တော်၁၅ လက်မ)တို့ဖြစ်ကြ၏။ ယင်းဆင်းတုတော်သုံးဆူအနက် အရွယ်လတ်ဆင်းတု (ဉာဏ်တော်) ၁၈ လက်မသည် သထုံ၊ သဒ္ဓမ္မဇောတိက ကျောင်းတိုက် ဒီပင်္ကရာနှင့် ထပ်တူထပ်မျှဆင်တူနေပြီး၊ ကိုယ်လုံးတော်တွင် အစိမ်းရောင်သတ္တုရည်တစ်မျိုး သုတ်လိမ်း ထားပုံကိုလည်းတွေ့ရပါသည်။ သို့ဖြစ်၍ ၎င်းတံခွန်တိုင် ဒီပင်္ကရာဆင်းတုကို တတိယမြောက်တစ်ဆူဟု သတ်မှတ်ရမည် ဖြစ်ပါသည်။ ပုဂံခေတ် (ခရစ် ၁၁ ရာစုခုနှစ်) ထက် ပို၍ရှေးကျသည့် ဂုပ္ပတခေတ်နှောင်းပိုင်း လက်ရာဖြစ်ကြောင်း ရက်စွဲ သတ်မှတ်သည်။

*(စံဝင်း၊ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ပြဿတိုက်အုပ်စု၊ တံခွန်တိုင်ကျေးရွာ၊ ရှေးဟောင်းပေါ်တော်မူဗုဒ္ဓရုပ်ပွားတော်များ လေ့လာရေးခရီး အစီရင်ခံစာ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ)။*

အောက်မြန်မာနိုင်ငံတွင် တွေ့ရသောသရေခေတ္တရာ ဒီပင်္ကရာဆင်းတုနှင့် သထုံဒီပင်္ကရာဆင်းတုတော်များ တွေ့ရှိမှုမှာ ဗုဒ္ဓဆင်းတုတော်တွေ့ရှိမှုသမိုင်းတွင် ရှေးအကျဆုံးဟုဆိုရမည်ဖြစ်သည်။ ပုဂံမြို့ဟောင်းတွင်လည်း ဒီပင်္ကရာ ဆင်းတုလက်ရာပာန်ဖြင့် ကြေးသွန်းရုပ်ပွားတော်များ ထပ်မံတွေ့ရှိရသေးသော်လည်း ၎င်းဆင်းတုတော်များကို ပုဂံခေတ် (ခရစ် ၁၁ ရာစုနှစ်) လက်ရာများဟူ၍သာ ပညာရှင်တို့ သတ်မှတ်ထားပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ရုပ်တု၊ ဆင်းတုကိုးကွယ်မှုအထောက် အထားတွေ့ရှိမှုအရဆိုလျှင် ဂုပတ္တခေတ်နှောင်းပိုင်းထက်ပို၍ ရှေးမကျနိုင်ကြောင်း အရှေ့ တောင်အာရှ ရှေးဟောင်းသမိုင်းပညာရှင်တို့က ဆုံးဖြတ်ခဲ့ကြ၏။ ပညာရှင်လီမေး (Le May) ကဆိုလျှင် အောက်မြန်မာ နိုင်ငံနှင့်တကွ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဂုပ္ပတခေတ်ထက်ပို၍ စောသည့်ဆင်းတုများကိုမတွေ့ရသဖြင့် မြန်မာ နိုင်ငံဗုဒ္ဓဘာသာပျံ့နှံ့ရောက်ရှိကြောင်း အထောက်အထားအရဆိုလျှင် ခရစ်နှစ် (၇) ရာစုနှစ် ထက်ပို၍ မစောနိုင် ကြောင်းဆုံးဖြတ်ခဲ့ပါသည်။ ၎င်းက အိန္ဒိနိုင်ငံမှ ဗုဒ္ဓယဉ်ကျေးမှုသည် ရေလှိုင်းလုံးကြီးများသဖွယ် သုံးကြိမ်သုံးခါ အရှေ့တောင်အာရှဒေသသို့ ရိုက်ခတ်ရောက်ရှိခဲ့ခြင်းဖြစ်ရာ၊ ပထမလှိုင်းလုံးမှာ အမရဝတီခေတ် (ခရစ်နှစ် ၁ ရာစုမှ ၃ ရာစုနှစ်) ဖြစ်ကြောင်း၊ (ဒုတိယလှိုင်းလုံးမှာ ဂုပ္ပတခေတ်) (ခရစ်နှစ် ၄ ရာစု-၇ ရာစုနှစ်ဖြစ်ကြောင်း၊ တတိယလှိုင်းလုံးမှာ ပါလ၊ သေနခေတ်) (ခရစ်နှစ် ၉ ရာစု-၁၁ ရာစုနှစ်) ဖြစ်ကြောင်း၊ ၎င်းအိန္ဒိယယဉ်ကျေးမှုလှိုင်းများ ပထမအကြိမ် (အမရဝတီခေတ်) ဆိုက်ရောက်ခဲ့ကြောင်း အထောက်အထား မြန်မာနိုင်ငံတွင် မတွေ့ခဲ့ရဘဲ၊ ဒုတိယအကြိမ်ဆိုက် ရောက်ခဲ့ကြောင်း (ဂုပ္ပတခေတ်) အထောက်အထားကိုသာ တွေ့ရသည်ဟုဆိုပါသည်။

ပထဝီအနေအထားအရကြည့်မည်ဆိုလျှင် အရှေ့တောင်အာရှအခြားဒေသများထက် မြန်မာနိုင်ငံသည် အိန္ဒိယတိုက်မကြီးနှင့် အနီးကပ်ဆုံးတည်ရှိနေသည်ဖြစ်သော်လည်း ပထမယဉ်ကျေးမှုရေလှိုင်းဟုခေါ်သော အမရဝတီ ခေတ်ရုပ်တု၊ ဆင်းတုတစ်စုံတစ်ရာမတွေ့ရခြင်းကို အကြောင်းပြုလျက် ဤယဉ်ကျေးမှု လှိုင်းလုံးသည် မြန်မာနိုင်ငံကို ကျော်ပြီး အရှေ့ဖျားဒေသရှိ ဗီယက်နာမ်(အောက်ကဲအို၊ OC-EO) မြို့နှင့် ထိုင်းနိုင်ငံနကွန်ပထုမ် (Nakhon Pathom)၊ ပုံထောက်(Pong Tuk) မြို့များဆီသို့ ကျော်လွှားရောက်ရှိသွားခဲ့ခြင်းဖြစ်ကြောင်း ပညာရှင်တို့ဆုံးဖြတ်သတ်မှတ်ခဲ့ခြင်းပင် ဖြစ်ပါသည်။






*သထုံမြို့ ရွှေစာရံစေတီဝင်းအတွင်းရှိ ကျောက်စာရုံမှ ရှေးဟောင်းမွန်ကျောက်စာတိုင်များ*



*ကြံ့တူမှ တူဖော်တွေ့ရှိရသော ခြင်္သေ့ရုပ်ပါ မြေမီးဖုတ်စဉ့်ကွင်းပုံ*



*ကြံ့တူမှ တူဖော်တွေ့ရှိရသော ကခြေသည် မြေမီးဖုတ်ရုပ်တု*



*ပဲခူးတိုင်း ဝေါမြို့နယ် ကြံခွဲတုရွာမှ ရေးပောင်း ဘုရား(၂)ဆူ*

## ဒူရွိုင်ဇယ်၏ သုဝဏ္ဏဘူမိခရီးစဉ်

၁၉၃၅-ခုနှစ်တွင် ဦးမြအငြိမ်းစားယူသွားခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်မှ ပါဠိဘွဲ့ရ ဦးလူဖေဝင်းကို ကမ္ဗည်းကျောက်စာဝန်ရာထူးအတွက် ရွေးချယ်သည်။ အလုပ်သင်အစမ်းခန့်အပ်၍ ဒူရွိုင်ဇယ်ကိုလည်း ဦးလူဖေဝင်းအား လေ့ကျင့်ပေးရန်ပြန်လည်ခေါ်ယူပြီး တာဝန်ဆက်လက်ထမ်းဆောင်စေပါသည်။ ဤသို့ဖြင့် ဒူရွိုင်ဇယ်၏ သုဝဏ္ဏဘူမိ ယဉ်ကျေးမှု ဖော်ထုတ်ရေးခရီးတစ်ခုဖြစ်ပေါ်လာခဲ့၏။

ဒူရွိုင်ဇယ်သည် တူးဖော်မှုအတွေ့အကြုံရှိသူဖြစ်သည်။ ၁၉၂၆-ခုနှစ် မော်ဇာတူးဖော်မှုကို ဆောင်ရွက်စဉ် ကုလားကန်ကုန်းရွာအနီး ဦးခင်ဘ၏ယာခင်းအတွင်းမှ စေတီပျက်ကုန်းအားတူးဖော်ခဲ့ရသူဖြစ်သည်။ ဌာပနာတိုက်ခန်း အတွင်းမှ (ASI. 1927, pp. 175-176) ငွေခေါင်းပွကြုတ် (Plates, XXX VII d and XXX III e) တစ်ခု၊ အထွတ်တွင် ဗောဓိညောင်ပင်ပုံနှင့်တကွတွေ့ရသည်။ ကြုတ်ပတ်လည်မှာ ပျူစာနှင့် ပါဠိစာရောလျက် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူအမည်များ၊ အရှင်မဟာကဿပစသော သာဝကလေးပါးအမည်များ ရေးထားပြီး၊ အောက်ခြေတွင် ဒါယကာကြီး ဂြိုပရဘုဝါမန်နှင့်မိဖုရား ဂြိုပရဘုဒေဝီအမည်များရေးထိုးထား၏။ ရွှေဆင်းတုငယ်တစ်ဆူ အမြင့် ၃ လက်မခွဲအရွယ်နှင့် ငွေဆင်းတုထိုင်တော်မူတစ်ဆူ၊ နောက်ထပ်ရွှေဆင်းတုတစ်ဆူ အမြင့် ၆ လက်မခွဲအရွယ် နှင့် ရပ်တော်မူဗောဓိသတ္တကြေးရုပ်တစ်ဆူစသော ရှေးဟောင်းပစ္စည်းများကို တူးဖော်တွေ့ရှိခဲ့သည်။ ဂုပ္ပတအက္ခရာဖြင့် ပေလွှာချပ်ရေး (၂၀)ကိုလည်းရခဲ့သည်။ အဘိဓမ္မာကျမ်းကောက်နုတ်ချက်နှင့် ဝိနည်းကျမ်းကောက်နုတ်ချက်များ ရေးထိုးပါရှိ၏ [(Duroisell ASI. 1927, 179-80; and Plate XL II (g, h)]။

ဤကဲ့သို့ တူးဖော်သုတေသနအတွေ့အကြုံရှိသူနှင့် ပါဠိဘာသာပါရဂူတစ်ဦးဖြစ်သူ ဒူရိုင်ဇယ်ကို ဦးလူဖေဝင်း အား လေ့ကျင့်ပေးရန် ပြန်လည်ခန့်ထားခဲ့ခြင်းဖြစ်သည်။ (Than Tun, 1981, 28)



*ကြံ့တူဘုရားမှတွေ့ခဲ့ရသော မြေမီးဖုတ်ရုပ်ကြွများ (ကခုန်မြူတူးဟန်) (မြင်းစီးတိုက်ပွဲ)*

ထိုစဉ်က ကမ္ဘည်းကျောက်စာဝန်ရုံးကို မန္တလေးမြို့တွင် ဖွင့်လှစ်ထားပေသည်။ ၁၉၃၆ ခုနှစ်ဆန်းပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မှုခင်းရဲတပ်ဖွဲ့သင်တန်းကျောင်း (စီ၊ အိုင်၊ ဒီ) မှ ကျောင်းအုပ်ကြီး(ဦးဘသော်)ထံမှ စာတစ်စောင်နှင့် အတူ ပဲခူးတိုင်း၊ ဝေါမြို့အနီးကြံ့တူဘုရားမှ မြေမီးဖုတ်ရုပ်ကြွချပ်များ ပေါ်ထွက်လာသည့်သတင်းကို ဒူရိုင်ဇယ်လက်ခံ ရရှိခဲ့သည်။ အင်းစိန်သို့ လိုက်သွားပြီးစုံစမ်းသည့်အခါ မြို့နယ်ပညာရေးကျောင်းများ စစ်ဆေးရေးမှူးဒေါ်မြစိန်၏ နေအိမ်တွင်သိမ်းထားသော ကြံ့တူဘုရားမြေမီးဖုတ်ရုပ်ကြွ တစ်ချပ်ကိုတွေ့ခဲ့ရသည်။ ဘုရားဝင်းအတွင်း ဘုန်းကြီး ကျောင်းအနီး၊ မြစ်မီးကန်ဟုခေါ်သော ရေကန်ဘောင်ကို ရှင်းလင်းစဉ်ကထွက်ပေါ်လာသည့် ၎င်းမြေမီးဖုတ်ရုပ်ကြွချပ် နှင့်အတူ၊ ဂဝံကျောက်တုံးအား ခြသေ့်ပုံထုဆစ်ထားသည့် ခြသေ့်နှစ်ကောင်ကိုလည်း တွေ့ခဲ့ရကြောင်းသိရ၏။ ရုပ်ကြွချပ်ကို ကြံ့တူဘုန်းကြီး (ဆရာတော်)ထံမှ ဒေါ်မြစိန်က တောင်းယူလာခဲ့ခြင်း ဖြစ်ကြောင်းကိုလည်းသိရ၏။ (ယခုဤ ရုပ်ကြွချပ် ကို ပဲခူးရွှေမော်ဓောဘုရားပြတိုက်တွင် တွေ့နိုင်ပါသည်။)

ကြံ့တူမြေမီးဖုတ်ရုပ်ကြွချပ်၏အရွယ်အစားမှာ ၁ ပေခွဲ စတုရန်းပုံဖြစ်၍ အထု (၄) လက်မခန့် ရှိသည်။ အလယ်တွင် ကချေသည်ရုပ်များ၊ သီဆိုတီးမှုတ်နေသူများပါရှိပြီး၊ ၎င်းတို့ကို အဝိုင်းပုံစက်ဝန်း နှစ်ထပ်အတွင်း ဗိန္ဓုစက်များခြံရံလျက် ပုံဖော်ထားခြင်းဖြစ်သည်။ အနုပညာလက်ရာအလွန်ကောင်းမွန် ကြောင်းတွေ့ရ၏။ ၎င်းတွေ့ရှိမှု သတင်းကို ၁၉၃၅-၃၆ ခုနှစ်အတွက် ထုတ်ဝေသော အိန္ဒိယရှေးဟောင်းသုတေသနအစီရင်ခံစာတွင် ဒူရိုင်ဇယ်ကထည့် သွင်းဖော်ပြအစီရင်ခံခဲ့ပါသည် [(ASI, (1935-36), p. 73, Plate XXX II (d)]။

ဒူရိုင်ဇယ်သည် ၁၉၃၆-၃၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပုဂံတွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတစ်ခု၊ တူးဖော်မှုလုပ်ငန်း (၇) ခုတို့ကို ခန့်ခွဲရရှိသော ထိုနှစ်အတွက် ရန်ပုံငွေ (၇၀၀) ရူပီထံမှ ရူပီငွေ (၂၉၉) ကျပ်ကို ကျခံသုံးစွဲလျက်လည်းကောင်း၊ သရေခေတ္တရာ၊ မော်ဇာတွင် ပြုပြင်ထိန်းသိမ်းရေးနှင့် တူးဖော်သုတေသနလုပ်ငန်းများ အတွက် ရူပီငွေ (၃၂၈) ကျပ်ကို ကျခံသုံးစွဲလျက်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ သရေခေတ္တရာမြို့ဟောင်းအတွင်း၌ အုတ်ကုန်းပေါင်း (၅) ခုနှင့် မြို့ပြင်၌ အုတ်ကုန်းပေါင်း (၇) ခု၊ စုစုပေါင်း အုတ်ကုန်း (၁၂) ခုတို့ကို တူးဖော်သုတေသန ပြုခဲ့သည်။ ထိုနှစ်ဆောင်းရာသီ အကုန်ပိုင်းတွင် လက်ကျန်ရံပုံငွေ ရူပီ (၆၉) ကျပ်ကို ပဲခူးခရိုင်၊ ဝေါမြို့ ကြံ့တူဘုရား ကွင်းဆင်း သုတေသနလုပ်ငန်းတွင် အသုံးပြုခဲ့ကြောင်း ၎င်း၏ (Exploration in Burma, ASI, 1936-37, pp. 75-79) အစီရင်ခံစာတွင် ဖော်ပြထား၏။

ကြံ့တူသည် စစ်တောင်းမြစ်ဝအနောက်ဘက်ကမ်း၊ မြစ်ဝကျွန်းပေါ်လွင်ပြင်တွင်ရှိ၍ လယ်ကွင်းများအကြိုအကြား ဘုရားကုန်းဟောင်းများ တစ်စုကိုတွေ့နိုင်သော နေရာဖြစ်၏။ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် ပဲခူးစစ်တောင်း





*ကြံ့တူဘုရားမှတွေ့ခဲ့ရသော မြေမီးဖုတ်ရုပ်ကြွများ (နွားတိုက်ပွဲ) (ခြင်္သေ့နှင့်လူများ)*

တူးမြောင်းနှင့် ရန်ကုန်မော်လမြိုင်ကားလမ်းရှိပြီး၊ အရှေ့တောင်ဘက်တွင် ရန်ကုန်-မော်လမြိုင် မီးရထားလမ်းရှိသည်။ ထိုကားလမ်းနှင့် မီးရထားလမ်းတို့အကြား ဘုရားကုန်း ဟောင်းများကို သစ်ပင်အုပ်အုပ်အကြားမြင်နိုင်သည်။ အနောက်ဘက် ကြံ့တူဘုရားနှစ်ဆူကုန်းမှ၊ အရှေ့ဘက် ခလွန်ဘုရားကုန်းအထိ ခရီးတစ်မိုင်ခန့်အကွာအဝေး၊ လယ်ကွင်းထဲ၌ ကျွဲကျောင်းသားဘုရား၊ နွားကျောင်းသားဘုရား၊ မြသာလျှောင်းဘုရား၊ လက်ခုပ်ပင်ကုန်းဘုရား၊ ခလွန်ဘုရားတို့ကို တစ်တန်း တည်းတွေ့နိုင်သည်။ မစ္စတာချားလ်ဒူရိုင်ဇယ်သည် ကြံ့တူဘုရားနှစ်ဆူအပြင် ဖော်ပြပါဘုရားကုန်းဟောင်း နေရာများကိုလည်း နံ့နံ့စပ်စပ်သွားရောက်ခဲ့ပုံရှိပါသည်။ ၎င်းဘုရားကုန်းများတည်ရှိရာနေရာသည် ဝေါမြို့မှအရှေ့မြောက် ယွန်းယွန်း (၁) မိုင်ခန့်အကွာ၊ ပဲခူးမြို့မှ (၂၂) မိုင်ခန့်အကွာ၌ရှိပါသည်။ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင်တွေ့ရသော ကျိုက္ကသာမြို့ဟောင်းနှင့်ဆိုလျှင် ခရီး (၁၀) မိုင်ခန့်လောက်သာရှိသည်။ သို့ဖြစ်၍ ကြံ့တူယဉ်ကျေးမှုသည် ကျိုက္ကသာ မြို့ဟောင်းယဉ်ကျေးမှု ဖြစ်နိုင်ဖွယ်ရှိပါသည်။

ဒူရိုင်ဇယ်ရောက်သွားသည့်အချိန်တွင် ကြံ့တူရွာ၌ တဲအိမ်ကလေးပေါင်းတစ်ဒါဇင်ခန့်မျှသာရှိသည် ဟုဆို၏။ ထိုရွာမှာပင် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ရေကန်ဟောင်းတစ်ကန်နှင့် ကြံ့တူဘုရားဟုခေါ်ကြသော စေတီငယ်နှစ်ဆူ တို့ကို ဦးစွာတွေ့ရသည်။

ကြံ့တူဘုရားနှစ်ဆူကို အုတ်ခုံစကြံ်တစ်ခုတည်းပေါ်တွင် တည်ထား၏။ မူလက ၎တ်တိုငယ်နှစ်ဆူ သာဖြစ်သော်လည်း ဒူရိုင်ဇယ်ရောက်ချိန်၌ အရှေ့ဘက်တစ်ဆူကို အောက်ခြေမှငုံ၍ အသစ်တည်ထားပြီး ဖြစ်သည်။ အနောက်ဘက်တစ်ဆူကိုလည်း အထွတ်နားမှထပ်ဆင့်ငုံလျက်တည်ထားသည်။ (ASI,1986-37,Plate XXX I-a)

ဒေသခံလူများထဲမှ ဘုရားသမိုင်းကိုစုံစမ်းသည့်အခါ ခရစ်နှစ် ၁၃ ရာစု၊ ၁၄ရာစုနှစ်များလောက်တွင် မုတ္တမဘက်မှ သူကြွယ်မိသားစုနှစ်စုတို့သည် နောက်လိုက်နောက်ပါတို့နှင့်အတူ တိုင်းပြည်အခြေအနေဆိုးရွားမှုကြောင့် ဤကြံ့တူဒေသသို့ ပြောင်းရွှေ့ကာ ကျေးရွာတည်ထောင်နေခဲ့ကြသည်ဟုဆို၏။ ထိုမိသား နှစ်စုတို့မှသားတစ်ယောက် နှင့်သမီးတစ်ယောက်တို့က ဤစေတီနှစ်ဆူကို တည်ထားကြောင်း၊ သူတို့နှစ်ဦး တွေ့ဆုံကြကာ မေတ္တာသက်ဝင် အကြင်လင်မယားအဖြစ်ရောက်ခဲ့သည့် ဤနေရာတွင် အထိမ်းအမှတ် စေတီတည်ထားခြင်းဖြစ်ကြောင်းသိရသည် ဟုဆိုပါသည်။ သို့ရာတွင် ဒူရှိုင်ဇယ်၏အမြင်မှာ ကြံ့တူဘုရားမှတွေ့ရသော မြေမီးဖုတ်ရုပ်ကြွချပ်များသည် အရှေ့ဘင်္ဂလားဒေသမှ အိန္ဒိယတိုင်းသားတို့၏ အနုပညာလက်ရာဖြစ်နိုင်ကြောင်းကို လူရုပ်ပုံတို့၏ဦးခေါင်းမှဆံပင် ထုံးဖွဲ့မှုပုံစံကို ကြည့်၍ သိရသည်ဟုဆို၏။



*မြေမီးဖုတ်လူရုပ် (အိန္ဒိယတိုင်းသားခေါင်းပေါင်း၊ ဆင်အုပ်စုပုံ)*

မြစိမ်းကန်ဟုခေါ်သော ရေကန်ဟောင်းသည် ဒူရွိုင်ဇယ်၏ ၁၉၃၆-ခုနှစ်အစီရင်ခံစာမှ ရုပ်ကြွချပ်ကိုတွေ့ရှိခဲ့ရာ နေရာဖြစ်၏။ အလျားအနံပေ ၁၀၀ ခန့်စီရှိသော ဤရေကန်သည် ဘုရားနှစ်ဆူ၏ အရှေ့တောင်ဘက်၌ရှိသည်။ အရှေ့ဘက်ကန်စောင်းနေရာမှ အမြင့် ၇-ပေခန့်အရွယ် ဂဝံကျောက်ခြသေ့်ကြီး နှစ်ရုပ်တွေ့ရ၏။ ဂဝံကျောက်တစ်လုံး တည်းကို ဘုရားစောင်းတန်းများတွင် မြင်တွေ့နေကျ ဆောင့်ကြောင့်ထိုင် ခြသေ့်ပုံထုဆစ်ထားခြင်းဖြစ်၏။ ရာသီဥတု တိုက်စားခြင်းဒဏ်ကြောင့် မူလခြသေ့်ရုပ်ပုံသဏ္ဌာန်မှာ ကောင်းစွာမပီပြင်တော့ပေ။ ထိုရေကန်တွင် အဆင်းအတက် လှေကားကိုလည်း မတွေ့ရပေ။ ကန်ပေါင်ပေါ်မှ မကြာခဏအနုပညာ လက်ရာမြေမီးဖုတ်ရုပ်ကြွချပ်များတွေ့ခဲ့ရခြင်း သည် ထူးဆန်းနေ၏။ ဤခြသေ့်ရုပ်တုများနှင့် ရုပ်ကြွချပ်များသည် ၎င်းကန်အနီးရှိကြုံတူ ဘုရားနှစ်ဆူနှင့်သာ သက်ဆိုင်မည်ဟုယူဆရန် အကြောင်းရှိ၏။ အလျားပေ ၂၄၀ ရှိပြီး၊ အမြင့် ၅ ပေခန့်ရှိသော စတုရန်းပုံဘုရားစကြံ တံတိုင်းမှ ပစ္စည်းများဖြစ်နိုင်သည်မှာ သေချာသလောက်ပင်ဖြစ်၏။

ဤစကြံသည် ဘုရားတံတိုင်းပင် ဖြစ်နိုင်ကြောင်းကိုလည်း သိရပါသည်။ တံတိုင်း၏ မျက်နှာလေးဖက်စလုံးတွင် မဟာရံတံတိုင်းဖြစ်ကြောင်း အထောက်အထားအစအနများတွေ့ရသည်။ အုတ်ကြိုးအုတ်ပဲ့များနှင့် မြေသားများရောရာစုပုံ နေသော တောင်ဘက်ကမဟာရံတံတိုင်းကို ဖော်ယူရှင်းလင်းသည့်အခါက မြေမီးဖုတ် ရုပ်ကြွချပ်ပြားအချို့ထွက်ပေါ် လာပြီး ဘုရားနှစ်ဆူအရှေ့ဘက်ဘုန်းကြီးကျောင်းတွင် သိမ်းဆည်းလျက်ထားသည်ကိုလည်းတွေ့ခဲ့ရ၏။

မြေမီးဖုတ်ရုပ်ပြားချပ်အားလုံးလိုလိုမှာ အကျိုးအပဲ့များသာဖြစ်သည်။ လွန်ခဲ့သောနှစ်က အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီးသော အရုပ်ပါရုပ်ပြားနှင့် အမျိုးအစားအတူတူပင်ဖြစ်ကြ၏။ အထူ ၄ လက်မအရွယ်ရှိပြီး လေးထောင့်စတုရန်းပုံ သို့မဟုတ်အချို့ စတုဂံပုံမျိုးရှိသည်။ စတုရန်းပုံတို့မှာ တစ်ပေခြောက်လက်မပတ်လည်ရှိ၍၊ စတုဂံပုံတို့မှာ အလျား တစ်ပေကိုးလက်မ၊ အနံတစ်ပေရှစ်လက်မအရွယ်အစားရှိကြသည်။ ဒူရွိုင်ဇယ်သည် ကျောင်းထိုင်ဆရာတော်ထံခွင့်ပန် ကြားပြီး ရုပ်ကြွချပ်များကို ဆင်တူ၊ ဆင်ကွဲရွေးချယ်လျက် ဓါတ်ပုံရိုက်မှတ်တမ်းတင်သည်။ ၎င်းတို့ကို ၁၉၃၇-ခုနှစ် ရှေးဟောင်း သုတေသနနှစ်ချုပ် အစီရင်ခံစာတွင် ပုံအမှတ် XXXI, b နှင့် c ၊ ပုံအမှတ် XXXII, a နှင့် b တို့တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

၎င်းရုပ်ကြွချပ်တိုင်းလိုလိုမှာပင်၊ အလယ်ဗဟို၌ အဝိုင်းပုံဘောင်ကွက်တစ်ခုရှိသည်။ ထိုဘောင်နံဘေး ပတ် လည်ကို ပုတီးစေ့လုံး (ဗိန္ဒု) များ တစ်ရစ်စီခြယ်လျက်ထား၏။ ထောင့်နေရာတို့၌ ပန်းနွယ်ပန်းခက်ပုံရှိလျက် တံဆိပ် အမှတ်အသား ထက်ခြမ်းကွဲပုံကို ရိုက်နှိပ်ထားသည်။ ၎င်းရုပ်ကြွချပ်တစ်ပြား၏ အထက်ဘောင်ပေါ်တွင် ဘယ်ဘက်

နှုတ်ခမ်းနားတို့၌ ကဓမ္ဗ (Kadanba) စာအရေးအသားပုံစံမျိုးနှင့် အလွန်နီးစပ်စွာတူညီသော တေလေဂူကနရာ (Telugu Ganara alphabet) အက္ခရာအရေးအသားဖြင့် ရေးဟောင်း အိန္ဒိယစာတစ်လုံးနှစ်လုံးရေးခြစ်ထားသည်ကို တွေ့ရ၏။ ယင်းလက်ရေးစာများကို ဖတ်ရှု၍ အဓိပ္ပါယ်မဖော်နိုင်သေးသော်ငြားလည်း၊ ပန်းရံဆရာတို့ရေးမှတ်ထားသော အမှတ်အသားဖြစ်သည်မှာ သေချာပေသည်။ ဤအမှတ်အသားမျိုးနှင့် ဆင်တူသည့်မှတ်သားပုံကိုပြည်မြို့ဟောင်း သရေခေတ္တရာနှင့် ပုဂံမြို့ဟောင်းတို့တွင် တွေ့ခဲ့ရဖူးသည်ဟုဆို၏။ အလယ်ဗဟိုအဝိုင်းပုံဘောင်ကွက်အတွင်း၌ စစ်ပွဲပုံ၊ အမဲလိုက်ပုံ၊ နွားတိုက်ပွဲ၊ လက်ဝှေ့ပွဲအစရှိသော သရုပ်ဖော်ပုံပြကွက်များပါရှိကြ၏။

ပုံအမှတ် (၁) (Plate XXXI, 6) သည် ရွာသားတို့ နွားတိုက်ပွဲပြုလုပ်နေပုံဖြစ်၏။ ကြည့်ရှုသူပရိသတ် လူငါးဦးပါသည်။ နှစ်ဦးမှာအတီးအမှုတ်သမားများဖြစ်ကြ၍၊ ကျန်သုံးဦးတို့မှာ ကခုန်နေသူများဖြစ်ပါသည်။ အတီးသမား နှစ်ဦးတို့အနက်ဘယ်ဘက်လူသည် ဖုံကိုတီးလျက်၄င်း ကျန်တစ်ဦးမှာ ပုလွေ သို့မဟုတ် ကျွဲချိုတူရိယာကို တီးမှုတ်လျက် ရှိသည်။ အလယ်ခေါင်မှလူနှင့် သူ၏ဘယ်ဘက်မှနှစ်ယောက်တို့ ကခုန်မြူးတူးလျက်နေသည်။ လူတိုင်းတို့၏ လည်ပင်းတွင် ပုတီးတစ်ကုံးစီဆွဲထားပြီး၊ လက်ကြပ်၊ ခါးစည်းစသော ခေတ်ပြိုင် အိန္ဒိယဝတ်စားဆင်ယင်ပုံအတိုင်း ဝတ်ဆင်ထားကြသည်။ ဤရုပ်ကြွချပ်ကို မန္တလေးရှေးဟောင်းသုတေသနရုံးသို့ နမူနာအဖြစ်ယူဆောင်သွားခဲ့သည်။ *(ယခုပုဂံပြတိုက်တွင်ထားရှိ၏)*

ပုံအမှတ် (၂) (Plate XXXI, c) သည် ဘောင်ထောင့်လေးဖက်စလုံး ကျိုးပဲ့ပျက်စီးနေပြီး အလယ်စက်ဝန်း တစ်ကွက်စာသာကျန်ရှိသည်။ အောက်ဘက်ဘောင်နှုတ်ခမ်းအနီးတွင် ခြင်္သေ့တစ်ကောင်က လူတစ်ယောက်အပေါ် ဖမ်းစားတော့မည့်ဟန်ရှိပြီးလျှင် ထိုသတ္တဝါကောင်ကို လူနှစ်ယောက်က နောက်မှနေ၍ သံကြိုးတစ်ချောင်းနှင့် လည်ပင်း ကိုချည်နှောင်ကာ ထိန်းချုပ်ထားသည်။ ၎င်းတို့၏အထက်ပိုင်းတွင် နောက်ခြင်္သေ့တစ်ကောင်မာန်ဖီလျက်ရှိသည်။ ၎င်းကို လည်းလူနှစ်ယောက်တို့က လည်ပင်းမှာသံကြိုးချည်၍ အနောက်ကထိန်းချုပ်ထား၏။ သံကြိုးသည် အထက်ပိုင်းလူ၏ ညာဖက်လက်ပေါ်တွင်ရှိ၏။ ခြင်္သေ့သတ္တဝါ၏ပါးစပ်ကို မေးရိုးတစ်ဆုံးထိဟထားလျက် လူတစ်ယောက်ကိုသတ်စားတော့ မည့်အသွင်မျိုးရှိသည်။

ပုံ (၃) (Plate XXXI, a) တွင်ပြထားသော ရုပ်ကြွပုံသည် ဘယ်ဘက်အောက် နားပိုင်းကျိုးပဲ့ ပျက်စီးနေပြီး၊ ကျန်သောအစိတ်အပိုင်းမှာလည်း ကွဲအက်ပျက်စီးနေပါသည်။ ဤပုံမှာ မြင်းစီးချင်းထိုးသည့် တိုက်ပွဲပုံကို သရုပ်ဖော်ထား၏။ ပုံ၏ဘယ်ဘက်ပိုင်းတွင် မြင်းနှစ်စီးတို့သည် ညာဘက်သို့ရှေးရှုလှည့်နေပြီး၊ ကျောပေါ်တွင် စီးသူလူတစ်ယောက်စီပါကြ၏။ အောက်ဘက်က မြင်းပေါ်ရှိလူ၏ကိုယ်မှာ ဤပုံ၌ပျောက် နေ၏။ သူ၏လက်ထဲတွင် လက်နက်တစ်စုံတစ်ခုကိုကိုင်စွဲလျက် ရှေ့မှရန်သူကို ပစ်ခတ်တော့မည့်အသွင် မျိုးရှိသည်။ ပုံ၏ညာဘက်ခြမ်းတွင် စီးသူပါသော မြင်းသုံးစီးကိုအထက်နှင့် အောက်တစ်တန်းမြင်ရ၏။ အပေါ်ဆုံးမြင်းပုံမှာ ခေါင်းပိုင်းသာပါသည်။ ဦးခေါင်းကို ညာဘက်သို့လှည့်ကာထား၏။ မြင်းစီးသူက လက်တစ်ဖက်ဖြင့် မြင်း၏ဇက်ကြိုးကိုကိုင်ထားပြီး၊ ကျန်သောလက်တစ်ဖက်ကလည်း မိမိနောက်ကျောပေါ်ရှိ (ရန်သူ) မြင်း၏ဇက်ကြိုးကို လှမ်း၍ဆွဲနေသည်။ ထိုမြင်းကိုစီးနင်းသူ၏ ညာဘက်ခြေတစ်ပိုင်းသာမြင်ရ၏။ ၎င်း၏ကိုယ် အထက်ပိုင်းမှာ ခုတ်ဖြတ်ခြင်းခံလိုက်ရပြီဖြစ်သည်။ အလယ်မှမြင်းတစ်စီးသည် ဘယ်ဘက်ဆီသို့ ခုန်ပေါက်ကာ ပြေးဝင်နေပါသည်။ ၎င်းကို စီးနင်းသူသည် ဘယ်လက်ဖြင့်ဇက်ကြိုးကို ကိုင်ဆွဲထားပြီး ညာလက်တွင် အမျိုးအမည် မသိရသောလက်နက်တစ်ခုကို ကိုင်စွဲလျက်ထားသည်။ အောက်ဆုံးမှ မြင်းတစ်ကောင်မှာလဲကျနေလျက်ရှိ၏။ သူ၏ အခြားတစ်ပိုင်းမှာ ရှုံ့ပြားဘောင်ကျိုး၌ ပါသွားခဲ့ပြီဖြစ်၏။ သူ့ကိုစီးနင်းသူမှာလည်း မြင်းကျောပေါ်က ပြုတ်ကျသွား ခဲ့ပြီဖြစ်ဟန်တူ၏။ မြင်းအားလုံးတို့တွင် ကုန်းနီးအဆင်တန်ဆာအပြည့်အစုံဝတ်ဆင်ပေးထားသည်။ ဤရုပ်ကြွပြား၏ အထက်ဘောင်ပေါ်တွင်ပန်းရံဆရာ၏ အမှတ်အသားကိုတွေ့ရသည်ဟုဆိုပါသည်။

ပုံ (၄) (Plate XXXII, b) တွင်ဖော်ပြထားသည့်ပုံသည် ချပ်ဝတ်တန်ဆာအပြည့်အစုံ ခြယ်လှယ်ဝတ်ဆင် ထားသော ဆင်များနှင့် စီချင်းထိုးတိုက်ပွဲပုံ မြင်ကွင်းပင်ဖြစ်သည်။ ရုပ်ပုံများမပီမသနှင့် များစွာမှုံဝါးဝါးရှိ၏။ လက်ဝဲဖက်တွင် ဆင်နှစ်စီးအထက်နှင့် အောက်ညာဘက်သို့ မျက်နှာမူထား၏။ ဆင်ကျောပေါ်၌ လူနှစ်ယောက်စီပါရှိကြ၏။ အောက်ဘက်

ဆင်ဦးစီးနှစ်ယောက်အနက် ဆင်ကျောကုန်းမှ လူသည်ခြေဆန့်ထားပြီး ခေါင်းကိုအနောက်ဘက်သို့ လှည့်ကာမျက်နှာမူထားသည်။ ဆင်ဦးခေါင်းပေါ်ကလူသည် ခြေချိတ်ထိုင်လျက်ရှိပြီး လက်နှစ်ဖက်စလုံးနောက်သို့ လန်ကာပြုတ်ကျတော့မည့်ဟန်ရှိသည်။ ၎င်းအထက်က ဆင်ပေါ်မှလူနှစ်ယောက်အနက် ဆင်ဦးကင်းမှလူသည်ဦးစီးဖြစ်မည်။ ဆင်ကိုမောင်းနှင်လျက်ရှိ၏။ ဆင်ကျောပေါ်မှလူသည် ဒူးတစ်ဘက်ထောက်ပြီး ထိုင်လျက်အောက်ဆင်ပေါ်က ပြုတ်ကျတော့မည်လူကို လှမ်းဆွဲတော့မည့်အသွင်ရှိသည်။

လက်ယာဘက်က ဆင်နှစ်စီးတို့သည် ဘယ်ဘက်ကိုမျက်နှာမူထားကြ၏။ အထက်နှင့်အောက်ထပ်လျက်နေသည်။ စီးသူလူနှစ်ယောက်စီပါ၏။ အထက်ဆင်ပေါ်ကလူ၏ လက်တစ်ဖက်မှာ တစ်စုံတစ်ခုပစ်ပေါက်တော့မည့်ဟန်ရှိသည်။ ဦးကင်းပေါ်မှ မထင်မရှားမြင်ရသောလူသည် ဆင်ဦးစီးဖြစ်ဟန်တူ၏။ အောက်ဘက်ကဆင်၏ လည်ပင်းတွင် ထိုင်နေသူမှာ ရှေ့သို့စူးစိုက်ပြီးကြည့်နေသည်။ ဆင်ကျောကုန်းပေါ်မှ လူသည်လည်း လက်နှစ်ဖက်ကိုရှေ့သို့ ဆန့်ထုတ်ကာထားလျက်ရှိ၏။ ဤရုပ်ကြွချပ်၏အထက်ဘောင်ပေါ်တွင် စာအရေးအသားပါရှိကြောင်း တွေ့ရသည်ဆို၏။

ပုံအမှတ် (၅) (Plate XXXII, C) ပွန်းတီးမှုများသည့် အကျိုးတစ်ပိုင်းဖြစ်၏။ ထိပ်ပိုင်းထောင့် စွန်းနှစ်ဖက်နှင့် အောက်ခြေဘယ်ဘက်ပိုင်းတို့ မရှိတော့ပေ။ အလယ်တွင် လူနှစ်ယောက်မျက်နှာချင်းဆိုင်ကာ ရပ်လျက်လက်ဝှေ့ လက်ပမ်းသတ်ရန်အဆင်သင့်ဖြစ်နေ၏။ လက်ယာဘက် လက်ဝှေ့သမား၏အနီးရှိ လူတစ်ယောက်မှာ ပွဲကြည့်ပရိတ်သတ်တစ်ဦးဖြစ်၏။ ထိုသူ၏ဦးခေါင်းပိုင်းနှင့် ခြေအောက်ပိုင်းတို့ကို သာမြင်ရသည်။ ၎င်းတို့အထက်၌ လူနှစ်ယောက်ရှိသည်။ တစ်ဦးကဘယ်ဘက်မှနေ၍ ဘယ်လက်ကို မြှောက်ထားပြီး ယှဉ်ပြိုင်ထိုးသတ်မည့်သူတို့ကို အချက်ပြနေသည့်အသွင်ရှိသည်။ ကျန်တစ်ယောက်မှာ ခရုသင်းကိုမှုတ်လျက် လက်ဝှေ့ပွဲစတင်ပြီဖြစ်ကြောင်း ကြေငြာသည့်ပုံဖြစ်ပါသည်။

ဒူရွိုင်ဇယ်သည် ကြံ့တူဘုန်းတော်ကြီးကျောင်းဆရာတော် စုဆောင်းသိမ်းဆည်းထားသော မြေမီးဖုတ်ရုပ်ကြွချပ်များမှ နမူနာကောင်းရယူနိုင်သည့် ရုပ်ကြွချပ်များကိုရွေးချယ်လျက် မှတ်တမ်းတင်ခြင်းကို ဦးစွာဆောင်ရွက်ခြင်းပြုပြီးနောက် ဘုရားတံတိုင်းမှ အုတ်ကျိုးအုတ်ပဲ့တို့အစုအပုံများကို ကိုယ်တိုင်ကိုယ်ကျရှင်းလင်းခြင်းပြုပါသည်။ ထိုအခါ တောင်ဘက်တံတိုင်းတွင် အကောင်းပကတိနီးပါး ကြွင်းကျန်လျက်တွေ့ရသော ရုပ်ကြွချပ်နှစ်ချပ်ကို တံတိုင်းနံရံမှ ၃ ပေခန့်အကွာ၌ ရှာဖွေတွေ့ရှိခဲ့သည်။ (Plate XXXIII, a) ဤရုပ်ကြွနှစ်ချပ်မှာ တံတိုင်းနံရံတွင် မူရင်းမူလအတိုင်း ကပ်စီလျက်ထားသည်ကို (in-situ)တွေ့ခဲ့ ရခြင်းဖြစ်သည်။ ကြံ့တူဘုရားတံတိုင်းတွင် ဤရုပ်ကြွချပ်များ မည်ကဲ့သို့တန်ဆာဆင်ခြယ်လှယ်ပူဇော်ထားပုံကို ဖော်ပြသည့် အထောက်အထားကိုတွေ့ရခြင်းလည်းဖြစ်၏။



*ကြံ့တူဘုရားနှစ်ဆူ မဟာရံတံတိုင်းမူလစဥ့်ကွင်းပုံများ*



*ကြံ့တူမှ ဂဝံခြင်္သေ့ကြီးများ*

တံတိုင်းနံရံလက်ယာဘက်တွင် ကပ်စီထားသောရုပ်ကြွချပ်မှာ ကဆုန်ပေါက်ပြေးနေသည့် မြင်းလေးကောင်ပုံဖြစ်သည်။ ကုန်းနှီး၊ ချပ်ဝတ်တန်ဆာအပြည့်အစုံ ဆင်ယင်ထားလျက်၊ စီးနင်းသူလူ တစ်ယောက်စီပါရှိ၏။ လက်ဝဲဘက်မှ ကပ်စီထားသည့် ရုပ်ကြွပုံမှာလည်း မြင်းစီးလူရုပ်ပုံများပင်ဖြစ်သည်။ ထိုပုံ၏အောက်ခြေဘောင်အနီး၌ မြင်းတစ်ကောင်သည် ဘယ်ဖက်သို့လှည့်လျက်ရပ်နေသည်။ ၎င်း၏ ရှေ့မှမြင်းတစ်ကောင်ပုံကိုမူ ညာဖက်သို့လှည့်နေသည့် ဦးခေါင်းပိုင်းသာမြင်နိုင်၏။ ၎င်းတို့၏အထက် အနီးကပ်လျက်နေရာတွင် မြင်းနှစ်စီးတို့ ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲတိုက်ခိုက်နေပုံသရုပ်ဖော်ထား၏။ ဘယ်ဘက်မြင်းကို စီးနင်းထားသော သူရဲကောင်းသည်သူ၏ညာလက်ကို ရှေ့သို့ထုတ်ကာပစ်ခတ်တိုက်ခိုက် နေပုံရှိသည်။ ဘယ်လက်မှာမူ မြင်း၏ဇက်ကြိုးကို ကိုင်ဆွဲထား၏။ ရုပ်ပုံအားလုံးတို့၏ အထက်ပိုင်း၊ ရုပ်ပြချပ်၏ဘောင်ထိပ်ပိုင်းတွင်လည်း နောက်ထပ်မြင်းတစ်ကောင်ရှိသေး၏။ ၎င်း၏ ဦးခေါင်းပိုင်းကိုသာ ဖော်ပြထား၏ (Duroisclle, 1937-p. 82)။ တံတိုင်းခြေရင်းမှ အုတ်ကျိုးအစုအပုံကို ရှင်းလင်းသည့်အခါတွင်လည်း အခြားရုပ်ကြွချပ် အစိပ်အပိုင်းအချို့ ထွက်ပေါ်လာခဲ့သည်ဟုသိရ၏။ ထိုရုပ်ကြွပုံတို့ကို ဒူရွိုင်ဇယ်က ၎င်း၏အစီရင်ခံစာတွင် (Plate XXXII, t) နှင့် (Plate XXXIII, b) တို့ဖြင့် အစီရင်ခံတင်ပြခဲ့ပါသည်။

ပုံ (၇) (Plate XXXII, f)သည် အကျိုးတစ်ပိုင်းသာဖြစ်၏။ လူရုပ်ပုံတစ်ခုကို ဦးခေါင်း၊ လည်ပင်း၊ ညာဖက်ပုခုံးနှင့် လက်မောင်းအစိပ်အပိုင်းမျှသာတွေ့ရသည်။ မျက်နှာမှာလည်းများစွာ ပွန်းပဲ့ပျက်စီးနေ၏။ လည်ပင်းတွင်ပုတီး၊ လည်ဆွဲတစ်ကုံးဆင်ယင်ထားပြီး၊ ဦးခေါင်းတွင်အိန္ဒိယတိုင်းသားတို့ ခေါင်းပေါင်းပုံစံအတိုင်း ဆင်ယင်ထားရှိသည်။ ညာဖက်လက်သည် အထက်သို့မတင် ကွေးမြှောက်လျက် ခေါင်းစီးအဆင်တန်ဆာကို ထိကိုင်ကာထား၏။ ဤရုပ်ပုံမှာ စာအရေးအသားကို မတွေ့ရဟုဆိုပါသည် (Duroiselle, 1937, p. 82)။

ပုံအမှတ် (၈) (Plate XXXIII, b) သည် အုတ်ကျိုးအစုအပုံထဲမှ ဖော်ယူရရှိခဲ့သောမြေမီးဖုတ် ခြင်္သေ့ရုပ်တုအကျိုးအပဲ့တစ်ပိုင်းပုံဖြစ်၏။ ၎င်းသည် ဆောင့်ကြောင့်ထိုင်လျက်နေပုံဖြစ်၍နောက်ခြေတစ်စုံမှာ ပျောက်ဆုံးသွားပြီဖြစ်၏။ ရှေ့ခြေတစ်စုံ၏ အောက်ပိုင်းတို့မှာလည်း ပျောက်ဆုံးသွားပြီး၊ အောက်မေးရိုးနှင့် နှာခေါင်းတို့လည်းကျိုးပဲ့နေပါသည်။ လည်ဆံမွေးကိုမူသိသာထင်ရှားစွာတွေ့နိုင်ပါသည်။



*ကြံ့တူမှ မြေမီးဖုတ်ပန်းပုံစံ*
*၎င်းပုံစံနှင့်တူသော မြေမီးဖုတ်ပန်းတန်းကို ဝင်းကဥ်လည်း တွေ့ရပါသည်။*

အကောင်းပကတိနီးပါးတွေ့ရသည့် ရုပ်ပုံအချို့ကျန်ပါသေးသည်။ ပုံအမှတ် (၉) (Plate XXXII, d) သည် ကခုန်မြူးတူးပျော်ရွှင်နေဟန် သရုပ်ဖော်ပြကွက်တစ်ခုဖြစ်၏။ အလယ်ခေါင်နေရာတွင် လူယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက် (လက်ျာဘက်) တို့ကခုန်နေကြသည်။ လက်ယာ ဘက်ခြမ်းရှိ ယောက်ျားတစ်ယောက် လေမှုတ်တူရိယာပစ္စည်းတစ်မျိုး တီးမှုတ်နေပုံမှာများစွာပျက်စီးသွားပါပြီ။ ပွဲကြည့်လာသူ အမျိုးသမီးနှစ်ဦးတို့၏ ပုံကို ၎င်းတို့အထက်က ဘောင်ထိပ်နားတွင် မြင်တွေ့နိုင်ပါသည်။ ဤရုပ်ကြွချပ်၏ဘောင်ပေါ်တွင် ပန်းရံဆရာ၏ အမှတ်အသားကို ရေးထိုးထားကြောင်းတွေ့ရသည်ဟုဆိုပါသည်။

ပုံအမှတ် (၁၀) (Plate XXXIII, e) သည် နှစ်ပိုင်းကျိုးပဲ့ပျက်စီးနေ၏။ ပုံတွင်လက်ယာဘက် ထောင့်က တစ်စိပ်ကျိုးပဲ့နေသည်ကို ပြန်လည်ဆက်စပ်ပြီးမြင်ရသည်။ အကယ်၍သာ ဤရုပ်ကြွချပ်ကို အကောင်းပကတိ ရခဲ့မည်ဆိုလျှင် အလွန်အဖိုးတန်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းဘောင်အတွင်း၌ သရုပ်ဖော်ထားသည့် မြင်းစီးတိုက်ပွဲပုံမှာ ပုံ (၆) (Plate XXXIII, a) တွင်တွေ့ရသော မြင်းစီးတိုက်ပွဲပုံထက်ပို၍ ပီပီပြင်ပြင်ရှိပြီး၊ ရှင်းလင်း ပြတ်သားမှုလည်းရှိခြင်းကြောင့်ဖြစ်၏။ ပုံ (၆) (Plate XXXII, a) ၏ မိတ္တူတစ်ချပ်လည်းမဟုတ်ပေ။ အခြားသော မြင်းစီးတိုက်ပွဲတစ်နေရာကို သရုပ်ဖော်ထားသည့် သဘောမျိုးရှိပါသည်။ ၎င်းရုပ်ကြွချပ်အထက်ဘောင်၌ ဂဏန်းအရေ အတွက် အက္ခရာအမှတ်အသားကို တွေ့ရသည်ဟုဆို၏။

ကြံ့တူဘုရားတောင်ဘက်မဟာရံတံတိုင်းသည် အလျားပေ ၂၄၀ ရှိ၏။ သို့သော်၎င်း၏ပဓာနကျသော အစိပ်အပိုင်းတို့သည် ကပ်စီထားသည့် ရုပ်ကြွချပ်များနှင့်အတူ ပြိုကျသွားခဲ့ပါပြီ။ သို့ဖြစ်၍အုတ်ပုံ အပြိုအပျက်အကြားမှ ရုပ်ကြွချပ်များကိုဖော်ယူခဲ့ရခြင်းဖြစ်သည်။ ၎င်းတံတိုင်းအနောက်တောင်ထောင့်မှ ပေ ၁၉၀ ခန့်အကွာတွင် အလျားပေ ၃၃ ပေ ခန့်စီရှိကြသော တောင်နှင့်မြောက် တန်းလျက်နေသည့် အုတ်တံတိုင်းမျဉ်းပြိုင်နှစ်ခုသည် တောင်ဘက်မဟာရံကို ထိပ်တိုက်အနေအထားဖြင့် တည်ရှိသည်။ ၎င်းတံတိုင်းတို့၏ အရှေ့ဘက်ခြမ်းတွင် မူရင်းမူလအတိုင်းကပ်စီလျက်ကြွင်း ကျန်နေသော ရုပ်ကြွချပ်နှစ်ချပ် တို့ကိုတွေ့ရခြင်းဖြစ်သည်ဟုဆို၏။ (Plate XXXIII, a) (ပုံ-၆)။ ယင်းတို့အနက်မှ ကွာကျလုနီးပါး အခြေအနေရှိသည့် (မြင်းစီးတိုက်ပွဲ) ရုပ်ကြွပုံတစ်ချပ်ကို မန္တလေးရှေးဟောင်းသုတေသနရုံးသို့ နမူနာ အဖြစ် ယူဆောင်သွားခဲ့သည်ဟု ဆိုပါသည်။ (Duroiselle 11937-p. 83)



*ကြံ့တူမြေမီးဖုတ် အနုပညာ လက်ရာတစ်ပိုင်း*

ဒူရွိုင်ဇယ်သည် သတ်မှတ်ရည်ရွယ်ထားသော ကွင်းဆင်းရက်လည်းကုန်ဆုံးပြီး မိမိတွင်ရှိသော သတ်မှတ်ပေးထားသည့် ရံပုံငွေမှာလည်း ကုန်သွားပြီဖြစ်သောကြောင့် ကြံ့တူတွင်ကွင်းဆင်းရှာဖွေခြင်း၊ တူးဖော်ခြင်းလုပ်ငန်းများကို ဤမျှသာဆောင်ရွက်နိုင်ခဲ့သည်။ ဆက်လက်လုပ်ကိုင်ရန် လုပ်ငန်းများရှိနေသေးသဖြင့် လာမည့်နှစ်ရောက်သည့် အခါ ထပ်မံကွင်းဆင်းရန် စီစဉ်ဆောင်ရွက်ရဦးမည်ဟု ၎င်းအစီရင်ခံစာတွင် ဖော်ပြထားပေသည်။

ဒူရွိုင်ဇယ်သည် ကြံ့တူမှမန္တလေးသို့မပြန်မီရသည့်အချိန်ကလေးမှာပင် ပတ်ဝန်းကျင်ကိုလည့်ပတ်စစ်ဆေးခြင်းကိုလည်းပြုခဲ့သည်။ ကြံ့တူရွာတွင်စပါးစိုက်လယ်ကွင်းများ အကြိုအကြားနေရာတို့၌ တူးဖော်သုတေသနလုပ်ငန်းဆောင်ရွက်ရန် သင့်တော်ကောင်းမွန်သော အုတ်ကုန်းပောင်းများစွာကို မိမိတွေ့ခဲ့ရကြောင်း အစီရင်ခံတင်ပြထားသည်ကိုလည်း တွေ့ရပါသည်။ ယင်းတို့အနက် “လက်ခုပ်ပင်ကုန်း” ဟုခေါ်သောအုတ်ကုန်းပောင်းမှာ ကြံ့တူဘုရား၏ အရှေ့ဘက်တစ်ဖာလုံခန့် အကွာ၌ရှိပါသည်။ ထိုကုန်းပေါ်မှ အထက်တွင်ဖော်ပြပြီးသော မြေမီးဖုတ်ရုပ်ကြွချပ်တို့နှင့် ဆင်တူအမျိုးအစားဖြစ်သော ရုပ်ကြွချပ်အကျိုး တစ်ပိုင်းကိုတွေ့ရသည်ဟုဆို၏။ အောက်ပိုင်းတစ်ခြမ်းမပါတော့သော ၎င်းရုပ်ကြွအထက်တစ်ပိုင်းမှာ ဆင်လေးကောင်တို့၏ ဦးခေါင်းပိုင်းနှင့် ကိုယ်ပိုင်းပုံများကိုဖော်ပြထားပါသည်။ ပုံ (၁၁) (Plate XXXIII, e) ဆင်စီးချင်းတိုက်ပွဲပုံမျိုးမဟုတ်သဖြင့် ၎င်းဆင်တို့မှာ ဆင်ကတန်ဆာပလာများကိုမတွေ့ရပေ။

ကြံ့တူကျောင်းဆရာတော်ထံတွင် သိမ်းဆည်းထားသော အုတ်ခွက်ဘုရားနှစ်ဆူကိုလည်း တွေ့ခဲ့ရသည်ဟု ဆိုပါသည်။ တစ်ဆူမှာ အမြင့် ၄ လက်မ၊ ဗျက် ၂ လက္မအရွယ်ရှိ၍ ကျန်တစ်ဆူမှာအမြင့် ၃ ၁/၂ လက်မနှင့် ဗျက် ၂ လက္မအရွယ်ရှိပါသည်။ အရွယ်ငယ်အုတ်ခွက်ကို ပုံထုတ်ပေးသောရွံ့ပုံစံခွက် (Clay mould) တစ်ခုကိုလည်းတွေ့ခဲ့ရသည်။ အုတ်ခွက်ရုပ်ပွားတို့၏ အသွင်အပြင်မှာ ပလ္လင်ပေါ် တွင်ခြေထပ်လျက်ထိုင်တော်မူ ဗုဒ္ဓပုံတော်ဖြစ်၍ မြေကြီးကို သက်သေတည် ဟန်ဘူမိဖဿမုဒြာဟန်မျိုးဖြစ်ပါသည်။ ဗုဒ္ဓဂါယာမဟာဗောဓိကျောင်းတော်တွင် သီတင်းသုံးသည့်ပုံစံဖြစ်သည်။ အရံစေတီငယ်နှစ်ဆူစီကို တစ်ဆူပေါ်တစ်ဆူထပ်ဆင့်လျက် ပလ္လင်၏ဘေးတစ်ဖက်တစ်ချက်စီတွင်ရံထားသည်။ ဤရုပ်ပွားတော်များ နှင့် ရွံ့ပြားပုံစံခွက်တို့ကို ကြံ့တူဘုရားအား အသစ်မွမ်းမံခဲ့စဉ်က အုတ်ကျိုးများကို ရှင်းလင်းစဉ်တွေ့ခဲ့ရ ခြင်းဖြစ်ကြောင်း သိရသည်ဟုဆို၏။ အုတ်ခွက်ပေါ်တွင်စာအရေးအသားတစ်စုံတစ်ရာ မတွေ့ရသဖြင့်



*ကြံ့တူစဥ့်ကွင်း အကျိုးတစ်ပိုင်းပုံ စဥ့်ကွင်းထောင့်နေရာရှိ ကနုတ်ပန်းနှင့် တံဆိပ်ပုံတို့ကို ဝင်းကစဥ့်ကွင်းများ၌ လည်းတွေ့ရသည်ဖြစ်၍ ယဉ်ကျေးမှုချင်းတူသည့် သုဝဏ္ဏဘူမိ ယဉ်ကျေးမှုများသာဖြစ်သည်။*

ခေတ်ကိုခန့်မှန်းနိုင်ခြင်းမရှိပေ။ ဤပုံစံမျိုးနှင့် ဆင်တူအုတ်ခွက်များကို ပုဂံမြို့ဟောင်းတွင်လည်း အမြောက်အများတွေ့ ရကြောင်း ဒူရွိုင်ဇယ်ကအစီရင်ခံခဲ့ပါသည် (Durosiselle, 1937- p. 83)။

ဒူရွိုင်ဇယ်သည် ကြံ့တူမှမွန္တလေးသို့ ပြန်ရောက်ပြီးနောက် ဒီဇင်ဘာ ၁၁ရက်မှ ၁၄ ရက်အထိ ပခုက္ကူခရိုင်၊ ပုခန်းကြီးသို့ခရီးထွက်ခဲ့ကြောင်း ၎င်း၏အစီရင်ခံစာ၌ ဖော်ပြထားသည်ကို တွေ့ရသဖြင့်ကြံ့တူသို့ ခရီးထွက်ခဲ့ချိန်မှာ ထိုနှစ် ၁၉၃၆-ခုနှစ်နိုဝင်ဘာလ အတွင်းဖြစ်နိုင်ပါသည်။ အောက်မြန်မာနိုင်ငံတွင် ဆန်စပါးရိတ်သိမ်းချိန်ခြောက်သွေ့ ရာသီဖြစ်ပါသည်။ ကြံ့တူဒေသမှာ မိုးရာသီဆိုလျှင်လယ်ကွင်းပြင်နှင့် ချောင်းမြောင်းများ ရေပြည့်လျှံနေသည်ဖြစ်၍ အသွားအလာခက်ခဲပြီး တူးဖော်သုတေသနလုပ်ငန်းကဲ့သို့ အလုပ်မျိုးကိုလည်းလုပ်ကိုင်နိုင်ရန်ခဲယဉ်းပေမည်။ ကြံ့တူ ဘုရားကုန်းမှာမူ ရေလွတ်သောဂဝံမြေခံကုန်းကြီးတစ်ခုဖြစ်ပါသည်။ ၎င်း၏ အရှေ့တောင်ဘက်တွင်ရှိသော လက်ခုပ်ပင် ကုန်း၊ နွားကျောင်းသားဘုရားကုန်း၊ ခလွန်ဘုရားကုန်းစသည်တို့လည်း ရေလွတ်ကုန်းကြီးများအဖြစ် လယ်ကွင်းပြင်ထက်၌ ထီးထီးမားမားတွေ့မြင်နိုင်၏။ ထိုကုန်းများကို တူးဖော်သုတေသနပြုရန် ဒူရွိုင်ဇယ်ကိုယ်တိုင်အားခဲထားဟန်ရှိ၏။ သို့သော် လည်း ၎င်းတူးဖော်ခဲ့သော ပုဂံနှင့်သရေခေတ္တရာမြို့ဟောင်း တူးဖော်သုတေသနကုန်းများကဲ့သို့ အောက်မြန်မာနိုင်ငံ၊ ကြံ့တူဒေသတွင် တစ်ကုန်းတစ်လေမျှ တူးဖော်လေ့လာနိုင်ခဲ့ခြင်းမရှိခဲ့ ခြင်းမှာ၊ သုဝဏ္ဏဘူမိ၊ သထုံဒေသသုတေသန လုပ်ငန်းအတွက် ယခင်ကပင် ကံဆိုးခဲ့ခြင်းပေလားဟု တွေးတောစရာဖြစ်ခဲ့ပေသည်။ ဒူရွိုင်ဇယ်ရောက်လာသည့် ၁၉၃၆-ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် ၁၉၄၅-ခုနှစ်အထိ ကြံ့တူဒေသကို သုတေသီတို့ အရောက်အပေါက် မရှိခဲ့ကြတော့ပေ။

# လွတ်လပ်ပြီးခေတ် သုဓမ္မတတိ

## ဦးလှုဖေဝင်း

ဦးလှုဖေဝင်းသည် ၁၉၃၉-ခုနှစ်မတ်လ (၃) ရက်နေ့တွင်ကမ္ဘည်းကျောက်စာဝန်ဖြစ်လာခဲ့သည်။ များမကြာမီ ၁၉၄၁-ခုနှစ်တွင် ကမ္ဘည်းကျောက်စာရုံးကိုမန္တလေးမှ ပုဂံသို့ရွှေ့ပြောင်းသည်။ စစ်ကြီးကာလအတွင်း ၁၉၄၆-ခုနှစ် အထိပုဂံမှာပင် ရုံးစိုက်၍ ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရသည်။ မန္တလေးသို့ရောက်သွားသော ကြံ့တုဘုရားမှ မြေမီးဖုတ်ရုပ်ကြွချပ်နှစ်ချပ်မှာလည်း မန္တလေးမှပုဂံသို့ ရွှေ့ပြောင်းသည့်ထဲပါသွားခဲ့ပြီး၊ ၁၉၄၆-ခုနှစ်ဇွန်လ တွင် မန္တလေးသို့ရုံးကို ရှေးဟောင်းပစ္စည်းများပြန်လည် ပြောင်းရွှေ့သည့်အခါ ပုဂံမှာပင်ကျန်ရစ်ခဲ့ပေသည်။ ယခုပုဂံ ပြတိုက်တွင်ရှိကြောင်းသိရ၏။

လွတ်လပ်ပြီးခေတ်ရောက်သည့်အခါ ၂၄၊ ဇန္နဝါရီ ၁၉၄၈ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသနဌာန (ကမ္ဘည်းကျောက်စာဌာန) ကြီးကြပ်မှုဖြင့် ပဲခူးမြို့ရွှေမော်ဓော (ငလျင်ဒဏ်သင့်) ဘုရားကြီးအားအကြီးစား ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြောင်းသိရသော်လည်း၊ ဝေါမြို့နယ်ကြံ့တုရွာမှ ဘုရားများကိုဆက်လက်၍ သုတေသနလုပ်ရန် ကြံရွယ်ခဲ့ သောဒူရွိုင်ဇယ်၏ ၁၉၃၆-ခုနှစ်ကသုတေသန လုပ်ငန်းအစီအစဉ်ကို သူ၏တပည့်တစ်ဦးဖြစ်သူ ဦးလှုဖေဝင်းက ဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပေ။

"ကမ္ဘည်းကျောက်စာဌာန" အမည်ကို "ရှေးဟောင်းသုတေသနဌာန" အဖြစ် ၁၊ နိုဝင်ဘာ၊ ၁၉၅၄-ခုနှစ် တွင်ပြောင်းလဲလာခဲ့ပြီးနောက် (၄) နှစ်ခန့်အကြာတွင် မြန်မာနိုင်ငံတက္ကသိုလ်များမှ ဘွဲ့ရလူငယ်တစ်စုကို သုတေသန ဝန်ထောက်ရာထူးများခန့်ထားသည်။ နိုင်ငံခြားသို့လည်း တူးဖော်ရေးနှင့် ထိန်းသိမ်းရေး သင်တန်းများ တက်ရောက် စေသည်။ ၎င်းတို့ပြန်လည်ရောက်ရှိလာသည့်အခါ

- ၁၁-ဇွန်၊ ၁၉၅၉ ခုနှစ်မှ ၁၊ စက်တင်ဘာ၊ ၁၉၅၉ ခုနှစ်အထိ ဗိဿနိုးမြို့ဟောင်း၊ (ဦးအောင်သော်) တူးဖော်မှု၊
- ၁၁၊ ဒီဇင်ဘာ ၁၉၅၉ ခုနှစ်မှ ၄၊ မတ်၊ ၁၉၆၀ ခုနှစ်အထိဗိဿနိုးမြို့ဟောင်း (ဦးအောင်သော်) တူးဖော်မှု၊
- ၂၇ ဩဂုတ်၊ ၁၉၆၀ ခုနှစ်မှ ၂၉ စက်တင်ဘာ၊ ၁၉၆၀ ခုနှစ်အထိ ဗိဿနိုးမြို့ဟောင်း (ဦးမြင့်အောင်၊ ဦးဗိုကေ) တူးဖော်မှု၊
- ၁၅၊ ဇန္နဝါရီ၊ ၁၉၆၁-ခုနှစ်မှ ၂၀၊ မတ်၊ ၁၉၆၁ ခုနှစ်အထိ ဗိဿနိုးမြို့ဟောင်း (ဦးအောင်သော်) တူးဖော်မှု၊
- ၂၂၊ ဇန္နဝါရီ၊ ၁၉၆၂-ခုနှစ်မှ ၁၉၊ မတ်၊ ၁၉၆၂ ခုနှစ်အထိ ဗိဿနိုးမြို့ဟောင်း (ဦးစိန်အောင်ဦး) တူးဖော်မှု၊
- ၂၄၊ အောက်တိုဘာ၊ ၁၉၆၂-ခုနှစ်မှ ၃၊ ဧပြီ၊ ၁၉၆၃ ခုနှစ်အထိ ဗိဿနိုးမြို့ဟောင်း (ဦးမြင့်အောင်) တူးဖော်မှု၊
- ၁၉၆၃-ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိဟန်လင်းမြို့ဟောင်း (ဦးမြင့်အောင်) တူးဖော်မှု၊
- ၁၉၆၈-ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိတကောင်းမြို့ဟောင်း (ဦးသန်းဆွေ) တူးဖော်မှု၊
- ၁၉၇၁-ခုနှစ်ဖေဖော်ဝါရီမှ ၁၉၇၂ ခုနှစ် ဇန္နဝါရီအထိ တောင်သမန် (ဦးစိန်မောင်ဦး) တူးဖော်မှု

၁၉၇၃-ခုနှစ် ဇန္နဝါရီတွင် လက်ပံချောင် (ဦးမြင့်အောင်) တူးဖော်မှုတို့ကို ဆက်တိုက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါသည်။ ထိုအချိန်အထိလည်း ပဲခူးတိုင်းဝေါမြို့နယ်၊ ကြံ့တုရွာဘုရားကုန်းများကို တူးဖော်သုတေသန ဆောင် ရွက်ခဲ့ခြင်းမရှိခဲ့ပေ။

အောက်မြန်မာနိုင်ငံသထုံဒေသတွင် တူးဖော်မှုလုပ်ငန်းကို ၁၉၇၅ ခုနှစ်ဇန္နဝါရီလ (၂၄) ရက်မှစ၍ သထုံ ခရိုင်ဘီးလင်းမြို့နယ် အယက်သည်မရွာတွင်ဦးအောင်မြင့်က စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၇၆-ခုနှစ် ဖေဖေါ်ဝါရီလ ၅ ရက်နေ့မှ၊ ၁၉၇၈ ခုနှစ်ဖေဖေါ်ဝါရီလ-(၇) ရက်နေ့အထိ၊ ဝင်းကရွာတွင် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်က တူးဖော်သုတေသနလုပ်ငန်းအစီအစဉ်တွင်လည်း ကြံ့တူဘုရားကုန်း များမပါခဲ့ပါပေ။ ဒူရွိုင်ဇယ် (၁၉၃၆) လက်ထက်မှစ၍ ယနေ့အချိန်ကာလအထိ ကြံ့တူယဉ်ကျေးမှုသည် စစ်တောင်းမြစ်ဝှမ်း နုံးမြေနုလွင်ပြင်တွင် နစ်မြုပ် နေဆဲဖြစ်ပါသည်။

မည်သို့ဖြစ်စေကာမူ ဒူရွိုင်ဇယ်ဖော်ထုတ်ပေးခဲ့သော ကြံ့တူယဉ်ကျေးမှုပစ္စည်းများသည် သမိုင်းဝင်အထောက် အထားများဖြစ်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်အရှေ့တိုင်းသမိုင်းလေ့လာသူ ပါမောက္ခဂျီ၊ အိပ်ချ်၊ လုစ်သည်၎င်း၏ Phase of Pre-Pagan Burma စာအုပ်အတွဲ (၁)တွင် ကြံ့တူမြေမီးဖုတ် ရုပ်ကြွချပ်များအကြောင်း ဓါတ်ပုံများနှင့် တကွ ပြန်လည်ဖော်ပြသည်။ (Luce, 1985, Plate 77, a, b, 78, a, b, c, 79, a, b, c, d, 80, a, b, c, d; 81, a, b, c, d and e) ထို့အပြင် ဒူရွိုင်ဇယ်၏ ၁၉၃၆-၃၇ ခုနှစ် အစီရင်ခံစာတွင် မတွေ့ရသော ကြံ့တူရုပ်ကြွချပ်တစ်ချပ်ကိုလည်း ဖော်ပြထား၏ (Luce, 1988, Plate 78, b)။

*(ဦးအောင်မြင့် ရှေးဟောင်းအုတ်ခွက်ရုပ်ပွား ဆင်းတုတော်များ၊ အတွဲ(၁)၌ လည်းရှုပါ)*

၎င်းရုပ်ကြွချပ်သည် (၁၀ ၁/၂'' × ၈ ၁/၂'' × ၅'') အရွယ် ရှိပြီးကြံ့တူရွာ လက်ခုပ်ပင်ကုန်း ဘုရားမှ တွေ့ရကြောင်း ဒူရွိုင်ဇယ် (ASB, 1938, p. 11) ကိုကိုးကားလျက်ဖော်ပြသည်။ ၎င်းဖော်ပြချက်အရ ဒူရွိုင်ဇယ်သည် မိမိစိတ်တွင်ရည်မှန်းထားသည့်အတိုင်း နောက်တစ်နှစ်အကြာ (၁၉၃၇-၃၈) ကွင်းဆင်းရာသီအတွင်းကြံ့တူသို့ တစ်ခေါက် ပြန်ရောက်ခဲ့ကြောင်းသိရ၏။

လုစ်၏စာအုပ်ပါ ကြံ့တူ (လက်ခုပ်ပင်ကုန်း) ရုပ်ကြွချပ်သည် ထူးခြားမှုရှိပါသည်။ ရုပ်ကြွချပ်၏ လေးထောင့် ပုံဘောင်၏အတွင်းက ဗဟိုစက်ဝိုင်းထဲ၌ အဝိုင်းပုံစက်ဝန်းသုံးထပ်အရစ်ကွင်းများပါသည်။ ၎င်းတို့အတွင်းရှိ ရုပ်ပုံမှာခြင်္သေ့ဦးခေါင်းပုံဖြစ်၏။ ပါးစပ်ကိုခပ်ကျယ်ကျယ်ဟထားပြီး ထိုပါးစပ်အတွင်းမှ ရေများထွက်လျက် စီးကျနေပုံ ဖြစ်သည်။ ဤရုပ်ပုံသည် ဟိမဝန္တာတောင်တန်းပေါ်တွင်ရှိသည်ဆိုသော နာမည်ကျော်အနောဝတရေအိုင်ကြီးမှလမ်းကြောင်း လေးသွယ်ဖြင့် အပြင်သို့စီးထွက်လာသော စမ်းချောင်း (မြစ်) ကြီးလေးခုတို့သည် ခြင်္သေ့ခံတွင်း၊ နွားခံတွင်း၊ ဆင်းခံတွင်းနှင့် မြင်းခံတွင်းတို့မှအစပြုသည်ဆိုသော ဒဏ္ဍာရီလာသတ္တဝါကောင်များအနက် ခြင်္သေ့ခံတွင်းမှ စီးထွက်လာပုံကို ကိုယ်စားပြု ပါသည်။ (Luce, 1985, p. 166) ။

ကြံ့တူရုပ်ကြွချပ်များ၏ရက်စွဲကို ခန့်မှန်းကြသည့်အခါ ခရစ်နှစ် ၇-ရာစု၊ ၈-ရာစုနှစ်ခန့်ကလက်ရာဖြစ်မည်ဟု ခန့်မှန်းကြပါသည်။ ကြံ့တူသည်အောက်မြန်မာနိုင်ငံ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့အကြားရှိ သထုံဒေသမြို့ဟောင်း များ၏ ယဉ်ကျေးမှုပင်ဖြစ်နိုင်ကြောင်းခန့်မှန်းရ၏။ ၎င်း၏တည်နေရာအနေအထားမှာ ကျိုက္ကသာမြို့ဟောင်းမှ(၁၀)မိုင်ခန့်၊ ဝင်းကအရက်သည်မမြို့ဟောင်းမှ (၁၈)မိုင်ခန့်နှင့် သထုံမြို့ဟောင်းမှ (၄၀)မိုင်ခန့်အကွာရှိပါသည်။ မုတ္တမပင်လယ်ကွေ့ ကမ်းရိုးတန်းထိပ်ပေါ်မှာပင်ရှိ၍ ဘင်္ဂလားပင်လယ်ရေလမ်းကြောင်း ဆက်သွယ်ရေးနှင့်လည်းနီးသည်။ အိန္ဒိယယဉ်ကျေးမှုကို လက်ခံရယူခြင်း၌လည်း ဦးဦးဖျားဖျားရနိုင်သည့် အနေအထားမျိုးရှိပါသည်။ ၎င်းနှင့် နီးကပ်လျက်တွေ့ရသော ကျိုက္ကသာ မြို့ဟောင်း၏ မြောက်ဘက်ကျသော နယ်နိမိတ်အတွင်းတည်ရှိနေသည်။ အောက်မြန်မာနိုင်ငံပျူမြို့တော်ဟောင်းကြီး ဖြစ်သော သရေခေတ္တရာနှင့် စာလျှင်မိုင် (၁၇၀)မျှကွာလှမ်းနေသည်ဖြစ်၍ ကြံ့တူမြေမီးဖုတ်ရုပ်ကြွဓလေ့သည် အောက် မြန်မာနိုင်ငံသထုံဒေသ၏ ကိုယ်ပိုင်ဓလေ့ဟူ၍ မှတ်ယူနိုင်ပေသည်။

သုဝဏ္ဏဘူမိ၊ သထုံယဉ်ကျေးမှုထွန်းကားပုံကို သံသယရှုထောင့်ဖြင့်ရှုမြင်သုံးသပ်ကြသည့်အခါ၊ ကြံ့တူဓလေ့ကို သရေခေတ္တရာ ပျူသြဇာလွှမ်းမိုးမှုရှိကြောင်း ယူဆကြပေသည်။ သထုံမြို့ဟောင်းလည်းမရှိ၊ သထုံဒေသမှာ အခြားသော

မြို့ဟောင်းများလည်းမရှိကြောင်း ဆန့်ကျင်ဘက်အမြင်ဖြင့်ငြင်းဆိုကြသည့်အခါ သထုံမရှိလျှင် အောက်မြန်မာနိုင်ငံတွင် သရေခေတ္တရာပျူယဉ်ကျေးမှုသြဇာမှ တစ်ပါးအခြားမရှိနိုင်ဟု ထင်မြင်ယူဆခဲ့ကြရပေသည်။ ဤကဲ့သို့ထင်မြင်ယူဆချက်ကို အခြေခံထား၍ အောက်မြန်မာနိုင်ငံဒေသတစ်ခုလုံးမှာ ပျူမြို့တော်ဟောင်း(သရေခေတ္တရာ)၏ အစွန်အဖျား၊ နယ်ခြားဒေသမှ ခံမြို့များဖြစ်နိုင်ပုံ၊ ၎င်းတို့၏ ဓလေ့၊ ယဉ်ကျေးမှုတို့သည် ပျူဓလေ့၊ ပျူယဉ်ကျေးမှုသာလျှင် ဖြစ်နိုင်ပုံစသည်ဖြင့် တီထွင်ကြံဆခဲ့ကြသည် ကိုလည်းတွေ့ရသည်။

ကြံ့တူမှ မြေမီးဖုတ်ရုပ်ကြွချပ်များ၏ သဘောအဓိပ္ပါယ်မှာ သထုံသိကြားဘုရားခေါ် မြသိန်းတန်ဘုရားမှ မြေမီးဖုတ်ရုပ်ကြွချပ်များနှင့် အတူတူပင်ဖြစ်ကြောင်း၊ ၎င်းအနုပညာပစ္စည်းများမှာ ရက်စွဲရေးထိုးထားခြင်းလည်းမရှိ၊ စာအရေးအသားလည်းမပါသဖြင့်၊ ရက်စွဲကိုမသိရကြောင်း၊ သိကြားဘုရား ရုပ်ကြွပုံများမှာ ပုဂံကရောက်လာခဲ့ခြင်း ဖြစ်နိုင်သကဲ့သို့ ပဲခူးခရိုင်၊ ကြံ့တူမှုရုပ်ကြွပုံများမှာလည်း သရေခေတ္တရာမှ ရောက်လာခြင်းသာဖြစ်နိုင်ကြောင်း ထောက်ပြပါသည် **(Aung Thwin, 2003, p. 216)** ။

ကြံ့တူမြေမီးဖုတ်ရုပ်ကြွပုံများသည် သရေခေတ္တရာမှ (ပျူကချေသည်) ကြေးရုပ်တုငါးရုပ်တို့နှင့် ဆင်တူရိုးမှား အသွင်အပြင်ရှိသည် ဟုလည်း ဆိုထားပေသည်။ (Donald M.Stadner, ''the Art of Burma" in Art of South East Asia, New York, Harry N. Abram, Inc (1998 p. 48) ၎င်းပညာရှင်က သထုံဒေသမွန်တို့နှင့် အိမ်နီးချင်း မွန်နိုင်ငံဖြစ်ခဲ့သော ထိုင်းနိုင်ငံဒွါရဝတီမြို့ဟောင်းဖက်မှ မြေမီးဖုတ်ရုပ်ကြွပုံများနှင့် ထင်ရှားကွဲပြားခြားနားမှုရှိနေသဖြင့် ၎င်းအနေနှင့် ဒွါရဝတီမွန်တို့၏ မူလဇစ်မြစ်ယဉ်ကျေးမှုမဖြစ်နိုင်ဟု ယူဆကြောင်းတင်ပြခဲ့၏။

တစ်ဆက်တည်းမှာပင်သထုံမြို့ဟောင်းမှ ဦးမြတွေ့ခဲ့ရသော ဒီပင်္ကရာကြေးမတ်ရုပ်ဆင်းတုတော်နှင့် ပတ်သက်၍ ဤဆင်းတုတော်ကိုပါမောက္ခလုစ်က ပုဂံအာနန္ဒာဘုရားမှ ရုပ်တော်မူဆင်းတုကြီးများ၏ ရှေ့ပြေးပုံစံဖြစ်သည်ဟုယူဆကြောင်းတင်ပြခဲ့သည်။ ယင်းအဆိုနှင့် ပတ်သက်၍မိုက်ကယ်အောင်သွင်က လုစ်သည် ပုဂံထက်သထုံကပို၍ ရှေးကျကြောင်း သက်သေပြလို၍လိုရာ ဆွဲပြောခြင်းဖြစ်သည်ဟု ဝေဖန်သည် (Aung Thwin, 2005, 217)။

သထုံနှင့် ပတ်သက်၍ မိုက်ကယ်အောင်သွင်၏ ရှုမြင်သုံးသပ်ချက်မှာ အထက်၌ဖော်ပြခဲ့သည့် အတိုင်း ရှေးမကျနိုင်ကြောင်း၊ သထုံသည်တကယ်မရှိသော စိတ်ကူးယဉ်မြို့တစ်မြို့သာလျှင်ဖြစ်ကြောင်း သက်သေထူဖော်ပြနေပါသည်။ ၎င်းက

> သထုံမြို့ဟောင်းသည် အရှေ့တောင်အာရှ ရှေးဟောင်းခေတ်မြို့တော်ကြီးများဖြစ်ကြသော ရခိုင်မှဉေဝတီနှင့် ဝေသာလီ၊ မြန်မာနိုင်ငံအလယ်ပိုင်းမှ သရေခေတ္တရာ၊ မိုင်းမော၊ ဗိဿနိုး၊ ဝတီးနှင့် များလှစွာသော အခြားပျူမြို့ဟောင်းများ၊ ထိုင်းနိုင်ငံမှ ရှေးဟောင်းသောက္ကတဲ (ဆူခိုတိုင်း) နှင့် ကမ္ဘောဒီးယားနိုင်ငံမှ အန်ကောဖောရီမြို့များကဲ့သို့ ရှေးမြို့ဟောင်းတစ်ခုမဟုတ်ပေ။ အထက်ပါမြို့ဟောင်းအားလုံးလိုလိုမှာ အများအားဖြင့် မြို့ထောင့်များလုံးဝန်းခြင်း သို့မဟုတ် အဝိုင်းပုံသဏ္ဌာန်ရှိခြင်းအပြင်၊ ကျုံးနှင့်မြို့ရိုးတို့ နှစ်ထပ်၊ သုံးထပ်ခန့်အရစ်ရစ် ဝန်းရံထားကြပါသည်။ သထုံသည်ထိုကဲ့သို့မဟုတ်၊ လေးထောင့်ပုံသဏ္ဌာန်မြို့ရှိ၍ ပုဂံခေတ်နောက်ပိုင်းကာလ ကျမှ ပေါ်ထွန်းလာခဲ့သည့်မြို့ဟောင်းနှင့် ဆင်တူနေပါသည်ဟုဆိုပါသည်။ {Aung Thwin, 2005, p. 81; (Note. no. 12 for Chapter-4, in page 348)} ။

အကယ်၍ သထုံမြို့ဟောင်းသည် (ပုဂံထက်) ရှေးကျသောမြို့တစ်မြို့ ဖြစ်ခဲ့လျှင်လည်း မွန်မြို့တော်တစ်ခု မဟုတ်ပဲ၊ ပျူမြို့သာဖြစ်မည်ဟု ၎င်းပညာရှင်ကပင်ဆိုထားပြန်၏။ ဤကဲ့သို့ ဆင်ခြေတစ်မျိုးထုတ်ရသည်မှာ သုတေသီ (ဦးအောင်မြင့်နှင့် အဲလစ်စဗက်မိုး) တို့ကသထုံဒေသမှ ပျူခေတ်လက်ရေးစင်း အုတ်ချပ်များတွေ့ရှိမှုတို့ကို အစီရင်ခံစာ ပေါ်ထွက်လာခဲ့ခြင်းကြောင့်ဖြစ်၏။ (Aung Myint and Moore, Finger-marked desins on ancient bricks in Myanmar Journal of The Siam Society 1.1 (Spring 2003): 24-39) ဤကဲ့သို့ ပျူခေတ်လက်ရေးစင်း

အုတ်ချပ်များတွေ့ရှိရာ မြို့ဟောင်း(အသစ်တွေ့)များဖြစ်ကြသော သထုံနှင့် ၎င်းပတ်ဝန်းကျင်မှ ကျိုက္ကသာ၊ စမ္မာနဂိုရ်နှင့် ထားဝယ် (သာဂရ) မြို့ဟောင်းတို့သည် ပျူမြို့များသာဖြစ်၍ တွေ့ရှိပစ္စည်းများမှာလည်း ပျူ(ယဉ်ကျေးမှု)အထောက်အထားများသာ ဖြစ်ရမည်ဟု ကောက်ချက်ချထား၏။ "သုဓမ္မနဂရ" ဟူသောမြို့အမည်သည်ပင်လျှင် ပျူတို့၏မူလအမည် ဖြစ်နိုင်သည်ဟု ဆိုထားပေသည်။

စင်စစ်ကြံ့တူမှမြေမီးဖုတ်ရုပ်ကြွချပ်များ၏ လက်ရာဟန်မှာ အိန္ဒိယယဉ်ကျေးမှုကို အခြေခံထားသော သထုံဒေသယဉ်ကျေးမှုသာဖြစ်၏။ သရေခေတ္တရာတွင် ဤရုပ်ကြွချပ်များနှင့် ဆင်တူပုံစံပစ္စည်းမျိုး ယခုထိမတွေ့ရသေးပေ။ ထို့အပြင် (ထိုင်း) ဒွါရဝတီယဉ်ကျေးမှုနှင့်လည်းမတူပေ။ ဒွါရာဝတီမြို့ဟောင်းများ တူးဖော်သုတေသနတွင် ဤနမူနာပစ္စည်းမျိုး မတွေ့ရဘူးသေးပေ။ အခြားသောပျူမြို့ဟောင်းများ တူးဖော်သုတေသနတွင်လည်း ဤနမူနာမျိုး မရှိပေ။ ပုဂံတွင်တွေ့ရသောစဥ့်ကွင်းများမှာပင် ကြံ့တူနှင့် ဆင်တူရိုးမှားပုံစံမျိုးမတွေ့ရသေးပေ။ ကြံ့တူရုပ်ကြွပုံများမှာ ဘုရားတံတိုင်းတွင် ကပ်စီထားခြင်း ဖြစ်သော်လည်း ဘာသာရေး သဘောထက်ကျေးလက်လေ့စရိုက်ကို ဖော်ပြသော လူမှုရေးသရုပ်ဖော်ပုံ များဟုဆိုရမည်။ ထို့အပြင် ဆင်စီးချင်းတိုက်ပွဲ၊ မြင်းစီးချင်းတိုက်ပွဲပုံတို့မှာ မင်းနေပြည်၊ မင်းအချင်းချင်း စစ်ရေးအရ ဆက်ဆံပုံကိုညွှန်ပြနေ၏။ သို့ဖြစ်၍ ရှေးဟောင်းမင်းနိုင်ငံတစ်ခု ဤဒေသ၌ထွန်းကားနေကြောင်း သက်သေပြနေသကဲ့သို့ရှိပါသည်။

ကြံ့တူမြေမီးဖုတ်ရုပ်ကြွချပ်နှင့် ဆင်တူရိုးမှားပုံစံမျိုးကို မြန်မာနိုင်ငံပျူမြို့များတူးဖော်မှုနှင့် ထိုင်းနိုင်ငံ ဒွါရာဝတီမွန်မြို့ဟောင်းများ တူးဖော်မှုတို့တွင် မတွေ့ရသော်လည်း၊ သထုံဒေသ၊ ကေလာသတောင်ခြေ၊ ဝင်းက ရွာတွင်တွေ့နိုင်၏။ ယခုမွန်ပြည်နယ်ယဉ်ကျေးမှုပြတိုက်တွင် ပြသထားသော ခြင်္သေ့ရုပ်ကြွပုံ (ဝင်းကရွာမှရသည့်) မြေမီးဖုတ်ရုပ်ကြွချပ်သည် ကြံ့တူမြေမီးဖုတ်ရုပ်ကြွများနှင့် ပုံသဏ္ဌာန်၊ အရွယ်အစား၊ အနုပညာလက်ရာဟန်နှင့် အကြောင်းရာများပါတူညီမှုရှိပါသည်။ အလျားအနံ အထုအရွယ်ရှိသောဝင်းက ခြင်္သေ့ရုပ်ကြွချပ်သည် ထောင့်စွန်းများ၌ ကြံ့တူကဲ့သို့ ပန်းခက် ဒီဇိုင်းပုံပါရှိသည့်အပြင် လေးထောင့်ပုံရှိခြင်း၊ အလယ်တွင်စက်ဝန်းပုံပုတီးစေ့ ( ဗိန္ဒု ) စက်ဝန်းပါရှိခြင်း၊ ၎င်းဘောင်တွင်း၌ ခြင်္သေ့နှစ်ကောင်ပုံ ထုလုပ်ထားခြင်းတို့မှာ အတူတူပင်ဖြစ်ပါသည်။ ထိပ်ဘောင်နှင့် အောက်ဘောင်တို့တွင် ဗိန္ဒုတစ်တန်းစီဘောင်ခတ်ထားလျက်ရှိသည်။ ဘယ်ဘက်ခြင်္သေ့သည် ကိုယ်လုံးပြည့်ရုပ်လျက် မျက်နှာ ရှေ့သို့လှည့်၍နေသည်။ ယာဘက်ခြင်္သေ့က ဘေးတစ်စောင်းထိုင်လျက်နေသည်။ ခြင်္သေ့သတ္တဝါဟန် မာန်အပြည့်ပါရှိပြီး လည်ဆံမွေးများထင်ရှားရှိပါသည်။ ဝင်းကရွာမှ အခြားရုပ်ကြွချပ်နမူနာ အကျိုးပိုင်းများကိုလည်း တွေ့ရသေး၏။ သို့ဖြစ်၍ကြံ့တူနှင့် ဝင်းကမြေမီးဖုတ်ရုပ်ကြွချပ် ပြုလုပ်ပုံလေ့ချင်းတူညီကြကြောင်းသိနိုင်ပါသည်။

ဝင်းက၊ ဇုတ်သုတ်သထုံဒေသကျေးရွာများတွင် ဂဝံဖြင့်ခြင်္သေ့ရုပ်ထုဆစ်ခြင်း၊ ဆင်ရုပ်ထုဆစ် ခြင်းဓလေ့ကို လည်း တွေ့နိုင်ပါသေးသည်။ ဤဓလေ့သည် သထုံဒေသ၏ မူပိုင်ဓလေ့ (culture) တစ်မျိုးဖြစ်သည်မှာ ထင်ရှား နေပြီဖြစ်ပါသည်။ ဘုရားတံတိုင်း၊ မြို့တံတိုင်းများတွင် ခြင်္သေ့ရုပ်ကိုထားရှိခြင်း မူလအစကိုလည်း ဤဒေသမှာ တွေ့ရ သည်ဟုဆိုချင်ပါသေးသည်။ ကြံ့တူ၊ ဝင်းက၊ ဇုတ်သုတ်၊ ကျိုက္ကသာ စသောသထုံဒေသမြို့ဟောင်း ကုန်းများကို တူးဖော်သုတေသနပြုခြင်း နည်းပါးနေသေးသော်လည်း သမိုင်းအထောက်အထားခေါင်းပါးခြင်း၊ ရှားပါးခြင်းမရှိကြောင်း သာဓကအချို့ပင်ဖြစ်ပါသည်။

ဝင်းကရွာဦးမောင်တန်အိမ်ခြံဝင်းအတွင်း ရှေးဟောင်းအဆောက်အအုံပျက်မှ ပေါ်ထွက်လာသော မြေမီး ဖုတ်ပန်းအရုပ်ပါ အုတ်ချပ်တစ်ပိုင်းသည် ရှေးဟောင်းအဆောက်အဦး၏အထက်ပိုင်းမှ ထုတ်တန်းတွင် တန်ဆာဆင်မည့် အုတ်ဖြစ်ကြောင်းကိုလည်းတွေ့ရသည်။

အောက်မြန်မာနိုင်ငံတွင် သုဝဏ္ဏဘူမိမြို့ဟောင်းကို စူးစမ်းရှာဖွေခြင်း အစပျိုးခဲ့သော ၁၉ ရာစုနှစ် အကုန်ပိုင်း (၁ဂဂ၁-ခုနှစ်) မှ (၁ဂ၉၁-ခုနှစ်) အထိတစ်ကဏ္ဍကိုပထမကဏ္ဍအဖြစ် ထင်ရှားစွာတွေ့ခဲ့ရပြီးဖြစ်ပါသည်။ အစိုးရ

ရှေးဟောင်းသုတေသနအထူးအရာရှိကြီး ဒေါက်တာအီးဖော်ခမ်းမားနှင့် မြန်မာနိုင်ငံကမ္ဘည်းကျောက်စာဝန် မစ္စတာ တော်စိန်ခိုတို့၏ စွမ်းဆောင်ချက်များဟုဆိုရပါမည်။ ထို့နောက် နှစ်ဆယ်ရာစုနှစ်ဆန်းပိုင်း (၁၉၃၃-၃၄-ခုနှစ်) မှ (၁၉၃၆-၃၇-ခုနှစ်) အတွင်းကကမ္ဘည်းကျောက်စာ ဝန်ဦးမြနှင့် မစ္စတာဒူရွိုင်ဇယ်တို့စွမ်းဆောင်မှုကို ဒုတိယကဏ္ဍတစ်ရပ် အဖြစ်တွေ့မြင်ရပါသည်။ ထို့နောက် သုဝဏ္ဏဘူမိယဉ်ကျေးမှုကို စူးစမ်းခြင်းအခန်းကဏ္ဍ တစ်စခန်းရပ်သွားခဲ့ပြန်ပါသည်။



ဝင်းကရွာ ဦးမောင်တန်ခြံဝင်းအတွင်းမှ
ပေါ်ထွက်လာသော
မြေမီးဖုတ် ကခြေသည်ရုပ်

# ဦးဖိုးလတ်၏ သုဝဏ္ဏဘူမိခရီးစဉ်

သုဝဏ္ဏဘူမိကို ရှာရှာဖွေဖွေပြုခဲ့ကြသူများအနက် တတိယကဏ္ဍကို ဖွင့်လှစ်ပေးလိုက်သူမှာ မြန်မာနိုင်ငံရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ဦးဖိုးလတ်ပင်ဖြစ်ပါသည်။ ဦးဖိုးလတ်သည် ၁၄၊ ဩဂုတ်၊ ၁၉၅၇-ခုနှစ်တွင် ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်တာဝန်ကို စတင်ထမ်းဆောင်သည်နှင့်တပြိုင်နက် မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းနေရာဌာနများကို ခရီးထွက်၍ လှည့်လည်စစ်ဆေးခြင်းပြုပါသည်။ အထက်မြန်မာနိုင်ငံတကောင်းမှစ၍ အောက်မြန်မာနိုင်ငံ သထုံဒေသအထိရောက်ပါသည်။ သထုံဒေသမှ မိမိတွေ့ရသောရှေးဟောင်းနေရာများ အကြောင်းကို ၁၉၅၇-၅၈ ခုနှစ်အတွက် **ရှေးဟောင်းသုတေသန ဌာနနှစ်ချုပ်အစီရင်ခံစာ**တွင် ထည့်သွင်းဖော်ပြသည်။ ၎င်းအပြင် ၃၊ ဧပြီ၊ ၁၉၅၈ခုနှစ်၊ ပုဂံမြို့ဟောင်းတွင် ဖွင့်လှစ်သည့် “ပုဂံရက်သတ္တပတ်” စာတမ်းဖတ်ပွဲ အခန်းအနား၌ ***မြန်မာနိုင်ငံ ယဉ်ကျေးမှုကြီးများနှင့် ယဉ်ကျေးမှုတည်ရာဌာနများ*** အမည်ဖြင့်စာတမ်းကို ဖတ်ကြားတင်သွင်းသည့်အခါ သထုံဒေသမှ ရှေးမြို့ဟောင်း အထောက်အထားများကို မိမိမြင်တွေ့ခဲ့ရကြောင်း ဖော်ပြပါသည်။

ဦးဖိုးလတ်သည် ၁၈၈၁-ခုနှစ်က ဖော်ခမ်းမား သွားရောက်ခဲ့သောခရီးနှင့် ၁၇၉၁-ခုနှစ်က တော်စိန်နိုသွားရောက်ခဲ့သော ခရီးတို့ကို ပြန်လည်စစ်ဆေးခဲ့ကြောင်း တွေ့ရပါသည်။ ၎င်း၏စာတမ်းတွင် -

> မကြာသေးမီက ထိုကေလာသတောင်ခြေရင်းသို့ မြန်မာနိုင်ငံသမိုင်း ကော်မရှင်အဖွဲ့ဝင်လူကြီးများ ဖြစ်ကြသော ပါမောက္ခလုစ်၊ ဦးဘရှင်နှင့် ကျွန်တော်သွားရောက်ရာ၊ ယခုအယက်သမရွာဟု ခေါ်တွင်လျက်ရှိသော ရွာတွင် ရှေးမြို့ဟောင်းရာနှင့် မြို့ရိုးကြီးများကိုတွေ့ခဲ့ရပါသည်။

ဟူ၍ အယက်သည်မ တိုက်ကုလားမြို့ဟောင်းရာကို မိမိတွေ့ခဲ့ကြောင်းကို ဖော်ပြပြီးလျှင် ဆက်လက်၍ နောက်ထပ် တိုက်ကုလား (ဝင်းက) မြို့ဟောင်းတစ်နေရာရှိသေးကြောင်းကိုလည်း

> ထိုရွာအနီးဝင်းကဟုခေါ်သော ရွာတွင်လည်းရှေးက ဂေါလမတ္တိက ဟုခေါ်သောမြို့ဟောင်းရာနှင့် မြို့ရိုးအကြွင်းအကျန်များကိုတွေ့ရပါသေးသည်၊

ဟူ၍ကေလာသတောင်ခြေမှာ မြို့ဟောင်းနှစ်နေရာရှိကြောင်းခွဲခြားဖော်ပြခဲ့သည်။

ယင်းမြို့ဟောင်းနှစ်ခုအနက် အယက်သည်မရွာမြို့ဟောင်းကို ရှေးသုဓမ္မဝတီ (သုဝဏ္ဏဘူမိ) မြို့ဟောင်းရာဖြစ်မည်ဟု ဦးဖိုးလတ်ကခန့်မှန်းလိုဟန်တူပေသည်။ ၎င်းက

> ရှေးသုဓမ္မဝတီမြို့ဟောင်းရာအတွင်း၌ နန်းတော်ဦးစေတီနှင့် မြသိန်းတန်စေတီ (ကျိုက်တလန်း) တို့သာလျှင် ကြွင်းကျန်တည်ရှိပြီးလျှင် အခြားရှေးမွန်တို့၏လက်ရာတို့မှာ လုံးဝပျောက်ကွယ်သွားချေပြီ။

ဟူ၍အစီရင်ခံခဲ့သည် (ပုဂံရက်သတ္တပတ်၊ စာ ၁၇)။ ရှေးမွန်လူမျိုးတို့လည်း အဆောက်အအုံများနှင့် ရုပ်တုရုပ်လုံးများကို ဂဝံကျောက်ဖြင့်သာတည်ဆောက်ခြင်း၊ ထုလုပ်ခြင်းပြုလေ့ရှိကြောင်း၊ ဂဝံကျောက်မှာ ပျော့ညံ့ပွယောင်းသော ကျောက်ဖြစ်၍ မကြာမီပျက်စီးသွားသော ဝတ္ထုဖြစ်ခြင်းကြောင့် ရှေးမွန်လက်ရာများ ပျောက်ကွယ်သွားခဲ့ရခြင်းဖြစ်ကြောင်း ဦးဖိုးလတ်ကယူဆထားခဲ့ပါသည်။ အမှန်စင်စစ် ဂဝံကျောက်သဘောသဘာဝမှာ မိုး၊ လေ၊ နေတို့၏ ဒဏ်ကိုခံရလျှင် ပိုမိုမာကျောလာသည့် သဘောရှိပါသည်။ သို့သော် မူလအတိုင်း ရုပ်လုံးပီပီသသ မထင်တော့ပဲ ပွန်းတီးမှုရှိသည်တော့မှန်၏။ ထိုသို့ပွန်းတီး ယိုယွင်းသွားခြင်းအပြင် ဂဝံအဆောက်အအုံတို့ပေါ်၌ သစ်ပင်၊ သစ်တောကြီးများရှင်သန်ကြီးထွားလာခြင်းကြောင့် ပြိုကျခြင်းပျက်စီးခြင်းဖြစ်ရန် ပိုမိုလွယ်ကူပြီး၊ နှောင်းလူတို့ကရှေးယဉ်ကျေးမှု အဆောက်အအုံတို့မှာ ဂဝံပစ္စည်းများကို ခေတ်သစ်တည်ဆောက်ရေးလုပ်ငန်းများတွင် ယူငင်သုံးစွဲခဲ့ကြသဖြင့် ဂဝံလက်ရာများ ပျောက်ဆုံးသွားခဲ့ခြင်းသာ ဖြစ်ပေသည်။



ဂဝံလေးမျက်နှာဘုရားပုံတော် ကျိုက်ထီးဆောင်းဘုရားဝန်း၊ ဇုတ်သုတ်၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်



*ဇုတ်သုတ် ကျိုက်ထီးဆောင်းဘုရားမှ ဂဝံပန်းတင်ခုံ*

မည်သို့ဆိုစေကာမူ ဦးဖိုးလတ်၏ သုဝဏ္ဏဘူမိခရီးစဉ်မှာ အထူးမှတ်သားဖွယ်ကောင်းလှပေသည်။ ဦးဖိုးလတ်သည် ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသော ဇယားဝင်အဆောက်အအုံတို့ကို တစ်ခုမကျန်သေချာ စေ့စုံစွာလှည့်လည်စစ်ဆေးခြင်းပြုပါသည်။ ပြုပြင်ဆောင်ရွက်သင့်သည်များကို မှတ်သားညွှန်ကြားခြင်းပြုခဲ့သည်။ ၁၉၅၇-ခုနှစ်နိဝင်ဘာတွင် မင်းကွန်းနှင့် ပုဂံ၊ ၁၉၅၈-ခုနှစ် ဇန်နဝါရီတွင် စစ်တွေ၊ မြောက်ဦးဒေသ၊ ထိုနှစ်မတ်လတွင် ပြည်မြို့ သရေခေတ္တရာ၊ မော်စာနှင့် ပဲခူးမြို့ စစ်ကိုင်းမြို့များသို့ ခရီးလှည့်လည်ခဲ့သည်။ ၁ဝ၊ ဧပြီ၊ ၁၉၅၈ ရက်နေ့တွင် မွန်ယဉ်ကျေးမှုညီလာခံသို့ တက်ရောက်ရန်အတွက်မော်လမြိုင်သို့ ရောက်သည်။ ၎င်းညီလာခံအပြီးတွင် သုဝဏ္ဏဘူမိသုတေသန ခရီးစဉ်ကို စတင်အကောင်အထည်ဖော်ပါသည်။ ထိုစဉ်အခါက သမိုင်းကော်မရှင်အဖွဲ့ဝင်လူကြီးများဖြစ်ကြသောပါမောက္ခလုစ်၊ ဦးဘရှင်(ဗိုလ်မှူးဘရှင်)နှင့် သမိုင်းကော်မရှင် ကျောက်စာကူးအဖွဲ့သားများလည်း ဦးဖိုးလတ်၏ ရှေးဟောင်းသုတေသန ကွင်းဆင်းအဖွဲ့နှင့်အတူ ပါဝင်ခဲ့သည်မှာ ထိုခရီး၏ထူးခြားမှုတစ်ရပ်ဟုဆိုရမည်။

ဦးဖိုးလတ်၊ ပါမောက္ခလု(စ်) နှင့် ဦးဘရှင်တို့သည် (၂၁၊ ဧပြီ၊ ၁၉၅၈) ရက်နေ့တွင်ရန်ကုန်မှ မော်လမြိုင်သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြ၏။ ကျန်အဖွဲ့သားများက မီးရထားဖြင့် ကြိုတင်ပြီး သွားရောက်ခဲ့ကြပြီး၊ မော်လမြိုင်မှ ကရင်ပြည်နယ်၊ ဘားအံမြို့သို့သင်္ဘောဖြင့် အတူတကွခရီးထွက်ခဲ့ကြပါသည်။ (၂၂၊ ဧပြီ၊ ၁၉၅၈) ရက်နေ့တွင် ဘားအံမှကောဂွန်းဂူ၊ ရသေ့ပျံဂူတို့ကို ကွင်းဆင်းသည်။ ထိုနောက် (၂၃၊ ဧပြီ၊ ၁၉၅၈) တွင်မုတ္တမမြို့ဟောင်းသို့ရောက်၏။ မုတ္တမမြသိန်းတန်စေတီရင်ပြင်မှ မွန်ဘာသာ ခေါင်းလောင်းစာကို ရေးကူးကြသည်။ မြို့ရိုးဟောင်း ကျုံးဟောင်းနေရာများနှင့် အခြားအဆောက်အအုံများကိုမူ စစ်ဆေးရန်အချိန်ရခဲ့ဟန်မတူပေ။ သထုံသို့ (၂၄၊ ဧပြီ၊ ၁၉၅၈) တွင် ရောက်ရှိပြီး ကလျာဏီသိမ်၊ သိကြားဘုရား၊ ရွှေစာရံစေတီရင်ပြင်မှ ကျောက်စာတိုင်များကို စစ်ဆေးကြည့်ရှုကြသည်။ ထိုနေ့မှာပင် သထုံဖောင်တော်ဦးစေတီနှင့် ရဟန္တာကုန်းသို့လည်း ရောက်ခဲ့ပါသည်။ (၂၆၊ ဧပြီ၊ ၁၉၅၈) တွင် ကျိုက်ထိုသို့ရောက်၏။ ထိုမှတစ်ဆင့် မရမ်းကုန်းရွာ၊ အယက်သည်မရွာ၊ ဝင်းကရွာတို့သို့ရောက်သည်။ ထိုမှတစ်ဆင့် ကေလာသတောင်ပေါ်သို့ တက်ပြီးမွန်ကျောက်စာများနှင့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် ကေလာသတောင်ပေါ်မှဆင်းပြီး ဝင်းကရွာဂေါ္ဍမတ္တိကမြို့ဟောင်းရာနှင့် မြို့ရိုးများအရက်သည်မရွာအနီးရှိ တိုက်ကုလားမြို့ဟောင်းများနှင့် ယင်းမြို့ဟောင်းအတွင်းရှိ နန်းတော်ဦးစေတီနှင့် မြသိန်းတန်စေတီတို့၏ တည်နေရာကို မှတ်သားခဲ့၍ ကျိုက်ထိုသို့ပြန်သည်။

ကျိုက်ထိုမှ နောက်နေ့ (၂၇၊ ၄၊ ၅၈) ရက်နေ့တွင်မီးရထားဖြင့် တောင်စွန်းသို့ထွက်၍ တောင်စွန်းမှ မော်တော်ကားဖြင့် ဇုတ်သုတ်ရွာသို့သွားသည်။ ကျိုက်ထီးစောင်းစေတီနှင့် ပတ်လည်ရှိရှေးမွန်ယဉ်ကျေးမှုပစ္စည်းများကို ကြည့်ရှုလေ့လာပြီးနောက် ဆင်တပ်မြင်းတပ်သို့ရောက်သည်။ ညနေပိုင်းတွင် မုသင်သို့သွား၍ မြို့ရိုးကြီးများ၊ နန်းတော်ကုန်းနှင့် ရှေးဟောင်းအဆောက်အအုံအပျက်အစီးများကို ကြည့်ရှုသည်။ ညနေပိုင်းတွင် (ဘီးလင်း) ကျောက်ရေတွင်းရော်ဘာခြံ (ဗိုလ်တဲ) တွင် ညအိပ်ကြသည်။

နောက်တစ်ရက် (၂၈၊ ဧပြီ၊ ၁၉၅၈) ရက်နေ့တွင် အလူးလေးရွာ ကျိုက်တဲစေတီနှင့် ကျန်စစ်သားမင်းရေးထိုးခဲ့သော မွန်ကျောက်စာကိုကူးယူလေ့လာသည်။ ညနေပိုင်းတွင် တောင်စွန်းမှ တစ်ဆင့်ကျိုက်ထိုသို့ ပြန်ခဲ့ကြသည်။ (၂၉၊ ဧပြီ၊ ၁၉၅၈) ရက်နေ့တွင် ကျိုက်ထိုမှစစ်တောင်းသို့ ခရီးဆက်ခဲ့ပြီး စစ်တောင်းမြို့ဟောင်းကို လေ့လာသည်။ ထိုနေ့ညနေမှာပင် စစ်တောင်းမှပဲခူးသို့ ကူးပြီးပဲခူးသို့ရောက်သည်။

နောက်ထပ်တစ်ရက် (၃၀၊ ဧပြီ၊ ၁၉၅၈) တွင်ပဲခူးမြို့ရှေးဟောင်း အဆောက်အအုံများကို စစ်ဆေးကြည့်ရှုပြီး ညနေပိုင်းတွင် မော်တော်ကားဖြင့် ရန်ကုန်သို့ပြန်သည်။ ဤခရီးစဉ်တစ်လျောက်လုံးမှာ ရက်ပေါင်း (၁၀) တိတိကြာကြာကွင်းဆင်းခဲ့ကြောင်းတွေ့ရပေသည်။

ဦးဖိုးလတ်၏သုဝဏ္ဏဘူမိခရီးစဉ်အတွင်း အရေးပါသောသထုံမြို့ဟောင်းနှင့် ကေလာသတောင်ခြေ တိုက်ကုလားမြို့ဟောင်းသုတေသနခရီးမှာ (၂၄၊ ဧပြီ၊ ၁၉၅၈) မှ (၂၈၊ ဧပြီ၊ ၁၉၅၈) အထိ (၅) ရက်မျှသာ အချိန်ရခဲ့ကြောင်းတွေ့ရ၏။ ထိုစဉ်အခါက ဒေသအတွင်းလုံခြုံရေးအခက်အခဲရှိသည်ဖြစ်၍ အစောင့်အရှောက်များနှင့် ကွင်းဆင်းခဲ့ရသည်ဟုလည်း ဆိုပါသည်။ ခက်ခက်ခဲခဲသွားရောက်ရသော ခရီးတစ်ခုဖြစ်ကြောင်း ထိုခရီးစဉ်တွင်လိုက်ပါခဲ့သူ သမိုင်းကော်မရှင် အမှုထမ်းဦးဘိုလှိုင်နှင့် ဦးအောင်မြတ်ကျော်တို့ ပြောပြချက်အရ သိရပါသည်။ ညွှန်ကြားရေးဝန်ကိုယ်တိုင်ကလည်း ခရီးထွက်စဉ်ကူညီခဲ့ကြသော သက်ဆိုင်ရာ ခရိုင်အရာရှိကြီးများနှင့် စစ်ဖက်အရာရှိများအား ကျေးဇူးတင်ကြောင်း အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြသည်။ ၎င်းကွင်းဆင်းအဖွဲ့သည် ရန်ကုန်သို့ပြန်ရောက်ခဲ့ပြီးနောက် (၁၉၊ မေ၊ ၅၈) ရက်နေ့မှ (၂၂၊ မေ၊ ၅၈) ရက်နေ့အထိ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့များသို့ခရီးထွက်ကာ ရှေးမွန်လက်ရာစေတီဟောင်း၊ ကျောက်စာဟောင်းများနှင့် ဂဝံလေ့ဆိုင်ရာ အထောက်အထားများကို ကြည့်ရှုလေ့လာခဲ့ကြ၏။ (**ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၇-၅၈-ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာ၊** စာ ၅-၉)

မြန်မာနိုင်ငံရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်အဖွဲ့ဝင်များ လိုက်ပါခဲ့သော ၁၉၅၈-ခုနှစ်က၊ သုဝဏ္ဏဘူမိသုတေသနခရီးသည် အချိန်တိုတောင်းလွန်းသည်ဟု ဆိုရသော်လည်းရရှိသော အကျိုးရလဒ်မှာမနည်းပေ။ သထုံဒေသကို ရှေးဟောင်းယဉ်ကျေးမှုတည်ရာဌာန တစ်ခုအဖြစ် အခိုင်အမာသတ်မှတ်ပေးနိုင်ခဲ့ပါသည်။ သုဝဏ္ဏဘူမိ ဆိုသည်မှာလည်း သထုံဒေသပင်ဖြစ်ကြောင်း ဦးဖိုးလတ်က-

" သုဝဏ္ဏဘူမိတိုင်းဆိုသည်မှာ သထုံအပါအဝင်ဖြစ်၏ "

ဟု ၁၉၅၇-၅၈ ရှေးဟောင်းနှစ်ချုပ်အစီရင်ခံစာတွင် အခိုင်အမာဆိုခဲ့ပါသည်။ သမိုင်းကော်မရှင်အဖွဲ့ဝင် ပါမောက္ခလု (စ်) နှင့်၊ ဦးဘရှင်တို့ကလည်း အလားတူပင် သထုံဒေသကို သုဝဏ္ဏဘူမိနယ်မြေဖြစ်ကြောင်း အသိအမှတ်ပြုဖော်ပြခဲ့ကြပါသည်။ မြန်မာနိုင်ငံအတွင်း ရှေးဟောင်းယဉ်ကျေးမှုများနှင့် ယဉ်ကျေးမှုတည်ရာ ဌာနများကို သတ်မှတ်ဖော်ပြသည့်အခါ ဦးဖိုးလတ်က -

(၁) မွန်ယဉ်ကျေးမှု

(၂) ပျူယဉ်ကျေးမှု

(၃) မြန်မာယဉ်ကျေးမှု



*ဇုတ်သုတ်ရွာ သိမ်ကုန်းမှ ဂဝံကျောက်ဆစ် ရုပ်ပွားတော်များ*

ဟူ၍ ပဓာနအားဖြင့် သုံးမျိုးခွဲခြားသင့်ကြောင်း ၁၉၅၉-ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ညနေ၊ ပုဂံမြို့ဟောင်းတွင် ကျင်းပသော ပုဂံရက်သတ္တပတ် ဖွင့်ပွဲအခန်းအနား၌ ထုတ်ဖော်ဟောပြောသည်။ ရခိုင်ယဉ်ကျေးမှုကို မြန်မာယဉ်ကျေးမှု တွင် ထည့်သွင်းစဉ်းစားသင့်ကြောင်း အဆိုပြုသည်ကိုလည်းတွေ့ရသည်။ ( **ဖိုးလတ်**၊ ၁၉၆၁၊ စာ ၁၅-၂၅ )

မွန်ယဉ်ကျေးမှုကိုလည်း ဒွါရာဝတီ (ယိုးဒယား)မွန် (အရှေ့မွန်) နှင့် သထုံ (သုဓမ္မဝတီ) မွန် (အနောက်မွန်) ဟူ၍နှစ်နေရာ၊ နှစ်မျိုးကွဲပြားကြောင်းအဆိုပြုပါသည်။ ( **ဦးဖိုးလတ်**၊ ၁၉၅၈၊ စာ ၃၀) ယင်းဒွါရာဝတီမွန်နိုင်ငံနှင့် ပတ်သက်၍ဦးဖိုးလတ်က-

> ရှေးအခါက ထိုဒေသကိုမွန်တို့ဌာနီ ဒွါရာဝတီဟု ခေါ်ကြ၏။ ပြင်သစ်ပညာရှိကြီး ဂျီ၊ စေဒဝ(စ်) အလိုအားဖြင့်၊ ခရစ်တော်နှစ် (၇) ရာစုနှစ်လောက်က ထင်ရှားရှိသော တရုပ်ပညာရှိခရီးသည် **ဟူယင်ဆင်**နှင့် **အိဆင်**တို့က၊ ထိုဒေသကို "တို-လို-ပို-တို" ဟုခေါ်သည်။ "တို-လို-ပို-တို" ဆိုသည်မှာ "ဒွါရာဝတီ" ဟုခေါ်ဆိုရင်းဖြစ်သည် ဟုဆို၏။ ကျွန်ုပ်တို့အဖို့မှာ ယိုးဒယားနယ်တဝိုက်သည် ရှေးအခါက မွန်လူမျိုးတို့နေထိုင်ရာ အရပ်ဒေသဖြစ်ကြောင်း၊ ၎င်းမွန်လူမျိုးသည် ဗုဒ္ဓဘာသာဝင်လူမျိုးဖြစ်၍ အိန္ဒိယတောင်ပိုင်းမှ ပျံ့နှံ့လာသော ပါဠိဘာသာ၊ သင်္ကြိုင့်ဘာသာ စာပေအက္ခရာတို့ကိုလေ့လာ သင်ကြားလျက်နေထိုင်ကြသော လူမျိုးများဖြစ်သည်ဟု ယူဆရသည်။ ခေတ်ကာလအပိုင်းအခြားမှာ အေဒီ ၆ ရာစုနှင့် ၁၀ ရာစုနှစ်အတွင်းဖြစ်၏။ မြန်မာနိုင်ငံ၌ သုဝဏ္ဏဘူမိအပါအဝင်ဖြစ်သော သထုံပြည်မွန်တို့၏ ယဉ်ကျေးမှုမှာ ထိုဒွါရာဝတီပြည်၏ ယဉ်ကျေးမှုနှင့် တဆက်တည်းဖြစ်၏။ ဒွါရာဝတီ သည်လည်း သုဝဏ္ဏဘူမိတိုင်း အပါအဝင်ဖြစ်၏။ သထုံပြည်မှ တစ်ဆင့်အေဒီ ၁၁ ရာစုလောက်တွင် ပုဂံပြည်သို့ ထိုယဉ်ကျေးမှုသည် ပျံ့နှံ့လာ၏။ ထိုကဲ့သို့ ပျံ့နှံ့လာကြောင်းကို ပုဂံပြည်ရှိ ရှေးဟောင်း ကျောက်စာတို့မှစ၍ သာသနာတော်ဆိုင်ရာ ရှေးဟောင်းစာပေဖုရား၊ ပုထိုး၊ စေတီတို့က ထောက်ခံလျက်ရှိ၏။

ဟူ၍ဖော်ပြပါသည်။ (**ဖိုးလတ်**၊ ၁၉၅၈၊ စာ ၃၈-၃၉)



*ဇုတ်သုတ်ရွာ ကျိုက်ထီးဆောင်းဘုရားမှ ဂဝံဆွမ်းတင်ခုံကြီးကို ကြာပွင့်ပုံထုဆစ်ထား၏*

သထုံကိုအနော်ရထာ တိုက်ခိုက်အောင်နိုင်ကြောင်းအဆိုနှင့် ပတ်သက်၍လည်းမြန်မာ့ အစဉ်အလာ ရာဇဝင် အဆိုမိန့်မှုများကို တော်လှန်ပစ်ပယ်ခြင်းမပြုပဲ၊ မဟာရာဇဝင်တော်ကြီး၊ ပဋ္ဌမတွဲ စာမျက်နှာ ၂၇၃ အား ကိုးကားလျက်

> "တိုတိုနှင့်ချုံးလိုက်သော် အနော်ရထာမင်းသည် သထုံပြည်တပြည်လုံးလိုလိုကို သိမ်းရုံးခေါ်ဆောင်လာပြီး၊ ပုဂံမြို့တော်၌၎င်း၊ အနီးပတ်ဝန်းကျင်၌ ၎င်းအသီးသီးနေရာချထား၍ လုပ်ကိုင်စားသောက်နေထိုင်စေ၏။ ရဟန်း သံဃာတော်တို့ အဘို့မှာလည်းကျောင်းသင်္ခမ်းများဆောက်လုပ်၍ ၎င်းတို့၌ စာပေသင်ကြားပို့ချနေစေ၏။ ထိုအခါမှစ၍လည်း ပုဂံပြည်၌ဖုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း တို့ဆောက်လုပ်လှူဒါန်းနေထိုင်စပြုကြ၏။ ထိုဂူ၊ ကျောင်း၊ တန်ဆောင်းတို့၌တန်ဆာ ဆင်လျက်ယိုသော ပန်းချီဆေးရေးကား၊ ဇာတ်နိပါတ်စဉ်ကွင်းတို့တွင် အညွှန်းကမ္ပည်းလိပ်စာ အက္ခရာတို့မှာ မွန်ဘာသာမွန်အက္ခရာဖြင့်ဖြစ်၏။ မြန်မာကမ္ပည်းလိပ်စာတို့ကို ကျန်စစ်သားမင်း လွန်ပြီးလောက်မှ တွေ့ရှိရ၏။ (**ဖိုးလတ်**၊ ၁၉၅၇၊ စာ ၃၉)

ဟူ၍ဖော်ပြပါသည်။

ဦးဖိုးလတ်သည် ရှေးဟောင်းမြန်မာအက္ခရာသမိုင်းကိုလည်း လေ့လာခဲ့သည်။ မြန်မာစာပေ အက္ခရာ၏ အရင်းဇစ်မြစ်ကို ဆွေးနွေးရာ၌ ပုဂံမြစေတီကျောက်စာကို အရေးပါအရောက်ဆုံး ကျောက်စာများဖြစ်သည်ဟုဆို ပါသည်။

> မြစေတီကျောက်စာကို စံနမူနာထား၍ ထိုကျောက်တိုင်၌ပါသော ဘာသာအားဖြင့် ကျောက်စာ လေးမျိုးမှာ အက္ခရာအလိုအားဖြင့် နှစ်မျိုးနှစ်စားသာခွဲခြားနိုင်၏။ ၎င်းနှစ်မျိုးမှာ ပါဠိ၊ မွန်၊ မြန်မာက တမျိုး၊ ပျူကတမျိုး ပေါင်းနှစ်မျိုးဖြစ်၏။ •
>
> ပါဠိ၊ မွန်၊ မြန်မာအက္ခရာဆိုသည်မှာ၊ တဦးနှင့်တဦးပျူအက္ခရာကဲ့သို့ ခွဲခြားခေါ်ဆိုခြင်းမပြုနိုင်ပေ။ အက္ခရာအလိုအားဖြင့် ပါဠိလည်းမွန်၊ မွန်လည်းမြန်မာ၊ မြန်မာလည်းပါဠိဖြစ်နေခြင်းကိုတွေ့ရ၏။ တစ်နည်းအားဖြင့်ဆိုသော် ပါဠိ၊ မွန်၊ မြန်မာတို့ကိုအသီးသီးအလျောက်၊ အက္ခရာတမျိုးတည်းနှင့် ရေးမှတ်ထားလျက်ယို၏။ (**ဖိုးလတ်** ၁၉၅၇၊ စာ ၃၅)



ဇုတ်သုတ်ရွာ ဂဝံယဉ်ကျေးမှု ပြတိုက်မှ ဂဝံကျောက်ထီး

ဟူ၍ ဖွင့်ဆိုထားချက်အရ မြန်မာစာပေအက္ခရာ၏ ဇစ်မြစ်သည်မွန်အက္ခရာသာဖြစ်သည်ဟုဆိုခဲ့ပါသည်။

မြန်မာအက္ခရာသည် မွန်အက္ခရာမှ ဆင်းသက်လာကြောင်းကိုပြလို၍ ၁၉၅၇-၅၈-ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာတွင် "မြန်မာအက္ခရာဇယားပုံစံ(၃)" ကိုနောက်ဆက်တွဲအဖြစ်ရေးဆွဲဖော်ပြထားသည်။ ယင်းဇယားကွက်မှ "အ" အက္ခရာတစ်လုံးတည်းကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် မြန်မာအက္ခရာ၏ဇစ်မြစ်ကိုတွေ့ နိုင်ကြောင်းရှင်းပြထားပါသည်။ အက္ခရာဇယားကွက်တို့အနက် ယိုဒယားပြည် လော့ဗူရီကျောက်စာဇယားကွက် (ဇယားကွက် အမှတ် ၂၀) တွင်ဖော်ပြထားသော "အ" အက္ခရာတို့နှင့် ပုဂံမြို့အနော်ရထာမင်း၏ လက်ရေးစာဇယားကွက် (ဇယားကွက်အမှတ် ၂၄) တွင်ရေးဆွဲထားသော "အ" အက္ခရာတို့ကို ယှဉ်ကြည့်လိုက်သော် ကွဲပြားခြားနားမှုမရှိကြောင်း၊ သက်သေပြထားပါသည်။ ၎င်းက

> မြန်မာတို့သည် ပျူတို့နှင့် ရောပြွမ်းနေခြင်းဖြစ်ပါလျက်နှင့် ပျူတို့၏အက္ခရာရေးသား သုံးစွဲခြင်းမပြု ကြောင်းကို ထို "အ" ကပင်သက်သေခံလျက်ရှိ၏။ သက်သေခံပုံမှာ ပုဂံမြို့မြစေတီ ပျူကျောက်စာတွင်ပါသော "အ" အက္ခရာ၏ပုံသဏ္ဌာန်မှာ ရေးမူမပျက်ပဲခြေတံရှည်နှင့် တွေ့မြင်ရ၏။ ထိုခြေတံရှည် အထက်ပိုင်းရှိ အက္ခရာအမှတ်အသားတို့မှာလည်းထူးခြား၏။ ယင်း "အ" နှင့် လော့ဗူရီမွန် "အ" ကသီးခြားကွဲပြား၏။ မြစေတီကျောက်စာတွင်ပါသော မွန်စာ "အ" နှင့် မြန်မာ "အ" တို့ကို လုံးချည်းစွဲထုတ်ကြည့်လျှင် မည်သည့်အက္ခရာက မွန်အက္ခရာဖြစ်သည်။ မည်သည့်အက္ခရာက မြန်မာအက္ခရာ ဖြစ်သည်ဟူ၍ ခွဲခြားပြောဆိုနိုင်မည် မဟုတ်ပေ။ ထိုအက္ခရာသာလျှင် မဟုတ်ပဲ ၎င်းဇယားကွက်သုံးကွက်အောက်သို့ လျှောက်ကြည့်လိုက်သော် မွန်နှင့်မြန်မာတို့ကတခြား၊ ပျူကတခြားဖြစ်ကြောင်း တွေ့မြင်နိုင်ပါလိမ့်မည်။ (ဖိုးလတ်၊ ၁၉၅၈၊ စာ ၄၆)

ဟူ၍ထပ်မံရှင်းပြထားသည် ကိုတွေ့ရပါသည်။

မြန်မာစာနှင့် ပတ်သက်၍ဦးဖိုးလတ်က "ပုဂံယဉ်ကျေးမှုတွင် မှတ်သားဘွယ်ရာအချက်များ" ခေါင်းစဉ်ဖြင့် ဤသို့ဟောပြောခဲ့ပါသည်။

> သရေခေတ္တရာခေတ်၊ ပုဂံလက်မွန်ခေတ်တို့၌ ပျူတို့နှင့် ရောနှောနေထိုင်လျက်ယှိသော မြန်မာတို့တွင် မြန်မာစာဟူ၍သီးခြားရှိပုံမပေါ်ချေ။ ထိုခေတ်မြန်မာတို့သည် မိမိတို့ဆောင်ရွက်ဖွယ်ရှိသောအရေး ကိစ္စတို့တွင် ပျူဘာသာနှင့် ပျူစာကိုသာလျှင် သုံးစွဲလာခဲ့သည်ဟု ထင်ရန်ယှိလေသည်။ ထိုစဉ်အခါ၌ ပျူစာနှင့် ပျူအက္ခရာများဖြင့် မြန်မာဘာသာကိုရေးသားခြင်းငှါ တတ်ကောင်းလိမ့်မည်မဟုတ်ချေ။
>
> ထို့ကြောင့် မြန်မာလူမျိုးတို့သည် အနော်ရထာမင်းစောလက်ထက် သထုံပြည်ကို တိုက်ခိုက် အောင်မြင်ပြီး နောက် မွန်စာပေနှင့်မွန်အက္ခရာတိုဖြင့် မြန်မာဘာသာကို စတင်တီထွင်ရေးသားခြင်းပြုသော အခါကျမှသာ လျှင် မြန်မာတို့၌ ကိုယ်ပိုင်စာများရှိလာပြီးလျှင် ထိုအလျှင်ကသော် ပျူဘာသာနှင့် ပျူစာကိုသာလျှင် ရေးသား သုံးစွဲလျက် ရှိသည်ဟုယူဆရ၏။
>
> သထုံကိုတိုက်ခိုက်အောင်မြင်၍ မွန်စာနှင့်အက္ခရာများကို ရယှိပြီးမှသာလျှင် ထိုအက္ခရာများဖြင့် မြန်မာ ဘာသာကို မြန်မာတို့စတင်ရေးသားရန် အားထုတ်ကြောင်းကို ပုဂံခေတ်တွင် ရှေးဦးစွာတွေ့ရသော မြန်မာ ကျောက်စာ အရေးအသားများက သက်သေခံလျက်ယှိလေသည်။ ထိုကျောက်စာတို့တွင် မြန်မာတို့ သည်မြန်မာစကားများကို ပြောဆိုသည့်အတိုင်းရေးသားရာ၌ စကားဝါကျများကိုလည်း အတော်ခဲခဲယဉ်းယဉ်း စီ၍ ရေးသားကြရသည်ကိုတွေ့ရပေသည် (**ဖိုးလတ်**၊ ၁၉၆၁၊ စာ ၂၉)။

ဦးဖိုးလတ်က မြန်မာတနိုင်ငံလုံး၌ အနော်ရထာခေတ်နှင့် ကျန်စစ်သားခေတ်တို့ထက် ရှေးကျသော မြန်မာအက္ခရာအရေးအသားတို့ကို မတွေ့ရကြောင်း၊ ရှေးဦးစွာတွေ့ရသော မြန်မာအက္ခရာ အရေးအသားမှာလည်း မွန်အက္ခရာအရေးအသား စာလုံးပေါင်းများနှင့် များစွာတူညီလျက်ရှိကြောင်း၊ ထို့ကြောင့် သထုံပြည်ကို အနော်ရထာမင်း တိုက်ခိုက်မအောင်မြင်မီ မြန်မာတို့၌ကိုယ်ပိုင်စာဟူ၍ မရှိဘဲ၊ ပျူဘာသာဖြင့် ပျူစာကိုသာ သားရေးသုံးစွဲလျက်ရှိကြောင်း ဟောပြောတင်ပြခဲ့ပါသည်။



*ဇွတ်သုတ်ရွာ ဂဝံယဉ်ကျေးမှု ပြတိုက်မှ ဂဝံကျောက်ဆစ်လက်ရာများ*



လေးမျက်နှာဘုရား



ကျောက်ဆစ် ဆီမီးအိမ်

အထက်ပါဦးဖိုးလတ်၏ အာဘော်ကောက်နုတ်ချက်များကို ကြည့်လျှင်သုဝဏ္ဏဘူမိနှင့် ပတ်သက်သော ၎င်း၏သဘောထားအမြင်ကို တွေ့မြင်နိုင်ပေသည်။

ဦးဖိုးလတ်သည် ၁၉၅၈-ခုနှစ်ဧပြီလအတွင်းက မိမိရောက်ရှိခဲ့သော သထုံဒေသနှင့် ပတ်သက်၍ အောက်ပါ သမိုင်းရှုထောင့်အမြင်များကို ထုတ်ဖော်ခဲ့ကြောင်းတွေ့ရသည်။

၁။ သုဝဏ္ဏဘူမိဟူသည် အောက်မြန်မာနိုင်ငံ၊ သထုံဒေသပင်ဖြစ်သည်။ ယင်းသထုံသည် သမိုင်းခေတ်စဉ် (Chronology) အရပုဂံ(၁၁-ရာစုနှစ်) ထက်ပို၍ရှေးကျသည်။

၂။ ပုဂံအနော်ရထာမင်းလက်ထက် (အေဒီ ၁၀၅၇) တွင်စစ်ချီတက်တိုက်ခိုက်သိမ်းသွင်းခဲ့သော သထုံဆိုသည်မှာလည်း အောက်မြန်မာနိုင်ငံက သထုံပင်ဖြစ်သည်။ ယိုးဒယား (ထိုင်း) နိုင်ငံအတွင်းရှိ နကွန်ပထုံမြို့ မဟုတ်။

၃။ သထုံမှပိဋကတ်ကျမ်းစာများ၊ ကျမ်းဂန်တတ်ရဟန်းတော်များ ပုဂံသို့ရောက်ရှိပြီး၊ ဗုဒ္ဓသာသနာ ပို၍စည်ပင်ထွန်းကားသည်။ ထိုအချက်ကိုထောက်၍သထုံသို့ ပိဋကတ်တော်များရောက်ရှိ လာခဲ့ပုံကိုလည်း အရှင်မဟာဗုဒ္ဓဃောသမထေရ် ဆောင်ယူလာခဲ့ခြင်းသာဖြစ်နိုင်ကြောင်း ဆိုလိုပေသည်။

၄။ မိမိကိုယ်တိုင်ကွင်းဆင်း၍ ကေလာသတောင်ခြေမှ ဂေါဋ္ဌမတ္တိကနဂရ၊ တိုက်ကုလားမြို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖော်ပြခဲ့သဖြင့် အရှင်သောဏနှင့် ဥတ္တရမထေရ်တို့သာသနာ ပြုကြွရောက်တော်မူသော သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမြို့ဟောင်းသည် ၎င်းကေလာသတောင် ခြေဒေသပင်ဖြစ်နိုင် ကြောင်းခန့်မှန်းယူဆသည်။

ဤကဲ့သို့ပင် ဦးဖိုးလတ်၏ ၁၉၅၈ ခုနှစ်နှင့် ၁၉၆၀ ပြည့်လွှန်နှစ်များအတွင်း ရှေးဟောင်းသုတေသနခရီးထွက်ခြင်း၊ မြန်မာနိုင်ငံသမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ဟောပြောတင်ပြခြင်းများကို ကြည့်လျှင်မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာန၊ ညွှန်ကြားရေးဝန်တစ်ဦးအနေဖြင့် အောက်မြန်မာနိုင်ငံ သထုံဒေသသည် ရှေးဟောင်းသုဝဏ္ဏဘူမိယဉ်ကျေးမှု နယ်မြေတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုထားခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

သို့ရာတွင် ရှေးဟောင်းအဆောက်အအုံ ဗိသုကာအနုပညာလက်ရာ အထောက်အထားများအနေနှင့်မူ သထုံဒေသတွင်မယ်မယ်ရရ မိမိမတွေ့ရကြောင်း အဆိုပြုထား၏။ ၎င်း၏ ၁၉၅၈ ခုနှစ် ကွင်းဆင်းခရီးစဉ်အတွင်း

၁။ ဇုတ်သုတ်ရွာ ကျိုက်ထီးဆောင်းစေတီ၊
၂။ ဇုတ်သုတ်ရွာ ဆင်တပ်မြင်းတပ်၊
၃။ မုသင်ရွာမြို့ရိုးဟောင်းနှင့် ဂဝံကျောက်ရုပ်ပွားတော်များ၊
၄။ ဘီးလင်းနယ်၊ အလူးကလေးရွာ ကျိုက်ပတဲစေတီ၊
၅။ သထုံကလျာဏီသိမ်ပတ်လည်မှလိပ်သဲကျောက်တိုင်၊ကျောက်ပြားများမှ ဇာတ်တော်ကြီးဆယ်ဘွဲ့အရုပ်များ၊
၆။ သိကြားဘုရားမှ ရှေးဟောင်းမွန်စဥ္စချပ်များ၊
၇။ မုတ္တမမြို့ မြသိန်းတန်စေတီနှင့် ခေတ်လယ်မွန်အက္ခရာဖြင့်ရေးထိုးထားသော ခေါင်းလောင်းစာ
၈။ ကရင်ပြည်နယ်ဘားအံမြို့အနီးကော့ဂွန်းဂူ၊
၉။ ပဲခူးမြို့အရှေ့ရွှေနံ့သာနှင့် အနောက်ရွှေနံ့သာစေတီရှိ ကျောက်ချပ်ဗုဒ္ဓရုပ်ပွားတော်များ၊ နာဂဝံသိမ်နှင့် လွန်စွာရှေးကျသော ဗုဒ္ဓပုံတော်ကျောက်ချပ်
၁၀။ တွံတေး (ရှေးလမြို့) မှ "မောင်းတီး" ဟုခေါ်သောစေတီနှင့် ထိုစေတီမှအနော်ရထာမင်း အုတ်ခွက်များ

ကိုသာမှတ်တမ်းတင်ခဲ့ရ၏။ (ဖိုးလတ်၊ ၁၉၆၁၊ စာ ၁၇-၁၉) ယင်းအထောက်အထားများအရ




*နှစ်ကျိတ်ရစ်ဆူ ဂဝံကျောက်ဆစ်လက်ရာ*

မွန်တို့၏ (သထုံ) ယဉ်ကျေးမှုမှာ အများအားဖြင့်အိန္ဒိယပြည်၏ အရှေ့ကမ်းခြေဒေသဖြစ်သော ကာလင်္ဂ၊ တေလင်္ဂန၊ အန္ဓြာရစသောနိုင်ငံတို့မှ ရရှိ၍ ဗိသုကာအတတ်၊ ပန်ပုအတတ်၊ ပန်ရန် အတတ်၊ ပန်ပဲအတတ်၊ နက္ခတ်ဗေဒင်အတတ်၊ ဆေးအတတ်၊ ကဗျာလင်္ကာအတတ်၊ ပန်တျာအတတ်စည်တို့၌ အဆင့်အတန်း မြင့်ခဲ့သည်ဟု ယုံကြည်ရန်ရှိပေသည်။

ဟုအကဲဖြတ်သည်။ ၎င်းရေးမွန်ယဉ်ကျေးမှုအဆောက်အအုံနှင့် အနုပညာလက်ရာအကြွင်းအကျန်တို့ကို အောက်မြန်မာပြည်တစ်ခုလုံး၌ အနံ့အပြားရှိသည်ဟုမိမိယူဆကြောင်း၊ သို့ရာတွင်များစွာတို့မှာမြေပေါ်တွင် မရှိတော့ဘဲ၊ မြေအောက်တွင်သာ ခိုအောင်းနေပြီးလျှင်တောကြီးများ ဖုံးလွှမ်းလျက်နေသည်ဟုထင်ရန် ရှိကြောင်း၊ သို့ဖြစ်၍ တူးဖော်ရန်လည်း လွယ်ကူလိမ့်မည်မဟုတ်ကြောင်း ဆက်လက်တင်ပြထားသည်ကို တွေ့ရပါသည်။ (ဖိုးလတ်၊ ၁၉၆၁၊ စာ-၁၉)။

သထုံမှာ ဗိသုကာဆိုင်ရာ အဆောက်အအုံများမိမိမတွေ့ရခြင်းကိုအကြောင်းပြု၍ ပုဂံခေတ် ဗိသုကာအနုပညာ (Monumental Civlization) ယဉ်ကျေးမှုသည် သထုံယဉ်ကျေးမှုသြဇာ သက်ရောက်မှုရှိကြောင်းဆိုကို ဦးဖိုးလတ်က ငြင်းပယ်ခဲ့ပါသည်။ ဤအဆိုနှင့် ပတ်သက်၍လည်း

အချို့ကသထုံပြည်ကို အနော်ရထာမင်းတိုက်ခိုက်မအောင်မြင်မီ ပုဂံ၌ယဉ်ကျေးမှုလုံဝမရှိ သလောက် ပြောဆိုယူဆလျက်ရှိကြသည်။ ဤသို့ယူဆခြင်းမှာ အမြင်မကျယ်သောယူဆခြင်းသာ ဖြစ်ချေသည်။ သထုံပြည်ကို အနော်ရထာမင်းစောတိုက်ခိုက်အောင်မြင်ပြီးနောက် သထုံပြည်မှ ပန်းရန်၊ ပန်းတိမ်၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာစသော ပန်အတတ်ပညာသည်တို့ကို ခေါ်ဆောင် လာသောအခါကျမှသာလျှင် ပုဂံပြည်၌ ထိုအနုပညာ ပန်အတတ်များ ထွန်းကားလာသည်ဟု မယူဆရာ • မွန်သုံ့ပန်းများပုဂံပြည် သို့ မရောက်မီက ပုဂံပြည်တွင်ဗိသုကာများ။ ပန်ရန်များ၊ ပန်ပဲများ၊ ပန်ထျန်များယှိနေပြီးသားဖြစ်သည် ဟုယူဆသင့်လေသည်။

ထိုကြောင့်ပုဂံခေတ်တွင် တည်ဆောက်ခဲ့သောအဆောက်အဦးများအနက် မည်သည့်အဆောက် အဦးမှာ မွန်လက်ရာဖြစ်၍၊ မည်သည့်အဆောက်အဦးမှာ မြန်မာလက်ရာဖြစ်သည်ဟူသော ယူဆချက်များမှာ အဓိပ္ပါယ်မရှိချေ။

ဟုထင်မြင်ယူဆထားပေသည် (ဖိုးလတ်၊ ၁၉၆၁၊ စာ ၃၁-၂)။

ဤကဲ့သို့ထင်မြင်ယူဆချက်အပေါ်ပို၍ ခိုင်မာအောင် ၁၉၆၂-ခုနှစ်တွင်ထုတ်ဝေခဲ့သော ဦးဖိုးလတ်၏ "ရှေးဟောင်း မြန်မာရာဇဝင်နှင့် ယဉ်ကျေးမှုသုတေသန" စာတမ်းတွင်အောက်ပါအတိုင်း ဆက်လက်တင်ပြထားပုံကို တွေ့ရ၏။

ပုဂံရက်သတ္တပတ်ဟောပြောပွဲများတွင် ကျွန်ုပ်တို့ထုတ်ဆိုခဲ့သော အချက်တစ်ရပ်ကိုတင်ပြပါမည်။ ထိုအချက်မှာ သုတေသီတစ်စုတို့က ပုဂံယှိရှေးဟောင်းအဆောက်အဦးများအနက် အချို့တို့ကို မွန်လက်ရာဟူ၍ ၎င်း၊ အချို့တို့ကိုမြန်မာလက်ရာဟူ၍ ၎င်းခွဲခြားခေါ်ပြယူဆလျက်ရှိကြသည်မှာ အဓိပ္ပါယ်မယှိဟူသော အချက်ပင် ဖြစ်ချေသည်။

ပုဂံပြည်ယှိအဆောက်အဦးများနှင့် ပန်ချီ၊ ပန်ပု၊ အင်္ဂတေပန်း၊ စဥ့်ချပ်၊ အုတ်ခွက်စသည်တို့ကို မွန်လက်ရာ ဖြစ်သည်။ မြန်မာလက်ရာဖြစ်သည်ဟုပြောဆိုယူဆခြင်း၏ အကြောင်းရင်းမှာ အချို့အဆောက်အဦးတို့၏ နံရံစသည်တို့တွင်သော်၎င်း၊ မွမ်းမံသင်းနံ့ထားသည့် ပန်ချီ၊ ပန်ပု၊ စဥ့်ချပ်၊ အုတ်ခွက်စသည်တို့တွင်သော်၎င်း၊ မွန်ဘာသာဖြင့်စာများကို ရေးသားလျက်ယှိသည်ကိုတွေ့ရ၍၊ အချို့ တို့တွင်သော်မြန်မာဘာသာဖြင့် စာများကို ရေးသားထားသည်ကို တွေ့ရခြင်းဖြစ်လေသည်။

ပုဂံပြည်၌ ကျန်စစ်သားမင်းလက်ထက်တွင် ဆောက်လုပ်သောအဆောက်အဦးများကို မွန်လက်ရာများ ဖြစ်သည်ဟု ယူဆပြောဆိုရာ၌ ယင်းအဆောက်အအုံများတွင် မွန်စာပေအရေးအသားများ တွေ့ရသည်မှတပါး အခြားခိုင်လုံသောအကြောင်း ယုတ္တိများလည်း မည်သည်မျှမယိုချေ။

ယင်းအဆောက်အဦးများ၏ ပုံပန်းသဏ္ဍာန်အနုပညာလက်ရာတို့၏ အင်္ဂါလက္ခဏာရပ်များကို ထောက်ခြင်းဖြင့်ယင်းတို့မှာ မွန်တို့၏(သထုံ)လက်ရာများသာဖြစ်သင့်မည်ဟု ဆိုရလောက်အောင် ယင်းတို့နှင့် အသွင်သဏ္ဍာန်အင်္ဂါလက္ခဏာရပ်များ၌ တူညီသည့် ယင်းတို့၏မူရင်းပုံ (Proto Type) ဟုခေါ်ဆိုထိုက်သော ယင်းတို့ ထက်ရှေးကျသည့် အဆောက်အဦးအနုပညာ လက်ရာစသည်တို့ကို မွန်တို့နေထိုင်ခဲ့သောပြည်နယ်တို့တွင် ဘာတစ်ခုမျှတွေ့ရခြင်းလည်းမယိုချေ။ မွန်တို့၏ရှေးအဆောက်အဦးများနှင့် အနုပညာလက်ရာများမှာ လွန်စွာယိုယွင်းပျက်စီးလွယ်သော ဂဝံကျောက်ဖြင့်သာလျှင် ပြီးသဖြင့်ပုဂံခေတ်အဆောက်အဦးနှင့်လက်ရာများ၏ စံပြအနေဖြင့် ယူဆရန်မည်သည့်အရာမျှ ကြွင်းကျန်ခဲ့ခြင်းမယိုတော့ချေဟု ဆိုသင့်လောက်အောင်ပင် ယိုချေသည်။

အနည်းငယ်မျှသာ တွေ့ယိုရသော (သထုံ ၊ သိကြားဘုရားအနီး၊ ကလျာဏီသိမ်နိမိတ်တို့၌ လိပ်သည်း ကျောက်ပန်ပုလက်ရာတို့နှင့် စပ်လျဉ်း၍လည်း ထုလုပ်သည့်ခေတ်များကို ခန့်မှန်းရန် လွန်စွာခဲ့ယဉ်းလျက်ယိုချေသည် ( ဦးဖိုးလတ်၊ **ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှုသုတေသန**၊ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၂၊ စာ။ ၄၃-၄၄)။

အထက်ပါ ဦးဖိုးလတ်၏ အယူအဆသည် သုဝဏ္ဏဘူမိသထုံသုတေသနလုပ်ငန်းအပေါ်တွင် အနည်းနှင့်အများဂယက်ရိုက်ခတ်မှုရှိခဲ့ပါသည်။ ပုဂံခေတ်ရှေးဟောင်းဗိသုကာအဆောက်အအုံတို့၏ မူရင်း (Proto Type) ပုံစံသည် သထုံမဟုတ်၊ သရေခေတ္တရာပျူဗိသုကာ၌သာ အရင်းတည် လျက်ရှိကြောင်း နောင်အခါတင်ပြလာကြသော၊ ပေါလ်စထရက်ဂျင်နှင့် မိုက်ကယ်အောင်သွင်တို့၏ အယူအဆဖြစ်ပေါ်လာအောင် အစပျိုးလမ်းခင်းပေးထားလိုက်သကဲ့သို့ ရှိပါသည်။

ပုဂံစေတီပုထိုးများအနက် အနော်ရထာမင်းကောင်းမှုတော်ဖြစ်သော လောကနန္ဒာစေတီနှင့် ရွှေဆံတော်စေတီတို့ကိုရှေးအကျဆုံးဖြစ်သည်ဟု ဆိုကြ၏။ လောကနန္ဒာစေတီ၊ မြင်းကပါစေတီတို့သည် သရေခေတ္တရာပေါပေါကြီး (ဘောဘောကြီး) ဘုရားကဲ့သို့လုံးပတ်သဏ္ဍာန်ချင်းဆင်တူ၍ သရေခေတ္တရာ မူရင်းဟုဆိုရမည်ဖြစ်သော်လည်း၊ ရွှေဆံတော်စေတီမှာမူ အောက်ခြေတွင်ပစ္စယာဆင့်များခံခြင်း၊ ထိုပစ္စယာများတွင် နတ်လေ့ကားများတပ်ဆင်ခြင်း၊ ထိပ်ပိုင်းတွင် ဖေါင်းရစ်အဆင့်ဆင့်မွမ်းမံခြင်းတို့မှာ သရေခေတ္တရာစေတီ ပုံစံမျိုးမဟုတ်ပေ။ အနော်ရထာလက်ထက်၌ စတင်တည်ထားခဲ့ပြီး၊ ကျန်စစ်သား လက်ထက်တွင် အပြီးသတ်တည်ထားခဲ့သော ရွှေစည်းခုံစေတီမှာလည်း ပစ္စယာသုံးဆင့်နှင့် နတ်လမ်းလေ့ကားများ တပ်ဆင်ထားသည့် ပုဂံခေတ်ဦးစေတီတစ်ဆူပင်ဖြစ်ပါသည်။ ၎င်းဗိသုကာပုံစံဖြင့် စေတီကို သထုံသိကြားဘုရားတွင်လည်းတွေ့မြင်နိုင်ပေသည်။ ဇုတ်သုတ်ကျိုက်ထီးစောင်းစေတီမှာလည်းတွေ့မြင်နိုင်သေးသဖြင့် အောက်မြန်မာနိုင်ငံသထုံ ဒေသမူရင်းပုံစံမျိုးဖြစ်သည်ဟုဆိုနိုင်ပါသည်။

ပုဂံခေတ်ဦး လိုဏ်ဂူဘုရားများပုံစံမျိုးကိုလည်း သထုံရွှေစာရံ ဘုရားပရဝုဏ်အတွင်းရှိ ပိဋကတ်တိုက်စေတီကို နမူနာပုံစံအဖြစ် တွေ့မြင်နိုင်ပေသည်။ ယင်းရှေးဟောင်း အဆောက်အအုံတို့မှာ သထုံဒေသတွင် ပုဂံအနော်ရထာမင်း လက်ထက်မတိုင်မီက အဆောက်အအုံများဖြစ်နိုင်ပြီး ရှားရှားပါးပါးကြွင်းကျန်ရစ်သော ဗိသုကာလက်ရာများအဖြစ် သတ်မှတ်ရမည်ဖြစ်ပါသည်။ စင်စစ်ပုဂံမှာပင် အနော်ရထာမင်း လက်ထက်မတိုင်မီက တည်ထားခဲ့သော အဆောက်အအုံများဟူ၍ ညွှန်ပြစရာအလွန်နည်းပါးလှ၏။ ပုဂံကဲ့သို့မိုးနည်းပါးသော ဒေသမှာပင် အနော်ရထာထက်ပို၍စောသော အဆောက်အအုံများ အကြွင်းအကျန်မတွေ့နိုင်ကြောင်းကို ထောက်ထားလျှင်မိုးများသော သထုံဒေသမှာပင်ပို၍ ပျက်စီးပျောက်ကွယ်နေမည်ဟု ယူဆစရာအကြောင်းရှိပါသည်။

ဦးဖိုးလတ်သည် ၄င်းခရီးထွက်ခဲ့စဉ်က အရေးပါသော ယဉ်ကျေးမှုဌာနတစ်ခုဖြစ်သည့် ကြံ့တူလည်းမ ရောက်ခဲ့ပေ။ ၎င်းအထက်က ကျောက်စာဝန်ဒူရွိုင်ဇယ်မှတ်တမ်းတင်ခဲ့သော ကြံ့တူဘုရားမုစဥ်ကွင်းများကို သထုံယဉ် ကျေးမှုတွင်ထည့်သွင်း စဉ်းစားခဲ့ခြင်းမရှိပေ။

သထုံသိကြားဘုရားစဥ်ကွင်း (မြေမီးဖုတ်ရုပ်ကြွ) ပုံများနှင့်ဆက်စပ်နေသော သထုံကလျာဏီသိမ် နိမိတ် တိုင်မှ လိပ်သဲကျောက်ဗုဒ္ဓဝင်ရုပ်ကြွများကို ဦးဖိုးလတ်ကရက်စွဲအတိအကျ မပြောနိုင်သဖြင့် သထုံခေတ်လက်ရာဟု ပြောရန် ဝန်လေးနေခဲ့ပုံရပါသည်။ ကလျာဏီသိမ်ဟူသော အမည်မှာလည်း ပဲခူးဓမ္မစေတီမင်း၏ ကလျာဏီသိမ်နှင့် အမည်ချင်းရောထွေးနေသည်ဖြစ်၍ ခရစ် ၁၅-ရာစုနှစ်ရက်စွဲနှင့် ယှဉ်ပြီးနေပါသည်။ ကျောက်စာဝန်ဦးမြကလည်း ကလျာဏီကျောက်ဆစ်ရုပ်တို့ ရက်စွဲကို ၁၁-၁၂ ရာစုနှစ် လက်ရာများဟုခန့်မှန်းပေးထားခဲ့ဖူး၏။ အမှန်မှာထိုကျောက် ဆစ်ရုပ်ကြွပုံများ၏ လက်ရာကိုကြည့်၍ ပါမောက္ခလုစ်သည် ပုဂံမတိုင်မီက သထုံခေတ်လက်ရာများဖြစ်ကြောင်းခန့်မှန်း တင်ပြထားပေသည်။ (Luee, Phases of Pre-Pagan Burma, Volume II, Plates, 92m bm c, d, 93, a, b, c, d, 94, a, b, c, d, 95, a, b, c, d) သိကြားဘုရားစဥ်ကွင်းများသည်လည်း သထုံမပျက်မီက အနုပညာလက်ရာများဖြစ် သည့်အပြင် သထုံတွင် ဂဝံလေ့နှင့် ပူးတွဲလျက်မြေမီးဖုတ်အနုပညာထွန်းကားကြောင်း သက်သေပြနေပါသည်။ နောက် ထပ်မြေမီးဖုတ် အနုပညာထွန်းကားကြောင်း သက်သေတစ်ခုမှာ ကြံ့တူစဥ်ကွင်းများပင်ဖြစ်ကြ၏။ ဘုရားတံတိုင်းတွင် ကပ်စီးပြီး တန်ဆာဆင်ယင်ထားခြင်းဖြစ်၍ ဗုဒ္ဓဘာသာရေး ဗိသုကာအတတ်ပညာနှင့် မြေမီးဖုတ်ရုပ်ကြွအနုပညာတို့ကို ယှဉ်တွဲလျက်တွေမြင်ခြင်းပင်ဖြစ်ပါသည်။ ကြံ့တူသည် ခရစ်နှစ် ၇-၈ရာစုနှစ် များထက်နောက်မကျနိုင်ပေ။ ဤအချက်ကို ဦးဖိုးလတ်က ထည့်သွင်းစဉ်းစားခဲ့ပုံကိုမတွေ့ရပေ။

ဦးဖိုးလတ်၏ ၁၉၅၈-ခုနှစ်မော်လမြိုင်၊ ဘားအံ၊ မုတ္တမ၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုခရီးစဉ်များကို ဝေဖန် သုံးသပ်ရလျှင် ရှေးဟောင်းသုတေသနစူးစမ်းလေ့လာရေးခရီး (Archaeological Exploration) တစ်ခုထက်၊ ဌာနဆိုင်ရာအကြီးအကဲတစ်ဦးက နယ်လှည့်ခရီးထွက်စစ်ဆေးကြည့်ရှုသောခရီး (Inspection Tour) တစ်ခုအသွင်ကို သာ ဆောင်သည်ဟုဆိုရပါမည်။ ထိုစဉ်ကသထုံခရိုင်အတွင်း နယ်မြေအေးချမ်းမှု မရှိသေးသည့်အတွက် ခရီးစဉ်ကာလ များလည်း တိုတောင်းပြီး အလျင်စလိုရှိလှပါသည်။ သထုံခရိုင်တွင် (၂၃၊ ဖေပြီမှ ၂၉ ဖေပြီအထိ) ရက်သတ္တပတ်မျှ သာကြာခဲ့သည်။ ကျောက်စာကူးလုပ်ငန်းကို ဦးစားပေးလုပ်ခဲ့ပြီး၊ မြို့ဟောင်းများဖော်ထုတ်ရေးကို သာမန်မျှသာ ဆောင်ရွက်ခဲ့ရ၏။ ခရီးထွက် အဖွဲ့တွင် တူးဖော်မှုကျွမ်းကျင်သူ (Excavator) လည်းပါဝင်ခဲ့ခြင်းမရှိသေးပေ။ (ထိုစဉ်က ကျောက်စာဝန် ဦးလူဖေဝင်း၏ စီမံကိန်းအရ သွေးသစ်လောင်းလူငယ် ရှေးဟောင်းသုတေသီများလေ့ကျင့်ပေးရေး အစီအစဉ်အရ ပထမဆုံးနိုင်ငံခြားသို့ စေလွှတ်၍ပညာသင်ယူနေသူ ဦးအောင်သော်သည် အိန္ဒိယနိုင်ငံတွင် ပညာသင်ယူ နေဆဲဖြစ်၏။) ထို့ကြောင့် ယဉ်ကျေးမှုနယ်မြေတစ်ခုကို ရှေးဟောင်းသုတေသနနည်းဖြင့် စနစ်တကျ စူးစမ်းလေ့လာမှု (Surveying) နှင့် လက်တွေ့တူးဖော်မှု (Excavation) များကိုအောက်မြန်မာနိုင်ငံ သထုံဒေသတွင် မပြုနိုင်ခဲ့သေးကြောင်း တွေ့ရမည်ဖြစ်ပါသည်။

၁၉၅၈-ခုနှစ်တွင် အိန္ဒိယသို့ ပညာတော်သင်စေ လွှတ်ခဲ့ပြီး ၁၉၅၉ ခုနှစ်အောက်တိုဘာလ၌ ပြန်လည် ရောက်ရှိလာခဲ့သော ဦးမြင့်အောင်သည် နောင်အခါသထုံဒေသမှ သုဝဏ္ဏဘူမိမြို့ဟောင်းတူးဖော်မှု (၁၉၇၄-၇၈) ကိုဖွဲ့ဆော်ဦး ဆောင်ရွက်ခဲ့ရသူဖြစ်လာခဲ့၏။

ဦးမြင့်အောင်၏ ဝင်းကတူးဖော်မှု (၁၉၇၆-၇၈) တွင်အုတ်တိုက်အဆောက်အအုံဟောင်း (၆)ခု (Wk ၁-၆) ကိုတူးဖော်တွေ့ရှိခဲ့ပါသည်။ ယင်းတူးဖော်မှုအရ သထုံဒေသမှာ ဂဝံအုတ်ဖြင့်သာမက မြေမီးဖုတ်အုတ်ဖြင့် တည် ဆောက်သော ရှေးဟောင်းအဆောက်အအုံများ (Monumental Civilization) ရှိခဲ့ကြောင်း သိရှိရပေသည်။ ထိုစဉ်အခါက ဦးမြင့်အောင်တူးဖော်ခဲ့သော အုတ်ကုန်းများမှထွက်ပေါ်လာသည့် အုတ်တိုက်အဆောက်အဦးများကို

ပန္နက်ပုံစံမျှသာဖော်ထုတ်နိုင်တော့ကြောင်း တွေ့ရ၏။ အဆောက်အဦး၏ အထက်ဝါအစိပ်အပိုင်းများကို မတွေ့ရတော့ပေ။ သို့ဖြစ်၍ ယင်းအဆောက်အအုံတို့၏ ပွန်းတီးယိုယွင်းမှုအခြေအနေအရ သက်တမ်းအားဖြင့်အလွန် ရှေးကျပုံကိုခန့်မှန်းနိုင်ပေသည်။ ဝင်းက-အမှတ် (၁) ကုန်း Wk-1 တူးဖော်မှုမှ တွေ့ရသောမြေပုတီးကျောက်ပုတီးစေ့နှင့် ရေဖျုန်းအိုးလည်တိုင်များအရ ဝင်းကအဆောက်အဦးသည် ပျူခေတ်ပြိုင်ဖြစ်နိုင်ကြောင်း နှိုင်းယှဉ်ခေတ်ခွဲ နည်း (Relative Dating) ဖြင့် အောက်ပါအတိုင်း ခန့်မှန်းတင်ပြခဲ့ပါသည်။

> ယခုခေတ်သုဝဏ္ဏဘူမိမြို့တော်တည်ရှိရာဟု မှတ်တမ်းပြုထားသော ဝင်းကရွာတူးဖော်မှုမှ ဇလုပ်ပါရှိ အိုးနှုတ်သီးနှစ်ခုနှင့် ရေဖျုန်းအိုးလည်တန်လေးခု ကိုထပ်မံ တူးဖော်ရရှိခဲ့ပြန်သည်။
>
> ယင်းရေဖြန်းအိုးမှာ ဒက္ခိဏကုန်းမြင့် (အိန္ဒိယ) တနေရာရှိ "ရန်းမဟာလ်မြို့ဟောင်း" နှင့် မြန်မာပြည် ဗိဿနိုးမြို့ဟောင်းတို့၌ တွေ့ရသောရေဖြန်းအိုးပုံစံများနှင့် တူညီကြောင်းသိရ၏။
>
> ဤသို့ခရစ်ရာစုနှစ်အစောပိုင်းဆိုင်ရာ အိန္ဒိယသမိုင်းဝင်ဒေသများနှင့် အဆက်သွယ်ရှိခဲ့ပုံကို ခန့်မှန်းနိုင်ခြင်းအားဖြင့် မွန်ပြည်နယ်သုဝဏ္ဏဘူမိတည်နေရာဟုသတ်မှတ်ထားကြသော ဝင်းကရွာတူးဖော်မှု အဆောက်အအုံကြီးကို ခုနှစ်ပိုင်းခြားလာနိုင်ပေသည်။ ထို့ကြောင့်ခရစ်နှစ်အစောပိုင်း အိန္ဒိယအိုးအင်များနှင့် ပုံစံချင်းတူညီမှုအရ ဝင်းကအဆောက်အုံသည် ရှေးအကျဆုံးခရစ်ရာစု အစောပိုင်းများနှင့်သက်ဆိုင်၍ ဗိသုကာပုံစံအနေဖြင့် နောက်အကျဆုံး ပုဂံခေတ်နှင့်သက်ဆိုင်သည် ဟုမယုတ်မလွန် ဆိုနိုင်ပေတော့သည်။

(ဦးမြင့်အောင် "သုဝဏ္ဏဘူမိတူးဖော်မှုကိုခေတ်ခွဲခြင်း" **မွန်ပြည်နယ်နေ့အထိမ်းအမှတ်စာစောင်**၊ ၁၉၇၇၊ မတ်လ၊ စာ ၃၉-၄၂)။

ဦးဖိုးလတ်လက်ထက် ၁၉၆၀-ပြည့်လွန်နှစ်များအထိ သထုံနယ်တွင် ပုဂံထက်ပို၍စောသော အုတ်တိုက်အဆောက်အဦးများမရှိနိုင်ကြောင်းယူဆထားခဲ့သည်ကို ရှေးဟောင်းသုတေသနမှူး ဦးမြင့်အောင်က ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း တူးဖော်သုတေသနပြု၍ဖော်ထုတ်ပေးခဲ့သည့် သာဓကကို တွေ့ရခြင်းပင်ဖြစ်ပါသည်။ ဦးဖိုးလတ်က

> ရှေးမွန်ယဉ်ကျေးမှုအဆောက်အဦးနှင့် အနုပညာလက်ရာအကြွင်းအကျန်တို့ကို အောက်မြန်မာပြည်တခုလုံး၌ အနံ့အပြားယိုသည်ဟု ယူဆရန်ယိုသည်။ သို့ရာတွင်များစွာတို့မှာ မြေပေါ်တွင် မယိုတော့ပဲ၊ မြေအောက်တွင်သာ ခိုအောင်းနေပြီးလျှင် တောကြီးများဖြင့်ဖုံးလွှမ်းလျက်နေသည် ဟုထင်ရန်ယိုသည်။ ထို့ကြောင့် တူးဖော်ရန်လည်းလွယ်ကူလိမ့်မည်မဟုတ်ပါ။ *(ဖိုးလတ်၊ ၁၉၆၁၊ ၁၉)*

ဟူ၍ထင်မြင်ယူဆထားခဲ့သည်။ ထိုကဲ့သို့ တူးဖော်ရန်မလွယ်ကူဟုဆိုသော ကိစ္စကိုငင်း နောက် (၁၀) နှစ်အကြာတွင် လက်တွေ့တူးဖော်သုတေသနပြုနိုင်ခဲ့ကြောင်းတွေ့ရပေသည်။

ဦးဖိုးလတ်၏ ၁၉၅၈ ခုနှစ် သုဝဏ္ဏဘူမိစူးစမ်းရှာဖွေရေးခရီးစဉ်အတွင်း သထုံဒေသရှိ ရှေးဟောင်းအဆောက်အဦးများနှင့် ယဉ်ကျေးမှုပစ္စည်းများကို ဓာတ်ပုံပေါင်း (၂၁၁) ပုံရိုက်ကူးလျက်မှတ်တမ်း တင်ခဲ့သည်မှာ နောင်လာနောင်သားများအတွက် အားထားစရာ အထောက်အထားများဖြစ်ခဲ့ပါသည်။ ၎င်းတို့မှာ

| | | | | | |
|---|---|---|---|---|---|
| ၁။ | ကရင်ပြည်နယ် | ဓာတ်ပုံအမှတ် | - | ၇၇၁၄ မှ | |
| | ဖားကပ်ရွာ | | | ၇၇၄၉ | ၃၅ ပုံ |
| ၂။ | သထုံ | ဓာတ်ပုံအမှတ် | - | ၇၇၅၀ မှ | |
| | | | | ၇၇၈၉ ထိ | ၉ ပုံ |
| ၃။ | ကျိုက်ထိုနှင့် | ဓာတ်ပုံအမှတ် | - | ၇၇၆၀ မှ | |

| | | | | |
|---|---|---|---|---|
| | | ဘီးလင်း | ၇၇၉၆ ထိ | ၆ ပုံ |
| ၄။ | ဇုတ်သုတ် | ဓာတ်ပုံအမှတ် - | ၇၇၉၇ မှ | |
| | | | ၉၈၂ | ၅၅ ပုံ |
| ၅။ | မုတ္တမမြို့ | ဓာတ်ပုံအမှတ် - | ၇၈၅၃ မှ | |
| | | | ၇၈၅၄ ထိ | ၂ ပုံ |
| ၆။ | ပဲခူးမြို့ | ဓာတ်ပုံအမှတ် - | ၇၈၅၅ မှ | |
| | | | ၇၈၈၀ ထိ | ၂၅ ပုံ |
| ၇။ | တွံတေးမြို့ | ဓာတ်ပုံအမှတ် - | ၇၈၈၁ မှ | |
| | | | ၇၉၃၆ ထိ | ၅၅ ပုံ |
| | | | **စုစုပေါင်း** | **၂၁၇** |

(၁၉၅၇-၅၈ နှစ်ချုပ်၊ စာ-၈၂-၈၇)

နောင်အခါ၌ ဓါတ်ပုံများသည် ပါမောက္ခလုစ်၏ Old Burma Early Pagan စာအုပ်နှင့် Phase of Pre-Pagan Burma စာအုပ်များပြုစုသင့်သည့်အခါ အထောက်အထားများဖြစ်လာခဲ့ပါသည်။

မြန်မာနိုင်ငံ ရှေးဟောင်းဒေသအနှံ့အပြားသို့ ၁၉၅၇-၅၈ ခုနှစ်အတွင်းခရီးထွက်ခဲ့သည့် အကျိုးရလဒ်တစ်ခုမှာ နိုင်ငံတော်အစိုးရက ထိန်းသိမ်းစောင့်ရှောက်ထားသော မူလစာရင်းဟောင်းပါ အဆောက်အဦ ၈၅ ခုအနက် အဆောက်အဦး ၃၅ ခုကိုထပ်မံဖြည့်စွက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဦးဖိုးလတ်က ဆိုပါသည်။ ထိုသို့ဖြည့်စွက်ခြင်းကြောင့် ဇယားဝင်ထိန်းသိမ်းစောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အဦးစုစုပေါင်း (၁၂၀) အထိတိုးတက်လာခဲ့သည်ဟု တင်ပြခဲ့သည်။ သို့သော်ဤသို့ ထပ်မံဖြည့်စွက်ခဲ့သော ဇယားဝင်ရှေးဟောင်း အဆောက်အဦ (၃၅) ခုတို့စာရင်းတွင် အောက်မြန်မာနိုင်ငံမှ အဆောက်အဦတစ်ခုမျှမပါဝင်ခဲ့ပေ။ မြင်းခြံခရိုင်၊ ပြည်ခရိုင်၊ စစ်တွေခရိုင်နှင့် မကွေးခရိုင်တို့မှ ရှေးဟောင်းအဆောက်အဦတို့သာ ပါဝင်သည် (၁၉၅၇-၅၈-နှစ်ချုပ်စာ-၅၈)။

ထို့အပြင်ပုဂံမြို့ရှိ ရှေးဟောင်းသုတေသန ဆိုင်ရာပြတိုက်နှင့် စစ်တွေခရိုင်၊ မြို့ဟောင်းပြတိုက်တို့ ထားရှိသကဲ့သို့ အောက်မြန်မာနိုင်ငံသထုံဒေသတွင် ရှေးဟောင်းသုတေသနဆိုင်ရာပြတိုက်တစ်ခုကို သတ်သတ်မှတ်မှတ် ထူထောင်ထားရှိနိုင်ခဲ့ခြင်းမရှိသေး သည်ကိုလည်း တွေ့ရပေသည် (၁၉၅၇-၅၈ နှစ်ချုပ်၊ စာ ၂၆-၃၁)။ သို့ဖြစ်သော်ငြားလည်း နောင်အခါ သထုံမြို့ရွှေစာရံဘုရားဝင်းအတွင်းရှိ ကျောက်စာတိုင်များနှင့် ရှေးဟောင်းရုပ်ပွားဆင်းတုအချို့ကို ထိန်းသိမ်းရန်အဆောက်အအုံတစ်ခုတည်ခြင်း၊ ဆင်တပ်မြင်းတပ် ဂဝံကျောက်ဆစ်ရုပ်တန်းရှိရာ ပေ (၁၀၀) အရှည် မြို့ရိုးဟောင်းတစ်ပိုင်းကို အပေါ်ကကွန်ကရစ် အမိုးဖြင့်ထိန်းသိမ်းပေးခြင်းတို့မှာ ဦးဖိုးလတ်ခရီးစဉ်၏ နောက်ဆက်တွဲ အချိုးရလဒ်များဟုပင်ဆိုရပါမည်။ နောင်အခါရှေးဟောင်း ယဉ်ကျေးမှုပြတိုက်ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် တည်ထောင်ဖွင့်လှစ်ပေးခဲ့ပါသည်။ သထုံမြို့တွင် ဤကဲ့သို့ပြတိုက် တစ်ခုတည်မထားခဲ့ဘဲ၊ သထုံအစားမော်လမြိုင်၌ တည်ထားခဲ့ခြင်းမှာ သထုံမြို့ဟောင်း၏ သမိုင်းအရေးပါမှုကို ကျဆင်းသွားစေပြီး၊ သထုံလည်းမေ့မှိန် ပျောက်ကွယ်လုလု အခြေအနေသို့ ဆိုက်ရောက်နေကြောင်း သတိပြုမိကြပါန်မတူပေ။

## ဒေါ်သင်းကြည်၊ ဗိုလ်မှူးဘရှင်၊ ဒေါက်တာသန်းထွန်း


ဖိုးလတ်၊ ပါမောက္ခဒေါက်တာဒေါ်သင်းကြည်က **စစ်ပညာဂျာနယ်**တွင် " သုဝဏ္ဏဘူမိ သထုံမြို့ဟောင်း လေ့လာချက်များ ဆောင်းပါးကိုရေးသားသည့်အခါ အနော်ရထာမင်းနှင့် မနူဟာမင်းတို့ စစ်ပွဲခင်းကျင်းတိုက်ခိုက် ခဲ့စဉ်က သထုံမြို့ဟောင်း၏ ကာကွယ်ရေးအစီအမံများ ပြုလုပ်ထားပုံများကို ပထဝီဝင်အနေအထားများ ပြုလုပ်ထား ပုံများကို ပထဝီအနေအထားရှုထောင့်မှကြည့်၍ ဆွေးနွေးတင်ပြခဲ့သည်။ ( **စစ်ပညာဂျာနယ်**၊ အတွဲ ၃၊ အမှတ် ၂၊ ၁၉၅၇၊ ဇွန်၊ စာ ၁၄၆-၁၅၃)

သမိုင်းကော်မရှင်အဖွဲ့ဝင် ဗိုလ်မှူးဘရှင်က ၎င်း၏ **အနော်ရထာမတိုင်မီက မြန်မာနိုင်ငံ**၊ သုတေသနကျမ်းကို ရေးသားသည့်အခါ သုဝဏ္ဏဘူမိဒေသ၏ တည်နေရာကို ယခုစစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်စပ်ကြား မုတ္တမ ပင်လယ်ကွေ့ပေါ်ရှိ ကမ်းမြောင်ဒေသမှာ သုဝဏ္ဏဘူမိနိုင်ငံတည်ခဲ့ရာ ဒေသဖြစ်၏။ မြို့တော်မှာ ထိုဒေသရှိ ကေလာသ တောင်ခြေတွင်ရှိသည်။ သမိုင်းခေတ်ဦးက ဤမြို့ကို ရတနာသိုက်ကြီးအဖြစ်သိခဲ့ကြ၏။ တရုတ်၊ ရောမ၊ ခေါမ၊ အိန္ဒိယကုန်သည်များက ဤမြို့ကို "ရွှေမြေ" ဟုအဓိပ္ပါယ်ရသော မိမိတို့ဘာသာစကားဖြင့် အမည်ပေး၍ မှတ်တမ်း တင်ခဲ့ကြ၏။ သုဝဏ္ဏဘူမိနိုင်ငံ၏အကျယ်မှာ အနောက်ဘက်ရောဝတီမြစ်၊ အရှေ့ဘက်သောင်ရင်းမြစ်အထိ ဖြစ်သော ရောဝတီ၊ စစ်တောင်း၊ သံလွင်မြစ်တို့၏ မြစ်ဝကျွန်းပေါ်ဒေသဟုယူဆနိုင်သည်ဟု ဖော်ပြခဲ့သည်။
(ဗိုလ်မှူးဘရှင်၊ **အနော်ရထာအရင်ကမြန်မာနိုင်ငံ**၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊၁၉၇၁၊ စာ-၆၈)။

ပါမောက္ခဒေါက်တာသန်းထွန်းကလည်း ဤနေရာတွင် ဗိုလ်မှူးဘရှင်နှင့် သဘောချင်းထပ်တူဖြစ်၏။ . . . ငါးရာငါးဆယ်ဇာတ်တော်များမှ အစပါဠိစာပေ၌ ထင်ရှားပါရှိသော သုဝဏ္ဏဘူမိဟူသည် မည်သည့်အရပ်နည်းဟု တွေးတောကြံဆဖွယ်ရှိပါသည်။ တော်လမီ၏ မြေပုံ၌ "ခရီရှေ" ကား သုဝဏ္ဏဘူမိပင်ဖြစ်၏။ သိန်းခို(သီဟိုဠ်၊သီရိလင်္ကာ) ရေးရာဇဝင်များဖြစ်သော လေးရာစု ဒီပါဝင်နှင့် ခြောက်ရာစုမဟာဝင်တို့၌လည်း သုဝဏ္ဏဘူမိကို ဗုဒ္ဓသာသနာ ၏အခြေခံ အရပ်ဟုညွှန်းပြန်သည်။ ယင်းသုဝဏ္ဏဘူမိကား သထုံမဟုတ်ဟုဆိုချင်သည်။ သထုံ၏အနောက် မြောက်ဘက်မိုင် (၃၀)ခန့်အကွာ၌ ကေလာသကျောက်တောင်စွန်းရှိပါသည်။ ထိုတောင်စွန်း၏ တောင်ပေါ်တောင်အောက်တဝိုက်သာလျှင် သုဝဏ္ဏဘူမိ မြို့ဟောင်းရာဖြစ်ပါသည်။ လတ္တီတွတ် မြောက် ၁၇ အံသာ၊ ၁၁ လိတ္တာနှင့် လောင်ဂျီတွတ် အရှေ့ ၉၇ အံဟာ ၆ လိတ္တတွင်ရှိ၏။ (သန်းထွန်း၊ **ခေတ်ဟောင်းရာဇဝင်**၊ စာ-၈၁)။

အထက်ပါ ပညာရှင်သုံးဦးတို့တွင် ပါမောက္ခဒေါက်တာဒေါ်သင်းကြည်က ယခုသထုံမြို့ရှိ မြို့ဟောင်းအကြောင်းကို ရေးသားတင်ပြ၍ ခရစ်နှစ် ၁၀၅၇-ခုနှစ်က ပုဂံအနော်ရထာမင်းနှင့် ခေတ်ပြိုင်သုဝဏ္ဏဘူမိကိုဆိုခြင်းဖြစ်ပါသည်။ ဒေါက်တာသန်းထွန်းကမူ ခရစ်အကြို (ဘီစီ) သုံးရာစုနှစ်အတွင်း အိန္ဒိယနိုင်ငံအသောကမင်းနှင့် ခေတ်ပြိုင်တည်ရှိခဲ့သော သုဝဏ္ဏဘူမိကိုဆိုခြင်းဖြစ်ပါသည်။ ဗိုလ်မှူးဘရှင်နှင့် ဒေါက်တာသန်းထွန်းတို့နေရာအညွှန်းချင်းတူကြ၏။ သို့ရာတွင် ဆရာကြီးဒေါက်တာသန်းထွန်းသည် မိမိ၏သုဝဏ္ဏဘူမိတည်နေရာအယူအဆကို နောက်နှစ်ပေါင်း (၄၀) ခန့်အကြာတွင် ပြန်လည်ပြင်ဆင်ခဲ့ပါသည်။

သထုံမြို့အကွက်ချမြေပုံ




## ဂျီအိပ်ချ်လုစ်

သုဝဏ္ဏဘူမိနှင့်စပ်လျဥ်း၍ ဟောပြောရေးသားမှုများတွင် သမိုင်းကော်မရှင်အဖွဲ့ဝင် ပါမောက္ခဂျီ၊ အိပ်ချ်၊ လုစ်၏တင်ပြချက်မှာ ပို၍ထိရောက်မှုရှိပါသည်။ လုစ်သည်သူ၏ ပုဂံအစောပိုင်းကာလမြန်မာနိုင်ငံ (Old Burma Early Pagan) စာအုပ်ကြီးကို အတွဲ (၃) တွဲဖြင့်ပုံနှိပ်သည့်အခါ **အောက်မြန်မာနိုင်ငံ မုတ္တမကွေ့ပင်လယ်ကမ်းရိုးတန်းဒေသကို ရှေးဟောင်းရာမညဒေသဟုလည်းကောင်း သုဝဏ္ဏဘူမိဟူ၍ လည်းကောင်းမြေပုံပေါ်တွင် ရေးဆွဲတင်ပြခဲ့သည်။** (Luee, G-H, Old Burma – Early Pagan, Vol II, Catalogue, New York, Artibus Asie, 1969-70) ဤကျမ်းကိုနိုင်ငံခြား တွင်ပုံနှိပ် ထုတ်ဝေခဲ့ခြင်းကြောင့် ကမ္ဘာအနှံ့အပြားမှ သုတေသီများက သုဝဏ္ဏဘူမိအကြောင်းကိုပိုမိုစိတ်ပါဝင်စားလာကြသဖြင့် မြန်မာ့သုဝဏ္ဏဘူမိကို ကမ္ဘာသိဖြစ်အောင် ဆောင်ရွက်ပေးခဲ့ခြင်းပင်ဖြစ်သည်။ ရှေးဟောင်းသုတေသနနည်းဖြင့် မြေအောက်ကို တူးဖော်လေ့လာခြင်းမရှိသေးစေကာမူ မြေပေါ်တွေ့အထောက်အထားများဖြင့်ပင် ပါမောက္ခကြီးလုစ်သည် အောက်မြန်မာနိုင်ငံကို သုဝဏ္ဏဘူမိနယ်မြေဖြစ်ခဲ့ကြောင်း ကမ္ဘာသိကြေငြာခဲ့ခြင်းဖြစ်ပေသည်။



သထုံမှတွေ့ရသော
အမရဝတီလက်ရာဟန်
(ခရစ် ၃-၅)ရာစုနှစ်
ရုပ်ပွားတော်
ဉာဏ်တော် ၁၁ လက်မ

# 'သုဝဏ္ဏဘူမိ ပြန်လည်တွေ့ရှိခြင်း'

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံရှေးဟောင်းသုတေသန လုပ်ငန်းအဝဝကို တိုင်းရင်းသားပညာရှင်များ ဦးစီးပြီး နိုင်ငံခြားသို့ပညာတော်သင်စေလွှတ်ခဲ့သော လူငယ်ပညာတတ်များဖြင့် တူးဖော်ရေး၊ ထိန်းသိမ်း ရေး၊ စသည့်လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ အစပိုင်းတွင်ဒေါက်တာနီဟာရမ်ဂျန်ရေးကို အကြံပေးပညာရှင်အဖြစ်တွဲဖက်ခန့်ထား၍ ဆောင်ရွက်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ တိုင်းရင်းသားလူငယ်ပညာရှင်များ အရေးပါလာသည်။ ထိုစဉ်က ရှေးဟောင်းသုတေသနလုပ်ငန်းများကို အစီအစဉ်ငါးရပ်နှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့၏။ ယင်းအစီအစဉ် (Field of Studies) များမှာ -

(က) သမိုင်းမတင်မီခေတ် (Prehistory)
(ခ) သမိုင်းကြိုခေတ် (Protohistory)
(ဂ) ပျူယဉ်ကျေးမှု (Pyu Culture)
(ဃ) ခေတ်ဦးမွန်ယဉ်ကျေးမှု (Early Mon Culture)
(င) ခေတ်ဦးရခိုင်ယဉ်ကျေးမှု (Early Rakhaing Culture)

တို့ဖြစ်ကြောင်းသိရပါသည်။ ၎င်းအပြင်

(စ) အနုပညာသမိုင်း (History of Art)
(ဆ) ဂီတသုခုမသမိုင်း (History of Music)
(ဇ) ဗိသုကာအနုပညာသမိုင်း (History of Architecture)

တို့ကိုလည်းတစ်ဆက်တည်း လေ့လာဖော်ထုတ်သွားရန် ရည်ရွယ်ချက်ထားရှိကြောင်းသိရပါသည် (Than Tun, 1981, pp. 10-11)။

မြန်မာနိုင်ငံရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးဖိုးလတ်၏ရာထူးကို ဆက်ခံပြီး ၁၉၆၄-ခုနှစ်၊ ဩဂုတ်လ ၂၇-ရက်နေ့တွင် ညွှန်ကြားရေးဝန်ဖြစ်လာသူ ဦးအောင်သော်သည် အထက်ပါရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရသည်။

ရှေးဟောင်းသုတေသနပညာရပ်နှင့် ပတ်သက်၍ဦးအောင်သော်မြွက်ကြားခဲ့သော ၁၉၅၉-ခုနှစ် ဧပြီလ ပုဂံရက်သတ္တပတ်ဟောပြောချက်တွင်-



*ဝင်းကရွာမှ ဦးတာပိုတွေ့ရှိသော ငွေဒင်္ဂါးပြား၊*
*ခေါင်းဘက်တွင် ခရုသင်းပုံအပြည့်ပါရှိပြီး ပန်းဘက်တွင် သီရိဝစ္ဆ ပုံဖြစ်သည်။*

> အင်္ဂလိပ်အခေါ်အားဖြင့် (ARCHAEOLOGY) ဟုအမည်တွင်သောဘာသာရပ်သည်အဓိပ္ပါယ်အားဖြင့် ရှေးဟောင်း ဆိုင်ရာပညာဟုထင်ရှား၏။ ・ ・ ・ရှေးပဝေသဏီမှအစ လူတို့သည်နေထိုင်မှုအတွက်၎င်း၊ အစာရေစာရှာဖွေ စားသောက်မှု အတွက်၎င်း၊ နေ့စဉ်နှင့်အမျှအားထုတ် ကြိုးပမ်းခဲ့ကြရလေသည်။ လူအဖြစ်တည်တံ့မှုမှအစပြု၍ တစတစတိုးတက်၍ သက်သာချောင်ချိမှုနှင့် စည်းစိမ်ခံမှု အထိကြိုးပမ်းလာခဲ့ကြရာ၌ လက်နက်ကိရိယာ အမျိုးမျိုးကို ဖန်တီးအသုံးပြုခဲ့ ကြ၏။ ထိုနောက် တခေတ်ထက် တခေတ်စိတ်ကူးညဏ် ဆန်းသစ်သည်နှင့်အမျှ လိုအင်ဆန္ဒထူးတွေများပြားလာသည်နှင့်အမျှ အသုံးအဆောင်ကိရိယာပစ္စည်း အမျိုးမျိုးကို အဆန်းတကြယ် တီထွင် ပြုလုပ်သုံးစွဲခဲ့ကြ၏။ ထို့ကြောင့် ယင်းပစ္စည်းများသည် လူတို့၏ယဉ်ကျေးမှုပြဒါးချိန်ဖြစ်သည်ဟု ဆိုရချေမည်။ ရှေးဟောင်းယဉ်ကျေးမှု သာဓကဖြစ်သော အရာဝတ္ထုအစုစုတို့ကို လေ့လာ၍ ယဉ်ကျေးမှုသမိုင်း ပြုစုခြင်းသည်ပင် ရှေးဟောင်းသုတေသနခေါ်သည့် လုပ်ငန်းများတွင် အကျုံးဝင်လေတော့သည်။

ဟုထုတ်ဖော်ပြောကြားပုံကို တွေ့ရသဖြင့် ဦးအောင်သော်သည် ရုပ်ဝတ္ထုပစ္စည်းပြုလုပ်ပုံဓလေ့ (Material Culture) ကို အခြေခံလေ့လာခြင်းအပေါ်ယုံကြည်အားထားသည့် ပညာရှင်ဖြစ်ကြောင်း သိရှိနိုင်ပေသည်။ ရှေးဟောင်းသုတေသန လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအားဖြင့် သမိုင်းမတင်မီခေတ် (Pre-history) နှင့် သမိုင်းတင်ခေတ် (Historic Period) ဟူ၍ နှစ်ပိုင်းခွဲခြားထားရှိပုံကိုလည်း ၎င်းဟောပြောချက်တွင် ရှင်းလင်းတင်ပြထားသည်ကို တွေ့ရ၏။ (ဦးအောင်သော်၊ "ရှေးဟောင်းသုတေသနနှင့် ပုဂံ"၊ **ပုဂံရက်သတ္တပတ်ဟောပြောချက်များ** ရန်ကုန်၊ ရှေးဟောင်း သုတေသနဌာန၊ ၁၉၆၁၊ စာ ၅၃-၅၈)

မြန်မာနိုင်ငံတွင် သမိုင်းမတင်မီခေတ် ရှေးဟောင်းသုတေသန (Prehistoric Archaeology) လုပ်ငန်းများမှာ ဒုတိယကမ္ဘာစစ်ကြိုခေတ်ကာလအထိ အားနည်းခဲ့၏။ ဘူမိဗေဒပညာရှင်တစ်စုကသာ ဦးဆောင်လျက်ကွင်းဆင်း သုတေသနပြုခဲ့ကြဖူး၏။ ဘရောင်း (J.Coggin Brown)၊ ကော့တား (G de P. Cotter)၊ မောရစ် (T.O Morris)၊ နော့တလင်း (F.Noetling)၊ သီအိုဘော (W.Theobold) စသောဘူမိဗေဒပညာရှင်များက ပညာရပ်ဂျာနယ်အချို့တွင် အစီရင်ခံတင်ပြကဲ့သမျှလောက်ကိုသာသိရှိကြ ၏။ ၁၉၃၇-၃၈ ခုနှစ်အတွင်းက အမေရိကန်ဘူမိဗေဒပညာရှင် ဒီတားရား (Dr. Hellmutde Terra) နှင့် ရှေးဟောင်းသုတေသနပညာရှင် မိုဗီးရပ် (ခ) (Hallam L. Morius Jr. ) တို့သည် မြန်မာနိုင်ငံသို့ ရောက်လာခဲ့ကြပြီး ဧရာဝတီမြစ်ဝှမ်းက ကျောက်ခေတ်ဓလေ့ကို ကွင်းဆင်းလေ့လာခဲ့ကြ၏။ ၎င်းအဖွဲ့က

ရောဝတီမြစ်ကမ်းဆင့်များမှ ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ်လက်နက် ကိရိယာများစုဆောင်း ရရှိခဲ့ကြပြီးလျှင် ၎င်းမြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ခေတ်ဓလေ့ကို အညာသားဓလေ့ (Anyathian Culture) ဟုအမည်ပေးသွားခဲ့ပါသည်။ လွတ်လပ်ပြီးခေတ်သို့ ရောက်သည့်အခါ ကျောက်ခေတ်သစ် လေ့ သုတေသနအတွက် တောင်သမန်တူးဖော်မှု (၁၉၇၁-၇၂)၊ လက်ပံချေပေါ်တူးဖော်မှု (၁၉၇၃) တို့ကိုလည်း ကောင်း၊ ကျောက်ခေတ်ဟောင်းဓလေ့၊ ပြဒါးလင်းဂူတူးဖော်မှု (၁၉၆၉)ကိုလည်းကောင်း၊ မြန်မာ တိုင်းရင်းသား ရှေးဟောင်းသုတေသီတို့က ဆောင်ရွက်လာခဲ့ကြပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၊ ရေပုပ်ရွာနှင့်ညောင်ကျပ်ရွာတို့အနီးရှိ ပြဒါးလင်းဂူ တူးဖော်မှုကို ၁၉၆၉-ခုနှစ်တွင်ညွှန်ကြားရေးမှူးချုပ်ဦးအောင်သော်ကိုယ်တိုင် ဦးစီးဆောင်ရွက်ခဲ့ခြင်းဖြစ်၏။ ရောဝတီမြစ်ကမ်းဆင့်များတွင်တွေ့ရသော အညာသားဓလေ့ အထောက်အထားအမျိုးအစား ကျောက်ခေတ်ဟောင်းလူသား၏ ကျောက်လက်နက်ပစ္စည်းများအပြင် အရိုးအကြွင်းအကျန်များကိုပါတွေ့ရသည်။ ဂူအတွင်းမှမီးဖိုဟောင်း အကြွင်းအကျန်ဟု ယူဆရသော မီးသွေးခဲများကို ရေဒီယိုကာဘွန် ဓါတ်ခွဲနည်းနှင့် စစ်ဆေးသည့်အခါလွန်ခဲ့သော အနှစ် (၇, ၇၄၀) ခန့်ကို သက်တမ်းညွှန်ပြသည်။ အရိုးနမူနာကိုစစ်ဆေး၍ သိရသောသက်တမ်းမှာ လွန်ခဲ့သောအနှစ် ၁၁,၀၀၀ ခန့်က ဖြစ်၏ (အောင်သော်၊ "ပြဒါးလင်းဂူကျောက် ခေတ်ယဉ်ကျေးမှု" **တက္ကသိုလ်ပညာပဒေသာစာစောင်**၊ အတွဲ ၆၊ အမှတ် ၁၊ ၁၉၇၁၊ ဇန္နဝါရီ၊ စာ ၃၁၅-၅၀)။

ညောင်ဦးမြို့နယ်လက်ပံခြေပေါ်ရွာ၊ ကျောက်ခေတ်သစ်ရွာဟောင်းကုန်း တူးဖော်မှု (၁၉၇၃) ကို သုတသနမှူး (ဝန်ထောက်) ဦးမြင့်အောင်ကဆောင်ရွက်သည်။ အမရပူရမြို့နယ်၊ တောင်သမန်အင်းစောင်းမှ ကျောက်ခေတ်သစ်ရွာဟောင်း ကုန်းတူးဖော်မှု (၁၉၇၁-၇၂) ကိုသုတေသနမှူး (ဝန်ထောက်) ဦးစိန်မောင်ဦးက ဆောင်ရွက်ခဲ့ပါသည်။ ကျောက်ခေတ်သစ်လေ့မှာ လူတို့အစားအစာကိုထုတ်လုပ်ခြင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းလျက် ကျေးရွာထူထောင်နေထိုင်ကြပြီဖြစ်၍ အနောက်အာရှဒေသ တွင်လွန်ခဲ့သော အနှစ် ၉၀၀၀ မှ ၆၅၀၀ အတွင်းသက်တမ်းရှိပါသည်။ မြန်မာနိုင်ငံလက်ပံခြေပေါ် ကျောက်လက်နက်များ၏ သက်တမ်းကို ကျောက်ချောခေတ် အစောပိုင်းကာလဟု ခန့်မှန်းနိုင်ပြီး တောင် သမန်ကျောက်လက်နက်များကို ကျောက်ချောခေတ် နှောင်းပိုင်းကာလဖြစ်မည်ဟု ခန့်မှန်းနိုင်၏။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင်ကျောက်ခေတ်ဦးကာလမှစ၍ ကျောက်ခေတ်နှောင်းကာလအထိ လူနေမှုရှိကြောင်းကို တိုင်းရင်းသား ပညာရှင်များကိုယ်တိုင် တူးဖော်သုတေသနပြုနိုင်ခဲ့ပြီဖြစ်ကြောင်းတွေ့ရ၏။

ကျောက်ခေတ်သုတေသနအပြင် သတ္တုခေတ်ရှေးမြို့ဟောင်း ယဉ်ကျေးမှုသုတေသနကိုလည်း တစ်ချိန်တည်းဆောင်ရွက်ခဲ့ကြ၏။ ဤလုပ်ငန်းကိုဆောင်ရွက်သည့်အခါ ဦးအောင်သော်ကပင် ဦးဆောင်ပြီး ၁၉၅၉-ခုနှစ်ဇွန်လ



*သုဝဏ္ဏဘူမိခေတ်၏ သက်သေအထောက်အထား လက်ရေးစင်းအုပ်ချပ်များ*

(၁၁)ရက်မှ စက်တင်ဘာလ (၁) ရက်နေ့အထိဗိသနိုးမြို့ဟောင်းကို စတင်တူးဖော်ခဲ့သည်။ တစ်ဖန် ၁၉၅၉-ခုနှစ် ဒီဇင်ဘာ (၁၁) ရက်မှ ၁၉၆၀ ခုနှစ်မတ်လ (၄) ရက်နေ့အထိ ဗိသနိုးကို ဒုတိယအကြိမ်ဆက်လက်တူးဖော်သည်။ ထိုနှစ်အတွင်းမှာပင် ဦးဖိုးလတ်သည် ၁၄၊ ဇူလိုင်၊ ၁၉၆၀ ၌ အငြိမ်းစားယူခဲ့သဖြင့် ဦးအောင်သော်က ရှေးဟောင်းသုတေသနညွှန်ကြားရေးမှူးရာထူးကို ဆက်ခံရ၏။ ထို့နောက်မှာပင် ဗိသနိုးမြို့ဟောင်းကို တတိယအကြိမ်(၂၇၊ ဩဂုတ်၊ ၁၉၆၀ မှ ၂၉ စက်တင်ဘာ ၁၉၆၀)၊ စတုတ္ထအကြိမ် (၁၅၊ ဇန္နဝါရီ ၁၉၆၁ မှ မတ် ၁၉၆၁)၊ ပဥ္စမအကြိမ် (၂၂၊ ဇန္နဝါရီ ၁၉၆၂ မှ ၃ ဧပြီ၊ ၁၉၆၃) တူးဖော်သုတေသနပြုခဲ့ပါသည်။

ဦးအောင်သော်၏ ဗိသနိုးတူးဖော်မှုအစီရင်ခံစာ ( ၁၉၆၄ ) သည် မြန်မာနိုင်ငံရှေးဟောင်း သုတေသနတူးဖော်မှုသမိုင်းတွင် စံနမူနာပြဖြစ်အောင် အဆင့်အတန်းမြင့်မားသည့် အစီရင်ခံစာဖြစ်ခဲ့ပါသည်။ ဗိသနိုးမြို့ဟောင်းယဉ်ကျေးမှုကို ခရစ်နှစ်(၁)ရာစုနှစ်ခန့်က ပျူလူမျိုးတို့၏ယဉ်ကျေးမှု ဖြစ်ကြောင်း အစောဆုံးထွန်းကားခဲ့သော ပျူမြို့တော်ကြီးဖြစ်မည်ဟုု၍လည်း ခန့်မှန်းသည်။ ဗိသနိုးသည် အစဉ်အလာအရ သရေခေတ္တရာမြို့ဟောင်းကြီးနှင့် ခေတ်ပြိုင်ဟုဆိုရသော်လည်းတွေ့ရသော ယဉ်ကျေးမှု အထောက်အထားများနှင့် ယှဉ်ကြည့်လျှင် သရေခေတ္တရာထက်ပို၍ ရှေးကျမည်ဟုသိရ၏။ နောင်အခါ မိုင်းမော(ပင်လယ်)မြို့ဟောင်းကိုတွေ့ခဲ့သည့်အခါ မိုင်းမောကဗိသနိုးထက်ပင် ပို၍ရှေးကျဦးမည်ဟု ပါမောက္ခဒေါက်တာသန်းထွန်းကခန့်မှန်းသည (Than Tun, ''A Forgotten Town of Burma, WPD. 24 & 25 February, 1978) ။ ပါမောက္ခဒေါက်တာသန်းထွန်းသည် ဗိသနိုးကိုပျူမြို့တော်ဖြစ်မည်ဟု သတ်မှတ်ခြင်း အပေါ်သဘောမတူခဲ့ပေ။ ထိုနည်းတူစွာ မိုင်းမောမြို့ဟောင်းကိုတွေ့စဉ်ကလည်း ပျူမြို့ဟုချက်ချင်းလက်ခံခဲ့ခြင်းမရှိပေ။ ခရစ်အကြို (၂) ရာစုခန့်က မြို့ဟောင်းကြီးတစ်ခုဟူ၍သာဖော်ပြသည်။

မြန်မာနိုင်ငံအလယ်ပိုင်းမှ ပျူမြို့တော်ဗိသနိုးကို ဖော်ထုတ်ခဲ့ပြီးနောက် ၁၉၆၃-ခုနှစ်တွင် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်အတွင်းရှိ ဟန်လင်းမြို့ဟောင်းကို သုတေသနမှူး (ဝန်ထောက်) ဦးမြင့်အောင် ကစတင်တူးဖော်ပါသည်။ ဟန်လင်းကို ၁၉၆၄ ၊ ၁၉၆၅၊ ၁၉၆၆ နှင့် ၁၉၆၇-ခုနှစ်များအထိ ဆက်တိုက် တူးဖော်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အောက်မြန်မာနိုင်ငံတွင် ပျူမြို့ဟောင်းကြီး သရေခေတ္တရာကို ဦးစိန်မောင်ဦးက ၁၉၆၃-၁၉၆၄ ခုနှစ်မှစ၍ တစ်ဖန်ပြန်လည်တူးဖော်ခြင်းပြုခဲ့သည်။ မြန်မာနိုင်ငံမြောက်ပိုင်းတွင်လည်း တကောင်းမြို့ဟောင်းကို သုတေသနမှူး(ဝန်ထောက်) ဦးသန်းဆွေက ၁၉၆၈- ခုနှစ်နှင့် ၁၉၆၉-ခုနှစ်များတွင် စတင်တူးဖော်ခြင်းပြုခဲ့ပါသည်။

ဗိသနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာပျူမြို့ဟောင်းကြီးများကို တူးဖော်သုတေသနပြုခဲ့ခြင်းကြောင့် ပျူတို့၏ယဉ်ကျေးမှုကို အထိုက်အလျောက်သိရှိခွင့်ရခဲ့ပေပြီ။ ယင်းပျူယဉ်ကျေးမှုနှင့် ခေတ်ပြိုင်ထွန်းကားနေခဲ့သော မြန်မာနိုင်ငံတောင်ပိုင်းမှ မွန်ယဉ်ကျေးမှုနှင့် မြန်မာနိုင်ငံအနောက်ဘက်ကမ်းရိုးတန်းမှ ရခိုင်ယဉ်ကျေးမှုတို့ အကြောင်းကိုလည်းသိနားလည်ရန်လိုအပ်သေးသည်ဟု ယူဆသဖြင့်ရှေးဟောင်း သုတေသနဌာနသည် မွန်ပြည်နယ်အယက်သည်မ ဝင်းကတူးဖော်မှုနှင့် ရခိုင်(ပြည်နယ်) ဝေသာလီမြို့ဟောင်းတူးဖော်မှုတို့ကို ဆက်လက်၍ဆောင်ရွက်ခဲ့ပါသည်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်တွင် အယက်သည်မမြို့ဟောင်းကို ၂၄၊ ဇန္နဝါရီ၊ ၁၉၇၅ ခုနှစ်မှ ၂၆၊ ဖေဖော်ဝါရီ၊ ၁၉၇၅ ခုနှစ်အထိ တူးဖော်ခြင်းပြုပါသည်။ ထို့နောက်ဆက်လက်၍ ၄င်းအနီးကပ်လျက်တည်ရှိနေသော ဝင်းကကို ၁၉၇၆-ဖေဖော်ဝါရီ၊ ၁၉၇၇-ဇန္နဝါရီ၊ ၁၉၇၈-မတ်လများတွင် ထပ်မံတူးဖော်သုတေသနပြုပါသည်။ ယင်းသို့ တူးဖော်သုတေသနလုပ်ငန်းများဆောင်ရွက်နေဆဲ အချိန်မှာပင် ရခိုင်ဝေသာလီတူးဖော်မှုဆီသို့ အလှည့်အပြောင်းပြုလျက် ၂၅၊ဇန်နဝါရီ ၁၉၈၀မှ ၂၁၊ ဖေဖော်ဝါရီ ၁၉၈၀အထိသွားရောက်တူးဖော်ခဲ့ကြောင်းသိရ၏(သန်းထွန်း၊၁၉၈၁၊စာ၃၂-၃)။

အယက်သည်မမြို့ဟောင်း (၁၉၇၅-ခုနှစ်) နှင့် ဝင်းကမြို့ဟောင်း(၁၉၇၆-ခုနှစ်မှ ၁၉၇၈-ခုနှစ်)အခြေအနေနှင့် အလားအလာမည်သို့ရှိပါသနည်း။ မည်မျှပြီးမြောက်အောင်မြင်မှုရှိပါသနည်းဆိုသည်ကို ရှေ့တွင်ဆက်လက်ဆွေးနွေးတင်ပြရပါဦးမည်။

မြန်မာနိုင်ငံပျူယဉ်ကျေးမှုဖော်ထုတ်ရေးသုတေသနကို ၁၉၆၀ မှ ၁၉၇၀ ပြည့်လွန်နှစ်များအထိ ဆက်တိုက်ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၇၄ ခုနှစ်လယ်ပိုင်းတွင် မွန်ပြည်နယ်အတွင်း သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်များသို့ သုတေသနမှူးဦးမြင့်အောင်ခေါင်းဆောင်သော ကွင်းဆင်းအဖွဲ့ကို စေလွှတ်ခဲ့သည်။ ကွင်းဆင်းအဖွဲ့သည် ၁။ ဘီးလင်းမြို့နယ် ကေလာသတောင်ခြေအရက်သည်မရွာ တိုက်ကုလားမြို့ဟောင်း

၂။ ၎င်းအရက်သည်မရွာတောင်ဘက် ဝင်းကရွာတိုက်ကုလားမြို့ဟောင်း
၃။ ဘီးလင်းမြို့နယ်ဇုတ်သုတ်မြို့ဟောင်း
၄။ သထုံ (သုဓမ္မပူရ) မြို့ဟောင်း
၅။ သံဖြူဇရပ်မြို့နယ် ဝါခရူမြို့ဟောင်း
၆။ သံဖြူဇရပ်တောင်ဘက် ဝဲကလီရွာအနီး ရေးမြို့ဟောင်း

တို့ကိုစိစစ်ဆေး၍ တူးဖော်လေ့လာသင့်သည့်နေရာကို ရွေးချယ်သည့်အခါ အမှတ် (၁)၊ (၂) ကေလာသတောင်ခြေမှ တိုက်ကုလားမြို့ဟောင်းနေရာနှစ်ခုကို ဦးစားပေးရွေးချယ်ခဲ့သည်။ ကျန်မြို့ဟောင်းနေရာများကို ဆက်လက်ဆောင်ရွက်မည့်နေရာများအဖြစ်လျာထားသည်။ အမှတ်(၄)သထုံမြို့ဟောင်းကို ဦးစားပေးဆောင်ရွက်သင့်သော်လည်း ပဲခူးကလျာဏီသိမ်ကျောက်စာတွင် သောဏနှင့် ဉတ္တရမထေရ်တို့ ဆိုက်ရောက်ရာနေရာကို ကေလာသတောင်ခြေ တိုက်ကုလားမြို့နေရာဖြစ်ကြောင်း ညွှန်ပြထားခြင်း၊ ယင်းတိုက်ကုလားသည် သုဝဏ္ဏဘူမိမြို့တော်ဟောင်းဖြစ်သည်ဟုဆိုခြင်း၊ သထုံမြို့ဟောင်းထက်ပို၍ ရှေးကျမည် ဟုခန့်မှန်းခြင်းစသော အကြောင်းများကြောင့် အရက်သည်မနှင့် ဝင်းကရွာတို့ကို ၁၉၇၅-ခုနှစ်မှစပြီး တူးဖော်သုတေသနပြုရန် သတ်မှတ်ခြင်းဖြစ်သည် (မြင့်အောင်၊ ၂၀၀၇၊ ၁၂၂-၆)။ အခြားအကြောင်းများလည်းရှိပါသေးသည်။ ပြင်သစ်ပညာရှင် အီမင်နူယယ်ဂီယွန် (Emmanual Guillon) က တိုက်ကုလားမြို့ဟောင်းသည် သထုံမြို့ဟောင်းထက် ပင်လယ်ကမ်းစပ်နှင့် ပို၍နီးကပ်စွာတည်ရှိနေကြောင်း၊ ထို့ကြောင့်ဆိပ်ကမ်းမြို့ ဖြစ်ခဲ့သည်ဟုဆိုသော သုဝဏ္ဏဘူမိသည် ပင်လယ်နှင့်နီးသော တိုက်ကုလား မြို့ဟောင်းသာပို၍ဖြစ်နိုင် ကြောင်းအကြံပြုထားသည် (Emmanuel Guillon, ''Notes Sur L'ancienne Region de Thaton (Sasse-Birmanie)'' Artibus Asie, Volume XXXVI, 4, Ascona, 1974. pp. 273-268)။ ဒေါက်တာအီးဖော်ချမ်းမား (၁၈၈၄) နှင့် မစ္စတာတော်စိန်ခို (၁၉၀၂) တို့ကလည်း ကေလာသတောင်ခြေတွင် ရှေးမြို့ဟောင်းနေရာများတွေ့ရကြောင်း အစီရင်ခံထားခဲ့ကြသည် (Forchhammer 1884; Tawsein Ko 1902)။ ၎င်းတိုက်ကုလားမြို့ဟောင်းနှင့် ပတ်သက်၍ ဦးရွှေနော်၏မွန်ရာဇဝင်နှင့် စေတီတော်များသမိုင်းတွင် အောက်ပါအတိုင်းတွေ့နိုင်ပါသည်။

> တိုက်ကုလားမြို့အကြောင်းကိုပြဦးအံ့။ ဘုရားမပွင့်မီ နှစ်ပေါင်း ၁၀၀ ကျော်လောက်ကပင် သပေါမင်း၏ ဘိုးတော်လက်ထက်၊ ၎င်းဒိုးခလွန်း (ကေလာသ) တောင်၏အနောက်မြောက် ဘက်တောင်ခြေရင်းတွင် မြို့တည်လုပ်၏။ မြို့တည်ပုံမှာတောင်ဘက်မျက်နှာ တောင်ကမ်းပါးယံကျောက်ကမ်းပါးကို မြို့ရိုးလုပ်၏။ အရှေ့ဘက်၊ အနောက်ဘက် မျက်နှာတို့ကိုလည်း ကျောက်ကမ်းပါးတဝက်၊ အပေါ်ကကျောက်ခဲများစီ၏။ ကျောက်ခဲ တဝက်ကို မြို့ရိုးလုပ်၏။ မြောက်ဘက်မျက်နှာမှာ ကျောက်နှင့်မြေရောနှောဖို၍ မြို့ရိုးလုပ်၏။ တံခါးမှာ အရှေ့အနောက်မြောက်ဘက် ၃ မျက်နှာ ထား၏။ မြို့အကျယ်မှာ အရှေ့အနောက်တောင်ပေါင်း ၂၀၀၀ (ကိုက်၁၀၀၀)၊ တောင်မြောက်တောင်ပေါင်း ၁၀၀၀(ကိုက် ၅၀၀)ရှိ၏။ တိုက်နံရံနှင့်အားတူစွာ ၃ မျက်နှာ ကျောက်ကမ်းပါးယံ ကာလျက်နေသည့်တကြောင်း၊ ဒိုးခလွန်းတောင်ခြေရင်းဖြစ်သည့်တကြောင်း၊ သို့အကြောင်းတို့ကြောင့်၊ ဒုံတိုက်ခလွန်းက ရွှေ့လျားပြီးကာလ၊ ဒုံတိုက္ကလားဟုခေါ်ကြ၏ *(ဦးရွှေနော်၊ စာ ၆၁၊ ၆၂)* ။

ကေလာသတောင်ခြေမှာပင် တိုက်ကုလားအမည်ဖြင့်အခြားမြို့ဟောင်းတစ်ခုရှိသေးသည်။ ၎င်းကို သထုံရာဇဝင်တွင် အောက်ပါအတိုင်းတွေ့ရသည်။

> သာသနာသက္ကရာဇ် (၂၀၀) (ဘီစီ ၃၃၆)သို့ရောက်သောအခါ ရာဇာဇောဝေမင်းမြတ်သည် . . . ပင်လယ်ကမ်းနားသို့ ရွှေ့ပြောင်း၍ မြို့နန်းတည်ရပြန်သော် . . . သင့်လျော်လိမ့်မည်ဟုထင်မြင် သဘောရသဖြင့် . . . ကျိုက်ကေသာရ ဘုရားစေတီ၏ အနောက်တောင်ထောင့် တောင်စောင်းတဝက် မြေညီတဝက် အရပ်ဒေသသို့ ပြောင်းရွှေ့၍ မြို့ပြနန်းတည်စိုက်ပြန်လေ၏။ မြို့အနံကားတောင်မြောက်တာပေါင်း (၇၅၀)၊ (ကိုက် ၂၆၂၅)ရှိ၏။ မြို့အမည်မှာဘေးလောင်းတော် တိဿဓမ္မသီဟရာဇာ မင်းကြီးအား သိကြားမင်းဖန်ဆင်းပေးသော မြို့နှင့် မြေရဂှာနတောင်၊ ပင်လယ်၊ မြစ်ချောင်းမှစ၍အလုံးစုံလျှင် အလွန်တူကြသောကြောင့် သုဝဏ္ဏဘူမိ၊ ရင္ဂြ၊ သုဓမ္မဝတီဟုသမုတ်တော်မူ၏။ . . . ထိုမြို့သည် တိုက်ကုလား မြို့ဟောင်းနယ်အတွင်းကျသောကြောင့် အဝေးအနီးဖြစ်သော သူတို့က တိုက်ကုလားဟူ၍ လည်းခေါ်ကြ၏ *(ဦးပညာ၊ စာ-၁၁-၂)*။

အထက်ဖော်ပြပါပထမမြို့ဟောင်းသည် အယက်သည်မရွာနေရာတွင်ရှိ၍ ဒုတိယမြို့ဟောင်းသည် ဝင်းကရွာ (၁၇°၊ ၁၃' x ၉၇°၊ ၄') နေရာတွင်ရှိ၍၊ ဒုတိယမြို့ဟောင်းသည် ဝင်းကရွာ (၁၇°၊ ၁၃' x ၁၉°၊ ၄') ၌ရှိပါသည်။ ယင်းမြို့ဟောင်းနေရာတို့မှာ သုဝဏ္ဏဘူမိမြို့တော်တစ်နေရာဖြစ်ခဲ့ကြောင်းကိုလည်း ဓမ္မစေတီမင်းခေါ် ရာမာဓိပတိမင်း (အေဒီ ၁၄၇၂-၁၄၉၁) ရေးထိုးခဲ့သော ပဲခူးကလျာဏီသိမ်ကျောက်စာပါဠိဘာသာ၌ အောက်ပါအတိုင်းတွေ့ရပါသည်။

၎င်းမြန်မာဘာသာပြန်မှာ-

> . . . တတိယသင်္ဂါယနာကို သာသနာသက္ကရာဇ် ၂၃၅ နှစ် (ဘီစီ-၃၀၉)နှစ်မြောက်၌ တင်တော်မူ၏။ တတိယသင်္ဂါယနာ တင်ပြီးသောအဆုံး၌ မောဂ္ဂလိပုတ္တတိဿမထေရ်သည် အနာဂတ်ကာလတွင် သာသနာတော်သည် ပစ္စန္တရစ်အရပ်တို့၌ တည်လတ္တံ့ဟု သိတော်မူ၍ ထိုထိုအရပ်တို့၌ သာသနာတည် စိမ့်သောငှါ မဇ္ဈန္တိကမထေရ် အစရှိသော ထိုထို မထေရ်တို့ကို ထိုထိုအရပ်တို့သို့စေလွှတ်၏။ ထိုမထေရ်တို့တွင် မဟာမဟိန္ဒမထေရ်ကို သီဟိုဠ်ကျွန်း၌ သာသနာတည်စိမ့်သောငှါစေလွှတ်၏။ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိတိုင်းဟု ဆိုအပ်သောရာမညမည်သောအရပ်၌ သာသနာတည်စိမ့်သောငှါ စေလွှတ်၏။ ထိုမထေရ် နှစ်ပါးရောက်သောအချိန်တွင် သုဝဏ္ဏဘူမိတိုင်း၌ သီရိမာသောကမည်သောမင်းသည်မင်းပြု၏။ ထိုမင်း၏ နေပြည်တော်သည် ကေလာသတောင်စေတီ၏ အနောက်မြောက်ထောင့်၌ဖြစ်၏။ မြို့တစ်ဝက်အရှေ့ပိုင်းသည် တောင်ပေါ်၌ရှိ၍၊ အနောက်ထက်ဝက်အပိုင်းသည် မြေညီ၌ဖြစ်၏။ ထိုမြို့သည် တင်လဲချက်သော ဂေါ်ဠလူမျိုး တို့၏ အိမ်တို့ကဲ့သို့ မြေကျည်ဖြစ်သော အိမ်များသောကြောင့် နောင်းလူတို့သည် တိုက်ကုလားမြို့ဟုခေါ်ကြ ကုန်၏။ .

ဟူ၍ဖြစ်ပါသည်။

ရာမာဓိပတိမင်းသည် ၎င်းသုဝဏ္ဏဘူမိမြို့ပျက်ကြီးကို မိမိကိုယ်တိုင်ရောက်ခဲ့ဖူးကြောင်း၊ မြင်လည်း မြင်တွေ့ ခဲ့ဖူးကြောင်းကို ကျောက်စာတွင်ဤ သို့ဆက်လက်ဖော်ပြသည်။

ထိုမြို့သည် သမုဒ္ဒရာနှင့် နီးသောကြောင့် သမုဒ္ဒရာ၌နေသော ရက္ခိုက်ဘီလူးမသည် မင်းနန်းတော်၌ ဖွားလေတိုင်းသော သူငယ်တို့ကိုအမြဲမပြတ်ဖမ်းလေ၍ စားလေမြဲတည်း။ ထို မထေရ်နှစ်ပါးတို့ ရောက်သည့်အခါ ညဉ့်၌လည်း၊ မင်း၏မိဖုရားကြီးသည် သားတော်တစ်ပါးဖွားတော်မူ၏။ ထိုရက္ခိုက်ဘီးလူးမသည် မင်းနန်းတော်၌သူငယ်ဖွား ကြောင်းကိုသိ၍ ထိုသူငယ်ကိုစားလိုသည်ဖြစ်၍ အခြံအရံငါးရာပါလျက် မြို့သို့ရှေးရှုလာ၏။ လူတို့သည် ထိုရက္ခိုက်မကိုမြင်၍ ကြောက်လန့်တကြားဟစ်ကြွေးမည်တမ်းကြကုန်၏။ ထိုအခါ မထေရ်နှစ်ပါးတို့သည်

ဦးခေါင်းတစ်ခုတည်း၊ ကိုယ်ကားနှစ်ခုရှိသော ခြသေ့်နှင့်တူသော ကိုယ်ကိုဖန်ဆင်းထားသော အလွန်ကြောက်မက်ဖွယ်ရှိသော ရက္ခိုက်ဘီလူးမအပေါင်းတို့ကို မြင်သောကြောင့် ထိုရက္ခိုက်အပေါင်းထက်နှစ်ဆကြီးသော ကိုယ်အဖြစ်ကို ဖန်ဆင်း၍ ရက္ခိုက်တို့အား လိုက်၍ပြေးစေကုန်၏။ ထိုအခါ ရက္ခိုက်ဘီလူးတို့သည် မထေရ်တို့ဖန်ဆင်းထားသောနှစ်ဆ ထက်ကုန်သော ကိုယ်အဖြစ်ကိုမြင်သောကြောင့် "ငါတို့ သည်ယခုအခါ ဤသူတို့၏အစာ ဖြစ်ခြေတော့မည်" ဟုကြောက်လန့်ကုန်၍ သမုဒ္ဒရာသို့ ရေးရှုပြေးလေကုန်၏။

မထေရ်နှစ်ဦးတို့လည်း ဘီလူးတို့ကိုနောင်တစ်ဖန်မလာနိုင်အောင်ကြံ၏။

ထက်ဝန်းကျင်၌ အစောင့်အရှောက်တို့ကို စီရင်ကုန်၍ စည်းဝေးကုန်သောလူအပေါင်းတို့အား သုတ်သီလက္ခန်ကျမ်း၌ သုတ်တို့တွင်အစစွာဖြစ်သော ဗြဟ္မဇာလသုတ်ကို ဟောတော်မူသည်။ တရားဒေသနာတော်၏ အဆုံး၌ခြောက်သောင်းသောလူတို့သည် တရားရကုန်၏။ ယောက်ျားသုံးထောင်ငါးရာ၊ မိန်းမတစ်ထောင်ငါးရာ ရဟန်းပြုကြကုန်၏။ ဤမှကြွင်းကုန်သောမင်းမှစ၍ ပြည်သူခမ်သိမ်းတို့သည်လည်း သရဏာဂုဏ်သုံးပါး ပဥ္စသီလငါးပါးတို့၌ ကောင်းစွာတည်ကြကုန်၏။ ဤသို့မြတ်စွာဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ သာသနာသက္ကရာဇ် (၂၃၆) (၃၀၉-ဘီစီ) နှစ်လွန်မြောက်သော် ဤသုဝဏ္ဏဘူမိဟုဆိုအပ်သောရာမညတိုင်း၌ မထေရ်နှစ်ပါးလာရောက်၍ သာသနာတည်လေကုန်၏ဟုမှတ်အပ်၏။ ထိုအခါမှစ၍ ရာမညတိုင်း၌ ဖွားမြင်တိုင်းသော မင်းသားသူငယ်တို့ကို "သောဏုတ္တရ" ဟု အမည်မှည့်ကြကုန်၏။

ခပ်သိမ်းကုန်သော မွေးဖွားစသူငယ်တို့အား ရက္ခိုက်ဘီလူးဘေးမှကင်းဝေးစေခြင်းငှါ လူတို့သည် ထန်းရွက်ပေါ်၌ မထေရ်တို့တန်ခိုးဖြင့် ဖန်ဆင်းအပ်သော ခြသေ့်ကိုယ်၊ ရက္ခိုက်ဦးခေါင်းအရုပ်ကိုရေးသားကြ၍၊ သူတို့၏ ဦးခေါင်းပေါ်၌ ထားကြကုန်၏။ မြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်၌ မထေရ်တို့ ဖန်ဆင်းအပ်သော အရုပ်သဏ္ဍာန် ကျောက်ရုပ်ထု၍ထားကုန်၏။ ထိုကျောက်ရုပ်သည် ယခုကာလတိုင်အောင်ရှိ၏။

အထက်ပါရာဇဝင်စကားနှင့် ကျောက်စာအထောက်အထားတို့အရ ကေလာသတောင်ခြေရင်းမှ တိုက်ကုလား (သုဝဏ္ဏဘူမိ) မြို့ဟောင်းနေရာသည် သေချာသလောက်ရှိပေပြီ။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ကေလာသတောင်ခြေမှ အယက်သည်မနှင့် ဝင်းကတို့ကို စတင်တူးဖော်သုတေသနပြုသည့်အခါ ၁၉၇၅ ခုနှစ်တွင် အယက်သမရွာမြို့ဟောင်းကုန်း၌ (၃)ကုန်း (AZT, 1,2,3) နှင့် ဝင်းကရွာတွင် (၆) ကုန်း (WK, 1, 2, 3, 4, 5, 6) (1976-78) ကိုတူးဖော်ပြီး နောက်လုပ်ငန်းများ ချက်ချင်းရပ်ဆိုင်းသွားခဲ့ရ၏။ ကံဆိုးလှသော သုဝဏ္ဏဘူမိသုတေသနဟုဆိုရပေတော့မည်။ ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့တွင် ယဉ်ကျေးမှုသမိုင်းပေါ်အောင် ကုန်းပေါင် (၂၀)မျှ (မြို့ဝင်ပေါက်၊ နန်းတော်ရာ၊ သချိုင်းကုန်း၊ စေတီကုန်း) တူးခွင့်ရခဲ့သော်လည်း၊ အယက်သမဝင်းကတို့၌ ထိုကဲ့သို့ဖြစ်မလာခဲ့ပေ။ မွန်ယဉ်ကျေးမှုကို ဖော်ထုတ်သကဲ့သို့ ရခိုင်ယဉ်ကျေးမှုကိုလည်း ဦးစားပေးဖော်ထုတ်သင့်ကြောင်း နှီးဆော်တိုက်တွန်းမှုများ ယုတ္တရက်ပေါ်ပေါက်လာခဲ့သဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက၊ သုဝဏ္ဏဘူမိမြို့ဟောင်းတူးဖော်ရေးအဖွဲ့ကိုပင်၊ ရခိုင်၊ ဝေသာလီမြို့ဟောင်းသို့ ချက်ချင်းသွားရောက် တူးဖော်ရန် စေလွှတ်ပြန်ပါသည်။ ဤသို့ဖြင့် အယက်သမ-ဝင်းကတူးဖော်မှုကို တာဝန်ခံရသော သုတေသနမှူးဦးမြင့်အောင်သည် လုပ်ငန်းလက်စကို သိမ်းလိုက်ရ၏။ လေ့ပြေးရင်းတက်ကျိုးရသကဲ့သို့ လိုရာခရီး ပန်းတိုင်ရောက်လုနီးကာမှ ရပ်တန့်သွားခဲ့ပြီး၊ ယခုအချိန်အထိ ခရီးဆက်ခွင့်လည်းမကြုံရတော့ပေ။

ဦးမြင့်အောင်သည် အယက်သမ ဝင်းက တူးဖော်မှုသုတေသနတွေ့ရှိချက်များကို - ၁၉၇၆-ခုနှစ်၊ မတ်လထုတ် မွန်ပြည်နယ်နေ့စာစောင်တွင် "မွန်ပြည်နယ်ရှေးဟောင်းအမွေအနှစ်" ဆောင်းပါးကိုလည်းကောင်း၊ - ၁၉၇၆-ခုနှစ်၊ စက်တင်ဘာလထုတ် လမ်းစဉ်သတင်းအတွဲ ၁၂၊ အမှတ် ၁၀ တွင် "သုဝဏ္ဏဘူမိမြို့ဟောင်း သမိုင်းအထောက်အထား" ဆောင်းပါး၊ - ၁၉၇၇-ခုနှစ်၊ နိုဝင်ဘာလထုတ်၊ ငွေတာရီမဂ္ဂဇင်းတွင် "သုဝဏ္ဏဘူမိဂဝံယဉ်ကျေးမှု" ဆောင်းပါးနှင့် -

၁၉၇၈-ခုနှစ် မတ်လ (၁၉) ရက်နေ့ထုတ် မွန်ပြည်နယ်နေ့ နှစ်လည်စာစောင်တွင် " သုဝဏ္ဏဘူမိနှင့် တနင်္သာရီတိုင်းမှ ကျောက်လက်နက်များ" ဆောင်းပါး၊ - ၁၉၇၆-ခုနှစ်၊ စက်တင်ဘာ၊ ၁၅ရက်နေ့ထုတ်လမ်းစဉ်သတင်း၊ အတွဲ ၁၂၊ အမှတ် ၁၈ တွင် " သုဝဏ္ဏဘူမိတူးဖော်မှုကို ခေတ်ခွဲခြားခြင်း" ဆောင်းပါး၊ - ၁၉၇၇-ခုနှစ်၊ နိုဝင်ဘာလထုတ် ငွေတာရီ အမှတ် ၂၀၉၊ တွင် " သုဝဏ္ဏဘူမိမှအုတ်ခွက်" ဆောင်းပါး (၎င်းဆောင်းပါးများကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် ပုံနှိပ်ထုတ်ဝေသော ပျူ၊ မွန်၊ ယောမြေ သမိုင်းအမွေစာအုပ်တွင်ရှုပါ) များကိုရေးသားဖော်ပြခဲ့သည်။ လူအများစိတ်ဝင်စားစွာ စောင့်ကြည့်နေခဲ့သော သုတေသနရလဒ်အဖြေများပင်ဖြစ်ကြ၏။ ယင်းရလဒ်အဖြေများကို သုဝဏ္ဏဘူမိကိုရှာတွေ့ပြီဟု ကြွေးကြော်ရလောက်အောင်ပြီးပြည့်စုံစွာ ရုပ်လုံးဖော်နိုင်ခဲ့ပြီလားဟု မေးစရာရှိပါသည်။ အကယ်တော့ မပြည့်စုံသေးပါဟုအဖြေရပါသည်။ သုတေသနမှူးဦးမြင့်အောင်ကလည်း

> ဗိဿနိုးဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများကို တူးဖော်ခဲ့ကြရာတွင် တစ်ကြိမ်၊ နှစ်ကြိမ်မျှဖြင့် အလိုရှိသော သမိုင်းဖြေများ ပေါ်ထွက်လာသည်မဟုတ်ချေ။ ထို့ကြောင့် ရှေးဟောင်း သုတေသနပညာရှင်များ မိန့်မှာလေ့ရှိသည့် အတိုင်း "တူးဖော်ခြင်း၊ ဆက်လက်တူးဖော်ခြင်း" ဖြင့်သာရည်မှန်းထားသည့် သုဝဏ္ဏဘူမိမြို့ဟောင်းကြီးသော် လည်းကောင်း၊ ရှေးကျသော ယဉ်ကျေးမှုတစ်ရပ်ရပ်သော်လည်းကောင်း၊ မွန်ပြည်နယ်တွင် ပေါ်ထွက်လာလိမ့် မည်ဟုယုံကြည်ရပေသတည်း။ (တက္ကသိုလ်ပညာပဒေသစာစောင်၊ အတွဲ ၁၂၊ အပိုင်း ၁) ဟု အစီရင်ခံ တင်ပြထားခဲ့ပေသည်။

အယက်သမ အမှတ် (၁) (AYT.1) သည်မြေမြို့ရိုးတစ်ခုဖြစ်သည်။ မြေပြင်မှ ၂၇ ပေမြင့်၍၊ မြို့ရိုးထိပ် ၁၃ ပေကျယ်သည်။ ထိပ်တွင်ဂဝံကျောက်နှစ်လွှာကပ်ဆင့်စီထားလျက်တွေ့ရသည်။ ထိုဂဝံပေါ်တွင် မြေမီးဖုတ်အုပ် တစ်ချပ်ကို ထပ်ဆင့်စီထားသေးသလားဆိုသည်ကိုမူ မသိရပေ။ ၎င်းမြေသားမြို့ရိုးကို ကျုံးနှင့်တွဲလျက်ကျင်းရှည်စနစ်ဖြင့် တူးသည့်အခါ ထွက်ပေါ်လာသောမြေလွှာလေးခုအနက်မှ ဒုတိယမြေလွှာ (Layer-2) မှရရှိသောအိုးခြမ်းကွဲစကို (တူးဖော်ရေးကာလအတွင်း ဦးနိုင်ပန်းလှနှင့်အတူ လေ့လာရေးရောက်ရှိလာသော ဩစတြေးလျပညာ ရှင်ဒေါက်တာပင် မီလာဂတ်မန်းမှတစ်ဆင့်)နိုင်ငံခြားဓါတ်ခွဲခန်းသို့ပေးပို့၍ အပူလှိုင်းရောင်စဉ်ဖြာဓါတ်ခွဲနည်း (Thermo Luminesmence) ဖြင့်စစ်ဆေးသည့်အခါ ထွက်ပေါ်လာသောအဖြေမှာ (အေဒီ၊ ၁၄၉၉-၁၆၆၂) ခရစ်နှစ် ၁၆ ရာစုကိုညွှန်ပြသည်။ ထိုသိပ္ပံဓါတ်ခွဲခန်းရလဒ်အဖြေကြောင့် တိုက်ကုလား (အယက်သည်မ) မြို့ဟောင်းသည် သုဝဏ္ဏဘူမိခေတ် အထောက် အထားနေရာတစ်ခုမဟုတ်ကြောင်း ယူဆရန်အကြောင်းဖြစ်ပေါ်ခဲ့ပေသည်။ မြို့တွင်းမြေပြင်တူးကွက်များ (AYT.2,3) တို့မှလည်း စိတ်ဝင်စားဖွယ်ရှေးဟောင်းပစ္စည်း တစ်စုံတစ်ရာမတွေ့ခဲ့ရပေ။ ထို့ကြောင့် နောက်တစ်နှစ်တူးဖော်မှုရာသီတွင် အယက်သည်မကို ဆက်လက်တူးဖော်ခြင်းမပြုတော့ပဲ၊ ၎င်း၏ တောင်ဘက် (၂) မိုင်ခန့်အကွာရှိဝင်းကသို့ပြောင်းရွှေ့ တူးဖော်ခဲ့ရသည်။

ဝင်းကရွာတွင် ၁၉၇၆-ခုနှစ်တူးဖော်မှုရာသီအတွင်း လေးထောင့်ပုံစံရှိသော အုတ်အဆောက်အအုံကြီးကို တူးရသည်။ အနားတစ်ဖက်သည် ၆၉ပေအရှည်ရှိ၊ အတွင်းလူနေမှုအပိုင်းကို အခန်း ၁၄ ခန်း ဖွဲ့စည်းဆောက်လုပ်သည်။ အလယ်ခန်းမကြီးတစ်ခုကို ဘေးလေးဘက်လေးတန်မှ အခန်းအရွယ်အစား ၁၃ ခန်းကပတ်ရံထားသည်။ ယင်းအခန်း များကို အလယ်ခန်းမကြီးနှင့် ဆက်သွယ်နိုင်ရန် တံခါးပေါက်များ ဖောက်လုပ်ပေးထားသည်။ အဆောက်အအုံ၏အရှေ့ အနောက် အပိတ်အုတ်ရိုးသည် အနောက်ဘက်သို့ ၁၅ ဒီဂရီခန့်စောင်းလျက်ဆောက်လုပ်ထားကြောင်းတွေ့ရသည်။ အရှေ့ဘက်အုတ်ရိုးကိုဘေးတိုက်ကြည့်လျှင် (အဖြောင့်မဟုတ်) အနည်းငယ်ခုံးနေ၏။ ဤအချက်ကို ဗိသုကာအဆင် တန်ဆာ သဘောမျိုးပြုလုပ်ထားခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ မြန်မာနိုင်ငံမှ တူးဖော်တွေ့ရှိပြီးအုတ်တိုက်အဆောက်အအုံ တို့နှင့် နှိုင်းယှဉ်သည့်အခါ ပုဂံစိုးမင်းကြီးအုတ်ကျောင်းနှင့် ၎င်းဝင်းကအမှတ် (၁) အဆောက်အအုံတို့ ပန္နက်ပုံစံချင်း ခပ်ဆင်ဆင်တူ၏။ အိန္ဒိယနိုင်ငံနဂဇူနကုဏ္ဍနှင့် မိဂဒါဝုန်အရပ်များရှိရှေးဟောင်းဝိဟာရ (ဘုန်းကြီးကျောင်း) ပုံစံတို့မှာ အလယ်ခန်းမကြီးကို အရွယ်တူအခန်းများက လေးဘက်လေးတန်မှ ပတ်ရံထားသည့် ပုံစံမျိုးဖြစ်၏။ ဤပုံစံများသည်

ဝင်းကရွာအဆောက်အအုံပုံစံအား ထင်ဟပ်လျက်ရှိသည်။ သို့သော်ဝင်းက အဆောက်အအုံကြီးကိုတူးဖော်ရာ၌ ဘာသာရေးဆိုင်ရာဝတ္ထုပစ္စည်း၊ (ဆင်းတု၊ ရုပ်တု၊ သပိတ်တော်) တစ်စုံတစ်ရာမျှမတွေ့ရပေ။ ထို့ကြောင့် ဘာသာရေးဆိုင်ရာအဆောက်အအုံ (ဝိဟာရ) ဟုပြောရန် အကြောင်းမလုံလောက်ဟုယူဆသည် (မြင့်အောင်၊ ၂၀၀၇၊ ၁၂၆-၁၃၀)။

ဝင်းကအဆောက်အအုံကြီး (WK.1) ကိုတူးဖော်ရာတွင် မြေမီးဖုတ်ပုတီးစေ့နှင့် ကျောက်ပုတီးစေ့များ၊ ရေဖျန်းအိုးလည်တံများ၊ အခြေတွင်စလုတ်ပါသော မြေကရားနှုတ်သီးများ၊ တစ်ဆစ်ချိုးချက်ပြုတ် အိုးကွဲများရရှိသည်။ ယင်းပုံစံများကို ဗိဿနိုးမြို့တူးဖော်မှုတွင်လည်းတွေ့ခဲ့ရ၏။ ထို့ကြောင့်ခြုံငုံ၍ (ပုံစံတူ တိုက်ဆိုင်စစ်ဆေးနည်းဖြင့်) စဉ်းစားရလျှင် ဝင်းကရွာအုတ်တိုက်ကြီးသည် ပျူ(ခေတ်)ယဉ်ကျေးမှုနှင့် (ခေတ်ပြိုင်) အဆက်အဆံရှိကြောင်း ယူဆနိုင်ပေသည် (မြင့်အောင်၊ ၂၀၀၇၊ ၁၃၁)။

ဝင်းကအမှတ် (၂) (WK-2) ကုန်းသည်အမှတ် (၁) ၏တောင်ဘက်၌အနီးကပ်တည်ရှိသည်။ သို့သော် ကုန်းစောင်းဖြစ်၍ပို၍ အနိမ့်ပိုင်းတွင်ကျပါသည်။ အလျားတောင်နှင့်မြောက် ၅၂ပေ၊ ၁၀ လက်မနှင့် အနံရှေ့နှင့်နောက် ၃၆ပေ၊ ၅လက်မအရွယ်အစားရှိသော လေးထောင့်ပုံအဆောက်အအုံ တစ်ခုထွက်ပေါ်လာ၏။ အရွယ်အစားမညီသော အခန်းပေါင်း (၈) ခန်းပါဝင်ဖွဲ့စည်းထားသည်။ ယဉ်ကျေးမှုမြေလွှာ (၅) လွှာကိုတွေ့ရပြီး၊ ယင်းတို့မှ မြေထည့်အိုးအင်များ၊ စဉ့်သုတ်မြေထည်များ၊ မြေဆီမီးခွက်နှင့် မဟူရာ ကျောက်ပုတီးစေ့များကို တူးဖော်ရရှိခဲ့သည်။ အမှတ် (၂) ကုန်းမှ တောင်ဘက်မိုင်ဝက်ခန့်အကွာ ဝင်းကရွာ ကျောက်လုံးကြီးပိုင်း၌ အမှတ် (၆) ကုန်း (WK.6) ကိုတူးဖော်ခဲ့သည်။ ထိုကုန်းမှလေးထောင့်ပုံစေတီ ပစ္စယာပေါ်တွင် အဝိုင်းပုံစေတီတစ်ဆူ ဆင့်ထပ်၍တည်ထားသည်။ ထိုကုန်းထိပ်နေရာ၌ သိုက်သမားများတူးဆွထားသည့် ကျင်းတစ်ခုကိုတွေ့ရပြီး၊ ထိုကျင်းကို တူးဖော်သုတေသနပြုသည့်အခါ မြေမီးဖုတ် အုတ်ခွက်ငယ်များ ၁၂၇ ဆူကိုတွေ့ရသည်။ ယင်းတို့အနက် (၆) ဆူတို့တွင် ရေဖုက်ပလ္လင်ခြေ၌ စာအရေးအသား (၄) ကြောင်းစီပါရှိသည်။ ဖတ်ရှု၍ ရသလောက်အုတ်ခွက်တစ်ဆူ၏ မွန်စာမှာ

(၁) ． ． ．
(၂) သဝရှ
(၃) ． ． ． ဝါရ်ကျောက်
(၄) ． ． ． ဌရဝေါအ်

ဟူ၍အဓိပ္ပါယ်အားဖြင့် အစုံအလင်မသိရသော်လည်းခရစ် ၆ ရာစုနှစ်မွန်ဘာသာလက်ရေးဖြစ်ကြောင်း ခန့်မှန်းသည်။

ဝင်းကရွာအမှတ် (၃) ကုန်းနှင့်အမှတ် (၄) ကုန်းတို့သည်အုတ်တိုက်ကြီးများအဖြစ် တင်ကျန်လျက် မရှိတော့သော်လည်း အုတ်ရိုးအကြွင်းကျန်အရဆက်စပ်ပုံဖော်၍ရသော ပန္နက်ပုံစံတို့မှာ လေးထောင့်ပုံရှိ ကြ ၏။ ၎င်းတို့ကိုအမှတ် (၁) ကုန်းနှင့်အမှတ် (၂) ကုန်းတို့အကြားတွင် တွေ့ရှိရ၏။ ဝင်းကအမှတ် (၅) ကုန်း (WK-5) သည် ကုမာရစေတီ၏အနောက်ဘက်၌ အနီးကပ်တည်ရှိနေပါသည်။ ၎င်းသည်အလျား ၆၂ ပေ ၅ လက်မနှင့် အနံ ၅၄ ပေအရွယ်အစားရှိလေးထောင့်ပုံမျိုးဖြစ်သည်။ အခန်း ပေါင်း ၁၂ ခန်းပါရှိ၏။ ၎င်းအဆောက်အအုံများ၏ ပန္နက်ဆွဲပုံများကို (ခင်မောင်ကြီး၊ ၁၉၉၉ နှင့် Tin Maung Htwe, ၂၀၀၇ တို့တွင်ရှုပါ။)

ဝင်းကတူးဖော်မှုနိဂုံးချုပ်ချိန်ပြီးနောက်နှစ် ၁၉၇၉-ခုနှစ်နိုဝင်ဘာ (၃) ရက်တွင် မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ မဟာဝိဇ္ဇာတန်းကျောင်းသား ကျောင်းသူများကို ပါမောက္ခဒေါက်တာသန်းထွန်းဦးဆောင်ပြီး ကွင်းဆင်း လေ့လာခဲ့ကြရာ အဖွဲ့ဝင်ကျောင်းသားခင်မောင်ကြီးက ဤသို့မှတ်ချက်ချထားပေသည်။

ပညာရှင်အချို့ယူဆထားတဲ့ သုဝဏ္ဏဘူမိမြို့ပြမင်းနိုင်ငံဟာ ခရစ်နှစ်မတိုင်မီကပင် ထွန်းကားကြွယ်ဝခဲ့သော နိုင်ငံဖြစ်ကြောင်းယူဆထားခဲ့ကြပါတယ်။ ဒါပေမယ့် လက်ရှိလေ့လာတဲ့အခါမှာ ဒီဒေသမြို့ပြမင်းနိုင်ငံလို့ ယူဆနိုင်လောက်အောင်ပင် မြို့ပြနိုင်ငံတစ်ခုရဲ့ ဗိသုကာအင်္ဂါရပ်များ ပြောပလောက်အောင်မရှိပါ။ (ဥပမာ- မြို့ရိုး၊ ကျုံး၊ နန်းတော်ရာ၊ သာသနာ့အဆောက်အအုံများနဲ့ အခြားအသုံးအဆောင်ပစ္စည်းများ)၊ ပင်လယ် ဆိပ်ကမ်းမြို့ဖြစ်ခဲ့ရင်၊ ကုန်သွယ်ကူးသန်းပြုခဲ့တဲ့ နိုင်ငံများရဲ့ အထောက်အထား (ဥပမာ-အနုပညာလက်ရာ ပစ္စည်းများ၊ ဒင်္ဂါးများကိုတွေ့ရမှာ ဖြစ်ပေမယ့်ယခုမတွေ့ရပါ။ . . .။ *(ခင်မောင်ကြီး၊ ၁၉၉၉၊ စာ၁-၃)*

ဆရာကြီးဒေါက်တာသန်းထွန်းကလည်း ၁၉၇၀-၇၁ ခုနှစ်အတွက်မန္တလေးတက္ကသိုလ်၊ သမိုင်းဌာန၊ ဝိဇ္ဇာဂုဏ်ထူးတန်းကျောင်းသားအများအတွက် ပို့ချသော "မြန်မာမြေထဲသမိုင်း" The Archaeology of Burma, စာစဉ်တွင် သုဝဏ္ဏဘူမိတူးဖော်မှုရလဒ်များကို အောက်ပါအတိုင်းဝေဖန်သုံးသပ်ထားပေသည်။

Suvannabhumi.... is an Indian name supposed to be either the whole of South Eas Asia or a place somewhere in it, But a modern Burma would identify it as a place around The Gulf of Madama and claimed that Buddhism reached this place soon after the third Buddhist Council held in India under the auspices of Emperor Asoka in 246 B.C. He depends in this case on a popular legend in Burma which was perhaps started by the Singhalese.

The Kalyânî inscriptions of Pagui (1480), however, clearly states that Suvannabhûmi is a country whose capital is located at the northern end of a small range called Kelâsa (1, 181' above sea-level) on the South east of the Rankuri-Moaulamruin railway line between stations Maramikum and Toricwani, It was called Golamattikanagare or Tuikkalâ, though it is known as Ayeksama (Latitudes 17°,4'.15''IIX 97$^{o}$ 7$'$ E). So it seems that largely under the influence of this inscription that villages Ayaksama and Wenika (Latitude 17°13’N and Longitued 79°-4’E) were chosen as sites for excavation in 1975, 1976, 1977 and 1978.

These two villages are situated so closely that they are really one big village divided into two sectors morth and south. As eastern portion of the town wall built of laterite about twenty seven feet high and thirteen feet thick was unearthed first. Than a birck buildings of sixty nine feet square with fourteen rooms came to light next. The place was formerly a kind of sea port as the name Winka (in Mwan Weika meaning a Lagoon of fish) suggests and the building was probably a custom house. Pottery and plan of the building together suggest it to be of the 6 century A.D.

A Thermoluminescence dating puts it between 476B.P and 313 B.P. (AD 1499-AD. 1662)

၎င်းမြန်မာပြန်မှာ-

သုဝဏ္ဏဘူမိဟူသည် အရှေ့တောင်အာရှတစ်ခုလုံး သို့မဟုတ် ၎င်းအတွင်းရှိတစ်နေရာရာကို ခေါ်သော အိန္ဒိယတိုင်းရင်းအမည်ပင်ဖြစ်၏။ ၎င်းကိုယနေ့မြန်မာတစ်ယောက်အား (မေးလျှင်) မုတ္တမကွေ့ဝန်းကျင်က နေရာတစ်ခုကိုညွှန်ပြရင်း ဘီစီ ၂၄၆ ခုနှစ်အတွင်းအိန္ဒိယ အင်ပါယာရှင်အသောကမင်းကြီး အထောက်အပံ့ဖြင့် တတိယသင်္ဂါယနာတင်ပွဲကျင်းပအပြီးတွင် ဗုဒ္ဓသာသာသနာစတင်ရောက်လာသည့် နေရာဟုဆိုပေမည်။ သီဟိုဠ်နိုင်ငံသားများစတင်ပြောဆိုခဲ့ပြီး ဗမာပြည်တွင်လူသိများခဲ့သော ဒဏ္ဍာရီကိုကိုးကားပြောဆိုခြင်းဖြစ်သည်။ ပဲခူးကလျာဏီ သိမ်ကျောက် စာ(၁၄၈၀)တွင် ယခုမော်လမြိုင်-ရန်ကုန်မီးရထားလမ်းမှ မရမ်းကုန်းနှင့်တောင်စွန်း ဘူတာတို့အကြား ကေလာသ (၁,၁၈၁’)ဟုခေါ်သည့်တောင်ကုန်း၏ မြောက်ဘက်စွန်း၌ သုဝဏ္ဏဘူမိနိုင်ငံ မြို့တော်တည်ရှိကြောင်း အခိုင်အမာဖော်ပြထားသည်။

ယင်းမြို့တော်ကို ဂေါ်ဋမတ္တိကနဂရ (တိုက်ကလား) ဟုလည်းခေါ်ကြ၏။ အယက်သမ(မြောက် ၁၇°၊ ၄'၊ ၁၅'' x အရှေ့ ၉၇°၊ ၇') ဟူ၍လည်းသိကြပါသည်။

ဤကျောက်စာဖော်ပြချက်ကို အားကိုးလျက်အယက်သမနှင့် ဝင်းက (မြောက် ၁၇°၊ ၁၃' x အရှေ့ ၉၇°- ၄') တို့ကို ၁၉၇၅ ၊ ၁၉၇၆၊ ၁၉၇၇ နှင့် ၁၉၇၈ ခုနှစ်များတွင်နေရာရွေးချယ် တူးဖော်ခဲ့သည်။

ဤရွာနှစ်ရွာတို့သည် တစ်ရွာတည်းကို တောင်နှင့်မြောက်နှစ်ပိုင်းခွဲထားသလို နီးကပ်စွာရှိကြ၏။ (အယက်သမ ရွာတွင်) အမြင့် ၂၇ ပေနှင့်အရွယ် ၁၃ပေရှိသော အရှေ့ဘက် ဝံမြို့ရိုးကို ဦးစွာတူးဖော်ခဲ့၏။ ထို့နောက် (ဝင်းကရွာတွင်) စတုရန်းပုံ ၆၉ ပေအရွယ်ရှိသော အုတ်တိုက်အဆောက်အအုံကိုဖော်ထုတ်ပေးခဲ့၏။ ၎င်း (ဝင်းက)နေရာသည် ပင်လယ်ဆိပ်ကမ်းဖြစ်ခဲ့ကြောင်းဝင်းက၊ မွန်ဘာသာ (ငါးအိုင်) ဟူသည့် အမည်က ထောက်ခံသည်။ သို့ဖြစ်၍ ဤအဆောက်အအုံသည် အကောက်ဌာနစခန်း တစ်ခုဖြစ်နိုင်ပါသည်။ မြေထည် ပစ္စည်းများနှင့် အုတ်တိုက်ပန္နက်ပုံစံတို့က ခရစ်နှစ် ၆-ရာစုကိုဖော်ညွှန်းလျက်ရှိ၏။ သာမိုလူမီဆင့်ရက်စွဲကမူ လွန်ခဲ့သောအနှစ် ၄၇၆မှ ၁၁၃အကြား (အေဒီ-၁၄၉၉ နှင့် အေဒီ ၁၆၆၂ ခုနှစ်) ရက်စွဲကိုဖော်ပြပါသည်။ (Than Tun, Professor; The Archaeology of Burma, (Lectures delivered to B.A. Hons History students during the academic year 1980-1); Dept of History, Mandaly University, Type Script, p. 48).

ဝင်းက၊ အယက်သည်မတူးဖော်မှုမှာ ထင်သလောက်ခရီးမပေါက်နိုင်ပဲရှိခဲ့၏။ အချိန်တိုအတွင်း၊ လူအင်အားနည်း နည်းနှင့် ကျဲကျဲပိုင်း၍ ခြိုးခြံချွေတာပြီး၊ အခက်အခဲများကြား လုံးပမ်းခဲ့ရပုံကို စာနာခြင်း၊ ထောက်ထားခြင်းများမတွေ့ရ၊ ကဲ့ရဲ့ရှုံ့ချသည့်လေသံများသာ ပေါ်ထွက်လာသည်။ မတူးခင်က မှန်းထားသည့်အဖြေမျိုးကိုလည်း မရနိုင်သေးပေ။ အယက်သမနှင့် ဝင်းကတို့တွင်နောက်ထပ်တူးဖော်လေ့လာမှု တစ်စုံတစ်ရာဆောင်ရွက်နိုင်ခြင်းလည်းမရှိခဲ့ပေ။

အယက်သည်မမြို့ဟောင်း (၁၉၇၅-ခုနှစ်) နှင့် ဝင်းကမြို့ဟောင်း (၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်) တို့ကို တူးဖော်သည့်အခါ ဗိဿနိုး၊ ဟန်လင်း၊ တကောင်းနှင့် သရေခေတ္တရာမြို့ဟောင်းကြီးများကို တူးဖော်ခဲ့စဉ်ကကဲ့သို့ မဟုတ်ပေ။ တူးဖော်မှုလုပ်ငန်းပြီးစီးသည်ဟု မဆိုနိုင်ပဲလုပ်ငန်းစဉ်များ ယုတ္တရက်ရပ်ဆိုင်းသွားခဲ့သည့် အခြေအနေကို တွေ့ရမည်ဖြစ်ပါသည်။ ယင်းမြို့ဟောင်းနှစ်ခုအနက် အယက်သည်မတွင် တူးဖော်မှုကုန်း (၂)ကုန်း၊ ဝင်းကတွင် (၆) ကုန်းမျှသာတူးနိုင်ခဲ့သည်။ ထိုအကြောင်းစုံကို ထိုစဉ်က သုဝဏ္ဏဘူမိမြို့ဟောင်း ဖော်ထုတ်ရေးတာဝန်ခံသုတေသနမှူး (ဝန်ထောက်) ဦးမြင့်အောင်၏ အစီရင်ခံတင်ပြချက်များမှ အောက်ပါအတိုင်းထုတ်နုတ်တင်ပြဖော်ပြပါမည်။

သုဝဏ္ဏဘူမိသုတေသနအစပျိုးပုံနှင့်ပတ်သက်၍၊ ၁၉၇၆ ခုနှစ်၊ မတ်လထုတ်၊ မွန်ပြည်နယ် စာစောင်ပါ "မွန်ပြည်နယ်ရှေးဟောင်းအမွေအနှစ်" ဆောင်းပါးကိုရေးသားဖော်ပြသည့်အခါ ဦးမြင့်အောင်က

> ရှေးခေတ်မြန်မာ့သမိုင်းတွင် ပြဿနာများအဖြစ် ကျယ်ပြန့်နက်ရှိုင်းစွာလေ့လာဖော်ထုတ်ရမည့်အခြေခံ ၃ခု ရှိသည်။ ယင်းတို့မှာ (၁) ပျူယဉ်ကျေးမှု (၂) မွန်ယဉ်ကျေးမှု (၃) ရခိုင်ယဉ်ကျေးမှုတို့ကို ပြည့်စုံစွာဖော်ထုတ်ရေး ဖြစ်ကြသည်။ ၁၉၅၉ ခုနှစ်လောက်က စ၍ပျူယဉ်ကျေးမှုပြဿနာကို ကွင်းဆင်းသုတေသနည်းများဖြင့် အဖြေရှာခဲ့ကြပေရာ ဗိဿနိုး၊ ဟန်လင်းနှင့်သရေခေတ္တရာမြို့ဟောင်းများကို မြေလှန်အောက်မှဖော်ထုတ်ပေး ခြင်းအားဖြင့် ပျူယဉ်ကျေးမှုပြဿနာမှာ အတော်အတန်ပြေလည်လာပြီဖြစ်သည်။ ပျူပြီးလျှင် မွန်သို့မဟုတ် ရခိုင်ယဉ်ကျေးမှုအတွက် ကွင်းဆင်းအဖြေရှာထုတ်ရန်ကိုမူ ယခုအခါစီမံကိန်းများရေးဆွဲထားပြီးဖြစ်သည်။

ဟူ၍ အစပျိုးနိဒါန်းချီကာ ရှေးဟောင်းမွန်ယဉ်ကျေးမှုကို မိမိဖော်ထုတ်ရန်ရှိကြောင်းဖော်ပြသည်။

လေ့လာရန်နယ်ပယ်အကျယ်အဝန်းကို သတ်မှတ်သည့်အခါ သထုံခရိုင်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်၏ အကြားဒေသကိုဦးစားပေးရွေးချယ်သည်။ ထိုဒေသတွင် မွန်သို့မဟုတ် ထိုထက်

ရှေးကျသည့် ယဉ်ကျေးမှုလက်ရာ အထောက်အထား၊ မြို့ရိုးနေရာများ၊ ဘုရားပုထိုးများကို တွေ့ရှိနေကြရသည်ဟုဆို၏ *(မြင့်အောင်၊ ၂၀၀၇၊ စာ ၁၀၀-၉)*။ ကွင်းဆင်းလေ့လာရာဒေသ၏ အကျယ်အဝန်းကိုလည်း မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၀ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွတ် ၉၇ ဒီဂရီ ၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁၀ မိနစ်အကြား ကေလာသတောင်ခြေတစ်ဝိုက်ကို ပထမဦးစားပေးနေရာအဖြစ် သတ်မှတ်ခဲ့ပါသည် (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၁၀)။

ကေလာသတောင်ခြေတွင် တိုက်ကုလားခေါ် သုဝဏ္ဏဘူမိမြို့ဟောင်းနေရာကို ဦးစွာလေ့လာရ၏။ တိုက်ကုလားကို မြေတိုင်းဌာနထုတ်မြေပုံအမှတ် ၉၄ ဂျီ ၄၊ အကွက်အမှတ် ၉၀၀၅/၅၉၀၁ တွင် ရှာဖွေတွေ့ရှိသည်။ သို့သော်ကောင်းကင်ဓါတ်ပုံတွင် ထိုမြို့ဟောင်းပုံကို ပြည့်စုံအောင်မတွေ့ရဟုဆိုပါသည်။ လက်ရှိမြို့အနေအထားမှာ ကေလာသတောင် အနောက်မြောက်ထောင့်ကို အမှီပြု၍ တောင်၊ မြောက် နှင့် အနောက်ဘက်တို့တွင် လယ်ကွင်းပြင်များဖြစ်ကြောင်း နေရာဟောင်းများတည်ရှိကြောင်းကိုသာ ကောင်းကင်ရိုက်မြေတိုင်း ဓါတ်ပုံအမှတ် ၅၁၈-၁၅၇ တွင်လေ့လာတွေ့ရှိရသည်ဟု ဆိုပါသည်။ *(မြင့်အောင်၊ ၂၀၀၇၊ စာ ၁၁၁)*

၎င်းကွင်းဆင်းအဖွဲ့ မြင်တွေ့ရသော သုဝဏ္ဏဘူမိ၊ တိုက်ကုလား-အယက်သည်မမြို့ဟောင်းမြင်ကွင်းကိုလည်း

> လက်ရှိအယက်သမကျေးရွာတွင် လူနေအိမ်ခြေများကို အရှေ့နောက်တန်းလျက် တည်ဆောက်ထားကြသည်။ ယင်းအိမ်ခြေများကျောပြုထားသော မြေမြင့်ပိုင်းဒေသတွင် မြောက်ဘက်မြို့ရိုးတစ်ခုကို အရှေ့အနောက်တန်းလျက် မြင်တွေ့ရ၏။ ယင်းကို ဂဝံကျောက်မြေဖြင့်ပြုလုပ်ထားသည်။ ယင်း၏အနီးအနားတွင် ကျုံးနေရာကိုလည်းတွေ့ရ၏။ မြို့ရိုး၏အမြင့်မှာ ၁၀ ပေခန့်မျှရှိမည်ဟု ခန့်မှန်းပါသည်။ ထိုမြို့ရိုးကိုဖြတ်၍ ခြေသွားလမ်းအတိုင်း ကြည့်ရှုစုံစမ်းသည့်အခါ မြေမျက်နှာပြင်သည် အနည်းငယ်ပြန့်ပြူး၍ ကွက်လပ်ဖြစ်နေသည်ကို တွေ့ရပါသည်။ ယင်းတွင် သေးနုပ်သောအိုးခြမ်းကွဲကလေးများ အများအပြားပြန့်ကျဲနေကြောင်းတွေ့ရှိရသည်။ ဤပြန့်ပြူးသည့် ကွက်လပ်သည် တစ်ကြိမ်တစ်ခါက လူနေမှုရပ်ကွက်ဖြစ်ခဲ့စရာရှိ မည်ဟုခန့်မှန်းပါသည်။ ဤကွက်လပ်မှ တောင်ဘက်သို့ မြေမျက်နှာပြင်သည် မြင့်တက်သွားကာတောင်ထိပ်ရှိ မြသိန်းတန်ဘုရား (ကျန်စစ်သားမင်းပြုပြင်ခဲ့ကြောင်း မွန်ကျောက်စာရေးထိုးခဲ့သည့် ကျိုက်တလင်စေတီ) သို့ရောက်အောင် တောင်ကြောအဖြစ် ဆက်လက်တည် ရှိနေသည်ကိုတွေ့ရသည်။ ဤအပိုင်းတွင် တောင်ဘက်မြို့ရိုးအကြွင်းအကျန်အချို့ကို ဆက်လက်တွေ့ရသည်။

ဟုဖော်ပြထားသည် *( မြင့်အောင်၊ ၂၀၀၇၊ စာ ၁၁၁-၂)*

ဤအယက်သည်မမြို့ဟောင်းနေရာသည် ပျူမြို့ဟောင်းကြီးများဖြစ်ကြသော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ တို့ကဲ့သို့ ကြီးမားထယ်ဝါခြင်းလည်းမရှိပေ။ အရွယ်အစားမှာ သေးငယ်လွန်းလှသည်။ ကောင်းကင်ဓါတ်ပုံအထောက်အထားပေါ်တွင် မြို့ရိုးပတ်လည်ပေါ်လွင်ခြင်းလည်းမရှိပေ။ မြောက်ဘက်နှင့် တောင်ဘက်တို့တွင်သာ မြို့ရိုးပိုင်းများကို တွေ့ရပြီး မြောက်ဘက်၌သာ ကျုံးသဏ္ဌာန်ကိုတွေ့ရသည်။ သို့သော်မြို့ထိပ်တစ်နေရာတွင် ရှေးဟောင်းစေတီ (ကျာက်တလင်း)

တည်နေပုံအရ ရှေးဟောင်းနေရာတစ်ခုဖြစ်နိုင်ကြောင်း ယုံကြည်ဖွယ်ရာရှိ၏။ သမိုင်းစာဟောင်း အထောက်အထား ကိုးကားစရာများလည်း ရှိနေသေး၏။

## တိုက်ကုလား

ဓမ္မစေတီမင်းလက်ထက် ရေးထိုးသောကလျာဏီ သိမ်ကျောက်စာ မွန်ဘာသာ (က)မျက်နှာကြောင်းရေ (၆)နှင့်(၇) တို့တွင် ပါရှိသောမြန်မာဘာသာပြန်တွင် -

"ထိုမင်း၏ နေပြည်တော်သည် ကေလာသပေါ်ဘုရား၏ အနောက်မြောက်ထောင့်၌ရှိ၏။ မြို့တစ်ဝက်ကား ညီညာသောမြေအပြင်ဖြစ်၏။ ထိုမြို့သည် တင်လဲချက်သော ဂေါဠလူမျိုးတို့၏ အိမ်ကဲ့သို့ မြေကျည်ဖြစ်သော အိမ်များကြောင့် နောင်းလူတို့သည် တိုက်ကုလားမြို့ဟုခေါ်ကြကုန်၏

ဟုဖော်ပြကြသည်။ ၁၇၉၉-ခုနှစ်ထုတ်အငြိမ်းစားစစ်ကဲကြီး ဦးရွှေနော်၏ **မွန်ရာဇဝင်နှင့် စေတီတော်သမိုင်း** စာအုပ် စာမျက်နှာ ၁၆ တွင်လည်းအောက်ပါအတိုင်းတွေ့ရ၏။

တိုက်ကုလားမြို့အကြောင်းကို ပြဦးအံ့။ ဘုရားမပွင့်မီနှစ် ၁၀၀ ကျော်လောက်ကပင် သပေါ်မင်း၏ ဘိုးတော် လက်ထက် ၎င်းဒိုးခလွန်းတောင်(ကေလာသတောင်)၏ အနောက်မြောက်ဘက် တောင်ခြေရင်းတွင် မြို့တည် လုပ်၏။ မြို့တည်ပုံမှာ တောင်ဘက်မျက်နှာက တောင်ကမ်းပါးယံကျောက်ကမ်းပါးကို မြို့ရိုးလုပ်၏။ ကျောက်ခဲ တစ်ဝက်ကို မြို့ရိုးလုပ်၏။ မြောက်ဘက်မျက်နှာမှာ ကျောက်ခဲနှင့်မြေရောနှောဖို၍ မြို့ရိုးလုပ်၏။ တံခါးမှာအရှေ့ အနောက်၊ မြောက်ဘက်(၃)မျက်နှာထား၏။ မြို့အကျယ်မှာ အရှေ့ အနောက်တောင်ပေါင်း(၂၀၀၀)၊ တောင် မြောက်တောင်ပေါင်း (၁၀၀၀) ရှိ၏။ တိုက်နံရံနှင့် အလားတူစွာ ၃ မျက်နှာကျောက်ကမ်းပါးယံကာ လျက် နေသည်တကြောင်း၊ ဒိုးခလွန်းတောင်ခြေရင်း ဖြစ်သည်တကြောင်း၊ သို့အကြောင်းတို့ကြောင့် ဒုံးတိုက်ခလွန်းက ရွှေ့လျောပြီးကာလ ဒုံးတိုက္ကလားဟုခေါ်ကြ၏။

အထက်ပါအဆိုအမိန့် (၂) ရပ်ကို အထောက်အထားပြုလျက်လည်းကောင်း၊ ကလျာဏီသိမ်ကျောက်စာ၏ အဆိုကိုအား ထားယုံကြည်၍လည်းကောင်း၊ အယက်သည်မရွာ တိုက်ကုလားမြို့ဟောင်းကို တူးဖော်လေ့လာသင့်သော မြို့ဟောင်းကုန်း အဖြစ် သတ်မှတ်ခဲ့သည် *(မြင့်အောင်၊ ၂၀၀၇၊ စ ၁၁၂-၄)*။

သုဝဏ္ဏဘူမိမြို့ဟောင်းနေရာဟု ယူဆရသော ၎င်းစစ်တောင်းမြစ်ဝှမ်းသည် ရှေးဦးလူသားတို့ မှီတင်းနေထိုင်ခဲ့ရာ ရပ်ဝန်းလည်းဖြစ်ကြောင်း၊ ၎င်းဒေသမှာပင် ကျောက်ခေတ်သစ်ယဉ်ကျေးမှု တစ်ရပ်ထွန်းကားခဲ့ကြောင်း အထောက် အထားကိုလည်း တွေ့ရှိရသည်ဟုဆို၏။ ကျောက်ခေတ်ရှေးဟောင်းလူတို့ နေထိုင်ခဲ့ကြောင်းအထောက်အထား မီးခတ် ကျောက် လက်နက်ပုဆိန်သွား ၂ မျိုးတွေ့ရကြောင်း၊ တစ်မျိုးတွင်ဆောက်သွားသဏ္ဍာန်အသွားပါရှိ၍ ကျန်တစ်မျိုးတွင် နှစ်မျက်နှာ သွေးယူဖော်ဆောင်ထားသော အသွားပါရှိကြောင်း၊ ဤပုဆိန်သွားမျိုးကို အသုံးပြုသူတို့မှာ နီဂရစ်တို လူမျိုးများဖြစ်နိုင်ပြီး နောက်ထပ်ဝင်ရောက်လာသူတို့၏ ဖိအားကြောင့် တောင်ဘက်မလေးကျွန်းဆွယ်သို့ရောက်သွား ခဲ့ရကြောင်း၊ သုဝဏ္ဏဘူမိရှေးဟောင်းသုတေသနကွင်းဆင်းခရီးတွင် တိုက်ကုလားမြို့ဟောင်း ဒေသတဝိုက်မှကျောက် ခေတ်သစ် လက်နက်ကိရိယာ ၅-ခုစုဆောင်းရရှိထားပြီးဖြစ်ကြောင်း ဦးမြင့်အောင်ကတင်ပြသည် *( မြင့်အောင်၊ ၂၀၀၇၊ စ ၁၀၁-၁၀၅)*၊ (မြင့်အောင် "သုဝဏ္ဏဘူမိအထောက်အထား" မွန်ပြည်နယ်နေ့ နှစ်လည်စာစောင်၊ ၁၉-၃-

၇၈)။ ဤတင်ပြချက်သည် မိမိသုတေသနပြုရန်ရွေးချယ်ထားသည့် မြို့ဟောင်းဒေသမှာ ရှေးဦးလူနေမှုသက်သေသာဓကများလည်း ရှိသည်ဆိုသော အချက်ကိုဆက်စပ်ပြလိုက်ခြင်းပင်ဖြစ်၏။

စစ်တောင်း-သံလွင်ဒေသက နီဂရစ်တို (လူမည်း) မျိုးနွယ်စုတို့သည် သမိုင်းမတင်မီကာလမှစ၍ ဒေသအတွင်း လှည့်လည်သွားလာနေထိုင်သူများဖြစ်မည်ဟု ခန့်မှန်းရသည်။ နောက်ထပ်ရောက်လာသော မွန်ဂိုလွိုက်(လူဝါ) မျိုးနွယ်စုတို့က ၎င်းတို့ကို ဘီလူး (မွန်ဘာသာ-ဆမန်း) များဟုခေါ်ခဲ့ကြရာ ယခုမော်လမြိုင်မြို့အနီး၊ သံလွင်မြစ်ဝမှ ဘီလူးကျွန်း (မွန်ဘာသာ၊ တကော့ဆမန်း) မှာ ၎င်းနီဂရစ်တို တို့၏ နေရာဌာနတစ်ခုဖြစ်ဖွယ်ရှိ၏ (နိုင်ပန်းလှ )။ ကလျာဏီကျောက်စာတွင် ဖော်ပြထားသော ပါဠိဘာသာဖြင့် "သမုဒ္ဒဝါသီရက္ခသီရညော" (သမုဒ္ဒရာ၌နေသော ရက္ခိုက်ဘီလူးမ) ဆိုသည်မှာလည်း ထိုနီရစ်တိုမျိုးနွယ်စု၊ လူရိုင်း (Savage)၊ အသားစားလူကြမ်း (cannibal) များ ဖြစ်ဖွယ်ရှိ၏။ ၎င်းတို့သည် မြို့ပြယဉ်ကျေးမှုအဆင့်ထူထောင်နေထိုင်သူများအပေါ် အနှောင့်အယှက်ပေးခဲ့ကြဟန်တူ၏။ ထို့ကြောင့် ပဲခူးကလျာဏီသိမ်ကျောက်စာတွင် မင်းအိမ်၌သားဖွားသော သူငယ်ကိုရေဘီလူးမတို့က လာရောက်လုယက်ဖမ်းစားကြကြောင်း ဖော်ပြခြင်းဖြစ်တန်ရာ၏။ ထိုဘီလူးရန်ကို သုဝဏ္ဏဘူမိ မင်းနေပြည်လူအပေါင်းတို့က မည်သို့ကာကွယ်ရမှန်း မသိဖြစ်နေစဉ် မဇ္ဈိမဒေသမှ သာသနာပြု ကြွရောက်လာတော်မူကြသော အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့က ကူညီဖြေရှင်းပေးခဲ့ပုံကို ကလျာဏီသိမ်ကျောက်စာမှာပင် တွေ့နိုင်ပါသည်။ အရှင်နှစ်ပါးတို့က "ဘီလူးတို့ထက်နှစ်ဆမကကြီးသော ဦးခေါင်းတစ်ခုတည်းကိုယ်ကား နှစ်ခုရှိသော ခြင်္သေ့နှင့်တူသော ကိုယ်ကိုဖန်ဆင်းထားသော အလွန်ကြောက်မယ်ဖွယ်ရှိသော (မနုသီဟ)ရုပ်ကို ဖန်ဆင်း၍လိုက်စေသည့်အခါ ဘီလူးတို့ထွက်ပြေးသွားကုန်သည်ဟုဆိုပါသည် *(ကလျာဏီ၊ ပါဠိ၊ အမှတ် ၁၊ ကြောင်း ၁၇၊ ၁၈)*။ ဤအကြောင်းနှင့် ဆက်စပ်၍လည်း သုဝဏ္ဏဘူမိ (တိုက်ကုလား) မြို့ဟောင်း၏ သက်တမ်းမှာ ဘီစီ ၃ ရာစုနှစ်အပိုင်းအခြားကို ညွှန်ပြလျက်ရှိပါသည်။

အထက်ပါ ကလျာဏီသိမ်ကျောက်စာဖော်ပြချက်ကို အထောက်အကူပြုသည့် ခေတ်သစ်သုတေသန အတွေးအမြင်များကိုလည်း တွေ့ရသေး၏။ ပြင်သစ်ရှေးဟောင်းသုတေသနပညာရှင် ဂျော့ဆေးဒေးက "ဖူနန်နိုင်ငံက ဘုရင် ဖန်ရှီမန်သည် အနောက်ဘက်ဒေသ (ထိုင်း၊ မြန်မာ) များသို့ စွန့်စားသွားရောက်ခဲ့ရာမှ ကွယ်လွန်ခဲ့ဟန်တူသည်။ အကြောင်းမူ ဖန်ရှီမန်သည် ချင်လင်ခေါ်တံတိုင်းကြီးဆီသို့ စွန့်စားသွားရောက်ခဲ့ရာမှ ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟု မှတ်တမ်းတင်ထားကြသည်။ ယင်းချင်လင်သည်ပင်လျှင် ပါဠိစာပေများ၌လာရှိကြသော သုဝဏ္ဏဘူမိခေါ် ရွှေမြေဖြစ်ဟန်တူသည်။ သို့မဟုတ် သက္ကတစာပေများအရ သုဝဏ္ဏကုဒြခေါ် ရွှေတံတိုင်းကြီးလည်း ဖြစ်နိုင်ပေသည်။ ယင်းတို့သည် အောက်မြန်မာနိုင်ငံတွင်တည်ရှိကြ၏ဟု The Making of South East Asia ကျမ်းတွင် တင်ပြထားသည် (မြင့်အောင်၊ ၂၀၀၇၊ ၁၂၄)။

တစ်ဖန်ကလျာဏီသိမ်ကျောက်စာပါဠိဘာသာ မျက်နှာဘက်ကြောင်းရေ (၁၅) မှ "ဂေါဠမတ္တိကနဂရ" ဟူသည့် မြို့အမည်ကို ပါဠိပါရဂူဒေါက်တာအီးဖော်ခင်မားနှင့် ကျောက်စာဝန်ဦးလူဖေဝင်းတို့က "တိုက်ကုလားမြို့" ဟုဘာသာပြန်ဆိုကြ၏။ ဂေါဠလူမျိုး တစ်နည်းအားဖြင့် ဘင်္ဂလား နယ်ဇာတိ အိန္ဒိယတိုင်းသားတို့၏ ရွှံ့လိမ်းကျံထားသော အိမ်များနှင့်တူသည့် (အုတ်တိုက်အိမ်) အဆောက်အအုံများပေါ်များသောကြောင့် ဖြစ်ကြောင်းသိရသည် (မြင့်အောင်၊ ၂၀၀၇၊ ၂၁၅)။ ဤမျှလောက်သော အကြောင်းအချက်အထောက်အထားများကိုမှုတည်၍ တိုက်ကုလား(အယက်သည်မ) မြို့ဟောင်းကို ရှေးဟောင်းသုတေသနနည်းဖြင့် စူးစမ်းလေ့လာရန် အကြောင်းလုံလောက်ပြီဟု သုတေသနမှူး ဦးမြင့်အောင်က သတ်မှတ်ခဲ့ပါသည်။

သို့ပါသော်လည်း ဤတိုက်ကုလားမြို့ဟောင်းသည် မြို့ကွင်းမြို့ကွက် ကျည်းလွန်းပြီး မင်းနေပြည်တော်ကြီးတစ်ခုအသွင်ကိုလည်း မဆောင်ကြောင်းကိုမူ ဦးမြင့်အောင်ကကြိုတင် သတိပြုမိခဲ့ပုံရပါသည်။ တိုက်ကုလားသည် မိမိတူးဖော်သုတေသနပြုခဲ့ပြီးဖြစ်သော ဇိဿနီးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းတို့နှင့် မယှဉ်သာအောင် သေးငယ်လွန်းလှ၏။ ဇိဿနီးသည် မြို့ရိုးတစ်ဖက်အရှည် (၂) မိုင်စီရှိသဖြင့် မြို့တွင်းရှိ မြို့ကွက် အကျယ်အဝန်းမှာ ဧကပေါင်း

(၂၆၀၀) မျှလည်းကောင်း၊ ဟက်တာအားဖြင့် (၁၀၃၆) ဟက်တာမျှ ကြီးသည်ဖြစ်၍ တိုက်ကုလားထက် (၂၅)ဆမျှ ပို၍ကြီးသည်ဖြစ်၏။ တိုက်ကုလား၏အရွယ်အစားမှာ ဧက (၁၀၀) ထက်မပိုပေ။ သို့ဖြစ်၍ ၎င်းအနီးပတ်ဝန်းကျင်ရှိ ကျိုက်ကသာ (၆၆၈ ဧက) နှင့်စာလျှင်ပင် ခုနစ်ဆမျှသေးငယ်လျက်ရှိ၏။ ဇုတ်သုတ်မြို့ဟောင်း (၄၅၀ ဧက) နှင့် စာလျှင်လည်း လေးဆမျှသေးငယ်နေသေး၏။ ထို့အပြင် မြို့တွင်းပတ်လည်၌ မြောက်ဘက် တစ်မျက်နှာက လွဲ၍ ကျန်မြို့ရိုးပိုင်းများမှာ တောင်ကုန်းနှင့် ဆင်ခြေလျောများဖြစ်ကြပြီး မြို့တွင်းကမြေပြန့်ပိုင်းမှာ ဧက (၅၀) ထက်ပို၍မကျယ်ပေ။ ၎င်းမြေပြန့်ပိုင်းမှာလည်း နန်းတော်ရာကုန်းမိုမို့သဏ္ဍာန်ပုံစံမျိုး၊ အုတ်တိုက် အဆောက်အအုံဟောင်း တစ်စုံတစ်ရာမျိုးမှ တည်ရှိကြောင်းကိုမတွေ့ရပေ။ ထို့ကြောင့် မင်းနေပြည်တော်ကြီးဟုဆိုရအောင် ကြီးကျယ်ခမ်းနားပုံမျိုးမတွေ့ရပေ။ မြို့၏အနောက်တောင်ဘက် တောင်ကုန်းပေါ်မှ ကျိုက်တလင် (မြသိန်းတန်) စေတီဟောင်းတစ်ဆူတည်ရှိခြင်း၊ အရှေ့မြောက်မြို့ထောင့်နေရာ တောင်ကုန်းပေါ်တွင် နန်းတော်ဦးစေတီဟုခေါ်သော စေတီတစ်ဆူတွေ့ရခြင်းသာ ထူးခြားသောမြေပြင် လက္ခဏာများအဖြစ် တွေ့ရပါသည်။ အရှေဘက်ဝေပုလ္လတောင်နှင့်တောင်ဘက်မြို့ရိုးပိုင်းတွင် မလွယ်တံခါးပေါက်သဖွယ် ဝင်ပေါက်တစ်ခုတွေ့ရသည်သာထူးခြားသည်။ အားလုံးကိုခြုံကြည့်လျှင် ပဒေသရာဇ်ခေတ် အရံစောင့်မြို့ငယ်တစ်ခုအသွင်ကိုသာ မြင်တွေ့နိုင်သည်ဟုဆိုရမည်။

နောက်ထပ်သတိပြုမှတ်သားဖွယ်အကြောင်းအချက်တစ်ခုမှာ တိုက်ကုလားမြို့ဟောင်းအမည်ဖြင့် ပဒေသရာဇ် အရံစောင့်မြို့ကို မုတ္တမခေတ် (၁၃-ရာစုနှစ်)၊ ဟံသာဝတီခေတ် (၁၅-၁၇ ရာစုနှစ်) နှင့် ကုန်းဘောင်ခေတ် (၁၈-၁၉ ရာစုနှစ်) များအထိတောက်လျှောက် တည်တန့်နေခဲ့ကြောင်း တွေ့ရခြင်းပင် ဖြစ်ပါသည်။ ရှေးဟောင်း (သုဝဏ္ဏဘူမိ) ခေတ်ယဉ်ကျေးမှုနယ်မြေတွင် နှောင်းခေတ် (ပဒေသရာဇ်) မြို့ဟောင်းနေရာကို ထပ်ဆင့်တည်ထောင်ထားရှိခြင်း သဘောဟု ဆိုရမည်ဖြစ်ပါသည်။

ပျူခေတ်ဗိဿနိုးမြို့ဟောင်းယဉ်ကျေးမှုမြေပေါ်တွင် နှောင်းခေတ်ယဉ်ကျေးမှုတစ်ခုထပ်ဆင့် တည်နေပုံကို မတွေ့ရသကဲ့သို့ ဟန်လင်းနှင့် သရေခေတ္တရာမှာလည်း မြို့ဟောင်းကြီးအတွင်း နှောင်းခေတ်ပဒေသရာဇ်လူနေမှု မြို့ပြထူထောင်မှုကို မတွေ့ရတော့ပေ။ ဗိဿနိုးအနီးတွင် တောင်တွင်းကြီးမြို့၊ ဟန်လင်းအနီးတွင် ရွှေဘိုမြို့၊ သရေခေတ္တအနီးတွင် ပြည်မြို့များဆက်လက်ထွန်းကားနေခဲ့ပါသည်။ ယခုတိုက်ကုလားမြို့ဟောင်းနေရာ၌မူ သုဝဏ္ဏဘူမိ မြို့ဟောင်းဖြစ်မည်ဟု ခန့်မှန်းထားသော မြို့ဟောင်းနေရာမှာပင် နှောင်းခေတ်တိုက်ကုလားမြို့တည်ထောင်ပုံကို တွေ့ရပေသည်။ ရှေးဟောင်းသုတေသနပညာအရ ကမ္ဘာ့မြေပေါ်တွင် လူ့ပယောဂကြောင့် ပြောင်းလဲဖြစ်ပေါ်လာမှု မှန်သမျှကို စူးစမ်းလေ့လာရမည် ပင်ဖြစ်သည်။ ပျူခေတ်ကာလအတွင်း အကြုံဝင်လျက်ရှိသော သုဝဏ္ဏဘူမိယဉ်ကျေးမှုကို ဖော်ထုတ်ရန်အတွက်၊ ယင်းခေတ်လွန်ကာလ၊ နှောင်းခေတ်ယဉ်ကျေးမှုများရောနှော၊ ရှုပ်ထွေးလာမည့်ကိစ္စကိုလည်း သုတေသနပြုသူများ ဂရုပြုလျက်ခွဲခြမ်းစိပ်ဖြာစူးစမ်းလေ့လာကြရန်တာဝန်ရှိလာမည်ဖြစ်ပါသည်။

ဥပမာအားဖြင့် တိုက်ကုလားမြို့ဟောင်း အနောက်မြို့ရိုးတောင်ကုန်းပေါ်တွင်တည်နေသော ကျိုက်တလန်း (ကျိုက်တလင်) (မြသိန်းတန်) စေတီမှာ သုဝဏ္ဏဘူမိခေတ်က မူလတည်ထားသည့် စေတီတစ်ဆူဖြစ်နိုင်ကြောင်း ထိုစေတီကုန်းမှ တွေ့ရသောလက်ရေးစင်း (ပျူခေတ်) အုတ်ချပ်များ တွေ့ရှိမှုက သက်သေပြလျက်ရှိ၏။ ထိုစေတီကို ၂၀၀၀ ပြည့်နှစ်ကစ၍ ဂေါပကအဖွဲ့က ဘက်စုံပြုပြင်ရေးဆောင်ရွက်ပါသည်။ စေတီရင်ပြင်အနောက်ဘက်မြေထိန်း တံတိုင်းကို ပြုပြင်ရန်မြေတူးစဉ် အုတ်ခွက်ဘုရားအချို့ ပေါ်ထွက်လာခဲ့ကြောင်းသိရ၏။ သမိုင်းသုတေသနကွင်းဆင်း အဖွဲ့ဆိုက်ရောက်လာချိန်နှင့် ကြုံကြိုက်သဖြင့် စစ်ဆေးကြည့်ရှုသည့်အခါ ယင်းအုတ်ခွက်များအနက် ပုဂံအနော်ရထာမင်း၏ ကောင်းမှု "သောဘဂဝါ မဟာသီရိအနိရုဒ္ဓဒေဝနကတော ဝိမုတ္တတ္ထံသဟတ္ထေနေဝါတိ" စာတမ်းကမ္ဗည်းရေးထိုးထား သော အုတ်ခွက်အပိုင်းကျိုးနှစ်ခုကို တွေ့ခဲ့ရပါသည်။ ယင်းအနော်ရထာမင်းအုတ်ခွက်ကို အောက်မြန်မာနိုင်ငံတွင် တွံတေးမြို့ (ရှေးဒလမြို့ဟောင်း) စမ်းရွာအနီး၊ မောင်ဒီဘုရားတွင်သာ တွေ့ရဖူးကြောင်းသိရ၏။ ယခု သထုံဒေသမှာ တွေ့ရခြင်းပင်ဖြစ်သည်။ အနော်ရထာမင်းသည် သထုံဒေသကိုလည်း ရောက်ခဲ့ပါသည်ဟူ၍ မှတ်သားစရာသက်သေ

အထောက်အထားပင်ဖြစ်၏။ ထိုစေတီမှ "လက်ရေးစင်း" အုတ်ချပ်ကို တွေ့ရခြင်းနှင့် အနော်ရထာအုတ်ခွက်ကိုလည်း ထပ်မံတွေ့ရခြင်းကြောင့် ပုဂံခေတ်ဦးနှင့် ပုဂံမတိုင်မီ ပျူခေတ်က ဘာသာရေးအဆောက်အအုံတစ်ခုဖြစ်ကြောင်းကို ညွှန်ပြလျက်ရှိပေသည်။

ထို့အပြင် ၎င်းကျိုက်တလင် (ကျိုက်တလန်း) စေတီမှ ကျန်စစ်သားမင်းရေးထိုးထားသော ရေးမွန်ကျောက်စာတစ်ချပ် (ယခု ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် စိုက်ထူထားလျက်ရှိ) ကိုလည်း တွေ့ရသေး၏။ ၎င်းအရှေ့တောင်ဘက် (၅)မိုင်ခန့်အကွာ ကျိုက်တဲစေတီတွင်လည်း အလားတူ ကျန်စစ်သားမင်း၏ ကျောက်စာတစ်ချပ်စိုက်ထူလျက်ရှိသေး၏။ (သထုံမြို့ဗြောင်ဝိုင်းရပ်မှ တွေ့ရသော ကျောက်စာတစ်ပိုင်းမှာလည်း ၎င်းကျန်စစ်သားမင်းဘုရားပြင်အလှူကမ္ပည်းစာပင်ဖြစ်ပါသည်။) ထိုကျောက်စာတို့သည် အကြောင်းအရာများထပ်တူထပ်မျှ တူညီနေကြပြီး၊ ကျန်စစ်သားမင်းက ကျိုက်တဲ၊ ကျိုက်တလင်စသော သထုံဒေသစေတီများကို အသစ်ပြုပြင်ပေးကြောင်း ရေးမွန်ဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာများဖြစ်ကြ၏။ တိုက်ကုလားတောင်ကုန်းပေါ်မှ ကျိုက်တလင်ကျောက်စာ အောက်ဆုံးပိုင်း၌

> ပြိုပျက်နေသော၌ ကျိုက်တလင်စေတီကို လောကလူအပေါင်းတို့ကြာမြင့်စွာ ကိုးကွယ်နိုင်ကြစေရန် ရေးကထက်သာလွန်မြင့်မြတ်ကြီးကျယ်ခိုင်ခန့်အောင် အမည်ကျော်ကြားသော အလုပ်ဝန်တို့ကို အသစ်ပြုပြင်တည်ဆောက်လှူဒါန်းစေ၏။

(မွန်ချုပ်၊ စာ ၂၅-၅၄) ဟူ၍ရေးထိုးထားသည်။

ယင်းကျောက်စာအထောက်အထားများအရ ပုဂံခေတ်ဦးတွင် တိုက်ကုလားဒေသမှာ သထုံပြည်သား ရေးမွန်လူဦးရေ အသိုက်အမြုံတစ်ခု မှီတင်းနေထိုင်လျက်ရှိပုံကို သိနိုင်၏။ တိုက်ကုလားမြို့ဟောင်းကို ရေးဟောင်းသုတေသနနည်းဖြင့် တူးဖော်စူးစမ်းလေ့လာမည်ဆိုပါက ၎င်းခေတ်လူတို့၏ အထောက်အထားယဉ်ကျေးမှုပစ္စည်းမျိုးကိုလည်း ရှောင်လွှဲ၍ရနိုင်မည်မဟုတ်ပေ။

ပုဂံနိုင်ငံတော်ခေတ် (၁၁-ရာစု-၁၃ ရာစုနှစ်) အတွင်းကအောက်မြန်မာနိုင်ငံတွင် ပုဂံကမြို့စား၊ ရွာစားများခန့်ထားလျက်အုတ်ချုပ်ခဲ့ပေမည်။ ထိုအခါတိုက်ကုလားတွင်လည်း ပုဂံကခန့်ထားသော ဒေသအကြီးအကဲတစ်ဦးဦးအုပ်ချုပ်လျက်ရှိခဲ့မည်ဟု ခန့်မှန်းရ၏။

ပုဂံနိုင်ငံတော် ယိုယွင်းပျက်စီးတော့မည့် ၁၃-ရာစုနှစ်အကုန်ပိုင်းသို့ရောက်သည့်အခါ မုတ္တမနယ်(သထုံခရိုင်)တွင် ပုဂံကခန့်ထားသော မြို့စားအလိမ္မာအမတ်ကို မကဒူးခေါ်ဝါရီရူက လုပ်ကြံ၍ ဝါရီရူ (၁၂၅၂-၁၃၀၆) သည် ထီးနန်းစိုက်ထူမင်းပြုခဲ့၏။ ဝါရီရူသည် ပဲခူး(ဟံသာဝတီ)စားတရဖျားကိုပါ လုပ်ကြံပြီး အောက်မြန်မာပြည်နယ်ပယ်များကိုသိမ်းယူခဲ့၏။ ထိုမင်းဆက်သည် ပဲခူးနှင့်မုတ္တမအကြား စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတွင် နယ်ခြားစောင့်အရံမြို့များကိုလည်း ထူထောင်ခဲ့ပါသည်။ ဝါရီဂူမင်းဆက်မှ စောရမ်းပရက္ကတ်ဘွဲ့ခံခွန်လောမင်း (ဝါရီရူမကဒူး၏ညီမဂဒါ) လက်ထက်တွင် စစ်တောင်းမြို့နှင့် ဒုန်ဝန်းမြို့တို့ကိုတည်၍ ညီရံမောလမွန်အားစားစေသည်ဟု ရာဇဓိရာဇ်အရေးတော်ပုံကျမ်းတွင်တွေ့ရ၏။ ထိုနှစ်မှာပင်၊ ဇင်းမယ်ရှမ်းတို့သည် ဒုန်ဝန်းမြို့ကို လာရောက်တိုက်ခိုက်၍ ဒုန်ဝန်းပျက်ပြီး ညီ ရံမောလမွန်ကျဆုံး၏ *(နိုင်ပန်းလှ၊ ၁၉၉၈၊ စာ ၃၇)*။

မုတ္တမတွင်ဗညားဦးမင်းနန်းတက်သည့်နှစ် (၁၃၄၈-ခုနှစ်) လွန်မြောက်၍ သုံးနှစ်ရောက်သည့် အခါစောအဲဒိတ်နှင့် ဖေါကြယ်တို့နှစ်ယောက်ဒုန်ဝန်းတွင် ပုန်စားကြပြန်၏။ ဗညာဦး၏ စစ်သည်များနန့်ဝန်းသို့ သွားရောက်နှိမ်နင်းလျှင် စောအဲဒိတ်နှင့် ဖေါကြယ်တို့အရေးနိမ့်၍ ဇင်းမယ်သို့ဝင်ပြေးသည်။ ထိုနှစ်မှာပင် ၎င်းတို့နှစ်ဦး ကုန်းချောမှုကိုယုံ၍ ဇင်းမယ်မင်းသည် မုတ္တမကိုလုပ်ကြံစေ၏။ မုတ္တမ ကျမသွားသော်လည်း အရံမြို့များဖြစ်ကြသော၊

> သစ်တောင်း(စစ်တောင်း)၊ တိုက်ကုလား၊ ဒုန်ဝန်း၊ ယင်းငြိမ်၊ လဂွန်းဗျည်းစသော မြို့ငယ်များ ပျက်ချေ၏။ မုတ္တမ မော်လမြိုင်သားတို့ အလွန်ထိတ်လန့်ကြောက်ရွံ့ကြကုန်၏ *(နိုင်ပန်းလှ၊ ၁၉၉၇၊ စာ ၄၉)*

ဟူ၍ တွေ့ရသဖြင့် တိုက်ကုလားသည်မုတ္တမမြို့၏ အရံမြို့ငယ်တစ်ခုအဖြစ် တည်ရှိနေပုံကိုသိရပါသည်။

ရာဇဓိရာဇ်မင်း (၁၃၉၃-၁၄၂၀) လက်ထက်တွင် မုတ္တမမြို့နယ်များဆူပူထကြွလျက်ရှိစဉ် ဟံသာဝတီမှ စစ်ချီတက်နှိမ်နင်းရ၏။ ရာဇဓိရာဇ်သည် ပုန်ကန်သူတရည်းမြို့စား၊ မဂြိုင်း၏ဦးခေါင်းကို ရအောင်ဆောင်ယူခဲ့သော သူရဲကောင်းမသံလုံကို ချက်ချင်းဆုမပေးချေ။ မုတ္တမမြို့မှ ဟံသာဝတီသို့ စစ်အောင်ပြီးပြန်လာသောအခါ ဒုန်ဝန်းမြို့ကို သမိန်ဗြာဇ္ဇအားမြို့စားပေး၏။ မော်လမြိုင်မြို့ သံမောင်မြို့ လဂွန်းဗျည်းမြို့ တရည်းမြို့များကိုလည်း စိတ်ချယုံကြည်ရသောမှူးမတ်များအား အသီးသီးစားစေ၏။ သူရဲကောင်းမသံလုံမှာမူ ချီးမြှောက်ခြင်းမခံရသေးပေ။

> တိုက်ကုလားသို့ရောက်တော်မူလျှင် ခေါင်ငါးဆက်ရှိသော အိမ်ကြီးတစ်ဆောင်ကို အဆောတလျင်ဆောက်စေ၏။ အိမ်ကပြင်နှင့် တံစက်မြိတ်များကို ကျယ်ဝန်းစွာပြုလုပ်စေ၏။ သူရှင်(ရာဇဓိရာဇ်)၏ ယာယီအိမ်နန်းပြုလုပ်ပြီးစီးသောအခါ တင့်တယ်စွာ ခင်းကျင်းမွမ်းမံစေ၏။ . . မင်း၏အိမ်နှင့်တူလှပေသည်။

> ရာဇဓိရာဇ်သည် သမိန်ဗြာဇ္ဇအားခေါ်၍ "သူရဲကောင်း၊ မသံလုံအား အမတ်ကြီးအိမ်သို့ ဖိတ်ခေါ်ပြီး သောက်စားပါစေ။ သေရည်ကိုယစ်အောင်တိုက်။ လူမှန်းသူမှန်းမသိအောင် မူးယစ်သောအခါမှ သန်လျင်းဖြင့် ထမ်းစေ၍ ဆောက်လုပ်ပြီးသော ခေါင်ငါးဆက်အိမ်ကြီးထက်သို့ပို့ပါ။ သလွန်ပေါ်၌အိပ်ပါစေ။ "လဂွန်းအိန်" ဟူသော ဘွဲ့သရဖူရွှေပြားကို သူ့နဖူး၌ စည်းထားပါ ငါ့ကိုယ်လုပ်တော်မေနှင်းကေသရာအား သူ့အပါးတွင်ခစားစေ။ တိုက်ဆင်ငါးစီးကိုလည်း သူ့အားငါပေးသည်။ တိုက်ကုလားမြို့ကိုသူ့အားငါစားစေမည်။ သူသည် မူးယစ်၍ လူမှန်းမသိခင် ဆီမီးရောင်များကို ထွန်းလင်းအောင်ထွန်းညှိထားပါစေ။ စောင်းငြင်းအတီးအမှုတ်အကအခုန် အသီအဆိုတို့ဖြင့်ဖျော်ခံပါ။ ဤအကြောင်းကို သူ့အားအယစ်ပြေ၍ နိုးမှသိပါစေ" ဟုမှာကြားပြီးသော် သူရှင်(ရာဇဓိရာစ်)သည် တိုက်ကုလားမှ ပဲခူးသို့ပြန်တော်မူ၏။ (နိုင်ပန်းလှ၊ ၁၉၉၇၊ စာ ၁၉၉-၂၀၀)။

"ထိုနေ့မှစ၍ တိုက်ကုလားမြို့တွင် လဂွန်းအိမ်ဘွဲ့ခံ မသံလုံသည် နတ်စည်းစိမ် တမျှခံစားရလေတော့၏" ဟူ၍ ရာဇဓိရာဇ်အရေးတော်ပုံကျမ်း၌ ဖော်ပြထားပါသည်။ *(နိုင်ပန်းလှ၊ ၁၉၉၇၊စာ ၂၁၂)*

ခရစ် ၁၆ ရာစုနှစ်ဆန်းအချိန်တွင် ဟံသာဝတီမွန်မင်းဆက်ပြတ်ခဲ့၏။ တောင်ငူမှ တပင်ရွှေထီးနှင့် ဘုရင့်နောင် (ဟံသာဝတီဆင်ဖြူရှင်) တို့ပဲခူး (ဟံသာဝတီ) ကိုနေပြည်တော်ပြုလျက်စိုးစံကြ၏။ တပင်ရွှေထီးမင်း (၁၅၃၁-၁၅၅၀) လက်ထက်တွင်တိုက်ကုလားမြို့သည် ဟံသာဝတီ (မြန်မာ) မင်း၏ လက်အောက်ခံမြို့စားတစ်ဦး အုတ်ချုပ်သည့် အရံစောင့်မြို့အဖြစ် ဆက်လက်တည်တံနေခဲ့ပါသည်။ ထိုအကြောင်းကို ကွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ်၊ တောင်ငူခေတ် ဒုတိယတွဲ (ဦးကျော်ဝင်း တည်းဖြတ်၊ ရန်ကုန်၊ မြတ်မိခင်အဖွဲ့၊ ၁၉၈၈) တွင်

> တပင်ရွှေထီးမင်းလက်ထက် ထားဝယ်မြို့သို့ချီတက်စေသည့်အခါ
> ရေးစား၊ မော်လမြိုင်စား၊ တိုက်ကုလားစား။ စစ်တောင်းစား၊ အခုတ်စား၊ လကွန်းဗျည်းစား၊ ကြိုပ်မြို့စားတို့ကို တိုက်ဆင်နှစ်ရာမြင်းနှစ်သောင်း (နှစ်ထောင်)၊ ဗိုလ်ရှစ်သောင်းနှင့် ထားဝယ်သို့ချီတက်ရသည်။ ( ဦးကျော်ဝင်း၊ ၁၉၈၈၊ စာ ၅၉)

ဟူ၍တွေ့ရပါသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာမင်း (၁၅၅၀-၁၅၈၁) လက်ထက်တွင် တိုက်ကုလားမြို့စားမှာ ဇော်ကရတ်ဖြစ်ပါသည်။ သက္ကရာဇ် ၉၁၅ (အေဒီ ၁၅၅၃) ခုနှစ်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည် အဝ(အင်းဝ) မြို့သို့ချီတက်လုပ်ကြံစဉ်

> မြောင်းမြစား၊ ခကုစားလက်ဝဲယော်တာ၊ ပန်းကို(ပဲခူး)စားဗညားအိန္ဒယ၊ မြင်းကစားသရေစည်သူ၊ ခဲပေါင်စား သံကျယ်၊ မကွေးစားသရေပုညာ၊ အသုတ်စားအပရဲ၊ လယ်ကိုင်းစားရာဇသူရ၊ တိုက်ကုလားစားဇော်ကရုတ်၊ မြင်ကွန်းစား ဇေယထီလိုင်၊ သတိုး မ္ဗရာဇာတပ်မင်းပြု၍ တဆဲ့တတပ်ဖွဲ့စည်းကာ စစ်တစ်ကြောင်းချီရသည် *(ကျော်ဝင်း၊ ၁၉၈၈၊ စာ ၈၇)။*

ထိုမင်းလက်ထက်မှာပင် သမိန်တောပုန်ကန်မှုကို လိုက်လံနှိမ်နင်းရသေး၏။ သမိန်ထောသည် ပဲခူးက ဓနုဖြူသို့ ကူး၍ ပုသိမ်သို့ပြေး၏။ ထိုမှတစ်ဆင့် အင်အားစုစည်းကာ ဒလကိုတိုက်သည်။ ဒလကိုရပြီး အခိုင်အမာပြုနေစဉ် ဘုရင့်နောင်၏တပ်ကလာရောက်တိုက်ခိုက်သဖြင့် အရေးနိမ့်ကာ မုတ္တမသို့ပြေးသည်။ ထိုမှတစ်ဆင့် တိုက်ကုလားမြို့ ကိုသွား၍ လူသူစုရုံးပြန်သည်။ ဘုရင့်နောင်က နန္ဒသကြိန်နှင့် တပ်လေးတပ်စေလွှတ်၍ တိုက်စေရာ သမိန်ထောသည် စစ်တောင်းမြို့တိုင်ကြိုလာ၍ ပြန်တိုက်သည်ဟုဆို၏ *(ကျော်ဝင်း၊ ၁၉၈၈၊ စာ ၈၁)*။ ဤအကြောင်းကိုထောက်၍ တိုက်ကုလားသည် အရံစောင့်မြို့မျှသာမက သူပုန်တို့ရုံဖန်ရုံခါ အင်အားစုပြီး ပုန်ကန်ရာမြို့တစ်မြို့ လည်းဖြစ်ကြောင်း တွေ့ရ၏။

ဘုရင့်နောင်လက်ထက် သကရစ် ၉၆၂-ခု (အေဒီ ၁၅၄၆ ခုနှစ်) တွင်ပဲခူးမှာ ရှမ်းယွန်း အရပ်ရပ်က ယူခဲ့သည့် လူတို့စုရုံး၍ ရှမ်းတစ်ယောက်ကို ဗညားကျွန်းတောမည့်၍ သောင်းကျန်းကြသည်။ ထိုဗညားကျန်းတို့က လူနှစ်သောင်း၊ သုံးသောင်းခန့် ပဲခူးသို့ချီလာပြီး ဝန်းရံလုပ်ကြံသည်။ ဘုရင့်နောင်မင်းတရားကြီးမှာ ဇင်းမယ်တွင်ရောက် နေ၍ အဝ (အင်းဝ) နန်းကျဘုရင် စလင်းစည်သူကျော်ထင်က ထွက်တိုက်ရသည်။ ထိုသူပုန်တို့တပ်ပျက်၍ထွက်ပြေး သည့်အခါ တိုက်ကုလားမြို့တွင် လူစုပြန်၏။ ထိုအကြောင်းကို ဘုရင့်နောင်မင်းတရားကကြားသိလျှင် မနီးမြို့စား အဲလောင်ကို ဆင်ခြောက်ဆယ်၊ လူရှစ်ရာနှင့်စုံစမ်းစေသည်။ တိုက်ကုလားမြို့က သူပုန်တို့ခုဲတိုက်လျှင် အဲလောင်ကျဆုံး၍ ဆင်နှင့်လူ အားလုံးကို သူပုန်တို့ရသည်။ သံလျင်မြို့စား စစ်တုရင်ကသူကို ဆင်သုံးရာ၊ မိုလ်ငါးသောင်း (နှစ်သောင်း) နှင့်ချီစေပြန်၏။ သူပုန်အကြီးဗညားကျန်းတောက စစ်တောင်းမကူးရအောင်ဆီး၍တိုက်သည်။ ထိုတိုက်ပွဲတွင် သူပုန်အကြီး ဗညားကျန်းတောသေ၍ အရှင်လူငါးရောကျော်ရသည်ဟု ဖော်ပြထားသည် ကိုလည်းတွေ့ရပါသည်။ *(ကျော်ဝင်း၊ ၁၉၈၈၊ စာ ၁၃၀)။*

ကုန်းဘောင်ခေတ်သို့ရောက်သည့်အခါ ၎င်းတိုက်ကုလားပဒေသရာဇ်မြို့ နယ်ပယ်အကျယ်အဝန်းမှာ ယခု ခေတ်ဘီးလင်းမြို့နယ် တစ်ခုအကျယ်အဝန်းမျှလောက်ပင်ရှိသည်။ ကုန်းဘောင်ခေတ်ဗဒုံမင်းလက်ထက် စစ်တမ်း ကောက်ယူသည့် တိုက်ကုလားမြို့စစ်တမ်းတွင် ၎င်းနယ်ပယ်အကျယ်အဝန်းကို

> အရှေ့ကို ၄ တိုင် (၈ မိုင်) ကွာ လကွန်ခလိုင်မြစ် (ဘီးလင်းမြစ်) အထိတုံဝန်မြို့ မြေစပ်၊ အရှေ့တောင်ကို ၄ တိုင် (၈-မိုင်) ရောက်ကရုံစာချောင်းအထိ တုံဝန် (ဒုန်ဝန်း) မြို့မြေစပ်၊ တောင်အလား ၅ တိုင်ကွာ (၁၀ မိုင်) တုံဝန်မြို့ မြေစပ်၊ အနောက်တောင်အလား ၃ တိုင် (၆-မိုင်) ခရီး ပင်လယ်အထိ၊ အနောက်အလား တတိုင် (၂-မိုင်) ကွာပင်လယ်အထိ၊ အနောက်မြောက်အလား ၅ တိုင် (၁၀) မိုင်ကွာ ခဒါတ်ချောင်း (ကျိုက်ထိုချောင်း) ထိစစ်တောင်းမြေနှင့် အစပ် အရှေ့မြောက်အလား ၁၀ တိုင် (မိုင်-၂၀) ကွာ ကျိုက်ထီးရိုးထိ၊ စစ်တောင်းမြေအစပ်၊ ၎င်းနယ်ရှစ်ရပ်အတွင်းရာပေါင်း ၁၂-ရာရှိပါသည်

ဟူ၍ဖော်ပြထားသည်။ အမျိုးသား၊ ပု-၄၇၁ (ကင်း)။ ဤနယ်ပယ်သည် ကုန်းဘောင်ခေတ်က ကေလာသတောင်ခြေရှိ တိုက်ကုလားမြို့ပိုင်နက်ပင်ဖြစ်ပါသည်။

ဤသို့ဖြင့်တိုက်ကုလား ပဒေသရာဇ်နယ်သည် ပုဂံခေတ်နှောင်းပိုင်းမှ ကုန်းဘောင်ခေတ်အထိ တည်တံ့နေခဲ့ပုံကို တွေ့ရမည်ဖြစ်ပါသည်။ ထိုမြို့သည်ဟံသာဝတီ (ပဲခူး) နှင့် မုတ္တမတို့ကို မင်းနေပြည်တော်ပြုသည့်အခါ မုတ္တမနယ်၏ အရှေ့တန်းခံကတုတ်မြို့တစ်မြို့ဖြစ်ရသည့်အပြင်၊ ဇင်းမယ်မှရှမ်းယွန်းတို့ မုတ္တမကိုလာရောက်လုပ်ကြံတိုက်ခိုက်သည့်

အခါ၌လည်း အရေးပါသည့်ခံစစ်ကြောင်းမြို့များတွင် ပါဝင်လျက်ရှိခဲ့၏။ တိုက်ကုလားမြို့တည်ရာ ဤကေလာသတောင်ခြေမှာပင် သုဝဏ္ဏဘူမိခေတ် (မြန်မာနိုင်ငံပျူနှင့်ခေတ်ပြိုင်) ကာလရှေးမြို့ဟောင်းအထောက်အထားတစ်ခေတ်နှင့် ပဒေသာရာဇ် တိုက်ကုလားမြို့ဟောင်းတစ်ခေတ်ဟူ၍ အသီးသီးကွဲပြားလျက်တွေ့ရမည်ဖြစ်သည်။ ထိုသို့ကာလမတူသော ယဉ်ကျေးမှုတို့ ဒွေးရောယှက်တင်ရှုပ်ထွေးမှု (Cultural Complexity) ကိုလည်းခွဲခြမ်းစိတ်ဖြာ၊ ဝေဖန်ရပေဦးမည်။ သုဝဏ္ဏဘူမိခေတ် အထောက်အထားကို ရှာဖွေစဉ်မှာပင် ပုဂံ၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်အထောက်အထားကိုလည်း တွေ့နိုင်သေးသည့် သဘောပင်ဖြစ်ပါသည်။

မည်သို့ရှိစေ၊ ဖြစ်စေ၊ တိုက်ကုလားကိုပင် ရွေးချယ်သတ်မှတ်ထားသည့်အတိုင်း တူးဖော်သုတေသနပြုဖြစ်ခဲ့၏။ (၂၄၊ ၁၊ ၇၅) နေ့တွင် အယက်သည်မ တူးကွက်အမှတ် (၁) (AYT-1) ကိုစတင်တူးဖော်သည့်အခါ ထိုကုန်းသည်မြို့ရိုးကုန်း တစ်ကုန်းဖြစ်ကြောင်းသိရ၏။ (၁၅-၉-၇၆) နေ့ထုတ်လမ်းစဉ်သတင်း၊ အတွဲ ၁၂၊ အမှတ်-၁၀ တွင် ထိုအကြောင်းကို

ကွင်းဆင်းလုပ်ငန်းဆောင်ရွက်သည့်နှစ်နှစ်တာအတွင်း ပထမနှစ်ဖြစ်သော ၁၉၇၅ အတွင်း အယက်သည်မရွာတွင်မြေမြို့ရိုးတစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းသည်ပတ်ဝန်းကျင် မြေပြင်ထက် ၂၇ ပေမြင့်၏။ မြို့ရိုးထိပ်သည် ၁၃ ပေရှိ၍ ယင်းကိုဂဝံကျောက်နှစ်လွှာဖြင့် ထိပ်သီးပြုလုပ်ထားသည်။ ဂဝံကျောက်နှစ်လွှာမှာ အစီးအနင်းမကောင်းမွန်ချေ။ မြို့ရိုး၏အတွင်းဘက်ကို မြေဖို့၍အမာခံပြုလုပ်ထားကာ အပြင်ဘက်တွင် ကျောက်နှင့်အုတ်ရောနှော၍ တံတိုင်းတစ်ထပ်ပြုလုပ်ထားပြီး ကျုံးနှင့်အကန့်ခြားထား၏ *(မြင့်အောင်၊ ၂၀၀၇၊ စာ ၁၂၇)*။

ဟူ၍တင်ပြခဲ့ပုံကို တွေ့ရ၏။

ဗိဿနိုးမြို့ဟောင်း မြို့ရိုးကုန်းအမှတ် (၁၆) ကိုတူးဖော်ခဲ့စဉ်က အောက်ခံမြေဝါ (ဖိုမြေ)၊ အုတ်မြစ်ခုနှစ်ပေခွဲနှင့် အထက်တွင်အုတ်မြို့ရိုးမြောက်ပေခွဲခန့် (စုစုပေါင်း ၁၄ ပေ) အမြင့်မျှသာတွေ့ရသော်လည်း ယခုတိုက်ကုလားမြေမြို့ရိုးမှာ(၂၇)ပေခန့်အထိ အမြင့်ကျန်သေးကြောင်းတွေ့ရခြင်းမှာ မှတ်သားစရာကောင်းလှ၏။ ထိုမြို့သည်ကာကွယ်ရေးစံနစ်ခိုင်ခံ့၍လား၊ သို့မဟုတ် နောင်းခေတ်မြို့ဖြစ်၍ မြို့တံတိုင်းမြင့်မြင့်ကြွင်းကျန်လျက် တွေ့ရခြင်းလားဆိုသည်ကို ဆန်းစစ်ကြည့်ရန်လိုအပ်မည်ဖြစ်သည်။

၎င်းအပြင် "ကျုံးနှင့်အကန့်ခြားထား" သောမြောက်ဘက်အပြင်က တံတိုင်းတစ်ထပ်ပြုလုပ်ထားသေးကြောင်း ထိုတံတိုင်းမှာကျောက်နှင့် အုတ်ရောနှောတည်ဆောက်ထားခြင်းဖြစ်ကြောင်း ဖော်ပြချက်နှင့်ပတ်သက်၍၊ ၎င်းတံတိုင်းမှ အုတ်ချပ်များသည် သုဝဏ္ဏဘူမိခေတ် (ပျူနှင့်ခေတ်ပြိုင်) အုတ်များ ဟုတ်မဟုတ်ဆန်းစစ်လေ့လာထားပုံကို မသိရသေးပေ။ (ထိုအပြင်မြို့ရိုးအုတ်ချပ်များတွင် လက်ရေးစင်းအုတ်ချပ်များ ရောနှောပါဝင်နေပုံကို ၂၀၀၀-၂၀၀၄ ကွင်းဆင်းသုတေသနခရီးများတွင် စစ်ဆေးတွေ့ရှိခဲ့ရပါသည်။)

တိုက်ကုလားမြို့တွင်းမြေပြန့်တွင် အုတ်ကုန်းဟောင်းရှာမတွေ့ရသဖြင့် မြေပြင်နှစ်နေရာ (AYT 2နှင့်AYT 3) ကိုအစမ်းတွင်းများအဖြစ်သတ်မှတ်၍ တူးခဲ့ပါသည်။ ယင်းတူးကွက်တို့မှ ကြွေထည်မြေထည် အပိုင်းအစအိုးခြမ်းကွဲများသာ တွေ့ခဲ့ရသည်ဟုဆို၏။ ထို့ကြောင့် ၂၆ ဖေဖော်ဝါရီ ၁၉၇၅ ခုနှစ်တွင် တိုက်ကုလားအယက်သည်မမြို့ဟောင်း တူးဖော်မှုကို ရပ်ဆိုင်းထားလိုက်ပြီး၊ နောက်တစ်နှစ် တူးဖော်မှုရာသီအစတွင် ဝင်းကကိုပြောင်း၍ ဆက်လက်တူးဖော်ခဲ့သည် *(မြင့်အောင်၊ ၁၉၇၆၊ ၂၀၀၇၊ စာ ၁၂၇)*။

# ဝင်းက

ဝင်းကရွာနှင့်ပတ်သက်၍ ဦးမြင့်အောင်က ဝင်းကရွာသည် အယက်သည်မ (တိုက်ကုလား) ၏ အရှေ့တောင် ယွန်းယွန်း ၁ မိုင်ခွဲတွင်တည်ရှိကြောင်း၊ သထုံခရိုင်က ဇက်တီးယားဓါအဆိုအရ တိုက်ကုလားမြို့ဆိုင်ရာ ရှေးဟောင်း အကြွင်းအကျန်များကို အယက်သည်မရွာမှ ကင်းရွာအထိပျမ်းမျှ ၅-မိုင် အတွင်း တွေ့ရှိရသည်ဟုဆိုထားကြောင်း ဝင်းကရွာသည် ဤအတိုင်းအတာအတွင်းကျရောက်ကြောင်း၊ ဝင်းကရွာတွင် အုတ်ကုန်းနိမ့်နိမ့်များအနှံ့နှင့် အုတ်မြို့ရိုး တစ်ထပ်တွေ့ရှိရကြောင်း၊ သို့သော် ယင်းတို့သည် ပုဂံခေတ်ထက်ရှေးကျဟန် လက္ခဏာမရှိကြချေ *(မြင့်အောင်၊ မွန်ပြည်နယ်နေ့စာစောင်၊ ၁၉၇၆ ခု၊ မတ်လ၊ ၂၀၀၇-စာ ၁၁၄)* ဆိုပါသည်။

၁၉၇၄ ခုနှစ်က ကွင်းဆင်းခရီးတွင် ဝင်းကရွာမှ စတုရန်း ၁.၅ ပေခန့်ရှိ ဘုရားလောင်းပုံရုပ်ကြွ ထုလုပ်ထားသော မီးဖုတ်အုတ်ချပ်တစ်ခု၊ ဖား (သတ္တဝါ) ရုပ်လုံးခေါင်းပိုင်းတစ်ခုနှင့် ကျောက်ခေတ်သစ်လက်နက်တစ်ခုတို့ကို စုဆောင်း ရရှိခဲ့သည်။ ရုပ်ကြွပါရှိသော အုတ်ချပ်မှာဂဝံမြေကို မီးဖုတ်ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ သက်တောင့်သက်သာထိုင် နေသော (လာလိတာသန) ဘုရားလောင်း အားဘေးတစ်ဖက်တစ်ချက်မှ သတ္တဝါကြင်ယာတော်များ ခြံရံထားပုံဖြစ်၍ လက်ရာအနေအထားအရ ပုဂံခေတ်အစောပိုင်း လက်ရာမျိုးနှင့် ဆင်တူကြောင်း၊ ဖားရုပ်လုံးမှာလည်း တစ်ခေတ် တည်းပင်ဖြစ်နိုင် ကြောင်းသိရသည် *(မြင့်အောင်၊ ၂၀၀၇၊ ၁၁၅)*။

ဝင်းကကိုတူးဖော်လေ့လာခြင်းမပြုမီကပင် မြေပေါ်တွေ့ အထောက်အထားများအရ ပုဂံခေတ်အစောပိုင်းကို ညွှန်ပြနေကြောင်းသိရပေသည်။ သုဝဏ္ဏဘူမိခေတ်အထောက်အထားများ မည်သို့ရှိမည် ကိုမမှန်းသာသည့် အခြေအနေမျိုးရှိ၏။ ပုဂံခေတ် (၁၁) ရာစုနှစ်နှင့် သုဝဏ္ဏဘူမိခေတ် (သောဏနှင့်ဥတ္တရ ဆိုက်ရောက်ချိန်ကာလ) (၃-ရာစုဘီစီ) တို့သည်နှစ်ပေါင်း (၁၃၀၀) မျှကွာခြားပေသည်။ ဤမျှရှေးကျနိုင်သော အထောက်အထားကို မည်ကဲ့သို့ အကဲဖြတ်ရမည်ဆိုသည့် ကိစ္စမှာမသေးငယ်လှပေ။









## လက်ရေးစင်းအုတ်

ဝင်းကကိုမြေပြင်ကွင်းဆင်းစဉ်ကပင် မြေပေါ်တွေ့အထောက်အထားများကို စစ်ဆေးသည့်အခါ လက်ရေးစင်း အုတ်ချပ်များ ပေါ်ထွက်လျက်တွေ့ရပေလိမ့်မည်။ အယက်သည်မကုန်းအမှတ် (၁)၊ AYT (၁) ကိုတူးဖော်ခဲ့စဉ်ကလည်း အဆိုပါလက်ရေးစင်းအုတ်ချပ် နမူနာမျိုးကိုတွေ့နိုင်မည်ဟုမှန်းဆရ၏။ ၎င်းအုတ်ချပ်အမျိုးအစားကို ဗိဿနိုးမြို့ဟောင်းတွင် တွေ့ခဲ့ဖူးပြီးဖြစ်ကြောင်း ဦးအောင်သော်၏ ဗိဿနိုးမြို့ဟောင်း (အောင်သော်၊ ၁၉၉၃) စာမျက်နှာ ၄၃ တွင်တင်ပြထား ကြောင်း အထက်တစ်နေရာ၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။






*ဝင်းကမှတွေ့ရသော လက်ရေးစင်းအုတ်ချပ်ကြီးများ (အနံ၊ ဗျက် ၁၁ လက်မ အရွယ်အစားရှိသည်)*

> ဦးမြင့်အောင်ကလည်း ၎င်း၏ဟန်လင်းမြို့ဟောင်း (၁၉၆၅-၆၅) တူးဖော်မှုတွင် တစ်ခါတစ်ရံ (အုတ်ကို) နေမလှမ်းမီ ဖုတ်လုပ်သူ၏အမှတ်အသားများအဖြစ် အုတ်၏ထိပ်တစ်ဖက်တစ်ချက်တွင် အနံလိုက်လက်ချောင်းဖြင့် ရေးခြစ်ထားသောကြောင့် မြောင်းရစ်များ ထင်ကျန်နေခြင်းကို တွေ့ရသည်။ *(မြင့်အောင်၊ ၁၉၉၃၊ စာ ၇၇)*

ဟုအစီရင်ခံခဲ့ဖူးပါသည်။ ဗိဿနိုး (ဦးအောင်သော်) နှင့် ဟန်လင်း (ဦးမြင့်အောင်) တို့ ၁၉၆၀ ပြည့်လွန်နှစ်များက တူးဖော်တွေ့ရှိခဲ့သော ပျူခေတ်လက်ရေးစင်းအုတ်များကို နောင်အခါဆရာကြီး ဦးမောင်မောင်တင်၊ ဒေါက်တာသန်းထွန်း၊ သစ်တောမင်းကြီးဦးအောင်မြင့်နှင့် မြန်မာမှုပညာရှင် ဦးဝင်းမောင် (တမ္ပဝတီ)တို့က မိုင်းမောမြို့ဟောင်းတွင် ထပ်မံတွေ့ရှိရခြင်းဖြစ်၏။ ထိုအခါမှစ၍ လက်ရေးစင်းအုတ်ချပ်သည် ပျူယဉ်ကျေးမှုအမှတ်အသားသင်္ကေတတစ်ခုဖြစ်ကြောင်း သတ်မှတ်ခြင်း၊ ဂရုပြုစူးစမ်းရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ **ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ကမူ ဤအုတ်ချပ်မျိုးကို ပျူအုတ်ဟူ၍ပင် ပင်ပွန်းတပ်ခဲ့ပေသည်။** ပညာရှင်အချို့ကမူ ပျူခေတ်ဓလေ့ (ပုဂံမတိုင်မီခေတ်) အထောက်အထား ဟူ၍သာ လက်ခံထားကြ၏။ ပျူနှင့်ခေတ်ပြိုင်အခြားသော ရခိုင်မြို့ဟောင်း၊ မွန်မြို့ဟောင်းများတွင် တွေ့ရသေးခြင်းကြောင့်ပင်ဖြစ်ပါသည်။

ဤစာရေးသူသည် ကေလာသတောင်ခြေအယက်သည်မ-ဝင်းကဒေသမှာ ဖော်ပြပါလက်ရေးစင်း အမှတ်အသားပါ အုတ်ချပ်များဖြင့် အဆောက်အအုံဟောင်းများ၊ မြို့ရိုးဟောင်းများတွေ့ရကြောင်းကို ရန်ကုန်တက္ကသိုလ် သမိုင်းဌာနသို့ ၁၉၇၆-ခုနှစ်၌ တင်သွင်းသော **စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်စပ်ကြားရှိ ရှေးမြို့ဟောင်းများအား ပဏာမလေ့လာချက်** (မဟာဝိဇ္ဇာ၊ သမိုင်းဘာသာတွဲ့ယူကျမ်း) တွင်တင်ပြခဲ့ဖူးပါသည်။ (စံဝင်း၊ ၁၉၇၆၊ )။ ၎င်းဓလေ့သည် စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့အကြား ထွန်းကားခဲ့သော ရှေးမြို့ဟောင်းတိုင်းလိုလို (ကျိုက္ကသာ၊ တိုက်ကုလား၊ သထုံမြို့ဟောင်းများ) မှာပင် ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားခဲ့ကြောင်း တွေ့ရခြင်းဖြစ်သည်။ ပျူမြို့ဟောင်းများနှင့် ခေတ်ပြိုင်ထွန်းကားခဲ့ကြောင်း ခန့်မှန်းရ၍ ယင်းဓလေ့၏ သက်တမ်းကို ခရစ်နှစ် ၆-ရာစုထက် နောက်မကျနိုင်ကြောင်း တင်ပြထားခဲ့ပါသည်။ ဤခန့်မှန်းချက်သည်ပင်လျှင် ယေဘူယျဆန်နေပေသေးသည်။ အိန္ဒိယနိုင်ငံတွင် ဤဓလေ့ကို ဗုဒ္ဓခေတ်ရှေးမြို့ဟောင်းကြီးများ၌ တွေ့နိုင်ပါသည်။ အုတ်တိုက်အဆောက်အအုံများ၊ သာသနိက အဆောက်အအုံ ကြီးများတည်ဆောက်သော အလေ့အထနှင့်အတူ ဤဓလေ့သည် အိန္ဒိယမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံခေတ် (ဘီစီ-၆ ရာစုနှစ်) နှင့် အသောကမင်း၏ မောရိယ ခေတ် (ဘီစီ-၃ရာစုနှစ်) များအထိအသီးသီးရေးကျနိုင်သော (လက်ရေးစင်း) အုတ်ချပ် ဓလေ့ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ လက်ရေးစင်းအုတ်ချပ်ဓလေ့အကြောင်း တွင်တွင်ကျယ်ကျယ်၊ လူအများသိအောင် ဖေါ်ထုတ်ပေးသူမှာ သစ်တောမင်းကြီးဦးအောင်မြင့်ပင်ဖြစ်၏။ ဦးအောင်မြင့်ပြုစုသော ကောင်းကင်ဓါတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့တော်များ (ရန်ကုန် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၉၈) စာအုပ်တွင်၊ မိုင်းမော (စာ ၂၃-၄၆)၊ ဝတီး (စာ ၄၉-၆၃) သရေခေတ္တရာ (စာ ၆၇-၇၅)၊ သဲကုန်း (စာ ၇၉-၉၇)၊ ကျိုက္ကသာ (စာ-၁၀၀-၁၂၆) မြို့ဟောင်းများသည် လက်ရေးစင်းအုတ်ချပ် လေ့ကို တွေ့ရသော ရှေးမြို့ဟောင်းကြီးများဖြစ်ကြောင်း တင်ပြထားသည်ကိုတွေ့နိုင်ပါသည်။ ဦးအောင်မြင့်သည် ၁၉၇၀ ပြည့် လွန်နှစ်များမှစ၍ ကောင်းကင်ဓါတ်ပုံများပေါ်မှ မြို့ဟောင်းရာများကို ဖော်ထုတ်ခြင်း၊ မြေပြင်ကွင်းဆင်း၍ အထောက်အထား (Surface finds) များစုဆောင်းခြင်းပြုခဲ့သည်။ ၎င်းမြေပြင်တွေ့ အထောက်အထားများတွင် လက်ရေးစင်းအုတ် (Finger Marked Brick) ကိုအထူးဂရုပြုလျက် စူးစမ်းရှာဖွေခဲ့သူပင်ဖြစ်သည်။ ၎င်းပုဂ္ဂိုလ်ကြီးနှင့် အတူပူးပေါင်း၍ ၁၉၇၇-ခုနှစ်တွင် အထက်မြန်မာနိုင်ငံမှ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ (မြန်မာသမိုင်းအဖွဲ့ဝင်) နှင့် ဦးဝင်းမောင် (တမ္ပဝတီ)တို့ကလည်း ကူညီရှာဖွေခဲ့ကြသည်။ ၎င်းတို့၏ရှာဖွေတွေ့ရှိချက်များကို ဦးတင်မြတ်သိန်း (ပါဠိသုတေသန) က၊ အခြေပြုမြန်မာနိုင်ငံရေးသမိုင်း (ပထမတွဲ)တွင် ထည့်သွင်းဖော်ပြသည်။ သို့ဖြစ်၍ လက်ရေးစင်းအုတ်ချပ်ကို တွင်တွင်ကျယ်ကျယ် လူသိများလာသည်ဟု ဆိုနိုင်ပါသည်။

နောင်အခါ ဦးအောင်မြင့်နှင့် တွဲဖက်၍ဒေါက်တာအဲလစ်စဗက်မိုး (လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းနှင့်အာဖရိကလေ့လာရေးကျောင်း၊ ရှေးဟောင်းသုတေသနပညာဌာန) က၊ ထိုင်းနိုင်ငံ သုတေသနအသင်းဂျာနယ် (Journal of The Siam Society 19 (2): 81-102) တွင် မြန်မာနိုင်ငံမှ လက်ရေးစင်းအုတ်ချပ်များအကြောင်း ဆောင်းပါးကို ရေးသားတင်ပြသည့်အခါ နိုင်ငံရပ်ခြားပညာရှင်များ လေ့လာနိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိခဲ့ကြပေသည်။

ယင်းကဲ့သို့လက်ရေးစင်းအုတ်ဓလေ့ပေါ်လွင်ထင်ရှားလာခြင်းကို ဝေဖန်သုံးသပ်လျှင် အရင်းအမြစ် ကျကျစတင်ဖော်ထုတ်ပေးသူ ပညာရှင်ကြီးများမှာ ဦးအောင်သော်နှင့် ဦးမြင့်အောင်တို့ပင်ဖြစ်ကြကြောင်း၊ ၎င်းပညာရှင်များပြုစုသည့် ဗိဿနိုးမြို့ဟောင်း အစီရင်ခံစာနှင့် ဟန်လင်းမြို့ဟောင်းအစီရင်ခံစာတို့အရ တွေ့ရှိမည်ဖြစ်ပါသည်။

လက်ရေးစင်းအုတ်ချပ်လေ့သည် မြန်မာနိုင်ငံရှေးမြို့ဟောင်းလူတို့၏ ဓလေ့တစ်မျိုး (Culture) ဖြစ်ကြောင်း သိရှိရပေပြီ။ လက်ရေးစင်းအုတ်ချပ်တွေ့ရလျှင် ၎င်းမြို့ဟောင်းကုန်းသည် ပျူခေတ်ထက် နောက်မကျနိုင်ကြောင်းကိုလည်း ခန့်မှန်းသိရှိနိုင်ပေပြီ။

ရှေးမြို့ဟောင်းကြီးများတွင် မြို့ရိုးအုတ်သည် မူလမြို့တည်စအချိန်ကပင်၊ ကနဦးအုတ်မြစ်ချထားသည့် ပစ္စည်းမျိုးဖြစ်၍၊ ဤမြို့၏သက်တမ်းအတွက် အစောဆုံးအထောက်အထားဟုဆိုရပါမည်။ မြို့ရိုးကို တူးဖော်သုတေသနပြုနိုင်ခြင်းမရှိသေးစေကာမူ မြို့ရိုးအပြိုအပျက်နေရာတို့မှ အုတ်ခဲကျိုးကိုရှာကြည့်ရန် သိမ်မခက်ပေ။ မြို့ရိုးကိုဖြတ်လျက် ရွာသားများလုပ်သည့်လမ်းဖောက်လုပ်သည့်နေရာမျိုးမှ အလွယ်တကူရနိုင်သည်။ ယင်းမြို့ရိုးအုတ်ချပ်မှာ လက်ရေးစင်းအုတ်ဖြစ်မည်ဆိုပါက ပျူခေတ်ထက်နောက် မကျနိုင်ကြောင်းခန့်မှန်းသည်။ ထိုမြို့၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ ရှေးဟောင်း ပစ္စည်းတွေ့ရှိမှု အထောက်အထားတို့ကိုပါ ပေါင်းစပ်လျှင်ပျူခေတ်လား၊ ပုဂံခေတ်လား၊ အင်းဝ၊ ကုန်းဘောင်ခေတ်လား ဆိုသည်ကို ခန့်မှန်းရန် အခက်အခဲမရှိပါ။ ထို့ကြောင့် လက်ရေးစင်းအုတ်ကို ရှေးမြို့ဟောင်းကွင်းဆင်း သုတေသနပြုသူတို့က အမှတ်သင်္ကေတပြုခဲ့ကြ၏။

သုဝဏ္ဏဘူမိမြို့ဟောင်းအမည်ကင်ပွန်းတပ် တူးဖော်လေ့လာခဲ့သော တိုက်ကုလား (အယက်သည်မ၊ ဝင်းက) တွင်လက်ရေးစင်းအုတ်နမူနာကို ရှေးမြို့ဟောင်းအထောက်အထားတစ်ခုအဖြစ် သတ်မှတ်ခဲ့ခြင်းမရှိပေ။ ပုဂံခေတ်ထက်စောမည်၊ ပျူခေတ်နှင့် ခေတ်ပြိုင်ဖြစ်မည်ဟု ခန့်မှန်းရက်စွဲ (Relative Date) ကိုညွှန်ပြနေသည့် အဆိုပါလက်ရေးစင်းအုတ်များကို တွေ့နေရသော်လည်း မှတ်တမ်းမတင်နိုင်ခဲ့ပေ။ ဂရုမစိုက်နိုင်၊ အရေးမပါ၊ အသုံးမဝင်ဟုဘေးဖယ်ထားခဲ့ပေသည်။ ဤသို့လက်ရေးစင်းအုတ်ကို ဘေးဖယ် ထားခဲ့ခြင်းကြောင့် သုဝဏ္ဏဘူမိဖော်ထုတ်ရေးမှာ ဟာကွက်တစ်ခုဖြစ်ခဲ့ပုံကို ဆက်လက်တင်ပြရပါဦးမည်။

သုဝဏ္ဏဘူမိခေတ်ကို ရည်ညွှန်းပြသနိုင်သောအစောပိုင်း အထောက်အထား လက်ရေးစင်းအုတ်ချပ်ကို ခေတ်ပိုင်းခြားသတ်မှတ်ခြင်း (Chronology) ဥဒ္ဓအသုံးမပြုနိုင်ပဲ၊ မြေထည်အပိုင်းအစ (အိုးခြမ်းကွဲ) အထောက်အထားကို ဓါတ်ခွဲစစ်ဆေး၍ရသော ဓါတ်ခွဲခန်းအဖြေ (Thermoluminiseence date) နှင့်ကြွေထည်ပစ္စည်း (porcelain ware) တွေ့ရှိမှုတို့ကြောင့် သုဝဏ္ဏဘူမိခေတ်မြို့ဟောင်းဟု ထင်ကြေးပေးထားခဲ့သော တိုက်ကုလားသည် (အေဒီ ၁၄၉၉) နှင့် (အေဒီ ၁၆၆၂) ခုနှစ်အတွင်းအကြုံးဝင်မည့် မြို့ဟောင်းတစ်ခုဖြစ်ခဲ့ရပေသည်။ ခရစ်အကြို ၃-ရာစုနှစ် အားရည်မှန်းချက်ထားခဲ့ရာမှ ခရစ်နှစ် ၁၅ ရာစုနှစ်နှင့် ၁၇ ရာစုနှစ်အထိ၊ အနှစ် (၁၀၀၀) ခန့်နောက်ကျမည့် ယဉ်ကျေးမှု သက်သေကိုသာ ပြသနိုင်ခဲ့ကြောင်းတွေ့ရှိခြင်းပင်ဖြစ်ပါသည်။ ဤကဲ့သို့ဖြစ်ခဲ့ရသော တူးဖော်သုတေသန လုပ်ငန်းအကြောင်း အရာများကို

ဒေါက်တာသန်းထွန်း (၇၅) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်စာတန်းများ အတွဲ (၁) တွင်ဖော်ပြသော ဦးမြင့်အောင်၏ "အရက်သည်မနှင့်ဝင်းက (သုဝဏ္ဏဘူမိ) တူးဖော်မှုစာတန်း (Myint Aung, ''The Excavation of Ayethama and Win ka (Suvannabhûmi) STUDIES IN MYANMAR HISTORY, Essays Given To Than Tun on His 75th Birthday, Yangon, Thein Htaik Yadana Press, 1999, pp. 17-64) ကိုရည်ညွှန်းကိုးကား၍ အောက်ပါအတိုင်း ကောက်နုတ်တင်ပြသွားပါမည်။

၎င်းတူးဖော်မှုမှတ်တမ်းအရဆိုလျှင်

၁။ ၁၉၇၅၊ အယက်သည်မ (၁) (AYT – 1) မြို့ရိုးကုန်းတူးဖော်မှု
၂။ ၁၉၇၅၊ အယက်သည်မ (၂) (AYT – 2) အစမ်းတွင်းတူးဖော်မှု
၃။ ၁၉၇၅၊ အယက်သည်မ (၃) (AYT – 3) အစမ်းတွင်းတူးဖော်မှု
၄။ ၁၉၇၆၊ ဝင်းက (၁) (WK-1) အုတ်တိုက်အဆောက်အအုံ (လူမှုရေး)
၅။ ၁၉၇၇-၇၈ ဝင်းက (၂) (WK-2) အုတ်တိုက်အဆောက်အအုံ (လူမှုရေး)
၆။ ၁၉၇၇-၇၈ ဝင်းက (၃) (WK-3) ဘာသာရေးအဆောက်အအုံ
၇။ ၁၉၇၇-၇၈ ဝင်းက (၄) (WK-4) ဘာသာရေးအဆောက်အအုံ
၈။ ၁၉၇၇-၇၈ ဝင်းက (၅) (WK-5) ဘာသာရေးအဆောက်အအုံ
၉။ ၁၉၇၇-၇၈ ဝင်းက (၆) (WK-6) စေတီဟောင်း

တို့ကိုဖော်ထုတ်နိုင်ခဲ့ကြောင်းသိရ၏။

ဝင်းက၊ အယက်သည်မတူးဖော်မှုကို ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများ ကိုတူးဖော်ခဲ့စဉ်က ရှေးမြို့ဟောင်းပုံ ပေါ်အောင်တူးခဲ့သည့်အစဉ်အလာနှင့် တိုက်ဆိုင်စစ်ဆေးလျှင်

(က) မြို့ရိုးနှင့်အရံအတား၊ အယက်သည်မအမှတ် (၁)၊ AYT.1
(ခ) လူနေမှုအဆောက်အအုံ၊ ဝင်းက (၁)၊ (၂)၊ WK.1,2
(ဂ) ဘာသာရေးအဆောက်အအုံ၊ ဝင်းက (၃)၊ (၄)၊ (၅)၊ (၆)၊ WK.3, 4, 5, 6

တို့ကိုတူးဖော်တွေ့ရှိခဲ့ကြောင်းသိရသဖြင့် တူးဖော်ပြီးစီးမှုကုန်းအရေအတွက်နည်းပါးနေသေးသည့်အပြင်၊ အကြောင်း အရာစုံလင်ခြင်းလည်းမရှိသေးကြောင်း တွေ့ရှိရ၏။

အယက်သည်မအမှတ် (၁) (AYT.1) တူးဖော်မှုကုန်းသည် သီးခြားမြို့ကွက်တစ်ခု၏ မြို့ရိုးတစ်ပိုင်းဖြစ်သည်။ ၎င်းကိုခန့်မှန်းရက်စွဲဖော်သည့်အခါ အေဒီ၊ ၁၄၉၉ မှ ၁၆၆၂-ခုနှစ်ခန့်အတွင်းထွန်းကားသည်ဟု Thermoluminescence Dating အရသိရှိရပေသည်။ ထို့ကြောင့် သုဝဏ္ဏဘူမိ ခေတ်အတွင်းအကျုံးဝင်ခြင်းမရှိပေ။ သို့ဖြစ်၍ တိုက်ကုလားမြို့ဟောင်း

(အယက်သည်မ) ကိုသုဝဏ္ဏဘူမိ မြို့ဟောင်းနေရာတစ်ခုအဖြစ် အသိအမှတ်ပြုနိုင်ရန် အခက်အခဲရှိလာကြောင်းကိုလည်း တွေ့ရပါသည်။

အယက်သည်မအမှတ် (၁)ကုန်း၊ AYT (1) ကိုတူးဖော်သည့်အခါ ကောင်းကင်ဓါတ်ပုံပေါ်တွင် မြို့ကွက်ကိုအထင်အရှားတွေ့ရပြီး၊ မြေပြင်မှာလည်းမြို့ရိုးနှစ်ထပ်နှင့် ကျုံးတစ်ထပ်ကိုတွေ့ရသော မြောက်ဘက်မြို့ရိုးကို တူးခဲ့ခြင်းဖြစ်သည်။ တူးဖော်မှုနည်းစနစ်အရ ကျင်းရှည်စံနစ် (Long Trench Methode) ကိုသုံးသည်။ အလျား (၁၅၃) ပေ၊ အနံ (၁၅) ပေ ပနက်ရိုက်လျက် ကန့်လန့်ဖြတ်တူးကွက်တွင်မြို့ရိုးနှစ်ထပ်နှင့် ကျုံးကိုငုံမိအောင်တူးဖော်ခဲ့သည်။ မြေလွှာ (၃) ထပ်တွေ့ရ၏။ ပထမမြေလွှာ (Layer 1) သည်အညိုရောင်ရှိသော သစ်ဆွေးမြေလွှာဖြစ်၍ အထူ ၂ ပေ၂ လက်မခန့်ရှိသည်။ အထက်မှ ပြိုကျထားဟန်တူသော အုတ်ခဲကျိုးများ ရံဖန်ရံခါတွေ့ရသဖြင့် ယခင်ကအုတ်တံတိုင်း ထပ်ဆင့်တည်ခဲ့မည်ဟု ခန့်မှန်းရ၏။

ဒုတိယမြေလွှာ (Layer 2) ကိုနှစ်ပိုင်းခွဲနိုင်၏။ အထက်ပိုင်းမြေလွှာ (2 A) သည်သဲဆန်လျက် ခပ်ဖွယ်ဖွယ်အရောင်ဖျော့တော့သည်။ မြောက်ဘက်ကကျုံးနှင့် စပ်လျက်ရှိသဖြင့်ရေအစိုဓါတ်ရှိသည်။ ၎င်း မြေလွှာအောက်မှ (2 B) မြေလွှာသည်အထူ ၄ ပေ ၆ လက်မရှိပြီး အညိုရောင်မြေမာဖြစ်သည်။ အုတ်ခဲများ၊ အထူးသဖြင့် တောင်ဘက်ပိုင်းတွင် အစုအပုံပို၍ များပြားစွာတွေ့ရ၏။ ထို့ကြောင့်အထက်မှ အုတ်တံတိုင်းပြိုကျခဲ့ကြောင်းပို၍ သိသာသည်။ ၎င်းအချက်ကိုထောက်ခံသည့် သဘောကိုတတိယမြေလွှာ (Layer 3) ရောက်သည့်အခါ အုတ်ကျိုးများပိုများကြောင်းထပ်မံတွေ့ရှိသည်။ ထိုအချက်များကို စုပေါင်းလိုက်လျှင် ဤမြို့ရိုးတံတိုင်းသည် မြေသားတစ်ထပ်၊ အုတ်ရိုးတစ်ထပ်တည်ဆောက်ထားသော ခံကတုတ်တစ်ခု ဖြစ်ကြောင်းသိသာပေသည် *(Myint Aung, 1999, pp. 23-24)*။

ဤမြို့ရိုးကုန်းတူးကွက်မြေလွှာအမှတ် (၂) မှ အစိမ်းရောင်ကြွေထည်ပုံစံကွဲ တစ်ခုကိုတူးဖော်တွေ့ရှိသည် (Myint Aung, 1999, p.37)။ ၎င်းအမှတ် (၂) မြေလွှာမှပင် တူးဖော်တွေ့ရှိပြီး ကောက်ယူစုဆောင်းထားသော မြေထည်အပိုင်းအစ (အိုးခြမ်းကွဲ) နှစ်စကို ၁၉၇၆-ခုနှစ်တွင် ဩစတေးလျနိုင်ငံ အမျိုးသားတက္ကသိုလ် ရူပဗေဒဌာနဓါတ်ခွဲခန်းသို့ နမူနာအမှတ် (၁၀၁၇) နှင့် (၁၀၁၈) အဖြစ်ပေးပို့၍ သက်တမ်းတွက်ချက်စစ်ဆေးခဲ့သည်။ ၎င်းဓါတ်ခွဲခန်းတွင် (thermoluminescence dating) နည်းစနစ်ဖြင့် စစ်ဆေးပြီးနောက် အိုးခြမ်းကွဲနမူနာအမှတ် ၁၀၁၇ (T/S 1017) သည်လွန်ခဲ့သောအနှစ် (၄၇၆) နှစ်သက်တမ်းရှိပြီး၊ နမူနာအမှတ် ၁၀၁၈ (T/S 1018) သည်လွန်ခဲ့သော အနှစ် (၃၁၃) နှစ်ရှိပြီးဖြစ်ကြောင်း ခန့်မှန်းသိရှိရသည်ဟုဆို၏။ သို့ဖြစ်၍အရက်သည်မမြို့ရိုးတူးဖော်မှု ကုန်းသက်တမ်းသည် ပထမနမူနာပစ္စည်းအရ အေဒီ ၁၄၉၉-ခုနှစ်ကိုညွှန်ပြ၍၊ ဒုတိယနမူနာပစ္စည်းအရ အေဒီ ၁၈၆၂-ခုနှစ် ကိုညွှန်ပြပါသည်။

ဤဓါတ်ခွဲခန်းရလဒ်အဖြေကြောင့် အယက်သည်မအမှတ် (၁) မြို့ရိုးကုန်းသည် ခေတ်လယ် ပဒေသရာဇ်တို့၏ ခံကတုတ်တစ်ခုမျှသာ ဖြစ်နိုင်ကြောင်း တစ်နည်းအားဖြင့် သုဝဏ္ဏဘူမိခေတ် (ဘီစီ၃ရာစုနှစ်) အထောက်အထားမဟုတ်ကြောင်း အဖြေထွက်နေပါသည်။ ယင်းအဖြေကိုပင်ထောက်ခံ အားဖြည့်ပေးနေသည့် နောက်ထပ်တူးဖော်တွေ့ရှိမှုများလည်း ရှိသေး၏။ အယက်သည်မ အမှတ် (၁) ကုန်း၊ မြို့ရိုးတူးကွက်၏တောင်ဘက်ကို အနည်းငယ်ခန့်အကွာ မြို့တွင်းပိုင်းတွင် အစမ်းတူးကွက် (Trial Diggings) နှစ်ကွက်ကို အယက်သည်မ (၂) နှင့် (၃) (AYT. 2 and 3) အဖြစ်သတ်မှတ်လျက်တူးဖော် သည့်အခါ အစိမ်းရောင် (စဥ့်သုတ်) ပုဂံလုံးတစ်ခု၏ နှုတ်ခမ်းနားအစိတ်အပိုင်းကို အယက်သည်မအမှတ် (၂) ကွင်း၏ ပထမမြေလွှာမှ တွေ့ရသည် (Myint Aung, 1999, p. 37)။

ဤတွေ့ရှိချက်သည် အယက်သည်မအမှတ် (၁) (AYT .1) အမှတ် (၂) မြေလွှာမှ တူးဖော်တွေ့ရှိရသည့် အစိမ်းရောင်ပုဂံပြားကဲ့သို့ပင် ကြွေထည် (Porcelain) ပစ္စည်းအမျိုးအစားပင်ဖြစ် သည်။ ဤကြွေထည် မြေထည်ပစ္စည်း (Ceramic) အထောက်အထားအရ တိုက်ကုလား (အယက်သည်မ) မြို့ဟောင်း၏ သက်တမ်းမှာ ခရစ်(၁၅)-ရာစုနှစ်ထက်မည်သို့မျှပို၍ မစောနိုင်ကြောင်းသိရပေသည်။ ထို့ကြောင့် နောက်အကျဆုံးသက်တမ်းကိုလည်း (TL-Date) ဓါတ်ခွဲခန်းအဖြေကညွှန်ပြသည့် ခရစ် (၁၇) ရာစုနှစ် ဖြစ်မည်ဟူ၍ လက်ခံရပေတော့မည်။

သုဝဏ္ဏဘူမိမြို့ဟောင်းဖြစ်မည်ဟု ထင်မြင်ယူဆထားသော တိုက်ကုလား၏သက်တမ်းကို ဤအတိုင်းပင် လက်ခံရမည်ဖြစ်ကြောင်း သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်းက (၁၉၈၁) ခုနှစ်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပုံကိုလည်းတွေ့ရပါသည်။ ဆရာကြီးက "သုဝဏ္ဏဘူမိ" ဟူ၍ တော်စိန်ခို (၁၇၉၂ ခုနှစ်)နှင့် တင်ပယ် (၁၇၉၄ ခုနှစ်) တို့ ခန့်မှန်းဖော်ပြသောနေရာသည် အိန္ဒိယတိုင်းရင်းသားအမည်ပင်ဖြစ်၍ အရှေ့တောင်အာရှ ဒေသတစ်ခုလုံးကို ရည်ညွှန်းသည်ဟုဆိုနိုင်သော်လည်း ခေတ်သစ်မြန်မာတို့ကမူ မုတ္တမပင်လယ်ကွေ့ပတ်ဝန်းကျင် ဒေသကို ညွှန်ပြကြမည်ဖြစ်ကြောင်း၊ ဤဒေသမှာ အိန္ဒိယနိုင်ငံတွင် ခရစ်အကြို ၂၄၆-ခုနှစ် (246 B.C)က အသောက မင်းလက်ထက်တတိယ သင်္ဂါယနာတင်ပွဲအပြီးတွင် ဗုဒ္ဓသာသနာစတင်ရောက်ရှိခဲ့သည့် နေရာဟုယူဆကြောင်း မြန်မာတို့ အားကိုးအားထားပြုထားသော မြန်မာပြည်မှထင်ရှားသည့် အထောက်အထားများကို သီဟိုဠ်ရာဇဝင်၌ စတင်ဖော်ပြ ကြောင်း၊ ထို့နောက် ၁၇၄၀ ပြည့်နှစ်ကရေးထိုးခဲ့သော ပဲခူးကလျာဏီသိမ်ကျောက်စာတွင် သုဝဏ္ဏဘူမိသည် (အမြင့်ပေ ၁၁၁၈ပေခန့်ရှိသော) ကေလာသတောင်ခြေဒေသ၏ အနောက်မြောက်ဘက်အစွန်း၊ ယခုရန်ကုန်မော်လမြိုင် ရထား လမ်း မရမ်းကုန်းဘူတာနှင့် တောင်စွန်းဘူတာတို့အကြား၊ အရက်သည်မရွာ (မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၄ မိနစ် ၁၅ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၇ မိနစ်) ဖြစ်မည်ဟု ပြထားကြောင်း၊ ထိုနေရာကိုဂေါ်ဋမတ္တိကနဂရ သို့မဟုတ် တိုက်ကုလားဟုခေါ်ကြောင်း၊ သို့ဖြစ်၍ ကျောက်စာ အထောက်အထားအားကိုးဖြင့် အယက်သည်မကျေးရွာနှင့် ဝင်းက ကျေးရွာ (မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၃ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄ မိနစ်) တို့ကို ၁၉၇၅၊ ၁၉၇၆၊ ၁၉၇၇ နှင့် ၁၉၇၈ ခုနှစ်များတွင် သတ်မှတ်ရွေးချယ်တူးဖော်ခဲ့ကြောင်း၊ ဤကျေးရွာနှစ်ရွာတို့သည် အနီးကပ် တည်ရှိနေကြပြီး ရွာတစ်ရွာတည်းကိုတောင်ပိုင်းနှင့် မြောက်ပိုင်းဟူ၍နှစ်ပိုင်းခွဲထားသကဲ့သို့ ရှိကြောင်းရှင်းလင်းဖော်ပြ လျက်၊ တူးဖော်တွေ့ရှိရသော အထောက်အထားနှင့်ပတ်သက်၍

- မြို့ဟောင်း၏မြို့ရိုးအရှေ့ဘက်တစ်ပိုင်းကို ဂဝံကျောက်အုတ်စီလျက် အမြင့် ၂၆ ပေ၊ အကျယ် ၁၃ ပေ ရှိသည့်မြို့တံတိုင်းအဖြစ် ပထမဖော်ထုတ်တွေ့ရှိသည်။ ထိုနောက်အလျားနှင့် အနံ ၆၉ ပေစီစတုရန်းပုံရှိပြီး၊ အခန်းပေါင်း (၁၄) ခန်းပါဝင်သော အုတ်တိုက်ဆောက်အအုံကို တူးဖော်တွေ့ရှိခဲ့သည်။ ဤဒေသသည် (မွန်ဘာသာဖြင့်) ဝင်းက - (ငါးကျင်း) ဟုအမည်တွင်လျက် ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်မည်ဟုဆိုနိုင်၏။ တူးဖော်တွေ့ရှိရသော အဆောက်အအုံမှာလည်း (ပင်လယ်ဆိပ်ကမ်း) အကောက်အခွန်ရုံးတစ်ခုဖြစ်ဖွယ်ရှိ၏။ တွေ့ရှိရသော မြေထည်ပစ္စည်းများနှင့် အဆောက်အအုံပန္နက်ပုံစံတို့အရ ခရစ် ၆-ရာစုနှစ်ကိုညွှန်ပြသည်။ သာမိုလူမီနီဆင့် (Thermotuminescence) ဓါတ်ခွဲစမ်းသပ်မှုအဖြေအရ ဤမြို့ဟောင်းသည် လွန်ခဲ့သော အနှစ် (၄၇၆) နှစ်မှ (၃၁၃) နှစ် (အေဒီ -၁၄၉၉ မှ အေဒီ - ၁၆၆၂ ခုနှစ်) က မြို့တစ်မြို့ဖြစ်မည် ဟုသုံးသပ်တင်ပြသည် ***(သန်းထွန်း၊ ၁၉၈၁၊ ၄၈-၉)***။

ဤတင်ပြချက်တွင် မြို့ဟောင်း၏သက်တန်းကို ၁၅ ရာစု-၁၇ ရာစု ဖြစ်မည်ဟု ခန့်မှန်းသည်မှာ ဝင်းကကိုလား အယက်သည်မလားဆိုသည်မှာ ရှင်းရှင်းလင်းလင်းဖော်ပြခဲ့ခြင်းမရှိပေ။ ဝင်းကနှင့် အယက်သည်မတို့သည် ရွာတစ်ရွာ တည်းလို ဆက်စပ်နေသည်ဆိုသော်လည်း မြို့ဟောင်းကုန်း တစ်ခုစီတစ်သီးတစ်ခြားတည်နေကြခြင်းဖြစ်၏။ မြေပြင်ပကတိ အနေအထားအရ ဝင်းက မြို့ဟောင်း၏မြို့ကွက်က ပို၍ကြီးနိုင်ပါသည်။ အုတ်ကုန်း၊ အုတ်ထပ်ပေါ်များကြွယ်ဝမှုမှာလည်း ဝင်းကသည်အယက်သည်မထက် ပို၍သာသည်။ အခြားဆင်ခြင်စရာ အကြောင်းတစ်ခုမှာလည်း သထုံရာဇဝင်တွင် ကေလာသတောင်၏ အရှေ့တောင်ဘက်၌ သုဓမ္မဝတီ သုဝဏ္ဏဘူမိမြို့ရှိသည်၊ ထိုမြို့သည်တိုက်ကုလားနယ်တွင်း၌ ရှိသည်ဖြစ်၍ ၎င်းကိုလည်းတိုက်ကုလားမြို့ဟူ၍ ပင်ခေါ်ခဲ့ကြ သည်ဟုဆိုထားသည်ကိုလည်းတွေ့နိုင်ပေသည်။ ထိုမြို့ကြီးအရွယ်အစားကို " မြို့အနံကား အရှေ့အနောက်တာ (၅၀၀)၊ (၁၇၅၀ ကိုက်)၊ အလျားကား တောင်မြောက် တာ (၇၅၀) (၂၆၂၅ ကိုက်) ရှိ၏။" ဟုဖော်ပြထားသဖြင့် ဧရိယာမှာ ဧကပေါင်း (၉၅၀) ခန့်အရွယ်ရှိမည်။ အယက်သည်မရွာ တိုက်ကုလားမြို့နှင့် စာလျှင်အရွယ်အစားမှာအဆ (၉) ဆမျှ ပိုကြီးကြောင်းခန့်မှန်းနိုင်ပါသည်။ (ယခု ဤမြို့ဟောင်း၏ အနောက်ဘက်မြေပြန့်ပိုင်းမှာ ကမ်းပြိုပျက်စီးလျက်၊ မြို့ရိုးနှင့် ကျုံးဟောင်းနေရာတို့ကို

မတွေ့နိုင်တော့ပြီ။ တောင်ခြေရင်း၊ တောင်စောင်းနှင့် ဝင်းက၊ ကျောက်လုံးကြီးနှင့် တောင်ကြီးရွာအပိုင်းတို့ တွင်သာ ရှေးမြို့ဟောင်းအကြွင်း အကျန်တို့ကိုတွေ့နိုင်ပါသည်။) မြို့တည်သက္ကရာဇ်ကိုလည်း သာသနာနှစ် (၂၀၀-၂၀၉) ခုနှစ်ဟူ၍ ဖော်ပြသောကြောင့် (ဘီစီ ၃၃၆)ခရစ်မတိုင်မီအနှစ် ၃၀၀ မှ ၄၀၀ (၄ ရာစုနှစ်ဘီစီ) ကိုရည်ညွှန်းဖော်ပြလျက်ရှိ၏ (သထုံရာဇဝင်၊ စာ ၈၂)။ သို့ဖြစ်၍သိပ္ပံနည်းကျ တူးဖော်သုတေသနရလဒ် အဖြေသည် ပကတိမြေပြင်ပေါ်မှ အထောက်အထားနှင့်သော်လည်းကောင်း ရှေးဟောင်းအစဉ်အလာ အဆို အမိန့်များနှင့်သော်လည်းကောင်း ကွာဟချက်များရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

**ဝင်းကတူးဖော်မှု**

ဝင်းကတူးဖော်မှုအကြောင်းကို ဆက်ပါဦးမည်။ တက္ကသိုလ်ပညာပဒေသာ စာစောင် အတွဲ ၁၂၊ အပိုင်း ၁၊ ခုနှစ်တွင်အယက်သည်မ တိုက်ကုလားတူးဖော်မှုအပြီး ဝင်းကတူးဖော်မှုအကြောင်းကို ဆက်လက်ဖော်ပြသည့်အခါ ဦးမြင့်အောင်က-

> ဝင်းကရွာတွင် ယခုနှစ် (၁၉၇၆-ခုနှစ်) ဖော်ထုတ်တွေ့ရှိသော အုတ်အဆောက်အအုံကြီးသည် သုဝဏ္ဏဘူမိမြို့တော်ဟောင်းအတွင်း ဆောက်လုပ်ပြီးပြေခဲ့သည့် အဆောက်အအုံတစ်ခုခုဟုတ်မဟုတ် အတိအကျပြောနိုင်စရာ အထောက်အထားနည်းပါးသေးသည်။ သို့ရာစေယင်းကိုသရုပ် ဖော်တင်ပြရန်လိုအပ်၏ ဟူ၍တင်ပြထားသည်ကို တွေ့နိုင်ပါသည် ( မြင့်အောင်၊ ၂၀၀၇၊ ၁၂၇ )။
>
> ယခုတူးဖော်လိုက်သော အဆောက်အအုံသည် လေးထောင့်ပုံစံဖြစ်သည်။ အနားတစ်ဖက်သည် ၆၉ ပေအရှည်ရှိ၏။ အတွင်းလူနေမှုအပိုင်းကိုအခန်း ၁၄ ခန်းဖွဲ့စည်းဆောက်လုပ်သည်။ အလယ်ခန်းမကြီးတစ်ခုကို လေးဘက်လေးတန်မှ အခန်းအရွယ်အစား ၁၃ ခန်းက ပတ်ရံထားသည့် သဘောဖြစ်သည်။ ယင်းအခန်းများကို အလယ်ခန်းမကြီးနှင့် ဆက်သွယ်နိုင်ရန်တံခါးပေါက်များ ဖောက်လုပ်ပေးထားသည်။ တူးဖော်တွေ့ရှိရသော ယခုအဆောက်အအုံ၏ အရှေ့အနောက် အပိတ်အုတ်ရိုးကြီးများကို အနောက်ဘက်သို့ ၁၅ ဒီဂရီခန့် ဆောင်းဆောက်လုပ်ထားကြောင်းတွေ့ရသည်။

ဟူ၍ဆက်လက်ဖော်ပြသည်။ ဤအုတ်တိုက်အဆောက်အအုံ၏သက်တမ်းကို ခန့်မှန်းသည့်အခါတိကျ သက်တမ်း (Absolute Dating ) ဖော်ပြနိုင်သော ဓါတ်ခွဲခန်းအဖြေမျိုးမရရှိခဲ့ပေ။ အဆောက်အအုံပုံစံ (ပနက်) နိုင်းယှဉ်ခြင်း၊ မြေထည်ပစ္စည်းတွေ့ရှိမှုအရ နှိုင်းယှဉ်လေ့လာခြင်းများဖြင့်သာ ရက်စွဲကိုခန့်မှန်းထားကြောင်းတွေ့ရ၏ *(မြင့်အောင် ၂၀၀၇၊ ၁၂၈-၁၂၉)*။

၎င်းအစီရင်ခံစာမှာပင် အခန်းငယ်အသွယ်သွယ်ပါရှိသော အဆောက်အအုံပုံစံမျိုးကို ပုဂံမြို့ စိုးမင်းကြီးအုတ်ကျောင်းတွင်လည်းတွေ့ရကြောင်း၊ ယင်းအုတ်ကျောင်းတွင်အခန်းများ ကန့်သတ်ဆောက်လုပ်ထားသည့်သဘောမှာ ယခုဝင်းကရွာ၌တူးဖော်တွေ့ရှိရသော အဆောက်အအုံအတိုင်းပင်ဖြစ်ကြောင်း၊ သို့သော်ခြားနားချက်များ လည်းရှိသေးကြောင်း စိုးမင်းကြီးအုတ်ကျောင်းတွင်ပါရှိသော ဥပစာ (အပြင်) ခန်းမနှင့် ဂန္ဓကုဋီ (ဘုရားခန်း)မှာ မူလအဆောက်အအုံ၏ လေးထောင့်ပုံစံအတွင်း၌ ထည့်သွင်းထားခြင်းမဟုတ်ဘဲ အပြင်သို့သီးသန့်ထုတ်ဆောင်ထားခြင်းဖြစ်ကြောင်း၊ ထိုအချက်က ဝင်းက အဆောက်အအုံပုံစံနှင့်ခြားနားနေကြောင်း၊ သို့ဖြစ်၍ အသေးစိတ်ညှိနှိုင်းတိုက်ဆိုင်နိုင်အောင် အိန္ဒိယပြည် နာဂဇ္ဇုနကုဏ္ဍနှင့် မိဂဒါဝုန်အရပ်များရှိ ရှေးဟောင်းဝိဟာရ (ဘုန်းကြီးကျောင်း) များ၏ပန္နက်ပုံစံနှင့် တိုက်ဆိုင်စစ်ဆေးရကြောင်း၊ ၎င်းဝိဟာရတို့၏ ပဓာနကျသော ပန္နက်ပုံစံမှာ အရွယ်တူအခန်းများက အလယ်လေးထောင့် ကွက်လပ်

သို့မဟုတ် ခန်းမကြီးကို လေးဘက်လေးတန်မှ ဝန်းရံထားသည့်ပုံစံဖြစ်ကြောင်း တွေ့ရသည်ဟု ဆို၏ *(မြင့်အောင်၊ ၂၀၀၇၊ စာ ၁၂၈-၁၃၀)။*

သို့ဖြစ်၍အဆောက်အအုံ ပန္နက်ပုံစံချင်းတိုက်ဆိုင်စစ်ဆေးချက်အရ၊ ဝင်းက အမှတ် (၁) အုတ်တိုက်ဆောက်အအုံသည်၊ ပုဂံစိုးမင်းကြီးအုတ်ကျောင်းနှင့် ဆင်တူသော်လည်း မှုကွဲတစ်မျိုးစီဖြစ်နေ၏။ အိန္ဒိယနိုင်ငံဝိဟာရများနှင့် နှိုင်းယှဉ်ကြည့်သောအခါများစွာ ဆင်တူနေပုံကိုတွေ့ရ၏။ သို့သော် အခန်းဖွဲ့ပုံအရွယ်အစားမတူညီခြင်းကို တွေ့ရပြန်၏။ ထို့ကြောင့်ဘုန်းကြီး ကျောင်း (ဝိဟာရ) ဟူ၍ မဆိုနိုင်ပဲဖြစ်လက်ရှိ၏။ ထို့အပြင်တူးဖော်တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများ အနက် ဘာသာရေးဆိုင်ရာဝတ္ထုပစ္စည်းတစ်စုံတစ်ရာမျှ မတွေ့ရှိသောကြောင့် ယင်းကိုဘာသာရေးအဆောက်အအုံ (ဘုန်းကြီးကျောင်း) အဖြစ်ယူဆရန် အခက်အခဲရှိ၏။ အိန္ဒိယနိုင်ငံဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ပန္နက်ပုံစံချင်း တူညီမှုတစ်ခုတည်းအပေါ် မူတည်၍ ဝင်းကအဆောက်အအုံကို ဘာသာရေးနှင့် သက်ဆိုင် သည်ဟုပြောဆိုရန်အကြောင်း မလုံလောက်ချေ။ သို့ဖြစ်၍ ဝင်းကမှအဆောက်အအုံသည် ဘာသာရေးထက် လူမှုရေးနှင့် ပိုမိုသက်ဆိုင်မည်ဟုခန့်မှန်းကြောင်း ဖော်ပြထားပါသည် (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၃၀)။

ဝင်းကအမှတ် (၁) အဆောက်အအုံ (WK-1) ၏ခေတ်ကိုပိုင်းခြားသတ်မှတ်သည့်အခါ အယက်သည်မ အမှတ် (၁) (AYT-1) ကဲ့သို့ Absolute Date တိကျသက်တမ်းကို ပြောနိုင်သော (T.L Date) သာမိုလူမီနီဆင့် ရက်စွဲမျိုးမရခဲ့ပေ (နမူနာပစ္စည်းပေးပို့နိုင်ခြင်းမရှိပေ)။ အုတ်ချပ်အရွယ်အစားကို တိုက်ဆိုင်စစ်ဆေးသည့်အခါတွင်လည်း လက်ရေးစင်းအမှတ်အသားမျိုးတွေ့ရှိမှုအပေါ် အာရုံစိုက်ခြင်းမရှိခဲ့ပေ။ ဝင်းကရွာတစ်လျောက်မှာ အဆိုပါလက်ရေးစင်း အုတ်ချပ်ကို ရှောင်မလွတ်အောင်တွေ့ရမည် ဖြစ်သော်လည်း ထိုစဉ်ကလက်ရေးစင်းအုတ်ကို ရှေးမြို့ဟောင်းအထောက် အထားအဖြစ် အသုံးမပြုခဲ့သေးသည်မှာ နှိုင်းယှဉ်သက်တမ်း (Relative Dating) တွက်ချက်ရာ၌ လိုအပ်ချက်တစ်ရပ်လို ဖြစ်ခဲ့ပါသည်။ သို့ရာတွင် အုတ်ချပ်အရွယ်အစားကိုမူနှိုင်းယှဉ်သက်တမ်းအတွက် အသုံးပြုခဲ့ပါသည်။ ၎င်းအဆောက်အအုံ (WK-1) မှ အုတ်ချပ်သည် အလျား ၁ ပေ ၄ လက်မ၊ အနံ ၇ ၁/၂ လက်မနှင့် အထု ၂ ၁/၂ လက်မ အရွယ်အစားမျိုးဖြစ်၍ ပုဂံမြို့ဟောင်းရှိ အဆောက်အအုံအုတ်ချပ်အမျိုးအစားပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဗိသုကာသဘောအရ လည်း ပုဂံခေတ်ထက် နောက်မကျသောလက်ရာဖြစ်သည်ဟု ယူဆသော်ရနိုင်မည် ထင်ပါသည်ဟု ကောက်ချက်ချထား သည်ကို တွေ့ရပါသည်။ *(မြင့်အောင်၊ ၂၀၀၇၊ စာ ၁၃၁)။*

အကယ်၍သာထိုစဉ်က ဆရာဦးမြင့်အောင်သည် ဝင်းကအဆောက်အအုံများတွင် လက်ရေးစင်းအုတ်ချပ် တွေ့ရှိမှုကို ထည့်သွင်းအသုံးပြုနိုင်ခဲ့ပါလျှင် ယင်းအဆောက်အအုံတို့ကို ပုဂံခေတ်ဟုဆိုခြင်းထက်၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့ကဲ့သို့ ပျူခေတ်မြို့ဟောင်းတစ်ခုဖြစ်မည်ဟု ဆိုကောင်းဆိုနိုင်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဝင်းက (၁) အဆောက်အအုံမှ တူးဖော်တွေ့ရှိရသော မြေထည်ပစ္စည်းများမှာ ပျူယဉ်ကျေးမှုခေတ်ကို ညွှန်ပြနေကြောင်း တွေ့ရခြင်းကြောင့်ပင်ဖြစ်သည်။ ယင်းအချက်ကို ဦးမြင့်အောင်က

> ဝင်းကအဆောက်အအုံကြီးကို တူးဖော်လိုက်ရာတွင် မီးဖုတ်မြေနှင့် ကျောက်ပုတီးအချို့ ရေဖျန်းအိုးလည်တံများ၊ အခြေတွင်စလုတ်ပါသော ကုရားနူတ်သီးများ၊ တစ်ဆစ်ချိုးချက်ပြုတ်အိုးကွဲများ ရရှိခဲ့သည်။ ယင်းပုံစံများကို ဗိဿနိုးမြို့တူးဖော်မှုတွင်လည်းတွေ့ခဲ့ရ၏။ ထို့ကြောင့်ချုံ၍ စဉ်းစားရပါသော် ယခုဝင်းကရွာအုတ်တိုက်ကြီးသည် ပျူယဉ်ကျေးမှုနှင့် အဆက်အသွယ်ရှိကြောင်းယူနိုင်ပေသည်။

ဟူ၍တင်ပြထားကြောင်းတွေ့ရပါသည် (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၃၁)။

ယင်းတင်ပြချက်အပေါ်ထပ်မံ၍ "သုဝဏ္ဏဘူမိတူးဖော်မှုကိုခေတ်ခွဲခြင်း" ခေါင်းစဉ်ဖြင့် (၁၅.၉.၇၆) ရက်နေ့ ထုတ်လမ်းစဉ်သတင်း အတွဲ-၁၂၊ အမှတ်-၁၈ တွင်အသေးစိပ်ဖော်ပြသည့်အခါ ရှေးဟောင်းအိုးအင်ပုံစံများနှင့် ယင်းတို့ ပျံ့နှံ့ပုံကို လေ့လာခြင်းသည်သမိုင်းမတင်မီနှင့် သမိုင်းဝင်ရှေးဟောင်းဒေသများအား ခေတ်ခွဲခြားပေးခြင်းတစ်မျိုးပင်

ဖြစ်ကြောင်း၊ ဤနည်းကိုအသုံးပြု၍ မြန်မာနိုင်ငံရှိ ရှေးဟောင်းဒေသများကိုလေ့လာသောအခါ ယင်းတို့၏ပြည်တွင်းပြည်ပ ဆက်ဆံရေးအဖြာဖြာကိုသိရှိလာနိုင်မည် ဖြစ်ကြောင်း။ ဗိဿနိုးမြို့ဟောင်းတူးဖော်မှုများမှထိပ်ဝလုံး၍ နှုတ်ခမ်းအနီးပြန့်ကားသော အစွန်းထုတ်ထားသည့် ရေဖျန်းအိုးလည်တံများ၊ အိုးနှုတ်သီးများနှင့် ဘီးလိုမ့်ရာအခြယ်အလှယ်ပါရှိသည့် အိုးကွဲများတွေ့ရှိခဲ့ဖူးကြောင်း၊ ယင်းတို့အနက်အိုးနှုတ်သီးတို့၏ အခြေတွင်စလုတ်သဏ္ဍာန်ပြုလုပ်ထားကြောင်း၊ ဗိဿနိုးပျူမြို့ကို ကာဗွန် ၁၄၊ ခါတ်ခွဲနည်းဖြင့် ခရစ် ၁ ရာစုန ၄ ရာစုနှစ်သို့ပိုင်းခြားသတ်မှတ် ခေတ်ခွဲထားကြသည်ဖြစ်၍ ဤခေတ်ပိုင်းခြားမှုသည် ခနှစ်သေခြာပြီးဖြစ်သော အိန္ဒိယရှေးဟောင်းအိုး အင်ပုံစံတို့နှင့်လည်း တိုက်ဆိုင်ညီညွတ်လျက်ရှိကြောင်း၊ ယခုသုဝဏ္ဏဘူမိမြို့တော်တည်နေရာဟု မှတ်တမ်းပြုထားသော ဝင်းက ရွာတူးဖော်မှုမှ စလုတ်ပါရှိသော အိုးနှုတ်သီးနှစ်ခုနှင့် ရေဖျန်းအိုးလည်တံလေးခု ထပ်မံထူးဖော်ရရှိပြန်ကြောင်း၊ အိုးနှုတ်သီးနှစ်ခုအနက်တစ်ခုကို မြေနီသားအနုစားဖြင့်ပြုလုပ်ထား၍အခြားတစ်ခုကို အညိုရောင်မြေသားဖြင့် ပုံဖော်ထားရာ၊ ယင်းတို့အနက် တစ်ခုသည်ဗိဿနိုး အိုးနှုတ်သီးနှင့်ဆင်တူကြောင်း၊ ရေဖျန်းအိုးလည်တံလေးခုအနက် သုံးခုကို မြေသားအကောင်းစားဖြင့်ပြုလုပ်ထား၍ မြေနီတစ်ထပ်သုတ်လိမ်းကာ မီးဖုတ်ထားသည်ကို တွေ့ရပြီး၊ ကျန်တစ်ခုမှာမြေညိုသားဖြစ်ကြောင်း၊ နှုတ်ခမ်းအနီး၌ ပြန့်ကားသောအစွန်းများ ပါရှိလျက်အပွန်းအပဲ့များလည်းရှိကြောင်း၊ အိုးကိုယ်ထည်များမပါသော်လည်း ယင်းရေဖျန်းအိုး ပုံစံများကို တိုက်ဆိုင်စစ်ဆေးရန် မိမိတွင်အရန်သင့်ရှိထားသည်ဖြစ်၍ ယင်းတို့၏အကူအညီဖြင့် ဝင်းက ရေဖျန်းအိုးများ မည်သည့် ပုံသဏ္ဍာန်ရှိမည်ကို ဆက်စပ်ဖော်ထုတ်နိုင်ရုံမက နှိုင်းယှဉ်ခေတ်ခွဲမှုကိုပါ ပြုလုပ်နိုင်ကြောင်းဖော်ပြထားပါသည် (မြင့်အောင် ၂၀၀၇၊ စာ ၁၃၂-၁၃၄)။

**ရေဖျန်းအိုး**

အယက်သည်မ၊ ဝင်းကတူးဖော်မှုမှ နှုတ်ခမ်းအစွန်းပြန့်ကားသော ရေဖျန်းအိုးလည်တံများကို အိန္ဒိယပြည် မြောက်ပိုင်းဒေသပါဒေသတွင် တွေ့ရသည်။ ယင်းတို့ကိုခရစ်ရာစုအစောပိုင်းနှစ်များသို့ သတ်မှတ်ခေတ်ခွဲခြားထားသည်။ ဟတ္ထိနပူရ ခေါ်အိန္ဒိယမြောက်ပိုင်းမြို့ဟောင်းတစ်ခုတွင်လည်း ရေဖျန်းအိုးလည်တံကို တွေ့ရသေး၏။ ယင်းတို့သည် ခရစ်မတိုင်မီ ၂-ရာစုအစောပိုင်းရာစုကုန်သည် အထိအချိန်ကာလနှင့် သက်ဆိုင်သည်၊ အိန္ဒိယတောင်ပိုင်းတွင်လည်း ဒက္ခိဏကုန်းမြင့်၊ ဖြဟ္မပူရီမြို့ဟောင်း တူးဖော်မှုတွင် သာတဝါဟနခေတ်နှင့် သက်ဆိုင်သော မြေလွှာများမှ ရေဖျန်းအိုး ပုံစံများကိုတွေ့ရပြီး ၄င်းခေတ်သည်ခရစ်နှစ် ၁၀၆ ခုနှစ်ခန့်မှ ၁၃၀ အထိဖြစ်သည်ဟုဆို၏ (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၃၄-၅)။ ယင်းရေဖျန်းအိုးများမှာ ဒက္ခိဏကုန်းပြင်မြင့်တစ်နေရာရှိ ရန်းမတလ်မြို့ဟောင်းနှင့် မြန်မာပြည် ဗိဿနိုး မြို့ဟောင်းတို့၌ တွေ့ရသော ရေဖျန်းအိုးများနှင့်တူညီကြောင်း သိရသည်ဟုဆိုပါသည်။ (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၃၄-၁၃၆)။

သမိုင်းရေးအမြင်အရကြည့်လျှင် ရေဖျန်းအိုးများသည် အိန္ဒိယ၌အများအပြားတွေ့ရသည်မှန်စေကာမူ အခြား နိုင်ငံများသို့လည်း မရောက်ဘဲနေခြင်းမဟုတ်နိုင်၊ ခရစ်နှစ်အစောပိုင်းကာလများက ပိုက်ကွန်သဖွယ်ဖြန့်ကြက် ဖြစ်ထွန်းခဲ့သော အိန္ဒိယတိုက်ငယ်နှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ကုန်စည်ကူးသန်းသွားလာမှု အရပ်ရပ်ကိုကြည့်လျှင် ဤရေဖျန်းအိုးပုံစံပျံ့နှံ့လာပုံသဘောသရုပ်ပေါ်နိုင်မည်။ ယခုဗိဿနိုးမြို့ဟောင်းနှင့် ဝင်းကရွာ (မြို့ဟောင်း) တို့မှ ရေဖျန်းအိုးလည်တံများက ခရစ်နှစ်အစောပိုင်းရာစုနှစ်များအတွင်း အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ အဆက်အဆံရှိကြပုံကို ဖော်ထုတ်နိုင်သည်။ ထိုသို့ခရစ်ရာစုအစောပိုင်းဆိုင်ရာ အိန္ဒိယသမိုင်းဝင်ဒေသများနှင့် အဆက်သွယ်ရှိခဲ့ပုံကို ခန့်မှန်းနိုင်ခြင်း အားဖြင့် မွန်ပြည်နယ် သုဝဏ္ဏဘူမိတည်ရာဟု သတ်မှတ်ထားကြသော ဝင်းကရွာတူးဖော်မှု အဆောက်အအုံကြီးကိုလည်း ခနှစ်ပိုင်းခြားလာနိုင်ပေသည်။ ထို့ကြောင့်ခရစ်နှစ်အစောပိုင်း အိန္ဒိယအိုးအင်များနှင့် ပုံစံတူညီမှုအရ ဝင်းက အဆောက်အအုံသည် ရှေးအကျဆုံးခရစ်ရာစုအစောပိုင်းများနှင့် သက်ဆိုင်သည်ဟုမယုတ်မလွန် ဆိုနိုင်ပေတော့သည်ဟူ၍ မှတ်ချက်ချပေးထားခဲ့ပါသည် (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၃၆-၁၃၇)။

မြေလွှာခွဲ (Stratification) အားဖြင့် ဝင်းကအမှတ် (၁)ကုန်းတွင်မြေလွှာ (၄) ခုတွေ့ရသည်ဟုဆို၏။ ပထမမြေလွှာ (အပေါ်ယံ) သည်အထူ ၃ ပေ ၆ လက်မရှိပြီး ၎င်းကို (က) နှင့် (ခ) ပိုင်းခွဲခြားထား၏။ အပိုင်း (က) (Layer 1A) သည် အထူ ၁ ပေခန့်အညိုရောင်သစ်ဆွေးမြေလွှာဖြစ်၏။ အပိုင်း (ခ) (Layer 1B) သည် အထူ ၂ ပေ ၆ လက်မရှိသော မြေနီ၊ မြေပွမျိုးဖြစ်သည်။ ၎င်းအောက်မှ ဒုတိယမြေလွှာ (Layer 2) သည် သဲဆန်သောမြေအမျိုးအစားဖြစ်၍ ၎င်းကိုဖို့မြေအဖြစ်အခန်းတွင်းရော အခန်းပြင်မှာပါ ဖြည့်သိပ်ထားကြောင်းတွေ့ရသည်။ ၎င်းအောက်မှ တတိယမြေလွှာ (Layer 3) သည် လည်းဖို့မြေပင်ဖြစ်သည်။ ၎င်းသည်အထူ ၃ ပေ ၄ လက်မမျှရှိ၍ အုတ်ကြမ်းခင်းရန် ခိုင်ခန့်သောအမာခံ မြေသားထုဖြစ်သည်။ ၎င်းအောက်မှ စတုတ္ထမြေလွှာ (Layer 4) သည် အဝါရောင်သန်းသော မြေညိုအောက်ခံမြေသားဖြစ်သည်။ ကျောက်တုံးကြီးများ ရံဖန်ရံခါရောနှောလျက်တွေ့ရသည်။ ၎င်းမြေလွှာကို အနက် ၂ ပေ ၉ လက်မှအထိတူးဖော်ခဲ့ကြောင်းသိရပါသည် (Myint Aung, 1999, pp. 27-28)။

ယခုဖော်ပြပြီးသမျှ ဝင်းက၊ အယက်သည်မ(၁၉၇၅-၇၈) တူးဖော်မှုမှတ်တမ်းများကိုပြန်လည် သုံးသပ်ကြည့်လျှင် သုဝဏ္ဏဘူမိ အထောက်အထားဟုဆိုသော မြို့ရိုးကုန်းတစ်ခု (AYT-1) သည် ခရစ် (၁၅-၁၇) ရာစုနှစ်၊ လွန်ခဲ့သော အနှစ် (၄၇၆ မှ ၃၁၃) ခန့်လောက်ကမြို့ရိုးဟူ၍သာသိရသည်။ သို့ဖြစ်၍ မတူးမီက ခန့်မှန်းချက်နှင့် အထင်နှင့် အမြင်ပါစင်အောင်လွဲနေပါသည်။ ယင်းမြို့ရိုးကို သုဝဏ္ဏဘူမိခေတ် အထောက်အထားတစ်ရပ်ဖြစ်မည်ဟု မဆိုနိုင်တော့ပေ။ သို့ဖြစ်၍ဝင်းကတွင် တစ်ဖန်ရှာဖွေတူးဖော်ခဲ့ရပြန်၏။ ဝင်းကအုတ်တိုက်အဆောက်အအုံ (WK-1) သည် ပုဂံခေတ် ထက်နောက်ကျနိုင်ကြောင်း ၎င်း၏ ပန္နက်ပုံစံအရည့္ဌန်ပြသည်။ သို့ဖြစ်၍ဤအထောက်အထားမှာ အယက်သည်မထက်ပို၍ အားကိုးအားထား ပြုစရာပိုကောင်းနေ၏။ ရှေးပစ္စည်းနိုင်းယှဉ်နည်းအရ ပုတီးစေ့နှင့် မြေကရားနှုတ်သီး၊ ရေဖျန်းအိုး လည်တံများက ဗိဿနိုးပျူယဉ်ကျေးမှုနှင့် ဆက်စပ်မည်ဟုဆိုနိုင်သဖြင့် သုဝဏ္ဏဘူမိခေတ်ဘောင်အတွင်း တစ်စိပ် တစ်ပိုင်းပါဝင်နေသေးသည်ဟုဆိုရမည်။ သို့သော်တိကျသက်တမ်း (Absolute Date) ကိုမရသည့်အတွက် ထိုသို့ပြောဆို ရန်မှာလည်း အားသိပ်မရှိလှပေ။ ထို့ကြောင့်ဝင်းကကို ဆက်လက်တူးဖော်ကြည့်ရန်လိုအပ်သည်။ နောင်နှစ်များ (၁၉၇၇-၇၈ ခုနှစ်) တွင်ဝင်းက အမှတ် ၂၊ ၃၊ ၄၊ ၅၊ ၆ (WK 2-6) ကိုဆက်လက်၍ ထူးဖော်ခဲ့ကြောင်းသိရပါသည်။

ဤတွင်ဝင်းကရွာ၏ မြေပြင်အနေအထားကို စာဖတ်သူတို့ထင်သာမြင်သာရှိစေရန် အနည်းငယ်ရှင်းလင်း တင်ပြရန်လိုအပ်မည်ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မြင်တွေ့နေကျ မြို့ဟောင်းတွေလို မြေညီမြေပြန့်မဟုတ်ခြင်း၊ သစ်ပင်သစ်တောထူထပ်ခြင်း၊ ပင်လယ်ကမ်းစပ်ဖြစ်ခြင်းစသော အကြောင်းများကြောင့်ဖြစ်ပါသည်။

ဝင်းကရွာသည်အမြင့်ပေ ၁၀၈၁ ပေခန့်ရှိသော ကေလာသတောင်ခြေရင်းတွင် တည်နေသဖြင့် မြေပြန့်နေရာ မဟုတ်ပေ။ တောင်ခြေအနောက်ဘက်လယ်ကွင်းပြင်မှာ မိုးအခါရေလွှမ်းလွင်ပြင်ဖြစ်လျက်ရှိ၏။ တောင်ခြေရင်းကို ပတ်လျက်သွားသော လှည်းလမ်း (ရှေးဟောင်းလမ်း) တစ်လျှောက် လူနေအိမ်ခြေများဖြင့် ရွာတည်ထားခြင်းဖြစ်သည်။ အိမ်ခြေအများစုမှာ ရှေးမြို့ဟောင်းတည်ရှိရာတောင်စောင်း၊ တောင်နံရံကိုတူးဖြို့မြေညှိပြီး တည်ထောင်နေထိုင်ကြလျက်ရှိ၏။ မိုးကောင်းသောဒေသဖြစ်၍ တောင်ကုန်းပေါ်တွင် သစ်တော၊ သစ်ပင်များ ထူထပ်စွာဖုံးအုပ်လျက်နေသည်။ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းသော ဒေသမှ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းအတွင်းဒေသကဲ့သို့ ခြုံပုပ်နှင့် သစ်ပင်ကြဲကြဲသာ ပေါက်သော ဒေသမျိုးမဟုတ်ပေ။ မြေပြန့်ဟူ၍လည်း မရှိသလောက်နည်းပါသည်။ ဤအနေ အထားတွင် ကွင်းဆင်းသုတေသနပြုသူတစ်ဦးသည် ကျောက်တုံး၊ ကျောက်ခဲများ၊ လျှိုမြောင်များ၊ စမ်းချောင်းတို ကလေးများကို အသေအချာ၊ ဂရုတစိုက်လေ့လာကြည့်လျှင် သဘာဝကိုလူတို့ပြုပြင်ထားသည့် သဘောလက္ခဏာ ဖြစ်သော အုတ်ကျိုး၊ အုတ်ပဲ့များ၊ ဂဝံကျောက်တုံးများကို မြင်နိုင်ပါသည်။ ၎င်းလျှိုမြောင်း၊ စမ်းချောင်းများအကြားကုန်းကမူ မို့မို့များကိုလည်း ဟိုတစ်စု၊ သည်တစ်စုတွေ့နိုင်ပါသည်။ ရွာလမ်းနှင့် လှည်းလမ်းကြောင်းတစ်လျှောက်တွင်လည်း မြို့ရိုးကုန်း သဏ္ဍာန်မြေပြင်လက္ခဏာကို ဂရုတစိုက်ကြည့်လျှင် မြင်ရ၏။ အထူးသဖြင့်ဝင်းကရွာမှ ကေလာသတောင် ပေါ်စေတီသို့တက်သွားသော ဘုရားတက်လမ်းသည် ရှေးမြို့ရိုးကြီးတစ်ခုအသွင်သဏ္ဍာန်ကဲ့သို့ ကျောက်တုံးစီကုန်း

တန်းကြီးတစ်ခုဖြစ်ကြောင်းတွေ့နိုင်ပါသည်။ တောင်ခြေရင်းမြေနိမ့်ပိုင်းတွင် ထိုကုန်းတန်း၏အခြေ၊ အုတ်ရိုးအုတ်ထပ်များကို ဆက်စပ်လျက်တွေ့နိုင်သည်။ ထို့ကြောင့် ဝင်းကရွာသည် အရက်သည်မထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းနေပါသည်။ သုဝဏ္ဏဘူမိမြို့ဟောင်းကုန်းနေရာ တစ်ခုဖြစ်ဖွယ်ရှိကြောင်း ခန့်မှန်းရ၏။

အထူးသဖြင့် ဝင်းကအမှတ် (၁) (WK-1) တည်ရှိရာနေရာသည် စိတ်ဝင်စားဖွယ်ပိုကောင်း၏။ ထိုကုန်းသည် ဝင်းကရွာအလယ်ပိုင်း၌ရှိ၏။ ဝင်းကရွာကိုမြောက်ဘက်က မြသိန်းတန်တောင် (ကျိုက်တလန် စေတီတောင်၊ အမြင့် ၂၅၀ ပေခန့်) နှင့် တောင်ဘက်မြသပိတ်တောင် (အမြင့်ပေ ၅၀၀ ခန့်) တို့က နှစ်ဘက် ညှပ်လျက်ဝန်းရံထားပါသည်။ မြသိန်းတန်တောင် (အယက်သည်မရွာတောင်ပိုင်းနှင့် ဝင်းကရွာ မြောက်ပိုင်းအစပ်) မှ အနောက်ဘက်သို့တိုးထွက်နေသော အောင်ပင်လယ်ခေါ် ကျောက်တန်းတစ်ခုရှိ၏။ မြသပိတ်တောင်မှလည်း အနောက်ဘက် (လယ်ကွင်းဆီ)သို့ တိုးထွက်နေသော ရွှေဒီပြန်ခေါ်ကျောက်တန်းတစ်ခုရှိ၏။ ထိုနေရာကို ကျောက်လုံးကြီးအစုဟုခေါ်ပါသည်။ ၎င်းရွှေဒီပြန်နှင့် အောင်ပင်လယ်ကျောက်တန်းတို့သည် ဝင်းကရွာအားနှစ်ဘက်ညှပ်လျက် မြို့ရိုးအရံအထားသဏ္ဌာန်ဝန်းရံ နေပုံကို တွေ့ရမည်။ ၎င်းကျောက်တန်းနှစ်ခုအကြား အကွာအဝေးမှာ ခရီး ၂-မိုင်ခန့်ရှိပါမည်။ ထိုခရီးအတွင်းက တောင်ခြေရင်း ကုန်းစောင်းမှာ ဝင်းကရွာကိုတည်ထားခြင်းဖြစ်၍ ဝင်းကသည် (သုဝဏ္ဏဘူမိ) မြို့ဟောင်းအတွင်းကျရောက်လျက် ရှိကြောင်းခန့်မှန်းရ၏။ အမှတ် (၁) ကုန်း (WK-1) တည်ရာ ရွာလယ်ကုန်းသည် ဤမြို့ဟောင်း၏အလယ်ဗဟိုကျကျ နေရာ၌ရှိပါသည်။ မြို့တည်လျှင်နန်းတော်ကုန်းကို ဗဟိုကျကျနေရာ၌ တည်လေ့ရှိသဖြင့် ၎င်းဝင်းက (၁)၊ (WK-1) သည်နန်းတော်ရာကုန်းအနီး နေရာတစ်ခုဖြစ်မည်ဟုဆိုချင်ပါသည်။ ၁၈၈၄-ခုနှစ်က ဒေါက်တာအီးဖော်ချမ်းမား သွား ရောက်ခဲ့သည့် ခရီးစဉ်ကတွေ့ရသည်ဆိုသော ရှေးမြို့ဟောင်းနေရာဆိုသည်မှာ ယခုဖော်ပြသည့်ဝင်းကရွာ အပိုင်းပင်ဖြစ် ပါသည်။

ဝင်းကရွာလမ်း (ယခင်လှည်းလမ်း) သည်တောင်ခြေရင်းကုန်းစောင်းအတိုင်း ကေလာသတောင်ကို ပတ်သွား သောလမ်းဖြစ်သည်။ ရာသီမရွေးသွားလာနိုင်ရန် ရေလွှမ်းသည့်လယ်ကွင်းများကို ရှောင်လျက်ဖေါက်လုပ်ထားသော ရှေးဟောင်းလမ်းဖြစ်၍ မြောက်ဘက်တွင်တိုက်ကုလားမြို့ဟောင်းဆီသို့ ဦးတည်လျက်ဖောက်ထား၏။ ထိုလမ်းသည် တောင်ဘက်တွင် ကင်းရွာမှတစ်ဆင့်တောင်စွန်းနှင့် ကော့ကတွဒ်ရွာများ နှင့်ဆက်၍ ဇုတ်သုတ်အထိရောက်နိုင်သည်။ ယခုရွှေဝါရောင်အပိုင်း (၃) ဗျူဟာလမ်းမတစ်ခုအဖြစ် ကျောက်ခင်း၊ ကတ္တရာလမ်းဖြစ်နေပါသည်။ ၎င်းကတ္တရာလမ်း မဖောက်မီ ၂၀၀၀ ပြည့်နှစ်များကလမ်းကြမ်း ဖော်စဉ်အခါ၌ မြေတူးစက်ဖြင့်မြေညှိရသည်။ ထိုအခါမြေတူးစက်ထိုးမိ၍ အုတ်ကုန်းဟောင်းများ၊ မြို့ရိုး အစိပ်အပိုင်းများထွက်ပေါ်လာခြင်းရှိခဲ့ပါသည်။ အထူးသဖြင့် ဝင်းကအမှတ် (၁) (WK-1) ပတ်ဝန်းကျင်မှာ ရှေးပစ္စည်းအထောက်အထားများ ပေါ်ထွက်လာကြောင်း တွေ့မြင်သိရှိရပါသည်။

ဂဝံကျောက်ဖြင့် ဘုရားထီးတော် အစိပ်အပိုင်းများ၊ ဂဝံကျောက်ပြားပေါ်တွင် ဖောင်းကြွရုပ်ထုထားသောလူရုပ်၊ ခြင်္သေ့ဦးခေါင်းရုပ်များပေါ်ထွက်လာခဲ့ပါသည်။ စာမရီ (တိုးကောင်) သားကောင်ရုပ်တစ်ခုကိုလည်းတွေ့ရသည်။ မြေမီးဖုတ်ဒေါင်းရုပ်၊ ပန်းတန်းပုံ အကွက်ဖော်ရုပ်ကြွချပ်ရေခြောက်ခု၊ မြေမီးဖုတ် ၎က်ရုပ်ငယ်များ စသည်တို့ကိုလည်း တွေ့ရပါသည်။ ၎င်းပစ္စည်းများမှာ စနစ်တကျတူးဖော်တွေ့ရှိရခြင်းမဟုတ်၊ မြေတူးစက်တူးဖော်ခဲ့ခြင်းဖြစ်၍ သက်ဆိုင်ရာ ရွာသားများက ကောက်ကူခဲ့ခြင်းဖြစ်၍ သက်ဆိုင်ရာရွာသားများက သိမ်းဆည်းထားသည့် ပစ္စည်းများသာဖြစ်ကြ၏။ ၎င်းပစ္စည်းများတွေ့ရသည့် နေရာတို့မှာ ယခုအစီရင်ခံနေသော ဝင်းကအမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့၏အနီးပတ်ဝန်းကျင် နေရာပင်ဖြစ်ကြပါသည်။ ယင်းအချက်က ဝင်းကရွာတွင် စနစ်တကျတူးဖော်သုတေသနထပ်မံပြုလုပ်ကြရန် လိုအပ် ကြောင်းကိုညွှန်ပြနေပါသည်။

ဝင်းကတူးဖော်မှု (၁၉၇၆-၇၇) အကြောင်းကိုဆက်လက်တင်ပြပါဦးမည်။ ရှေးဦးစွာဝင်းကအမှတ် (၁) နှင့် (၂) (WK-1,2) တို့တည်ရာ မြေပြင်အနေအထားကို ဖော်ပြမည်။ ၎င်းနေရာသည်ဝင်းကရွာ အလယ်ပိုင်းမှ

တောင်ကုန်းငယ်တစ်ခုပေါ်တွင်ရှိ၏။ ထိုတောင်ကုန်းသည် အမြင့်ပေ ၇၀ ခန့်ရှိသည်။ ကုန်းအကျယ်ကိုက် ၅၀၀ (ပေ ၁၅၀၀) ခန့်မြေပြင်မှာ ဝင်းကရွာလမ်းကြား (လှည်းလမ်း) ကိုပိုင်းပတ်ဖောက်လုပ်ထား၏။ ကုန်းစောင်း၊ ကုန်းပေါ်နှင့် လမ်းဘေးနှစ်ဖက်တို့တွင် ကျေးရွာလူနေအိမ်များတည်ထားသည်။ အဓိကကျသော လှည်းလမ်းကြောင်းမှာ အနောက်ဘက် လယ်ကွင်းဆီသို့ ဆင်းသွားသောလမ်းဖြစ်သည်။ စင်စစ်ထိုလှည်းလမ်းသည် ရှေးမြို့ရိုးတစ်ပိုင်းပေါ်ကို အလျားလိုက်နင်းပြီး ဖောက်လုပ်ထားခြင်းဖြစ်ကြောင်းတွေ့ခဲ့ရပါသည်။ ရွာသူကြီးဦးအောင်စိန် (၁၉၇၅-၇၈) အိမ် (ရှေးဟောင်းသုတေသနတူး ဖော်မှုအဖွဲ့ယာယီစခန်းချရာနေရာ) တည်ရှိရာလမ်းပင်ဖြစ်၏။ ၎င်းဘေးမြို့ရိုးအောက်ခြေတွင် အုတ်ရိုးတန်းနှစ်မြုပ်လျက်၊ ၎င်းအုတ်ရိုးပေါ်က လူသွားလမ်းနှင့် လှည်းလမ်းကိုဖော်လုပ်ထားခြင်းဖြစ်၍ ရွာသားများက အုတ်လမ်းဟုခေါ်ကြသည်။ အချို့ကလည်းလေ့ဆိပ် (သင်္ဘောဆိပ်)လမ်းဟု ခေါ်ကြပါသေးသည်။ ယခုတင်ပြမည့်အမှတ် ၁၊ ၂ (WK-1-2) တူးဖော်မှုကုန်းသည် ၎င်းအုတ်လမ်း (ရွာလမ်း)၏ တောင်ဘက်တွင်ကပ်လျက်နေသော တောင်ကုန်းပင်ဖြစ်ပါသည်။

တောင်ကုန်းပေါ်တွင် ရေမကျောက်တုံးကြီးများ ထောင်လျက်တစ်မျိုး၊ လှဲလျက်တစ်ဖုံတစ်တန်းစီလျက်ရှိပုံ ကိုလည်းတွေ့နိုင်သည်။ ကျောက်တုံးကြီးများအကြားအုတ်ကုန်း၊ အုတ်ထပ်များကိုလည်း တွေ့နိုင်ပါသည်။ (လက်ရေးစင်း အမှတ်အသားပါအုတ်များဖြစ်ကြ၏)။ ထိုကုန်းသည် မြောက်ဘက်နှင့် အရှေ့ဘက်တွင် မတ်စောက်၍တောင်ဘက်နှင့် အနောက်ဘက်ဆီသို့ ခပ်ပြေပြေနိမ့်လျောလျက်ရှိသည်။ ထိုနောက်ကုန်းအစပ်လှည်းလမ်း (ရွာပတ်လမ်း)ဆီသို့ ရောက်ပြီး လယ်ကွင်းစပ်တွင် အဆုံးသတ်သည်။ ကုန်းထိပ်အမြင့်ဆုံးနေရာမှာ ဝင်းကအမှတ် (၁) (WK-1) ကိုတွေ့ရသည်။ ထိုကုန်းကိုတူးဖော်သည့်အခါ ပေါ်ထွက်လာသော ၆၉ ပေစတုရန်းပုံ အုတ်တိုက်အဆောက်အအုံမှ အခန်း (၁၄) ခန်းတို့သည် အရွယ်အစားမတူညီကွဲပြားဟုမဆိုနိုင်ပေ။ တူးဖော်တွေ့ရှိရသော ပစ္စည်းများမှာလည်းဘာသာရေးနှင့် မသက်ဆိုင်ကြောင်းသိရသည်။ (မြေသပိတ်၊ ဆီမီးခွက်စသည်များမပါ)။ လူမှုရေးအသုံးအဆောင်ပစ္စည်းများသာ ဖြစ်သည်။ ဝင်းက(တိုက်ကုလား)မှာ ပင်လယ်ကမ်းစပ်၌ရှိ၍ ရှေးအခါကပင် ဆိပ်ကမ်းတစ်ခုဖြစ်နိုင်သည်။ ထိုအချက်ကို ထောက်ခံသော ဆိပ်ကမ်း (သင်္ဘောဆိပ်) အုတ်စီလမ်းကို လည်းအနီးကပ်လျက်တွေ့ရသည်။ တောင်ကုန်းပေါ်တွင် တည်ရှိ၍ ပင်လယ်ကိုအပေါ်ဆီးမြင်ရသော အနေအထားမျိုးလည်းရှိသည်။ ထို့ကြောင့် ဆိပ်ကမ်းအကောက်အခွန်ရုံးဟောင်း တစ်ခုဖြစ်မည်ဟု ခန့်မှန်းရခြင်းဖြစ်ပါသည်။

ဝင်းကအမှတ် (၁) အဆောက်အအုံ၏သဘောသဘာဝကို ပိုမိုသိရှိနိုင်ရန် ၎င်းအနီး အရှေ့တောင်ဘက် ၁၄ ပေခန့်အကွာရှိ အုတ်ကုန်းငယ်တစ်ခုကို ဆက်လက်တူးဖော်ခဲ့သည်။ ထိုကုန်းမှာ ဝင်းကအမှတ် (၂)၊ (WK-2) ပင်ဖြစ်သည်။ အခြားလူမှုရေးအဆောက်အအုံတစ်ခုဖြစ်မည်ဟု ခန့်မှန်းရသည်ဟုဆို၏ (Myint Aung, 1999, 28)။

ဝင်းကအမှတ် (၂) သည်တောင်နှင့် မြောက်အလျား ၅၂ ပေ ၁၀ လက်မနှင့် အနံအရှေ့နှင့် အနောက် ၃၆ ပေရှိသော အုတ်တိုက်အဆောက်အအုံဖြစ်သည်။ အရွယ်အစားမတူညီသော အခန်း (၈) ခန်းဖြင့်ဖွဲ့စည်းထားသည်။ အရှေ့ပိုင်းတစ်ခြမ်း၌အခန်းအမှတ် ၆၊ ၇၊ ၈ တို့ရှိကြ၏။ အနောက်ပိုင်းတစ်ခြမ်း၌ အခန်းအမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅ တို့ပါဝင်သည်။ ထိုနှစ်ခြမ်းကိုပိုင်းခြားသော နံရံသည်အလယ်ဗဟိုမကျပဲ အရှေ့ဘက်သို့ပို၍ ကပ်နေသည်။ အနောက်ခြမ်း မြောက်ဘက်က အခန်း ၁၊ ၂ တို့ကိုနံရံတူ တစ်တန်းပိုင်းထားသေးသည် (ပန္နက်ပုံစံကိုရှုပါ)။ ဤကဲ့သို့အရွယ်အစားမတူ သည့် အခန်းများနှင့် အစိတ်အပိုင်းမတူကွဲပြားပုံတို့အရ လူမှုရေးအဆောက်အအုံသာ ဖြစ်နိုင်ကြောင်းတွေ့ရသည် ဟုဆိုပါသည်။ အသုံးပြုသောအုတ်ချပ်အရွယ်အစားမှာ အလျား ၁ ပေ ၃ လက်မ၊ အနံ ၇ လက်မနှင့် အထူ ၂ ၁/၂ လက်မအရွယ်ရှိသည်။ (ထိုအုတ်ချပ်များတွင် လက်ရေးစင်းအမှတ်အသားပါအုတ်ချပ် အချို့ကိုရှာဖွေတွေ့ရှိပါသည်)။

မြေလွှာဗေဒစစ်ဆေးချက်အရ မြေလွှာ (၅) လွှာတွေ့ရသည်။ ပထမ (အပေါ်ယံ) မြေလွှာအညိုရောင် သစ်ဆွေးမြေသည် ၁၀ လက်မထူ၏။ ခပ်ဖွယ်ဖွယ်မြေမျိုးဖြစ်သည်။ ကုန်းအခြေအရှေ့နှင့် အနောက်သို့ဆင်ခြေလျော စောင်းနေသဖြင့် ရေတိုက်စားမှုရှိသည်။ အောက်ထပ်က ဒုတိယမြေလွှာသည် အုတ်ကျိုးများရောလျက်မြေမာဖြစ်သည်။

နှစ်ပေခန့်ထူပါသည်။ ၎င်းသည်တတိယအကြိမ် တည်ဆောက်သည့်မြေလွှာဖြစ်သည်။ အောက်တစ်ထပ်တတိယမြေလွှာသည် ၂ ပေ ၇ လက်မအထူရှိ၍ ဖို့မြေ၊ တတိယမြေမာဖြစ်သည်။ စတုတ္ထမြေလွှာသည် အထူ ၄ ပေ ၇ လက်မရှိသည်။ ထိုမြေလွှာကြမ်းခင်းသည် အဆောက်အအုံ၏ ဒုတိယအကြိမ်တည်ဆောက်သော ယဉ်ကျေးမှုမြေလွှာဖြစ်မည်ဟု ယူဆရ၏။ အောက်ဆုံးပဥ္စမမြေလွှာသည် သဲနှင့်မြေရောလျက်ဖို့ထားသော ပထမအကြိမ်တည်ဆောက်မှုကြမ်းခင်း ဖြစ်ဖွယ်ရှိကြောင်းသိရပါသည်။ ၎င်းအောက်ဆုံးအလွှာမှာ အုတ်ချပ်အရွယ်အစားပို၍ကြီးမားကြောင်းကိုလည်း တွေ့ရသည်။ ထို့ကြောင့် ဝင်းကအမှတ် (၂) အုတ်တိုက်အဆောက်အအုံကို ယဉ်ကျေးမှုခေတ်သုံးခေတ်ထပ်ဆင့်တည်ဆောက်ခဲ့မည်ဟု ခန့်မှန်းသည်။ ထိုအချက်ကို ထောက်ခံသောအိုးခြမ်းကွဲအထောက်အထားကိုလည်း တွေ့ရသည်ဟုဆိုပါသည် (Myint Aung, 1999, 29-30)။

ဖော်ပြပြီးသမျှဝင်းကအမှတ် ၂-အဆောက်အအုံ၏ အနေအထားကိုသုံးသပ်လျှင် အမှတ် (၅) မြေလွှာတွင်တွေ့ရသော ပထမခေတ်ပေါ်တွင် ထပ်မံမြေအုတ်မြစ်ချပြီး အမှတ် (၄) မြေလွှာ ဒုတိယခေတ်ကိုတည်သည်။ ၎င်းအဆောက်အအုံပျက်စီးသွားပြီးနောက်ကျမှ အမှတ် (၃) မြေလွှာပေါ်တွင် တတိယခေတ်အဆောက်အအုံကိုထပ်ဆင့်တည်ပြန်သည်။ ၎င်းတို့အားလုံးအမှတ် (၂) မြေလွှာပေါ်တွင် နောက်ဆုံးအကြိမ်ပြိုကျ ပျက်စီးသွားခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။ ထို့ကြောင့်ဝင်းက (၂) (WK-2) သည်ခေတ်ကြီးသုံးခေတ်ဆက်တိုက်တည်ထားခဲ့ခြင်းဖြစ်၍ ဝင်းက (၁) (WK-1) နှင့်ယဉ်ကျေးမှုမြေလွှာ ဆင့်ထပ်ပုံချင်း မတူညီပုံကိုတွေ့ရသည်။ ဝင်းက (၁) (WK-1) သည် ခေတ်တစ်ခေတ်တည်းကိုသာ ကိုယ်စားပြုထားသည်ဟုဆိုလိုပါသည်။

ဝင်းက (၁) နှင့် ဝင်းက (၂) ကိုဆက်စပ်မှုကိုသိရပြီးနောက် ဝင်းက (၂) ကိုခေတ် ပိုင်းခြားသတ်မှတ်ရပေဦးမည်။ ၎င်းဝင်းက (၂) အုတ်ကုန်းတူးဖော်မှု ပထမအပေါ်ယံမြေလွှာ (အညိုရောင် သစ်ဆွေးမြေ) မှ အစိမ်းရောင် (စဥ့်သုတ်) ပုဂံလုံးကိုတွေ့ရသည် (Myint Aung, 1999, 37)။ ဤစဥ့်ထည်ပစ္စည်းတွေ့ရှိမှု အထောက်အထားအရ ဝင်းက (၂) အပေါ်ယံမြေလွှာသည် တတိယယဉ်ကျေးမှုခေတ်အတွင်း အကြုံးဝင်လျက်ရှိ၏။ တစ်နည်းဆိုရသော် အရက်သည်မ (၁) (AYT.1) နှင့် ခေတ်ပြိုင်ဖြစ်သည်။ ထိုအချက်ကို အဖြူရောင်စဥ့်သုတ်မြေထည်၏လည်ပင်းတွင် အစိမ်းရောင်စဥ့်မျဉ်း ကြောင်းတစ်ထပ်ကို ထပ်ဆင့်ခြယ်လှယ်ထားသော အိုးခြမ်းကွဲများတွေ့ရှိမှုက ထောက်ခံနေပါသည် (Myint Aung, 1999, 40)။

အယက်သည်မ၊ ဝင်းကတူးဖော်မှုတွင်တွေ့ရသော တတိယယဉ်ကျေးမှုနှင့် အကြုံးဝင်သည့် မြေထည်ပစ္စည်းများကို သရုပ်ခွဲကြည့်သည့်အခါ ပုံစံ (Type) ၃၈ မျိုးခန့်တွေ့ရသည်ဟုဆို၏။

- ပုံစံ (၁) မှ (၈) သည်အဝကျယ်အိုးကြီးများ (wide-mouthed storage jars) ဖြစ်ကြသည်။
- ပုံစံ (၉) မှ (၁၉) သည် အရွယ်လတ်အိုးများဖြစ်ကြ၏။
- ပုံစံ (၂၀) မှ (၂၆) သည်အိုးငယ်များဖြစ်ကြ၍ နှုတ်ခမ်းနှင့် ဘေးသားတွင် (criss-cross, groves and ridges) အခြယ်အလှယ်များပါသည်။
- ပုံစံ (၂၇) မှ (၂၈) သည်ဘူးသီးပုံ (globular) နှင့် ကိုယ်ထည်လုံးဝိုင်းပြီးနှုတ်ခမ်းပါသည့် အိုးများဖြစ်ကြသည်။
- ပုံစံ (၃၂) နှင့် (၃၄) တို့သည်အညိုရောင်နှင့် အဖြူရောင်စဥ့်သုတ်အိုးများဖြစ်ကြ၍ အတွင်းသားမှာ အနီရောင်ဖြစ်သည်။
- ပုံစံ (၃၅) မှ (၃၈) သည် (တရုပ်) ကြွေထည် (porcelain) ပစ္စည်းများဖြစ်ပါသည်။ ယင်းတို့အနက် ပုံစံ (၃၅) သည် အောက်တွင်အခြေပါပြီး၊ ကိုယ်ထည် (ဖေါင်းကားသောပုံစံ)ဖြစ်၍ လည်ပင်းတစ်ဖြောင့်

တည်းရှိသော ခွက်တစ်မျိုးဖြစ်သည်။ မြေသားမှာကြွေထည်ဖြစ်ပါသည်။ ၎င်းကိုအယက်သည်မအမှတ် (၃) တူးကွက် AYT (3) ၏ ဒုတိယမြေလွှာမှတူးဖော်တွေ့ရှိသည်။

- ပုံစံ (၃၆) သည် အစိမ်းရောင်ကြွေထည်ပုဂံပြား၏ အစိပ်အပိုင်းဖြစ်သည်။ ပုဂံနှုတ်ခမ်းမှာ အပြင်သို့ လန်သည်။ ကိုယ်ထည်မှာ ဖောင်းကားသောပုံ (Convex body) နှင့် အခြေမှာ တစ်ဖြောင့်တည်း (straight base) ပုံစံဖြစ်သည်။ ၎င်းကို အယက်သည်မအမှတ် (၁) တူးကွက် (AYT-1)၏ ဒုတိယမြေလွှာမှ တူးဖော်ရရှိသည်။
- ပုံစံ (၃၇) သည်အစိမ်းရောင်ကြွေပုဂံလုံးဖြစ်သည်။ ၎င်းကိုအရက်သည်မ အမှတ် (၂) (AYT-2) ပထမ (အပေါ်ယံ) မြေလွှာမှ တူးဖော်ရရှိသည်။
- ပုံစံ (၃၈) သည်လည်း အစိမ်းရောင်ကြွေပုဂံလုံးပုံစံပင်ဖြစ်ကြောင်းအောက်ခြေမှာ ပြင်ညီအပြားအတိုင်း ဖြစ်ကြောင်းသိရသည် (Myint Aung, 1999, pp. 36-37)။

ဤဒုတိယယဉ်ကျေးမှုခေတ် အတွင်းအကြုံးဝင်သော မြေထည်ပစ္စည်း အများစုဖြစ်ကြသည်။ ယင်းတို့၏ သက်တမ်းကိုခရစ်နှစ် ၁၅-၁၆ ရာစုနှစ်များထက်ပို၍မစောနိုင်ကြောင်း ခန့်မှန်းသိရှိရပေသည်။

တစ်ဆက်တည်းမှာပင် ဝင်းကမြေထည်ပစ္စည်းပုံစံများကို ဆက်လက်ဖော်ပြပါဦးမည်။ ဝင်းက မြေထည်များမှာ အနီရောင် (a red ware industry) သက်သက်ဖြစ်သည်ဟုဆို၏။

ပုံစံ (၁) မှ (၁၁) နှုတ်ခမ်းကျယ်အိုးကြီး (wide-mouthed storage jars) များဖြစ်ကြသည်။

ပုံစံ (၁၂) မှ (၂၂) သည်အရွယ်လတ်အိုးများ၊ ပုံစံ (၂၃) မှာ အရွယ်ငယ်အိုးများဖြစ်ကြသည်။

အိုးခြမ်းကွဲများတွင် အနီရောင်ဆေးသုတ်ပြီးမီးဖုတ်ထားကြောင်း၊ ယင်းတို့၏အတွင်းရောအပြင်မှာပါ ဆေးနီရောင်များ တွေ့မြင်ရခြင်းကြောင့်သိရပါသည်။ အိုးခွက်အားလုံးကိုအိုးထိန်းစက်ဖြင့်ပြုလုပ်သည်။ ဤအိုးခွက်ပုံစံတို့ကို ဒုတိယယဉ်ကျေးမှုခေတ်၊ ပထမကဏ္ဍပိုင်းအဖြစ် ပိုင်းခြားသတ်မှတ်သည်။ ဤယဉ်ကျေးမှုခေတ်အတွင်း သတ်မှတ်ထားသော ဝင်းကအမှတ် (၁) ကုန်းမှ မြေထည်ပစ္စည်းများမှာ-မြေကရားနှုတ်သီးနှစ်ခုနှင့် ရေဖျန်းအိုးလည်တံ ၄-ခု (two spouts with a pouch like bulge and four sprinkler necks) တို့ဖြစ်ကြပါသည်။ ထိုမြေထည်ပစ္စည်းများ ပုံစံနှင့် ဗိဿနိုးမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော မြေကရားနှုတ်သီးများ၊ ရေဖျန်းအိုးလည်တံများနှင့်ပုံစံတူခြင်း၊ အိန္ဒိယနိုင်ငံမှ ရက်စွဲသိထားပြီးဖြစ်သော အလားတူပစ္စည်းမျိုးနှင့် ဆင်တူခြင်းစသောအကြောင်းတို့ကြောင့် ဝင်းကအမှတ် (၁) ကုန်းကို ဒုတိယယဉ်ကျေးမှုခေတ်၏ ပထမကဏ္ဍအတွင်းအကြုံးဝင်သည်ဟု ခန့်မှန်းထားခြင်း ဖြစ်ကြောင်းသိရပါသည် (Myint Aung, 1999, pp. 39-39, plate VII)။

ဤကဲ့သို့ မြေထည်ပစ္စည်းတိုက်ဆိုင်စစ်ဆေးခြင်းနည်း (Ceremic Typology) အရကြည့်လျှင် အယက်သည်မ၊ ဝင်းကယဉ်ကျေးမှုသည် ဗိဿနိုးပျူခေတ်မှ မတ္တမ (ဟံသာဝတီ) ခေတ် (ခရစ်နှစ် ၄-ရာစုနှစ်မှ ၁၅ ရာစုနှစ်) အထိရှည်လျားသော ယဉ်ကျေးမှုသမိုင်းကို ဖော်ပြနေကြောင်းတွေ့ရပါမည်။ ဤယဉ်ကျေးမှုသမိုင်းကြောင်းတွင် ပုဂံခေတ် (ခရစ် ၁၁-ရာစုနှစ်)ကျောက်စာ၊ ကမ္ဗည်းစာအထောက်အထား (အနော်ရထာအုတ်ခွက်စာနှင့် ကျန်စစ်သားကျောက်စာ) များကအလယ်ပိုင်းခေတ်တစ်ခေတ်ကို ဖော်ညွှန်ပြသလျက်ရှိပေသည်။ ဤဖော်ပြချက်၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ အယက်သည်မ၊ ဝင်းကကို ပုဂံနိုင်ငံတော်ခေတ် (ခရစ် ၁၁-၁၃ ရာစုနှစ်) ရောက်မှ ပုဂံကလာရောက်ပြီးထူထောင်ပေးခဲ့ခြင်း မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားသည်။ ပုဂံမတိုင်မီပျူခေတ်ကပင် လူနေမှုအဖွဲ့အစည်းထူထောင်နေထိုင်လျက်ရှိပြီ ဖြစ်ကြောင်း သိရပေသည်။ ၎င်းလူ့အဖွဲ့အစည်းသည်လူမျိုးစုအနေနှင့် ပျူလူမျိုးလား၊ မွန်လူမျိုးလား၊ အခြားမည်သည့်

အိန္ဒိယတိုင်းရင်းသား (ရှေးဦးကိုလိုနီ) များလာရောက်ထူထောင် ခဲ့ခြင်းလားဆိုသည်ကို ဆက်လက်၍စူးစမ်းလေ့လာကြရဦးမည်ဖြစ်သည်။

အယက်သည်မ၊ ဝင်းကတွင် ပုဂံမတိုင်မီခေတ် (ပျူခေတ်)၊ ပုဂံခေတ်နှင့် ပုဂံလွန်ခေတ် (မုတ္တမ၊ ဟံသာဝတီ) ဟူ၍ ခေတ်စဉ်သုံးခုတစ်ဆက်တည်းတည်ရှိခဲ့ပုံကို ယဉ်ကျေးမှုမြေလွှာထပ်ဆင့်ပုံနှင့်တကွ ဖော်ပြပေးသည့်အထောက်အထားမှာ ဝင်းကအမှတ် (၂) (WK-2) တူးဖော်မှုကုန်းပင်ဖြစ်၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဝင်းက (၂) (WK-2) သည် အရွယ်အစားမတူသောအခန်းပေါင်း (၈) ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် စတုဂံပုံလေးထောင့်အုတ်တိုက် အဆောက်အအုံတစ်ခုဖြစ်ပါသည်။ ဝင်းက အမှတ် (၁) နှင့် အနီးကပ်တည်နေသော ယဉ်ကျေးမှုခေတ်ကြီး (၃) ခေတ်ဆင့်ထပ်နေမှုကိုဖော်ပြသည့် အထောက်အထားဖြစ်သည်။ ဤအကြောင်းကို ဆရာဦးမြင့်အောင်၏ အစီရင်ခံစာတွင်

> ဝင်းက (၂) မှ အိုးအင်ခွက်ယောက်များကို ဝင်းက (၁) အိုးအင်များနှင့် နှိုင်းယှဉ်သည့်အခါ ပုံစံ (Type) ရော ပုံသဏ္ဍာန် (Shape) များပါဆင်တူသည့် အချက်များတွေ့ရသည်။ အနီးရောင် မြေထည်လုပ်ငန်းသည် ဤယဉ်ကျေးမှုခေတ်တွင် ဆက်လက်တည်တံ့နေခဲ့စဉ်က ကြွေထည်ပုဂံလုံး (အကွဲ) များကိုလည်း တစ်ဆက်တည်း တွေ့နေရပေသည်ဟူ၍ ဖော်ပြထားပါသည် (Myint Aung, 1999. p. 39)။ ၎င်းအမှတ် (၂) ကုန်းမှ အိုးအင်ခွက်ယောက်များပုံစံ (Type) များမှာ
>
> ပုံစံ (၁) အင်တုံကြီး (basins)
> ပုံစံ (၂-၆) ရေတည်အိုး၊ အိုးတုတ် (storage jars)
> ပုံစံ (၇) ချက်ပြုတ်အိုး (cooking vessel)
> ပုံစံ (၁၃-၁၄) အရွယ်လတ်အိုး (medium sized pots)
> ပုံစံ (၁၅-၂၃) စောက်တိမ်ပုဂံ (shallow dish)
> ပုံစံ (၁၆) အင်တုံလတ် (medium sized basin)
> ပုံစံ (၂၄-၂၅) အိုးငယ်များ (small-sized pots)
> ပုံစံ (၂၇-၂၉) ခွက်များ (bowls)
> ပုံစံ (၃၀) အိုးနှုတ်ခမ်း (lid)
> ပုံစံ (၃၁) အိုးနှုတ်ခမ်း (spout)၊ တို့ဖြစ်ကြပါသည်။

ဝင်းကအိုးများပေါ်တွင် အခြယ်အလှယ် (patterns of decoration) ပါသည်ဆိုသော်လည်း မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းကပျူ (ဗိဿနိုး၊ ဟန်လင်း) တို့ကဲ့သို့မျိုးကွဲပေါင်းများစွာနှင့် အလှအပ အဆင်တန်ဆာမျိုးသိပ်မတွေ့ရဟုဆိုပါသည်။ ဖော်ပြပြီးသမျှ အိုးပုံစံ (Pottery Type) တွင်အရိုးအိုး (burial urn) ပုံစံမျိုးကိုတွေ့ရှိကြောင်း ဖော်ပြမထားပေ။ အိုးအတွင်းမှ ကျူယဉ်ကျေးမှု (ဓလေ့) အထောက်အထားတစ်ခုဖြစ်သော အရိုးပြာ၊ အရိုးစများနှင့် သံထည်ပစ္စည်းများ တွေ့ရကြောင်းကိုလည်းမသိရပေ။ ဤအချက်က အယက်သည်မဝင်းကတူးဖော်မှုမှာ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းက ပျူဓလေ့တစ်မျိုးဖြစ်သော အရိုးအိုးမြုပ်နှံသဂြိုလ်မှု လေ့ပျံ့နှံ့ရောက်ရှိလာပုံ အကြောင်းကို ထောက်ခံဖော်ပြ ခြင်းမပြုပေ။

ဗိဿနိုးမြို့ဟောင်း (၁၉၅၈-၁၉၆၃) တူးဖော်မှုတွင် သင်္ချိုင်းကုန်းများ (အမှတ် ၃၊ ၄၊ ၁၀) ကိုတူးဖော်တွေ့ရှိခဲ့ကြောင်းဖော်ပြခဲ့ပါသည်။ ၎င်းအပြင်အရိုးအိုးမြုပ်နှံမှု လေ့ကိုဖော်ပြသော ကုန်းအမှတ် (၆၊ ၉၊ ၁၁၊ ၁၂၊ ၁၄၊ ၁၈) နှင့် (၂၄) တို့၏အတွင်းပိုင်းနှင့် အပြင်ပိုင်းတို့မှလည်း အရိုးအိုးမြုပ်နှံမှုများတွေ့ရသည်ဟု ဆိုပါသည်။ (အောင်သော်၊ ၁၉၉၃၊ စာ ၄၆) ယခုအယက်သည်မ၊ ဝင်းကမြို့ဟောင်း (၁၉၇၅-၁၉၇၈) တူးဖော်မှုတွင် သင်္ချိုင်းကုန်းများကို

တူးဖော်တွေ့ရှိခဲ့ခြင်းမရှိသေးသည့်အပြင် တူးဖော်ပြီးသမျှ အဆောက်အအုံဟောင်းများ (WK. 1-6) ၏ အတွင်းပိုင်းနှင့် အပြင်ပိုင်းတို့မှ အရိုးအိုးများတူးဖော်တွေ့ရှိခဲ့ခြင်းမရှိပေ။

ဝင်းကရွာတွင်တူးဖော်သည့် အမှတ် (၁) နှင့် (၂) (WK- 1, 2) တို့သည်ဘာသာရေးနှင့်မဆိုင်၊ လူမှုရေး အဆောက်အအုံတို့သာဖြစ်ကြောင်းသိရပေပြီ။ ဝင်းက (၁) နှင့် (၂) တို့သည်တောင်ကုန်းတစ်ခုတည်းပေါ်တွင် အနီးကပ်တည်ရှိနေသော်လည်း ယဉ်ကျေးမှုဆင့်ထပ်ပုံချင်းမတူကြပေ။ ဝင်းက (၂) တွင်ယဉ်ကျေးမှုခေတ်သုံးခေတ်ထပ် ဆင့်နေပုံကိုတွေ့ရ၏။ ဝင်းက (၁) မှာ တစ်ခေတ်တည်းသာထွန်းကားခဲ့ကြောင်းတွေ့ရသည်။ ထို့ကြောင့် ၎င်းလူမှုရေး အဆောက်အအုံနှစ်ခုတို့ဆက်စပ်မှုကို သိရှိနိုင်ရန်အမှတ် (၃)၊ နှင့် (၄) တို့ကိုဆက်လက်တူးဖော်ရသည်။ သို့သော် ယင်းတို့မှာ အုတ်တိုက်အဆောက်အအုံများအဖြစ် ပီပီပြင်ပြင်ပေါ်ထွက်မလာခဲ့သဖြင့် အဆက်အစပ်ကိုလည်း ပေါ်လွင်အောင်မဖော်နိုင်ခဲ့ပေ။

ဝင်းက (၃) (WK-3) တူးဖော်မှုတွင် အုတ်စကြံ်တစ်ခုနှင့် ဂဝံကျောက် အုတ်စီတံတိုင်းတစ်ခု ပေါ်ထွက်လာ၏။ ဂဝံတံတိုင်းတွင် ဂဝံကျောက်အုတ်လေးလွှာပေါ်ထွက်နေ၏။ အုတ်စကြံ်မှာအလျားလိုက် အုတ်သုံးလွှာ၊ ထောင်လိုက် အုတ်လေးလွှာထပ်စီလျက် အကြွင်းအကျန်ကိုတွေ့ရသည်။ ၎င်းတို့နှစ်ခုသည် တစ်သီးတစ်ခြားဖြစ်၍ ဆက်စပ်မှုမရှိပေ။ ဤကုန်း၏ပန္နက်ပုံစံကိုလည်းဖော်၍မရခဲ့ပေ။

ဝင်းက (၄) သည်အရှေ့ဘက်ခပ်လှမ်းလှမ်းနေရာ၌ရှိ၏။ ဤကုန်းလွှာမှာလည်း အုတ်တိုက်အဆောက်အအုံ ကိုမဖော်နိုင်ခဲ့ပေ။ ၁၅' x ၁၅ ' ပတ်လည်စံကွက်များရိုက်ပြီးတူးဖော်ခဲ့သော်လည်း အုတ်ရိုးအုတ်ကုန်းများ ပေါ်ထွက်မလာဘဲ သဘာဝကျောက်တန်း တစ်ခုအသွင်ကိုသာတွေ့ရသည်။ ကံကောင်းထောက်မစွာဖြင့် အိုးခြမ်းကွဲစအချို့ အုတ်ခွက်ဘုရား (အကျိုး)ပိုင်းနှင့် ပုတီးစေ့အနည်းငယ်စုဆောင်းရရှိခဲ့သည် (Myint Aung, 1999, 31)။

ဝင်းကရွာလယ်ပိုင်းရှိ အလျား၊ အနံပေ ၂၅၀ ခန့်စီရှိသောကုန်းစောင်းမြေပြင်တွင် တူးဖော်မှု ကုန်းပေါင်းလေးကုန်း (WK, 1, 2, 3, 4) တို့ကိုတူးဖော်ခဲ့စဉ်ဘာသာရေး အဆောက်အအုံ အမျိုးအစားကိုမတွေ့ခဲ့ရပေ။ ပဲခူးကလျာဏီသိမ် ကျောက်စာအဆိုအရ ဗုဒ္ဓသာသနာအစောဆုံး ရောက်ရှိခဲ့ရာ ကေလာသတောင်ခြေမှာ ဘာသာရေးနှင့် သက်ဆိုင်သော စေတီများ၊ ဘုန်းကြီးကျောင်းဟောင်းများရှိရပေဦးမည်။ ယင်းတို့ကိုစူးစမ်းရှာဖွေရန် ဆက်လက်အားထုတ်ရပေဦးမည်။ သို့ဖြစ်၍ ဆက်လက်သုတေသနပြုသည့်အခါ တမလွန်ဘဝအပေါ်ယုံကြည်ခြင်းကို ဖော်ပြသော ဘာသာရေးအဆောက် အအုံများကိုလည်းတွေ့ရ၏။ ၎င်းတို့ကိုဝင်းကရွာမြောက်ပိုင်း (WK-5) တွင်တစ်နေရာနှင့် ဝင်းကရွာတောင်ပိုင်း (WK-6) တွင်တစ်နေရာတူးဖော်တွေ့ရှိခဲ့၏။

ဝင်းကရွာမြောက်ပိုင်းမှ ဘာသာရေးအဆောက်အအုံသည် ကုမာရစေတီဟုခေါ်သော ဂဝံအုတ်ကျောက်အုတ်စီ စေတီငယ်အနီး၌ရှိပါသည်။ ၎င်း၏မြောက်ဘက်တွင် ရှမ်းဘုရားဟုခေါ်သော ရှေးဟောင်းစေတီတစ်ဆူကိုတွေ့ရသေးသည်။ ၄င်းကုန်းကိုဝင်းကအမှတ် (၅) (WK-5) အဖြစ်သတ်မှတ်တူးဖော်ခဲ့၏။ အလျား ၆၂ ပေ ၅လက်မနှင့် အနံ ၅၄ ပေအရွယ်ရှိ အုတ်တိုက်အဆောက်အအုံတစ်ခုပေါ်ထွက်လာသည်။ အဆောက်အအုံ၏ အရှေ့မြောက်ဘက်ခြမ်းမှ ပြိုကျပျက်စီး၍ ပန္နက်ပုံစံတွင် ပြည့်ပြည့်စုံစုံပေါ်လွင်ခြင်းမရှိတော့ပေ။ သို့သော် အနောက်ပိုင်းတစ်ခြမ်းတွင် အခန်းပေါင်း (၇) ခန်းကိုလည်းကောင်း၊ အရှေ့ခြမ်းတွင် အခန်း (၅) ခန်းကိုလည်းကောင်းဖော်ထုတ်နိုင်ခဲ့ပါသည်။ အုတ်တိုက်နံရံများကို ပျှမ်းမျှအုတ်အရွယ်အစား ၁ ပေ ၄ လက်မ × ဂ လက်မ × ၃ လက်မ တိုဖြင့်တည်ခဲ့ပါသည်။ (ခင်မောင်ကြီး ၁၉၉၉၊ စာ ၇၊ ပုံ ၄၊ ဝင်းကအမှတ် (၅) ပန္နက်ပုံဖတ်ရှုပါ။)

တူးဖော်တွေ့ရှိရသော အိုးခွက်ပုံစံများမှာ

ပုံစံ (၁-၁၀) ရေတည်အိုးသို့မဟုတ် အိုးတုတ် (ရိက္ခာသိုလှောင်အိုးကြီးများ)
ပုံစံ (၁၁-၂၆) အရွယ်လတ်အိုးများ

ပုံစံ (၂၇-၂၉) အရွယ်ငယ်အိုးများ

ဖြစ်ကြသည်။ ၎င်းအိုးခွက်များမှာ အနီရောင်မြေထည်များသာဖြစ်ကြသည် (စဉ့်ထည်၊ ကြွေထည်များ မပါပေ)။ ယဉ်ကျေးမှုမြေလွှာမှာလည်း ခေတ်ကြီးတစ်ခေတ်တည်းကိုသာ ဖော်ပြ၍ပုဂံမတိုင်မီ ပျူခေတ်နှင့် ခေတ်ပြိုင်ဖြစ်နိုင်ပါသည် (Myint Aung, 1999, p. 29)။

**ဝင်းကတူးဖော်မှု အမှတ်(၆)ကုန်း**

ဝင်းကရွာတောင်ပိုင်း ဦးဖိုးတို့၏ခြံဝင်းမှ ဘာသာရေးအဆောက်အအုံသည် စေတီတစ်ဆူဖြစ်၏။ ထိုကုန်းကို ဝင်းကအမှတ် (၆) WK-6 အဖြစ်သတ်မှတ်၍တူးဖော်ခဲ့ပါသည်။ ၁၅ ပေ × ၁၅ ပေအရွယ် စံကွက် (Grids) ၆ ကွက် (ခင်မောင်ကြီး၊ ၁၉၉၉၊ စာ ၉၊ ပုံ-၆၊ ဝင်းကအမှတ် (၆) ကုန်းပန္နက်ပုံရှုပါ) ရိုက်၍တူးသည့်အခါ အောက်ခြေတွင်လေးထောင့်ပုံ (စေတီဘိနပ်) အုတ်ရိုးနှင့် ၎င်း၏အထက်တွင် အဝိုင်းပုံ (စေတီအထက်ပိုင်း) အုတ်ရိုး တစ်ခုတို့ပေါ်ထွက်လာခဲ့သည်။ အောက်ခြေမှ လေးထောင့်ပုံအုတ်ရိုးကို မြေအုတ်ဖြင့်တည်ထားသည်ဟု ဆိုရသော်လည်း ဂဝံအုတ်များလည်းပါဝင်သည်။ အထက်မှစေတီကို လည်းအတွင်းက စေတီငယ်တစ်ဆူအပေါ်တွင် ငုံ၍ စေတီကြီးကို ထပ်ဆင့် တည်ထားကြောင်းတွေ့ရသည် (Myint Aung, 1999, 34)။

၎င်းဝင်းက-၆ (WK-6) တို့၏ထိပ်ပိုင်းတွင် သိုက်တူးသမားလက်ချက်၊ ထွင်းဖော်တူးဖော်ထားသည့် ကျင်း၌အတွင်း ထပ်စေတီမှာရော၊ အပြင်ထပ်စေတီမှာပါပျက်စီးနေပါသည်။ ၎င်းအထက်ပိုင်းမြေလွှာကို တူးဖော်စဉ် မြေပုံဘုရား (အုတ်ခွက်) (၁၂၇) ဆူကိုတွေ့ရသည် (Myint Aung, 1999, 34)။ ဤတူးဖော်မှုကုန်းတွင် အချိန်ကန့်သတ်ချက်ရှိခဲ့သဖြင့် မြေလွှာဗေကိုလေ့လာနိုင်ခြင်းမရှိပေ။ ၎င်းကုန်းတွင် နောင်အခါကွင်းဆင်းလေ့လာစဉ် လက်ရေးစင်းအုတ်ချပ်များကိုရှာဖွေတွေ့ရှိခဲ့ပါသည်။ (၎င်းကွင်းဆင်း လေ့လာမှုအရ ဝင်းက ၂၊ ၅၊ နှင့် ၆ အုတ်ကုန်းများ တွင် လက်ရေးစင်းအုတ်ကိုတွေ့ခဲ့ပါသည်)။ ၎င်းအုတ်ချပ်တွေ့ရှိရာမြေလွှာသည် ပျူခေတ်ထက်နောက်မကျဟု ဆိုနိုင်ကြောင်း အထက်တွင်အစီရင်ခံစာတင်ပြပြီး ဖြစ်ပါသည်။

စေတီကုန်း ဝင်းကအမှတ် (၆) (WK-6)ကို ခေတ်ပိုင်းခြားနိုင်ရန်၊ ထိုကုန်းမှတူးဖော်တွေ့ရှိရသော အုတ်ခွက် ဘုရားများကိုသာ အထောက်အထားပြုရပေသည်။ စင်စစ်ဝင်းက-အရက်သည်မ ပဏာမကွင်းဆင်းခရီး (၁၉၇၄) မှာပင်မြေပေါ်တွေ့အထောက်အထားအဖြစ်အုတ်ခွက်အချို့ကို စုဆောင်းရရှိခဲ့ပါသည်။ ထိုစဉ်ကအုတ်ခွက်ဘုရား (၄) ဆူတွေ့ခဲ့သည်။ အကြီးစားအရွယ်မှာ (၁၇ . ၂) စင်တီမီတာအမြင့်ရှိသည်။ အငယ်စားမှာ (၁၀ . ၄) စင်တီမီတာ အရွယ်ဖြစ်သည်။ ထို့ကြောင့်ယခုတူးဖော်မှုမှတွေ့ရသော အုတ်ခွက်ဘုရားအရေအတွက်နှင့် ပေါင်းလျှင်အားလုံး (၁၃၁) ဆူတွေ့ရသည်ဟုဆိုသည်။

အကြီးစားအရွယ်အုတ်ခွက် (၁၇. ၂ မ × ၁၃ စမ × .၂၀ စမ) ၏ မျက်နှာပြင်တွင် ရုပ်ပုံလေးတန်းပါရှိသည်။ ပထမတန်း - ဗုဒ္ဓနမုဒြာဟန်ထိုင်တော်မူသုံးဆူ၊ ဒုတိယတန်း- ဗုဒ္ဓနမုဒြာဟန်ထိုင်တော်မူနှစ်ဆူ

တတိယတန်းတွင်- ဒါနမုဒြာဟန်အလယ်ထိုင်တော်မူနှင့် ဘေးနှစ်ဘက်တွင် တစ်ဆူစီ၊ စတုတ္ထတန်း- ရုပ်တော်မူနှစ်ဆူပလ္လင်ဘေးရံလျက်တွေ့ရသည်။ ၎င်းကိုအုတ်ခွက်ပုံစံ (၁) အဖြစ် သတ်မှတ်သည်။

အငယ်စားအရွယ်အုတ်ခွက် (၁၄.၄ စမ × ၆.၇ စမ × ၁.၀ စမ) ၏မျက်နှာပြင်တွင် ရုပ်ပုံနှစ်တန်းသာ ပါသည်။ ၎င်းပထမတန်း - ဗုဒ္ဓနမုဒြာဟန်ထိုင်တော်မူသုံးဆူ၊ ဒုတိယတန်း - အလယ် ထိုင်တော်မူတွင် အောက်ခံပလ္လင်နှင့် အထက်တွင်နဂါးဦးခေါင်းပုံပါရှိပြီး၊ ဘေးတွင်ရုပ်တော်မူနှစ်ဆူရံလျက်တွေ့ရသည် (Myint Aung, 1999, pp. 40-41, Plate VIII)။

ဤဝင်းက အုတ်ခွက်ပုံစံမျိုးနှင့် ဆင်တူအုတ်ခွက်မျိုးကို ဦးမြ၏အုတ်ခွက်ဘုရား ဆင်းတုတော်များ စာအုပ်အတွဲ (၁) ၁၉၆၁၊ ပုံအမှတ် (၁၁၇) တွင် တွေ့ရသေးသည်။ ၎င်းအထောက်အထားမှာ အုတ်ခွက်ကိုသွန်းလုပ်သော ပုံစံခွက် (Mould) တစ်ခုဖြစ်ပါသည်။ ကော့ဂွန်းလိုဏ်ဂူမှ တွေ့ရခြင်းဖြစ်သည်ဟုဆို၏။ ဤပုံစံဖြင့်အုတ်ခွက်ဘုရား အမျိုးအစားကို အထက်မြန်မာနိုင်ငံဒေသများ၌ တွေ့ရှိခဲ့ခြင်းမရှိသေးကြောင်းကိုလည်းသိရ သဖြင့် သုဝဏ္ဏဘူမိဒေသ၏ မူရင်းအထောက်အထားဖြစ်မည်ဟု ဆိုပါသည် (Myint Aung, 1999, p. 42)။ ဤအချက် သည် နှောင်အခါသမိုင်းပညာရှင်ဒေါက်တာမိုက်ကယ်အောင်သွင်က (သုဝဏ္ဏဘူမိ)သထုံ ဟုခေါ်ကြသော အောက်မြန်မာနိုင်ငံတွင် ပုဂံ (ကျန်စစ်သားမင်းလက်ထက်) ခေတ်ကာလအတွင်းက လာရောက်ထူထောင်ပေးခဲ့သော ယဉ်ကျေးမှုမှလွဲ၍ အခြားအစောပိုင်းခေတ်အထောက်အထားမျိုးမရှိနိုင်ကြောင်း အယူအဆ (Aung Thwin, 2005) ကိုချေဖျက်နိုင်မည့် သက်သေတစ်ခုအဖြစ်မှတ်ယူနိုင်ပေသည်။

ဝင်းကအမှတ် ၆ (WK-6) တူးကွက်မှ ရသောအုတ်ခွက်များအနက် (၄) ဆူတို့တွင်စာအရေးအသားကိုတွေ့ရ၏။ ယင်းတို့မှ အုတ်ခွက်နှစ်ဆူကို (က) နှင့် (ခ) ဟုသတ်မှတ်၍ နမူနာပြလျက်စာအရေး အသားကိုဖတ်ရှုလေ့လာခဲ့သည်။

**(က) အုတ်ခွက်စာ** **မြန်မာပြန်**

ကြောင်း (၁) . . . . . .

(၂) . . . . . .

(၃) . . . ဓါရ်ကျောက် ဘုရားနှစ်ဆူ

(၄) . ဌရဝေါအ် ဤ

**(ခ) အုတ်ခွက်စာ** **မြန်မာပြန်**

ကြောင်း (၁) . . .

(၂) . . .

(၃) . . . ဓါရ်ကျောက် ဘုရားနှစ်ဆူ

(၄) . . . ဌရဝေါအ် ဤ

ဟူ၍ဖြစ်သည်။ အုတ်ခွက်တစ်မျက်နှာတွင် စာကြောင်းလေးကြောင်းစီပါရှိသော်လည်း အားလုံးနီးပါး မှေးမှိန်ပြုန်းတီး ပေပြီဖြစ်၏။ စာကြောင်းအဆုံးနားရှိ စာလုံးအက္ခရာအချို့ကိုသာ ဖတ်ရှုနိုင်ပြီးရှေးမွန် အက္ခရာဖြစ်ကြောင်း သိရပါသည်။ သက္ကတဝေါဟာရများလည်းပါသည်။ မွန်ဝေါဟာရလည်းပါသည်။ သို့ဖြစ်၍ဝင်းကမှ စာအရေးအသားပါသော ရှေးဟောင်း အထောက်အထားကို တူးဖော်တွေ့ရှိခြင်းပင် ဖြစ်သည်ဟုဆိုရမည်။

ကြောင်းရေ (၂) မှ "သရွ" ဟူသောစကားသည် သက္ကတဝေါဟာရဖြစ်၍ "ရုပ်ပုံ" ဟုအဓိပ္ပါယ်ရကြောင်း၊ ကျန်သောဝေါဟာရများအနက်မှ နှစ်ခုတို့မှာ မွန်ဝေါဟာရများဖြစ်၍ "ကျောက်" = "ဘုရား" ၊ "ဝေါအ်" = "ဤကား" ဟုအဓိပ္ပါယ်ရကြောင်းသိရ၏။ "ဓါရ်" = "နှစ်ခု" ဟုအဓိပ္ပါယ်ရသည်။ "ဓါရ်ကျောက်"သည် ဘုရားနှစ်ဆူဟု အဓိပ္ပါယ် ရသည်။ ဤကမ္ပည်းစာလက်ရေးအထောက်အထားကို ပရပထုမ်(ထိုင်းနိုင်ငံ)မွန်ကျောက်စာလက်ရေးနှင့် တိုက်ဆိုင် ကြည့်ပြီး၊ ဆင်တူသဖြင့်ခရစ် ၆-ရာစုနှစ် အထောက်အထားဖြစ်မည်ဟု ဆရာနိုင်ပန်းလှက ခန့်မှန်းခဲ့ပါသည်။ (Myint Aung, 1999, p. 53,) ၊ (နိုင်ပန်းလှ၊ "သမိုင်းတန်ဖိုးကြီးသော အုတ်ခွက်များ" သမိုင်းဂျာနယ်၊ အတွဲ ၃၊ အမှတ် ၁၊ ရန်ကုန်၊ ကန်သာစိမ်းပုံနှိပ်တိုက်၊ ၁၉၈၅၊ စာ၊ ၁၀၆)။ ယင်းကဲ့သို့ ရှေးမွန်ဘာသာ၊ မွန်အက္ခရာနှင့် ရှေးကျသောလက်ရေး

ပါရှိမှုအထောက်အထားအရ ဝင်းကအမှတ် (၆) (WK-6) အုတ်ခွက်ဘုရားတို့ကို ပုဂံမတိုင်မီ၊ (ပျူခေတ်) အထောက်အထားဟု တူးဖော်သူပညာရှင်က တင်ပြခဲ့ပါသည် (Myint Aung, 1999, p. 54) ။

ဝင်းက၊ အယက်သည်မ တူးဖော်မှုနှင့်ပတ်သက်၍ ဆက်စပ်သက်တမ်း (relative chronology) ဖော်ပြချက်ဇယားတွင် ဝင်းက (၁) နှင့် ဝင်းက (၅) အထောက်အထားများကို ခရစ် ၄-၅ ရာစုနှစ် သက်တမ်းအားလည်းကောင်း၊ ဝင်းက (၆)နှင့် ဝင်းက (၂)မှ အောက်ဆုံးယဉ်ကျေးမှု မြေလွှာနှစ်လွှာတို့မှအထောက်အထားကို ခရစ်နှစ် ၆-ရာစုနှစ် သက်တမ်းအားလည်းကောင်း သတ်မှတ်ပေးထားသည်ကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မြေလွှာဗေဒအရ တွေ့ရသည်။ ဝင်းက (၂) ၏ အမှတ် (၃) မြေလွှာဖြစ်သည် စပ်ကူးမတ်ကူးကာလ ယဉ်ကျေးမှုမြေလွှာဖြစ်သည်။ သိပ္ပံနည်းကျဓါတ်ခွဲခန်းဖြင့် စစ်ဆေးရသော အိုးခြမ်းကွဲသက်တမ်းအရ မြို့ရိုးကုန်း (AYT. 1) တို့သည် အေဒီ ၁၄၉၉ မှ အေဒီ ၁၆၆၂ သက်တမ်းကိုဖော်ပြသော (တတိယ) ယဉ်ကျေးမှုခေတ်အထောက်အထားဖြစ်သည်ဟု အသီးသီး ဆိုပါသည်။ ဤကဲ့သို့ရက်စွဲကို သတ်မှတ်ပေးနိုင်သော ရှေးဟောင်းအထောက်အထားများတွင် အယက်သည်မ(၁)၊ AYT (1) မှ စဉ့်အိုးကွဲ၊ ကြွေထည်ပစ္စည်းနှင့် တိကျသက်တမ်းနမူနာ အိုးခြမ်းကွဲအထောက်အထားတို့မှ လွဲ၍၊ ဤဝင်းကအမှတ် (၆) ကုန်းမှ စာအရေးအသားပါသော အုတ်ခွက်ဘုရား အထောက်အထားသည် သက်သေပြစရာ အကောင်းဆုံးနမူနာပစ္စည်းပင်ဖြစ်သည်။ ဤတူးဖော်မှုရာသီတစ်လျောက်လုံးတွင် တစ်ခုတည်းသော စာအရေးအသားပါသည့် အထောက်အထားမျိုးကို တူးဖော်တွေ့ရှိရခြင်းလည်းဖြစ်ပါသည်။

ဝင်းကအုတ်ခွက်များနှင့် ပတ်သက်၍သုတေသနမှူးဦးမြင့်အောင်က ဤသို့အကဲဖြတ်တင်ပြထားပါသည်။

> အသေးစိတ်လေ့လာပြီးသမျှ ရှေးဟောင်းပစ္စည်းများတွင် အုတ်ခွက်ဘုရားများလည်းအပါအဝင်ဖြစ်ကြ၏။ ယင်းတို့သည် ဘာသာရေးနှင့် စပ်ဆိုင်၍မြန်မာပြည်ဗုဒ္ဓဘာသာ ထွန်းကားရာဒေသများအကြောင်း ပိုမိုသိရှိအောင်ဖြည့်ဆည်း ကူညီခဲ့ကြသည်။ ဝင်းကမှ စုဆောင်းရရှိထားသော . . . အုတ်ခွက်အထက်ပိုင်း၌ ထိုင်တော်မူဘုရားရှင်သုံးဆူတန်းနှင့် အောက်ပိုင်းကွက်လပ်ကြီးတွင် အဓိကတင်ပျဉ်ခွေ ကိုယ်တော်ကြီး ဘေးတစ်ဖက်တစ်ချက်မှ မတ်ရပ်ရုပ်ပုံ (၂) ပုံတို့ပါရှိကြသည်။ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးသည် စမ္မခံရိုးရိုးပေါ်တွင် ခြေထပ်ထိုင်လျက်ဖြစ်၍ လက်တော်နှစ်ဖက်မှာ တင်ပျဉ်ခွေပေါ်၌တင်လျက် ဈာန်ဝင်စားနေပုံဖြစ်၏။ ဘုရားရှင်၏ ဦးခေါင်းတော်ကို ပါးပျဉ်း ၅ ခုရှိသော နဂါးကဖိမာန်သဖွယ် အုပ်မိုးဖြန့်ကြက်ကာရံထားသည်။ .
> ဘုရားရှင်၏ ဘေးတစ်ဖက်တစ်ချက်ရှိ မတ်ရပ်ရုပ်ပုံ (၂) ပုံအနက် လက်ဝဲဘက်မှ ပုံတွင်ယာဘက်လက်၌ ကြာရိုးကြာစွယ်၊ သို့မဟုတ်သားမြီးယပ်ကိုကိုင်စွဲထားဟန်ထုလုပ်ထာ၏။ ယာဘက်မှ မတ်ရပ်ရုပ်ပုံတွင် လက်၂ဖက်စလုံး ခါးဆီ၌ ခပ်ကွေးကွေးထားရှိသည်မှတစ်ပါး မည်သည့်ဝတ္ထုပစ္စည်းများ ကိုင်စွဲကြောင်းမထင်ရှားချေ။ အုတ်ခွက်၏ပုံပန်းသဏ္ဍာန်မှာ အထက်ပိုင်းဝိုင်း၍ အောက်ပိုင်း လေးထောင့်ပုံဖြစ်သည်။ မီးဖုတ်မြေနှင့် ပြုလုပ်ထား၏။

ဦးမြင့်အောင်က ယခုတင်ပြလျက်ရှိသော အုတ်ခွက်အမျိုးအစားနှင့် ဦးမြစာအုပ်ပတ္တဲပုံအမှတ် ၁၁၇ ပုံညွှပ်တံဆိပ်တို့မှာ အတူတူပင်ဖြစ်ကြောင်း၊ ထိုအုတ်ခွက်ပုံစံများကို အထက်မြန်မာပြည်တွင် မတွေ့ဖူးသေးကြောင်းဆိုပါသည်။ သို့ရာတွင် ယိုးဒယား(ထိုင်း)နိုင်ငံမှ အုတ်ခွက်ပုံစံတစ်မျိုးနှင့်ဆင်တူသည်ဟုသိရပါသည်။ ယိုးဒယားအုတ်ခွက် ဆင်းတုတော်သည် နဂါးအခွေပေါ်တွင် ဈာန်ဝင်ကာထိုင်တော်မူဖြစ်သည်။ ယင်းလက်ဝဲဘက်၌ လက်လေးဖက်ပါနတ်တစ်ပါးနှင့် ယာဘက်တွင် အမျိုးသမီးပုံပါသော သုံးဆူတွဲပုံများဖြစ်သည်။ လက်ဝဲဘက်မှပုံသည် မဟာယာနဂိုဏ်းဘုရားလောင်းတစ်ဆူဖြစ်သော အဝလောကိတေသွာရ ခေါ်လောကနာထပုံတော်ဖြစ်၍ လက်ယာဘက်ပုံသည် မဟာယာနဂိုဏ်းနတ်သမီးတစ်ပါးဖြစ်သော ပညာပါရမီတာပုံဖြစ်ကြောင်း ပညာရှင်ဂျော့ဆေးဒေး၏ "ယိုးဒယားအုတ်ခွက်"'''' စာတမ်း၌ ဖော်ပြထားသည်ဟုဆိုပါသည်။ ယင်းတို့ကို ဝင်းကအုတ်ခွက်ပုံစံနှင့် နှိုင်းယှဉ်လျှင် ယိုးဒယားပုံ၌ အဝလောကိတသွာရ

နတ်သားမှာ လက်လေးဖက်ပါရှိ၍ ဝင်းကမှ အုတ်ခွက်တွင်လက်နှစ်ဖက်သာတွေ့ရသည်။ ယိုးဒယားအုတ်ခွက် ပညာပါရမီတာ နတ်သမီးပုံမှာ အမျိုးသမီးရုပ်ပုံ ထင်ရှားသော်လည်း ဝင်းက အုတ်ခွက်တွင် ထိုသို့မထင်ရှားချေ။ မည်သို့ပင်ဖြစ်စေ ဝင်းကမှတွေ့ရသော အုတ်ခွက်ကို မဟာယာနဂိုဏ်းနှင့် သက်ဆိုင်မည်ဟုဦးမြင့်အောင်ကယူဆသည်။ လက်ဝဲဘက်တွင် သားမြီးယပ်ကိုကိုင်စွဲထားသော နတ်သားရုပ်သည် အဝလောကိတေသွာရဘုရားအလောင်းနတ်သား၏ (၁၀၈)မျိုးသော ကိုယ်ပွားတော်များအနက် ကိုယ်ပွားတော်တစ်ဆူဖြစ်သော ဝဇြသြသတလောကေသွာရနတ်သား ပင်ဖြစ်မည်ဟု ဆိုပါသည် (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၄၇-၁၅၀)။ သုဝဏ္ဏဘူမိဗုဒ္ဓသာသနာသည် မူလကထေရဝါဒ ဗုဒ္ဓဘာသာဖြစ်သည်ဆိုသော်လည်း အဘယ်ကြောင့် မဟာယာနဂိုဏ်းအထောက်အထားမျိုးကိုတွေ့ရကြောင်း ဆက်လက်၍ သုတေသနပြုသင့်သည်ဟုအကြံပြုထား၏။ အောက်မြန်မာနိုင်ငံရှေးဦးရောက် ဗုဒ္ဓသာသနာနှင့်ပတ်သက်၍ ကလျာဏီသိမ်ကျောက်စာအလိုအားဖြင့် မဇ္ဈိမဒေသအိန္ဒိယပြည်ကို အစိုးရသောအသောကမင်းကြီးစေလွှတ်၍ သုဝဏ္ဏဘူမိ သို့ သာသနာပြုရန် အရှင်သောဏနှင့်ဥတ္တရထေရ်တို့ ကြွရောက်လာခဲ့ကြောင်း အဆိုရှိထား၏။ ထိုမထေရ်တို့ ပင့်ဆောင် လာခဲ့ကြသည့် ဘုရားရှင်သာသနာတော်မှာလည်း ထေရဝါဒပင်ဖြစ်ဟန်တူ၏။ သို့သော်ယခုတွေ့ရှိရသော ဝင်းကအုတ်ခွက် သည် မဟာယာနဂိုဏ်းဆန်လှပေသည်။ ထို့ကြောင့် အစဦးအလာအရလက်ခံခဲ့သော သုဝဏ္ဏဘူမိ၌ ထွန်းကား ခဲ့သည့်ထေရဝါဒဂိုဏ်းဗုဒ္ဓဘာသာနှင့် ယခုအုတ်ခွက်မှာမည်သို့မျှ မသက်ဆိုင်သကဲ့သို့ရှိသည်ဟုဆိုပါသည် (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၅၂)။

**အယက်သမ၊ ဝင်းက တူးဖော်မှု ခြုံငုံသုံးသပ်ချက်**

ဤအခန်းတွင် ဖော်ပြပြီးသမျှကို ခြုံငုံ၍အောက်တွင် သုံးသပ်ဝေဖန်ရပေဦးမည်။ သုဝဏ္ဏဘူမိကို ကွင်းဆင်းရှာဖွေ ခဲ့ကြသည့်အခါ မည်မျှအထိအကျိုးသက်ရောက်မှုရှိပါသနည်း၊ တူးဖော်သုတေသနရလဒ်များမည်သို့ရှိပါသနည်း၊ နောက် ဆက်တွဲအကျိုးဆက်များမည်သို့ ဂယက်ရိုက်ခတ်မှုရှိပါသနည်း စသည်တို့ကိုခြုံငုံသုံးသပ်ရပါမည်။ အောက် မြန်မာနိုင်ငံ၊ မွန်ပြည်နယ်၊ သထုံခရိုင်ဒေသအတွင်းရှိ ကေလာသတောင်ခြေမှ အယက်သည်မ ဝင်းကကို သုဝဏ္ဏဘူမိမြို့ဟောင်းနေရာ တစ်ခုအဖြစ်သတ်မှတ်လျက် တူးဖော်လေ့လာခြင်းပြုခဲ့ပါသည်။ ၁၉၇၇-ခုနှစ်မှ စ၍ ၎င်းလုပ်ငန်းစဉ်၏ပဏာမကွင်းဆင်း ခရီးစတင်သည့်အကြောင်းကို ၁၉၇၆-ခုနှစ်မတ်လထုတ် မွန်ပြည်နယ်နေ့စာစောင်တွင် "မွန်ပြည်နယ်ရှေးဟောင်းအမွေ အနှစ်များ" ခေါင်းစဉ်ဖြင့်ဆောင်းပါးတစ်စောင်ကို ဦးမြင့်အောင်က ရေးသားဖော်ပြခဲ့ပါသည်။ ထို့နောက် တက္ကသိုလ် ပညာပဒေသာစာစောင် အတွဲ ၁၂၊ အပိုင်း ၁ တွင် "သုဝဏ္ဏဘူမိမြို့ဟောင်းသမိုင်းအထောက်အထား" ဆောင်းပါးဖြင့် တူးဖော်သုတေသနလုပ်ငန်းအကြောင်းကို အစီရင်ခံခဲ့ပါသည်။ ထိုသို့ အစီရင်ခံပြီးနောက် ၁၉၇၆ ခုနှစ်စက်တင်ဘာလ (၁၅) ရက်နေ့ထုတ်လမ်းစဉ်သတင်းဂျာနယ်တွင် "သုဝဏ္ဏဘူမိကို ခေတ်ခွဲခြင်း" ဆောင်းပါးဖြင့် ဆက်လက်၍ အစီရင်ခံတင်ပြခဲ့ပြန်သည်။ ၎င်းနောက် ၁၉၇၇-ခုနှစ်၊ ဇွန်လထုတ်ငွေတာရီ မဂ္ဂဇင်းတွင် "သုဝဏ္ဏဘူမိ ဂဝံယဉ်ကျေးမှု" ဆောင်းပါးနှင့် နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် "သုဝဏ္ဏဘူမိမှ အုတ်ခွက်" ဆောင်းပါးများဆက်လက် ရေးသားဖော်ပြခဲ့သည်။ ဤကဲ့သို့ရေးသားဖော်ပြခြင်းများကြောင့် သုဝဏ္ဏဘူမိသုတေသနလုပ်ငန်း အပေါ်အများပြည်သူတို့ စိတ်ဝင်တစားဖြစ်လာခဲ့ပါသည်။ ဦးမြင့်အောင်သည် ((၁၉၊ ၃၊ ၁၉၇၈-ခုနှစ်) ထုတ်မွန်ပြည်နယ် နေ့စာစောင်တွင်လည်း "သုဝဏ္ဏဘူမိနှင့် တနင်္သာရီတိုင်းမှ ကျောက်ခေတ်သစ်အထောက်အထား" ဆောင်းပါးကိုရေးသားတင်ပြခဲ့ပါသေးသည်။

ထိုသို့ရေးသားဖော်ပြပြီးသမျှ စာတမ်း၊ ဆောင်းပါးနှင့် အစီရင်ခံစာများမှာ "သုဝဏ္ဏဘူမိ" ဟူသောအမည်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်အမည် ကင်ပွန်းတပ်ပေးခဲ့ပါသည်။ သို့သော်လည်း တူးဖော်သုတေသနရလဒ်များတွင် သုဝဏ္ဏဘူမိခေတ်ကို ဖော်ညွှန်းပြသနိုင်သော အထောက်အထားများလုံလောက်စွာ တင်ပြနိုင်ခဲ့ခြင်းမရှိသေးပေ။

ထိုအကြောင်းနှင့် ပတ်သက်၍ဦးမြင့်အောင်က ၎င်း၏ "သုဝဏ္ဏဘူမိ မြို့ဟောင်းသမိုင်းအထောက်အထား" ဆောင်းပါး (**တက္ကသိုလ်ပညာပဒေသာစာစောင်**၊ အတွဲ ၁၂၊ အပိုင်း ၁) တွင်

> သုဝဏ္ဏဘူမိမြို့ဟောင်းကို မွန်ပြည်နယ်တွင်ရှာဖွေတူးဖော်ရာ၌ ယခုနှစ် (၁၉၇၆) ပါဆိုပါမူ နှစ်ကြိမ်သာ ရှိပါသေးသည်။ တစ်ကြိမ်တွင်တစ်လမျှလုပ်ငန်းဆောင်ရွက်ရပေသေး၏။ ဤနှစ်ကြိမ်မျှဖြင့် တွေ့ရသောမြို့ရိုးနှင့် အဆောက်အအုံသည် သုဝဏ္ဏဘူမိမြို့ဟောင်းဖြစ်ပါပြီဟု ကောက်ချက်ချရန်စောလွန်းသေးသည်။ အထောက်အထားများပြည့်စုံအောင်သည်းခံ၍ နောက်နှစ်များ၌ ဆက်လက်တူးဖော်ခြင်းဖြင့် စဆောင်းရှာဖွေကြရပေဦးမည်။
>
> ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများကို တူးဖော်ရာတွင် တစ်ကြိမ်နှစ်ကြိမ်မျှဖြင့် အလိုရှိသော သမိုင်းရေးအဖြေများပေါ်ထွက်လာသည်မဟုတ်ချေ။ ထို့ကြောင့်ရှေးဟောင်းသုတေသနပညာရှင်များမိန့်မှာလေ့ရှိသည့်အတိုင်း "တူးဖော်ခြင်း၊ ဆက်လက်တူးဖော်ခြင်း" ဖြင့်သာ ရည်မှန်းထားသည့် သုဝဏ္ဏဘူမိ မြို့ဟောင်းကြီးသော်လည်းကောင်း၊ ရှေးကျသောယဉ်ကျေးမှုတစ်ရပ်ရပ်ဖြစ်သော်လည်းကောင်း မွန်ပြည်နယ်တွင်ပေါ်ထွက် လာလိမ့်မည်ဟု ယုံကြည်ရပေသတည်း။

ဟူ၍အစီရင်ခံခဲ့ပုံကို တွေ့နိုင်ပါသည် (မြင့်အောင်၊ ၂၀၀၇၊ စာ ၁၃၁-၂)။

ဤကဲ့သို့ဆက်လက်တူးဖော်ရန် လိုအပ်ချက်အရ နောက်ထပ်နှစ်ရာသီ (၁၉၇၇-၁၉၇၈) အတွင်း ဝင်းကအမှတ် ၃၊ ၄၊ ၅ နှင့် ၆ တို့ကို ထပ်မံတူးဖော်ခဲ့ပါသေး၏။ သို့သော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘာသာရေး အဆောက်အအုံနှစ်ခု (WK-5,6) တူးဖော်တွေ့ရှိသည့် အထောက် အထားမှာလည်း သုဝဏ္ဏဘူမိမြို့ဟောင်းယဉ်ကျေးမှု ဖြစ်ကြောင်း ခိုင်ခိုင်မာမာသက်သေပြနိုင်သောရလဒ်ကောင်း၊ အဖြေများဟုမဆိုနိုင်သေးပေ။

သုဝဏ္ဏဘူမိတူးဖော်သုတေသနလုပ်ငန်းအကြောင်းကို ဆက်တိုက်အစီရင်ခံတင်ပြနေသောဂျာနယ်၊ မဂ္ဂဇင်းများပါ ဆောင်းပါးများအရ သမိုင်းနှင့် ယဉ်ကျေးမှုကိုစိတ်ဝင်စားသူတို့ နယ်ပယ်တွင်အာရုံ စူးစိုက်မှုရှိခဲ့ပေသည်။ အထူးသဖြင့် မန္တလေးတက္ကသိုလ်သမိုင်းဌာန ပါမောက္ခတာဝန်ထမ်းဆောင်နေခဲ့သော ဆရာကြီးဒေါက်တာသန်းထွန်းသည် အထူးစိတ်ဝင်တစား စောင့်ကြည့်လေ့လာနေသူတစ်ဦးပင်ဖြစ်၏။ ၎င်းကိုယ် တိုင်ဦးစီးလျက် သမိုင်းကျောင်းသားတစ်စုနှင့်အတူ အယက်သည်မ ဝင်းက တူးဖော်မှုအပြီးနောက် တစ်နှစ်အကြာ (၃ နိုဝင်ဘာ ၁၉၇၉ ခုနှစ်) တွင်ကွင်းဆင်းလေ့လာရေး ခရီးထွက်ခဲ့သည်။ ဤအကြောင်းကို ကွင်းဆင်းအဖွဲ့ဝင်တစ်ဦးဖြစ်သော ခင်မောင်ကြီး၏ "ဝင်းက၊ အယက်သမဒေသနဲ့ သုဝဏ္ဏဘူမိအယူအဆ" ဆောင်းပါး၊ (သန်းထွန်း ၇၅ မွေးနေ့လက်ဆောင်၊ ရာရာဖွေဖွေမြန်မာသမိုင်းအတွဲ ၂၊ ရန်ကုန်၊ အင်းဝစာပေတိုက်၊ ၁၉၆၉) တွင်-

> ပုဂ္ဂိုလ်အချို့က သုဝဏ္ဏဘူမိမြို့ပြမင်းနိုင်ငံလို့ယူဆထားတဲ့ မွန်ပြည်နယ်၊ ကေလာသတောင်ခြေ အယက်သမ ကျေးရွာနဲ့ ဝင်းကကျေးရွာဒေသကို ရှေးဟောင်းသုတေသနဌာနက ၁၉၇၅-၇၆ ခုနှစ်မှာ တူးဖော်ခဲ့ပါတယ်။ ဒီဒေသကို ဆရာဒေါက်တာသန်းထွန်းဦးဆောင်ပြီး၊ မန္တလေးတက္ကသိုလ်သမိုင်းဌာနက ကျွန်တော်တို့ မဟာဝိဇ္ဇာတန်းကျောင်းသားကျောင်းသူများ ၃ နိုဝင်ဘာ ၁၉၇၉ မှာ ကွင်းဆင်းလေ့လာခဲ့ပါတယ် . . .
>
> ဒီဒေသဟာ လတ္တီတွဒ် ၁၇°-၁၅' မြောက်၊ လောင်ဂျီတွဒ် ၇၉°-၁၀' အရှေ့ဖြစ်ပြီး ကေလာသတောင်ခြေ၊ စစ်တောင်းမြစ်ဝမှာ တည်ရှိပါတယ်။ အရှေ့ဘက်မှ ကေလာသတောင်တန်းရှိပြီး၊ အနောက်ဘက်မှာ ပင်လယ်ဖြစ်ပါတယ်။ လက်ရှိကျေးရွာများဟာ တောင်ခြေဘက်သို့လှုပြီး တည်ထားတာတွေ့ရတယ်။ ဒါပေမယ့် တောင်ခြေအထိ ပျံ့နှံ့ခြင်းမရှိပါ။

ဟူ၍ဖော်ပြထားသည်ကိုတွေ့ရသည် (ခင်မောင်ကြီး၊ ၁၉၉၆၊ စာ၊ ၁)။ ဤအဖွဲ့သည် အရက်သည်မ၊ ဝင်းကတွင် ညအိမ်ညနေ အချိန်ယူပြီး ကွင်းဆင်းသုတေသနပြုခဲ့ဟန်တူ၏။ တူးဖော်မှုလုပ်ငန်းပြီးစီးခါစ၊ ပေါ်ထွက်လာပြီးသမျှ (ဝင်းက ၁ မှ ၆၊ အရက်သည်မအမှတ် -၁) အဆောက်အအုံတို့ကို ကြည့်ရှုလေ့လာပြီး ၎င်းတို့၏အမြင်ကို (အကျဉ်းချုံး) ဖော်ပြထားသည်ကို အောက်ပါအတိုင်းတွေ့ရပါသည်။

ဝင်းကရွာအမှတ် (၁) ကုန်း-အုတ်အဆောက်အအုံတစ်ဆောင်တွေ့ရတယ်။ အဆောက်အအုံဟာ လေးထောင့်စတုရန်းဆန်တယ်။ အနားတစ်ဘက် ၆၉ ပေအရှည်ရှိပြီး၊ အခန်း ၁၄ ခန်းနဲ့ဖွဲ့စည်းထားတယ်။ အလယ်ခန်းမကြီးကို လေးဘက်လေးတန်မှ အခန်းအရွယ်အစားအမျိုးမျိုး ၁၃ ခန်းက ပတ်ရံထားတယ်။ အလယ်ခန်းမနဲ့ဆက်သွယ်ဖို့ တံခါးပေါက်တွေဖောက်ထားတယ်။ ဒါပေမယ့် အဆောက်အအုံထဲ ဝင်ဖို့ထွက်ဖို့အတွက် အပေါက်ကိုမတွေ့ရပါ။ အရှေ့ဘက်အုတ်ရိုးမှာအဟိုက် နှစ်ခုပြုလုပ်ထားပြီး အစွန်းအနည်းငယ်ထုတ်ထားတာတွေ့ရပါတယ်။ ဒီနေရာကနေလှေကားတပ်ပြီး အသုံးပြုတယ်လို့ယူဆနိုင်ပါတယ်။ အနောက်ဘက်အုတ်ရိုးဟာ အနောက်ဘက်သို့ ၁၅ ဒီဂရီ ခန့်စောင်းနေတာကို တွေ့ရပါတယ်။ အုတ်မြစ်ချခြင်းမရှိသည့်အပြင် အုတ်စီပုံညံ့တာကိုတွေ့ရပါတယ်။ အုတ်ချပ်ကြီးတွေကို အသုံးပြုတယ်။ မြေအုတ်အသုံးပြုတယ်။ အုတ်တောင်တွေရဲ့ထုအကျယ်ဟာ ၄ ပေခွဲခန့်ကျယ်တယ်။

အမှတ် (၂) ကုန်း - ဒီကုန်းက အဆောက်အအုံဟာ ကုန်းအမှတ် (၁) အဆောက်အအုံနဲ့ပေ ၁၂၀ ကျော်ကွာတာတွေ့ရတယ်။ အဆောက်အအုံပုံစံဟာ စတုဂံပုံဖြစ်ပြီး တောင်မြောက် အနားတစ်ဘက်ဟာ ၅၆ ပေခန့်ရှိတယ်။ အရှေ့အနောက်အနံဟာ ၃၆ ပေခန့်ရှိတယ်။ အခန်း ၈ ခန်းနဲ့ ဖွဲ့စည်းထားတယ်လို့ယူဆနိုင်ပါတယ်။ အုတ်တောင်တွေရဲ့ထုအကျယ်ဟာ ၃ ပေခွဲခန့်ရှိတယ်။ မြေအုတ်အသုံးပြုတယ်။ အုတ်ချပ်ကြီးတွေ အသုံးပြုတယ်။ လှေကားဟာအရှေ့မြောက်ဒေါင့်က တောင်ဘက်ကိုတက်တဲ့လှေကားခုံရှိတယ်။ အမှတ် (၅) ကုန်း-ဒီကုန်းက အဆောက်အအုံဟာ အခန်း ၁၁ ခန်းနဲ့ဖွဲ့စည်းထားတယ်။ မြေအုတ်အသုံးပြုတယ်။ အုတ်စီပုံစနစ်ကျမှုမရှိပါ။ ကုမာရစေတီနဲ့ ၂၁၅ ပေခန့်ကွာဝေးတယ်။ အဆောက်အအုံနံရံဟာ အနောက်ဘက်ကို ၂၀ ဒီဂရီစောင်းနေတယ်။ အိုးကွဲများတွေ့ရပါတယ်။ ကုန်းအမှတ် (၃-၄-၆) တို့မှာ ပီပြင်မှုမရှိတော့ပါ။ အယက်သမရွာ-အယက်သမရွာမှာ မြေမြို့ရိုးတစ်ခုတွေ့ရတယ်။ အမြင့် ၂၇ ပေခန့်ရှိတယ်။ ထိပ် အကျယ် ၁၃ ပေခန့်ရှိတယ်။ ဂဝံကျောက်နှစ်လွှားနဲ့ ထပ်စီးပြုလုပ်ထားတယ်။ ကျောက်နှစ်လွှာက အစီးအနင်းမကောင်းပါ။ မြေမြို့ရိုးက ပတ်လည်မရှိလို့ ခံတပ်လို့ပဲယူဆနိုင်ပါတယ် (ခင်မောင်ကြီး၊ ၁၉၉၆၊ စာ ၁-၂)။

ဆောင်းပါးရှင် ခင်မောင်ကြီးသည် ဝင်းကရွာမှကုမာရစေတီခေါ်ဂဝံကျောက်စီ စေတီငယ်တစ်ဆူတွေ့ရကြောင်း ဝင်းကရွာဦးအောင်စိန်(ရွာလူကြီး)နေအိမ်တွင် ဂဝံကျောက်ဖြင့် ထုလုပ်ထားသောခြင်္သေ့ရုပ် နှင့်ဗုဒ္ဓဆင်းတုတော်များ တွေ့ရကြောင်း

ရာမာဓိပတိ (ဓမ္မစေတီ) ခရစ် ၁၄၇၀ တွင် ရေးထိုးသည့်ကလျာဏီ သိမ်ကျောက်စာမှာ မြန်မာနိုင်ငံအောက်ပိုင်း စစ်တောင်းမြစ်နဲ့ သံလွင်မြစ်နှစ်သွယ်ကြား၊ မုတ္တမပင်လယ်ကွေ့ ကေလာသတောင်ခြေက ဝင်းကကျေးရွာနဲ့ အယက်သမဝန်းကျင် ဒေသဝန်းကျင်ကို သုဝဏ္ဏဘူမိ မြို့ပြနိုင်ငံ ဒေသအဖြစ်ဖော်ပြခဲ့ပါတယ်။ ဒီဒေသတွေမှာ ဖော်ပြခဲ့တဲ့အတိုင်း ရှေးဟောင်းသုတေသနတူးဖော်ချက်များအရ၊ အဆောက်အအုံ ၃ ဆောင်၊ ကုမာရစေတီနှင့် အခြားအိုးကွဲအစအနများသာ တွေ့ရပါတယ်။ ပညာရှင်အချို့ယူဆထားတဲ့ သုဝဏ္ဏဘူမိမြို့ပြမင်းနိုင်ငံဟာခရစ်နှစ် မတိုင်မီကပင် ထွန်းကားကြွယ်ဝခဲ့သော ဗုဒ္ဓသာသနာထွန်းကားခဲ့ကြောင်း စသဖြင့်ယူဆထားကြပါတယ်။ ဒါပေမယ့် လက်ရှိလေ့လာတဲ့အခါမှာ ဒီဒေသဟာ မြို့ပြမင်းနိုင်ငံလို့ ယူဆနိုင်လောက်အောင် မြို့ပြမင်းနိုင်ငံတစ်ခုရဲ့ ဗိသုကာအင်္ဂါရပ်များပြောပလောက်အောင်မရှိပါ။ (ဥပမာ-မြို့ရိုး၊ ကျုံး၊ နန်းတော်ရာ၊ သာသနာ့

> အဆောက်အအုံများနဲ့ အခြားအသုံးအဆောင်ပစ္စည်းများ) ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ခဲ့ရင် ကုန်သွယ်ကူးသန်းပြုခဲ့တဲ့နိုင်ငံများရဲ့ အထောက်အထား (ဥပမာ-အနုပညာ လက်ရာပစ္စည်းများ၊ ဒင်္ဂါးများ) ကိုတွေ့ရှိရမှာ ဖြစ်ပေမယ့် ယခုမတွေ့ရပါ။ မိုးများတဲ့ ဒေသဖြစ်လို့ ရှေးပစ္စည်းများ ပျက်စီးလွယ်တယ်လို့ဆိုနိုင်ပေမယ့်လဲ၊ မရှိလို့သာမတွေ့ရတောလို့ပြောတာက ပိုပြီးမှန်နိုင်ပါတယ်။ ဒါ့ကြောင့် ဒီဒေသဟာသုဝဏ္ဏဘူမိမြို့ဟောင်းမင်းနိုင်ငံရဲ့ မြို့ဟောင်းမြို့တော်လို့ ယူဆဘို့အလွန်ခဲယဉ်းပါတယ် (ခင်မောင်ကြီး၊ ၁၉၉၆၊ စာ ၂)။

ဟူ၍သူ၏ လေ့လာတွေ့ရှိချက်များကို အကဲဖြတ်တင်ပြသည်။

သုဝဏ္ဏဘူမိမြို့တော်ဟောင်းနေရာဟု သတ်မှတ်ပြီး သုတေသနပြုစုခဲ့သော "ဝင်းက၊ အယက်သည်မ" တူးဖော်မှု ကာလတစ်လျှောက်လုံးကို ပြန်လည်ဝေဖန်သုံးသပ်ကြည့်လျှင် ပဏာမကွင်းဆင်းခဲ့စဉ်က "ဝင်းကရွာတွင် အုတ်ကုန်းနိမ့်များအနံ့နှင့် အုတ်မြို့ရိုးတစ်ထပ်တွေ့ရှိရပေသည်။ သို့သော်ယင်းတို့သည် ပုဂံခေတ်ထက်ရှေးကျဟန် လက္ခဏာမရှိကြချေ" (မြင့်အောင် ၁၉၇၆။ ၂၀၀၇ စာ ၁၁၄)။ ဟုယူဆပြီး တူးဖော်မှုရာသီတစ်လျှောက်လုံး ထိုမြို့ရိုးကုန်းကို စမ်းသပ်တူး ဖော်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ခင်မောင်ကြီးက ဝင်းကတွင်မြို့ရိုးဟောင်း၊ ကျုံးဟောင်းမရှိကြောင်း ထောက်ပြထားသည် ကိုတွေ့ရ၏။

ထို့အပြင် နန်းတော်ရာကုန်းဟောင်းနေရာကို လည်းရှာဖွေ၍ သတ်မှတ်ပေးနိုင်ခြင်းမရှိခဲ့ပေ။ မြို့ဟောင်းရာ၏ စနစ်ပုံကိုလည်းဖော်ထုတ်ပေးနိုင်ခြင်း မရှိကြောင်းကိုလည်း တွေ့ရသည်။ သို့ဖြစ်၍ ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ မြို့များကဲ့သို့ ရှေးမြို့ဟောင်းတစ်ခုဖြစ်ကြောင်း သက်သေထူပြသနိုင်ခြင်းပင်မရှိခဲ့ပေ။

စင်စစ်ဝင်းကရွာ၊ တိုက်ကုလားသုဝဏ္ဏဘူမိမြို့ဟောင်းသည် ၎င်းကိုတည်ထောင်ပြီး နှစ်ပေါင်း (၂၄၀)ခန့်အကြာတွင် ပင်လယ် (စစ်တောင်းမြစ်) တိုက်စားဖြိုဖျက်ခြင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့ပြီဖြစ်ကြောင်း သထုံရာဇဝင်တွင် ဖော်ပြထားခဲ့ပြီဖြစ်သည်။ ထိုစဉ်က မြို့ဟောင်းနေရာတစ်ခုလုံး ပြိုက်ပျက်ခြင်းမဟုတ် တောင်စောင်းနှင့်မြေပြန့်နေရာ (ယခုဝင်းကရွာ တစ်လျှောက်လုံး) မှာ လက်ရေးစင်းအုတ်နှင့် အုတ်ကုန်းအုတ်ထပ်များ ကြည့်စရာကျန်ပါသေးသည်။ သို့သော် မြို့တော်ကြီး၏ မြေပြန့်ပိုင်း တစ်ခုလုံးနီးပါးမှာ ထိုအချိန်ကပင် ပျက်စီးသွားခဲ့ပေမည်။ ထို့ကြောင့်ပင် သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့တော်ကို လက်ရှိသထုံမြို့ဟောင်း နေရာသို့ တစ်ဖန်ပြောင်းရွှေ့စိုက်ထူခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က လူနေမှုကုန်းများနှင့် နန်းတော်ကုန်းအပါအဝင် မြို့ဟောင်း၏အနောက် မြေနိမ့်ပိုင်းမှာ ကမ်းပြိုပျက်စီးသွားပြီဟု ယူဆရန် အကြောင်းရှိပေသေးသည်။

သို့သော်မြေမြင့်ပိုင်းဖြစ်သော တောင်ခြေမြေပြန့်နှင့် တောင်စောင်းနေရာတို့တွင် မြို့ရိုးဟောင်းများရှိပေသေးသည်။ ကျုံးဟောင်းနေရာ အချို့လည်း တစ်ပိုင်းတစ်စကျန်ရှိနိုင်ပေသေးသည်။ ၎င်းတို့ကို တူးဖော်ရေးကာလအတွင်း ဖော်ထုတ်ပေးနိုင်ခြင်းမရှိသေးသည်ကို တွေ့ရမည်ဖြစ်ပါသည်။

နောက်ထပ်တူးဖော်သုတေသနပြုသူများ သတိချပ်ရန်အချက်ကိုလည်း တင်ပြလိုပါသေးသည်။ ဓမ္မစေတီမင်း၏ ကလျာဏီသိမ်ကျောက်စာအညွှန်းအတိုင်း အယက်သည်မရွာ တိုက်ကုလားမြို့ဟောင်းနေရာမှာ မြို့နံရိုးလေးဖက်နှင့် ရှေးမြို့ဟောင်းနေရာတစ်နေရာအဖြစ် သတ်မှတ်နိုင်ပါသည်။ သို့သော်လည်း ၎င်းသုဝဏ္ဏဘူမိခေတ်အထောက်အထားမှာ နှောင်းခေတ် (အလယ်ခေတ်) တိုက်ကုလားမြို့ကို ထပ်ဆင့်တည်ထားခဲ့ခြင်းကြောင့် နှောင်းခေတ်ယဉ်ကျေးမှုများဖြစ်ကြသော ညောင်ရမ်း၊ ကုန်းဘောင်ခေတ် အထောက်အထားများရောနှောနေပြီဖြစ်ပါသည်။ ထို့ကြောင့် တူးဖော်သုတေသနပြုသူ ဦးမြင့်အောင်က ဤ (တိုက်ကုလား) မြို့ဟောင်းသည် ပဒေသရာဇ်ခေတ်လယ်ကာလအထိ လူနေမှုတစ်ဆက်တည်း ရှိခဲ့ကြောင်း၊ မွန်သူရဲကောင်း "မသံလုံ" ကိုရာဇာဓိရာဇ်က "လဂွန်းအိမ်" ဘွဲ့ကိုပေး၍ မြို့စားအဖြစ်ချီးမြှင့်မြှောက်ထားခဲ့သော "တိုက်ကုလား" ဟုယူဆနိုင်ကြောင်း၊ ထိုစဉ်က တိုက်ကုလားကို ခံတပ်မြို့တစ်ခုအဖြစ်အောက်မြန်မာနိုင်ငံတွင် တည်ထောင်ခဲ့သေးကြောင်းယူဆရကြောင်းဆိုထားပါသည်။ (Myint Aung, 1999, p. 57)။

ထိုသို့ဆိုရငြားသော်လည်း မြန်မာအစဉ်အလာ မှတ်တမ်းများတွင်အခိုင်အမာဖော်ပြထားသော အောက်မြန်မာနိုင်ငံမှ သုဝဏ္ဏဘူမိမြို့ဟောင်းသည် မသေချာမရေရာသည့် သဘောကိုဆောင်သွားသည်။ တည်နေရာ အတိအကျ မဖော်ပြနိုင်သေးသော ရှေးဟောင်းနေရာတစ်ခုဖြစ်သွားခဲ့ပေပြီ။ "ဝင်းကာ၊အယက်သည်မဒေသနှင့် သုဝဏ္ဏဘူမိ အယူအဆ" အပေါ်ဝေဖန်သုံးသပ်သူ ခင်မောင်ကြီး၏ ဆောင်းပါးတွင်မူ ဤဒေသမှာ သုဝဏ္ဏဘူမိဟုဆိုရအောင် အထောက်အထားမရှိသေးကြောင်း ငြင်းဆိုထားသည်သာမက သုဝဏ္ဏဘူမိကို မြန်မာနိုင်ငံနယ်နိမိတ်အပြင်အပသို့ ရောက်အောင် တွန်းပို့ခဲ့ပုံကို တွေ့ရပေသည်။ ၎င်းက

> ရီဂျင်နယ်လီမေ (Reginal Lemay) က သုဝဏ္ဏဘူမိမြို့ဟောင်းနိုင်ငံဟာ အင်ဒိုနီးရှားနိုင်ငံသာ ဖြစ်နိုင်တယ်လို့ဆိုပါတယ်။ အရှင်စက္ကပါလ (တောင်ပေါက်ဆရာတော်) ကတော့အင်ဒိုနီးရှားနိုင်ငံ သုမာတြာကျွန်း (စုမားတြား)သာလျှင် မူလသုဝဏ္ဏဘူမိဖြစ်တယ်လို့ဆိုပါတယ်။

ဟုတင်ပြခဲ့သည် (ခင်မောင်ကြီး၊ ၁၉၉၆၊ စာ ၂)။

ဤသို့ဖြင့် ဝင်းကာ၊ အယက်သည်မ တူးဖော်သုတေသန တစ်စခန်းရပ်နားချိန်မှာ သုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံမှ ပျောက်ဆုံးသွားခဲ့ပြီး၊ အင်ဒိုနီးရှားနိုင်ငံစုမားတြားကျွန်းသို့ ရွှေ့ပြောင်းနေရာချထားခြင်းခံရပုံ ကိုရှုမြင်သုံးသပ်ရပေသည်။



*ကွမ်းဆိပ်ကျောက်စာ*




*ကျိုက္ကသာ အုတ်ခွက်ဘုရား*

# ကွင်းဆင်းသုတေသန တွေ့ရှိချက်များ


## ကျိုက္ကသာမြို့ဟောင်း

ကျိုက္ကသာ (၁၇°၊ ၂၁' x ၉၆°၊ ၅၅') သည် စစ်တောင်းမြစ်အရှေ့ကမ်းတွင်ရှိ၏။ သစ်တောဓါတ်ပုံ အင်ဂျင်နီယာဦးအောင်မြင့်က ထိုမြို့ဟောင်းကို ကောင်းကင်ဓါတ်ပုံမှ လေ့လာတွေ့ရှိခဲ့ပြီး ကိုယ်တိုင်ကွင်းဆင်းခဲ့၍ ဖော်ထုတ်ပေးခဲ့သည်။ ပဲခူးရာဇဝင်လူစွမ်းကောင်း အသားမင်းသားစေတီကိုစွဲ၍ ကျိုက်အသား (အသားဘုရား) အမည်တွင်ခဲ့ရာမှ ကျိုက္ကသာအမည်တွင်သည်ဟု အဆိုရှိပါသည်။ ထိုသို့အမည်တွင် နေသော်လည်း မြို့ဟောင်းသည် အသားမင်းသားခေတ် (အေဒီ ၉ ရာစု နှစ်) ထက်ပင်ပို၍ရှေးကျဟန် တူပေသည်။

မြို့ဟောင်း၏ ပုံသဏ္ဍာန်သည် အနားမညီသောအလျားရှည်သည့်အဝိုင်းပုံ (ခြေရာပုံ) ရှိ၏။ အရှေ့နှင့်အနောက် အလျားတစ်မိုင်ခွဲခန့်နှင့် တောင်နှင့်မြောက်အနံတစ်မိုင်ခန့်ရှိ၍ အနားပတ်လည်လေးမိုင်ခွဲခန့်ရှိသည်။ အကျယ်အဝန်းမှာ ၆၆၇ ဧကခန့်ရှိပါသည်။ သို့ဖြစ်၍ ရှေးမြို့တော်တစ်ခု အရွယ်အစားမျှကြီးပေသည်။ အပြင်ဝန်းကို မြို့ရိုးနှစ်ထပ်ရံလျက် လည်းကောင်း၊ အတွင်းထပ်မြို့ရိုး (၇) ထပ်ခန့်လည်းကောင်း၊ အရစ်အထပ်ထပ်များများတည်ထားပုံကို ထူးခြားစွာတွေ့ရ၏။ ယင်းကဲ့သို့မြို့ရိုး နှင့် ကျုံးထပ်များများတည် ထားပုံကို ကော့ထင်၊ ဇုတ်သုတ်၊ ကတိုက်နှင့် သထုံမြို့ဟောင်းတို့တွင်တွေ့ရ သေး၏။ ကျိုက္ကသာနှင့် ဆင်တူယဉ်ကျေးမှုမျိုး ၄င်းအနီးဝန်းကျင်မှာပင် ပျံ့နှံ့တည်ရှိနေခြင်းပင်ဖြစ်ပါသည်။ ကျိုက္ကသာကို ၁၉၈၁ ခုနှစ်မှစ၍ မြေပြင်ကွင်းဆင်းလေ့လာခြင်းစတင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရှေးဟောင်းသုတေသနတူးဖော်မှုများ စတင်ခဲ့ကြောင်းသိရ၏။



*ကျိုက္ကသာမြို့ဟောင်း ကောင်းကင်ဓာတ်ပုံ (ဦးအောင်မြင့်)*




*ကျိုက္ကသာမြို့ဟောင်း ဆွဲပုံ (ဦးအောင်မြင့်)*





*ဘုရားတစ်ထောင်ကုန်းမှ ရှေးဟောင်း ဂဝံကျောက်ဆစ်ရုပ်များ*



ဘုရားတစ်ထောင်ကုန်းမှ ရှေးဟောင်း ဂဝံကျောက်ဆစ်ပစ္စည်းများ



ဘုရားတစ်ထောင်ကုန်းမှ ရှေးဟောင်း ဂဝံကျောက်ဂူ



ကျိုက္ကသာမှ လက်ရေးစင်အုတ်ချပ်များ




ကျိုက္ကသာမှ မြေမီးဖုတ်မြင်းစီးလူရုပ်



ကျိုက္ကသာမှ ကျောက်သားမြင်းစီးလူရုပ်



ကျိုက္ကသာမှ ဂဝံခြေဆင်းထိုင်တော်မူနေသည့် ရုပ်ပုံ



ကျိုက္ကသာ ဒင်္ဂါးများ (ခရုသင်း နှင့် သီရိဆ္ဆေပုံများ)



ကျိုက္ကသာမှ ကြေးဆင်းတုငါးဆူပုံ



ကျိုက္ကသာ မုဆိုးမဂူခေါ် ဂဝံကျောက်ထွင်းလိုဏ်ဂူ




ကျိုက္ကသာမှ ကျောက်ချော လက်နတ်နှင့် မြေပုတီးစေ့



*ကျိုက္ကသာ မုဆိုးမဂူအတွင်း ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)နှင့် ဒေါက်တာကံညွန့်
( ရန်ကုန်တက္ကသိုလ်သမိုင်းဌာန) တို့ အဖွဲ့ဝင်ရောက်လေ့လာစဉ်*



*ကျိုက္ကသာမြို့ဟောင်း ဘုရားတစ်ထောင်ကုန်းမှ ဂဝံပစ္စည်းများ*

ကျိုက္ကသာမြို့ရိုးများမှာ ဂဝံအုတ်များနှင့် မြေမီးဖုတ်အုတ်ချပ်များရောလျက် တည်ဆောက်ထားကြောင်းသိရ၏။ မြေအုတ်ချပ်မှာအရွယ်အစားကြီးမားသည့် (၁၈' X ၉' X ၇') အမျိုးအစားဖြစ်သည်။ အုတ်ချပ်မျက်နှာပြင်မှ လက်ရေးစင်းအမှတ်အသားကိုတွေ့ရပါသည်။ အောက်မြန်မာနိုင်ငံတွင် လက်ရေးစင်းအုတ်ခလေ့ကို ရှေးဦးစွာ ရှာဖွေတွေ့ရှိခဲ့သော မြို့ဟောင်းလည်းဖြစ်ပါသည်။ ယင်းအုတ်မျိုးကို မိုင်းမော၊ ဗိသနိုး၊ သရေခေတ္တရာ၊ တောင်တွင်းကြီး၊ သဲကုန်း၊ ဟန်လင်း၊ ဝတီးပျူမြို့ဟောင်းများတွင် တွေ့ထားပြီးဖြစ်၍ ကျိုက္ကသာကို ပျူမြို့များနှင့် ခေတ်ပြိုင်မြို့တစ်မြို့ဖြစ်မည်ဟု ခန့်မှန်းနိုင်ခဲ့ပါသည်။



*ကျိုက္ကသာမြို့ဟောင်း၊ ဘုရားတစ်ထောင်ကုန်းမှ ဂဝံကျောက်ဆစ်လက်ရာပစ္စည်းများ*




*ကျိုက္ကသာမြို့ဟောင်း တူးဖော်မှု အမှတ်(၇)ကုန်း (၂၀၀၀ ပြည့်နှစ်)မှ ရရှိသော မြေမီးဖုတ်လူရုပ်တု*

ကျိုက္ကသာမြို့ဟောင်းကွင်းဆင်းအဖွဲ့သည် မြို့ဟောင်းသမိုင်းအတွက် ယဉ်ကျေးမှုပစ္စည်းအထောက်အထားများကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ပျူခေတ်ငွေဒင်္ဂါးပြားများ၊ ကျောက်ချော ခေတ်လက်နက်နှင့် ပုတီးစေ့များ၊ အစေ့အဆန်ကြိတ်သော ကျောက်ကျိတ်ဆုံအပိုင်းအကျိုးတစ်ခု မြေမီးဖုတ်မြင်းစီးလူ ရုပ်အပိုင်းအကျိုးနှစ်ခုတို့ တွေ့ရသောကြောင့် ကျိုက္ကသာသည် မြန်မာနိုင်ငံပျူခေတ်နှင့် ထိုင်းနိုင်ငံဒွါရဝတီခေတ်တို့နှင့် ခေတ်ပြိုင်မြို့ဟောင်းကြီးဖြစ်နိုင်ပုံကို သိခွင့်ရခဲ့၏။ မြို့ဟောင်းအတွင်းမှ စေတီပျက်ကုန်းများ စွာကိုတွေ့ရပြီး ရှေးဟောင်းအုတ်ခွက်ဘုရားဆင်းတုများနှင့် ကြေးဆင်းတုငါးဆူတို့ကို မှတ်တမ်းတင်ခဲ့သည်။ မြို့ဟောင်း၏အရှေ့ဘက်မြို့ရိုးမှ မုဆိုးမဂူနှင့် ဖော့ကဗန်းဂူများကိုလည်း ရောက်ရှိပြီး ဂဝံကျောက် ထုတ်လုပ်သည့် ကျောက်ကျင်းကိုလည်း လေ့လာခဲ့၏။ ၄င်းခရီးစဉ်အပြီး ၁၉၇၆ ခုနှစ်တွင် ကျိုက္ကသာကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ စတင်တူးဖော်လေ့လာခဲ့ပါသည်။



*ကျိုက္ကသာမြို့ဟောင်း တူးဖော်မှု အမှတ်(၇)ကုန်း (၂၀၀၀ ပြည့်နှစ်)*




*ကျိုက္ကသာမြို့ဟောင်း တူးဖော်မှု အမှတ်(၇)ကုန်း (၂၀၀၀ ပြည့်နှစ်)မှ ရရှိသော မြေမီးဖုတ်ဆင်ရုပ်တု*



*ကျိုက္ကသာမြို့ဟောင်း မြေထည်ပစ္စည်းများ*

ကျိုက္ကသာ(၁၇°၊ ၂၂' X ၉၆°၊ ၅၅') သည် မြောက်ဘက်သို့ စစ်တောင်းမြို့ဟောင်း၊ တောင်ဘက်တွင် ကော့ထင်းမြို့ဟောင်း (၁၇°၊ ၁၉' X ၉၆°၊ ၅၉')၊ အနောက်မြောက်ဘက်တွင် ကြံ့တူ(ဝေါမြို့) ရှေးဟောင်းနေရာတို့ရှိ လျက်တည်နေပုံအရ စစ်တောင်းမြစ်ဝကျွန်းပေါ်တစ်ခုလုံး ယဉ်ကျေးမှုပျံ့နှံ့နေပုံကို တွေ့နိုင်ပေသည်။ ဂဝံကျောက်ဆစ် ခြင်္သေ့ရုပ်၊ ဆင်ရုပ်၊ ဂဠုန်ငှက်ရုပ်၊ ဂဝံစေတီ၊ ဂဝံနှစ်ကျိပ်ရှစ်ဆူပုံတော် ကျောက်ဆစ်ရုပ်၊ ကြာပွင့်သဏ္ဍာန်ပန်းတင်ခုံ၊ ဆွမ်းတင်ခုံများတွေ့ရပါသည်။ ကျိုက္ကသာမှ ဂဝံမြေအောက် ဥမင်လိုဏ်ဖောက်လုပ်ထားပုံစနစ်ကိုလည်း လေ့လာ တွေ့ရှိခဲ့ရပါသည်။



*ကျိုက္ကသာမြို့ဟောင်းမှ မြေပုတီးများ*

# ကေလာသတောင်ခြေဒေသ ရှေးမြို့ဟောင်းများ

## ပထဝီအနေအထားနှင့် ဘူမိရုပ်သွင်

### တည်နေရာ

ရန်ကုန်မှ မော်လမြိုင် မီးရထားဖြင့်သွားသော လမ်းခရီးတွင် ကျိုက်ထိုမြို့ကို လွန်သော် ကေလာသတောင်ကို လမ်း၏ညာဘက်၌ တွေ့နိုင်ပါသည်။ မရမ်းကုန်းနှင့် တောင်စွန်းဘူတာသို့ အကြား၌ရှိ၏။ အလျား(၅)မိုင်၊ အနံ(၃)မိုင်ခန့်၊ တောင်တန်း၏အလယ်ပိုင်းမှာ အမြင့် (၁၁၇၁ ပေခန့်ရှိသော) တောင်ထွတ်ပေါ်တွင် ကေလာသစေတီကို ဖူးတွေ့ရ၏ ထိုစေတီရင်ပြင်မှ ရာမာဓိပတိ (ဓမ္မစေတီ) မင်း၏ ကျောက်စာတွင် ဘုရားသခင်၏ ဆံတော်ဓာတ်နှင့် သွားတော်ဓာတ်များ ကိန်းအောင်းရာ စေတီဟောင်းကို ထိုမင်းလက်ထက် ပြုပြင်တည်ထားခဲ့ကြောင်း ရေးထိုးထားသည်။ တောင်အနောက်ဘက် မြသိန်းတန်တောင်ပေါ်က ကျိုက်သလန်းစေတီနှင့် တောင် အရှေ့ဘက် ဆောင်ခဲတောင်ပေါ်မှ ကျိုက်တဲစေတီတို့မှာ ပုဂံ ကျန်စစ်သားမင်းက ယခင်စေတီဟောင်း အပျက်အစီးများကို မိမိလက်ထက် (အေဒီ ၁၀၉၈ )၌ အသစ် မွမ်းမံပြုပြင်ခဲ့ရပုံများကို ရှေးမွန်ဘာသာဖြင့် ကျောက်စာတိုင်များ ရေးထိုးစိုက်ထူခဲ့ကြောင်း သိရပါသည်။




မြသိန်းတန်(ကျိုက်သလန်း)တောင်ခြေတွင် တိုက်ကုလားမြို့ဟောင်း တစ်နေရာရှိ၏။ ယခု အယက်သမရွာတွင်ဖြစ်၏။ မုတ္တမနှင့် ဟံသာဝတီခေတ် မင်းများလက်ထက်မှ ကုန်းဘောင်ခေတ်နှောင်းပိုင်းရောက်သည်အထိ တိုက်ကုလားအမည်ဖြင့် ထင်ရှားခဲ့သော ပဒေသရာဇ်နယ်စားမင်း ပိုင်စားရသည့် မြို့ဟောင်းတစ်ခုဖြစ်၏။ ကုန်းဘောင်ခေတ် တိုက်ကုလားနယ်၏ မြောက်ဘက်တွင် စစ်တောင်းမြို့ အရှေ့ဘက်တွင် ယင်းအုံမြို့ တောင်ဘက်တွင် ဒုံဝန်းမြို့နယ်များရှိ၍ အနောက်ဘက်မှာ ပင်လယ်(စစ်တောင်းမြစ်)ဖြစ်သည်။ ယင်းတိုက်ကုလားမြို့ဟောင်း တည်နေရာ ကေလာသတောင်ခြေမှာပင် ယခု မရမ်းကုန်း၊ ပိုင်ဒန်၊ အယက်သမ၊ ဝင်းက၊ ကျောက်လုံးကြီး၊ တောင်ကြီး၊ ကင်းရွာ၊ တောင်စွန်း၊ ကြီးပင်၊ တောင်ကလေး၊ ဆက်သွား၊ ဆင်အင်း၊ ကျိုက်တဲကျေးရွာများ ရှိကြ၏။ ၎င်းကေလာသတောင်ခြေနှင့် တောင်ပေါ်ဘုရား၊ စေတီများတည်ထားရာ တောင်ထွတ်များ၊ လှိုမြောင်၊ တောင်စောင်း၊ တောင်ရိုးများသည် ရှေးသုဝဏ္ဏဘူမိခေတ် တိုက်ကုလားမြို့ဟောင်း၏ တည်နေရာပင်ဖြစ်၏။

**ဘူမိရုပ်သွင်**

ကေလာသတောင်သည် မုတ္တမတောင်တန်း၊ ကျောက်အမျိုးအစား(Martaban Series)တွင် ပါဝင်ပြီး သက်ရင့်ကျောက်တောင်တစ်ခုဖြစ်သည်။ ထိုတောင်မှ လမ်းခင်းရန်သုံးသော ထုံးကျောက်၊ လိပ်သဲကျောက်နှင့် နှမ်းဖတ်ကျောက်များ ထုတ်ယူလျှက်ရှိ၏။ ကျောက်ထုတ်စခန်းများ၊ တောင်စွန်း(ကျိုက်ဒေးယျံတောင်)နှင့် ကြီးပင်(တောင်ကလေးတောင်)ရွာအနီးတို့တွင်ရှိကြ၏။ ရှေးမြို့ဟောင်းခေတ်က ကျောက်တန်းစီ မြို့ရိုးများလည်း ကေလာသတောင်ပေါ်၊ တောင်အောက်တစ်ဝိုက်တွင် ရှိနေပါသည်။ ကိုလိုနီခေတ်မှစ၍ ၎င်းကျောက်များ ထုတ်လုပ်စဉ်အခါက ကေလာသတောင် အရှေ့ဘက်နှင့် မြောက်ဘက် မီးရထားလမ်းအနီးရှိ ရှေးဟောင်းကျောက်မြို့ရိုးများမှ ကျောက်တုံးများကို အလွယ်တကူ ယူငင်အသုံးပြုခဲ့ကြပါသည်။ သို့ဖြစ်၍ တောင်အရှေ့ဘက် မြို့ဟောင်းအထောက်အထားများ ပျက်စီးသွားခဲ့သည်။ တောင်အနောက်ဘက် လမ်းနှင့်ဝေးသည့်နေရာမှ ကျောက်တုံးမြို့ရိုးများ အချို့ကျန်ပါသေးသည်။

တောင်ခြေရင်း မြေပြန့်ပိုင်းမှာ ဂဝံမြေသား ကုန်းပြင်များကို လယ်ကွင်းများအကြားတွင် တွေ့ရသည်။ ယခု ကော့ကတွတ်၊ ဇုတ်သုတ်၊ မသင်စသော ကျေးရွာများတည်ရှိရာ ဂဝံကုန်းများဖြစ်ကြပါသည်။ ဂဝံကျောက်ကိုလည်း လမ်းခင်းရန်၊ အဆောက်အအုံတည်ရန် သုံးနိုင်သည်ဖြစ်၍ ထိုနယ်မြေမှာပင် ဂဝံကျောက်ထုတ်လုပ်ငန်းရှိသေး၏။ ရှေးသုဝဏ္ဏဘူမိခေတ် ဂဝံကျောက်အဆောက်အအုံဟောင်းများသည်လည်း လက်တလောတူးဖော်ထုတ်လုပ်သော ဂဝံကျောက်များနှင့်ရော၍ အချို့ပျောက်ဆုံးသွားခဲ့ပြီ ဖြစ်ပါသည်။ ဇုတ်သုက်ရွာမှ ဆင်တပ်၊ မြင်းတပ် မြို့တံတိုင်းသည် ဂဝံကျောက်အုတ်စီထားသော မြို့ရိုးအကြွင်းအကျန်တစ်ပိုင်း ဖြစ်ပါသည်။ ကေလာသတောင် တည်ရှိရာ မုတ္တမပင်လယ်ကွေ့ ကမ်းရိုးတန်းပေါ်ရှိ ကျိုက်ကသာနှင့် သထုံမြို့ဟောင်းများ၊ စစ်တောင်း၊ ကော့ထင်း၊ ဒုံဝန်း၊ ကတိုက်ကြီးစသော မြို့ဟောင်းငယ်ကလေးများသည် ဂဝံကုန်းပေါ်တည်ထားသော ရှေးလူနေမြို့ဟောင်းများ ဖြစ်ကြ၍ မြို့ရိုးများကို ဂဝံကျောက်အုတ်ချပ်ကြီးများ အသုံးပြုကာ တည်လေ့ရှိပါသည်။ မြို့လုံခြုံရေးအတွက် အစောင့်ချထားရန် ဂဝံလိုင်ဂူများတူးခြင်း၊ မြေအောက်ဆက်သွယ်ရေးလိုဏ်လမ်းများနှင့် ရေတွင်းသဏ္ဍာန် လူဝင်လူထွက် တွင်းပေါက်များတူးထားခြင်းစသော ဂဝံမြို့တည်အထောက်အထားများကိုလည်း တွေ့နိုင်သည်။ ဘာသာရေးယုံကြည်မှုအရ တည်ထားသော ဂဝံစေတီဟောင်းများ၊ ရုပ်ပွားဆင်းတုများကိုလည်း တွေ့နိုင်ပါသည်။ ဤသို့ဂဝံကျောက် အသုံးချမှုဓလေ့နှင့် လိပ်သဲကျောက်တုံးများဖြင့် မြို့ရိုးစီခြင်းဓလေ့ အထောက်အထားများကိုတွဲဖက်ပြီး မြေမီးဖုတ်အုတ်များ ထုတ်လုပ်အသုံးပြုသည်ကိုလည်းတွေ့ရသည်။ ယင်းဂဝံမြို့ဟောင်းကုန်းများမှ ရှာဖွေတွေ့ရှိရသော မြေမီးဖုတ်အုတ်ချပ်တို့သည် အရွယ်အစားကြီးမားခြင်း၊ စပါးခွံရောနှောပါဝင်နေခြင်းနှင့် အုတ်ချပ်မျက်နှာပြင်၌ လက်ရေးစင်ကြောင်းအမှတ်အသားများ ရေချစ်ထားခြင်းတို့ကြောင့် ပျူခေတ်(ပုဂံမတိုင်မီခေတ်)ထက် နောက်မကျသော ရှေးမြို့ဟောင်းအထောက်အထားများ ဖြစ်ကြပါသည်။ ယခုတင်ပြသွားမည့် ကေလာသတောင်ပေါ် မြို့ရိုးများတွင် ၎င်းလက်ရေးစင်အုတ်ချပ်များ၊ ဂဝံအုတ်ချပ်များနှင့်




*ကေလာသတောင်အရှေ့ သဲဖြူချောင်းရေစွယ် စတင်စီးဆင်းပုံ*

လိပ်သဲကျောက်တုံးမှာ ရောနှောလျှက်တွေ့ရခြင်းဖြစ်ပါသည်။ ရှေးမြို့ဟောင်းခေတ် လူတို့သည် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်မှ အလွယ်တကူရနိုင်သော သဘာဝအရင်းအမြစ် ကျောက်တုံး၊ ဂဝံတုံး၊ ရွှံ့တုံးများကို အသုံးပြုလျှက် မြို့တည်ပုံကို မြင်တွေ့ရပါသည်။

## မြေပြင်အနေအထားနှင့် ရှေးဟောင်းရေအားသုံးစနစ် (Ancient Water Management)

ကေလာသတောင်းတွင် ရှေးမြို့ဟောင်းတည်ရှိပုံကို ဖော်ပြသော မြေပြင်လက္ခဏာရပ် အချို့ရှိပါသည်။ မြေမျက်နှာသွင်ပြင်ကို လေ့လာအကဲခတ်ပြီး မြို့၏လုံခြုံရေး၊ လေကြောင်းဆက်သွယ်ရေး စသော ၎င်းတို့၏လိုအပ်ချက်များကို ရှေးခေတ်လူတို့ စီမံဖန်တီးခဲ့ကြပုံ အထောက်အထားများပင်ဖြစ်ပါသည်။

မြေပုံ၊ ကောင်းကင်ဓာတ်ပုံနှင့် ဂြိုဟ်တုဓာတ်ပုံများပေါ်တွင် ကေလာသတောင်၏ တည်နေရာအနေအထားကိုကြည့်လျှင် သဲဖြူချောင်းသည် အရှေ့ဘက် ရိုးမတောင်မှ ကေလာသတောင်ခြေရင်းသို့ နီးကပ်စွာစီးဆင်းလျှက်ရှိပြီး အနောက်ဘက်စစ်တောင်းမြစ်ဝထဲသို့ စီးဝင်နေပုံ အနေအထားကိုမြင်ရ၏။ သဲဖြူချောင်း၏အထက်ပိုင်းမှာ မြေမြင့်ပိုင်းဖြစ်သည် ကေလာသတောင်ခြေသို့ရောက်သောအခါ အရှေ့ဘက်မြေနိမ့်ပိုင်းတွင် သဲဖြူချောင်းရေစွယ်သည် တောင်ခြေရင်းဆီသို့ ဦးတိုက်ထိုးဆင်းကာ တောင်ခြေမှဘေးနှစ်ဖက်သို့ ဖြာထွက်ပြီး စီးဆင်းသွားပုံကိုတွေ့နိုင်သည်။ ၎င်းရေစွယ်လမ်းကြောင်း နှစ်ခုသည် တောင်ဘက်ပိုင်းတွင် ကေလာသစေတီရှိရာတောင်ထွတ်နှင့် ကျိုက်ဒေးယံ့ စေတီတည်ရှိရာ တောင်ထွတ်တို့အကြား လျှိုမြောင်ချိုင့်ဝှမ်းဖြင့် တောင်အနောက်ဘက်သို့ စီးဆင်းနိုင်အောင် စီစဉ်ထားသည်။ ထိုနည်းတူစွာ မြောက်ဘက်ပိုင်း၌လည်း ကေလာသစေတီတောင်ထွတ်နှင့် တောင်ကလေးတောင်၊ နတ်



*ကေလာသတောင်အရှေ့ သဲဖြူချောင်းရေစွယ် ထိုးဆင်းနေပုံ*

များတောင်တို့အကြား လျှိုမြောင်ချိုင့်ဝှမ်းဖြင့် တောင်အနောက်ဘက်သို့ စီးဆင်းနိုင်အောင် စီမံဖန်တီးထားသည့် သဘောလက္ခဏာများကိုလည်း တွေ့ရပါသည်။

ကေလာသတောင် အနောက်ဘက်မှာ ရှေးမြို့ဟောင်း လူနေကုန်းများ တည်ရှိနေပါသည်။ တောင်အရှေ့ ရေစွယ်လမ်းကြောင်းနှင့်ဆက်ပြီး တောင်အနောက်ဘက်က ရေကျုံးများ အကွင်းအကျန်တို့သည် ထိုလူနေကုန်းများအားဝန်းရံလျက် တည်နေပုံကိုလည်း တွေ့ရသည်။ ထင်ရှားသော ၄င်းကျုံးဟောင်းနေရာများကို ကင်းရွာနှင့် တောင်ကြီးရွာအကြားရှိ ဒနံးချောင်း၌လည်းကောင်း၊ ဝင်းကနှင့် အယက်သမရွာတို့အကြားရှိ ပန်းပင်ကြီးချောင်း၌လည်းကောင်း ကွင်းဆင်းစစ်ဆေး၍ တွေ့ရပါသည်။ ၄င်းရေကျုံးများ၏ တည်နေပုံမှာ သဲဖြူချောင်းရေကို တောင်ကြားလမ်း၊ လျှိုမြောင်လမ်းဖြင့် တောင်အရှေ့ပိုင်းမှ အနောက်ဆီသို့ ခက်ခက်ခဲခဲ စီမံဖန်တီးရယူထားပုံကို ဖော်ပြလျက်ရှိပါသည်။ ထိုသို့ရေအားအသုံးချစနစ်တွင် အထက်ကစီးရေကို တာတမံဖြင့် ဆည်ယူပြီး လိုအပ်သောနေရာကို ရေလွှဲလမ်းကြောင်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့် လွှဲပြောင်းယူရသော သဘောရှိပါသည်။

မြန်မာနိုင်ငံ ပျူခေတ်မြို့ဟောင်းကြီးများမှာ ဤရေလွှဲစနစ်မျိုးကို အသုံးပြုခဲ့ကြောင်း ဗိဿနိုးနှင့် ရန်ပယ်ချောင်း အစဉ်အလာဖြင့် သိရပါသည်။ သရေခေတ္တရာမြို့ဟောင်းတွင် မြင်ဗာဟုတောင်တန်း ချောင်းမြောင်းများမှ ကျုံးမြောင်းများသို့ ရေသွင်းပုံကို တွေ့နိုင်သည်။ ကေလာသတောင်ခြေဒေသတွင် ကျိုက္ကသာမြို့ဟောင်း၊ ဇုတ်သုတ်မြို့ဟောင်းနှင့် သထုံမြို့ဟောင်းတို့မှာလည်း အလားတူရေလွှဲဆည်စနစ်အထောက်အထားအချို့ တွေ့ရပါသေးသည်။ ယခုတင်ပြသော ကေလာသတောင် သဲဖြူချောင်း ရေလွှဲဆည်စနစ်မှာ ကေလာသတောင်တွင် တိုက်ကုလားမြို့ဟောင်းခေတ် ရှေးမြို့ရိုးအထောက်အထားများ တွေ့ရပုံနှင့် ဆက်စပ်ပေးသော မြေပြင်လက္ခဏာ တစ်ရပ်ပင်ဖြစ်ပါသည်။





ကေလာသ အနောက်မြောက် အယက်သမရွာ၊ တိုက်ကုလားမြို့ကွက်ပုံ

**ကေလာသတောင်ပေါ်တွင် မြို့ရိုးများတည်နေပုံ**

ကေလာသတောင်ပေါ်တွင် မြို့ရိုးများကို တောင်ပေါ်ဘုရား၊ စေတီများသို့ တက်သောလမ်းများအဖြစ် မြင်တွေ့ရသည်။ တောင်ခြေရင်း အနောက်ဘက်ခြမ်းရှိ ကင်းရွာ၊ တောင်ကြီး၊ ကျောက်လုံးကြီးနှင့် ဝင်းကရွာတို့မှ ကေလာသတောင်ထိပ်စေတီသို့ တက်ရန်လမ်းများရှိသည်။ ကင်းရွာ၊ ဒန့်ချောင်းလမ်းနှင့် ဝင်းက၊ ပန်းပင်ကြီးချောင်း လမ်းတို့ကို အသုံးများပါသည်။ တောင်ကြီးရွာအုတ်ပေါက်မှ တစ်လမ်းရှိသေးသည်။ ထိုလမ်းသည် အုတ်ပေါက်မှ မြသပိတ်ဘုရားသို့ရောက်ပြီး၊ ထိုမှတစ်ဆင့် ကေလာသတောင်ရိုးသို့ ထိုမှတစ်ဆင့် မြသပိတ်ဘုရားသို့တက်သော လမ်းတစ်သွယ်ရှိသေးသည်။ ကျောက်လုံးကြီးမှပင် မြသလွန်စေတီသို့တက်ပြီး ထိုမှမြသပိတ်စေတီသို့ တက်ရောက်နိုင်သော လမ်းတိုတစ်သွယ်ရှိပါသေး၏။

ကောလာသဘုရားတက်လမ်းများသည် တောင်ကြားအတိုင်း ဖောက်လုပ်ထားသော တောင်ရိုးလျှောက်လမ်းများဖြစ်ကြ၏။ သာမန်အားဖြင့်ကြည့်လျှင် အလိုအလျောက်ရှိပြီးသား သဘာဝတောင်ရိုးတန်းပေါ်မှ လူသွားလမ်းကြောင်းများဟု ထင်ရ၏။ သို့သော် လမ်းတစ်လျှောက်တို့၌ ကျောက်တုံးများကို စနစ်တကျ စီလျက်ခင်းထားခြင်း၊ လမ်းကြောင်းတစ်လျှောက် ဂဝံကျောက်အုတ်နှင့် မြေမီးဖုတ်အုတ်ချပ်များကို ရောလျက်တွေ့ရခြင်း လမ်းဘေးဝဲယာနှစ်ဖက်တို့မှာ ချောက်ကမ်းပါးယံဖြစ်လျက်ရှိခြင်း၊ လမ်းအကျယ်တစ်ပြေးညီ တူညီနေခြင်းတို့ကြောင့် လူတို့ဖန်တီးထားသော လမ်းများဖြစ်ကြောင်း သိသာ၏။





*မြသပိတ်တောင်ပေါ်တွင် တွေ့ရသော သုဝဏ္ဏဘူမိမြို့ရိုး အပိုင်းများ*





တောင်ကြီးရွာနှင့် ဝင်းကရွာကြား တောင်ပေါ်မြို့ရိုး ကွင်းဆင်းတိုင်းတာသည့်အဖွဲ့
(ဝဲမှယာသို့) တောင်ကြီးရွာ လူငယ်(၃)ဦးနှင့် ဦးစိုးမြင့်၊ ဦးနေလင်း၊ ဒေါ်ဌေးဌေးလင်း




ဝင်းကရွာလမ်း ဖောက်လုပ်စဉ်က အသုံးပြုခဲ့သော လက်ရေးစင်းအမှတ်အသားပါ မြေအုတ်များ



*ဝင်းကစွာ ပန်းပင်ကြီးချောင်းမှ ကျုံးပောင်းနေရာကို ဆရာဦးမြင့်အောင်စစ်ဆေးကြည့်ရှုနေပုံ*



*တောင်ကြီးရွာနှင့် ကင်းရွာအကြားရှိ ဒနုံးချောင်းခေါ် သုဝဏ္ဏဘူမိခေတ် ကျုံးပောင်းနေရာ*




*မြသပိတ်တောင်စောင်း တောင်ကြီးရွာမှဝင်းကရွာသို့ရောက်သော တောင်ပေါ်ကျောက်တန်းမြို့ရိုးတည်နေရာပြပုံ*

**မြသပိတ်တောင်ပေါ်မြို့ရိုးများ**

ဝင်းကရွာလမ်းမှ မြေပြန့်မြို့ရိုးပိုင်းသည် ခေတ်သစ်သိပ္ပံကျောင်းမှစတင်၍ မြသပိတ်တောင်ပေါ်သို့ ရောက်သည်။ ကျောက်တုံးစီ မြို့ရိုးတစ်ပိုင်းဖြစ်၏ ၎င်း ကျောက်တုံးစီမြို့ရိုးသည် မြသပိတ်တောင်ပေါ် မြဘုန်းရှိန်စေတီမှ အနောက်တောင်ဘက် မြေပြန့်သို့ဆင်းသွားကာ တောင်ကြီးအုတ်ပေါက်သို့ ဆိုက်ရောက်ပါသည်။ ၎င်းတောင်ပေါ်မြို့ရိုးများအရှည် ၂ မိုင်ခန့်ရှိပါသည်။ မြေပြန့်တွင် ဝင်းကနှင့်တောင်ကြီးရွာ အကွာအဝေးမှတစ်မိုင်ခန့်ရှိပါသည်။ ၎င်းအဝန်းအဝိုင်းအတွင်းရှိ ဝင်းက၊ တောင်ကြီးနှင့် ကျောက်လုံးကြီးရွာတောင်ခြေနှင့် မြေပြန့်ပိုင်းမှ အုတ်ကုန်း၊ အုတ်ထပ်များ အထူးများပြားစွာ တွေ့ရပါသည်။

၁၉၇၆-၇၇ ခုနှစ်က ရှေးဟောင်းသုတေသန တူးဖော်မှုကုန်းအမှတ် ၁၊ ၂ နှင့် ၆ တို့သည် ၎င်းမြို့ရိုးအဝန်းအဝိုင်းအတွင်း၌ရှိ၏။ ဝင်းက အမှတ်(၁)ကုန်းသည် အလျားနှင့်အနံ(၆၉)ပေ၊ (၂၀.၇)စီရှိသော အခန်း(၁၄)ခန်းပါ လေးထောင့်ပုံအုတ်တိုက် အဆောက်အအုံတစ်ခုဖြစ်ပါသည်။ အမှတ်(၂)ကုန်းသည် အုတ်တိုက်တစ်ခုဖြစ်ပြီး အလျား(၅၂)ပေ၊ အနံ (၃၆.၅) လက်မ၊ (၁၅.၇၅ × ၁၀.၉)မီတာ အရွယ်ရှိ၍ အမှတ်(၁)ကုန်း၏ တောင်ဘက် (၂၄.၅)မီတာအကွာ၌ တည်ရှိ၏။ ဝင်းက အမှတ်(၆)ကုန်းသည် ကျောက်လုံးကြီးရွာအပိုင်း၊ ဦးဖိုးတိုခြံဝင်းမှ ဂဝံအုတ်ကျောက်စီလေးထောင့် ပန္နက်ပေါ်တွင် အုတ်စီအဝိုင်းပုံ စေတီကြီးဖြစ်ပါသည်။ ဝင်းကရွာမြေပြင်တွင် အုတ်ကုန်းများ တူဖော်လေ့လာစရာများစွာရှိသေး၏။ မြေပြင်မှ အနက် ၈ ပေခန့်အထိ နစ်မြုပ်နေသော အုတ်ကုန်းတစ်ခုကိုလည်း တွေ့ရပါသည်။

ဘုရားတက်လမ်းသည် ကျောက်စီမြို့ရိုးပေါ်ကလည်းကောင်း၊ တစ်ခါတစ်ရံ မြို့ရိုးနှင့် ယှဉ်လျက် နံဘေးမှလည်းကောင်း၊ တက်ဆင်းသွားလျက်ရှိ၏။ တောင်ထွတ်များပေါ်ရောက်လျှင် ထောင်ထိပ်ဘေးနှုတ်ခမ်းတစ်ဖက်မှ ပတ်၍သွားသည်။ မြသပိတ်တောင်ပေါ်တွင် မြဘုန်းရှိန်စေတီ တည်ထားသောကုန်း၌ ထိုမြို့ရိုးတံတိုင်းကို တွေ့နိုင်ပါသည်။ ထိုမှကေလာသသို့ တက်သောလမ်းတွင် ကျောက်သမွှာန်စေတီအနီး၌လည်း တွေ့နိုင်သေး၏။


ကျောက်သမွှာန်မှ ကေလာသတောင်အကူးတွင် မကြာသေးမီက စက်ယန္တရား အကူအညီဖြင့် ဖောက်လုပ်ထားသော ဘုရားတက် မော်တော်ကားလမ်းက မြို့ရိုးတံတိုင်းကို ကန့်လန့်ဖြတ်လျက် ရှိသောကြောင့် မြို့ရိုးမြေတောင်ကို တွေ့နိုင်ပါသည်။ မြို့တံတိုင်းကို အကြိမ်ကြိမ်ဖြတ်ပြီး ဖောက်လုပ်ရသည်။ ၎င်းရှေးဟောင်းဘုရား တက်လမ်းတွင် မော်တော်ကားလမ်းကို ဖြတ်သန်းဖောက်လုပ်ထားသော နေရာတို့မှာ ကေလာသတောင်ပေါ်တွင် ရှေးမြို့ရိုးတံတိုင်းများ တည်ရှိကြောင်း သက်သေပြစရာ နမူနာများဖြစ်ပါသည်။

## တောင်ခြေရင်းနှင့် မြေပြန့်မြို့ရိုးများ တည်ရှိပုံ

ကောလာသတောင်ပေါ်စေတီနှင့် မြသပိတ်တောင်ပေါ်စေတီများသို့ တက်သောလမ်းမှအနောက်ဘက် တောင်ခြေရင်းသို့ ရောက်သည့်အခါ မြို့တံတိုင်းများ အဆက်ပြတ်လျက် တိမ်မြုပ်ပျောက်ကွယ်နေပါသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းမှာ ၁၉၀၀ ခုနှစ်မှစ၍ ၁၉၅၇ ခုနှစ်အထိ ကာလအတွင်း စစ်တောင်းမြစ်ဝရေစီးကြောင်းသည် ကေလာသတောင်နှင့်အနီးကပ် စီးဆင်းနေသောကြောင့်ဖြစ်၏။ ယခုအရက်သမရွာ၊ ဝင်းက၊ တောင်ကြီးနှင့် ကင်းရွာတို့၏ အနောက်ဘက်လယ်ကွင်းများနေရာတွင် ထိုစဉ်က တောင်ကမ်းပါးယံပြိုကျပျက်စီးသွားခဲ့သဖြင့် မြေပြန့်မြို့ရိုးပိုင်းများကို ယခုမမြင်တွေ့နိုင်တော့ပေ။ ၁၈၉၂ခုနှစ်က ကျောက်စာဝန်း မစ္စတာတော်စိန်နီရောက်ခဲ့စဉ်က ဝင်းကနှင့်ကင်းရွာမှ မြို့ရိုးဟောင်း၊ ကျုံးဟောင်းနေရာတို့ကို မှတ်တမ်းတင်နိုင်ခဲ့သော်လည်း ၁၉၅၇ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီး ညွှန်ကြားရေးဝန် ဦးဖိုးလတ်တို့အဖွဲ့ရောက်သည့်အခါ မတွေ့ရတော့ပေ။

## မြို့ရိုးနေရာများကို တွေ့ရပုံ

၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်များတွင် ကောလာသတောင်ခြေမှ ဘီးလင်း-ကျိုက်ထိုဆက်သွယ်ရေးလမ်းသစ်ကို ဖောက်လုပ်ပါသည်။ ယခင်က ရွာစဉ်တစ်လျှောက်လှည်းလမ်းကို မြေတူးစက်များဖြင့် ချဲ့ထွင်၍ လမ်းဖောက်လုပ်ပါသည့်အခါ တောင်ခြေမြေပြန့် မြို့ရိုးပိုင်းအချို့ တောင်ကြီး၊ ကျောက်လုံးကြီးနှင့် ဝင်းကရွာတို့တွင် ထွက်ပေါ်လာသည်။ တောင်ကြီးရွာ အုတ်ပေါက်တွင် တောင်ကမ်းပါးယံမှ မြေသားနှင့် အုတ်ခဲစီမြို့ရိုး ဖြတ်ပိုင်းပုံတစ်ခုတွေ့ရ၏ ကျောက်လုံးကြီးရွာ ကြောင်တစ်ရာဘုရားတက်လမ်းမှ ရွှေဒီပြန်ဘုရားအထိ မြို့ရိုးတစ်ပိုင်းနှင့် ဝင်းကရွာ ခေတ်သစ်သိပ္ပံကျောင်းရှေ့တွင် မြို့ရိုးတစ်ပိုင်းတို့ကို တွေ့ရပြန်သည်။ ထို့ပြင် ဝင်းကရွာလမ်းမှ အနောက်ဘက်လယ်ကွင်းဆီသို့ ပေ ၁၀၀ ခန့်ဆက်သွားသော မြေသားနှင့်အုတ်၊ ကျောက်စီမြို့ရိုးတစ်ပိုင်းကိုလည်း တွေ့ရပါသည်။ ယင်းတို့ကို မြို့ရိုးများဟုဆိုရခြင်းမှာ ရွာလမ်းကကန့်လန့်ဖြတ်ဖောက်လုပ်ထားသည့် လမ်းဘေးဝဲယာနှစ်ဖက်တို့တွင် ကျောက်နှင့်အုတ်ခဲစီမြေတောင်ကုန်းမို့မို့သဏ္ဍာန် တွေ့ရခြင်း၊ ရွာလမ်းမှတောင်ပေါ်သို့လည်းကောင်း၊ လယ်ကွင်းအစပ်သို့လည်းကောင်း၊ မြေတောင်ကုန်းရိုးတန်းဆက်၍ တည်နေခြင်း၊ ကုန်းတန်းပေါ်မှ အုတ်ရိုးတန်းတွေ့ရခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၎င်းအုတ်ချပ်များမှာလည်း ပျူခေတ်သုံးလက်ရေးစင်းအုတ်ချပ်များဖြစ်၍ ရှေးကျသော သက်တန်းကိုဖော်ညွှန်းပြသလျက်ရှိပါသည်။




ကေလသတောင် အနောက်ဘက် ဝင်းကရွာ တိုက်ကုလားမြို့ရိုးတည်နေပုံပြ မြေပုံ



*ဝင်းကဗျာ ဦးမောင်တန်ကုန်းမှ(မြေတူးစက်)တူးဖော်ရရှိသော ရှေးဟောင်းလက်ရာပစ္စည်းများ*

**အုတ်ကုန်းဟောင်းအချို့နှင့် ရှေးဟောင်းပစ္စည်းများ**

လမ်းဖောက်စဉ် မြေတူးစက်က ရှေးအုတ်ကုန်းဟောင်းအချို့ကို မရှောင်သာပဲ တူးမိသည်အဖြစ်မျိုးလည်း ရှိသေးသည်။ ဝင်းကဗျာ ဦးမောင်တန်း၏ အိမ်ရှေ့မှ အုတ်ကုန်းတစ်ကုန်းတွင် မြေမီးဖုတ်ပန်းအလှတန်းပုံစံများပါရှိသော အုတ်ချပ်ကြီးများ၊ ခြင်္သေ့ရုပ်၊ လူရုပ်၊ ငှက်ရုပ်ပုံ၊ ပန်းပုံများနှင့် ဂဝံကျောက်ဖြင့် စာမရှိသားကောင်းပုံ ရုပ်ကြွချက်နှစ်ပိုင်း ထွက်ပေါ်လာသည်။ မြေမီးဖုတ် ပန်းအလှတန်းသည် အလျား ၁၃"၊ အနံ ၆"၊ အထူ ၈"ခန့် (၇)ခုခန့်တွေ့ရသဖြင့် အုတ်အဆောက်အအုံတစ်ခု၏ အဝင်အဝ တံခါးဘောင်ထုတ်တန်းပေါ်စီခြယ်ထားသော ကျောက်ဆစ်ထုတ်တန်းများကို ဒွါရဝတီနှင့် ခမာဗိသုကာ၊ အနုပညာလက်ရာများ၌ တွေ့နိုင်ပါသည်။ ဦးမောင်တန်ကုန်းမှ မြေမီးဖုတ်ကခြေသည် ရုပ်သည် ဦးခေါင်းလုံး၍ မျက်နှာဝိုင်းပြီး နွဲ့နှောင်းသော ကိုယ်ဟန်ရှိသည်။ လက်တစ်ဖက်မြောက်၍ ဟန်ပါပါကနေ ပုံဖြစ်၏။ ယင်းကခြေသည်ရုပ်နှင့် ဆင်တူသည့်အရုပ်ကို ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ကြံ့တူဘုရားတွင် တွေ့ရသေး၏။ ကြံ့တူဘုရားကုန်းတွင် မြေမီးဖုတ်စဥ့်ကွင်းများကို ၁၉၃၇ ခုနှစ်က ချာလ်စ်ဒူးရွိုင်းဇယ် တူးဖော်တွေ့ရှိပြီး ခရစ်နှစ် ၇-၈ ရာစုနှစ် လက်ရာများ ဖြစ်မည်ဟု ခန့်မှန်းပါသည်။



*မြေမီးဖုတ် ကချေသည်*



*မြေမီးဖုတ် ကဒေါင်း*





*ဂဝံကျောက်ဆစ်စာမရီသားကောင်ရုပ်*

*မြေမီးဖုတ်ထုတ်တန်းပန်းဆွဲ*

ကြံ့တုစဉ့်ကွင်းများတွင် ဆင်စီးချင်းတိုက်ပွဲ၊ မြင်းစီးချင်းတိုက်ပွဲ၊ နွားတိုက်ပွဲ၊ လက်ဝှေ့ပွဲနှင့် တီးမှုတ်ကလုန်မြူထူးဟန် သရုပ်ဖော်ကွက်များပါရှိ၍၊ ခြင်္သေ့ရုပ်ကြွပုံများကိုလည်းတွေ့ရ၏။ မာန်ဖီနေသော ခြင်္သေ့တစ်ကောင်၏ လည်ပင်းကို သံကြိုးဖြင့်ပတ်ချည်ထား၏။ လူနှစ်ယောက်က သံကြိုးစတစ်ဖက်ကို ကိုင်ကားထိန်းထားပုံဖြစ်၍ သတ္တဝါကောင်၏ ရှေ့တွင် လူတစ်ယောက်က ကြောက်လန့်ပြီး ထွက်ပြေးနေပုံကို သရုပ်ဖော်ထားသည်။ လူတစ်ဦးက အခြားတလူတစ်ဦးကို ခြင်္သေ့ဝတ္တဝါဖြင့် ခြောက်လှန့်မောင်းနှင်ရန် ခြင်္သေ့တစ်ပိုင်း၊ လူတစ်ပိုင်း(မနုသီဟ) အရုပ်ကို ဖန်ဆင်းရသည်ဟူသော အစဉ်အလာကို လက်တွေ့ကျကျ မြင်တွေ့ရပုံဖြစ်ပါသည်။

ကြံ့တုစဉ့်ကွင်းနှင့် ဆင်တူ လေးထောင့်ပုံတွင် ဗိန္ဒုအစက်များ ဝန်းရံထားပြီး အလယ်မှရုပ်ကြွပုံများ ဖော်ထားသော မြေမီးဖုတ်ရုပ်ကြွ အကျိုးအပဲ့နှစ်ခုကိုလည်း ဝင်းကရွာဦးမောင်တန်ကုန်းမှပင် တွေ့ရသေး၏။ ထိုရုပ်ကြွပိုင်းတစ်ခုမှာ ခြင်္သေ့ဦးခေါင်းပိုင်းပုံပါရှိ၏။ ကျန်တစ်ခုမှာ လူတစ်ယောက်က ရှေးလက်နှစ်ဖက်ကိုထောက်၍ ခါးကုန်းနေဟန်၊ ကျန်တစ်ယောက်က ထိုလူပေါ်သို့ ခုန်ကျော်မည့်ဟန်ရှိသည်။

ဂဝံကျောက်ပြားနှစ်ချပ်ကို ဆက်၍ စာမရီသားကောင် ရုပ်ကြွပုံထုဆစ်ထားသည်ကိုလည်းတွေ့ရ၏။ ပထမချပ်တွင် သားကောင်သည် လက်နှစ်ဖက်ကို ရှေ့သို့၊ ခြေနှစ်ဖက်က နောက်သို့ဆန့်ကာ ခုန်ပျံနေသည့်ပုံဖြစ်၏။ အမြီးပိုင်းကို နောက်တစ်ချပ်၌ ထုဆစ်ထားသည်။

ဝင်းကရွာအလယ်ပိုင်းတွင် လမ်းဖောက်စဉ်က ထွက်ပေါ်လာသော ရှေးဟောင်းပစ္စည်းများတွင် မြေမီးဖုတ်ကဒေါင်းရုပ်ကြွ၊ ဦးခေါင်း၌ရောင်လျှံစက်ဝန်းပါသော လူအထက်ပိုင်းပုံရုပ်ကြွ၊ ဂဝံကျောက်ဆစ် ခြင်္သေ့မျက်နှာပုံရုပ်ထုနှင့် ဂဝံစေတီ အထက်ပိုင်းပစ္စည်းများ တွေ့ရသေး၏။ ဂဝံခြင်္သေ့များမှာ ဇုတ်သုတ်ကျိုက်ထီးဆောင်းဘုရားနှင့် အနီးပတ်ဝန်းကျင်နေရာအနှံ့အပြား၌ တွေ့ရလေ့ရှိသော အရုပ်များနှင့် ဆင်တူသည်။ မြသပိတ်တောင်ပေါ်ရှိ ကျားတစ်ရာ၊ ကြောင်တစ်ရာ စေတီများပတ်လည်တွင် ကပ်၍စီထားသော အရုပ်များမှာလည်း ၎င်းခြင်္သေ့မျက်နှာ ဂဝံကျောက်ဆစ်ရုပ်များပင်ဖြစ်၏။ ဇုတ်သုတ်ရွာ ဆင်တပ်၊ မြင်းတပ် ဂဝံတံတိုင်းတွင် ခြင်္သေ့နှင့် ဆင်ရုပ်ကြွတစ်တန်း ကပ်စီထားပုံကို တွေ့ရပါသည်။ ဝင်းက ဂဝံခြင်္သေ့မျက်နှာ ကျောက်တုံးများသည် တစ်တုံးပေါ်တစ်တုံးထပ်ဆင့်၍ တံတိုင်းနံရံ၌ ကပ်စီရန် အလောတော်ပြုလုပ်ထားခြင်းဖြစ်သည်။ ဤကျောက်တုံးများကို အဆောက်အအုံနှင့် မြို့တံတိုင်းများတွင် ကပ်စီထားရန် ရည်ရွယ်၍ ပြုလုပ်ထားသည့်သဘောရှိပါသည်။

ဂဝံကျောက်ဆစ် ခြင်္သေ့များသည် ကျောက်သားပြင်ကြမ်းတမ်း၍ ခြင်္သေ့သတ္တဝါ ပုံပန်းအသွင် သိပ်မပေါ်လွင်ပေ။ ဝင်းကမှတွေ့ရပြီး ယခုမွန်ပြည်နယ် ယဉ်ကျေးမှုပြတိုက်တွင် ပြသထားသော မြေမီးဖုတ် ခြင်္သေ့ရုပ်ကြွပုံသည် လည်ဆံမွေးဖွားဖွားနှင့် ကိုယ်ဟန်အနေအထားပီပြင်သည်။ လေးထောင့်ပုံ ကုဗတုံး၏ မျက်နှာပြင်တွင် အဝိုင်းပုံ၌ ဗိန္ဒုစက်များရံလျက် အလယ်က ခြင်္သေ့နှစ်ကောက်ရှိသည်။ ဘေးချင်းယှဉ်လျက်မျက်နှာများကို ဗီလာဖက်သို့



*ဇုတ်သုတ်ရွာ မြကျွန်းသာ ဂဝံစေတီ လှေကားရင်းမှတွေ့ရသော ဂဝံကျောက်ခြသေ့်ရုပ်များ*
*( တံတိုင်းစီအုပ်ချုပ်အရွယ်မျှရှိသည် )*

လှည့်၍ ဝပ်စင်းနေပုံဖြစ်သည်။ ၎င်းခြသေ့်နှစ်ကောင်၏ လက်ရာဟန်သည် အိန္ဒိယနိုင်ငံ မောရိယခေတ် အသောက မင်းလက်ထက်(၂၅၀ ဘီစီခန့်) ထုလုပ်ခဲ့သော ကျောက်ဆစ်အနုပညာလက်များမှ ခြသေ့်ရုပ်များကို အမှတ်ရစေပါ သည်။ (မျက်နှာဖုံးပုံကိုရှုပါ )

ခြသေ့်ရုပ်မျက်နှာနှင့် ဦးခေါင်းပုံသဏ္ဍာန် ပုံပန်းပေါ်အောင် လိပ်သဲကျောက်တုံးကြီးကို ထုဆစ်ထားသော ရုပ်တုကိုလည်း ဝင်းကရွာ လမ်းဘေးတစ်နေရာ၌ တွေ့ရပါသည်။ လူနှစ်ရပ်စာခန့်မြင့်သော ကျောက်တုံးကြီးဖြစ်၍ နံဘေးမှကြည့်လျှင် သာမန်ကျောက်တစ်တုံးဟုထင်ရ၏ ရုပ်တု၏မျက်နှာမူရာ ရှေ့တည့်တည့်မှကြည့်လျှင် သတ္တဝါ တစ်ကောင်၏ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ မေးစေ့နေရာများ သူ့နေရာနှင့်သူ ပုံပမ်းပေါ်လွင်နေပါသည်။ ထိုကျောက် တုံးအား ဦးစွာတွေ့ရှိခဲ့သူဖော်ခင်မားက သုဝဏ္ဏဘူမိမြို့ဟောင်းအစဉ်အလာတွင် အရေးပါသောမနုသီဟရုပ်တု ဖြစ်လေမည်လားဟု ထင်ကြေးပေးခဲ့ပါသည်။ ၎င်းရုပ်တုကို ယခင်က ဖော်ခမ်းမားတွေ့ခဲ့သော ကုမာရစေတီ တောင်ဘက် အနီး၌ စေတီကိုမျက်နှာမူလျက် အနေအထားဖြင့် တွေ့ရပါသည်။

*ဝင်းကရွာ*
*ကုမာရစေတီ*
*တောင်ဘက်ကပ်လျက်*
*တွေ့ရသော*
*လိပ်သဲ*
*ကျောက်ဆစ်*
*ခြသေ့်မျက်နှာပုံ*





*ကော့ကဒွတ်ရွာ ဒေါ်ခင်လေးဖြူခြံ ဂဝံစေတီငယ်အား လေ့လာစဉ်*

## ဘာသာရေး အချက်အချာ

ဝင်းကရွာမှ ကုမာရစေတီသည် ရှေးစေတီဟောင်းကို ဂဝံအုတ်များဖြင့် ထပ်ဆင့်ငုံ၍ တည်ထားသည်။ ရှစ်မြောင့်ပန္နက်ခုံပေါ်တွင် နတ်လမ်းနှင့် ဖောင်းရစ်တို့ကိုတွေ့ရ၏။ အထက်ပိုင်းမှာ ဂဝံစိန်တောင် တစ်တန်းစီထားလျက် ရှိခိုးဟန်နတ်ရုပ်၊ လက်နှစ်ဘက်တို့ အထက်သို့မြှောက်လျက် ထိုင်ဟန်(ဂဠုန်ရုပ်) တို့ရှိသည်။ ကျိုက္ကသာမြို့ဟောင်းအနီး၊ ဘုရားတစ်ထောင်ကုန်း ဂဝံစေတီ ရင်ပြင်မှလည်း ငှင်းဂဠုန်ရုပ်မျိုး ကျောက်ဆစ်ရုပ်တုနှင့်အတူ ဦးခေါင်းသုံးလုံးနှင့် ဆင်ရုပ်၊ ခြေဆင်းထိုင်တော်မူ ဗုဒ္ဓရုပ်တု၊ နှစ်ကျိုက်ရှစ်သူဘုရာများ၊ ဂဝံကျောက်ဆစ်ကြာပွင့်ပုံများကို တွေ့ရသေး၏။ ဂဝံဖြင့် နှစ်ကျိုက်ရှစ်ဆူဘုရားများ ကျောက်ချပ်ကို ဇုတ်သုတ်ရွာ ထီးဆောင်းဘုရားတွင် တွေ့နိုင်သေး၏။ ကုမာရစေတီ၏ အနောက်ဘက်တွင် ရှေးဟောင်းသုတေသနတူးဖော်မှု ကုန်းအမှတ်(၄)နှင့် အမှတ်(၅)တို့ အနီးကပ်တည်ရှိနေပါသည်။ ယင်းတို့သည် အုတ်တိုက်ဘုရား ကျောင်းဟောင်းများဖြစ်ကြောင်း သိရှိရ၏။ ကုမာရစေတီ၏ အရှေ့တောင်ဘက်တွင် ရွှေစာရံဟု အမည်တွင်လျက်ရှိသော စေတီဟောင်းတစ်ဆူရှိ၏။ ကုမာရစေတီ၏မြောက်ဘက်တွင်လည်း ရှမ်းဘုရားဟု အမည်တွင်သော စေတီဟောင်းတစ်ဆူရှိသေးသည်။ ရှမ်းဘုရား၏ မြောက်ဘက်တောင်ပေါ်တွင် ကျိုက်တလန်း(မြသိန်းတန်) စေတီရှိပါသည်။ သို့ဖြစ်၍ ကုမာရစေတီအနီးဝန်းကျင်မှာ စေတီဟောင်း၊ ကျောင်းဟောင်းများ တစ်စုတစ်ဝေးတွေ့ရသော ဘာသာရေး အချက်အချာနေရာ (Religious Centre) တစ်ခုဖြစ်ကြောင်း တွေ့ရပါသည်။ ဤစေတီဟောင်း၊ ကျောင်းပျက်များ၏ သက်တမ်းကို ယင်းအုတ်ကုန်းများမှ ရှာဖွေတွေ့ရှိရသော လက်ရွေးစင်အုတ်ချပ်များ အထောက်အထားအရ ပုဂံခေတ်မတိုင်မီ ပျူခေတ်အတွင်း အကျုံးဝင်လျက်ရှိကြောင်း ခန့်မှန်းရပါသည်။



*ဝင်းကစွာ ရှမ်းဘုရားခေါ် ရှေးဟောင်းစေတီက မွန်းမံပြီးနောက် မြင်တွေ့ရပုံ*

ဝင်းကရွာ ကုမာရစေတီအနီး ဝန်းကျင်မှာပင် ရှေးသိမ်ဟောင်းတစ်ခု တွေ့ရသည်။ ကုမာရစေတီမှ အနောက်မြောက်ဘက် ကိုက်(၂၀၀)ခန့်အကွာ၊ လယ်ကွင်းအစပ်၌ရှိ၏။ ရှမ်းဘုရားမှ အနောက်တောင်ဘက် ကိုက်(၁၀၀)ခန့်အကွာဝေး၏။ သိမ်နှင့်ကပ်လျက်စေတီဟောင်းအုတ်ကုန်း(၃)ခုတို့မှ လက်ရေးစင်းအုတ်ချပ်များကို ကောက်ရပါသည်။ ထိုသိမ်နိမိတ်တိုင်များသည် ထူးခြားမှုရှိပါသည်။ အများအားဖြင့် သိမ်နိမိတ်တိုင်များကို တစ်တိုင်စီပတ်လည်စိုက်ထူလေ့ရှိသည်။ သထုံမြို့ဟောင်း ကလျာဏီသိမ် နိမိတ်တိုင်တို့မှာ ကျောက်တစ်တိုင်စီယာ စိုက်ထားပြီး မျက်နှာပြင်၌ ဇာတ်တော်ရုပ်ကြွများ ထွင်းထုကာ သရုပ်ဖော်ထားသည်။ ယခုဝင်းကသိမ်၏ နိမိတ်တိုင်များသည် လိပ်သဲကျောက်တုံးကို လုံးချောတိုင်ပုံထွင်း၍စိုက်ထူသည်။ အလယ်တွင် တိုင်ကြီးတစ်တိုင်နှင့် နံဘေးတွင် တိုင်တို(၅)တိုင်ရံလျက် စိုက်ထားကြောင်းတွေ့ရ၏။ သိမ်ကုန်း၏ မျက်နှာလေးဘက်စလုံးမှ နိမိတ်တိုင်အားလုံးမှာ ထိုနည်းအတိုင်း စိုက်ထူသည်။ အရှေ့ဘက် နိမိတ်တိုင်များ အနီး၌ ဂဝံကျောက်ဆစ်လက်ရာဖြင့် ကြာပွင့်သဏ္ဍာန် ပန်တင်ခုံတစ်ခုရှိပါသည်။ နိမိတ်တိုင်များအတွင်း မြေပြင်မှာ ယခုခေတ် အုတ်တိုက် သိမ်အဆောက်အအုံကို တည်ဆောက်ထား၏။ သိမ်အနီး၌ ကျောင်း၊ ဇရပ်များလည်းရှိသည်။ ထိုသိမ်၏ နိမိတ်တိုင်များ တွေ့ရပုံနှင့် သိမ်ကုန်းမှ ကောက်ရသော လက်ရေးစင်အုတ်ချပ် အထောက်အထားတို့အရ သိမ်ဟောင်းတစ်ခုဖြစ်ကြောင်း သိသာပါသည်။ ဝင်းကရွာ ကုမာရစေတီအနီးပတ်ဝန်းကျင်မှာ ရှေးဟောင်းဘုန်းကြီးကျောင်းအဆောက်အအုံနှစ်ခုကို တူးဖော်တွေ့ရှိရပြီးဖြစ်သည်။ (Myint Aung ၁၉၉၉) ထိုကျောင်းများအနီးမှ စေတီဟောင်းကုန်းများကို တွေ့ရသည့်အပြင် သိမ်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ရဟန်းတော်များ သီတင်းသုံးရာ ကျောင်း၊ သိမ်၊ ဇရပ်နှင့် စေတီများကို တစ်စုတစ်ဝေးတည်း တွေ့နိုင်သော နေရာပင်ဖြစ်၏။ တိုက်ကုလား မြို့ဟောင်းတွင် အုပ်ချုပ်သူအကြီးအကဲ၊ မင်း၏နန်းတော်ရာဟူ၍ တူးဖော်တွေ့ရှိရခြင်းမရှိသေးသော်လည်း ဘာသာရေးအချက်အချာ (Religious Centre)တစ်နေရာကို ညွှန်ပြနိုင်ပြီ ဖြစ်ပါသည်။

**ကုန်သွယ်ရောင်းဝယ်မှု အထောက်အထား ဒင်္ဂါးနှင့် ပုတီးများ**

တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ကွင်းဆင်းအဖွဲ့သည် ဝင်းကရွာမှ ရောင်းစုံပုတီးစေ့အချို့ စုဆောင်းရရှိခဲ့ပါသည်။ ရွာသားများကောက်ရသမျှ ပုတီးစေ့များကို ဝယ်ယူစုဆောင်းရောင်းချခြင်းပြုကြသည်ကိုလည်း စုံစမ်းသိရှိရပါသည်။ ၁၉၇၆-၇၇ ရှေးဟောင်းသုတေသနတူးဖော်မှု ကုန်းအမှတ်(၁)ကို တူးဖော်စဉ်ကလည်း မြေပုတီးစေ့နှင့် ရောင်စုံကျောက်ပုတီးစေ့များ တွေ့ခဲ့ရကြောင်း သိရ၏။

ပုတီးစေ့များသည် ရှေးဟောင်းခေတ် ကုန်သွယ်ရေးတွင် ငွေကြေးဖလှယ် အသုံးပြုရသော ပစ္စည်းဖြစ်၏။ အထူးသဖြင့် ကော်(ဖန်) ရောင်စုံပုတီးစေ့များမှာ အနောက်တိုင်း(မြေထဲပင်လယ်ဒေသ)ဖြစ် ပစ္စည်းများဖြစ်၍ အိန္ဒိယ အရှေ့ဘက် ကမ်းရိုးတန်းရှိ အရိကမေဒူး ဆိပ်ကမ်းမြို့မှတစ်ဆင့် အရှေ့တောင်အာရှသို့ ဖြန့်ဖြူးရောင်းချခဲ့ဟန်တူ၏။ အရှေ့တောင်အာရှ မြို့ပြနိုင်ငံများမှလည်း ကျောက်ပုတီးများကို ပြုလုပ်သည်။ ကျိုက္ကသာမြို့ဟောင်းမှ ကျောက်ပုတီးလုံးချော တစ်စေ့နှင့်အတူ လုပ်လက်စ၊ အချောမသွေး၊ အပေါက်မဖောက်ရသေးသော ပုတီးတစ်စေ့ကို တွေ့ရဖူးပါသည်။ အောက်မြန်မာနိုင်ငံ သထုံဆင်ဖြူကျွန်း၊ စမ္ပါယ်နဂိုရ်(လကွန်းဗျည်း)နှင့် ဘာအံဒေသများမှ ပုတီးစေ့ အထောက်အထားများ ရှိပါသည်။

ရှေးဟောင်းခေတ်ကုန်းသွယ်ရေး အထောက်အထား ငွေဒင်္ဂါးပြားများကို ယခုအခါ စစ်တောင်း၊ ကျိုက္ကသာ၊ ပိုင်ဒန်(အရက်သမ)၊ ဝင်းက၊ သထုံ၊ ဘားအံနှင့် မုဒုံဒေသတို့မှ တွေ့ခဲ့ရသည်။ ကျိုက္ကသာမြို့ဟောင်းမှာ ခရသင်းနှင့် သိရိဝစ္ဆ ငွေဒင်္ဂါးပြားရေ(၁၀၀၀)ကျော် တူးဖော်ရရှိခဲ့ဖူး၏။ ၎င်းကျိုက္ကသာ ဒင်္ဂါးသည် မြန်မာနိုင်ငံ ပျူခေတ်နှင့် ထိုင်း၊ ဒွါရဝတီးခေတ် ဒင်္ဂါးအမျိုးအစားပင်ဖြစ်၏။




ကောလာသတောင်ခြေ အယက်သမရွာအနီး ပိုင်ဒန်ကလေးရွာ၊ ကျောင်းဆရာဦးကျော်မြင့် ကောက်ယူစုဆောင်းထားသော ဒင်္ဂါးငယ်သည် သိရိဝစ္ဆနှင့် နေဝန်းပုံတစ်ဘက်စီပါ၏။ ဝင်းကရွာ ဦးတာပို၏ဒင်္ဂါးသည် ကျပ်ပြားအရွယ်အစားရှိ၍ သိရိဝစ္ဆနှင့် ခရုသင်းပုံတို့ တစ်ဘက်စီပါရှိ၏ ၎င်းဒင်္ဂါးပြားတို့၏ သက်တမ်းကို ခရစ်နှစ် ၄၀၀-၅၀၀ ခန့်က ဖြစ်မည်ဟု ခန့်မှန်းထား၏။

**တိုက်ကုလားမြို့ဟောင်း၏ လက်ရှိအခြေအနေ**


**(က) အယက်သမရွာတိုက်ကုလားမြို့ဟောင်း**

မြသိန်းတန်တောင်၊ ဝေပုလတောင်နှင့် အယက်သမရွာတို့အကြား၌ မြို့ဟောင်းတစ်ခုရှိပါသည်။ တောင်နှစ်ခုကို အရံအတားပြုကာ တောင်စောင်းပတ်လည် မြို့တံတိုင်းကာသည်၊ မြောက်ဘက်မြေပြန့်တွင် မြို့ရိုးနှင့် ကျုံးသဏ္ဍာန်အထင်အရှားရှိ၍ ၁၉၇၅ ခုနှစ်က စမ်းသပ်တူးဖော်ခဲ့ပြီးဖြစ်၏။ ထိုမြို့ကို ဓမ္မစေတီ(ရာမာဓိပတိ)ကျောက်စာအညွှန်းနှင့် ကိုက်ညီသဖြင့် သုဝဏ္ဏဘူမိ မြို့ကုန်းဟု ထင်မြင်ယူဆခဲ့၏။ သို့သော် ထိုမြို့ဟောင်းကုန်းသည် ပုဂံခေတ်၊ ပုဂံခေတ်လွန် မုတ္တမ၊ အင်းဝနှင့်ဟံသာဝတီခေတ်တို့မှ ကုန်းဘောင်ခေတ်အထိ တည်တံ့ခဲ့သော ပဒေသရာဇ်နယ်စားပိုင်ခံမြို့တစ်ခုမျှသာ ဖြစ်ဟန်တူ၏။ လက်ရှိအခြေအနေမှာ မြို့ကွက်နေရာ ထင်ရှားကျန်ရစ်နေသေး၏။

အယက်သမရွာ တိုက်ကုလားမြို့ဟောင်းကုန်း၏ အနီးဝန်းကျင်မှာပင် ပုဂံခေတ်မတိုင်မီက အုတ်ကုန်း၊ အုတ်ထပ်များ ကျန်ရှိနေသေး၏။ ထိုကုန်းများမှ လက်ရေးစင်းအုတ်ချပ်အထောက်အထားကိုကြည့်၍ ဤသို့ဆုံးဖြတ်ရခြင်းဖြစ်ပါသည်။ အယက်သမရွာ ချစ်တီးကွင်းဟု ခေါ်သောနေရာ၌ အများအပြားတွေ့ရသည်။ ထို့အပြင် ပိုင်ဒန်ကလေးရွာ ရေတံခွန်တောင်ပေါ်ကျောင်းမှ ကျောက်တန်းမြို့ရိုးသည် နတ်မြားတောင်ပေါ်မှ တစ်ဆင့် ကေလာသတောင်နှင့် မြသပိတ်တောင်သို့ဆက်နေပါသည်။ အယက်သမနှင့်ဝင်းကအကြား အောင်ပင်လယ်ကျောက်တန်းသည် ဝေပုလ္လတောင်ကျောက်တန်းမြို့ရိုး၏ အဆက်ပင်ဖြစ်သည်။




*တိုက်ကုလား (အယက်သမ)မြို့ကွက်ပုံ*



## (ခ) ဝင်းကရွာ တိုက်ကုလားမြို့ဟောင်း

အယက်သမရွာ အောင်ပင်လယ်ကျောက်တန်းနှင့် ကျောက်လုံးကြီးရွာ ရွှေဒီပြန်ကျောက်တန်း၊ တောင်ကြီးရွာ အုတ်ပေါက်တို့အကြား ကေလသတောင်အနောက်ဘက်မှာ ဝင်းကရွာဖြစ်သည်။ ၎င်းဝင်းကရွာသည် ရှေးတိုက်ကုလား မြို့ဟောင်းနေရာပင်ဖြစ်ပါသည်။

သထုံရာဇဝင်တွင် ကေလာသတောင်မှ အနောက်မြောက်ဘက်၊ တောင်းစောင်းတစ်ဝက်၊ မြေညီတစ်ဝက် အရပ်သည်သာ ရှေးသုဝဏ္ဏဘူမိမြို့ဟောင်းနေရာ ဖြစ်သည်ဟု ညွှန်ပြထား၏။ ထိုမြို့သည် အလျား၊ တောင်နှင့်မြောက် တာ (၇၅၀)၊ (၂၆၂၂)ကိုက်/တစ်မိုင်ခွဲခန့် ၊ အနံ၊ အရှေ့နှင့်အနောက် တာ (၅၀၀)၊ (၁၇၅၀)ကိုက်/တစ်မိုင်ခန့် ရှိသည်ဟုဆို၏။ ထိုမြို့ကို သာသနာနှစ်(၂၀၇)ခုနှစ်၊ (ခရစ်အကြို ၃၃၆)ခုနှစ်တွင် တည်ထားခဲ့ကြောင်း သထုံရာဇဝင်၌ ဖော်ပြထားပါသည်။ ၎င်းမြို့သည် ပင်လယ်ရေ တိုက်စားဖြိုဖျက်ခြင်းကို ခံရသဖြင့် ဆက်လက်မတည်တံ့နိုင်တော့ဘဲ မြို့တော်ကို ယခုသထုံမြို့ဟောင်းနေရာသို့ ရွှေ့ပြောင်းတည်ထောင်ခဲ့ရကြောင်း ဆက်လက်ဖော်ပြထားပါသည်။ ဝင်းကရွာတစ်ဝိုက်တွင် ပုဂံခေတ်ထက်ပို၍ ရှေးကျသော အုတ်ကုန်း၊ အုတ်ထပ်များ ကျန်ရှိနေပါသေးသည်။ လက်ရေးစင်း အုတ်ချပ်အထောက်အထားကိုကြည့်၍ ဤသို့ဆုံးဖြတ်သတ်မှတ်ရခြင်းလည်းဖြစ်ပါသည်။ ဝင်းကရွာ ခေတ်သစ်သိပ္ပံ ဘုန်းကြီးကျောင်းအနီးမှစ၍ အရှေ့ဘက်မြသပိတ်တောင်စောင်းသို့ တက်သွားပြီး အမြင့် ပေ ၅၀၀ ခန့်အရောက် မြဘုန်းရှိန်ဘုရားကုန်းမှစ၍ အနောက်ဘက်နှင့် အနောက်တောင်ဘက် မြေပြန့်ရှိ ကျောက်လုံးကြီးရွာ ရွှေဒီပြန်ဘုရားသို့လည်းကောင်း၊ တောင်ကြီးရွာ အုတ်ပေါက်ဟုခေါ်သော တောင်စွယ်စွန်းသို့လည်းကောင်း ရှေးဟောင်းမြို့ရိုး ကျောက်တန်းများ သွယ်တန်းလျှက်ရှိသည်ကို တွေ့ရပါသည်။



*မြသပိတ်တောင်ခြေတောင်ကြီးရွာမှ အုတ်ပေါက်ခေါ် မြို့ရိုးပိုင်းကို ဆရာဦးမြင့်အောင်နှင့်အဖွဲ့ စစ်ဆေးကြည့်ရှုနေစဉ်*



*ဝင်းကရွာကြောင်တစ်ရာဘုရားတွင် ခြသေ့်မျက်နှာရုပ်ပါသော ဂဝံအုတ်တုံးများကို ရံထားလျှက်တွေ့ရပုံ*




*ဝင်းကရွာကျားတစ်ရာဘုရား*



ဝင်းကရွာ မြသပိတ် တောင်ပေါ်စေတီနှင့် ရွှေဒီပြန်စေတီ။ ၄င်းတို့အကြားမြေပြင်တွင် သုဝဏ္ဏဘူမိ မြို့ရိုးတစ်ပိုင်းရှိပါသည်







*ဇုတ်သုတ်ဂဝံယဉ်ကျေးမှုပြတိုက်မှ (ကျောက်ထီးရွက်)(ဆင်တပ်၊မြင်းတပ်) ဇုတ်သုတ်ကျိုက်ထီးဆောင်းလေးမျက်နှာဘုရား*

## ဇုတ်သုတ်မြို့ဟောင်း

ဇုတ်သုတ်ရွာကလေး (၁၇°၊ ၁၀' X ၉၇°၊ ၁၀' ၃၆'')နှင့် ဇုတ်သုတ်ရွာကြီး (၁၇°၊ ၁၀' X ၉၇°၊ ၁၀'') ဟူ၍ ရွာနှစ်ရွာရှိကြသည့်အနက် ရှေးမြို့ဟောင်းဗဟိုချက်နေရာကို ဇုတ်သုတ်ရွာကလေး (ကျိုက်ထီးဆောင်း) ကုန်းပေါ်တွင်တွေ့ရပါသည်။ ဇုတ်သုတ်မြို့ဟောင်းကုန်းသည် စတုရန်းမိုင် (၂၀)ခန့် ကျယ်ပြန့်သောဘီးလင်းမြစ် အနောက်ဘက်မြေပြန့်လွင်ပြင်မှ ဂဝံကုန်းများအားလုံးကို ဗဟိုချက်ပြု၍ထားသည်။ ၎င်းပတ်လည်တွင် ဇုတ်သုတ်ရွာကြီး၊ ကောဲကဒွတ်၊ ကော့ကွဲ၊ သစ်တိုကျွန်း၊ မိန်းမလှကျွန်း၊ ရေဖြူကန်၊ ရွှေလှေ၊ ကကတစ် (မုဆိုးမကျွန်း)၊ မှသင်၊ ဝိုင်းပတ်၊ ဇွဲဂလာ၊ ညောင်ပလင်၊ ညောင်လမ်း၊ လိပ်ခုံး၊ ဇုတ်ဂလိ ကျေးရွာများထူထောင်သည့် ဂဝံကုန်းများဝန်းရံထား လျက်ရှိ၏။ ၎င်းဂဝံကုန်းများပေါ်မှ ရှေးမြို့ဟောင်း ခေတ်အုတ်ချပ်များ မြို့ရိုးဟောင်း၊ ကျုံးဟောင်း၊ အဆောက်အအုံ ဟောင်းများ တွေ့ရသည်။ သို့ဖြစ်၍ ဇုတ်သုတ်သည် ကျိုက္ကသာမြို့ဟောင်းနှင့်ခေတ်ပြိုင် ဂဝံမြို့တော်တစ်ခုဖြစ်နိုင် ကြောင်းသိရှိရပါသည်။



ဇုတ်သုတ်ရွာကလေးမြို့ဟောင်း အတွင်းထပ် ပထမကျုံးတစ်နေရာ



ဇုတ်သုတ်ရွာကလေး(ကျိုက်ထီးဆောင်း)မြို့ဟောင်းအတွင်းထပ် ပထမမြို့ရိုးကို သမိုင်းသုတေသန ကွင်းဆင်းအဖွဲ့လေ့လာစဉ်

ဇုတ်သုတ် (ရွာကလေး)၏ ပုံသဏ္ဌာန်မှာ ကျိုက္ကသာမြို့ကဲ့သို့ပင် အလျားရှည် တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်ပြီး ခါးသိမ်နေသော အဝိုင်းပုံ (ခြေရာပုံ) မျိုးဖြစ်၍ မြို့တည်ပုံစနစ်ခြင်း နီးနီးစပ်စပ်တူနေ ကြောင်းတွေ့ရ၏။ အတွင်းထပ် (၇)ရစ်ခန့် ကောင်းကင်ဓါတ်ပုံပေါ်တွင် ထင်ရှားစွာတွေ့မြင်နိုင်၏။ အပြင်မြို့ရိုးပတ်လည် အထင်အရှား မရှိတော့သော်လည်း မြို့ဟောင်းအနောက်မြောက်ထောင့်မှ ဆင်ထပ်မြင်းထပ် ဂဝံတံတိုင်းတစ်စိတ်တစ်ပိုင်း တည်တန့်နေပုံကိုထောက်ထားလျှင် ဇုတ်သုတ်ကို ဂဝံမြို့တော်ဟုခေါ်ထိုက်ပေသည်။ ဗဟိုမြို့ဟောင်းကုန်း၏ အရှယ်သည် ဧက ၄၅၀ ခန့်ရှိသည် ကျိုက်ထီးဆောင်းဂဝံစေတီမှာ ဗဟိုချက်အတွင်းထပ်မြို့ရိုးတံတိုင်းအတွင်း၌ တည်ရှိနေပါသည်။


ဇုတ်သုတ်နှင့် ပတ်ဝန်းကျင်ဂဝံကုန်းများကို ပေါင်းစပ်လေ့လာကြည့်လျှင် အလွန်ရှေးကျသော အိန္ဒိယယဉ်ကျေးမှုကို ခြေရာခံမိပေသည်။ ဟိန္ဒူ-ဗြဟ္မဏဝါဒနှင့် ဗုဒ္ဓဘာသာအရေးအယူအဆများအရ စကြာဝဠာတည်ဟန်သဘောတရားအတိုင်း လိုက်နာ၍ မြို့ကွက်ချတည်ထားပုံကို တွေ့မြင်ရမည်ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ် ဂဝံသဘာဝမြေပြင်ကို လိုအပ်ချက်အရလူတို့ကပြုပြင်ပြီး လူနေမှုရပ်ဝန်းတစ်ခုတည်ထောင်ခဲ့ခြင်းဖြစ်သည်။ အလယ်တွင် မြင့်မိုရ်ကိုထား၍ပတ်လည်မှတောင်စဉ် (မြို့ရိုး) ခုနစ်ထပ်၊ သီတာ (ကျုံး) ခုနစ်တန်ကာရံထားပုံ၊ အရပ်လေးမျက်နှာတွင် ကျွန်းကြီးလေးကျွန်းအရံထားပုံ၊ ကျွန်းငယ်များလည်းရံလျက်နေပုံ၊ မဟာသမုဒ္ဒရာအသွင်ရေလွှမ်းလွင်ပြင်ကိုလည်း တွေ့ရပုံတို့မှာ ဇုတ်သုတ်၏ထူးခြားချက်များပင်ဖြစ်ပါသည်။ မြို့၏ဗဟိုချက် (နန်းတော်ရာ)တွင် ဂဝံတွင်းပေါက်တစ်ခု ရှိသည်။ သော့ပေါက်ဟုခေါ်ကြ၏။ ၎င်းကို မြေအောက်ဥမင်လိုဏ်စနစ်မှ ထွက်ပေါက်တစ်နေရာဖြစ်နိုင်ကြောင်း လေ့လာသိရှိရ၏။ အခြားဂဝံကုန်းများပေါ်တွင် အလားတူဂဝံတွင်းပေါက်များတွေ့ရသေး၏။ ကျိုက္ကသာမြို့ဟောင်းမှ ဖော့ကဖန်းဂူနှင့် မုဆိုးမဂူတို့ကဲ့သို့ မြေအောက်ဥမင်လိုဏ်ခေါင်းစနစ်မျိုးဖြစ်မည်ဟု ခန့်မှန်းရပါသည်။




*ဇုတ်သုတ်မြို့ဟောင်းအလယ်ဗဟို ကျကျ၌ရှိသော ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီ*



ဇုတ်သုတ်မြို့ဟောင်း ကောင်းကင်ဓါတ်ပုံ




ဇုတ်သုတ်မြို့ဟောင်း ဆွဲပုံ (ဦးအောင်မြင့်)




ဇုတ်သုတ်မြို့ဟောင်း ကောင်းကင်ဓါတ်ပုံ



ဇုတ်သုတ်အတွင်းထပ် ဒုတိယမြို့ရိုးနှင့်ကျုံး




ဇုတ်သုတ်အတွင်းထပ် စတုတ္ထမြို့ရိုး






ဇုတ်သုတ်အတွင်းထပ် ပထမမြို့ရိုးနှင့်ကျုံး





*ကတိုက်ကြီးမြို့ဟောင်း ကောင်းကင်ဓာတ်ပုံ*

**ကတိုက်ကြီးမြို့ဟောင်း**

ဇုတ်သုတ်နှင့် သထုံအကြား ဘီးလင်းမြစ်အရှေ့ဘက်ကမ်းပင်လယ်စပ်တွင် ကတိုက်ကြီး၊ ကတိုက်ကလေး၊ ဒုံဝန်း၊ ဆိပ်ကျွန်း၊ မရမ်းကုန်း၊ သရက်တောစသောကျေးရွာများတည်ထားသည့် ဂဝံကုန်းများတည်ရှိကြပါသည်။ ကတိုက်ကြီး (၁၇°၊ ၃' X ၉၇°၊ ၁၄') သည် မြို့ကွက်သဏ္ဍာန်ပေါ်လွင်ထင်ရှားပြီး အရွယ်အစားမှာလည်း အလတ်စားအရွယ် (ဧက ၂၀၀) ခန့်ရှိပါသည်။ သဘာဝဂဝံကုန်း၏ ပတ်လည်မှ အပြင်မြို့ဝန်းပုံမှာ ခြေဖဝါးပုံနှင့်ဆင်တူနေသည့် အတွင်းထပ်မြို့ဝန်းရိုးသုံးထပ်မှာ စတုဂံပုံမျိုးဖြစ်၏။ ၎င်းမြို့ရိုးနှင့်ကျုံးထပ်များကို ကောင်းကင်ဓါတ်ပုံတွင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ကတိုက်ကြီး၏စတုဂံပုံအတွင်းထပ်မြို့ တည်ထားပုံကို သထုံမြို့ကွက်တည်ထားပုံနှင့် နှိုင်းယှဉ်လေ့လာသင့်၏။ ကတိုက်ကြီးသည် ကျိုက္ကသာနှင့် ဇုတ်သုတ်တို့ကဲ့သို့ အစောပိုင်းခေတ်မြို့ဟောင်းတစ်ခုဖြစ်နိုင်ပြီး ၎င်းတို့နှင့်ခေတ်ပြိုင် သို့မဟုတ် မရှေးမနှောင်းတည်ခဲ့ဟန်ရှိပါသည်။ သထုံကို ၎င်းမြို့များပျက်သုန်းသွားပြီးမှ တည်ခဲ့ဟန်တူပါသည်။ သို့သော်မြို့ဟောင်းအားလုံးတွင် လက်ရေးစင်းအုတ်အထောက်အထားများတွေ့ရှိခြင်းကို ထောက်ထားလျှင် ပုဂံခေတ်မတိုင်မီက ထွန်းကားခဲ့သော မြို့များဖြစ်ကြောင်းသိသာ ထင်ရှားပေသည်။

ကတိုက်ကြီးနှင့် ပတ်ဝန်းကျင်ဂဝံကုန်းများတွင် ဂဝံစေတီ၊ ဂဝံရုပ်များ၊ ဆင်းတုတော်များ၊ ကျောက်ခေတ်သစ်လက်နက်ပစ္စည်းများ၊ ရေတွင်း၊ ရေကန်များ၊ အုတ်ကုန်းများရှာဖွေတွေ့ရှိသည်။ မျက်မောက်ခေတ် ဂဝံကျောက်ထုတ်သော ကျောက်ကျင်းများကိုလည်းတွေ့ရ၏။




ကတိုက်ကြီးမြို့ဟောင်းအတွင်းထပ် ပထမမြို့ရိုးနှင့် ကျုံး





*ကတိုက်ကြီးမြို့ဟောင်းမှ အုတ်ကုန်းအချို့*




*ကတိုက်ကြီးမြို့ရိုးအောက်မှ ဂဝံဥမင်လိုဏ်အတွင်းပိုင်း*







ကတိုက်ကြီးမြို့ဟောင်းသမိုင်းကို ဖော်ထုတ်ပေးနိုင်သော အုတ်ကုန်းဟောင်းများ



*သထုံကျောက်စာရုံအတွင်းရှိ ကျောက်ဆစ်မတ်ရပ် ရုပ်ကြွပုံတော်*




# သထုံမြို့ဟောင်း

## (၁) သထုံမြို့ရိုးများ

ကောင်းကင်ဓါတ်ပုံပေါ်တွင် သထုံအရှေ့မြို့ရိုးနှင့် မြောက်မြို့ရိုးများကို ထင်ရှားစွာမြင်နိုင်သည်။ တောင်ဘက်မြို့ရိုးနှင့် အနောက်ဘက်မြို့ရိုးများမှာမူ လူနေရပ်ကွက်အတွင်း ပျောက်ဆုံးနေလျက်ရှိ၏။ မြသပိတ်တောင်ခြေရင်းမှ တောင်တန်းနှင့်အပြိုင် တောင်-မြောက်တန်းနေသော အရှေ့မြို့ရိုးနှစ်ခုသည် လေယာဉ်ကွင်းအနီး မြောက်ဘက်ဇေတဝန်ကျောင်းဝန်းမှ တောင်အရပ်ဆီသို့ မြသပိတ်ဘုရားလမ်းကို ဖြတ်ကျော်ပြီး၊ သိမ်ကုန်းရပ်ဦးဖြူလမ်းအတိုင်း ဘင်လိုင်ကြက်လျှာစွန်းအထိ ရောက်သည်။ ထိုမှအနောက်သို့ တစ်ဆစ်ချိုးကွေ့ကာ တောင်ဘက်မြို့ရိုးနှင့် မြို့ထောင့်(အရှေ့တောင်ထောင့်)ကိုတွေ့ရသည်။ ၎င်းမြို့ထောင့်နေရာမှာ မြို့ဝင်ပေါက်(တံခါးပေါက်)တစ်ခု ဖြစ်နိုင်ပါသည်။ ၎င်းဘေးနံရံမြေသားတွင် ဂဝံအုတ်စီနံရံနစ်ဖက် အကြွင်းအကျန်ကို တွေ့နိုင်၏။ ၎င်းတောင်ဘက်မြို့ရိုးသည် သထုံဘားအံကားလမ်း အရောက်တွင် အဆက်ပြတ်သွားပြီး နတ်စင်ကုန်းအနီးတွင် ပြန်ပေါ်လာသည်။ ထိုနေရာတွင် မြို့ရိုးတစ်ထပ်ကိုသာ ခပ်ပါးပါးတွေ့ရတော့၏။ နတ်စင်ကုန်းမှ သထုံ-မော်လမြိုင်ကားလမ်း အဆက်အစပ်အထိ အပြတ်အတောက်များစွာဖြင့် ဆက်သွားသည့် ၎င်းတောင်ဘက်မြို့ရိုးမှာ ကားလမ်း၏အနောက်ဘက် အောက်ကျင်းရပ်ကွက်အရောက်တွင် ပျောက်ကွယ်လျှက်ရှိ၏။

အောက်ကျင်းရပ်ကွက်အတွင်းရှိ အနောက်မြို့ရိုးများကိုလည်း ယခုအခါရှာမတွေ့ရတော့ပေ။ နန်းခဲရပ်ကွက်အပိုင်း သထုံဘူတာရုံလမ်း၏ မြောက်ဘက်ရှိ ဖောင်တော်ဦးဘုရားအနီးမှာ အနောက်မြို့ရိုးတစ်ပိုင်းကို ပြန်တွေ့ရ၏။ ဆက်လက်၍ နန်းခဲရပ် ပြည်တော်သာလမ်းတွင် အနောက်မြို့တစ်ပိုင်းတွေ့ရပြီး နန်းခဲနှင့် လိပ်အင်းအကြား ရေအိုင်(လိပ်အင်း)အစပ်တွင် ပျောက်ကွယ်နေ၏။ ၎င်းလိပ်အင်းသည် သထုံမြို့ဟောင်းခေတ်က လှေဆိပ်၊ သင်္ဘောဆိပ်ဟောင်း





*သထုံမြို့ရိုး အရှေ့တောင်မြို့ထောင့်တွင် မြို့ဝင်ပေါက်နေရာကို တွေ့ရပုံ*
*( ဝင်ပေါက်နံရံကို ဂဝံအုတ်များဖြင့် စီထားသည် )*

ဖြစ်၍ အနောက်မြို့ရိုးများ အဆက်ပြတ်နေဟန်တူ၏ (ထိုအင်းကြီးကိုငုံပြီး မြို့တည်ခဲ့ဟန်မတူပေ)။ သို့ရာတွင် လိပ်အင်း (ရေအိုင်၊ ယခုလူနေရပ်ကွက်)အလွန် နတ်ကျွန်းတွင် အနောက်မြို့ရိုးများ ထင်ထင်ရှားရှားတွေ့နိုင်၏။ ၎င်းလိပ်အင်း ရပ်ကွက်အနောက်မြို့ရိုးများသည် မြောက်ဘက်မြို့ရိုးများနှင့် ဆက်စပ်မိပြီး အနောက်မြောက်မြို့ထောင့် ကိုတွေ့ရသည်။ မြောက်ဘက်မှလာသော မြို့ရိုး အမှတ်(၄) နှင့် အမှတ်(၅)တို့ကို ယခုအနောက်မြို့ရိုးနေရာမှာ တွေ့ရခြင်းဖြစ်ပါသည်။

အမှတ်(၅)မြို့ရိုးသည် မြောက်ဘက်တွင် သမီးတော်ကုန်းခြားလျှက် အမှတ်(၄)နှင့် အလှမ်းကွာနေသော်လည်း အနောက်ဘက်သို့ကွေ့ဝိုက်ပြီး အမှတ်(၄)နှင့်နီးကပ်လျက်သွားကာ နတ်ကျွန်းဟုခေါ်သော ကုန်းတည်ရာ လိပ်အင်းအစပ် သို့ရောက်ပါသည်။ အနောက်ဘက်ရှိ အမှတ်(၃)နှင့် အမှတ်(၅) မြို့ရိုးတို့သည် အကျယ်ပေ(၃၀)မှ ပေ(၄၀) ခန့်သာရှိသော်လည်း ၎င်းတို့နှစ်ခုအကြားရှိ အမှတ်(၄) မြို့ရိုးမှာ ပေ(၁၅၀)အထိ ကြီးမားကျယ်ပြန့်ကြောင်း တွေ့ရသည်။ ဤမြို့ထောင့်နေရာမှ အမှတ်(၃)မြို့ရိုးသည် ကျုံးအခြေမှ ၁၅ ပေခန့်အထိ အမြင့်ကျန်ပါသေးသည်။ သို့ဖြစ်၍ သထုံမြို့ရိုးများ ပျက်စီးပွန်းတီးမှုရှိသည်ဆိုသော်လည်း အချို့နေရာတို့မှာ ရှေးမြို့ဟောင်းအထာက်အထား နမူနာပြစရာ ကျန်ရှိနေသေးကြောင်း တွေ့ရပါသည်။ အထူးသဖြင့် မြို့ဟောင်း၏အနောက်မြောက်ထောင့် အရှေ့မြောက် ထောင့်နှင့် အရှေ့တောင်ထောင့်မြို့ရိုးနေရာများကို ဆက်လက်ထိန်းသိမ်းထားရှိသင့်ပါသည်။

သထုံမြို့ဟောင်း မြောက်ဘက်တွင် မြို့ရိုး(၆)ထပ်ရှိသည်ဟု သထုံရာဇဝင်ကဆိုထားပါသည်။ အနော်ရထာ စစ်ရောက်လာ၍ မူလမြို့ရိုးသုံးထပ်အပြင် နောက်ထပ်မြို့ရိုးသုံးထပ်ကို တည်ခဲ့ရသည်ဟု ဆို၏။ မြောက်ဘက်အပြင် စွန်းမြို့ကို လဝတောင်ခြေမှစ၍ အနောက်ဘက် ပင်လယ်စပ်အထိ တည်ခဲ့သည်ဟုလည်း ဆိုထားပါသည်။ ကောင်းကင် ဓါတ်ပုံမှတစ်ဆင့်မြင်တွေ့ရသော မြောက်ဘက်မြို့ရိုးမှာ (၅)ထပ်သာရှိသည်။ ထို့ကြောင့် အမှတ်(၆)မြို့ရိုးတစ်ခုရှိသေး သလားဟု ဆန်းစစ်ရန် နေမိန္ဒရတောင်ကုန်း၊ အောင်ဓမ္မကုန်းနှင့် အောင်သိဒ္ဓိကုန်းများသို့ သွားရောက်ခဲ့သည်။ ၎င်းတို့၏အထက် တောင်ဝိုင်းကြီးဟုခေါ်သော တောင်ရိုးတန်းမှာ မြို့တံတိုင်းသဖွယ် တောင်နှင့်မြောက်တန်းနေကြောင်း တွေ့ရသည်။ ယခုတောင်ဝိုင်းကြီးဘုန်းကြီးကျောင်း၊ ဇရပ်၊ သိမ်နှင့်စေတီများ တည်ထားသောကုန်းသည် ထိုကုန်းတန်း၏ အစဖြစ် ၍ ထိုမှ မြောက်ဘက်အရှင်ဆန္ဒာဓိက သီတင်းသုံးရာ ရွှေပါရမီတောရကျောင်းအထိ ဆက်သွယ်နေပုံကို


တောင်ဘက်မြို့ရိုး အကြွင်းအကျန်


မြင်ရသည်။ လဝတောင်ခြေရှိ ဆရာတော်ဦးသီလ တရားအားထုတ်ခဲ့ရာ ကျောက်ဂူမှစတင်သော ထိုကုန်းတန်းသည် ရေပုပ်စမ်းဖျားရှိ စမ်းချောင်းများကို ဖြတ်ပိတ်ထားသော ဆည်ပေါင်တစ်ခုကဲ့သို့ အနေအထားရှိပုံကိုလည်း တွေ့ရသည်။ တောင်ဝိုင်းကြီးကျောင်းဝင်းမှ မြောက်ဘက်ကုန်းတန်းတစ်နေရာကို စစ်ဆေးသည့်အခါ ညီမညီးမညီးအရောင် (နေလောင်ထားသည့်အရောင်)ဖြင့် ကျောက်တုံးများကို အထပ်ထပ်ဆင့်၍ စနစ်တကျစီထားပုံမှာ မြို့တံတိုင်းပြုလုပ်ပုံနှင့် ဆင်တူနေကြောင်းတွေ့ရပါသည်။ ကုန်းတန်းပေါ်တွင် ရာဘာခြံများ၊ အချို့နေရာတို့၌ ရာဘာပင်ပျိုးများ စိုက်ထားသည်။ ၎င်းကို အရှေ့ဘက်တောင်ခြေရင်းက တစ်စိတ်တစ်ပိုင်းမျှသာ စစ်ဆေးခွင့်ရခဲ့ပြီး မြောက်ဘက်သို့ဆက်လက်သွားမည့်ပုံကို မသိရသေးပါ။ ရွှေပါရမီတောရအလွန် ကေလာသ(သထုံ)တောင်ခြေမှ မြေနီကုန်း၊ ပေါ်တော်မူနှင့် ဆင်ဖြူကျွန်းအထိ တောက်လျှောက် လိုက်လံစစ်ဆေးရမည်ဖြစ်၍ အချိန်များစွာ လိုအပ်ပါသည်။


တောင်ဘက်မြို့ရိုး နတ်စင်ကုန်းအကြွင်းအကျန်

**ရေကျုံးစနစ် အစီအမံများ**

မြို့ရိုးများအကြား၊ မြောင်းများကို ရေသွင်းရန် ရေရရှိရေးစီမံထားပုံကို ဆက်လက်လေ့လာသည်။ အရှေ့မြို့ရိုးများအကြား ကျုံးမြောင်းအတွက် ရွှေချောင်းနှင့် ဘင်လိုင်းစမ်းရေကို ရယူနိုင်ပါသည်။ မြောက်မြို့ရိုး များအတွက် ရေပုပ်စမ်းရေကို ရယူနိုင်ပြီး တောင်ဘက်မြို့ရိုးများအတွက် ဝါးပါးချောင်းကို ရယူနိုင်သည်။ မြောက်ဘက် ရေပုပ်စမ်းဖျားတွင် စမ်းရေကို အကန့်အကန့်ပိုင်း၍ ရေတားတမံများ တည်ဆောက်ထားဟန်တူ၏။ အောင်ဓမ္မကုန်းနှင့် အောင်သိဒ္ဓိကုန်းစောင်း မြောက်ဘက်ရှိ ရေပုပ်စမ်းချောင်းတွင် ဖြတ်ပိတ်ထားခဲ့သော ကျောက်တုံးဆည်ဘောင်တစ်ခု၏ အရင်းအငုတ်

ကိုတွေ့ရပါသည်။ သထုံမြို့သည် ဆောင်းနှင့်နွေကာလခြောက်သွေ့ရာသီများတွင် ကျုံးမြောင်းများရေသွင်းရန် ပိုလိုအပ်သည်ဖြစ်၍ ရေကိုထိန်းချုပ်စီမံသည့် နည်းပညာ (Water management) အထောက်အထားကို တွေ့ရခြင်းဖြစ်ပါသည်။



သထုံမြောက်မြို့ရိုးနှင့် သမီးတော်ကုန်း၊ အနောက်မြောက်မြို့ထောင့်ပုံ

## မြောက်မြို့ရိုး၊ သမီးတော်ကုန်းနှင့် အနောက်မြောက်မြို့ထောင့်

အနောက်သို့ ဆက်လက်သွယ်တန်းသွားသော မြောက်မြို့ရိုးအားလုံးတို့သည် သထုံလေယာဉ်ကွင်း ဖြတ်ဖောက်သည့်လမ်းကြောင်းအရောက်တွင် တိတိရိရိပြတ်တောက်သွားကြ၏။ ထိုမှ အနောက်ဘက် လေယာဉ်ကွင်းအစပ်ရှိ စက်မှုလယ်ယာရုံးဝင်းနှင့် ရှာဦးမူလတန်းကျောင်းဝင်းတွင် ခပ်နိမ့်နိမ့်အနေအထားဖြင့် မြို့ရိုးအားလုံးပြန်ပေါ်လာ၏။ ကောင်းကင်ဓါတ်ပုံအကူအညီမပါဘဲ ၎င်းလေယာဉ်ကွင်းနေရာမှ မြို့ရိုးအပြတ်တို့ကို ခြေရာခံလိုက်ရာနိုင်မည်မဟုတ်ပေ။ အရေအတွက် မည်မျှရှိသည်ကိုလည်း သိရမည်မဟုတ်ပေ။

စက်မှုလယ်ယာရုံးဝင်း၏ နောက်ကြောတွင် သမီးတော်ကုန်းရှိသည်။ ၎င်းသမီးတော်ကုန်းကို သထုံမြို့မြောက်ဘက်က အထင်ရှားဆုံးမြေပြင်အမှတ်အသားတစ်ခုအဖြစ် ကောင်းကင်ဓါတ်ပုံပေါ်တွင် တွေ့နိုင်၏။ စက်မှုလယ်ယာဝင်း၏ မြောက်ဘက်ကပ်လျက် သမီးတော်ကန်ခေါ် လေးထောင့်ပုံ ရေကန်ရှိ၏။ ၎င်းသမီးတော်ကုန်းနှင့် သမီးတော်ကန်တို့သည် အမှတ်(၃)၊ အမှတ်(၄) မြို့ရိုးတို့၏ အပြင်ဘက်တွင် ကပ်လျက်အလယ်ဗဟိုကျကျတည်ရှိသည်။ မြောက်ဘက်အမှတ်(၅)မြို့ရိုးမှာ သမီးတော်ကုန်းနှင့် မြောက်ဘက်တွင် ကပ်လျက် အမှတ်(၃) အမှတ်(၄)တို့နှင့် အပြိုင်တည်နေပြီး အနောက်ကားလမ်းမကြီးအထိရောက်၏။ အရှေ့ဘက်ပိုင်းမှာမူ မြသပိတ်တောင်ကြော လဝတောင်ခြေအထိ တောင်ရိုးအတိုင်းမြင့်တက်လျက်ရှိသည်။ သို့ဖြစ်၍ သထုံမြို့ဟောင်း မြောက်ဘက်တွင် သမီးတော်ကုန်းနှင့်တကွ မြို့ရိုးငါးထပ်တို့ကို တစ်စုတစ်ပေါင်းတည်း တွေ့ရသည်။

မြောက်ဘက် အမှတ်(၃)(၄)နှင့်(၅) မြို့ရိုးများနှင့် အနောက်မြို့ရိုးများ ဆက်စပ်ပုံကို အနောက်မြောက်မြို့ထောင့်နေရာတွင် ဆက်လက်ရှာဖွေရသည်။ ၎င်းမြို့ရိုးများသည် သမီးတော်ကုန်းမှ အနောက်ဘက်ရှိ "ရှာဦးကျောင်းတိုက်ဝင်း" တို့ကို ဖြတ်ကျော်ပြီး မော်တော်ကားလမ်းအရောက်တွင် အနောက်သို့ကွေ့လျက်ရှိ၏။ သထုံမြို့အဝင် လိပ်အင်းကုန်းအတက် ဤမြေမြင့်ပိုင်းသည် မြို့ရိုးများပေါ်သို့ ကားလမ်းဖောက်လုပ်ထားခဲ့ခြင်းကြောင့် မြင့်တက်နေခြင်းပင်

ဖြစ်၏။ လိပ်အင်းကုန်းအတက် ကားလမ်း၏အနောက်ဘက်ကပ်လျက် နေရာတွင် အမှတ်(၃) မြို့ရိုးနှင့် ကျုံးကိုဦးစွာတွေ့ရပြီး ၎င်းအပြင်ဘက်မှာ မြို့ရိုးငါးထပ်ရှိသည်။ ရန်ကုန်မော်လမြိုင်ကားလမ်း ဖြတ်သန်းနေသော အရှေ့ဘက်ခြမ်းတွင် မြို့ရိုးနှစ်ထပ် အမှတ်(၁)နှင့်(၂)ရှိ၍ အနောက်ဘက်ခြမ်းတွင် မြို့ရိုးသုံးထပ် အမှတ်(၃၊၄)နှင့်(၅) ရှိပါသည်။


မြောက်ဘက်မြို့ရိုးအမှတ်(၁)နှင့်(၂)တို့တည်နေပုံကို စစ်ဆေးသည့်အခါ ၎င်းတို့ကို အရှေ့လေယာဉ်ကွင်း ဇေတဝန်ကျောင်းဝင်း တံတိုင်းအစပ်မှ အနောက်ကားလမ်းအထိ တွေ့ရှိရသည်။ ဇေတဝန်ကျောင်းအနီးတွင် ၎င်းမြို့ရိုးနှစ်ချောင်းတို့သည် ထိပ်တိုက်အနေအထားဖြင့် တော့ဆက်ဆက်ပြီး အနောက်ဘက်သို့ အပြိုင်ဆင်းလာရာ ကားလမ်းအရောက်တွင် လမ်းကိုမကျော်ဘဲ တောင်ဘက်သို့ ကွေ့ဝိုက်သွားသည်။ ၎င်းမြို့ရိုးနှစ်ချောင်းတို့သည် ကားလမ်း (လိပ်အင်းကုန်းထိပ်)မှ သထုံလေယာဉ်ကွင်းသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကျောက်ခင်းလမ်းနှင့်အပြိုင်တည်နေသည်။ အနောက်မြောက် မြို့ထောင့်တွင် အမှတ်(၁)မြို့ရိုးကွေ့ချိုးပြီးနောက် ပေ(၁၀၀၀)ခန့်အထိ ဆက်သွားကာ လိပ်အင်းရပ်ကွက် (ရယက)ရုံးအနီးလိပ်အင်းရေအိုင်အစပ်တွင် အဆုံးသတ်သည်။ အမှတ်(၂)မြို့ရိုးအကွေ့သည် ကျောက်ခမ်းလမ်းကိုကျော်ပြီးနောက် ကားလမ်းအောက်နစ်မြုပ်ပျောက်ကွယ်လျက်ရှိ၏။ ၎င်းအမှတ်(၂)မြို့ရိုး အကွေ့တွင် ကျုံးပောင်းနေရာ အထင်အရှားရှိပါသည်။ မြို့တံတိုင်း မြေသားနံရံတွင် ဂဝံအုပ်များစနစ်တကျ ကပ်စီထားသော မူလမြို့ရိုးမျက်နှာစာ အစိပ်အပိုင်းများလည်း အကြွင်းအကျန်ရှိပါသေးသည်။ ၎င်းနေရာမှ မြို့ပောင်းအမှတ်အသားအကြွင်းအကျန်တို့မှာ သထုံမြို့ပောင်း၏ တန်ဖိုးမဖြတ်နိုင်သော သတ်သေအထောက်အထားများပင် ဖြစ်ပါသည်။ မြို့ရိုးများကို နေရာအနံ့တူးဖြိုဖျက်ဆီးထားခြင်းမှ ကံကောင်းထောက်မ၍ လွတ်ကင်းနေခဲ့ပေသည်။

မြောက်မြို့ရိုး အမှတ်(၃)နှင့်(၄)တို့သည် အရှေ့မြို့ရိုးနှစ်စင်း၏ အဆက်အစပ်ပင်ဖြစ်သည်။ အရှေ့မြောက်မြို့ထောင့်နေရာကို ဇေတဝန်ကျောင်းဝင်း (အုတ်တံတိုင်း) အရှေ့မြောက်မြို့ရိုးထောင့်နေရာမှာပင် စေတီငယ်တစ်ဆူတည်ထား၍ အမှတ်အသားဖြစ်နေသည်။ အမှတ်(၃)မြို့ထောင့်ပေါ်တွင်ဖြစ်၏ ၎င်းအပြင်ဘက် အမှတ်(၄)မြို့ထောင့်မှာ ယခုရာဘာစိုက်ထားသည်။ မြို့ရိုးမြေတောင်ကိုလည်း တူးဖြိုမြေညှိထားသည်။ ၎င်းတို့နှစ်စင်းအကြား ကျုံးနေရာအစတွင် နေမိန္ဒရတောင်မှ စမ်းချောင်းတစ်ခု စီးဝင်နေသည်။

**ပင်လယ်ဆိပ်ကမ်းရေလမ်း ထွက်ပေါက်**

သထုံအရှေ့ဘက် မြသပိတ်တောင်တန်း အမြင့် ၇၀၀ ပေ မှ အရှေ့မြို့ရိုး အမြင့် ၁၀၀ ပေအထိ ရှာကျနေသော မိုးရေကို ကျုံးပောင်းများမှတစ်ဆင့် အနောက်မြို့ရိုး အမြင့် ၅၀ ပေ နှင့် လိပ်အင်းအမြင့် ၂၅ ပေ ထဲသို့ စီးဝင်စေပါသည်။ လိပ်အင်းသည် အနောက်မြို့ရိုးအပြင်ဘက်မှ ကန်တော်မင်္ဂလာ(ယခုသောက်သုံးရေကန်ကြီး)နှင့် တစ်ဆက်တည်းဖြစ်၍ သထုံမြို့အနောက်ဘက်မှာ မြေနိမ့်ချိုင့်ဝှမ်းဖြစ်သည်။ သထုံမြို့ပောင်းခေတ်က ၎င်းမြေနိမ့်ပိုင်းတွင် ရေပြင်ကျယ်ကြီးရှိခဲ့ပြီး ထိုရေပြင်ကိုဆောင်းနှင့်နွေရာသီများတွင် ခန်းခြောက်ခြင်းမရှိအောင် ထိန်းသိမ်းထားမည်ဖြစ်သည်။ ပိုလျှံသောမိုးရေနှင့် စုဆောင်းရေတို့ကို အနောက်ဘက် (မီးရထားလမ်း အနောက်) ရှိဆားချောင်းသို့ စီးဆင်းစေပြီး ၎င်းမြောက်ဘက် (၁၅)မိုင်ခန့်အကွာရှိ ဘီးလင်းမြစ်ထဲသို့ စီဆင်းစေမည်ဖြစ်ပါသည်။ နွေရာသီတွင် ဆားချောင်း၌ ရေမပြတ်မလပ်စေရန်လည်း ပင်လယ်မှ ဒီရေအတက် အကျဆားငံရေနှင့် ကျုံးရေ၊ ကန်ရေတို့မှ ရေချိုတို့ပေါင်းစပ်စီးဝင်စေမည်ဖြစ်သည်။ ထို့ကြောင့် သထုံမြို့ပောင်းခေတ်က ပင်လယ်ဆိပ်ကမ်းမြို့ကြီးသည် ပင်လယ်ကမ်းစပ်နီးလာသည်ဖြစ်စေ ဝေးသွားသည်ဖြစ်စေ၊ လေ့ဆိပ်၊ သင်္ဘောဆိပ် ဖြစ်နိုင်ပါသည်။ အချို့ပညာရှင်များက သထုံအနောက်ဘက်တွင် ပင်လယ်ကမ်းခြေရောက်လာ၍သာ ဆိပ်ကမ်းဖြစ်နိုင်မည်ဟု ယူဆ၍ ယခုအခါ ပင်လယ်ကမ်းခြေနှင့် ၁၀ မိုင် ၁၂ မိုင်မျှ ကွာလှမ်းပြီး ဆိပ်ကမ်းမဖြစ်နိုင်တော့ကြောင်း အယူအဆသည် မမှန်ကန်နိုင်ပါ။ လိပ်အင်းနှင့် ဆားချောင်းတို့အနေအထားကိုကြည့်၍ သထုံမြို့ပောင်းခေတ်က ဆိပ်ကမ်းအဝင်အထွက် ရေလမ်းကြောင်းဖောက်လုပ်ထားပုံကို သိသာထင်ရှားစေပါသည်။

**ဆံတော်ရှင်စေတီများနှင့် သာသနိက အဆောက်အအုံအခြေအနေ**




ရွှေစာရံစေတီဝင်းအတွင်း စေတီများတည်ထားပုံ (ကောင်းကင်ဓါတ်ပုံ)

သထုံရာဇဝင်၊ မွန်ရာဇဝင်၊ ရွှေစာရံဘုရားသမိုင်း စသည်တို့၌ ဘုရားသခင်(၇)ဝါမြောက်သည့်အခါ ဂဝံပတေ့ ရဟန္တာလျှောက်ထားတောင်းပန်၍ သထုံသို့ကြွရောက်တော်မူလာပြီး တရားဟောသည်၊ ကိုယ်စားတော်ထားသည်၊ ဆံတော်များပေးသနားတော်မူသည်ဟု ဖော်ပြထားသည့်အတိုင်း ယခုအခါ ကျိုက်ထီးရိုး၊ ဇင်းကျိုက်၊ ဇွဲကပင်အစရှိသော တောင်ထပ်စေတီများ တည်ထားကိုးကွယ်ကြသည်။ သထုံဘုရင်ရသော ဆံတော်(၂)ဆူကို စိရံစေတီ(ရွှေစာရံ)တွင် ဌာပနာထားသည်ဟူ၍လည်း သိရပါသည်။ တစ်ဖန်သာသနာနှစ်(၁၂၇)ခုနှစ်(ဘီစီ ၄၁၆)တွင် အရှင်မဟိန္ဒကြီးမှူးသော ရဟန္တာငါးပါးကြွလာ၍ သထုံဘုရင် သုဝဏ္ဏရာဇာမင်းကြီးအား ဆံတော်(၇)ဆူပေးသည်။ ယခုမြသပိတ်တော်စေတီ၊ သရကလျာဏီစေတီ(ပေါ်တော်မူဘုရား)၊ စံသီးစေတီနှင့် နန်းဦးစေတီ(နန်းတော်ရာဘုရား)တို့တည်ထားခဲ့သည်ဟု အဆိုရှိပါသည်။

သထုံမြို့ပေါ်ရှိ ဖော်ပြပါဆံတော်စေတီငါးဆူစလုံး ယခုအခါ ကိုလိုနီခေတ် (၁၉၀၀)ပြည့်နှစ်ခန့်မှစ၍ အသစ် မွန်းမံထားပြီး ဖြစ်ပါသည်။ မြို့ဟောင်းတောင်ဘက်တွင် ဂဝံအုတ်ကျောက်စီတံတိုင်းဝန်း ခပ်ထားလျက် ရွှေစာရံစေတီတော်ကြီးမှာလည်း မုန်စီ၊ ဝတ်ကျောင်း၊ တန်းဆောင်ပြသာဒ်များဖြင့် ယခုခေတ် လက်ရာအဆင်တန်ဆာတို့ လွှမ်းခြုံနေပါပြီ။ ပရဝုဏ်၏မြောက်ဘက်တွင် ပိဋကတ်စေတီ၊ အရှေ့ဘက်တွင် သိကြားဘုရား(မြသိန်းတန်စေတီ)နှင့် ရွှေချေးခံစေတီ

များ၊ အရှေ့မြောက်ထောင့်တွင် ဂဝံရေကန်ကြီး (စေတီပုထိုးများတည်စဉ်က ကျောက်အုတ်ထုတ်ယူသည့်ကျင်းဟောင်း) တို့ကို တွေ့ရသဖြင့် ဗုဒ္ဓသာသနာနှင့်ပတ်သက်၍ သထုံမင်းအဆက်ဆက် သဒ္ဓါကြည်ညိုစိတ်ရှိသည့်အလျောက် ဘုရားရှင်ကို ရည်စူး၍ ဥဒ္ဒိဿစေတီတော်များ တည်ထားသည့် ဓလေ့အစဉ်အဆက်ရှိခဲ့ကြောင်း သိရပါသည်။ ယင်းစေတီတော်များကို ခေတ်ခွဲခြားသတ်မှတ်ရန် ယခုမဖြစ်နိုင်တော့ပါ။ သို့ရာတွင် စေတီဟောင်းအပျက်အစီးများမှ ကြွင်းကျန်ရစ်သော ဂဝံစေတီအထွတ်(ထီးတော်)အစိပ်အပိုင်း တစ်ခုကို ပရဝုဏ်အတွင်း အရှေ့မြောက်ဘက်ရေကန်ထောင့် တစ်နေရာမှာတွေ့ရ၏။ ထို့အပြင် စေတီပစ္စယာထောင့်နေရာ၌ အလှဆင်သည့် ခြင်္သေ့မျက်နှာပုံ ကျောက်တုံး တစ်တုံးမှာ ကျင်တွယ်ပုံရှိ၍ အတွင်းသားကိုဖယ်ပစ်ပြီး ဘေးသားနှစ်ဖက်နှင့် အရှေ့ဘက်တို့ကို ရုပ်လုံးပေါ်အောင် ထုစစ်ထားခြင်းဖြစ်သည်။ အမြင့်နှစ်ပေ၊ ဗျက်နှစ်ပေသာသာရှိသော ဤဂဝံကျောက်တုံးသည် ခြင်္သေ့ပုံ၏ မျက်နှာတစ်ပိုင်း အတွက်သာဖြစ်၍ ကိုယ်ခန္ဓာတစ်ခုလုံးအတွက်ဆိုလျှင် အခြားအစိတ်အပိုင်းများဆက်ကာ ထုဆစ်ထားပေးရပေဦးမည်။ ယခုဤ တစ်ပိုင်းကိုသာ တွေ့ရတော့၏။ စေတီဟောင်းကို ပြုပြင်သူတို့က မသုံးတော့ပဲ စွန့်ပစ်ထားခဲ့ခြင်းဖြစ်၏။ ရှေး ဟောင်းသုတေသီတို့အတွက်မူ ဤဂဝံအစိပ်အပိုင်းနှစ်ခုတို့မှာ တန်ဖိုးကြီးသော ရှေးဟောင်းသက်သေအထောက်အထားဖြစ်တော့သည်။

**ရှေးဟောင်းဂဝံကျောက်အုတ်**



*သိကြားဘုရားခြေရင်းရှိ ဂဝံကျောက် ခြင်္သေ့မျက်နှာ (ဘေး၊ အရှေ့ အနောက် မြင်ကွင်း)*

ဂဝံကျောက်အုတ်ကို ခေတ်ခွဲခြားသတ်မှတ်၍ တိကျသက်တမ်းတွက်ယူရန် မဖြစ်နိုင်သေးပေ။ သို့သော် သိကြား ဘုရားဒုတိယပစ္စယာနံရံမုခ်ကပ်များအတွင်း မြေမီးဖုတ်ရုပ်ကြွပုံများတွင် မဟာနိပါတ ဗုဒ္ဓဝင်ဇာတ်တော်(ဇာတ်ကြီး ဆယ်ဘွဲ့) သရုပ်ဖော်ပုံများနှင့် ဆက်စပ်၍ ဤဂဝံခြင်္သေ့မျက်နှာပုံ ဝတ္ထုပစ္စည်း၏ ရှေးကျကြောင်း ဆက်စပ်သက်တမ်း (Relative Date)ကို သိရသည်။

ရွှေစာရံစေတီတံတိုင်းတောင်ဘက်တွင် ကလျာဏီသိမ်ရှိသည်။ ထိုသိမ်မျက်နှာစာ (လမ်းဘေး)တွင် ဂဝံစေတီ ဟောင်းအစိတ်အပိုင်း(၃)ခုကို စွန့်ပစ်လျက်ထားသည်ကိုလည်း တွေ့ရသည်။ ကလျာဏီသိမ်ပတ်လည်ရှိ သဲကျောက်ဆစ် သိမ်နိမိတ်တိုင်များမှာ မဟာနိပါတ်တော်ဗုဒ္ဓဝင်ဇာတ်ကွက်များ ဖြစ်ပါသည်။ (ဦးမြ၏ အိန္ဒိယရှေးဟောင်းနှစ်ချုပ် (၁၉၃၀-၃၄)အပိုင်း(၁) စာ ၂၀၃-၄ ကိုရှု့ပါ)။ ဤအထောက်အထားများအရ သထုံတွင် မြေမီးဖုတ်အနုပညာနှင့် ကျောက်ဆစ်အနုပညာလည်း ထွန်းကားခဲ့ကြောင်း သိနိုင်၏။ ဦးမြက ဗုဒ္ဓဝင်ဇာတ်ကွက်များ၏ သက်တမ်းကို ခရစ်နှစ် ၁၁-၁၂ ရာစုန် လက်ရာဟုဆိုထားသော်လည်း ၄င်းကာလထက်များစွာ ပို၍စောမည်ဟု ခန့်မှန်းရ၏။



*ရွှေစာရံစေတီမှ ဂဝံကျောက်စေတီ အစိတ်အပိုင်းများ*

ဂဝံကျောက်ဆစ် အနုပညာပစ္စည်းများကို ပို၍တွင်တွင်ကျယ်ကျယ်သုံးစွဲခဲ့ဟန်တူ၏။ သို့သော်ဂဝံကျောက်မှာ နှောင်းခေတ်လူတို့ လမ်းခင်းကျောက်အဖြစ်လည်း သုံးသည်ဖြစ်၍ ရှေးဂဝံပစ္စည်းမည်၍မည်မျှ လမ်းခင်းကျောက်အဖြစ် ထုခွဲသုံးစွဲခဲ့ကြောင်း မခန့်မှန်းနိုင်တော့ပေ။ ကိုလိုနီခေတ်ဦး ကာလမှာပင် သထုံမြို့တွင်းလမ်းများကို ဂဝံကျောက်ဖြင့် စတင်ခင်းခဲ့ပါသည်။ ထိုလုပ်ငန်းများကို ၁၈၈၇ ခုနှစ်က စတင်ဖွဲ့စည်းသော သထုံမြို့ မြူနီစပယ်အဖွဲ့(စည်ပင်သာယာ)က ဆောင်ရွက်ရ၏။ ထိုလုပ်ငန်းများကို ၁၉၂၃ ခုနှစ်တွင် ဖွဲ့စည်းသော သထုံခရိုင်ဒေသန္တရအုပ်ချုပ်ရေးကောင်စီ (ဒီစရိတ်ကောင်စီ)ကလည်း မြို့တွင်း၊ မြို့ပြင်ကျောက်ခင်းလမ်းများကို ခင်းသည်။ ထိုစဉ်က မြို့ရိုးဟောင်းများ (အရှေ့ဘက်၊ မြောက်ဘက်မြို့ရိုးများ)တွင် တောင်ပေါ်စမ်းကျောက်တုံး (Conglomerate)များ ကျောက်တုံးကြီးများကို ခွဲဖြတ်၍ရသော ကျောက်တုံးများ၊ ဂဝံကျောက်တုံးများဖြင့် ကပ်စီတည်ထားကြောင်း တွေ့ရ၏။ (အနောက်မြောက်ထောင့် အမှတ်(၂)မြို့ရိုး နမူနာကိုကြည့်ပါ)။ ယခု ထိုမြို့ရိုးများတစ်လျှောက် ကျောက်အုတ်များမှာ ရှားပါးကုန်ပြီဖြစ်ပါသည်။ သထုံဘားအံသို့ ဆက်သွယ်ထားသောလမ်း၊ သထုံမုဝင်းစိန်ရွာသို့ ဆက်သွယ်သောလမ်း၊ စသည်တို့မှာ သထုံမြို့သစ်ကာလ အစောဆုံး လမ်းများဖြစ်ဖွယ်ရှိ၍ ၎င်းလမ်းပိုင်းများဖောက်လုပ်ခဲ့စဉ်က ကျောက်ခင်းရန်အလွယ်တကူရနိုင်သော မြို့ဟောင်း ကျောက်များကိုပင် ယူငင်သုံးစွဲခဲ့ပေမည်။ မှတ်တမ်းမှတ်ရာ မရသေးသဖြင့် အတိအကျ မပြောနိုင်သေးပေ။

အချို့မြို့ရိုး ဂဝံအုတ်ချပ်များကို သထုံမြို့တည်ထောင်ခါစ ဘုန်းတော်ကြီးကျောင်းတိုက်ကြီးများ၏ မဟာရံ တံတိုင်းတွင် ယူငင်သုံးစွဲခဲ့ကြသေး၏။ (သထုံရွာဦးကျောင်းတိုက်တံတိုင်း နှင့်ဆေးရုံကြီးအနီး နန်းတော်ရာကျောင်းတိုက် တောင်ဘက်တံတိုင်းများကိုကြည့်ပါ) မြို့တွင်း အချို့တိုက်တာအိမ်ခြေများ တံတိုင်းဝင်းခတ်ထားရာ၌ ရှေးဟောင်း ဂဝံအုတ်အနည်းနှင့်အများ ပါဝင်နေပါသည်။

ရွှေစာရံဘုရားကြီးတောင်ဘက် တံတိုင်းအောက်ခြေမှာ မူလဂဝံအုတ်ရိုးစီတံတိုင်းဖြစ်ဖွယ်ရှိ၏။ ကိုလိုနီခေတ် ဘုရားပြင်ချိန်ကျမှ ဂဝံအုတ်တံတိုင်းများကို အသစ်ထုတ်ယူသုံးစွဲထားဟန်မတူပေ။ အဟောင်းကိုပြန်စီထားခြင်းလား၊ မူလအုတ်စီတံတိုင်းလား ခွဲခြားရန်ခတ်ပါသည်။ သို့ရာတွင် မြို့အနောက်ဖောင်တော်ဦးစေတီ အောက်ခြေအုတ်ရိုးက ဂဝံ အုတ်စီဘိနပ်တော်တံတိုင်းမှာ မူလအတိုင်းရှိခဲ့မည်ဟု ယုံကြည်ရ၏။ ယခုဖောင်တော်ဦး ဘုန်းတော်ကြီးကျောင်း ဝင်းအတွင်း၌ ဂဝံအုတ်ကုဗတုံးကြီးများ အရေအတွက် တစ်ဆယ်ကျော်မျှ တွေ့နိုင်၏။ ဂဝံကျောက်ကုဗတုံး၏ မျက်နှာတစ်ဖက်တွင် အဝိုင်းပုံခြောက်လက်မခန့် အနက်တစ်ပေကျော်ထွင်းလျက်ထားသည်မှာ မူလအတိုင်းရှိသည်။ ခေတ်သစ်တည်ဆောက် ရေးလုပ်သားများလက်မှ လွတ်ကင်းလျက် ကျန်နေသမျှကို မှတ်သားဖော်ပြရခြင်း ဖြစ်ပါသည်။

လမ်းခင်းရန် မြေနီ(ဂဝံကျောက်)များ ပေါပေါလိုင်လိုင်ရယူနိုင်သော နေရာကို မြန်မာဘာသာဖြင့် မြေနီကုန်း ဟုခေါ်ကြ၏။ သထုံမြောက်ဘက်တွင် ထိုဂဝံကျောက်ထုတ်စခန်း(မြေနီကုန်း)ရှိ၏။ ယခု ပေါ်တော်မူရွာနှင့် မြေနီကုန်းရွာ အရှေ့ဘက်တောင်ခြေအထိ ကျယ်ပြန့်သည့် (ယခုရာဘာခြံ) နေရာဖြစ်၏။ သာရကလျာဏီ(ပေါ်တော်မူ) စေတီကို ထိုကုန်းပေါ်တွင် တွေ့ရပါသည်။ ယခု ဉာဏ်တော်(၁၁၉)ပေရှိသော မွမ်းမံပြီးစေတီရင်ပြင်မှာ ကျယ်လည်းကျယ်၊ ကုန်းလည်းကောင်းပါသည်။ ရင်ပြင်တော် အရှေ့မြောက်ထောင့်တွင် သာရကလျာဏီသိမ် (ဗုဒ္ဓဃောသသိမ်)တစ်ဆောင်ရှိသည်။ အနောက်သို့ မျက်နှာပြုထားသော စောင်းတန်းနှင့် အာရုံခံတန်ဆောင်းတွင် သွပ်ပြားပန်းချီကားများဖြင့် ကိုလိုနီခေတ်က ဤပေါ်တော်မူဘုရားကို တောခြုံဖုံးလျှက်တွေ့ရပုံ၊ ဒါယကာတို့က မွမ်းမံတည်ထားကြပုံများ သရုပ်ဖော်ရေးဆွဲထား၏။ ပန်းချီကားတစ်ချပ်တွင် မူလစေတီငယ်ပုံသဏ္ဌာန်အား (စိတ်မှန်းဖြင့်) ရေးဆွဲထားသည်မှာ မြင်တွေ့ နေကျစေတီပုံတော်မျိုးမဟုတ်ပေ။ ထိုပန်းချီကားနှင့် ယှဉ်လျှက်အသစ် မွမ်းမံပြီးသော စေတီအရွယ်အစား (စကေးကိုက်) ပုံကိုလည်း တွေ့ရသည်။

အရှေ့ဘက်အာရုံခံတန်းဆောင်တွင် ကိုလိုနီခေတ်လက်ရာအုတ်တိုက်ကြီး၏ ထုတ်တန်းအင်္ဂတေ နံရံဆေးရေးပန်ချီများ ရေးဆွဲထားသည်။ ကိုလိုနီခေတ်(မန္တလေး) လက်ရာပန်ချီများဖြစ်၏။ ထို စောင်းတန်း၏ အရှေ့ဘုရားတံတိုင်းအပြင်ဘက်တွင် ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိသည့်အနက် မြောက်ဘက်ကျောင်းဝင်း(သရကလျာဏီသိမ်နှင့် ဘုရားတံတိုင်းခြားလျက်)၌ မူလဂဝံအုတ်ချပ်များဟု ယူဆရသော ဂဝံအုတ်ချပ်ဟောင်းများကို တွေ့ရပါသည်။ အချို့ကို ဇောဓိပင်ခြေရင်းတွင် စံနစ်တကျ ထပ်စီလျက်လည်းကောင်း၊ အချို့ကို စေတီငယ်ဘိနပ်တော်၌လည်းကောင်း တွေ့ရသည်။




*သာရကလျာဏီပေါ်တော်မူစေတီနှင့် မူလပေါ်တော်မူစေတီပုံ*

ဤသာရကလျာဏီ(ပေါ်တော်မူ)စေတီရှိရာသို့ သထုံမြို့တွင်း ရွှေစာရံစေတီမှ မြို့လယ်ဗဟိုချက်ကို ဖြတ်လျက်ဖောက်လုပ်ထားသော လမ်းမကြီးတစ်ခုသည် ဖြောင့်ဖြောင့်တန်းလျက် ဆိုက်ရောက်နေသည်ကို ကောင်းကင်ဓါတ်ပုံပေါ်တွင် မြင်နိုင်၏။ ယခုသထုံမြို့ဟောင်း၏ မြောက်ဘက်တွင် ကပ်လျက် သုဘိန္နနဂရ-သုဓမ္မဝတီမြို့ကွက်တစ်နေရာ တည်ထားကြောင်း သထုံရာဇဝင်အဆိုရှိပါသည်။ ထိုမြို့ကွက်သည် ယခုမြေနီကုန်းနှင့် ပေါ်တော်မူရွာတို့ အရှေ့ဘက် သာရကလျာဏီကုန်းပတ်ဝန်းကျင် (ယခု ရာဘာခြံစိုက်ခင်းနှင့်သစ်တောမြေ)နေရာဖြစ်ဖွယ်ရှိ၏။ ထိုနေရာမှ ဂဝံအုတ်ကျောက်တည် အဆောက်အအုံဟောင်းများ ရှေးအခါက မည်မျှရှိခဲ့မည်ကို ခန့်မှန်းရန်ခက်ခဲပါသည်။ ယခုလက်လွန်ကုန်ပြီး ကျောက်ထုတ်စခန်းဖြစ်သွားပြီဟုသာ အကြမ်းအားဖြင့် ယူဆရ၏။ ၎င်းသာရကလျာဏီစေတီနှင့် ဆက်စပ်၍ တောင်ဘက်တွင် ရေပုပ်စမ်းချောင်း မြောက်ဘက်ကပ်လျင် အာရဟန္တရာမ(ရဟန္တာတိုက်)ကိုတွေ့ရပါ

သည်။ သထုံခေတ် အစောပိုင်း(သုဘိန္နနဂရ)က ရဟန္တများသီတင်းသုံးရာ ကျောင်းဟောင်းနေရာဟုဆို၏။ ထိုကျောင်း၏ တံတိုင်းဝင်းခတ်ထားသည့် ဂဝံအုတ်များကိုလည်း ယခုအခါ ဂဝံအုတ်အသစ်ဖြင့် အစားထိုး၍ အုတ်ဟောင်းများကို ကျောင်းဝင်းအတွင်း လမ်းခင်းထားလျက်တွေ့ရပါသည်။ ထိုရဟန္တာတိုက်ခေါ် ရှေးဟောင်းကျောင်းတိုက် ပတ်ဝန်းကျင်နှင့် သာရကလျာဏီ(ဆံတော်)စေတီပတ်ဝန်းကျင်မှာ သထုံမြို့ဟောင်းအစောပိုင်း (ကေလာသ တိုက်ကုလားထက်ပိုစောသော)ခေတ် အထောက်အထားကို ထပ်မံရှာဖွေရန် လိုအပ်ပါသေးသည်။

## ဖောင်တော်ဦးဘုရားနှင့် ပိဋကတိုက်စေတီ

သထုံမြို့ဟောင်း၏ ထင်ရှားသောသမိုင်းမှတ်တိုင်တစ်ခု (Historical Landmark)မှာ ပိဋကတ်တော်များ ရောက်လာခြင်းပင်ဖြစ်၏။ ထိုပိဋကတ်တော်များကို ရရှိချိန်မှစ၍ သာသနာတော်သုံးရပ် ထွန်းလင်းသည်ဟု သထုံရာဇဝင်ကဆိုသည်။ ယင်းသထုံသာသနာကို အခြေတည်၍ ဗုဒ္ဓဘာသာပိဋကတ်သာသနာသည် အခြားအရှေ့တောင်အာရှဒေသများသို့ ပျံ့နှံ့သွားခဲ့သည်ဟုလည်း ယူဆကြ၏။ မှန်နန်းရာဇဝင်တော်ကြီးတွင် ပိဋကတ်တော်ကို ရယူလိုသော ပုဂံဘုရင်အနော်ရထာနှင့် ပိဋကတ်ပိုင်ရှင် သထုံဘုရင်မနူဟာတို့ အချင်းများကြပြီး စစ်ပွဲခင်းကျင်းသည်အထိ ပဋိပက္ခဖြစ်ရသည်ဟု ဖော်ပြသည်။ ပဲခူးကလျာဏီသိမ်ကျောက်စာတွင် -

> မြန်မာသက္ကရာဇ်(၄၁၉)ရောက်သောအခါ အနော်ရထာမင်းသည် ပိဋကတ်သုံးပုံနှင့်တကွ ရဟန်းသံဃာအပေါင်းကို ရာမညတိုင်းမှဆောင်ယူခဲ့၍ ပုဂံပြည်ကြီး၌ သာသနာတော်မြတ်ကိုတည်စေခဲ့သည်။ (ကလျာဏီပါဠိကျောက်စာ၊ စာ-၈၂)

ဟု ဖော်ပြသည်။

ယင်းဖော်ပြချက်များကို ရှေးဟောင်းသုတေသနမှတ်တမ်းမှတ်ရာ မူရင်းကျောက်စာ ရှာမတွေ့ရသော်လည်း ပိဋကတ်တော်ရောက်လာစဉ်က လှေဖောင်ဆိုက်ရာဆိပ်ကမ်း၌ တည်ထားသော အထိမ်းအမှတ်စေတီနှင့် ပိဋကတ်တော်သိုမှီးသိမ်းဆည်းပူဇော်ထားရာ ပိဋကတ်တိုက်စေတီတို့ကို သထုံတွင် တွေ့ရပါသည်။

ဖောင်တော်ဦးဘုရားဟုခေါ်သော စေတီမှာ ယခုနန်းခဲရပ်ကွက် ကန်တော်မင်္ဂလာ ရေကန်ကြီးနှင့် အနောက်မြို့ရိုးအကြား အမှတ်(၃) အ・ထ・ကကျောင်း၏ မြောက်ဘက်တွင်ရှိသည်။ စေတီ၏တောင်ဘက်တွင် ဖောင်တော်ဦးကျောင်းတိုက်ကို တွေ့နိုင်၏။ စေတီကုန်းမှာ အလျား၊ အနံ ပေ ၁၀၀ ခန့်အမြင့် ၈ ပေခန့် လေးထောင့်ပုံရှိသည်။ ကုန်းပေါ်တွင် သီဟိုဠ်၊ ထုပါရုံပုံစံစေတီကို တည်ထားသည်။ အချို့က မူလစေတီသည် ရွှေစာရံပုံစံမျိုးဖြစ်သည်ဟုဆို၏။ အရှေ့ဘက် မုခ်လှေကားထိပ်တွင် နတ်နန်း တစ်ဆောင်အသစ်ပူဇော်ထား၏။ ထိုနတ်နန်းအုတ်စီနံရံတွင် ယခင် ၁၉၅၈ ခုနှစ်က ဦးဖိုးလတ်နှင့်အတူ ပါမောက္ခလုစ်နှင့် သမိုင်းကော်မရှင်အဖွဲ့ ရောက်ခဲ့စဉ်က တွေ့ရသော ဒွါရပါနတ်ရုပ် ဂဝံကျောက်ချပ်ကို မြှုပ်လျက်ကပ်ထားသည်။ ကျန်ဒွါရပါလနတ်ရုပ် ဂဝံကျောက်ချပ်တစ်ခုကို အနောက်ဘက်လှေကား၏ ဘယ်ဘက် ထန်းပင်ရင်း(မူလနေရာ)မှာပင် တွေ့ရပါသည်။ မူလဂဝံ အုတ်ချပ်ကြီး (ကုဗတုံး)များကို လည်း စေတီတောင်ဘက် ဘုန်းကြီးကျောင်းဝင်း၌ တွေ့နိုင်ပါသည်။ ထိုကျောင်း ဝင်းမြေပြင်တွင် မြေမီးဖုတ်အုတ်များကို တူးဖော်လေ့လာသည့်အခါ သထုံမြို့ရိုးအုတ်ချပ်များတွင် တွေ့ရသည့် လက်ရေးစင်းအမှတ်အသားမျိုးပါရှိကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ ဖောင်တော်ဦးစေတီသည် ရှေးဟောင်းအဆောက်အအုံတစ်ခု ဖြစ်မည်ဟု ဆိုနိုင်ပါသည်။

ပိဋိကတ်တိုက်စေတီသည် မြို့ဟောင်းတောင်ဘက်ပိုင်း ရွှေစာရံဘုရားပရဝုဏ်အတွင်း မြောက်ဘက်တံခါး အနီး၌ရှိ၏။ စေတီဟုဆိုသော်လည်း အောက်ခြေလေးထောင့်ပစ္စယာမှာ လေးမျက်နှာဂူဘုရားနှင့်တူ၏။ အထက်ဝါမှ အထွတ်စေတီကြောင့်သာ စေတီဟုခေါ်၏။ ထိုစေတီငယ်သည် အဆောက်အအုံ၏ ပဓာနအစိတ်အပိုင်းမဟုတ်ပေ။



*ဖောင်တော်ဦးဘုရားတောင်ဘက် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ကုဗတုံးပုံ မူလဂဝံအုပ်ချပ်ကြီး*

အဘယ့်ကြောင့်ဆိုသော် ဤအဆောက်အအုံ၏ ပစ္စယာအဆင့်များ၌ စေတီငယ်သို့တက်ရန် နတ်လမ်းလှေကား ပြုလုပ်မထားသောကြောင့် ဖြစ်၏။ လှေကားအစား အရပ်လေးမျက်နှာစလုံးတွင် မုခ်ပေါက်များရှိကြ၏။ လိုဏ်ဝတွင် တံကဲငယ်နှစ်ထပ်နှင့် အစွန်းထွက် မုခ်ပေါက်မျိုးတည်ထားသည်ဖြစ်၍ ပုဂံအာနန္ဒာစေတီပန္နတ်ပုံစံနှင့် ဆင်တူ၏။ အထက်ပစ္စယာသုံးဆင့် တည်ဆောက်ထားပုံမှာလည်း အာနန္ဒာလိုဏ်ဂူကဲ့သို့ ဆင်တူပြီး အထက်တွင် ကွမ်းတောင် (သီခရ)အစား စေတီတစ်ဆူလုံး ပေါက်ထားသည်သာ ကွဲပြားခြားနားသည်။ ဒုတိယပစ္စယာမြင့်မြင့်နှင့် တတိယ ပစ္စယာနိမ့်နိမ့် ဘေးနှစ်ဖက်များတွင်လည်း အလင်းပေါက်သဏ္ဍာန် မုခ်ပေါက်များရှိသည်။ အခြားပြတင်းပေါက်များ ဖော်ပြမထားပေ။ အောက်ပစ္စယာ၏ မုခ်ပေါက် အရွယ်အစားနှင့် အဆောက်အအုံကိုယ်ထည်အချိုးအစား ညီညွတ် မျှတသည်ဟု ဆိုနိုင်ပါသည်။ အရှေ့ဘက်နှင့်အနောက်ဘက် မုခ်လိုဏ်အမိုးပေါက်တွင် အရံစေတီငယ်တစ်ဆူစီ တည်ထားလျက်ရှိ၏။ ဤအဆောက်အအုံကို စေတီဟုမဆိုဘဲ လိုဏ်ဂူဘုရားဟု ဆိုရအောင် အတွင်းသို့ဝင်ရန် မုခ်ပေါက်အားလုံးကို ပိတ်ဆို့ထားပြီးဖြစ်သောကြောင့် ဆုံးဖြတ်ရန်ခက်နေပါသည်။ ရာဇဝင်များတွင် ဖော်ပြသကဲ့သို့ အတွင်း၌ဥမင်ရှိပြီး ထိုဥမင်မှာ ပိဋကတ်တော်များသိုမှီသိမ်းဆည်းထားရာ ပိဋကတ်တိုက်ဖြစ်ကြောင်းကို ယုံရခက်ခက် ဖြစ်လျက်ရှိပါသည်။ ကိုယ်ထည်နှင့် ပစ္စယာအမိုးများအထိ ဂဝံအုတ်ချပ်များဖြင့် တစ်ဆူလုံးတည်ထားသည်ကို တွေ့ ရ၏။ ပစ္စယာအဆင့်တိုင်းတွင် အောက်ခြေမှ ကြားဖတ်ကြီး၊ ကြာဖတ်ကြီးအောက်မှ ခရေပွင့်တန်းတို့နှင့် ခါးပတ်ပန်းတန်း များဖြင့် ကိုယ်ထည်ကို တန်ဆာဆင်ထား၏။ ပန်းတန်းအကြားတို့၌ ဗိသုကာအဆင်တန်ဆာအဖြစ် ဖောင်းလုံး ဖောင်းပြားများအတိုးအဆုတ် စီမံထားပြီး အောက်ခြေအစွန်းကို ပြေပြစ်စွာလျှောဆင်းသွားစေသည်။ ဤအပြင် အလှ အင်္ဂတေပန်းအခြယ်အလှယ်တို့သည် မူရင်းလက်ရာလား၊ အနောက်ပိုင်းပြုပြင်သူတို့လက်ရာလားဆိုသည်ကို သိမှီသူ ရှားပါသည်။




*သိကြားဘုရား ပစ္စယာမှ ဇာတ်တော်စဉ်ကွင်းများ*

**သိကြားဘုရား**

ရွှေစာရံစေတီ၏အရှေ့ဘက်တွင် သိကြားဘုရားခေါ် မြသိန်းတန်စေတီသည် ပိဋကတ်တော်များ သထုံသို့ရောက်ခဲ့ကြောင်း အထောက်အပံ့ဖြစ်စေသည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်၏။ ဤစေတီသည် လေးထောင့်ပုံတွင် ခိုနန်းချိုးနှင့်ပစ္စယာသုံးဆင့်ခံ၍ အထက်တွင် စေတီကြီးတည်သည်။ ပထမပစ္စယာတွင် နတ်လမ်းသုံးဖက်(အရှေ့ဘက်မပါ)နှင့် လှေးကားကျယ်ကျယ်စီမံထားသည်မှာ ထူးခြားသည်။ ဒုတိယပစ္စယာမှ လှေကားထိပ်နေရာတို့တွင် မတ်ရပ်ရုပ်ပွားတော်တစ်ဆူစီအတွက် မုခ်လိုဏ်မြင့်မြင့်တစ်ခုစီရှိကြသည်။ တတိယပစ္စယာတွင်လည်း မုခ်လိုဏ်ငယ်များထားရှိ၏။ ဒုတိယပစ္စယာပတ်လည်တွင် နှစ်ပေပတ်လည်အရွယ် မှန်ကွက်များကို ခိုနန်းချိုးအလိုက်သင့်အတိုင်း ပြုလုပ်ပြီး ၎င်းတို့တွင် ဘောင်ပါသော လေးထောင့်ပုံ မြေမီးဖုတ်ရုပ်ကြွချပ်များ ထည့်သွင်းပူဇော်ထား၏။ ပစ္စယာပတ်လည် ရုပ်ကြွချပ်အရေအတွက် ၆၁ ချပ်ရှိခဲ့မည်။ ယခု ၁၅ ချပ်ကိုသာ တွေ့ရတော့သည်။ ပစ္စယာ၏အနောက်တောင်ဘက်လှေ ကားရင်းနေရာမှစ၍ တေမိရဇာတ်၊ မဟာဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နေမိဇာတ် စသည်ဖြင့် အစဉ်အတိုင်း ဇာတ်ကွက်များကို ဝေဿန္တရာဇာတ်အထိ စံပြကွက်များဖြင့် ဇာတ်ရေလည်အောင် တန်ဆာဆင်သရုပ်ဖော်ပါသည်။

သိကြားဘုရားမှ မြေမီးဖုတ်ရုပ်ကြွဇာတ်တော်ပုံများသည် အရှင်မဟာဗုဒ္ဓဃောသ ပြုစုတော်မူခဲ့သော အဋ္ဌကထာကျမ်းစာများမှ ဇာတကနိပါတ်တော် ကောက်နုတ်ချက်များဖြစ်မည်ဟု ပညာရှင်တို့ ယူဆပါသည်။ စူဠဗုဒ္ဓဃောသနှင့် မဟာဗုဒ္ဓဃောသဟူ၍ မထေရ်နှစ်ပါးရှိကြောင်း၊ စူဠဗုဒ္ဓဃောသသည် သထုံပြည်သားဖြစ်ပြီး သီဟိုဠ်ကျွန်းသို့ ကြွသွားစဉ် မဇ္ဈိမဒေသ(အိန္ဒိယ)၊ ဗုဒ္ဓဂါယာမှ ကြွတော်မူလာသော ကျမ်းပြုပုဂ္ဂိုလ်လ် မဟာဗုဒ္ဓဃောသနှင့် တွေ့ဆုံကြကြောင်း၊ ထိုနောက်ဝိသုဒ္ဓိမဂ္ဂကျမ်း စသောအဋ္ဌကထာကျမ်းများပြုစုသူ မဟာဗုဒ္ဓဃောသကို မိမိဇာတိသထုံပြည်သို့ ပင့်ဆောင်တော်မူလာကြောင်း၊ ထိုအရှင်နှစ်ပါးနှင်အတူ သီဟိုဠ်မှ ပိဋကတ်တော်များကိုပါ ပင့်ဆောင်လာခဲ့ကြောင်း၊ ၎င်း၏ (Buddhaghosa and Burma )စာတမ်း (JBRS, LVIII, Oct, 1975)တွင် ဦးလူဖေဝင်းဖော်ပြပါသည်။ ဤအကြောင်းကို မွန်ရဟန်းတော်များ၏အစဉ်အဆက် "အာစရိယပရမ္ပရ"ဆရာစဉ် မှတ်တမ်းတွင် တွေ့ရသည်ဟုဆို၏။

ဗုဒ္ဓဃောသဘွဲ့အမည်ရသော မထေရ်နှစ်ပါး သထုံသို့ ဆိုက်ရောက်လာကြောင်းနှင့် ပိဋကတ်ကျမ်းစာများ ရရှိကြောင်းကို ရှေးဟောင်းသုတေသနအထောက်အထားအဖြစ် ယခုသိကြားဘုရားရုပ်ကြွပုံများနှင့်တကွ ကလျာဏီသိမ်ကျောက်ဆစ်နိမိတ်တိုင်များက သက်သေပြလျက်ရှိသည်ဟု ဆိုပါသည်။ ဤဇာတက အဋ္ဌကထာကျမ်း သရုပ်ဖော်ပုံများ၏ သက်တမ်းကို ခရစ် ၅ ရာစုနှစ်လက်ရာဟု ခန့်မှန်းပါသည်။ အရှင်မဟာဗုဒ္ဓဃောသသည် ပါဠိဘာသာကျမ်းများလေ့လာလိုက်စားရေးကိုသာ အားပေးတော်မူပြီး၊ သက္ကတဘာသာဖြင့်ရေးသားပြုစုထားသော ရာမာယနနှင့် မဟာဘာရတကျမ်းများကို လေ့လာလိုက်စားခြင်း မပြုရန်တားမြစ်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ရာမာယနနှင့် မဟာဘာရတတို့ကို လေ့လာခြင်းမပြုကြဘဲ ၎င်းသက္ကတယဉ်ကျေးမှုသည် အခြားအရှေ့တောင် အာရှဒေသများဆီသို့

သာ ပြန့်ပွားသွားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အရှင်မဟာဗုဒ္ဓဃောသကြောင့် ပါဠိဘာသာဖြင့် ထေရဝါဒသာသနာ ထွန်းလင်းတောက်ပခဲ့ခြင်းဖြစ်ပေသည်။ (Lu Pe Win p 90)

**ရွှေချေးခံဘုရား**



*ရွှေစာရံစေတီဝင်းအတွင်းရှိ ပိဋကတ်တော် ကျောက်စာချပ်များ(ကိုလိုနီခေတ်)*

ရွှေစာရံစေတီဝင်းအတွင်း သိကြားဘုရား၏ အရှေ့ဘက်စေတီကြီးကို ရွှေချေးခံဘုရားဟုလည်းကောင်း၊ ကရင်ဘုရားလည်းကောင်း ခေါ်ကြသည်။ သိကြားဘုရားနှင့် ဆတူလောက်အရွယ်အစားရှိ၏။ သို့သော် ဗိသုကာပုံစံမှာ ကွာခြားမှုရှိသည်။ ပစ္စယာဆင့်တွင် နတ်လမ်းနှင့် မုခ်လိုဏ်များမပါရှိပေ။ ရွှေစာရံဘုရားဝင်းအတွင်းရှိ စေတီများ၏ အထက်ပိုင်းပုံစံသည် နောက်ထပ်မွမ်းမံသူတို့ ပြုပြင်ထားသော ပုံစံဖြစ်မည်ဟုလည်း အယူအဆရှိပါသည်။

ရွှေချေးခံနှင့် သိကြားဘုရားပရဝုဏ်အတွင်း၌ မန္တလေးမှ ရသေ့ကြီးဦးခန္တီက သထုံတွင် ပိဋကတ်သာသနာ ပြန်လည်ထူထောင်ရန် ရည်ရွယ်၍ စိုက်ထူခဲ့သော ကျောက်စာတိုင်များရှိ၏။ သထုံမှဒါယကာများ၏ အလှူတော်ဟု လည်း ဆိုရမည်။ မင်းတုန်းမင်း၏ ပဉ္စမသင်္ဂါယနာတင် ပိဋကတ်ကျောက်စာများ နယူနာအတိုင်းစိုက်ထူထားခဲ့ခြင်း ဖြစ်သည်။ မြန်မာ့စွယ်စုံကျမ်း ဦးခန္တီအကြောင်းတွင် "မန္တလေးတောင်ခြေ စန္ဒာမုနိနှင့် သထုံမြို့ ရွှေစာရံဘုရားများ တွင် ကျောက်ချပ်ရေ ၃၀၀၀ ကျော်ရှိ ပိဋကတ်တော် အဋ္ဌကထာများကို ကျောက်ထက်အက္ခရာတင်ခဲ့လေသည်" ဟု တွေ့ရပါသည်။ ယခုရွှေစာရံဘုရားဝင်းတွင် ကိုလိုနီခေတ် ပြုပြင်မွမ်းမံဖြည့်စွက်တည်ထားသော တန်ဆောင်း၊ ဇရပ်၊ ဓမ္မာရုံစသည့်တို့ကိုလည်း တွေ့မည်ဖြစ်၍ ရှေးဟောင်းအထောက်အထားများ ပျောက်ကွယ်လျက်ရှိပြီ။ ကိုလိုနီ ခေတ်ဦးက ဤဘုရားပရဝုဏ်မှတွေ့ရသည့် ရှေးဟောင်းကျောက်စာတိုင်များ ကျောက်ဆစ်ရုပ်တုစသည်များကိုမူ ရှေးဟောင်းသုတေသနဦးစီးဌာနက စုစည်း၍ ပိဋကတ်တိုက်စေတီနှင့် ရေကန်ကြီးအကြား ယခုဘုရားဂေါပကရုံး၏ အရှေ့ဘက်တွင် အုတ်တိုက်ကျောက်စာရုံတစ်ခုဆောက်လျက် သိမ်းထားသည်။ သထုံဒေသအတွင်းမှ ခေတ်အဆက် ဆက် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဘုရားကြီးဂေါပကရုံးနှင့်နှင့်တွဲလျက်ထားသော "သုဝဏ္ဏဘူမိပြတိုက်" အတွင်း ခင်းကျင်း ပြသထားသည်ကိုလည်း တွေ့ရပါသည်။



*သာရကလျာဏီသိမ်(မြေနီကုန်းပေါ်တော်မူအနီး)*




*ရွှေစာရံစေတီ၏တောင်ဘက် ကလျာဏီသိမ်*
*(ဂဝံပတိသုခုံသိမ်)*

## ကလျာဏီသိမ်

ဓမ္မစေတီခေါ် ရာမာဓိပတိမင်း(၁၄၁၂-၁၄၉၂)ကြီးသည် လင်္ကာဒီပသီဟိုဠ်ကျွန်း ကလျာဏီမြစ် ဥဒကုက္ခေပ ရေသိမ်တွင် ဥပသမ္ပဒကံဆောင်ပြီး ပြန်လာသော ရဟန်းတော်များအား ဟံသာဝတီနေပြည်တော်၌ ကလျာဏီသိမ်တော်ကို သမုတ်စေသည်။ နေပြည်တော် ပတ်ဝန်းကျင်၌ အခြားသိမ်ကြီး (၉)သိမ်နှင့်တကွ၊ ရာမညဒေသမြို့နယ်တိုင်းတွင် သိမ်ငယ်ပေါင်း (၃၇၇)သိမ်ကို သမုတ်စေပါသည်။ ထိုအချိန်မှစ၍ ရဟန္တာသိမ်(ရှေးသိမ်ဟောင်း)နှင့် ကလျာဏီသိမ် (သိမ်သစ်)ဟူ၍ သိမ်နှစ်မျိုးနှစ်စားရှိလာခဲ့သည်။ သိမ်သစ်သမုတ်သည့်အခါ အချို့ရဟန္တာသိမ်ဟောင်းကိုပင် ထပ်ဆင့်သမုတ်ပေးခဲ့သည်လည်းရှိ၏။ သထုံတွင် "ဂဝံပတိသုခုံသိမ်"ဟု အမည်ရှိသော သိမ်ဟောင်းကို ထပ်ဆင့် သမုတ်ခဲ့သည့်အတွက် ကလျာဏီသိမ်ဟု ထင်ရှားလာပါသည်။ ၎င်းသိမ်ကို ရွှေစာရံစေတီ၏တောင်ဘက် မဟာရာမ်တံတိုင်း အပြင်ဘက်တွင် တွေ့နိုင်ပါသည်။ ကိုလိုနီခေတ်က အုတ်တိုက်အဖြစ် မွမ်းမံထားပြီးဖြစ်သော်လည်း ၎င်းသိမ်ပတ်လည်တွင် မူလနိမိတ်တိုင်(၂၄)တိုင်၊ ဇာတ်နိပါတ်များထွင်း၍ စိုက်ထားလျက်ရှိ၏။ အနောက်တောင်ထောင့်တွင် ရှေးမွန်ဘာသာဖြင့် ကျောက်စာတိုင်အကျိုးမှာ ဤဘဒ္ဒသိမ်ကို သမုတ်စဉ်အခါက ရဟန်းတော် အပါးတစ်ထောင်၊ လူပုဂ္ဂိုလ်သုံးထောင်၊ ပညာရှိတစ်ရာကျော်၊ ဥပသကာ(၅၀၀)နှင့် ဖြဟ္မဏ(ပုဏ္ဏား)(၃၀၀)တို့ ပရိသတ်အဖြစ်ပါဝင်သည်၊ ဗောဓိပင်ကိုလည်း စိုက်ခဲ့ကြသည်ဟု ရေးထိုးထားသည်။ (Luce, 1950 p.6)

## ရန်အောင်မြင်စေတီ

ရွှေစာရံစေတီပရဝုဏ်၏ အရှေ့မြောက်၊ ယခုအထက(၂) ကျောင်းဝင်း၏ တောင်ဘက်တွင် ရန်အောင်မြင်စေတီရှိသည်။ လေးထောင့်ပန္နက်ခုံ၊ ပစ္စယာသုံးဆင့်(ခိုနန်းမျိုးမပါ)စေတီကြီးဖြစ်သည်။ ပစ္စယာတို့၌ နတ်လမ်းလေ့ကား မရှိပေ။ အချို့က ရွှေစာရံစေတီနှင့် ခေတ်ပြိုင်တည်ထားသည်ဟု ဆိုပါသည်။ မြန်မာ့စွယ်စုံကျမ်း သထုံမြို့အကြောင်း (စာမျက်နှာ ၄၇၇)တွင်မူ အနော်ရထာမင်းက သထုံအောင်ပွဲအထိမ်းအမှတ်အဖြစ်တည်သည်ဟု ဖော်ပြသည်။ သထုံရာဇဝင်တွင် အနော်ရထာမင်း သထုံမြို့ကို အောင်မြင်သည့် အထိမ်းအမှတ်စေတီကို ၎င်းတပ်စခန်းချရာ မြို့မြောက်ဘက်က (ယခုပေါ်တော်မူရွာ အရှေ့ဘက်၊ ပေါ်တော်ပြန်ဘုရားကုန်း) ဇေယဘူမိကုန်း၌ တည်ထားသည်ဟု ဖော်ပြသည်။ (သထုံရာဇဝင်၊ စာ-၁၁၇)




*သထုံအမှတ်(၁)အလကကျောင်းဝင်းအတွင်းရှိ အုတ်ခွက်ဘုရားများ ထွက်ပေါ်သည့်မြေပြင်*



ရန်အောင်မြင်စေတီနှင့် တစ်တန်းတည်းရှိသော မြောက်ဘက်မှ ယခုအမှတ်(၂) အထက ကျောင်းဝင်းနှင့် အမှတ်(၁) အလက ကျောင်းဝင်းတို့တွင် စေတီဟောင်းများ မြေအောက်၌ နစ်မြုပ်လျက်ရှိကြောင်း အထောက်အထားများ တွေ့ရသည်။ ၄င်းမြေပြင်မှာ မြေကျင်းတူးသည့်အခါ အုတ်ခွက် ရုပ်ပွားတော်များ တွေ့ရလေ့ရှိကြောင်း သိရသည်။ ယခုခရီးစဉ်မှာပင် အမှတ်(၁) အလက ကျောင်းဝင်းမှာ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အုတ်မြစ်ကျင်းတူးစဉ် အုတ်ခွက်ရုပ်ပွားတော် လေးဆူပေါ်ထွက်လာကြောင်းသိရသည်။ ကျောင်းဆောင်သစ် အဆောက်အအုံ လှူသူ အောက်ကျင်းရပ်ဦးဖုန်းမြင့်မောင်၏ နေအိမ်တွင် ပူဇော်ထား၏။ လွန်ခဲ့သော အနှစ် ၃၀ ခန့်ကလည်း အမှတ်(၂)အထက ကျောင်းဝင်း၌ အိမ်သာကျင်းတူးစဉ် အုတ်ခွက်ရုပ်ပွားတော် အမြောက်အများ ထက်ပေါ်လာခဲ့ဖူး၏။ အချို့ကို ရွှေစာရံ ဘုရားဂေါပကရုံးနှင့် တွဲဖက်ထားသော သုဝဏ္ဏဘူမိပြတိုက်တွင် ခင်းကျင်းပြသထားပါသည်။

အုတ်ခွက်ရုပ်ပွား ဆင်းတု များသည် ဘင်္ဂလားဒေသ ဗိဟာနယ်(နာလန္ဒာ)၊ ပါလ-သေနခေတ် ခရစ် ၉ ရာစုနှစ်လက်ရာဟန်များ ဖြစ်ပါသည်။ ပုဂံတွင် အများအပြားတွေ့ရ၍ အချို့က ပုဂံခေတ်အထောက်အထားဟု ဆိုကြပါသည်။ ထိုင်း(ယိုးဒယား) နိုင်ငံတွင် ဒွါရဝတီခေတ် (၆ ရာစုနှစ် - ၁၀ ရာစု) အထောက်အထားဟု သတ်မှတ်သည်။ ရန်အောင်မြင်စေတီ တည်ရာကုန်းနှင့် တစ်တန်းတည်းရှိသော မြေပြင်နှင့် ဆက်စပ်နေသော နန်းတော်ရာ နှင့် ရွှေစာရံပရဝုဏ်အကြား အရှေ့ဘက်ပိုင်းမှာလည်း သထုံခေတ်က ဘာသာရေးအဆောက်အအုံများတည်ထားခဲ့မည်ဟု ယူဆရပါသည်။

**ဖူးဘုရားစေတီ**

ရွှေစာရံပရဂုဏ်၏ အနောက်ဘက်ကပ်လျက် မော်တော်ကားလမ်းခြားပြီး ဖူးဘုရားစေတီကို ဖူးတွေ့နိုင်၏။ သထုံမြို့ဈေးကြီးနှင့် ကားဂိတ်တို့အကြား ချောင်ကျကျတည်နေ၍ တိမ်မြုပ်နေ၏။ ယခုလည်း ဒါယကာတို့က ဘက်စုံ မွမ်းမံထားရှိပြီဖြစ်သည်။ ပုဂံက ဖူးဘုရားကဲ့သို့ ပုံစံမျိုးမဟုတ်။ ၎င်းအမည်နှင့်လည်းမဆိုင်ပေ။ မူလက "ဘီလူး ရန်အောင်စေတီ"ဟု သမုတ်ခဲ့သည်ဟုဆို၏။ စေတီအပျက်အစီးကို ခြံနွယ်ရှင်း၍ ဒေါ်ဖူးဆိုသူက မွမ်းမံပေး ခဲ့သဖြင့် "ဖူးဘုရား" အမည်တွင်သည်ဟု ဆို၏။ ရန်အောင်မြင်ဘုရားနှင့် ၎င်းပတ်ဝန်းကျင်မှ ဘုရားဟောင်းများကဲ့သို့ပင် သထုံခေတ်အဆောက်အအုံဟောင်းတစ်ခု ဖြစ်နိုင်ပါသည်။

**နန်းတော်ဦးဘုရား**

ယခုသထုံမြို့ ခရိုင်ဆေးရုံကြီးဝင်း၏ တောင်ဘက်ကပ်လျက်လမ်းခြား၍ တည်နေသောစေတီကြီးတစ်ဆူ ဖြစ်သည်။ နန်းတော်ဦးဘုန်းကြီးကျောင်းဝင်းနှင့် တစ်တန်းတည်းရှိ၏။ နန်းတော်ဟောင်းနေရာအနီးမှာပင်တွေ့၍ နန်းဦးစေတီဟုခေါ်ကြောင်း သထုံရာဇဝင်ကဆိုပါသည်။ ယခုသထုံမြို့ဟောင်း (သုဓမ္မပူရ)မတည်ခင်က သုဓမ္မဝတီ-(သုဘိန္နနဂရ)မြို့ဘုရင် ဓမ္မဇေဒဇာ-သုဝဏ္ဏမင်းကြီးလက်ထက်၊ သာသနာနှစ် (၁၂၇)ခုနှစ်တွင် ထိုမင်းကြီး၏ သမီးတော် (နန်းဦးသီရိ)ရသော ဘုရားဆံတော်နှစ်ဆူကိုထာပနာ၍ တည်သည်ဟုဆို၏(သထုံရာဇာဝင်၊စာ-၆၉)။ သထုံ(သုဓမ္မပူရ) မြို့ကို သာသနာနှစ် (၁၆၁)ခုနှစ်ကျမှ ဥပဒေဝမင်းကတည်ခဲ့ခြင်းဖြစ်၍ စေတီကမြို့ထက်(၃၃)နှစ်စောသည်ဟု တွက် ယူရ၏။ ထိုစေတီအပျက်အစီးကို ကိုလိုနီခေတ်ဦး ၁၈၆၉ ခုနှစ်တွင် သထုံကော်မရှင်နာမင်းကြီးမစ္စတာစိန့်ဂျွန်း စတင် တွေ့ရှိခဲ့သည်။ ၎င်းက နန်းတော်ဦးဘုရားဟူ၍ ခေါ်ခဲ့ပါသည်။ ယခု စေတီဘိနပ်တော်နှင့် လေးထောင့်ပစ္စယာတို့မှာ (ရှေးဟောင်း)ဂဝံအုတ်ချပ် များကို တွေ့နိုင်ပါသည်။ နန်းတော်ကုန်း၏ အနောက်ဘက်မြို့ တံတိုင်းအရာဟောင်းနှင့် ကျုံ့ဟောင်းကိုယခုမတွေ့ရတော့ သဖြင့် ယခုနန်းတော်ဦးစေတီ၏အရှေ့ဘက်ကပ်လျက် နေရာတွင် တောင်နှင့်မြောက်တန်းလျက် နစ်မြုပ်နေမည်ဟု ခန့်မှန်းရပါသည်။ မြောက်ဘက်နှင့် အရှေ့ဘက် နန်းတော်ကျုံးနှင့် မြို့ရိုးဟောင်းနေရာကိုမူ ယခုခရိုင်ရုံးနေရာအနီးတွင် တွေ့ရပါသေးသည်။

**မြသပိတ်တောင်ပေါ်စေတီ**

သထုံမြို့ မြသပိတ်တောင်ပေါ်စေတီသည် ရွှေစာရံစေတီကြီးကဲ့သို့ပင် ထင်ရှားသော မြေပြင်အမှတ်အသားတစ်ခု ဖြစ်ပါသည်။ ပေ (၇၀၀)ကျော်မြင့်တောင်ပေါ်တွင် တည်ထား၍ ပေါ်လွင်သည်။ တောင်တန်းတစ်လျှောက် သထုံ ကေလာသစေတီ၊ လဝစေတီ၊ ဘုရားငါးဆူစေတီများနှင့် တစ်တန်းတည်းရှိသည်။ မြသပိတ်တောင်ပေါ်စေတီမှ အနောက်ဘက်မီးရထားလမ်းအထိ မြေပြင်မှာ သထုံမြို့ဟောင်းနယ်မြေဟူ၍ သတ်မှတ်နိုင်ပါသည်။ အခြားထင်ရှားသော အမှတ်အသားကို ဖော်ပြပါရသော် သထုံမီးရထားဘူတာရုံမှ အရှေ့ဘက် မြသပိတ်တောင်ခြေရင်း ဘုရားမုခ်ဦးသို့ ဖောက်ထားသော မြို့တွင်းလမ်းသည် သထုံမြို့ဟောင်းကို မြောက်ပိုင်းနှင့်တောင်ပိုင်း နှစ်ပိုင်းအညီအမျှ ခွဲခြမ်းထားသကဲ့သို့ ရှိ၏။ သုဓမ္မပူရ သထုံမြို့မတည်ထောင်မီ သုဓမ္မဝတီ(သုဘိန္နနဂရ) မြို့ တည်စဉ်အခါကပင် မြသပိတ်စေတီကို တည်ထောင်ခဲ့ကြောင်း သထုံရာဇဝင်ကဆိုသည်။ မူလက "သိဂ်နိဂ်" စေတီ အမည်တွင်သည်ဟုဆို၏။ (သထုံ ရာဇဝင်၊ စာ-၆၉) ဆံတော်၊ သွားတော်များ ထာပနာ၍ တည်ထားသည့် တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်ပါသည်။

မြသပိတ်စေတီတည်ထားရာ မြသပိတ်တောင်တန်းသည် မြို့ဟောင်း၏ အရှေ့မြို့ရိုးတစ်ထပ် အသွင်ကိုဆောင်၏။ မြို့ရိုးဆိုသည်မှာ ကာကွယ်ရေးအတွက် မြို့တွင်းမှမြို့ပြင်သို့အပေါ်စီးမှ လှမ်းကြည့်ရန်၊ အစောင့်အနေချထားရန် ရည်ရွယ် ရင်းဖြစ်သည်။ မြသပိတ်တောင်တန်းသည် အမြင့်ပေ(၇၀၀)ခန့်သာရှိ၍ အတက်အဆင်းမခက်ပေ။ မြို့အရှေ့ဘက်၊ အနောက်ဘက်အားလုံးကို အပေါ်စီးမြင်ကွင်းကောင်းသည်။ တောင်ခွက်လပ်တွင် မြေညှိထားသော လေ့ကားထစ်သဏ္ဍာန်

မြေပြန့်မှာလည်း တောင်ပေါ်မြို့ရိုးတစ်ထပ်သဖွယ် တည်ရှိနေပါသည်။ ကေလာသ(ဘီးလင်း)တောင်တွင် အမြင့်ပေ(၅၀၀) အထိ တောင်ပေါ်(ကျောက်တုံးစီ)မြို့ရိုးများကိုတွေ့ရသဖြင့် သထုံမြို့ဟောင်းတွင်လည်း မြို့တည်သည့်အခါ တောင်စောင်း တောင်ထိပ် နေရာများကိုပါမကျန် မြို့အစီအမံပြုကြောင်း ယုံကြည်ရ၏။ ယခု သထုံမြို့ဟောင်း အရှေ့မြို့ရိုးကို နှစ်ထပ်ခန့်သာတွေ့ရပြီး၊ မြောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် မြို့ရိုးငါးထပ်ခန့်တွေ့ရ၏။ ယခုအရှေ့မြို့ရိုးနှစ်ထပ်ကိုသာမက တောင်ပေါ်နှင့်တောင်စောင်းမြို့ရိုးပါထည့်တွက်လျှင် မြို့ပတ်လည် မြို့ရိုးဟောင်းအရေအတွက် ညီညွတ်သွားစရာ ရှိသည်။

**ဘုရားကုန်းဟောင်းများ**




*သထုံမြို့ ဘင်လိုင်ရပ်ကွက် ဘုရားကုန်းနှင့် အုတ်ချပ်နမူနာများ*

သထုံမြို့ဟောင်းတောင်ပိုင်း ဘင်လှိုင်ရပ်ကွက်ကို ကွင်းဆင်းသည့်အခါ ဒေါ်မတင့်အိမ်ခြံဝင်းအတွင်း၌ ဘုရားကုန်းဟောင်းကိုတွေ့ရပြီး လက်ရေးစင်းအုတ်နမူနာများ ကောက်ယူရသည်။ ၎င်းဘုရားကုန်းသည် မြေပြင်မှအမြင့် ၁၆ပေခန့်၊ အချင်း ၂၂ပေခန့်အရွယ်ရှိသည်။ နံဘေးတွင် ဝါရုံများပေါက်လျက်၊ အုပ်မိုးထားသဖြင့် မြင်ကွင်းမှ ကွယ်ပျောက်လျက်ရှိသည်။ ကုန်း၏အရှေ့မြောက်ဘက်တွင် အုတ်တံတိုင်းတစ်ခု ကုန်းပေါ်သို့ရောက်လျက်နေသည်။ အုတ်ချပ်နမူနာများ၏ အရွယ်အစားမှာ အထူ ၂ ၁/၂လက်မနှင့် ၃လက်မ၊ အမျိုးအစားပင်ဖြစ်ပါသည်။ အနံ၆ ၁/၂၊ ၇လက်မနှင့် ၇၁/၂ လက်မစီရှိကြ၍ အလျားမည်မျှရှိမ ည်မသိရပါ။ နမူနာကောက်ယူခဲ့သောအုတ်ပြားလေးပြားစလုံးမှာ လက်စင်းကြောင်း အမှတ်ပါရှိသည်။



*သထုံမြို့ ဘင်လိုင်ရပ်ကွက်မှ ထွက်ပေါ်နေသော အုတ်ရိုးတန်းတစ်ခု*

ဘင်လှိုင်ရပ်ကွက် ဦးကွန်ပါ၊ ဦးခြေ၊ ဒေါ်မြတင်၊ ဒေါ်သင်းဆွေတို့၏ အိမ်ခြေရင်းတွင် အုတ်ရိုးတန်းတစ်ခုကိုတွေ့ရသဖြင့် အုတ်ချပ်နမူနာများကောက်ယူခြင်း၊ အုတ်ကုန်းကိုမှတ်တမ်းတင်ခြင်း ပြုပါသည်။

၁။ အလျား ၁၅ ၁/၂ လက်မ ×အနံ ၇ ၁/၂လက်မ ×အထူ၃လက်မ

၂။ အလျား ၁၆၁/၂ လက်မ ×အနံ ၇ ၁/၂လက်မ ×အထူ၃လက်မ

၃။ အလျား ၁၆လက်မ ×အနံ၈လက်မ ×အထူ၃လက်မ

အရွယ်အစားရှိကြသည်။ ၄င်းအုတ်ချပ်များတွင် လက်ရေးစင်းအမှတ်အသားများကို စစ်ဆေးတွေ့ရှိသည်။

ဘင်လှိုင်ရပ်ကွက်အရှေ့ပိုင်း၊ဘင်လှိုင်စမ်းချောင်း၏အရှေ့ဘက်တွင် ဦးညဝါ၊ ဒေါ်အေးခိုင်၊ ဒေါ်ပုံ၊ ဦးတူးတို့ခြံများနှင့် ၄င်းတို့အနီးပတ်ဝန်းကျင်တွင် အုတ်ချပ်အစအနများထွက်ပေါ်လျက်တွေ့ရသဖြင့် နမူနာကောက်ယူခဲ့သည်။ အုတ်ချပ်ထွက်ပေါ်နေသည့်မြေပြင်သည် ရွာလမ်းထက် ၄ပေခန့်ပို၍ မြင့်လျက်၊ သစ်ပင် ၊ဝါးပင်များဖုံးအုပ်ထားသည်။ လမ်းဘေးတစ်လျှောက်၊ လမ်းနှစ်ဖက်လုံးပေ ၇၀၀ ခန့်အကွာအဝေးတွင် အုတ်ရိုးအုတ်စများကို တွေ့ရပါသည်။ နမူနာကောက်ယူရသော အုတ်အကောင်းတစ်ချပ်မှာ

အလျား ၁၈လက်မ × အနံ၁၀ ၁/၂လက်မ × အထူ၃လက်မ အရွယ်ရှိသည်။ အကျိုးပိုင်းနှစ်ခုတို့မှာ

၁။ အလျား(အကျိုး)၈ ၁/၂လက်မ×အနံ၆ ၁/၂လက်မ×အထူ၂ ၁/၂လက်မ

၁။ အလျား(အကျိုး) ×အနံ၁၀ ၁/၂လက်မ×အထူ၃လက်မ အရွယ်အစားများဖြစ်ကြ၏။

အုတ်ချပ်တိုင်းတွင် လက်ရေးစင်းကြောင်းများပါရှိသည်။



*သထုံမြို့ ကျောက်စာရုံမှ တြပ်၊ ပဏ္ဍိတ်နှင့်ညောင်ပိုင်းကျောက်စာတိုင်များ*

**ရှေးဟောင်းကျောက်စာချပ်များ**

သထုံမြို့ဟောင်း ခေတ်ပြိုင်ကျောက်စာများကို ရွှေစာရံဘုရားပရဝုဏ်တွင် သိမ်းဆည်းထား၏။ အရေးအကြီးဆုံး ကျောက်စာသုံးချပ်ရှိပါသည်။ အားလုံးမှာ ဖတ်မရအောင် ပွန်းတီးနေ၏။ တစ်ချပ်လုံးဖတ်မရအောင်ပျက်စီးနေသော ကျောက်စာတစ်ချပ်တွင် "ကြွမ်း"(ကြောင်းရေ-၃၆)၊ "သျှမ်း"(ကြောင်းရေ-၄၂)တို့ကို ရှေးမွန်ဘာသာဖြင့်တွေ့ရ၍ မြန်မာရာဇဝင်ထဲက ဂျွမ်းနှင့်ရှမ်းတို့ကို ရည်ညွှန်းသလားထင်ရ၏။ ဒုတိယ ကျောက်စာတစ်ချပ် (တြပ်ကျောက်စာ)မှာ အထက်နေရာ၌ ထိုင်တော်မူရုပ်ပွားသုံးဆူပါသည်။ (အလယ်ဆူ တပ်ပျဉ်ခွေထိုင်လျက်၊ သရဖူဆောင်းထားသည်။ ဘေးနှစ်ဆူမှာ အလယ်မဏ္ဍိုင်ကို ကျောကပ်လျက် ခြေဆင်းထိုင်သည်)။ အောက်ပိုင်းစာ ရှေးမွန်ဘာသာမှာ ဝေါဟာရစကားအချို့ လဝ၊ ကြွမ်း၊ ဇဗ တို့မှာ ဝ၊ ဂျွမ်းနှင့် ဂျာဗားလူမျိုးတို့ ဖြစ်မည်ဟု ယူဆသည်။ တတိယကျောက်စာ (ပဏ္ဍိတ်ကျောက်စာ)မှာ ဒုတိယကျောက်စာကဲ့သို့ပင် ပါဠိနှင့်ရှေးမွန်ဘာသာ ရေးစပ်လျက်ရှိသည်။ ဘုရင်တစ်ပါး၏ အမည်နှင့် ၄င်း၏ဘွဲ့တော်နာမရှည်ကြီးကို ဖော်ပြပြီး၊ ပြည်သူများက မင်းကြီးအား အရှိအသေပြုပုံ၊ မင်းကြီးသည်

"တြပ်"အရှင်သခင် ဖြစ်သည့်အပြင်၊"ပဏ္ဍိတ်"ပညာရှိလည်းဖြစ်ပုံ၊ စည်ကြီးကိုတီး၍(မင်းကြီးအား) တစ်ခဲနက် ချီးမြှောက်ပုံတို့ပါရှိသည်။ ဘုရင်၏ဘွဲ့တော်အမည်ခြောက်ကြိမ်ပါရှိ၏။

၎င်းဘွဲ့အမည်များမှာ-

၁။ မကုတရာဇာနာမရာဇဒိရာဇ (မင်းတကာတို့၏မင်း)
၂။ ပရမေသွာရ (အမြတ်ဆုံးမင်းကြီး၊ သီဝနတ်မင်းဘွဲ့တော်)
၃။ ဣသွရရာဇ(မင်းကြီး)
၄။ အဘေယမဟာရာဇ (ကြောက်ခြင်းကင်းသောမင်း)
၅။ ဒေဝါတိဒေဝ (နတ်တကာတို့၏နတ်နှင့်တူသောမင်း)
၆။ ဗဟုညာဏသာဂရဂမ္ဘာရ (အသိညဏ်ပညာ၏ပင်လယ်ကြီး)
၇။ ဗြိနိတျခမ္မရေ (ထာဝရကုသိုလ်ကောင်းမှုရှိသူ)
၈။ ခနေသွာရ (ကြွယ်ဝခြင်း၏သခင်)
၉။ သကလတာမှာဝိသေယ်တြေလောကခမ္မ[၁] (လူ၊ နတ်၊ ဗြဟ္မာ)သုံးပါးတို့၏ချပ်ဝတ်တန်ဆာနှင့်
ကြေးဝါဒေသ ဟူ၍ဖြစ်သည်(Luce,1950,pp-10)။

ပဏ္ဍိတ်ကျောက်စာတွင် မင်း၏ဘွဲ့တို့အမည်အဆုံး၌ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးပါဠိဂါထာကို ရေးထိုးထား၏။ ပြီးနောက် မွန်စာအရေးကို စသည်။ ဤနှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးဂါထာမှာ သီဟိုဠ်ကျွန်းရဟန်းတော်များ၏ နမက္ကာရကြီးဘုရားရှိခိုးဂါထာပင် ဖြစ်သည်။ ယင်းဂါထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နမောသဗ္ဗဗုဒ္ဓါနံ

| | | | | | |
|---|---|---|---|---|---|
| ၁။ | တဏှင်္ကရော | မဟာဝီရော၊ | ၁၅။ | သုဇာတော | သဗ္ဗလောကဂ္ဂေါ |
| ၂။ | မေဓင်္ကရော | မဟာယသော | ၁၆။ | ပိယဒဿီ | နရာသဘော |
| ၃။ | သရနင်္ကရော | လောကဟိတော | ၁၇။ | အဌဒဿီ | ကာရုနိကော |
| ၄။ | ဒီပင်္ကရော | ဇုတိန္ဓရော | ၁၈။ | ဓမဒဿီ | တမောနုဒေါ |
| ၅။ | ကောဏ္ဍညော | ဇိနပါမောက္ခော | ၁၉။ | သိဒ္ဓတ္ထော | အမောလောက |
| ၆။ | မင်္ဂလော | ပုရိသာသဘော | ၂၀။ | တိဿော | ရဒဒံဝရော |
| ၇။ | သုမနော | သုမနဓိရော | ၂၁။ | ဖုဿော | ဝရဒေါဗုဒ္ဓေါ၊ |
| ၈။ | ရေဝတော | ရတိဝဒ္ဓနော | ၂၂။ | ဝိပဿိစ | အနုပမော |
| ၉။ | သောဘိတော | ဂုနသမ္ပန္နော | ၂၃။ | သိခိ | သဗ္ဗဟိတောသတာ |
| ၁၀။ | အနောမဒဿိ | ဇနုတ္တမော | ၂၄။ | ဝေဿဘူ | မုခဒါယကော |
| ၁၁။ | ပဒုမော | လောကပဇ္ဇောတော | ၂၅။ | ကကုသန္ဓော | သတ္တဝါဟော |
| ၁၂။ | နာရဒေါ | ဝရသာရထိ | ၂၆။ | ကောနာဂမနော | ရနဥ္စဟော |
| ၁၃။ | ပဒုမုတ္တရော | သတ္တသာရော | ၂၇။ | ကဿပေါ | သိရိသမ္ပန္နော |
| ၁၄။ | သုမေဓေါ | အဂ္ဂပုဂ္ဂလော၊ | ၂၈။ | ဂေါတမော | သကျပုင်္ဂဝေါ |

တေ သဥ္စေ သံဗုဒ္ဓါ အနေက သတ္တကောဋိယော . . . (ဦးချစ်သိန်း၊ စာ - ၄-၅)။

ယင်းကျောက်စာအောက်ပိုင်းတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့အမည်များကို အတိုချုံးရေးသည်။ တြပ်ကျောက်စာမှာမူ အောက်ဆုံး ၁၅ကြောင်းခန့်ကိုသာ ကောင်းစွာဖတ်ရှု၍ ရသည်။ စာပေအရေးအသား အဆင့်အတန်းမြင့်၍ ကာရံ၊ နဘေထပ်များပါသည်။ အကြောင်းအရာအချုပ်မှာ "သထုံမင်းကြီးသည်စစ်မဲ့ကာလ အေးချမ်းချိန်၌ ပြည်သူ


ကော့ဂွန်းဂူကျောက်စာ

တို့ကို ကသိုလ်ပြုခြင်း သံဃာအားမြေလှူခြင်းပြုကြရန် တိုက်တွန်းသည်။ စစ်ပွဲကာလ၌မူ ဆူပူသောင်းကြမ်းသူတို့၏ လုံတံကိုမြောက်ပြီး၊ သတ္တိရှိစွာဖြင့် ကျော်စောသောရန်သူတို့ကိုသွားရောက်ဖမ်းဆီးသည်။ မြို့တော်ကိုလည်း ကျုံး၊ မြောင်း၊ တံတိုင်း၊ ရင်တား၊ ပြအိုးများဖြင့် ခိုင်ခံ့စေ၍ အချက်ပြမီးတိုင်များဖြင့် ဘုရင်၏အမိန့်အတိုင်း ဆောင်ရွက်နိုင်အောင် စီမံထားသည်။

ဤတြာပ်နှင့်ပဏ္ဏိတ်ကျောက်စာနှစ်ချပ်ကို ရေးထိုးသူမှာ သထုံဘုရင် မကုတမင်းဖြစ်သည်။ ရေးမွန်ကျောက်စာများတွင် တစ်ချောင်းငင် "ဥ" သရကို "က"ဗျည်းအက္ခရာ၏ အလယ်မှရေးဆွဲခြင်းပြုပါသည်။ လက်ယာဘက်အဆုံးမှ မဆွဲပါ။ သို့ဖြစ်၍ ဤရေးဟောင်းစာလုံး"က"ကို "နော"ဟု အဖတ်မှားပြီး၊ "မကုတ"ကို "မနောဟ"(တနင့်ဟထပ်လွဲ)ဟု လွဲမှားဖတ်ရှုခဲ့ခြင်းဖြစ်သည်။ ထိုမှ "မနူဟာမင်း"ဟု ရာဇဝင်က ဆိုသည်ဟုပါမောက္ခလုစ်ကြံဆပါသည်။ ထိုသို့ဆိုလျှင် မနူဟာမင်းသည် ဤကျောက်စာနှစ်ချပ်ကို ပုဂံမင်းအနော်ရထာနှင့် မတွေ့မီနှစ်အနည်းငယ်အတွင်း ရေးထိုးခဲ့ရပေမည်။ ၎င်းကျောက်စာများတွင် ရက်စွဲရေးထိုးမထားပေသည်။ ပါမောက္ခဒေါက်တာထင်အောင်က ထိုသို့မဖြစ်နိုင်ဟု ငြင်းဆိုလျှက် ခရစ်နှစ် (၈) ရာစုနှစ် အထိရေးကျမည်ဟု ခန့်မှန်း၏။ သထုံရာဇဝင်တွင် "မကုတ"နှင့် အမည်တူ-ဆင်ကွဲမင်းတစ် ပါး၏အမည်ကိုတွေ့ရ၏။ ထိုမင်း၏အမည်မှာ ကုသရာဇာဖြစ် ၏။ ထိုမင်းသည် သထုံဘုရင်(၅၇)ဆက်တို့အနက် (၄၅) ဆက်မြောက်မင်းဖြစ်သည်။ ၎င်းနောက် မင်း(၁၃) ဆက်ကြာမှ မနူဟာမင်း ဘုရင်ဖြစ်သည်။ ဤအချက်ကို ထောက်၍ တြာပ်နှင့်ပဏ္ဏိတ်ကျောက်စာတို့၏ ရက်စွဲကို ခရစ် ၈ရာစုဟု ဒေါက်တာထင်အောင်ကခန့်မှန်းခဲ့ဟန်တူပေသည်။

ကျောက်စာများတွင်ရက်စွဲမပါ၍ စာသွားစာလာနှင့် လက်ရေးလက်သားကိုသာ ခန့်မှန်းနိုင်၏။ ပညာရှင်မိုင်ကယ်အောင်သွင်ကမူ ဤကျောက်စာတို့၏ရက်စွဲကို ပုဂံအနော်ရထာခေတ် (ခရစ် ၁၁-ရာစုနှစ်)လောက်အထိပင် မစောနိုင်ကြောင်းငြင်းပါသည်။ ကျောက်စာတွင်ပါသော "မကုတ" အမည်သည် မုတ္တမမွန်မင်းဆက်ကိုထူထောင်ခဲ့သူ "မဂဒူး"နှင့် ၎င်း၏ညီ "မဂဒါ"တို့အမည်နှင့် ဆင်တူနေကြောင်း၊ "မကဒူး"နှင့် "မကတာ"ကို ရည်ညွှန်းထားခြင်း ဖြစ်နိုင်ကြောင်း၊ ကျောက်စာများ လက်ရေးလက်သားမှာ လည်းသိပ်ရှေးမကျ၊ ခေတ်လယ်မွန်လက်ရေးနှင့်တူကြောင်း၊ သို့ဖြစ်၍ ခရစ် ၁၃-ရာစုနှစ် ကျောက်စာများသာဖြစ်နိုင်သည် ဟု ဆို၏ (Aung Thwin 2005,pp,106-108)တစ်ဖန် ကျောက်စာ၌ပါသော ပါဠိဘွဲ့အမည်"ရာဇနာမ ရာဇာဓိရာဇ" ဆိုသည်မှာ ပဲခူးဘုရင်ရာဇာဓိရာဇ်ကို ရည်ညွှန်းရာရောက်သဖြင့် ၁၄-၁၅ရာစုနှစ်အထိ နောက်ကျနိုင်သေးသည် ဟုဆို၏။

သထုံကျောက်စာများ(ယခုကျောက်စာရုံ)တွင် ကော့ဂွန်းလိုဏ်ဂူ ကျောက်ဆင်းတုတော် သင်္ကန်းစွန်းကျောက်စာ၏ မိတ္တူတစ်တိုင်ကိုတွေ့ရ၏။ ယင်းကျောက်စာ၏မြန်မာဘာသာပြန်မှာ

> ဤဘုရားရုပ်တုတော်ကို (မုတ္တမ)မိဖုရားဖြစ်သူကျွန်ုပ်သည် ဒအ်ဝေါပ်မြို့တွင်နေထိုင်ပြီး ဤ မြတ်စွာဘုရားကို ထုထွင်းပြုလုပ်ခဲ့ပါသည်။ မြေနှင့်ကျောက်ဆင်းတုတော်ဘုရားများ ဒအ်ဝေါပ်မြို့အတွင်း၌ သော်လည်းကောင်း မြို့နယ်အပြင်အပ၌သော်လည်းကောင်း တည်ရှိသမျှတို့ကို ကျွန်ုပ်၏တပည့်များက စွမ်းရည်ရှိ၍ထုထွင်းခဲ့ပါသည်။ အခြားအခြားသောဆရာများသည် ကျောက်ဘုရားများကို ထုထွင်းနိုင်ကြပါစေသတည်း။

ဟူ၍ဖြစ်ပါသည်။



*မုတ္တမတောင်တန်း မြောက်ဘက်ရှိ (ဧည့ဝတီမြို့ဟောင်း) ကောင်းကင်ဓာတ်ပုံ*

ငှင်းကျောက်စာပါ(ဒုအ်ဝေါပ်) မြို့၏တည်နေရာကို ပါမောက္ခလုစ်သည် သထုံမှကုန်းလမ်းခရီး၊ မုတ္တမမှ ရေလမ်း ခရီးဖြင့်သွားရသော ယခုဘားကပ်ရွာ(သို့မဟုတ်)ဘားအံမြို့ဖြစ်ကောင်းဖြစ်မည်ဟု မှန်းပါသည်။ ပါမောက္ခ မိုက်ကယ်အောင်သွင်ကမူ ဒုအ်ဝေါပ်ဟူသောဒေသအမည်ကို မုတ္တမနှင့်တွဲယှဉ်လျက်တွေ့ရသည်ဖြစ်၍ ဤကျောက်စာ သည် ခရစ်(၁၁၇၆)ခုနှစ်အထိ ရေးကျနိုင်မည်၊ သို့မဟုတ် ခရစ်(၁၂၉၂)ခုနှစ်အထိလည်း နောက်ကျနိုင်သည်ဟုဆိုသည်။ ပုဂံ(အနော်ရထာ)ခေတ်ထက်တော့မစောနိုင်၊ ထို့ကြောင့် ဒုအ်ဝေါပ်မြို့ဟူသည် ပုဂံထက်မစောသော အောက်မြန်မာနိုင်ငံ မြို့ဟောင်းတစ်ခုဟု မှန်းပါသည်။ (Aung Twin 2005, P-61)

သထုံရာဇဝင်အဆိုအမိန့်တစ်ခုတွင် သထုံမင်းဥပဒေဝရာဇာလက်ထက် ညီတော်ဥဒိန္နရာဇာမင်းသည် မြို့ကို စွန့်ခွါ၍ တောင်ဘက်သို့ရွှေ့ပြောင်းကာ မုတ္တမအနီးတွင် ဧည့ဝတီအမည်ဖြင့် မြို့သစ်တည်ထောင်သည်ဟု ဖော်ပြသည်။ မုတ္တမရာဇဝင်ကလည်း ဧည့ဝတီမြို့တွင် ဥဒိန္နမှ သိန္နဂဏ်ီအထိ မင်း ပေါင်း ၁၂ ဆက် အုပ်စိုးခဲ့သည်။ နောက်ဆုံးမင်း သိန္နဂဏ်ီ၏သားတော်များ သမလ၊ ဝိမလညီနောင်တို့က ပဲခူး(ဥဿ)သို့ ရွှေ့ပြောင်းပြီး မြို့နန်းတည်သည် ဟုဆိုသည်။ ယင်းဧည့ဝတီ၊ (သက္ကတ-စပါးစိုက်ရာမြို့)သည် ယခုကျောက်စာမှ မွန်ဘာသာဒုအ်ဝေါပ်အမည်ပင်ဖြစ်မည်ဟု ခန့်မှန်း ပါသည်။ ဤမြို့နေရာမှာ မုတ္တမမြို့၏ မြောက်ဘက်ပိုင်းတောင်ပေါ်၌ရှိ၏ဟု ဦးပညာ၏ မုတ္တမစစ်တမ်းစာဟောင်း ကျမ်း၌ဖော်ပြသည်။ ယခုခေတ် ဂြိုဟ်တုဓါတ်ပုံပေါ်တွင်လည်း ၎င်းမုတ္တမတောင်တန်း မြောက်ဘက်တွင် မြို့ကွက် ပုံသဏ္ဍာန် တစ်ခုကို တွေ့ရပါသည်။ ထိုနေရာမှတစ်ဖန် မုတ္တမမှ မြောက်ဘက် ၁၂ မိုင်အကွာ သံလွင်မြစ်အနောက် ဘက်ကမ်းရှိ စမ္ပါနဂိုရ်မြို့ဟောင်းနေရာသို့ ပြောင်းရွှေ့လျက် ထီးနန်းစိုက်ထူခဲ့သေးဟန်တူ၏။ ၎င်းစမ္ပါနဂိုရ်မြို့သည် မုတ္တမခေတ် (၁၃-ရာစုနှစ်)သို့ရောက်သည့်အခါ လကွန်ဗျည်းမြို့အဖြစ်ထင်ရှားလာခဲ့၏။ ၎င်းစမ္ပါနဂိုရ်နှင့် ဥဿ(ပဲခူး) မြို့တို့သည် မြို့တည်ပုံနှင့် မြို့ကွင်းမြို့ကွက်ပုံစံ အလွန်ဆင်တူနေပါသည်။ ဥဿပဲခူးမြို့လယ်တွင် ဟသာ်ကုန်းတောင်တန်း ရှိ၍၊ ထိုတောင်တန်းကိုငုံလျက် အလျားရှည် လေးထောင့်မြို့ရိုးတည်ပုံချင်းဆင်တူသည်။ စမ္ပါယ်နဂိုရ်မြို့တွင် ဓာတ်တော် တောင်တန်းကို အလယ်၌ငုံလျက် မြို့တည်ထားသည်။ ထိုမြို့နှစ်မြို့တို့၏ အရွယ်အစား ဆတူခန့်ရှိ၏။

**ကျန်စစ်သား၏ မွန်ကျောက်စာများ**


သထုံမြို့ဟောင်းခေတ်ကျောက်စာအားလုံးမှာ ရက်စွဲမပါသော ရေးမွန်ကျောက်စာများဖြစ်ကြ၏။ ယခုကျောက်စာရုံအတွင်း စုဆောင်းထားသည့် ကျောက်စာတစ်ချပ်တွင် သက္ကရာဇ် ၄၆၀(အေဒီ-၁၀၉၈)ကိုရေးထိုးထား၏။ သထုံပျက်၍ အနှစ်(၄၀)ကြာပြီးမှ ဤကျောက်ကို စိုက်ထူခဲ့ခြင်းဖြစ်၏။ ပုဂံဘုရင် ကျန်စစ်သားမင်းကြီးက သထုံရှိ ပြိုပျက်နေသော ဘုရားတစ်ဆူကို "လောကလူအပေါင်းတို့ကြာမြင့်စွာ ကိုးကွယ်နိုင်ကြစေရန် ရေးကထက်သာလွန်မြင့်မြတ်ကြီးကျယ်ခိုင်ခံ့အောင် အမည်ကျော်ကြားသော အလုပ်ဝန်တို့အား အသစ်ပြုပြင်တည်ဆောက်လှူတန်းစေ" ကြောင်း အလှူတော်မော်ကွန်းတင်ကျောက်စာဖြစ်၏။ ဤကျောက်စာကို ၁၇၉၁ ခုနှစ်က ကျောက်စာဝန်မစ္စတာတော်စိန်ခို စတင်တွေ့ရှိခဲ့ပါသည်။ တွေ့ရှိစဉ်ကပင် တစ်ပိုင်းကျိုးနေပြီဖြစ်၏။ သထုံမြို့ ညောင်ဝိုင်းရပ် ဒေါ်ရွှေမိ၏ ခြံဝင်းအတွင်း ညောင်ပင်ကြီးအောက်မှ တွေ့ရသည်ဟုဆို၏။ ကျောက်စာ၏ စာသွားစာလာတို့မှာ သထုံနယ်အတွင်း ကျန်စစ်သား မင်းပြုပြင်ခဲ့သော ကျိုက်တဲ(တောင်စွန်း)နှင့် ကျိုက်တလန်(အယက်သမ)တို့အတိုင်း ဆင်တူပင်ဖြစ်၏။ (ဦးချစ်သိန်း၊ မွန်ကျောက်စာပေါင်းချုပ်)။

၄င်းသထုံညောင်ဝိုင်းကျောက်စာတွင် မွန်ဘာသာဖြင့် ရေးထိုးထားသောအကြောင်းအရာ အကျဉ်းချုပ်မှာ ကျန်စစ်သာမင်းကြီးဖြစ်လာမည့် မင်းလောင်းသည် ကဿပဘုရားသခင်ပွင့်တော်မူစဉ် ဗာရာဏသီပြည်၌ သူကြွယ်မျိုး၊ ထို့နောက်ပါဋလိပုတ်ပြည်တွင် မင်းမျိုး၊ ထို့နောက် အယုဇ္ဈပြည်တွင် ရာမမင်းမျိုးဖြစ်ခဲ့ပြီး၊ ဂေါတမဘုရားပွင့်တော်မူသည့်အခါ အဘိဉာဏ်ငါးပါးရသော ဗိဿနိုးရသေ့ဖြစ်ပြီးလျှင် ကောလာသမည်သော ငွေတောင်ထွတ် (ယခုဘီးလင်းကေလာသ)ထက်၌ သီတင်းသုံးတော်မူခဲ့ကြောင်း၊ ထိုဗိဿနိုးရသေ့သည် ဘုရားပရိနိဗ္ဗာန်စံတော်မူမည့်နှစ်တွင် ဂဝံပတိ၊ သိကြားမင်း၊ ဝိသုကြုံနတ်သား၊ ကင္ဒကမ္မနဂါးမင်းတို့နှင့်အတူ သရေခေတ္တရာပြည်ကို တည်လတ္တံ့ဟုဘုရားရှင် ကိုယ်တော်တိုင် ဗျာဒိတ်ပေးတော်မူခဲ့ကြောင်း၊ ထိုမှစတေ၍ ဖြဟ္မာဘုံတွင် စံနေပြီးမှ ဘုရားပရိနိဗ္ဗာန်ပြုပြီး အနှစ်တစ်ထောင်ခြောက်ရာသုံးဆယ်လွန်သောအခါ အရိမဒ္ဒနပူရ(ပုဂံ) ပြည်တွင် မင်းဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးခဲ့ကြောင်းပင်ဖြစ်၏။ ထိုမင်းကြီး အရှင်ဂြိတြိဘုဝနာဒိတျဓမ္မရာဇ(ကျန်စစ်သား)သည် ဘုရားရှင်ထံမှ ဗျာဒိတ်ရမင်းဖြစ်ကြောင်း တရားသော မင်းဖြစ်ကြောင်းကို -

> ရဟန်းပုဏ္ဏားသုခမိန်သူတော်ကောင်းဖြစ်ကြသော လူအပေါင်းတို့သိကြကုန်လော့။ ဤမင်းသည်သာလျှင် ဘုရားအမှန်ဖြစ်လတ္တံ့သော ဘုရားရှင်၏ဗျာဒိတ်ရသော တရားမင်းတည်း။ ခပ်သိမ်းသော လူအပေါင်းတို့သည် သံသယမရှိကြကုန်လင့်။

ဟူ၍ ရေထိုးထားသည်။ ဤကျောက်စာအရသထုံမြို့ဟောင်းတွင် အေဒီ ၁၀၉၈ ခုနှစ်(သထုံကို ပုဂံက သိမ်းပိုက်ပြီး အနှစ် ၄၀ ကျော်)အထိ လူနေမှုရှိသေးကြောင်း သိရသည်။ သထုံရာဇဝင်တွင် (၇၁)နှစ်ကြာသောအခါ သထုံ၌အုပ်စိုးသူမရှိတော့ဘဲ လွင်တီးခေါင်ဖြစ်ခဲ့သည်ဟုဆို၏။ ဇမ္ဗူဒီပဦးဆောင်းကျမ်းတွင်လည်း သထုံမှရဟန်တော်များသည် ဘုရားဆံတော်၊ ဓါတ်တော်၊ မွေတော်တို့ကို ယူဆောင်ပြီး ဒလမြို့စားထံပေးအပ်သည်။ လဒမြို့စား(အနော်ရထာ၏ အမတ်)က ဆံတော်၊ ဓါတ်တော်၊ မွေတော်တို့ကို ဌာပနာ၍ ဒလနယ်လေးရပ်တွင် စေတီကြီးလေးဆူတည်ခဲ့သည်ဟု တွေ့ရပါသည်။ ယင်းအထောက်အထားများအရ ဆက်စပ်ကြည့်လျှင် သထုံမင်းနေပြည်တော်ကြီး ပျက်စီးသွားသည့် နောက် ကျန်ရှိနေသော မြို့သူမြို့သားတို့သည် မိမိတို့ဒေသကိုစွန့်ခွာပြီး ဒလနယ်ဆီသို့ ရွှေပြောင်းနေထိုင်ကြမည်ဟု ခန့်မှန်းရပါသည်။ သထုံမြို့ပျက်သည့်အချိန်တွင် မြို့၏ကာကွယ်ရေးစနစ်၊ ရေကျုံးများနှင့်တကွ ပင်လယ်ရေလမ်းထွက် ပေါက်မှာလည်း ပျက်စီးသွားခဲ့ပေမည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရာ ဆိပ်ကမ်းမြို့တစ်မြို့လည်း မဟုတ်နိုင်တော့ပေ။ လူဦးရေလည်း တစ်စတစ်စနည်းပါးလာပြီး ပဲခူးနှင့် ဒလမြို့နယ်များတွင်သာ လူနေများပြားလာဖွယ်ရှိပါသည်။ ပုဂံခေတ် တစ်လျှောက်လုံးမှာ ပဲခူးနှင့် ဒလ(တွံတေး)တို့တွင် ဆိပ်ကမ်းမြို့ ဖြစ်လာကာ စည်ကားလာခဲ့သည်။ နောင်အခါတွင် ဆိပ်ကမ်းမြို့ဖြစ်လာသည်။ သထုံကား ရွာသိမ်ရွာငယ်ကလေးမျှသာ ဖြစ်လျှက်ကျန်ရစ်တော့သည်။ ခရစ်နှစ် ၁၃






သထုံကျောက်စာရုံ၊ ကျောက်စာတိုင်နှင့် ရုပ်တုများ










သထုံကျောက်စာရုံ၊ ကျောက်စာတိုင်နှင့် ရုပ်တုများ



ရာစုနှစ်မှစ၍ ထူထောင်ခဲ့သော မုတ္တမ ၃၂ မြို့နယ်တွင် သထုံသည် ကော့(ဂေါ့)မြို့နယ်အတွင်းမှ ရွာတစ်ရွာမျှသာဖြစ်ခဲ့ပါသည်။ (မုတ္တမရာဇဝင်၊ စာ-၄၄)။

**ရုပ်ပွားဆင်းတုတော်များ**

ရွှေစာရံဘုရားဝင်းအတွင်းရှိ ကျောက်စာရုံ၌ ရပ်တော်မူကျောက်ဆစ်ရုပ်ပွားတော်တစ်ဆူနှင့် ထိုင်တော်မူနှစ်ဆူရှိပါသည်။ ရပ်တော်မူကျောက်ဆစ်ရုပ်ပွားတော်သည် ကျောက်ပြားတွင် ဖောင်းကြွပုံထုဆစ်ထားပြီး ဉာဏ်တော်လေးပေ၊ ဗျက်နှစ်ပေအရွယ်ခန့်ရှိသည်။ အဘယမုဒြာနှင့် ဝရဒမုဒြာဟန်နှစ်မျိုးပါရှိသည်။ ပုခုံးနှစ်ဖက်တို့အထက်၌ ဟင်္သာတစ်ရုပ်စီပါရှိ၏။ မျက်နှာတော်အချိုးအစားကျနစ်၍ သပ္ပါယ်သည့်အသွင်ရှိသည်။ သင်္ကန်းတော်ပါးပါးဝတ်ရုံထား၍ ဂုပ္ပတနှင့် ပါလသေနခေတ်ဟန်မျိုးရှိသော်လည်း သင်းပိုင်(ခါးဝတ်တော်) ဆင်မြန်းပုံမှာ အစောပိုင်းခေတ်လက်ရာမျိုး မဟုတ်ဟု ပညာရှင်တို့သတ်မှတ်သည်။ (**Tin Hla Thaw**)

ကျောက်ဆင်းတုထိုင်တော်မူတစ်ဆူသည် ဦးခေါင်းတော်တွင် မကိုဋ်သရဖူဆောင်းလျက် နားတွင် နားပန်ကို ဆင်ယင်ထားသည်။ ဉာဏ်တော်သုံးပေခန့်ကျောက်ပြားတွင် ဖောင်းကြွပုံထုဆစ်ထားခြင်းဖြစ်သည်။ ဘူမိဖဿမုဒြာဟန် မြင်တွေ့နေကျပုံစံမျိုးဖြစ်၍ ကိုယ်လုံးတော်ပြည့်ဖြိုးပြီး၊ ရင်အုပ်ကျယ်သည်။ ခါးသိမ်သည်။ ပုဂံခေတ်သို့မဟုတ် မုတ္တမခေတ်အစောပိုင်းလက်ရာဖြစ်မည်ဟု ခန့်မှန်းရပါသည်။ သထုံပျက်ပြီးနောက် မုတ္တမခေတ်၌လည်း သထုံမှရှေးဟောင်း ဘုရား၊ စေတီများကို ထပ်မံပြုပြင်ခဲ့ကြပြီး ရုပ်ပွားတော်များ ထုလုပ်လှူဒါန်းဟန်တူပါသည်။

ကျောက်ဆစ်ထိုင်တော်မူရုပ်တုမှာ ဉာဏ်တော်နှစ်ပေခွဲခန့်ရှိသည်။ မျက်နှာတော်မှာ နှုတ်ခမ်းထူထဲလက်မွန်- ခမာအသွင်ဆောင်သည်။ ဘူမိဖဿမုဒြာဖြင့် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူပုံဖြစ်သည်။ အထက်တွင်ဖော်ပြသော ရုပ် ပွားတော်နှင့် ခေတ်ပြိုင်တစ်ဆူဖြစ်နိုင်ပါသည်။

အဘယမုဒြာဖြင့် ကြေးသွန်းဒီပင်္ကာမြတ်စွာဘုရားပုံတော်တစ်ဆူကို ၁၉၃၄ ခုနှစ်က ကျောက်စာဝန်ဦးမြကွင်း ဆင်းခဲ့စဉ် တွေ့ရှိကြောင်း ၎င်း၏အစီရင်ခံစာ၌ ဖော်ပြထားပါသည်။ ဤရုပ်ပွားတော်၏ထူးခြားချက်မှာ အစိမ်းရောင် သတ္တုရည်(စဥ့်)တစ်မျိုး သုတ်လိမ်းထားသည်ဟု သိရပါသည်။ သထုံမြို့ ရန်အောင်တိုက်၊ သဒ္ဓမ္မဇောတိကကျောင်း ဆရာတော်ဦးအာဒိစ္စဝံသ ကိုးကွယ်ထားစဉ်တွေ့ရသည်ဟုဆို၏။ ၁၉၁၀ ခုနှစ်လောက်က လမ်းဖောက်စဉ် ရေမြောင်း တူးသည့်အခါ ထွက်ပေါ်လာပြီး ပေါက်ချွန်းဒဏ်သင့်၍ သုံးပိုင်းကျိုးပဲ့ပျက်စီးသွားသော်လည်း ပြန်လည်ဆက်စပ်ပြီး ကိုးကွယ်ထားသည်ဟု ဆိုပါသည်။ ရုပ်ပွားတော်အသွင်သဏ္ဌာန်မှာ ညာလက်တော်ကို ပင့်တင်ထားပြီး အဘယမုဒြာ (ဘေးမဲ့)ဟန်ရှိသည်။ ဘယ်လက်တော်သည် သင်္ကန်းစကို ဆုပ်ကိုင်လျက်ထားသည်။ ညာလက်ချောင်းများနှင့် လက်မတို့ကို စုလျက်မထားဘဲ၊ လက်မကိုဘေးသို့ ခပ်ကားကားဖြန့်ထားသည်။ ဤရုပ်တော်နှစ်ဆူနှင့် တစ်ထေရာတည်း တူညီသော အရွယ်တူရုပ်ပွားတော်တစ်ဆူကို ၂၀၀၅ ခုနှစ်၊ မေလ(၁၅)ရက်နေ့တွင် ရန်ကုန်တိုင်းတံတေးမြို့နယ် တံခွန်တိုင်ကျေးရွာမှ ဦးလှအုန်း၏ နေအိမ်ရှေ့တွင် အခြားရုပ်ပွားတော်နှစ်ဆူနှင့်အတူ တူးဖော်တွေ့ရှိခဲ့သည်။ ၎င်းရုပ်ပွား တော်မှာ ဉာဏ်တော် ၁၅ လက်မ (၄၅ စင်တီမီတာ) အရွယ်ရှိပါသည်။ အိန္ဒိယနိုင်ငံ၊ ဂုပ္ပခေတ်လက်ရာဖြစ်ကြောင်း ပညာရှင်တို့ ခန့်မှန်းသောကြောင့် ခရစ်နှစ်နှစ် ၄ ရာစုမှ ၇ ရာစုအထိ ရှေးကျမည့် အထောက်အထားပင်ဖြစ်သည်။

ရွှေပြားပေါ်တွင် ဆုပေးဟန်ဖောင်းကြွခပ်နှိပ်ထားသော ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကိုလည်း သထုံမြို့ သမီးတော် ကုန်းအနီးမှ (၁၉၆၀-ခုနှစ်လောက်)တွင် တူးဖော်ရရှိခဲ့ဖူးကြောင်း သိရပါသည်။ ပထမရွှေပြားရုပ်ပွားတော်သည် ခန္ဓာကိုယ်ပြည့်ဖြိုးတုတ်ခိုင်သည့်အသွင်ရှိပြီး မျက်နှာတော်ခပ်ဝိုင်းဝိုင်းမှာ ပြုံတော်မူဟန်ရှိသည်။ ဦးခေါင်းထက်၌ ပိန္နဲဆူးသဏ္ဌာန်ဆံတော်၏အထက်မှ ရောင်လျှံတော်(ဥဏ္ဏီသျှ)ပါရှိသည်။ လည်ရစ်တော်သုံးဆင့်ထင်ရှားရှိသည်။ သင်္ကန်း တော်ကိုဂုပ္ပတခေတ်အသွင် ခပ်ပါးပါးဝတ်ရုံလျက် သင်းပိုင်ဝတ်ဆင်ပုံမျိုးပင်ဖြစ်သည်။ ညာဖက်လက်တော်မှာဘေးသို့

တွဲလောင်းချထားပြီး လက်ဝါးကို အပြင်သို့ ထုတ်ထားလျက် ဝရဒမုဒြာဟန်ရှိသည်။ ဘယ်လက်တော်မှာ တတောင်ဆစ်မှ အထက်သို့ကွေး၍ လက်ဖျားပုခုံးသို့ ထိကပ်ချထားသည်။

ဒုတိယရွှေပြားတော်သည် ခန္ဓာကိုယ်အရွယ်တော်ခန့်ရှိပြီး မျက်နှာသွယ်သည်။ ဦးခေါင်းမှာ ခရုပတ်အခွေအလိပ်သဏ္ဍာန်မျိုးရှိသည်။ ညာလက်တော်သည် အထက်သို့ကွေးလျက် အဘယမုဒြာဟန်ရှိပြီး ဘယ်လက်တော်ကို ဘေးသိုချထားလျက် လက်ဝါးကိုအပြင်သို့ထုတ်ပြီး ဝရဒမုဒြာဟန်ရှိသည်။ သင်္ကန်းတောဝန်ရုံပုံမှာ ပထမရွှေပြားရုပ်ပွားတော်နှင့်အသွင်တူပါသည်။ ဂုပ္ပတခေတ်လက်ရာများဟု ယူဆရသဖြင့် ဤရွှေပြားရုပ်ပွားတော်တို့မှာ ခရစ်နှစ် ၅ ရာစုနှစ်ထက်ပို၍ မစောနိုင်ကြောင်း အကဲဖြတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံဖက်တွင်မူ



အိန္ဒိယနိုင်ငံတော်ပိုင်း လက်ရာဟန်ဖြစ်သော အမရဝတီဗုဒ္ဓရုပ်ပွားတော်ကို တွေ့ရသည်။ ထို့ကြောင့် ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားတော်များအထောက်အထားကိုမူတည် စဉ်းစားလျှင် သထုံ(သုဓမ္မဝတီ)ထက်၊ ထိုင်း(ဒွါရဝတီ)ကပို၍စောမည်ဟုလည်းကောင်း၊ သထုံသည်ဒွါရဝတီလောက်ရှေးကျဟန်မတူဟုလည်းကောင်း အကဲဖြတ်ခဲ့ကြပါသည်။

အမရဝတီခေတ် အနုပညာလက်ရာများကို အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်း အင်ဒရာဒေသ၊ အမရဝတီမြို့တွင်တွေ့နိုင်ပါသည်။ ခရစ်နှစ် ၃ ရာစုနှစ်မှ၊ ၅ ရာစုနှစ်အထိ ရှေးကျသောလက်ရာပင်ဖြစ်၏။ ငှင်းနှင့်နီးကပ်လျှက်ရှိသော သိဟိုဠ်(သီရိလင်္ကာ)တို့လည်း ဤယာဉ်ကျေးမှု ပြန့်နှံ့ရောက်ရှိခဲ့ကြောင်းသိရသော်လည်း မြန်မာနိုင်ငံတွင် အမရဝတီခေတ်လက်ရာကို မတွေ့ရသေးဟုဆိုပါသည်။

အမရဝတီရုပ်ပွားတော်သည် ဥာဏ်တော်(၁၁)လက်မအရွယ်ရှိသည်။ မတ်ရပ်ကြေး(ပဉ္စလောဟာ)ဆင်းတုမျိုး ဖြစ်ပါသည်။ ထိုရုပ်ပွားတော်များ၏ ညာဘက်လက်တော်မှာ အဘယ သို့မဟုတ် ဝိတက္ကမုဒြာဟန်မျိုးရှိပြီး ဘယ်လက်တော်မှာ စီဝရဟတ္ထ (သင်္ကန်းစကိုကိုင်ထား)ဟန်မျိုး ဖြစ်ပါသည်။ သင်္ကန်တော်ကို ပခုံးနှစ်ဖက်စလုံးဖုံးလျှက်ဖြစ်စေ၊ ညာပခုံးတစ်ဖက်လုပ်ထားလျက် ဖြစ်စေ ဝတ်ရုံပါသည်။ ဂုပ္ပတဆင်းတုကဲ့သို့ သင်္ကန်တော်ပါးပါးမဟုတ်ပေ။ သင်္ကန်းဝတ်ရုံထူထူထဲထဲရှိပါသည်။ ဤရုပ်ပွားတော်များ၏ သင်္ကန်းထူးခြားချက်မှာ ခေါက်ရိုးအစင်းကြောင်းများကို သေသပ်စွာ ပုံဖော်ထားပြီး၊ အစင်းကြောင်းအရေအတွက်မှာလည်း ၂၀ မှ ၃၀ အထိ အတွန့်အခေါက်များ တွဲလဲကျဆင်းနေ ပါသည်။ ဤကဲ့သို့ သင်္ကန်တော်ဆင်မြန်းထားပုံမှာ မြေထဲပင်လယ်ဒေသမှ ခေါမ၊ ရောမတိုင်းသားတို့ ကိုယ်ရုံကို ဝတ်ဆင်ပုံအတိုင်း အတုယူထားခြင်းဖြစ်သည်။ အိန္ဒိယမြောက်ပိုင်းတွင် ထွန်းကားခဲ့သော မထုရာ(Mathura)ဒေသလက်ရာလို အိန္ဒိယအရှေ့တောင်ပိုင်း အမရဝတီ(A maravati)တွင် ထွန်းကားခဲ့သော အနုပညာလက်ရာဟန် ဖြစ်ကြောင်းသိရပါသည်။

အရှေ့တောင်အာရှဒေသတွင် အမရဝတီခေတ် ကြေးဆင်းတုများကို ထိုင်းနိုင်ငံအနောက်တောင်ပိုင်း ဒွါရဝတီခေတ်မြို့ဟောင်း နကွန်းပထုမ် (Nakonpathom)နှင့် ပွန်တုတ် (Pong Tuk)တို့တွင်လည်းကောင်း၊ အရှေ့မြောက်ပိုင်း ကိုရတ် (Korat)မှလည်းကောင်း၊ အာနန်၊ ပြင်သစ်အင်ဒိုချိုင်းနား(ဗီယက်နမ်တောင်ပိုင်း)အောက်ကဲအို(Oc-eo) မြို့ဟောင်းမှလည်းကောင်း တွေ့ရသည်ဟု သိရပါသည်။

မြန်မာနိုင်ငံတွင် ယခင်ကတွေ့ခဲ့ခြင်းမရှိသေးသော အထက်ပါ အမရဝတီခေတ်လက်ယာဟန် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို သထုံမြို့နန်းတော်ရာဘုန်းတော်ကြီးကျောင်းတွင် ပူဇော်ထားလျက်ရှိပါသည်။ ယခု ၄င်းနန်းတော်ရာကျောင်း ဆရာတော်ဦးအဂ္ဂဝံသက ထိန်းသိမ်းစောင့်ရှောက်ထားလျှက်ရှိပြီး မူလကမွန်ပြည်နယ် ကျိုက်မရောမြို့နယ်မှ တူးဖော်တွေ့ရှိရသည်ဟုသိရပါသည်။ ဤကြေးသွန်း ဆင်းတုတော်မှာ ဉာဏ်တော် ၁၁ လက်မ အရွယ်အစားပင်ဖြစ်သည်။ သင်္ကန်းတော်မှာ ညာပခုံးကိုလုပ်ထားပြီး အတွန့်အခေါက် အစင်းစင်းသုံးဆယ်မျှတွဲလျားကျဆင်းနေပုံရှိသည်။ ဘယ်လက်တော်က သင်္ကန်းစကိုဆုပ်ကိုင်လျှက် စီဝရဟတ္ထမုဒြာဟန်မှာ မူရင်းအတိုင်းဖြစ်သော်လည်း ညာလက်တော်မှာမူ တွဲလောင်းကျလျှက် ဝရဒမုဒြာဟန်အဖြစ် အသစ်ပြုပြင်ထားကြောင်း သိရ၏။ မူလအတိုင်းဆို လျှင် ၄င်းညာလက်မုဒြာသည် တံတောင်ဆစ်မှအထက်သို့ကွေး၍ လက်ဝါးကိုထောင်ကာ အပြင်သို့ထုတ်ထားသော အဘယမုဒြာဟန်ဖြစ်ဖွယ်ရှိ၏။ ရုပ်တော်မူဟန်သည် ကိုယ်ကိုနွဲ့၍ ဘယ်သို့အနည်းငယ်ကိုင်းပြီး ခါးကိုတစ်ဆစ်ချိုးထားလျှက်ရှိသည်။ ဦးခေါင်းတော်တွင် သီရိလင်္ကာရုပ်ပွားတော်များကဲ့သို ကြာဖူးသဏ္ဍာန် အထွဋ်ပါရှိသည်။ အရှေ့တောင်အာရှဒေသမှ တွေ့ရပြီးသမျှ အမရဝတီရုပ်ပွားတော်များအတိုင်း အစစတူညီနေပြီး သီဟိုဠ်(သီရိလင်္ကာ)မူရင်း၊ အမရဝတီရုပ်ပွားတော်နှင့် ပို၍နီးစပ်စွာ တူညီမှုရှိသည်။ သို့ဖြစ်၍ သထုံ၊ နန်းတော်ရာကျောင်း တိုက်မှ အမရဝတီလက်ရာဗုဒ္ဓရုပ်ပွားတော်သည် သထုံဒေသတွင်သာမက၊ မြန်မာနိုင်ငံတစ်ခုလုံးတွင်ပါ ရှေးအကျဆုံးရုပ်ပွား တော်တစ်ဆူဖြစ်ကြောင်း တွေ့ရပါသည်။



*သထုံမှ တွေ့ရသော အုတ်ခွက်ရုပ်ပွားတော်အချို့*

**အုတ်ခွက်ရုပ်ပွားတော်များ**

အန္ဒိယနိုင်ငံ၊ ဗီဟာနယ်၊ ဗုဒ္ဓဂါယာဒေသတွင် ထွန်းကားခဲ့သော ပါလနှင့်သေနခေတ် (၈-၁၁ -ရာစုနှစ်) လက်ရာဖြစ်အုတ်ခွက်ရုပ်ပွားတော်များကို မြန်မာနိုင်ငံသရေခေတ္တရာမြို့ဟောင်းနှင့် ပုဂံမြို့ဟောင်းတို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ဒွါရဝတီခေတ် မြို့ဟောင်းများတွင်လည်းကောင်း တွေ့ရလေ့ရှိကြောင်း သိရပါသည်။ ပုဂံခေတ်တွင် ၄င်းအုတ်ခွက်မျိုးထင်ရှားသော နမူနာတစ်ခုမှာ အနိရုဒ္ဓဒေဝ(အနော်ရထာ)မင်းအမည် ပါရှိသောပုံစံမျိုးပင်ဖြစ်သည်။ မျက်နှာဘက်တွင် ဗုဒ္ဓဂါယာ ဝတ်ကျောင်းကြီးအတွင်း၌ ဘူမိဖဿမုဒြာအဖြစ် ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူပုံပါရှိပြီး၊ ဗောဓိပင်နှင့်ရွှေပုလ္လင်အောင်တော်မူပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဤပုံကိုပင် ဗုဒ္ဓဝင်ရုစ်ခန်းသရုပ်ဖော်ပုံအုတ်ခွက်၏ အလယ်ဗဟိုချက်၌ ဖူးတွေ့နိုင်ပါသေးသည်။ အနိရုဒ္ဓဒေဝမင်းကြီးကိုယ်တိုင် မိမိလက်တော်ဖြင့် ဤဘုရားကို သွန်းလုပ်တော်မူကြောင်း ကမ္ပည်းစာကို နောက်ကျောဘက်တွင် ရေးထိုးထားသဖြင့် ပုဂံခေတ်အနော်ရထာအုတ်ခွတ်များဟု ခေါ်တွင်လျက်ရှိ၏။ မြန်မာနိုင်ငံအထက်ပိုင်းကသာမှ အောက်ပိုင်းမြိတ်မြို့အထိ ပုဂံခေတ်အနော်ရထာ အုတ်ခွက်အမျိုးအစားကိုတွေ့ရ၏။ တွံတေးနယ်၊ မောင်ဒီဘုရားတွင် အနော်ရထာအမည်ဖြင့် ဤအုတ်ခွက်မျိုးကိုတွေ့ရဖြင့် အောက်မြန်မာနိုင်ငံ တွံတေးဒေသအထိ အနော်ရထာရောက်ခဲ့မည်ဟု ယူဆသည်။ ထိုအုတ်ခွက်မျိုးကို သထုံတွင် မတွေ့ရဘူးသေးပေ။ ၂၀၀၂ ခုနှစ်တွင် ဘီးလင်းမြို့နယ်၊ အယက်သမ္မာ၊ ကျိုက်သလန်းစေတီကို ဘုရားဂေါပကအဖွဲ့က မွမ်းမံပြုပြင်သည့် အခါ ထိုစေတီ၏အနောက်ဘက် မြေထိန်းတံတိုင်းကို ပြုပြင်စဉ် အနိရုဒ္ဓဒေဝ(အနော်ရထာ)အမည် ရေးထိုးထားသော အုတ်ခွက်ကိုတွေ့ရကြောင်းသိရပါသည်။

သထုံမြို့ဟောင်းတွင်လည်း ရေးဟောင်းအုတ်ခွက်ရုပ်ပွားတော်များ မကြာခဏ တွေ့ရှိခဲ့ရဖူးပါသည်။ သထုံမြို့ သိမ်ကုန်းရပ်ကွက်မှ ယခုအမှတ်(၂)အထက ကျောင်းဝန်းနှင့် အမှတ်(၁)အလက ကျောင်းဝန်းအတွင်း မြေတူးသည့်အခါ မျိုး၌လည်းကောင်း၊ မိုးတွင်းကာလရေတိုက်စား၍လည်းကောင်း တွေ့ရကြောင်း သိရှိရပါသည်။ ၁၉၇၀ ပြည့်လွန်နှစ်များက အမှတ်(၂) အထက ကျောင်းဝင်းအတွင်း အိမ်သာကျင်းအတွက် မြေတူးစဉ် အရေအတွက်တစ်ထောင်နီးပါးမျှ တူးဖော်တွေ့ရှိခဲ့ဖူးပါသည်။ အကောင်းပကတိ ဖူးတွေ့ရသော ရုပ်ပွားတော်တို့ကို ကြည်ညိုသူ ဒါယိကာများက မိမိတို့အိမ်၌ ပူဇော်ရန် ပင့်ဆောင်သွားကြကြောင်း အချို့ကို ရွှေစာရံဘုရားပြတိုက်(သုဝဏ္ဏဘူမိပြတိုက်) သို့ ပို့ပေးလှူဒါန်းခဲ့ကြောင်း၊ ကျန်သော တစ်ပိုင်းကျိုးပုံတော်များကို ကျောင်းအုပ်ဆရာမကြီးက သိမ်းဆည်းခဲ့ပြီး နောက်ကာလကြာသည့်အခါ အခြားကျောင်းအုပ်များလက်ထက်တွင် မထိန်းသိမ်းနိုင်တော့ပဲ ကျောင်းအနီးရန်အောင်မြင်စေတီဝင်းအတွင်း၌ စွန့်ပစ်ခဲ့ကြောင်း သိရပါသည်။

ဤခရီးထွက်အဖွဲ့ရောက်ရှိစဉ် (၂၄-၁-၂၀၀၉)ရက်နေ့ အထက(၂)နှင့် တစ်ဆက်တည်းရှိသော မြောက်ဘက်ကုန်းမြင့်ပေါ်မှ အလက(၁)ကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်ရန် မြေတူး၍ ပေါ်ထွက်လာသည့် အုတ်ခွက်ရုပ်ပွား(၄)ဆူကို မှတ်တမ်းတင်ခဲ့ရပါသည်။ ထိုကျောင်းဝင်းအတွင်း ကစားကွင်းမြေကွက်လပ်တွင် အချင်းနှစ်မီတာခန့် အဝိုင်းပုံ ဂဝံအုတ်စီအုတ်ရိုးတစ်ခုကိုလည်း မှတ်တမ်းတင်ခဲ့သည်။ ဂဝံကျောက်နီညိုရောင်းအဆင်းနှင့် ရေးဟောင်းအဆောက်အအုံ အုတ်ဘိနပ်များဟု ယူဆရသော မြေပြင်ကိုလည်း ကျောင်းဝင်း၏မြောက်ဘက်ပိုင်းမှ တွေ့ရပါသည်။ ကျောင်းဆရာမတို့၏ ပြောပြချက်အရ မိုးတွင်းအခါ ကျောင်းဝင်းမြေပြင်မှ ရေစီးကြောင်းများတွင် အုတ်ခွက်ငယ်များ ထွက်ပေါ်လေ့ရှိပြီး ကျောင်းသားများတွေ့ရသည်ဟု ဆိုပါသည်။

သထုံမြို့ဟောင်းကို ကွင်းဆင်းသူများအနက်မှ ၁၈၉၂ ခုနှစ်တွင် ရောက်ရှိခဲ့သူ မေဂျာအာရ်စီတင်ပယ်၏ အစီရင်ခံစာတွင် ရွှေစာရံဘုရား၏ အရှေ့ဘက် (ယခု အထက(၂)နှင့် အလက(၁)နေရာ)တွင် စေတီဟောင်းအပျက်အစီးများကို မိမိတွေ့ခဲ့ကြောင်း ဖော်ပြပါသည်။ သို့ဖြစ်၍ သထုံမြို့ဟောင်းတွင် ယခင်စေတီဟောင်းအပျက်အစီးသည် ခေတ်သစ်သထုံမြို့ကြီးအောက်တွင် နစ်မြုပ်နေဆဲရှိမည်ဟု မျှော်လင့်ရပါသည်။ ယခုခရီးထွက်ကာလအတွင်းမှပင် စေတီဟောင်းများကို ဘင်လှိုင်ရပ်ကွက်မှတစ်ဆူ၊ အောက်ကျင်းရပ်ကွက်မှတစ်ဆူ မှတ်တမ်းတင်ရသည်။

စေတီတစ်ဆူ၏ အောက်ခြေဘိနပ်တော်ဟု ယူဆရသော အုတ်ရိုးတစ်ပိုင်းကိုလည်း ဘင်ဘိုင်ရပ်ကွက် ဝါးတန်းလမ်း၊ ဝါးတောကျောင်းအနီး အိမ်တစ်ဆောင်၏ရှေ့မြေကွက်လပ်တွင် တွေ့ရှိပြီး မှတ်တမ်းတင်ခဲ့ပါသည်။

သထုံမြို့ဟောင်းမှတွေ့ရသော အုတ်ခွက်ရုပ်ပွားများသည် ထိုမြို့မပျက်စီးမီက ဘာသာရေးအဆောက်အအုံဟောင်း(စေတီ)၏ ဌာပနာပစ္စည်းများဖြစ်ပါသည်။ စေတီဟောင်းအကြွင်းအကျန်အုတ်ချပ်များသည် သထုံမြို့ရိုးနှင့် ခေတ်ပြိုင်လက်ရေးစင်အုတ်ချပ်များဖြစ်ကြောင်းကိုလည်း တွေ့ရပါသည်။ အုတ်ခွက်များ၏ ပုံသဏ္ဌာန်နှင့်အနုပညာလက်ရာတို့မှာ သရေခေတ္တရာ၊ ဒွါရဝတီနှင့် ပုဂံမြို့ဟောင်းအုတ်ခွက်များနှင့် ဆင်တူပုံစံမျိုးပင်ဖြစ်သည်။ ထိုအုတ်ခွက်များကို ဗောဓိပင်နှင့်ရွှေပလ္လင် အောင်တော်မူခန်း(ဗုဒ္ဓဝင်တစ်ခန်း) အပြင်၊ ဗုဒ္ဓဝင်ရှစ်ခန်းသရုပ်ဖော်ပုံမျိုးကိုလည်း တွေ့ရပါသည်။ အခြားပုံစံတစ်မျိုးမှာ ခြေချထိုင်တော်မူပုံဖြစ်ပြီး လက်တော်မှာဓမ္မစက္ကမုဒြာဟန် သို့မဟုတ် ဝိတက္ကမုဒြာဟန်ရှိပါသည်။ အုတ်ခွက်တို့၏ အရွယ်အစားများမတူ၊ ကွဲပြားခြားနားမှုများရှိပါသည်။ အသေးစားနှစ်လက်မအရွယ်မှ အကြီးစားလေးလက်မခန့် အရွယ်အထိတွေ့ရသည်။ သထုံမြို့ (သုဓမ္မဝတီ၊ သုဓမ္မပူရ) ထွန်းကားစဉ်အခါက ဗုဒ္ဓဘာသာယဉ်ကျေးမှု အထောက်အထားများဖြစ်သောကြောင့်လည်းကောင်း၊ ယင်းအထောက်အထားမှ တစ်ဆင့် ဘာသာရေးအဆောက်အအုံ(စေတီ)များ မြို့ဟောင်းအတွင်း အနှံ့အပြားတည်နေပုံကို သိရသောကြောင့်လည်းကောင်း၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အခါ အထောက်အပံ့ဖြစ်စေနိုင်မည်ဟု ယူဆပါသည်။

## ရှေးဟောင်း ငွေဒင်္ဂါးပြားများ

ကုန်သွယ်ဆိပ်ကမ်းမြို့ အထောက်အထား ငွေဒင်္ဂါးပြားများကို သထုံမှမှတ်တမ်းတင်ခဲ့ခြင်းမရှိသေးပေ။ ၂၀၀၂ ခုနှစ်က သမိုင်းသုတေသနကွင်းဆင်းအဖွဲ့သည် သထုံမြို့ တောင်ဘက် ဂေါ့(ကော့)ရွာ လေသာကျောင်းဆရာတော် သိမ်းဆည်းထားသော ရှေးဟောင်းငွေဒင်္ဂါးပြားကို တွေ့ခဲ့ရသည်။ ကျပ်ပြားအရွယ် ခရုသင်းပုံတစ်ဖက်၊ သီရိဝစ္ဆပုံတစ်ဖက် ပါသည့် အမျိုးအစားဖြစ်ပါသည်။ ကျိုက္ကသာမြို့ဟောင်း တူးဖော်မှု (၁၉၈၆)ခုနှစ်တွင် ဤဒင်္ဂါးမျိုးအရေအတွက် တစ်ထောင်ကျော် တွေ့ခဲ့ကြောင်း သိရှိရပါသည်။ (ကိုကို၊ ၁၉၈၇၊ စာ ၂၃-၂၅)။ ယခုကော့လေသာကျောင်းဝင်း အတွင်း စေတီဟောင်းပြုပြင်ရန် မြေတူးစဉ်တွေ့ရသော ဒင်္ဂါးပြားအရေအတွက် ဆယ်ပြားခန့်တွေ့ရသည်ဟု ဆိုပါသည်။ မုတ္တမကွေ့ ပင်လယ်ကမ်းရိုးတမ်းတစ်လျှောက်တွင် ဤဒင်္ဂါးအမျိုးအစားကို စစ်တောင်း၊ ကျိုက္ကသာ၊ ဝင်းက၊ သထုံ၊ ကော့ခပုံ(မုဒုံ) ကော့ဟဗင်(မုဒုံ)စသော ဒေသများတွင် တွေ့ရသေးကြောင်း သိရှိရသဖြင့် သထုံဒေသမှ ကုန်ဖလှယ်ရောင်းဝယ်မှု အထောက်အထား အဖြစ်လည်းကောင်း၊ ပျူခေတ်နှင့်ခေတ်ပြိုင် ရှေးမြို့ဟောင်းခေတ်တစ်ခေတ်ထွန်းကားခဲ့ပုံကိုလည်းကောင်း ခန့်မှန်းရာ၌ အထောက်အပံ့ဖြစ်စေနိုင်ပါသည်။



*သထုံမြို့ ဂေါ့လေသာကျောင်းမှ ရှေးဟောင်းငွေဒင်္ဂါးများ*

## ရောင်စုံ ကျောက်ပုတီးစေ့များ

ဒင်္ဂါးပြားကဲ့သို့ပင် မြန်မာနိုင်ငံသမိုင်းမတင်မီခေတ် ကုန်သွယ်ရေးလုပ်ငန်းသုံး၊ ကုန်ဖလှယ်ပစ္စည်းတစ်မျိုးမှာ ရောင်စုံကျောက်ပုတီးစေ့များပင် ဖြစ်ကြပါသည်။ ရောင်စုံကျောက်ပတီးစေ့များသည် ရွှေ၊ ငွေ စသော အဖိုးတန်ပုတီး



စေ့များလောက် တန်ဖိုးမကြီးသော်လည်း ကုန်ဖလှယ်ရောင်းဝယ်ရာ၌ ငွေကြေးအစား အသုံးပြုနိုင်ပါသည်။ မဟူရာကျောက် (agate)၊ သလင်းကျောက်(quartz)စသော ကျောက်မာများကို သဘာဝအတိုင်းဖြစ်စေ၊ လိုသောအရောင်ကို ဆေးဆိုး၍ဖြစ်စေ ကျောက်သွေးအနုပညာဖြင့် ပုံဖော်ပြီး အပေါက်ဖောက်ထားသော လက်ဝတ်ရတနာတစ်မျိုးပင်ဖြစ်သည်။ ကျောက်ခေတ်သစ်ကာလမှစ၍ ကြေးခေတ်နှင့် သံခေတ်ဦးကာလအထိ ရှေးလူမျိုးတို့ အသုံးပြုခဲ့ကြသဖြင့် မြန်မာနိုင်ငံတွင် တောင်သမန်၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသော ရှေးဟောင်းနေရာများမှ တူးဖော် တွေ့ရှိခဲ့ပါသည်။ အောက်မြန်မာနိုင်ငံ သထုံဒေသတွင် ကျိုက္ကသာ၊ စမွါယ်နဂိုရ်(မော်ဘီ)၊ ဝင်းက (ဘီးလင်း)နှင့် သထုံအနီးဆင်ဖြူကျွန်းတို့ ရောင်စုံကျောက်ပုတီးစေ့များ စုဆောင်းရရှိခဲ့ဖူးပါသည်။ မြေပြင်တွေ့အထောက်အထားများဖြစ်သော်လည်း ၄င်းတို့တွေ့ရှိရာ မြေပြင်တွင် ကျောက်ခေတ်သစ်မှ ကြေးခေတ်နှင့် သံခေတ်ဦးကာလအထိ လူနေမှု အထောက်အထားများ တွေ့နိုင်သေးကြောင်း ခန့်မှန်းရပါသည်။

## ကျောက်ကြိတ်ဆုံ

ကျောက်ကြိတ်ဆုံ (Saddle Quern) နှင့် ၄င်းနှင့်တွဲဖက်လျက်ရှိသော ဒလိမ့်(Muller)တို့သည် အိန္ဒိယနိုင်ငံရှေးမြို့ဟောင်းခေတ် အထောက်အထားတစ်မျိုးပင်ဖြစ်ပါသည်။ ထိုင်းနိုင်ငံ ဒွါရဝတီမြို့ဟောင်းများ၌လည်း တူးဖော်တွေ့ရှိရကြောင်း သိရပါသည်။ သထုံဒေသ ကျိုက္ကသာမြို့ဟောင်းမှ ကြိတ်ဆုံနှင့် ဒလိမ့်တုံးများကို ၂၀၀၀ ပြည့်နှစ် ကွင်းဆင်းခရီးတွင် တွေ့ခဲ့ရပါသည်။ (စံဝင်း ၂၀၀၄၊ စာ ၂၀၂ ပုံ၊ ၁၄-ခ၊ ဂ၊ ၁၅ က၊ ခ၊ ဂ) ယခုကွင်းဆင်းခရီးတွင် သထုံအနီး ကတိုက်ကြီးမြို့ဟောင်းမှ ကြိတ်ဆုံတစ်ခုကို မှတ်တမ်းတင်ရပါသည်။ ၎င်းပစ္စည်းကို မြို့ဟောင်းအလယ်ပိုင်းမှ မြေတူးစဉ်တွေ့ရသည်ဟု စုံစမ်းသိရှိရပါသည်။



ကျိုက္ကသာ(မလော့ချောင် ဦးစံဝင်းအိမ်၌ရှိသည်)



ကတိုက်ကြီး (ဘုန်းကြီးကျောင်း၌ရှိသည်)

## မြေထည်ပစ္စည်း (အိုးကွဲ)များ

မြေထည်ပစ္စည်း၊ အိုး၊ အင်၊ ခွက်၊ ယောက်များသည် ရှေးခေတ်လူတို့ နေ့စဉ်သုံးဝတ္တုပစ္စည်းများ ဖြစ်၍ အမြောက်အများတွေ့နိုင်ပြီး ခေတ်ကိုခွဲခြားသတ်မှတ်ရာ၌ အသုံးဝင်ပါသည်။ ယခုကွင်းဆင်းခရီးစဉ်တွင် သထုံမြို့တွင် ဘင်လှိုင်ရပ်ကွက်မှ အိုးကွဲစ နမူနာအချို့ကောက်ယူခဲ့သည်။ အနီရောင်အိုးသားပေါ်တွင် အစင်းကြောင်းများခြစ်ထားပုံမှာ သရေခေတ္တရာအိုးများနှင့် ဆင်တူပါသည်။ ဆင်ဖြူကျွန်းရွာမှ စုဆောင်းခဲ့သော အိုးကွဲမှာ အနီရောင်း ပြောင်ချော အိုးမျိုးဖြစ်သည်။ အိုးသားဆွေးမြေ့မှု အခြေအနေအရ ရှေးကျမည်ဟု ယူဆရသည်။

မရမ်းကုန်းရွာ ဘူတင်းချောင်မှ အိုးငယ်နှစ်လုံး(အကွဲပိုင်းများ)ကို စုဆောင်းရရှိခဲ့ပါသည်။ အိမ်တိုင်ကျင်းတူးစဉ် မြေအောက်တစ်ပေအနက်မှ တွေ့ရကြောင်း သိရ၏။ အိုးအကြီး(အမြင့် ၄ လက်မ)၏ ဘေးသားတွင် မျဉ်းအဖြောင့်ပေါ် ထောင်လိုက်မျဉ်းတို သုံးချောင်း အခြေတစ်ခုတည်းမှ နေစွယ်ကဲ့သို့ ဖြာထွက်နေပုံကိုတွေ့ရသည်။ အလယ်မျဉ်းကြောင်းတွင် အတက်ကလေးတစ်ခုပါရှိသည်။ အိုးငယ်(အမြင့် ၃ လက်မ)၏ အခြေအောက်ဘက်တွင်လည်း အလားတူတံဆိပ်အမှတ်အသားကို ရေးခြယ်ထားသည်။ အိုးသားမာကြော၍ ပြောင်ချောဖြစ်ပြီး အညိုရောင်ရှိသည်။ အိုးများကို မကြာခဏတူးဖော်ရရှိခဲ့သော်လည်း ရိုက်ခွဲ၍ စွန့်ပစ်ခဲ့ကြသည်ဟု စုံစမ်းသိရှိရပါသည်။


သထုံ၊ဘင်လှိုင်ရပ် အိုးကွဲများ


မရမ်းကုန်း၊ ဘူတင်းချောင် အိုးကွဲများ

## ကျောက်ချောလက်နက်ပစ္စည်းများ

ကျောက်ချောခေတ်နှင့် ကျောက်ခေတ်သစ်(Neolithic)ကာလသည် လွန်ခဲ့သော အနှစ်တစ်သောင်းမှ လေးထောင်ခန့်အထိ ရှေးကျမည်ဟု ခန့်မှန်းရ၏။ မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းမှာ ဆား၊ ငါး၊ သားရဲတိရစ္ဆာန်ငယ်များ ရှာဖွေရယူနိုင်သဖြင့် ကျောက်ခေတ်သစ်လူနေမှုရှိခဲ့ပါသည်။ ယင်းလူနေမှုအထောက်အထားသက်သေအဖြစ် မိုးကြိုးသွားဟုခေါ်သော ကျောက်ချောခေတ်လက်နက်ကိရိယာများကို မြေပေါ်မှာပင် တွေ့ရလေ့ရှိ၏။ ကျိုက္ကသာ၊ ဝင်းကအစရှိသော မြို့ဟောင်းနေရာများတွင် ကျောက်မိုးကြိုးသွားများ တွေ့ဖူးပါသည်။ (စံဝင်း၊ ၂၀၀၄၊ စာ၊ ၂၀၂၊ ပုံ၊ ၁၄ က)။ ယခုကွင်းဆင်းအဖွဲ့ မရမ်းကုန်းရွာသို့ ရောက်ရှိစဉ် ရွာသားများ ကောက်ယူစုဆောင်းထားသော ကျောက်လက်နတ်ကိရိယာ ၄ ခုကို စုဆောင်းရရှိခဲ့ပါသည်။ ၎င်းတို့အနက် အလျားတစ်ပေကျော်အရှည်ရှိသော ကျောက်နက်နက်မှာ အသွားတစ်ဖက်ကို ပဲကွပ်၊ တံစည်းကဲ့သို့ အချောသွေးထားသည့် ကိရိယာတစ်မျိုးဖြစ်သည်။ ကျန်သော သုံးခုတို့မှာ အမင်းမပါသော ပုဆိန်သွား သို့မဟုတ် ဆောက်သွားလက်နက်ငယ်များ ဖြစ်ကြပါသည်။ ဤကျောက်လက်နက်များတွေ့ရသော နေရာမှာ လွန်ခဲ့သော(၁၀)နှစ်ခန့်က တူးမြောင်းတစ်ခု ဖောက်လုပ်ခဲ့ပြီး ထိုတူးမြောင်းကမ်းပါးနှစ်ဖက်တွင် မိုးတွင်းအခါကျောက်လက်နက်နှင့် အိုးခြမ်းကွဲများ ပေါ်ထွက်လာသည်ဟုဆိုပါသည်။ ရွာသားဦးသိန်းလွင်ဆိုသူသည် ၎င်း ကျောက်လက်နက်များကို သမိုင်းအထောက်အထားများဖြစ်ကြောင်း နားလည်သူဖြစ်၍ နှစ်စဉ်နှစ်တိုင်း ကောက်ယူသိမ်းဆည်းထားခဲ့သည်။ ၂၀၀၅ခုနှစ်တွင် သမိုင်းသုတေသနကွင်းဆင်းအဖွဲ့ မရမ်းကုန်းသို့ရောက်လာစဉ်




ကျောက်လက်နက် ကိရိယာမျိုးစုံ (၁၃၇)ခုကို ပေးအပ်ခဲ့သည်။ ၎င်းပစ္စည်းများကို သမိုင်းသုတေသနဦးစီးဌာနတွင် သိမ်းဆည်းထားလျက် ရှိပါသည်။

**လက်ရေးစင်းအမှတ်အသားပါ မြေအုတ်ချပ်များ**

ဂဝံအုတ်ချပ်များနှင့်အတူ ပူးတွဲ၍ မြေမီးဖုတ်အုတ်ချပ်များကို သထုံမြို့ရိုးများ၊ အဆောက်အအုံကုန်းပောင်းများမှ တွေ့ရသည့်အနက် လက်ရေးစင်းအမှတ်အသားပါသည့် အုတ်ချပ်(အကျိုးပိုင်း)များအား မှတ်တမ်းတင်ရသည်။ သထုံမြို့ဟောင်းအနောက်ပိုင်း၊ နန်းခဲရပ်ကွက်၊ ကွက်သစ်ပိုင်းနေ မြေတူးလုပ်သား ဦးကုလား(ခေါ်)ဦးမျိုးလွင်သည် ၎င်းကွက်သစ်ပိုင်း တမီလ်ကာလီမယ်တော်ဘုရားကျောင်းဝင်းအတွက် ရေကန်(အဌား)တူးဖော်စဉ် မြောက်အောက်ခြောက်ပေခန့်အနက်မှ အုတ်ရိုးတန်းတစ်ပိုင်းကို တူးဖော်တွေ့ရှိခဲ့ကြောင်း၊ အုတ်ရိုးအကျယ် ငါးပေခန့်၊ အုတ်လွှာသုံးလွှာခန့် တူးဖော်ခဲ့ရကြောင်း စုံစမ်းသိရှိရပါသည်။ ၎င်းအုတ်ရိုးမှ အုတ်ချပ်အကျိုးအပိုင်းအချို့ကို မိမိနေအိမ်ရှေ့တွင် လမ်းခင်းရန် သယ်ယူခဲ့သည်ခဲ့သည်ဆို၏။ ၎င်းအုတ်ကျိုးပိုင်းများမှ လက်ရေးစင်းအမှတ်အသားပါသော အုတ်ပိုင်းလေးခုကို နမူနာကောက်ယူသည့်အခါ -

(၁) အလျား(အကျိုး) ၇ $\frac{၁}{၂}$ လက်မ (၁၉ စင်တီမီတာ) × အနံ ၈ $\frac{၁}{၂}$ လက်မ (၂၁·၅ စင်တီမီတာ) × အထူ ၃ လက်မ ( ၇·၅ စင်တီမီတာ) ဘေးစောင်းလက်စင်း ၂ စင်း၊ ၃ စင်း ။

(၂) အလျား(အကျိုး) ၆ $\frac{၁}{၂}$ လက်မ (၁၉ စင်တီမီတာ) × အနံ ၈·၇ လက်မ (၂၂ စင်တီမီတာ) × အထူ ၃ လက်မ ( ၇·၅ စင်တီမီတာ) ဘေးစောင်းလက်စင်း ၃ စင်း၊ ၃ စင်း ။



လက်ရွေးစင်းအုတ်(ကတိုက်ကလေး)




လက်ရွေးစင်းအုတ်(ဘီးလင်းကုသိနာရုံ)
ဓါတ်ပုံ - ဦးမျိုးတင့်ကြည်




လက်ရွေးစင်းအုတ်(မြသလွန်၊ မြသပိတ်တောင်)




လက်ရွေးစင်းအုတ်(ကော့ကဒွတ်၊ခင်လေးဖြူခြံ)




[ စံဝင်း (၁၉၆၈) မှ ကူးယူဖော်ပြသည် ]

(၃) အလျား(အကျိုး) ၇ $\frac{၁}{၂}$ လက်မ (၁၉ စင်တီမီတာ) × အနံ ၇ $\frac{၁}{၂}$ လက်မ (၁၉ စင်တီမီတာ) × အထူ ၂ $\frac{၁}{၂}$ လက်မ ( ၇ စင်တီမီတာ) ဘေးစောင်းလက်စင်း ၃ စင်း၊ ၃ စင်း ။

(၄) အလျား(အကျိုး) ၆.၁ လက်မ (၁၆ စင်တီမီတာ) × အနံ ၈ $\frac{၁}{၂}$ လက်မ (၂၁.၅ စင်တီမီတာ) × အထူ ၃ လက်မ ( ၇.၅ စင်တီမီတာ) ဘေးစောင်းလက်စင်း ၂ စင်း၊ ၃ စင်း ။

တွေ့ရပါသည်။ အကျိုးအပိုင်းများဖြစ်၍ ပကတိအလျားကို မသိရသော်လည်း ၁၈ လက်မ (၄၄ စင်တမီတာ) အရွယ်အစားရှိပါမည်။ ၄င်းနမူနာ အုတ်ပြားလေးပြားကို ဘင်လှိုင်းရပ်ကွက် ရယက ဥက္ကဋ္ဌ ဦးသန်းအောင်ထံ အပ်နှံ ထားပါသည်။

## သထုံအနီးပတ်ဝန်းကျင်မှ မြို့ဟောင်းနေရာများ

သထုံမြို့ အနီးပတ်ဝန်းကျင်တွင် တွေ့ရှိရသောရှေးမြို့ဟောင်းများကို ခေတ်နှစ်ခေတ်ခွဲခြားနိုင်ပါသည်။ မုတ္တမ ခေတ် (ပုဂံလွန်ကာလ) မြို့ဟောင်းများနှင့် သထုံခေတ် (ပုဂံမတိုင်မီကာလ) မြို့ဟောင်းများဖြစ်ကြသည်။ ပထမ အုပ်စုမြို့ဟောင်းများသည် ခရစ် ၁၃ရာစုနှစ်က ထူထောင်ခဲ့သော မုတ္တမမြို့ဟောင်း၏ အရံစောင့်ခံတပ်မြို့များပင်ဖြစ်ကြ၍ အရွယ်အစားမှာလည်း မုတ္တမမြို့ဟောင်းလောက်ပင် ကြီးကျယ်ခြင်းမရှိပေ။ ယခု သထုံခရိုင်အတွင်းမှ စစ်တောင်း၊ ကျိုက္ကသာ(နောက်ပိုင်းခေတ်)၊ တိုက်ကုလား၊ ဒုံဝန်း၊ ရင်းအုံ၊ တုံတမိ၊ ဘင်လှိုင်၊ မြိုင်၊ ဈေးမသွယ်၊ အိဝဲ၊ အိဗျစ်၊ ကော့၊ ရင်းငြိမ်မြို့ဟောင်းများပင် ဖြစ်ကြ၏။ မုတ္တမ ၃၂ မြို့စာရင်းဝင် မြို့ဟောင်းများဖြစ်ကြပါသည်။

ဒုတိယ အုပ်စုမြို့ဟောင်းများသည် မုတ္တမ ၃၂ မြို့ခေတ်ထက်စောပြီး ပျူခေတ်နှင့်ခေတ်ပြိုင်၊ သထုံခေတ် မြို့ဟောင်းများဖြစ်ကြပါသည်။ သထုံခရိုင်အတွင်းမှ ကျိုက္ကသာ(အစောပိုင်း)၊ ကေလာသတောင်ခြေရင်းမှ ဝင်းက၊ ဇုတ်သုတ်၊ ဘီးလင်းမြစ်အနီးမှ ကတိုက်ကလေး၊ ကတိုက်ကြီး၊ မရမ်းကုန်း စသောမြို့ဟောင်းများဖြစ်ကြ၏။ ၄င်းတို့ ရှေးကျကြောင်း အထောက်အထားကို လက်ရေးစင်းအုတ်ချပ်တွေ့ရှိမှုအရ ဆုံးဖြတ်ရခြင်းဖြစ်ပါသည်။

မြို့တည်ပုံစံစနစ်မှာလည်း မုတ္တမခေတ်မြို့ဟောင်းများနှင်မတူပဲ မြို့ရိုးနှင့်ကျုံးထပ်များများတည်ထားသည်။ ဥပမာ ကျိုက္ကသာမြို့ဟောင်းနှင့် ဇုတ်သုတ်မြို့ဟောင်းတို့သည် မြို့ရိုး (၇)ထပ်၊ ကျုံး (၇)ထပ်မျှရှိပါသည်။ မြို့တည်ပုံစံစနစ်မှာ အလယ်တွင်မြင်းမိုရ်တောင်သဏ္ဍာန် ကုန်းမြေမြင့်တစ်ခုတည်ထားပြီး၊ ၄င်းကိုနံဘေးမှ မြို့ရိုးနှင့်ကျုံး (၇)ထပ်စီရံနေ သည်။ ၄င်းဗဟိုမဏ္ဍိုင်ကုန်းအား အရပ်လေးမျက်နှာမှ ကုန်းလေးခု၊ (ကျွန်းကြီးလေးကျွန်း) ရံထားသည်။ ဤပုံသဏ္ဍာန်မှာ အိန္ဒိယနိုင်ငံ ဟိန္ဒူဗြဟ္မဏနှင့် ဗုဒ္ဓဘာသာဝင်တို့ လက်ခံယုံကြည်ထားခဲ့ကြသော လေးကျွန်း၊ တစ်မြင့်မိုရ်စကြာဝဠာ တည်ပုံအတိုင်း တည်ထားခြင်းဖြစ်ပါသည်။

ဟိန္ဒူဗြဟ္မဏကျမ်းစာများဖြစ်ကြသော ဝေဒကျမ်း၊ ဥပနိသျှကျမ်း စသည်တို့တွင် ၄င်းစကြာဝဠာတည်ဟန် အကြောင်းကို တွေ့ရပါသည်။ ဗုဒ္ဓကျမ်းစာများအတိုင်း မြန်မာတို့လိုက်နာခဲ့ကြသော စကြာဝဠာဆိုင်ရာ အယူအဆ မှာလည်း ၄င်းဟိန္ဒူဗြဟ္မဏစကြာဝဠာ တည်ဟန်အတိုင်းပင် ဖြစ်သည်ဟုဆို၏။

စကြာဝဠာတည်ဟန်နှင့်ပတ်သတ်၍ မြန်မာတို့ယုံကြည်မှုမှာ စကြာဝဠာဟုခေါ်သော ကမ္ဘာပေါင်းမရေတွက် နိုင်အောင်ရှိပြီး ၄င်းတို့တစ်ခုနှင့် တစ်ခုကြားတွင် ငရဲဘုံတို့ခြားနားထားသည်။ ကျွန်ုပ်တို့နေသော စကြာဝဠာကမ္ဘာ၏ အလယ်တွင် နတ်ဒေဝါတို့နေရာ မြင်းမိုရ်တောင်ရှိသည်။ နေသည် ထိုတောင်ကို လှည့်ပတ်လျက်သွားနေ၏။ ဗဟိုတူစက်ဝန်းများသဏ္ဍာန် တောင်တန်းကြီးခုနစ်ထပ်တို့သည် ကမ္ဘာကြီးကို ဝိုင်းရံထား၏။ မြစ်ကြီးခုနစ်တန်တို့က လည်း တောင်တန်းများအကြားတွင် ခြားထားလျက်ရှိ၏။ ဤတောင်တန်းနှင့်မြစ်ကြီးတို့အပြင်ဘက်၌ အဆောင် အယောင်အဖြစ် သစ်ပင်ကြီးတစ်ပင်စီပေါက်နေသော ကျွန်းကြီးလေးကျွန်းနှင့် ၄င်းတို့တည်နေသည့် မဟာသမုဒ္ဒရာကြီး ရှိပါသည်။ ၄င်းကျွန်းကြီးလေးကျွန်းတို့မှာ မြောက်အရပ်မှ ဥတ္တရကုရုကျွန်း၊ တောင်အရပ်မှ ဇမ္ဗူဒီပကျွန်း၊ အရှေ့အရပ်မှ ပြုဗ္ဗာဝိဒေဟကျွန်းနှင့် အနောက်အရပ်မှ အပရဂေါယာနကျွန်းတို့ ဖြစ်ကြ၏။ ထိုကျွန်းကြီးတစ်ကျွန်းစီတွင် ကျွန်းငယ်ပေါင်း

(၅၀၀)စီ ရံနေကြသည်။ ကျွန်းကြီးများ၏ ပုံသဏ္ဍာန်တို့မှာလည်း မတူကြပေ။ မြောက်ကျွန်းသည် လေးထောင့်ပုံ၊ တောင်ကျွန်းသည် မုန်ကူကွက်ပုံ၊ အရှေ့ကျွန်းသည် စက်ဝိုင်းခြမ်းပုံနှင့် အနောက်ကျွန်းသည် အဝိုင်းပုံရှိသည်ဟု ဆိုပါသည်။

ဤကဲ့သို့ ကမ္ဘာလောကကြီးတည်ဟန်ကို မှန်နန်းရာဇဝင်တော်ကြီးတွင် အောက်ပါအတိုင်းဖော်ပြထားသည်။

ထိုသူ(ဗြဟ္မာ)တို့၏ ဘုန်းကြောင့်လည်းကောင်း၊ ဖြစ်မြဲသော ဓမ္မတာအားဖြင့်လည်းကောင်း၊ အတွင်းကားရွှေ၊ အပကားဖန်အတိပြီးသော အချင်းယူဇနာငါးဆယ်၊ အဝန်းယူဇနာ တစ်ရာ့ငါးဆယ်ရှိသော ဘာဏုရာဇာ မည်သော ရောင်ခြည်တစ်ထောင်ဆောင်သောနေမင်းသည် တပေါင်းလပြည့်နေ့ မိန်ရာသီဥ္စနှစ်ဆယ့်ခြောက်လုံး ဥတ္တရာဘရဏီ နက္ခက်ကိုစီးလျက် ဗြဟ္မာဝိဒေဟကျွန်း၏အလယ် ဥဒည်းတောင်ထိပ်မှထွက်လာ၍ အလင်းကို ဖြစ်စေ၏။ ကမ္ဘာဦးသူတို့သည် ကြောက်ခြင်းကင်း၍ ရဲရင့်ခြင်းဖြစ်ကုန်သောကြောင့် သူရိယ ဟုခေါ်ဝေါ်ကုန်၏။ ထိုသို့ပေါ်သော နေမင်းသည် နာရီသုံးဆယ်အခန့်လှည့်၍ ယုဂန္ဓိုရ်တောင် ကွယ်ခဲ့သော်အမိုက်အတိဖြစ်၍ ကမ္ဘာဦးသူတို့သည် တစ်ခုသောအလင်းကို ရစေသတည်းဟု တောင်းတကုန်သည်ရှိသော် အတွင်းကား ပတ္တမြား၊ အပကား ငွေဖြင့်ပြီးသော အချင်းလေးဆယ့်ကိုးယူဇနာ၊ အဝန်း တစ်ရာ့လေးဆယ့်ခုနစ် ယူဇနာရှိသော ချမ်းအေးသော အရောင်ကိုဆောင်သော လမင်းသည် ကန်ရာသီဥ္စ တစ်ဆယ့်နှစ်လုံး ဥတ္တရာဘရဏီ နက္ခက်ကိုစီး၍ နက္ခက်တာရာကြယ်ပေါင်းခြံလျက် အရှေ့မျက်နှာမှ ထွက်လာသည်ရှိသော် ကမ္ဘာဦးသူတို့သည် ဝမ်းမြောက်ဝမ်းသာ ရွှင်မြူးစွာဖြစ်ကုန်၏။ ငါတို့ အလိုဆန္ဒ အတိုင်းရပေသည်ဟူ၍ ဆန္ဒဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြကုန်၏။ ဤသို့ နေ၊ လတို့သည် ထင်ရှားစွာဖြင့် သည့်နေ့ပင်လျှင် မြင်းမိုရ်သတ္တရဗ္ဘန် သီဒါ သမုဒ္ဒရာလေးစင်း၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင် ဟိမဝန္တာတော၊ မြစ်ကြီး၊ စကြာဝဠာတောင်တို့သည် ဓမ္မတာအားဖြင့် မရှေးမနှောင်း တပေါင်းလပြည့်နေ၌ တစ်ပြိုင်နက်ဖြစ်ကုန်၏။ ထိုနေ့မှစ၍ နေ၊ လ နှစ်ခုတို့သည် ထင်ရှားစွာဖြစ်ကုန်၏။

ကမ္ဘာဦးသူတို့ဘုန်းကံကြောင့် နေ လ ပေါ်လာပြီးသည့်နောက် အိမ်ယာဆောက်၍ နေကြသည်။ မိမိတို့ အုပ်ချုပ်သူအဖြစ် နေမင်း၏အနွယ်တော်ကို တင်မြှောက်ကြသည်။ ထိုအခါ ဇမ္ဗူဒီပါကျွန်းသူအပေါင်းတို့သည် မဟာသမ္မတမင်းကိုမှီ၍ အသက်မွေးကြကုန်သည်။ မဟာသမ္မတမင်းကလည်း

ခိုးသေးထားပြ အစရှိသော ပုန်သူကန်တို့ မနှောက်ယှက်နိုင်အောင် မြို့ ပြ၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်လျှောက် အစရှိသော မြို့၏အင်္ဂါခုနစ်ပါး၊ မြို့၏အစာလေးပါးနှင့် ပြည့်စုံသော မလ္လတိုင်း၊ ကုသဝတီပြည်ကို တည်ထောင်မူ၏။

မဟာသမ္မတမင်း၏ အစဉ်အဆက် ၂၈ ပါးသောမင်းတို့စိုးစံကြ၏။ ထိုမင်းတို့မှ ဥပေါသထမင်း၏ သားတော် မန္ဓတ်မင်းသည် ကျွန်းငယ်နှစ်ထောင်အရံရှိသော ကျွန်းကြီးလေးကျွန်း၌ စကြာဝတေးမင်းစည်းစိမ်ကို ခံစားရသည်။ ထိုမလ္လတိုင်း ကုသဝတီပြည်၌ မင်းပေါင်းတစ်ရာအဆုံး မရိန္ဒမမင်း၏သားမြေး၊ မြစ်တို့က အယုဇ္ဈယျပူရပြည်၊ ဗာရာဏသီပြည်၊ ကပ္ပလပြည်၊ ဟတိပုရပြည်၊ ကေစက္ကပြည်၊ ဝဇီရမုတ္တပြည်၊ မဒုရပြည်၊ အရိန္ဒပူရပြည်၊ ဣန္ဒပတ္တပြည်၊ ကောသမ္ဗီပြည်၊ စမ္ပပြည်၊ မိထိလာပြည်၊ ရာဇဂြိုလ်ပြည်၊ တက္ကသိုလ်ပြည်၊ ကုသိနာရုံပြည်စသည့်ဖြင့် အစဉ်အဆက် တည်ထောင်ကြပြီးနောက် ဩက္ကကရာဇ်မင်းကြီး၏ သားတော်၊ သမီးတော်တို့သည် ကပိလဝတ်ပြည်ကို တည်ထောင်ကြသည်ဟုဆို၏။ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးသားတော်သည် ဘုရားလောင်းသိဒ္ဓတကုမာရဖြစ်၍ မဟာသမ္မတမင်းမှ ဘုရားလောင်းသိဒ္ဓတ်မင်းတိုင်၊ သုံးသိန်းသုံးသောင်းလေးထောင့်ငါးရာခြောက်ကျိပ်ကိုးယောက် သောမင်းတို့သည် မင်းနေပြည်တော်နှစ်ဆယ့်တစ်ပြည်ကို တည်ခဲ့သည်ဟု ဆိုပါသည်။ ထိုမင်းအဆက်ဆက်တို့သည် စကြာဝဠာကို စိုးမိုးသူများ ဖြစ်ကြ၍ စကြဝတေးမင်း၊ မန္ဓတ်မင်းဟု အမည်တွင်ခဲ့ပါသည်။ ၄င်းမင်းတို့တည်ထောင်သော မြို့နန်းများကိုလည်း စကြာဝဠာတည်ဟန် အတိုင်းတည်ခဲ့ကြသည်ဟု ဆိုပါသည်။

အိန္ဒိယမှ မြို့တည်နန်းတည်ဓလေ့ မြန်မာနိုင်ငံသို့ပြန့်နှံ့ရောက်ရှိလာပုံကိုလည်း ဤသို့တွေ့ရပါသည်။ ကပိ

လဝတ်၊ ဒေဝဟနှင့် ကောလိယသုံးပြည်ထောင်မှ သကျသာကီဝင်မင်းတို့သည် ပဉ္စာလရာဇ်မင်းတို့နှင့် စစ်ကြီးများဖြစ်ကြရာ သာကီဝင်မင်းတို့ရှုံးသည်။ ထိုအခါ ကပိလဝတ်ပြည်မှ အဘိရာဇာမင်းသည် ဘီစီ ၁၀၀ ခန့်၌ မိမိဗိုလ်ခြေအလုံးအရင်းကိုယူ၍ မဇ္ဈိမဒေသမှထွက်ခွာခဲ့ပြီး သင်္ကဿရဋ္ဌအမည်ရှိသော တကောင်းပြည်ကြီးကို တည်ထောင်သည်ဟုဆို၏။ မဟာသက္ကရာဇ် ၈၈ ခုနှစ် (ဘီစီ ၆၀၄) တွင် သက်ဿနဂိုရ်ပြည်မင်းကြီးသားတော်၊ သမီးတော်သာကိယမင်းသည် မှူးမတ်ဗိုလ်ပါအပေါင်းနှင့်တကွ မဇ္ဈိမဒေသမှခွဲထွက်၍ အစဥ်သဖြင့် သလ္လာဝတီမြစ်ကိုကူး၍ တစ်ဖန် ရောဝတီမြစ်ကို ကူးပြန်၍ သင်းတွဲမည်သော သံသယမြို့ကြီးကို တည်ထောင်သည်ဟု မဏိရတနာပုံကျမ်း၌ တွေ့ရပါသည်။ တစ်ဖန် မဇ္ဈိမဒေသတွင် ဂေါတမမြတ်စွာဘုရားပွင့်တော်မူစဉ် သာဝတ္ထိပြည်နှင့် ကပိလဝတ်ပြည် စစ်ဖြစ်ကြပြန်သောအခါ သာကီဝင်မင်းတို့စစ်ရှုံးပြန်လျှင် (ဘီစီ ၆၂၄-၅၄၄)ခုနှစ်အတွင်း ဓဇရာဇာမင်းသည် မိမိအလုံးအရင်းနှင့်အတူ တကောင်းသို့ရောက်လာပြီး ရှေးသကျသာကီဝင်မင်းတို့စံနေရာ သင်္ကဿရဋ္ဌမည်သော တကောင်းပြည်ကြီးကို ပဉ္စာလရာဇ်ပြည်သမုတ်၍ ထီးနန်းမြို့ပြတည်ထောင်သည်ဟု ဆို၏။

မှန်းနန်းရာဇဝင်တော်ကြီးနှင့် မဏိရတနာပုံကျမ်းတို့က ဖော်ပြသောအထက်ပါကောက်နုတ်ချက်များသည် မဇ္ဈိမဒေသမှ အာဒိစ္စဝံသ သာကီဝင်မင်းတို့ရောက်လာ၍ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ အယူဝါဒများနှင့်အတူ မြို့ပြထူထောင်သည့် ဓလေ့လည်းအထက်မြန်မာတကောင်းဒေသသို့ရောက်ရှိလာပုံပင်ဖြစ်ပါသည်။ တကောင်း၌ မြို့နန်းတည်ထောင်သည့်အခါ စကြာဝဠာအယူအဆ အတိုင်းတည်ခဲ့ကြောင်းကိုလည်းတွေ့ရ၏။ တကောင်းရာဇဝင်တွင် ဒုတိယတကောင်းမင်းဆက်မှ သတိုးနဂါးနိုင်မင်း ဖြစ်လာမည့် မောင်ပေါက်ကျိုင်းသည် မိမိဇာတိမလည်မြို့မှ တကောင်းမြို့သို့ ဆန်တက်သွားသည့်အခါ “ ဖြုဗ္ဗဝိဒေဟကျွန်းသို့ရှေးရှု၍ သွားလေ၏ ” ဟူ၍တွေ့ရပါသည်။

ဤတကောင်းရာဇဝင်ဖော်ပြချက်ပါသော ဖြုဗ္ဗဝိဒေဟကျွန်းအမည်သည် စကြာဝဠာတံတိုင်းအတွင်းကျွန်းကြီးလေးကျွန်းရှိသည့်အနက် အရှေ့ကျွန်းကိုရည်ညွှန်းခြင်းဖြစ်၍ တကောင်းမြို့ကိုတည်ထောင်သည့်အခါ ဟိန္ဒူဗြဟ္မဏတို့၏ လေးကျွန်းတစ်မြင်းမိုရ် စကြာဝဠာတည်ပုံအတိုင်း တည်ထားခြင်းဖြစ်ရာ မည်ဟုခန့်မှန်းရ၏။

အောက်မြန်မာနိုင်ငံသထုံဒေသတွင် ဤမြန်မာ့အစဉ်အလာ စကြာဝဠာတည်ဟန်ကို ကောင်းကင်ဓါတ်ပုံမှ တစ်ဆင့် လေ့လာတွေ့ရှိရသော ကျိုက္ကသာမြို့ဟောင်းနှင့် ဇုတ်သုတ်မြို့ဟောင်းတို့တွင် တွေ့နိုင်ပါသည်။ ဇုတ်သုတ်မြို့ဟောင်းရာမှာ အထောက်အထားပို၍ ပေါ်လွင်ထင်ရှားသည်။ ကောင်းကင်ဓါတ်ပုံပေါ်တွင် အတွင်းထပ်မြို့ရိုးများ (၇ထပ်) ရှိသော ဇုတ်သုတ်ရွာကလေးကုန်းသည် နန်းတော်ကုန်းမြင်းမိုရ်နေရာ၌ရှိသည်။ ၄င်းကို မြောက်ဘက်မှ ဇုတ်သုတ်ရွာကြီး၊ တောင်ဘက်ဇွဲဂလာ၊ အရှေ့ဘက်မှ ကော့ကွဲ၊ အနောက်ဘက်မှဇုတ်ဂလိတို့ ဝန်းရံထားပုံကို တွေ့နိုင်ပါသည်။ ဤမြေပြင်အနေအထားသည် စကြာဝဠာတည်ဟန်မူပုံ အတိုင်းပင်ဖြစ်၍ အထူးမှတ်သားဖွယ်ဖြစ်ပါသည်။ ဇုတ်သုတ်နှင့် ကျိုက္ကသာတို့သည် သထုံမြို့ဟောင်းဒေသ အတွင်းမှ ရှေးအကျဆုံးမြို့ဟောင်းများဟု ယူဆရ၏။ ၄င်းမြို့ဟောင်းများ တည်ဆောက်ပုံအတိုင်း သထုံမြို့ကို တည်ထားခဲ့ဟန်လည်းတူ၏။ ယခုသထုံမြို့ဟောင်း၏ မြောက်ဘက်တွင် ဥတ္တရဂုရုသဏ္ဌာန်ဖြင့် လေးထောင့်ပုံရှိသော သမီးတော်ကုန်းကို တွေ့နိုင်ပါသည်။ ၄င်းမြောက်ဘက်မှာပင် မြို့ရိုးအထပ်များ ကြွင်းကျန်လျက်တွေ့ရပုံမှာ လေးကျွန်းတစ်မြင်းမိုရ် စကြာဝလာတည်ဟန်အတိုင်း လိုက်နာဆောင်ရွက်သည်ဟု ယူဆရ၏။

သထုံမြို့တည်ပုံနှင့် ၄င်းအနီး ကတိုက်ကြီးတို့ မြို့တည်ပုံကိုနှိုင်းယှဉ်ကြည့်သင့်ပါသည်။ ကတိုက်ကြီးသည် သထုံမြို့ဟောင်း၏ မူပုံအတိုင်းတည်နေကြောင်း တွေ့နိုင်ပါသည်။ သထုံမြို့၏ မူရင်းပုံစံပင်ဖြစ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် ကတိုက်ကြီး၏ အတွင်းထပ် မြို့ရိုးသုံးထပ်တို့တည်ဆောက်ထားပုံနှင့် သထုံမြို့ဟောင်း၏ အပြင်မြို့ရိုးသုံးထပ်တို့ တည်နေပုံတို့မှာများစွာ ဆင်တူနေသောကြောင့်ဖြစ်ပါသည်။

ကတိုက်ရွာသည် သထုံမြို့နယ်အတွင်း သထုံမှအနောက်မြောက်ဘက် (၇)မိုင်ခန့်အကွာ၌ရှိ၏။ ဘီးလင်းမြစ်ဝကျွန်းပေါ် နန်းတင်မြေနုလွင်ပြင် ပင်လယ်ကမ်းစပ်အနီးတွင်ရှိ၍ အောက်ခံမြေမှာဂဝံကုန်းပြင်မြင့် တစ်ခုဖြစ်၏။ ၄င်းကတိုက်ကြီးကဲ့သို့ပင် အနီးအနား၌ ကတိုက်ကလေးရွာတည်ထားသော ဂဝံကုန်းကိုမြောက်ဘက်၌တွေ့ရပြီး၊ တောင်ဘက်တွင်လည်း ဆိပ်ကျွန်း၊ ကော့ကသဲနှင့် မရမ်းကုန်းရွာများတည်ထားသော ဂဝံကုန်းကို တွေ့ရပါသည်။




*ကတိုက်ကြီးမြို့ဟောင်း  ကောင်းကင်ဓါတ်ပုံ*



*ကတိုက်ကလေးမြို့ဟောင်း  ကောင်းကင်ဓါတ်ပုံ*

ထိုဂဝံကုန်းမြေမြင့်များမှာ ကျောက်ခေတ်သစ်ကာလမှစ၍ လူနေမှုရှိခဲ့ကြောင်း အထောက်အထားများတွေ့ရသည်။ သမိုင်းမတင်မီခေတ်နှောင်းပိုင်းသို့ ရောက်သည့်အခါ အိန္ဒိယတိုင်းရင်းသားတို့၏ ဓလေ့အတိုင်းလိုက်၍ မင်းနေပြည်မြို့များကို တည်ခဲ့ကြောင်း အထောက်အထားများလည်းရှိပါသည်။ မြို့ရိုးဟောင်း၊ ကျုံးဟောင်းနေရာများရှိခြင်း၊ အဆောက်အအုံကုန်းဟောင်းများလည်းရှိခြင်း၊ လက်ရေးစင်းအမှတ်အသားပါ အုတ်ချပ်များ ရှာဖွေတွေ့ရှိရခြင်းစသည်တို့ပင်ဖြစ်ကြ၏။

သထုံရာဇဝင်တွင် ဤဂဝံကုန်းများသည် ဘီးလင်းမြစ်ဝရေကြောင်းအတွင်း ကျရောက်လျက်၊ ရေလယ်ကျွန်းများဖြစ်ခဲ့ဖူးသည် ဟုဆို၏။ သထုံမြို့တော်ကို စွန့်ခွာ၍ မြို့တည်ရန် နေရာသစ်ရှာဖွေသူ ရာဇာဇေနီမင်းသည် ဤကျွန်းစုပေါ်တွင် မရိဿဘူမိ သုဓမ္မာဝတီမြို့ကို ယာယီတည်ထောင်ခဲ့ကြောင်း၊ ထိုနောက် ကေလာသတောင်ခြေရင်းရွှေလောင်းအင်းအနီးတွင် ဟရိသရာဘူမိ သုဓမ္မာဝတီနှင့်တိုက်ကုလားမြို့ဟောင်းအနီးတွင် သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမြို့များကိုထပ်မံရွှေ့ပြောင်းထူထောင်ခဲ့ကြောင်း ဖော်ပြထားပါသည်။ တစ်ဖန်ခရစ်နှစ် ၁၀၅၇ ခုနှစ်တွင် ပုဂံအနော်ရထားမင်းနှင့် သထုံမနူဟာမင်းတို့ စစ်ခင်းကြသည့်အခါ မနူဟာမင်းသည် ဤကတိုက်ကြီး၊ ကတိုက်ကလေး၊ မရမ်းကုန်းနေရာများတွင် ခံတပ်များတည်ခဲ့ပြီး ခုခံကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။ သို့ဖြစ်၍ ဤဂဝံကုန်းများပေါ်မှ မြို့ရိုးဟောင်း၊ ကျုံးဟောင်းနေရာများကို ခရစ်နှစ် ၁၁ ရာစုလောက်က ခံတပ်ကုန်းများဖြစ်မည်ဟု ထင်မြင်ယူဆချက်များရှိပါသည်။ သို့ရာတွင် ကတိုက်ကြီးနှင့်ကတိုက်ကလေးမြို့ကွက်တို့ တည်ထားပုံမှာ ခရစ်နှစ် ၁၁ ရာစုနှစ်ထက် များစွာရှေးကျနိုင်သည်ဟု  ခန့်မှန်းရပါသည်။

ကတိုက်ကလေးနှင့်ကတိုက်ကြီးမြို့ကွက်များသည် သထုံမြို့ဟောင်းမြို့ကွက်နှင့် နှိုင်းယှဉ်လျှင် အလွန်သေးငယ်နေပါသည်။ ကတိုက်ကလေးသည် ၃၅ ဧကခန့်မျှသာရှိ၍ သထုံထက်အဆ (၂၀)မျှငယ်၏။ ကတိုက်ကြီးသည် ၇၀ ဧကခန့်မျှရှိ၍ ဧက ၇၀၀ ခန့်ကျယ်သော သထုံထက် ၁၀ ဆမျှငယ်နေသည်။ ထိုကဲ့သို့သေးငယ်နေခြင်းကပင် ရှေးမြို့ဟောင်းတည်ထားပုံ မြို့တည်ဗိသုကာ ပညာသဘောကို ပို၍ပေါ်လွင်စေ၏။

ကတိုက်ကလေးသည် အလျားရှည်သော ခြေဖဝါးတစ်ဖက်ပုံနှင့်တူသည်။ အရှေ့မြောက်ဘက်သို့ ခြေဦးလှည့်ထား၍ အလယ်အနည်းငယ်သိမ်နေပါသည်။ ထိပ်နှစ်ဖက်မှာလုံးဝန်းသည်။ ကောင်းကင်ဓါတ်ပုံပေါ်တွင် အပြင်မြို့ရိုးသုံးထပ်နှင့်အနောက်တောင်ဘက်တို့မှာ တောင်ကုန်းတစ်ခုစီဖြစ်၍ အလယ်တွင် သိသိသာသာနိမ့်လျော့လျက်ရှိ၏။ အရှေ့မြောက်ဘက် တောင်ကုန်းတွင်လည်း လေးထောင့်မြို့ရိုးတစ်ထပ်ခန့်ပတ်လည်ရံလျက်ရှိနိုင်ပါသေးသည်။ ဤ







*သထုံ ဆင်ဖြူကျွန်းမှ တွေ့ရသော ကျောက်ချောလက်နက်များ*

ကွင်းဆင်းအဖွဲ့ ဆိုက်ရောက်ချိန်တွင် ထိုတောင်ကုန်းပေါ်ရှိ အာဘယရာမဘုန်းကြီးကျောင်းဝန်းအတွင်း ရွှေဘုံသာရင်ပြင်၌ ရှာသွားများလမ်းဖောက်လျှက်ရှိရာ မြေဇာခဲများနှင့်အတူ ရှေးဟောင်းလက်ရေးစင်းအုတ်ချပ်များပေါ်ထွက်လာကြောင်း တွေ့ရပါသည်။ ၎င်းအုပ်ချပ်များတွေ့ရှိမှု အထောက်အထားအရ ကတိုက်ကလေးမြို့ရိုးများသည် ပုဂံအနော်ရထာ ခေတ်ထက်နောက်မကျနိုင်ကြောင်း ခန့်မှန်းရပြီး သုဝဏ္ဏဘူမိခေတ် မြို့ဟောင်းတစ်မြို့ဟု သတ်မှတ်ပါသည်။

ကတိုက်ကြီးသည်လည်း အလျားပုတိုတိုနှင့် ခြေဖဝါးပုံရှိ၏။ ခြေဦးမြောက်ဘက်သို့လှည့်၍ ခြေဖနှောင့်သည် တောင်ဘက်၌ရှိသည်။ အလယ်နေရာမှာ သိသိသာသာသေးသိမ်လျှက် လူ၏ညာဘက်ခြေရာနှင့်ဆင်တူသည်။ ယင်း ခြေပဝါးပုံကုန်း၏အလယ်ဗဟိုကျကျနေရာတွင် မြို့ရိုးသုံးထပ်ကို ထင်ရှားစွာတွေ့နိုင်ပါသည်။ အနောက်ဖက်ခြမ်းက မြို့ရိုးများက ပို၍ထင်ရှားသည်။ အပြင်မြို့ရိုး ရှိနိုင်သေးသော်လည်း အထပ်မည်မျှရှိကြောင်း မခန့်မှန်းနိုင်ပေ။ လူနေအိမ် ချေများကို ကုန်း၏မြောက်ဖျား၊ တောင်ဖျားနှင့် အရှေ့ခြမ်းတို့၌သာတွေ့ရပြီး အနောက်ခြမ်းမှာ လူနေအိမ်ခြေမရှိပေ။ မြို့ကွက်၏မြောက်ပိုင်းတွင် စေတီတစ်ဆူနှင့် ဘုန်းကြီးကျောင်းဝန်းတို့က ကုန်း၏တစ်ဝက်ခန့်နေရာယူထားပြီး ကျန် သော တောင်ဘက်တစ်ပိုင်းမှာ လွင်ပြင်ဖြစ်သည်။ သို့ဖြစ်၍ ကတိုက်ကြီးရွာ မြို့ဟောင်းကုန်းသည် တူးဖော်သုသေသန ပြုရန် အခြေအနေကောင်းသည်ဟု ဆိုနိုင်ပါသည်။ ၎င်းအလယ်မြို့ကွက်မှ လေးထောင့်ပုံ တံတိုင်းသုံးထပ်အကျယ် အဝန်းကို တိုင်းတာသည့်အခါ အနောက်ဘက် အတွင်းထပ်မြို့ရိုးသည် အလျား၊ တောင်၊ မြောက် ပေ ၁၀၀၀ ရှိ၏ တောက်ဘက်မြို့ရိုးသည် ပေ ၅၀၀ ခန့်ရှိကြောင်း သိရသည်။ အတွင်းတံတိုင်းသုံးထပ်နှင့် ကျုံးနှစ်ထပ်တို့အထူသည် ပေ ၂၀၀ ခန့်ရှိသည်။ ထို့ကြောင့် ဗဟိုနန်းတော်ရာကုန်း လေးထောင့်ကွက်၏ ဧရိယာသည် ဧက ၃၀ မျှသာ ရှိပါသည်။

ကတိုက်ကြီးအတွင်း မြို့ကွက် လေးထောင့်ပုံသည် သထုံမြို့ဟောင်း၏ အပြင်မြို့ကွက်ပုံနှင့် နီးနီးစပ်စပ်ဆင် တူနေပါသည်။ အရွယ်အစားချင်း နှိုင်းယှဉ်လျှင် သထုံက ၂၃ ဆမျှ ပို၍ကြီးသည် ၎င်းကတိုက်ကြီးအတွင်းမြို့ကွက် လေးထောင့်ပုံကို အပြင်ဝန်းက ခြေဖဝါးပုံနှင့် ငုံလျှက်တည်ထားပုံ ထူးခြားသည်ဟု ဆိုနိုင်ပါသည်။ ထို့အပြင် ကတိုက် ကြီးမြို့ကွက်တည်နေပုံကို အတုယူ၍ သထုံမြို့ကို တည်မည်ဟု ယူဆရသည်။ သထုံ၏အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက် တောင်ဘက်တို့မှ သဘာဝတောင်တန်းများ ကာဆီးလျှက်ရှိခြင်း အနောက်ဘက်မှကော့သန်ကျွန်း၊ ဆင်ဖြူကျွန်း စသော ကုန်းများဝိုင်းပတ်ထားပုံရှိခြင်းတို့မှာ အတွင်း၌လေးထောင့်ပုံ မြို့ကွက်အား အပြင်ဝန်းက ခြေဖဝါးပုံဖြင့်ငုံထား သည်နှင့် ဆင်တူနေပါသည်။ ထို့ကြောင့် သထုံ(သုဓမ္မပူရ)မြို့တည်စနစ်ကို လေ့လာမည်ဆိုလျှင် ကတိုက်ကြီးကို နမူနာအဖြစ် လေ့လာသင့်ပေသည်။




*သထုံ ဆင်ဖြူကျွန်းမှ တွေ့ရသော ရောင်စုံ ကျောက်ပတီးစေ့များ*

ကတိုက်ကြီးအတွင်းထပ် မြို့ရိုးများမှ အုတ်ချပ်ကိုစစ်ဆေးသည့်အခါ လက်ရေးစင်းအမှတ်အသား ပါရှိကြောင်း တွေ့ရပါသည်။ ထိုအချက်က သထုံခေတ်နှင့် ခေတ်ပြိုင်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ ၎င်းအရှေ့ဘက်မြို့ရိုးတွင် ဂဝံဥမင်လိုဏ်တစ်ခုရှိပါသည်။ လိုင်လမ်းသည် မြို့ရိုးအောက်ခြေတစ်လျှောက် ဖောက်ထားမည်ဟု ခန့်မှန်းရ၏။

ကတိုက်ကြီးအတွင်းထပ် မြို့ကွက်၏ အနောက်မြောက်ထောင့်မှ ပေ ၂၀၀ ခန့်အကွာ ကုန်းပေါ်တွင် (စေတီပောင်း)ကုန်း (၆)ခုကို တစ်စုတည်းတွေ့ရသည်။ အရှေ့နှင့်အနောက် တန်းလျှက် ပထမကုန်းသည် အချင်း ၃၆ ပေ၊ အမြင့် ၆ ပေ၊ ဒုတိယကုန်းသည် အချင်း ၃၂ ပေ၊ အမြင့် ၇ ပေခန့်ရှိသည်။ ၎င်းတို့ ၂ ခုအကြား ပေး ၇၀ ခန့်ကွာပါသည်။ ၎င်းနောက် တတိယကုန်းသည် ကုန်း ၂ ခုဆက်လျှက် အချင်း ၉၃ ပေနှင့် အမြင့် ၉ ပေခန့်စီရှိ၏။ ထို့နောက် စတုတ္ထကုန်းသည် အချင်း ၄၁ ပေ၊ အမြင် ၁၀ ပေခန့်၊ ပဥ္စမကုန်းသည် အချင်း ၄၀ ပေ၊ အမြင့် ၁၀ ပေခန့်ရှိကြ၏။ တစ်ကုန်းနှင့်တစ်ကုန်း ပေး ၄၀ မှ ပေ ၇၀ ခန့်စီကွာဝေးပြီး အတန်းလိုက်တည်နေပါသည်။ စေတီပောင်းကုန်းလား သင်္ချိုင်းလားဆိုသည်ကို မသိရသေးပါ။ ဤကုန်းများကို ရှေးဟောင်းသုတေသနဖြင့် တူဖော်ရလျှင် ကတိုက်ကြီးမြို့ဟောင်း အကြောင်းကိုသာမက သထုံမြို့ဟောင်းသမိုင်းအထောက်အထားများ ရနိုင်မည်ဟု မျှော်လင့်ရပါသည်။


ကတိုက်ကြီးမှ တောင်ဘက်သို့ ဆက်သွားလျှင် လယ်ကွက်ပြင်အကြား၌ ကော့ကသဲကျွန်း၊ ဆိပ်ကျွန်းနှင့် မရမ်းကုန်းတို့ကို တစ်ဆက်တည်းတွေ့နိုင်ပါသည်။ တောင်ဘက်အစွန်းဆုံးမှာ မရမ်းကုန်း၊ မရိုက်သဘုမ်းဟုခေါ်ကြသည်။ ထိုအမည်သည် မရိသဘူမိ သုဓမ္မဝတီအမည်မှ ဆင်းသက်လာသည်ဟုဆို၏ ( သထုံရာဇဝင်၊ စာ ၈၀)။ ကျွန်းငယ်ငါးခုတို့ကိုပေါင်း၍ မြို့တည်သောကြောင့် ပစ္စိုင်ပုံဟု ရှေးကခေါ်သည်ဟုလည်း ဆိုပါသည်။

မရမ်းကုန်းတောင်ပိုင်းတွင် အရှေ့နှင့်အနောက်အလျားရှည်မြို့ကွက်ငယ်တစ်ခုကို တွေ့ရပါသည်။ မြို့ရိုးသုံး

ထပ်ခန့်တွေ့ရ၏။ ယခုမရမ်းကုန်းတွဲဖက်အထက်တန်းကျောင်းကို အတွင်းထပ်မြို့ကွက်၌ တည်ဆောက်ထား၏။ မြို့ကွက်၏ မြောက်ဘက်တွင် အဝိုင်းပုံသဏ္ဌာန် မြေကွက်ငယ်နှစ်ခု အရှေ့နှင့်အနောက် ယှဉ်လျက်တည်နေ၏။ ရွာလမ်းမကြီး၏ အနောက်ဘက်အဝိုင်းပုံတွင် ရွှေမာလာစေတီနှင့် ဘုန်းကြီးကျောင်းတည်ထားသည်။ အရှေ့ဘက်အဝိုင်းပုံအတွင်းမှာ ယခုကျေးရွာဥက္ကဋ္ဌရုံးတည်ထားသည်။ ၎င်းအဝိုင်းပုံနှစ်ခု၏ မြောက်ဘက်ကပ်လျက် လမ်းအနောက်ဘက်မှာ သစ်ပင်၊ ဝါးပင်မပေါက်သောဂဝံကြပ်ကုန်းတစ်ခုရှိသည်။ ၎င်းဂဝံကုန်း၏ မြောက်ဘက်အစွန်း၌ လေးထောင့်ပုံလူနေကုန်းတစ်ခုရှိသည်။ ၎င်းမြောက်ဘက် ဆိပ်ကျွန်းနှင့် ကော့ကသဲကျွန်းတို့တွင်လည်း ရှေးဟောင်းအဆောက်အအုံအကြွင်းအကျန်များ ရှိကြပါသည်။ သို့ဖြစ်၍ ကတိုက်ကလေး၊ ကတိုက်ကြီး၊ ကော့ကသဲ၊ ဆိပ်ကျွန်း၊ မရမ်းကုန်းတို့ကို ရှေးမြို့ဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုအဖြစ် တွေ့ရသည်။ မရမ်းကုန်းရွာ ဦးထွန်းဝင်း၏ခြံမှ အုတ်ကုန်းတွင် သင်ပုန်းကျောက်



*သထုံ မရမ်းကုန်း ဦးထွန်းဝင်း၏ ခြံအုတ်ကုန်းမှရသော သင်ပုန်းကျောက်ပြားပေါ်တွင် ရှေးဟောင်း အက္ခရာ၊ လက်ရေးနှင့် "ယေဓမ္မာဟေတုပ္ပဘဝါ" ဂါထာအစပိုင်းကို ရေထွင်းထားသော ကျောက်စာ*



ငယ်တစ်ခုကို တွေ့ရ၏ အရွယ်အစားမှာ (၄)လက်မခန့်နှင့် အထူ လက်မဝတ်ခန့်ရှိ၏။ မျက်နှာဖက်တွင် စာအရေး အသားပါရှိ၏။ ထိုစာမှာ "ယေဓမ္မာဟေတုပ္ပဘဝါ" ဂါထာအစပိုင်းမျှသာဖြစ်သည်။ ထိုစာလက်ရေးသည် ပုဂံခေတ်မ တိုင်မီ သထုံခေတ်လက်ရေးပင်ဖြစ်၏။

ကွင်းဆင်းအဖွဲ့သည် မရမ်းကုန်းရွှေမာလာစေတီပရဝုဏ်အတွင်းမှ အသစ်မွမ်းမံခြင်းမပြုရသေးသော စေတီ ဟောင်းကုန်း(၁၀)ကုန်းကို မှတ်တမ်းတင်ခဲ့သည်။ လက်ရေးစင်အုတ်ချပ်(၃)ချပ်ကိုလည်း နမူနာကောက်ယူစုဆောင်း ခဲ့ပါသည်။ ရှေးသထုံမြို့ဟောင်းခေတ် စေတီဟောင်းကို ပုဂံလွန်ကလာ မုတ္တမခေတ်တွင် ထပ်မံပြုပြင်ခဲ့သည်ဟု ယူဆရသော ဘုရားဟောင်းနှစ်ဆူကိုလည်း ဆိပ်ကျွန်းရွာအရှေ့ဘက်၌တစ်ဆူ၊ ကတိုက်ကလေးရွာ အဘယရာမဘုန်းကြီး ကျောင်းဝင်း၌တစ်ဆူ တွေ့ရသဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

မရမ်းကုန်းရွာအနောက်ဘက် ဆိပ်ကျွန်းချောင်းရိုးတစ်လျှောက်မှာ ကျောက်ချောခေတ်လက်နက် ကိရိယာ များထွက်ပေါ်လျက်ရှိပါသည်။ ယခင် ၂၀၀၅ ခုနှစ်ကွင်းဆင်းသုတေသနအဖွဲ့က ကျောက်ချောလက်နက်များ၊ ကျောက် ကွင်းနှင့် ကျောက်လက်နက်သွေးကျောက်တုံးများ အရေအတွက် (၁၃၇)ခုကို စုဆောင်းရရှိခဲ့သည်။ ၎င်းမရမ်းကုန်း ကျောက်ခေတ်သစ်လက်နက်ကိရိယာများသည် သထုံဒေသတွင် ကျောက်ခေတ်မှ သံခေတ်ဦးကာလအထိ လူနေမှု တစ်ဆက်တစ်စပ်တည်းရှိခဲ့ကြောင်း သက်သေအထောက်အထားများပင် ဖြစ်ပါသည်။

သထုံအနီးပတ်ဝန်းကျင်မှ ကတိုက်ကလေး၊ ကတိုက်ကြီး၊ မရမ်းကုန်း၊ ဆင်ဖြူကျွန်း စသော မြို့ဟောင်းကုန်း များသည် ပုဂံလွန်ကာလမုတ္တမခေတ်မြို့ဟောင်းကုန်းများ မဟုတ်ကြပေ။ ပုဂံမတိုင်မီက မြန်မာနိုင်ငံ ပျူခေတ်နှင့် ခေတ်ပြိုင်ထွန်းကားခဲ့သော သထုံခေတ်မြို့ဟောင်းငယ်ကလေးများ ဖြစ်ကြပါသည်။

# မြန်မာနိုင်ငံ ပျူမြို့ဟောင်းများနှင့် နှိုင်းယှဉ်ခြင်း

မြန်မာနိုင်ငံတွင် ပျူမြို့ဟောင်းများ ထွန်းကားခဲ့သည်ကို တွေ့နိုင်ပါသည်။ အဝိုင်းပုံ ပျူမြို့တော်ဟောင်းများမှာ မြန်မာနိုင်ငံအလယ်ပိုင်းမှ သရေခေတ္တရာ၊ မိုင်းမော၊ ဝတီး(နွားထိုးကြီး)တို့ဖြစ်ကြ၏။ ထိုမြို့ဟောင်းများကို အဝိုင်းပုံဟု ဆိုရခြင်းမှာ အပြင်မြို့ရိုးပုံသဏ္ဍာန်သည် မျဉ်းဖြောင့်များ မဟုတ်ကြပဲ၊ မျဉ်းကွေးများဖြင့် တည်ဆောက်ထား၍ အဝိုင်း(သို့မဟုတ်) ဘဲဥပုံသဏ္ဍာန်အသွင်ကို ဆောင်လျှက်ရှိခြင်းကြောင့်ဖြစ်၏ ထိုမြို့ရိုးများသည် အပြင်ဝန်းတွင် မြို့ထောင့်များကို မတွေ့ရပေ။ သို့ရာတွင် အတွင်းထပ်၌ လေးထောင့်ပုံသဏ္ဍာန်ရှိသည်ကို သတိပြုရမည်ဖြစ်၏။ ဥပမာ -သရေခေတ္တရာနှင့် မိုင်းမောမြို့ဟောင်းတို့အတွင်းတွင် မြို့လယ်၌ လေးထောင့်ပုံမြို့ကွက်ရှိပါသည်။ ၎င်းကို နန်းတော်ကုန်းဟုခေါ်သည်။ အုပ်ချုပ်ရေးဗဟိုချက်၊ အကြီးအကဲအတွက် သီးသန့်နေရာပင်ဖြစ်၏။ ဟန်လင်းပျူမြို့ဟောင်း၏ အပြင်တံတိုင်းသည် မျဉ်းကွေးများဖြစ်သော်လည်း လေးထောင့်စပ်စပ် ပုံသဏ္ဍာန်ကိုဆောင်၍ အတွင်းထပ်၌ လေးထောင့်ပုံငယ်တစ်ထပ်ရှိသည်။ ဗိဿနိုးမြို့၏ အပြင်တံတိုင်းသည် မျဉ်းကွေးများ မဟုတ်ကြပဲ မျဉ်းဖြောင့်များသာဖြစ်၍ အတွင်းထပ် နန်းတော်ကုန်းမှာ တိကျသော လေးထောင့်ပုံသဏ္ဍာန်ရှိပါသည်။ ထို့ကြောင့် သထုံမြို့ဟောင်း၏ စတုဂံပုံမြို့ကွက်ကို အဝိုင်းပုံမဟုတ်သဖြင့် ရှေးမကျနိုင်ဟု မဆိုသာပေ။ ၎င်းအပြင်တံတိုင်းသည် ပျူမြို့ဟောင်းတစ်ခု ဖြစ်သော ဟန်လင်းမြို့ဟောင်း အပြင်တံတိုင်းကဲ့သို့ ထောင့်များသည် ကွေးပြီး အတွင်းထပ်၌ လေးထောင့်ပုံ တစ်ထပ်ရှိသည့်အတွက် ဟန်လင်းမြို့ဟောင်းနှင့် ပို၍ဆင်တူသည်။

သို့သော် အောက်မြန်မာနိုင်ငံရှိ သထုံမြို့ဟောင်းနှင့်တကွ အခြားမြို့ဟောင်းများတွင် ပျူမြို့ဟောင်းများနှင့်မတူပဲ မြို့ရိုးအထပ်ထပ် တည်ဆောက်ထားမှုမှာ ထူးခြားမှုတစ်ရပ်ဖြစ်သည်။ ကျိုက္ကသာ၏ အတွင်းထပ်မြို့ရိုးမှာ ကိုးထပ်ခန့်ရှိ၍ ဇုတ်သုတ်အတွင်းထပ်မြို့ရိုး ခုနစ်ထပ်ခန့်ရှိပေသည်။ ကတိုက်ကြီး၊ ကော့ထင်း၊ လိပ်ခုံ၊ ကကတစ် စသော မြို့ဟောင်းငယ်များမှာပင် အတွင်းထပ်မြို့ရိုး သုံးထပ်ခန့်ရှိပေသည်။ ဤကဲ့သို့ မြို့ရိုးအခင်းအကျင်းပုံစံကို အထက်မြန်မာနိုင်ငံ ပျူမြို့ဟောင်းများ၌ မတွေ့ရပေ။ သို့ရာတွင် ပျူမြို့ဟောင်းကြီးများတွင် တွေ့ရှိရသော လက်ရေးစင်းအမှတ်အသားပါ မြေမီးဖုတ်အုတ်ချပ်များကို သထုံမြို့ဟောင်း အတွင်းမြို့ရိုးကုန်း၊ အဆောက်အအုံကုန်းနှင့် အပြင်ဘက်ရှိခံတပ်များတွင် တွေ့ရှိရခြင်း၊ ဒင်္ဂါး၊ ပုတီးစေ့များကို တွေ့ရှိရခြင်းတို့ကြောင့် သထုံမြို့ဟောင်းသည် ပျူခေတ်မြို့ဟောင်းများနှင့် ခေတ်ပြိုင်ဖြစ်နေသည်ဟု ဆိုရပေမည်။


မြေမီးဖုတ်ကချေသည် (ကြံ့တူ)


မြေမီးဖုတ်ကချေသည် (ဝင်းက)


မြေမီးဖုတ်ရုပ်ကြွအပိုင်းကျိုး(ဝင်းက)


မြေမီးဖုတ်ရုပ်ကြွအပိုင်းကျိုး(ကြံ့တူ)



# အနီးဝန်းကျင်မှ မြို့ဟောင်းများနှင့် နှိုင်းယှဉ်ခြင်း

သထုံဒေသတွင် သထုံမြို့ဟောင်းတစ်ခုတည်းသာ တည်ရှိခဲ့သည်မဟုတ်ပဲ ပျူမြို့ဟောင်းများနှင့် ခေတ်ပြိုင်ဟုယူဆရသော မြို့ဟောင်းနေရာများစွာရှိပါသည်။ ၎င်းတို့မှာ ကျိုက္ကသာ၊ ဇုတ်သုတ်နှင့် စမွါနဂိုရ်(လက္ကွန်းဗျည်း) မြို့ဟောင်းကြီးများ၊ ကော့ထင်း၊ လိပ်ခုံး၊ မရမ်းကုန်း(ဆိတ်ကျွန်း)၊ ကတိုက်ကြီး၊ ကတိုက်ကလေး စသော မြို့ဟောင်းများဖြစ်ကြသည်။ ထိုမြို့ဟောင်းများ၏ မြို့ရိုးများနှင့် အဆောက်အဦး ကုန်းဟောင်းများ၌ ပျူမြို့ဟောင်းများတွင် တွေ့ရသော လက်ရေးစင်အမှတ်အသားပါ မြေမီဖုတ် အုတ်ချပ်များ၊ ဒင်္ဂါး၊ ပုတီးစေ့များကို တွေ့ရှိရသည်။ ထို့ကြောင့် အောက်မြန်မာနိုင်ငံ သထုံဒေသသည် အထက်မြန်မာနိုင်ငံ ပျူမြို့ဟောင်းများနှင့် ခေတ်ပြိုင်ထွန်းကားခဲ့သော ဒေသတစ်ခုဖြစ်နိုင်ပါသည်။ ဒေသအတွင်း တစ်စုတစ်ဝေးတည်းတွေ့ရသော မြို့ဟောင်းကြီးများနှင့် မြို့ဟောင်းငယ်များကိုတစ်ပြိုင်တည်းတည်ခဲ့ခြင်းထက် တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်းတည်ထောင်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။ ထို့ကြောင့် ခေတ်ကာလအားဖြင့် ရှည်လျားသော သက်တမ်းကိုဖော်ညွှန်းလျှက်ရှိသည်။ သို့ရာတွင် သထုံဒေသအတွင်း ရှေးဟောင်းသုတေသနတူးဖော်မှုလုပ်ငန်းများကို ယခုအခါ စတင်ခါစ အခြေအနေသာရှိသေး၍ သထုံခေတ်မြို့ဟောင်းများကို တိကျသက်တမ်း(Absolute Dating) မပေးနိုင်သေးပေ။

သထုံ(သုဝဏ္ဏဘူမိ)ခေတ် ရှေးမြို့ဟောင်းများအနက် သထုံသည် နောက်အကျဆုံးမြို့ ဖြစ်ကြောင်း၊ ထိုမြို့သည် ခရစ် ၁၀၅၇ ခုနှစ်၌ ပျက်သုန်းသွားခဲ့ကြောင်းကို ရာဇဝင်မှတ်တမ်းများအရ သိရှိရ၏။ ဇုတ်သုတ်၊ ကျိုက္ကသာ၊ ကတိုက် စသောမြို့များအကြောင်း ရာဇဝင်မှတ်တမ်း မတွေ့ရတော့ပေ။ ယင်းတို့သည် သထုံမတိုင်မီကမြို့များ ဖြစ်ဖွယ်ရှိပါ၏။ သထုံပျက်ပြီးနောက် ခရစ် ၁၃ ရာစုတွင် မုတ္တမမြို့ ဆက်လက်ထွန်းကားခဲ့သည်။ ယခု သထုံနယ်မှ ဂေါ့၊ ဈေးမသွယ်၊ ရင်းငြိမ်၊ အိဝဲ၊ အိဗျစ်၊ လက္ကွန်းဗျည်း၊ ဒုံဝန်း၊ တိုက်ကလား(အရက်သမ)၊ ယင်းအုံနှင့် စစ်တောင်းမြို့ဟောင်းများသည် မုတ္တမမြို့ရုံ (၃၂)မြို့နယ် စာရင်းဝင်မြို့များဖြစ်ကြပါသည်။ စစ်တောင်း၊ တိုက်ကလား၊ ဈေးမသွယ်နှင့်ဒုံဝန်းတို့၏ အရွယ်အစားမှာ သထုံမြို့နှင့်နှိုင်းစာလျှင် အလွန်သေးငယ်ကြ၏။ ကျန်သောမြို့များမှာ မြို့ရိုးမြို့တာပင်အထင်အရှားမရှိကြပေ။ ထို့ကြောင့် သထုံသည် ဒေသအတွင်းပေါ်လွင်ထင်ရှားဆုံး မြို့ဟောင်းကြီးတစ်ခုဖြစ်ကြောင်း တွေ့ရပါသည်။

# ခြုံငုံသုံးသပ်ချက်

သထုံမြို့တည်သော ရက်စွဲကို အစဉ်အလာအရ ဗုဒ္ဓခေတ်နှင့် ခေတ်ပြိုင်ဖြစ်သည်ဟု ဆိုသော်လည်း ရှေးဟောင်းသုတေသန အထောက်အထား မတွေ့ရသေးသဖြင့် စောလွန်းမည်ဟု ထင်ပါသည်။ ယခုအချိန်အထိ သထုံမြို့ဟောင်းကို အချိန်ယူ၍ ကျကျနနတူးဖော်သုတေသနပြုလုပ်နိုင်ခြင်း မရှိသေးသဖြင့် တိကျရက်စွဲ (Absolute Dating )ကို မသိရသေးပေ။ သထုံမြို့ပျက်သုန်းသော ရက်စွဲကိုမူ ဓမ္မစေတီမင်း၏ ပဲခူးကလျာဏီ သိမ်ကျောက်စာ ဖော်ပြချက်အရ ခရစ်နှစ် ၁၀၅၇ (သာသနာနှစ် ၁၆၀၁ ခုနှစ်၊ သက္ကရာဇ် ၄၁၉)ဖြစ်ကြောင်းသိရသည်။ လက်ရှိ သထုံမြို့ဟောင်း၏ မြို့ရိုး၊ မြို့တာနှင့်တကွ ရှေးဟောင်းသာသနိက အကြွင်းအကျန်များ၊ ရုပ်တု၊ ရုပ်လုံး၊ ရုပ်ဝက်၊ စဉ့်ကွင်း၊ ရှေးမွန်ကျောက်စာ စသောမြေပြင်တွေ့ အထောက်အထားများသည် သထုံမြို့ မပျက်မီက သမိုင်းအထောက် အထားများပင် ဖြစ်ပါသည်။

သထုံ၊ ပဲခူးနှင့် သရေခေတ္တရာ အစရှိသော အောက်မြန်မာနိုင်ငံတွင် တွေ့ရသော ဗုဒ္ဓဝါဒဆိုင်ရာ ရုပ်တုတော်များမှာ အိန္ဒိယနိုင်ငံ ဂုပ္ပတခေတ် ( ခရစ်၄ ရာစု ၈ ရာစုနှစ် )လက်ရာဟန်များသာဖြစ်၍ များစွာရှေးကျဟန် လက္ခဏာမရှိကြောင်း၊ ထို့ပြင် သထုံဗုဒ္ဓသာသနာသည် ဟိန္ဒူအယူဝါဒကြောင့် ဩဇာလွှမ်းမိုးနေခဲ့ဟန်တူကြောင်း၊ သို့ဖြစ်၍ အရှေ့တောင်အာရှသို့ ဗုဒ္ဓသာသနာ ဦးစွာပျံ့နှံ့ရောက်ရှိလာခဲ့သော သုဝဏ္ဏဘူမိအရပ်သည် သထုံမဖြစ်နိုင်ကြောင်း သမိုင်းအယူအဆတစ်ရပ် ရှိခဲ့ပါသည်။ ထိုအယူအဆကို လက်ခံသူများက သထုံ၏ ရှေးကျသော သမိုင်းဟူသည်မှာ ဒဏ္ဍာရီများကို အခြေခံထားသော အစဉ်အလာ စွဲလန်းယုံကြည်မှုများသာဖြစ်သည်ဟူ၍ စောဒက တက်ခဲ့ကြပါသည်။ တကယ်ရှိနေသော သမိုင်းအထောက်အထားများမှာ ခရစ်နှစ် (၄ ရာစု၊ ၇ ရာစု) အထောက်အထားများသာဖြစ်သည်ဟု တင်ပြခဲ့ကြသည်။ သထုံမှအမရာဝတီလက်ရာဟန်( ခရစ်နှစ် ၂ ရာစုမှ ၅ ရာစုနှစ်) ကြေးရုပ်ပွားတော် တစ်ဆူတွေ့ရှိရခြင်းကြောင့် ယခင်က သထုံနှင့် အောက်မြန်မာနိုင်ငံ၌ ဂုပ္ပတခေတ် (ခရစ် ၄-၇ရာစုနှစ်) အထောက်အထားသာတွေ့ရသည်ဟူသော သမိုင်းအယူအဆကို ပြင်ဆင်နိုင်ပေသည်။ သိကြားဘုရား စဉ့်ကွင်းများနှင့် ကလျာဏီ သိမ်နိမိတ်တိုင်ကျောက်ဆစ်ရုပ်များသည် အရှင်မဟာဗုဒ္ဓဃောသ၏ ပါဠိအဋ္ဌကထာကျမ်းများ၌ပါရှိသော ဗုဒ္ဓဝင်သရုပ်ဖော်ဇာတ်ကွက်များပင်ဖြစ်၍ ပုဂံခေတ်တွင် ထိုအစဉ်အလာပိုပြီး အသုံးတွင်ကျယ်ခဲ့ကြောင်းတွေ့ရသည်။ မြန်မာယဉ်ကျေးမှုတွင် ဗုဒ္ဓဝင်ဇာတ်တော်များ၏ အခန်းကဏ္ဍလွှမ်းမိုးထားခြင်းကြောင့် ဟိန္ဒူပြဟ္မဏတို့၏ ရာမာယနဇာတ်တော်များအတွက် နေရာမရှိပေ။ သထုံသာသနာတွင် ဟိန္ဒူဩဇာလွှမ်းမိုးလျှက်ရှိသည်ဟူသော အယူအဆမှာ သိကြားဘုရားမှစဉ့်ကွင်းရုပ်ကြွများကို သိဝနတ်မင်းနှင့် ရာမဇာတ်ကွက် သရုပ်ဖော်ပုံများအဖြစ် အဓိပ္ပါယ်ကောက် မှားယွင်းခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း တွေ့ရပါသည်။

သထုံတွင် ရေးဟောင်းမွန်ကျောက်စာများ အကြွင်းအကျန်အချို့ရှိကြ၏။ ယင်းတို့အနက် ကြာပ်ကျောင်းစာနှင့် ပဏ္ဍိတ်ကျောက်စာတို့တွင် မကုတဟူသော မင်းအမည်ပါရှိ၏။ မြို့တည်၊ နန်းတည်ခြင်း၊ ခံတပ်ဆောက်ခြင်း၊ အစောင့်အရှောက်များထား၍ မြို့ကိုကာကွယ်ရခြင်း စသည့် အကြောင်းများ ရေးထိုးထားသည့် ထိုကျောက်စာ၏ အထက်ပိုင်းပါဠိဘာသာ စာကြောင်းများတွင် "အာဒိကာလေရက္ခပူရ" ဟူသော စာပိုဒ်ကို တွေ့ရသဖြင့် သထုံသည် ရေးလွန်းလေပြီးသောကလာ၌ "ရက္ခပူရ" အမည်ဖြင့် တည်တန်ခဲ့ဖူးကြောင်း သိရ၏။ ၎င်းပါဠိဘာသာ စာကြောင်းများမှာပင် "နမောသဗ္ဗဗုဒ္ဓါ" ဟူသော စာပိုဒ်ဖြင့်စ၍ နှစ်ကျိပ်ရှစ်ဆူဘုရားဘွဲ့တော်များကို ရေးထားသော "အဋ္ဌဝီသတိ ပရိတ်တော်" ဂါထာပါရှိ၏။ ယင်းဂါထာကို မြန်မာနှင့် သီဟိုဠ်နိုင်ငံတို့တွင် ရွတ်ဆိုကြမြဲဖြစ်ကြောင်း သိရပါသည်။ သထုံမြို့ဟောင်းခေတ်က သီဟိုဠ်နှင့် ကူးလူးဆက်ဆံမှုရှိခဲ့ကြောင်း အထောက်အထားတစ်ခု ဖြစ်ပါသည်။

သထုံကျောက်စာမှ "မကုတ" ဟူသော မင်းအမည်ကို နောက်လူတို့က မနောဟ (မနူဟာ)ဟု အဖတ်မှားခဲ့ဟန်တူသည်ဟု ပါမောက္ခလုစ်က ဆိုပေသည်။ မိုက်ကယ်အောင်သွင်ကမူ "မကုတ" ၏အမည်သည် မုတ္တမမင်းဆက်ကို တည်ထောင်သူ "မကဒူး" မင်း၏ညီတော် "မကဒါ" အမည်ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ၎င်းသထုံမွန်ကျောက်စာများသည် ပုဂံခေတ်ထက် မစောနိုင်ကြောင်း၊ မုတ္တမ မွန်ခေတ်အထောက်အထားသာဖြစ်နိုင်ကြောင်း အဆိုပြုတင်ပြခဲ့သည်။ စစ်စစ် "မကုတ" နှင့် "မနဟာ" သည် လူတစ်ယောက်တည်း ဖြစ်နိုင်သကဲ့သို့ တစ်ဦးစီလည်းဖြစ်နိုင်ပါသည်။ ၎င်းပဏ္ဍိတ်နှင့် ကြာပ်ကျောက်စာများတွင် ရက်စွဲရေထိုးထားခဲ့ခြင်း မရှိပေ။ အကယ်၍ ယင်းတို့သည် သထုံမြို့ ပျက်သုန်းချိန်ရောက်မှ ရေးထိုးသော ကျောက်စာဖြစ်ခဲ့လျှင် မနဟာမင်းနှင့် သက်ဆိုင်ပေလိမ့်မည်။ ထိုသို့မဟုတ်ပဲ သထုံမြို့ စည်ပင်ကောင်းစားနေစဉ် အခါ၌ရေးထိုး ထားခဲ့ခြင်း ဖြစ်ခဲ့လျှင် မကုတသည် မနဟာနှင့် ထပ်တူဖြစ်တော့မည် မဟုတ်ပေ။ သထုံကျောက်စာလက်ရေးကို ပုဂံခေတ်ဦး မွန်ကျောက်စာလက်ရေးနှင့် ယှဉ်ကြည့်ပြီး ခရစ် ၁၁ ရာစု အထောက်အထားဟု ကျောက်စာပညာရှင်များ ခန့်မှန်းကြသည်မှာ အကြောင်းပုတ္တိခိုင်လုံသည်ဟု ဆိုနိုင်ပါသည်။ သို့သော် သရေခေတ္တရာ ကျောက်အရိုးအိုးပျူစာလက်ရေးနှင့် ပုဂံရာဇကုမရကျောက်စာ ပျူဘာသာလက်ရေးတို့များစွာ ကွဲလွဲမှုမရှိကြောင်း သတိပြုဆင်ချင်ဖွယ်ဖြစ်ပါသည်။

သထုံဒေသမှာ မုတ္တမကွေ့ပင်လယ် ကမ်းရိုးတန်းတွင် တည်ရှိပြီး အိန္ဒိယမှ အရှေ့တောင်အာရှကိုဖြတ်၍ တရုပ်နှင့်ပင်လယ်ရေးကြောင်း ကုန်စည်ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းပေါ်တွင်ရှိသည်။ သထုံမှ အရှေ့ဘက်သို့ ဘုရားသုံးဆူတောင်ကြားလမ်းမှတစ်ဆင့် မဲနာမ်မြစ်ဝှမ်းနှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသများသို့ ကုန်သွယ်ရေးလမ်းကြောင်းတစ်သွယ်လည်း ပေါက်ရောက်လျက်ရှိ၏။ ထို့ကြောင့် သထုံသည် ခရစ်နှစ်ဦးကာလလောက်မှစ၍ အရှေ့တောင်အာရှဒေသအတွင်း ကုန်ဖလှယ်ရောင်းဝယ်ရာ ဆိပ်ကမ်းမြို့တစ်ခုဖြစ်ဖွယ်ရှိပါသည်။ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသအတွင်းကုန်ဖလှယ်ရောင်းဝယ်ရာ၌ သုံးစွဲခဲ့သော ရေးဟောင်းငွေဒင်္ဂါးများကို သထုံ၊ ဘားအံ၊ ဝင်းကနှင့် ကျိုက္ကသာ မြို့ဟောင်းများတွင် တွေ့ရှိရပါသည်။ လက်ရှိ သထုံမြို့ဟောင်း၏ မြို့ရိုးများ၊ ကျုံးများနှင့်နန်းတော်ရာကုန်းများ၏ အနေအထား ကိုကြည့်လျှင် မုတ္တမပင်လယ်ကွေ့ ဒေသအတွင်းအရေးပါသော မင်းနေပြည် မြို့ကြီးတစ်ခုဖြစ်ခဲ့ကြောင်း တွေ့နိုင်ပါသည်။

မုတ္တမပင်လယ်ကွေ့ ကမ်းရိုးတန်းမှာ ဂဝံကျောက်ခေတ် (Laterite Culture) တစ်ရပ် ထွန်းကားခဲ့ပါသည်။ သထုံမြို့ရိုးများကို ဂဝံအုတ်ချပ်များဖြင့် တည်ထားခြင်း၊ စေတီပုထိုးများကို ဂဝံအုတ်ဖြင့် ဆောက်လုပ်ခြင်း၊ ဒေသအတွင်း ဂဝံကျောက်ဆစ်ရုပ်တုများ တွေ့ရခြင်းတို့မှာ သထုံမြို့ဟောင်း၏ ထူးခြားချက်ဟု ဆိုနိုင်ပါသည်။ ၎င်းဂဝံအုတ်များ၏ သက်တမ်းကို ခန့်မှန်းရန် ခဲယဉ်းပါသည်။ သို့ရာတွင် ဂဝံအုတ်နှင့်တွဲလျက် တွေ့ရသော မြေမီးဖုတ် အုတ်ချပ်များသည် အလွန်ရှေးကျကြောင်းကို ၎င်းအုတ်ချပ်ပါ လက်ရေးစင်းအမှတ်အသားသင်္ကေတများအရ ခန့်မှန်းနိုင်ပါသည်။ သထုံဒေသအတွင်း လက်ရေးစင်အုတ်ချပ်များကို ကျိုက္ကသာ၊ ကြံ့တူ၊ ဝင်းက၊ အယက်သည်မ၊ ဇုတ်သုတ်၊ ကော့ထင်း၊ ဘားအံ၊ မော်လမြိုင်၊ မုဒုံနှင့် ထားဝယ် သာဂရ မြို့ဟောင်း အစရှိသော ဒေသအနံ့အပြား နေရာများတွင် တွေ့ရခြင်းကြောင့် သထုံခေတ်မြို့ပြယဉ်ကျေးမှု ပျံ့နှံ့တည်ရှိရာ နယ်မြေမှာ မုတ္တမပင်လယ်ကွေ့ တစ်ခုလုံးနီးပါး ပျံ့နှံ့သည်ဟု

ဆိုနိုင်သည်။ သို့ဖြစ်၍ သထုံမြို့ကောင်းစားစဉ်အခါ မုတ္တမပင်လယ်ကွေ့ ဝန်းကျင်တစ်ခုလုံး၏ဗဟိုချက် မြို့ကြီးတစ်မြို့ဖြစ်နိုင်ပါသည်။

ဖော်ပြပါ လက်ရေးစင်အုတ်ချပ်များ တွေ့ရသော မုတ္တမပင်လယ်ကွေ့ဝန်းကျင်းမှ ရှေးမြို့ဟောင်းနေရာ များသည် ပုဂံမတိုင်မီက တည်ဆောက်ထားခဲ့ခြင်းဖြစ်သည်။ သထုံမြို့ဟောင်းတည်ဆောက်ပုံမှာ ကျိုက္ကသာ၊ ဇုတ်သုတ်၊ ကော့ထင်း၊ ကတိုက်ကြီးစသော သထုံအနီးဝန်းကျင်မှ မြို့ဟောင်းများ တည်ဆောက်ထားပုံနှင့် ဆင်တူနေပါသည်။ ၎င်းတို့၏ အပြင်ဝန်းပတ်လည် မြို့ရိုးပုံသဏ္ဌာန်သည် အဝန်းအဝိုင်းပုံမျိုးဖြစ်၏။ အတွင်းထပ်မှာ လေးထောင့်ပုံသဏ္ဌာန်ရှိ၏။ ၎င်းအတွင်းထပ်များကို အရစ်အထပ် အရေအတွက်များများ တည်ဆောက်ထားခြင်းကိုလည်း တွေ့ရပါသည်။ ၎င်းမြို့တည် အစဉ်အလာကို သထုံမြို့ဟောင်းတွင် ထပ်မံတွေ့ရှိရခြင်း ဖြစ်ပါသည်။ ဥပမာ - သထုံမြို့ဟောင်း၏ မြောက်ဘက်မြို့ရိုးကို ရေတွက်လျှင် (၅)ထပ်မျှရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ရှေးမြို့ဟောင်းကြီးများ၏ အတွင်းထပ်နှင့် အပြင်ထပ် မြို့ရိုးအထပ်များများ တည်ဆောက်ထားခြင်း အစဉ်အလာကို သထုံမြို့ဟောင်းဒေသအတွင်း၌သာ တွေ့ရခြင်းက ဒေသ၏ထူးခြားချက်တစ်ရပ်ဟု ဆိုရပါမည်။ ထို့ပြင် သထုံမြို့ဟောင်းနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် သုဝဏ္ဏဘူမိခေတ် အထောက်အထားများကိုသာမက သမိုင်းမတင်မီခေတ် အထောက်အထားများလည်း တွေ့ရှိခဲ့ပြီးဖြစ်သည်။ ယင်း အထောက်အထားများသည် အောက်မြန်မာနိုင်ငံ သထုံဒေသအတွက် ပုဂံခေတ်ထက်စောသည့် အထောက်အထား များပင်ဖြစ်သည်။



## ရှေ့ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည့် သုတေသနလုပ်ငန်းများ

သထုံဒေသသည် ရာဇဝင်အထောက်အထားအရလည်းကောင်း၊ ရှေးဦးကွင်းဆင်းသုတေသနတွေ့ရှိချက်များနှင့် မျက်မှောက်ခေတ် သုတေသနတွေ့ရှိချက်များအရ လည်းကောင်း၊ သုဓမ္မဝတီ၊ သုဓမ္မပူရ၊ သုဝဏ္ဏဘူမိ အစရှိသည့် အမည်များဖြင့် ရှေးဟောင်းမြို့ပြယဉ်ကျေးမှုထွန်းကားရာဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ယခု ခရီးစဉ်မှာ သထုံခရိုင်အတွင်းရှိ သထုံမြို့နယ်တစ်ခုတည်းကိုသာ ကွင်းဆင်းခဲ့ရပါသည်။ ကျန်သော ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်များကိုလည်း နောက်ထပ် ကွင်းဆင်းအဖွဲ့များ စေလွှတ်ရန် လိုအပ်ပါဦးမည်။ ၄င်းအပြင် သထုံဒေသနှင့် ဆက်စပ်မှုရှိသော မော်လမြိုင်ခရိုင်ကိုလည်းကောင်း၊ ကရင်ပြည်နယ်ဘားအံခရိုင်စသော ဒေသများကိုလည်းကောင်း ဆက်လက်၍ သုတေသနပြုရန် လိုအပ်ပေဦးမည်။ သို့မှသာ ဒေသကြီးတစ်ခုလုံး (Regional Basic Unit) အတွက် ခြုံငုံပြီး နားလည်သဘောပေါက်နိုင်ပေလိမ့်မည်။



*မရမ်းကုန်းမြို့ဟောင်း ဆိပ်ကျွန်းရွာ အရှေ့ပိုင်းမှ အုတ်ကုန်းဟောင်းတစ်ခု*



သထုံမြို့ဟောင်း လိပ်အင်းရပ်ကွက်ရှိ မြို့ရိုးဟောင်းတစ်ပိုင်းပုံ



သထုံမြို့ဟောင်း လိပ်အင်းရပ်ကွက်ရှိ မြို့ရိုးဟောင်းတစ်ပိုင်းပုံ

ယခုကွင်းဆင်းခရီးစဉ်မှာ ပဏာမအဆင့်သာဖြစ်၍ စနစ်တကျတိုင်းတာမှတ်သားစစ်ဆေးခြင်း (Surveying) နှင့်တူးဖော်သုတေသနပြုခြင်း (Excavation)တို့ကို မဆောင်ရွက်နိုင်ခဲ့သေးပါ။ ယင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရပါဦးမည်။ တူးဖော်ရန်မလွယ်သည့် သထုံမြို့ပေါ် ရပ်ကွက်များကဲ့သို့ ခေတ်သစ်လူနေ အိမ်ခြေများအောက် နစ်မြုပ်နေသော နေရာများကို စနစ်တကျ ထောက်လှမ်းစစ်ဆးသည့် (Reconnaissance Survey) နည်းကို သုံးသင့်ပါသည်။ ၎င်းနည်းသည် တူးဖော်ခြင်းထက် ငွေအကုန်အကျသက်သာသော နည်းစံနစ်တစ်မျိုးဖြစ်ပါသည်။

တူးဖော်သုတေသနပြုခြင်(Excavation)ကို ဆောင်ရွက်သည့်အခါ အဆောက်အအုံ ကုန်းဟောင်း(Structural Mound) ကို တူဖော်ခြင်းအပြင်၊ အဆောက်အအုံမှ ကင်းလွတ်သော လူနေမှုမြေလွှာ(Habitation Site)ကို ရွေး၍ အနက်နှိုက်တူးခြင်း(Vertical Digging) ကိုလည်း ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ကျောက်ခေတ်မှ သတ္တုခေတ်လူနေမှုသို့ မည်သို့ကူးပြောင်းလာခဲ့ကြောင်း အထောက်အထားရနိုင်မည်ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် သထုံမြို့ဟောင်းခေတ်မြို့ဟောင်းကုန်းများ (သထုံ၊ ဆင်ဖြူကျွန်း၊ ကတိုက်ကလေး၊ ကတိုက်ကြီး၊ မရမ်းကုန်း)နှင့် ၎င်းတို့၏ မြို့ရိုးဟောင်း၊ ကျုံးဟောင်း၊ စေတီဟောင်းကုန်းများကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းတို့အနက်မှ သင့်တော်မည့်နေရာကို ရွေးချယ်သတ်မှတ်၍ ဆက်လက်သုတေသနပြုရန် ရှိပါသည်။

သထုံမြို့ဟောင်းကြီးတွင် မြောက်ဘက်ပိုင်း သမီးတော်ကုန်း၊ မြေနီကုန်း၊ ပေါ်တော်မူစသော နေရာဒေသများမှာ လူနေရပ်ကွက်နှင့် လွတ်ကင်းသဖြင့် တူးဖော်ရေးအခက်အခဲ သိပ်မရှိနိုင်ပါ။ ဆင်ဖြူကျွန်း၊ ကတိုက်ကလေး၊ ကတိုက်ကြီး၊ မရမ်းကုန်းတို့မှာ ဆက်သွယ်သွားလာရေး အခက်အခဲ အနည်းငယ်ရှိ၏။ ကျောက်ခင်းတာရိုးလမ်းဖြင့်သာ ဆက်သွယ်သွားလာရ၏။ သို့ရာတွင် သထုံမြို့ဟောင်းခေတ် ယဉ်ကျေးမှုသက်သေအထောက်အထားရရန် မျှော်လင့်နိုင်သည့်အနေအထား ရှိပါသည်။

အထူးသဖြင့် ကတိုက်ကြီးမြို့ဟောင်းသည် စံပြနမူနာကောင်းမြို့ဟောင်းတစ်ခုဟု ဆိုလောက်သည်။ ၎င်း၏ ဧက(၇၀)မျှ ကျယ်ဝန်းသော မြို့ကွက်ကိုပင် ရှေးဟောင်းပြကွက်(Open Museum)တစ်ခုအဖြစ် သတ်မှတ်ဖော်ထုတ်ပေးရန်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ ၎င်း၏အလယ်ဗဟိုချက်(နန်းရာကုန်း)၌ ဧက(၃၀)မျှ ကျယ်ဝန်းသော လေးထောင့်ပုံမြို့ကွက်မှာ မြို့ရိုးသုံးထပ်နှင့် ကျုံးနှစ်ထပ်ပတ်လည်ရံလျက် မြေပြင်ပေါ် အထင်းသားပေါ်နေသည့် အနေ အထားမျိုးကို အခြားမည်သည့်နေရာတွင်မျှ တွေ့နိုင်တော့မည် မဟုတ်ပေ။ ကျိုက္ကသာ၊ ဇုတ်သုတ်၊ ဒုံဝန်း၊



*ကတိုက်ကြီးမြို့ရိုး တစ်နေရာ*



*သထုံမြောက်ဘက်မြို့ရိုး တစ်နေရာ*

သထုံ စသောမြို့ကွက်များလို သစ်ပင်၊ သစ်တော၊ ဥယျာဉ်၊ နေအိမ်၊ တိုက်တာ၊ စသည်တို့ ဖုံးလွှမ်းထားခြင်းအလျဉ်းမရှိပဲ တွေ့ရမည်မြင်ကွင်းမှာ ရှေးမြို့ဟောင်းတစ်ခု၏ သဘောသဘာဝကို ချက်ချင်းနားလည်သဘောပေါက်စေနိုင်ပါသည်။ သထုံမြို့ကြီးပေါ်ထွန်းလာရန် အခြေခံလူနေမှုကုန်းတစ်ခုဖြစ်၍ ဖော်ထုတ်ပေးသင့်ပါသည်။ ထိုကုန်းပေါ်မှ တွေ့ရသော အုတ်ကုန်းငယ်အခြောက်ခုကိုလည်း နမူနာအဖြစ် တူးဖော်သုတေသနပြုမည်ဆိုပါက သထုံမြို့ဟောင်းခေတ် အထောက်အထားများ ရနိုင်မည်ဟု မျှော်လင့်ရပါသည်။

ဤ သထုံမြို့ဟောင်း ကွင်းဆင်းသုတေသနအကြောင်းအရာများကို အပြီးမသတ်မီ လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်က သထုံမြို့ကို မြန်မာနိုင်ငံသမိုင်းကော်မရှင်မှ ဗိုလ်မှူးဘရှင်၊ ရန်ကုန်တက္ကလိုလ် အရှေ့တိုင်းရာဇဝင်အထူးပါမောက္ခဆရာကြီး ဂျီအိပ်ချ်လု(စ်)တို့နှင့် အတူသွားရောက်၍ ကွင်းဆင်းသုတေသနပြုခဲ့သော ရန်ကုန်တက္ကသိုလ် ပထဝီပါမောက္ခဒေါက်တာဒေါ်သင်းကြည် (သမိုင်းကော်မရှင်အဖွဲ့ဝင်)၏ "သုဝဏ္ဏဘူမိ သထုံမြို့ဟောင်းလေ့လာချက်များ" ဆောင်းပါး (စစ်ပညာဂျာနယ်၊ အတွဲ ၃၊ အမှတ် ၂၊ ၁၉၅၈ ခု၊ ဇွန်၊ စာ ၁၄၆-၁၅၃ )မှ နိဒါန်းစာပိုဒ်ကို ကောက်နုတ်ဖော်ပြလိုပါသည်။ ၎င်းဆောင်းပါးတွင် " ကြာလျှင် အထောက်အထားများ ပျောက်ရတော့မည်" ဟု အစချီလျှက် -

> သထုံမြို့၏ အခြေအနေ၊ ကျုံးနှင့် မြို့ရိုးများ၊ နန်းတော်ရာ၊ ခံတပ်ဟောင်း စသည်တို့ကို ၁၉၅၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့ တွင် မြန်မာနိုင်ငံသမိုင်းကော်မရှင် ကော်မတီအဖွဲ့ဝင်တစ်ဦး အနေဖြင့် ကွင်းဆင်းသုတေသနပြုခဲ့ရပါသည်။ ပုဂံပြည့်ရှင်အနော်ရထာမင်း သထုံကို စစ်မက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် ခရစ်သက္ကရာဇ် ၁၀၅၇ ခုနှစ်မှစ၍ ရေခဲ့သည်ရှိသော် နှစ်ပေါင်း ၉၀၁ နှစ်ရှိချေပြီ။ မွန်တို့ကို မြန်မာများ စစ်မက်အောင်မြင်ပြီးခဲ့သည်ကစ၍ သထုံမြို့လည်း မင်းနေပြည်မှ ရွေ့လျော၍ မြို့ငယ်တစ်ခုအဖြစ် ယခုတိုင်အောင်တည်ရှိခဲ့ရာ လူနေအဆက်မပြတ်ရှိခဲ့ခြင်း၊ လူအများ မြို့အနှံ့နေထိုင်ခဲ့ကြခြင်း၊ မင်းမရှိသဖြင့် မြို့ရိုး၊ ကျုံးစသည်တို့လည်း ပြုပြင်မှုမရှိခဲ့ခြင်း စသည့်တို့ကြောင့် ကျုံးများကောကြပေပြီ၊ မြို့ရိုးများလည်း အချို့နေရာတို့၌ ရေးရေးမျှသာ တွေ့မြင်ရ၍ အချို့နေရာတို့၌ကား လုံးဝပျောက်ကွယ်နေသည်ကို တွေ့ရှိရလေသည်။ ယခုအခါ၌ မြို့မြောက်ဘက်ရှိ မြို့ရိုးများအနီးပတ်ဝန်းကျင်တို့နှင့် အချို့နေရာတို့၌ မြို့ရိုးတို့တွင် ဂဝံကျောက်များတူးနေကြရာ ယခုကဲ့သို့သာ ဂရုမပြုပဲထားပါက ကြာသော်မြို့ရိုးများပါ တဖြည်းဖြည်းပျောက်ကွယ်သွားမည်ကို စိုးရိမ်ဘွယ်ရာတွေ့ရှိရပေသည်။

ဟူ၍ ရေးသားတင်ပြခဲ့ပါသည်။



*လက်ရှိသထုံမြို့ကို မြသပိတ်တောင်ခြေတွင် မြင်ရပုံ*

ယခုလက်ရှိ သထုံမြို့ဟောင်းအခြေအနေသည် လွန်ခဲ့သော အနှစ်(၅၀)ထက်ပို၍ ပွန်းတီး၊ ပျက်စီးမှုရှိမည်မှာ မလွဲပေ။ "စိုးရိမ်ဘွယ်ရာ" ဖြစ်နေပါသည်။ ထိုအခြေအနေကို ထိန်းသိမ်းနိုင်ရန် အနီးကပ်ကြီးကြပ်မှုလိုအပ်ပါသည်။ အခြားသော မြို့ဟောင်းကြီး (ဗိဿနိုး၊ တောင်တွင်းကြီး၊ ရွှေဘို၊ တကောင်း၊ ပဲခူး၊ သရေခေတ္တရာ၊ မြောက်ဦး)တို့တွင် ရှေးဟောင်းသုတေသနဌာနရုံးခွဲများဖွင့်လှစ်၍ စောင့်ရှောက်သကဲ့သို့ သထုံတွင် ရှေးဟောင်းသုတေသနရုံးခွဲမရှိ သေးပေ။ သထုံသည် ရှေးဟောင်းနှင့် သမိုင်းတန်ဖိုးကြီးမားသည်ဆိုသော်လည်း သုတေသနဆောင်ရွက်မှုတွင် သိမ်ငယ်နေဆဲဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် မြန်မာ့စွယ်စုံကျမ်း(စာမျက်နှာ - ၄၇၆-၉) သထုံမြို့အကြောင်း ဖော်ပြချက်မှ စာတစ်ပိုဒ်ကို ကောက်နုတ်ဖော်ပြလိုပါသေးသည်။

> ရှေးသထုံပြည်၏ မြို့တော်နေရာသည် ယခုခေတ် သထုံမြို့တည်ရာ အရပ်ပင်ဖြစ်ကြောင်း သုတေသန အထောက်အထားများအရ သိရပေသည်။ အချို့သမိုင်းဆရာများကမူ ပါဠိဘာသာဖြင့် ဂေါဠမတ္တိကနဂရခေါ် ကေလာသတောင်ခြေရင်းရှိ အယက်သည်မ ရွာနေရာဖြစ်သည့် တိုက်ကုလားမြို့ဟောင်းသည် ရှေးသထုံမြို့တည်ရာဟုဆိုပြန်သည်။ သာသနာသက္ကရာဇ် ၁၃၇ ခုနှစ်တွင် သထုံပြည်ကို ရေလွှမ်းမိုး၍ ပျက်သည်နှင့် သက္ကရာဇ် ၁၄၄ ခုနှစ်တွင် သထုံမြို့ဟောင်းတောင်ဖက် ကေလာသတောင်အနီးတွင် မြို့သစ်တည်ရသည်။ မင်းဆယ်ဆက်စိုးစံပြီးမှ မြို့ဟောင်းသို့ ပြန်ပြောင်းရသည်ဟု ဆိုပြန်လေသည်။

အထက်ပါကောက်နုတ်ချက်တွင် သထုံမြို့တည်နေရာအရွှေ့အပြောင်း မည်မျှရှိခဲ့ကြောင်း မပေါ်လွင်ရုံသာမက သထုံမြို့တည်ရှိမှုမှာလည်း မသေချာသလို ဖြစ်ခဲ့ရသည်။ သထုံသည် မြို့နေရာများစွာတွင် ကျယ်ကျယ်ပြန့်ပြန့် တည်နေသော မြို့ဟောင်းကြီးဖြစ်၏။ တိုက်ကုလားမြို့(သုဝဏ္ဏဘူမိ)တူးဖော်ခဲ့စဉ် သထုံအစား ကေလာသတောင်ခြေရင်းမှ တိုက်ကလားမြို့ဟောင်းရာကို ဦးစားပေးရွေးချယ်ခဲ့သည်။ ယင်းတိုက်ကုလားမှာလည်း မြို့ဟောင်းနှစ်ခု (အယက်သမနှင့် ဝင်းက)ရှိနေပြန်၏။ စင်စင် သထုံသမိုင်းဖော်ထုတ်ရန် မြို့ဟောင်းတစ်ခုမျှကိုသာမက သထုံနှင့် အနီးပတ်ဝန်းကျင်မှ ခေတ်ပြိုင်ဟုယူဆရသော အခြားမြို့ဟောင်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုရန် လိုအပ်မည်ဖြစ်ပါသည်။ ရှေးဟောင်းသုတေသန စူးစမ်းလေ့လာမှုတွင် (Site Unit )နေရာတစ်ခု၊ (Local Unit) နယ်တစ်ခုနှင့် (Region Unit) ဒေသတစ်ခုဟူ၍ အဆင့်ဆင့်လွှမ်းခြုံမိအောင် ဆောင်ရွက်သင့်ပါသည်။



*သထုံမြို့ဟောင်း မြောက်ဘက် စတုတ္ထမြို့ရိုးကို တူးဖြိုထားလျက်တွေ့ရပုံ*

တစ်နေရာတွင် တစ်ရာသီ နှစ်ရာသီမျှ သုတေသနပြုပြီး နှစ်အကြာကြီးဆိုင်ငံထားခြင်းမျိုးလည်း မရှိ၊ မဖြစ်ကောင်းပေ။ သုဝဏ္ဏဘူမိ သထုံမြို့ဟောင်းဒေသဟုဆိုနိုင်သော စစ်တောင်းမြစ်ဝနှင့် သံလွင်မြစ်ဝကြားရှိ ရှေးဟောင်းနေရာအားလုံး ဖော်ထုတ်ပြီးမှသာ သုဝဏ္ဏဘူမိသမိုင်း ပေါ်လာမည်ဖြစ်ပါသည်။

သထုံဟုဆိုလျှင် ခေတ်ဆက်ဆက် ခေတ်ကြီးငါးခေတ်မျှ ထင်ရှားအောင် ဖော်ထုတ်ပေးရပါမည်။

(၁) ဘုရားမပွင့်မီကာလ၊ ရသေ့နှင့် သိကြား တည်ပေးသည်ဆိုသော မြို့ရိုး (၇)ထပ်၊ ကျုံး(၇)ထပ်နှင့် သထုံမြို့များ (ကျိုက္ကသာ၊ ဇုတ်သုတ်)။

(၂) ဘုရားပွင့်တော်မူပြီး ကြွလာ၍ တရားဟောခြင်း၊ ဆံတော်ပေခြင်းပြုရာ သထုံမြို့ (ဘီစီ-ဖြာစုနှစ်) (သုဘိန္နနဂရ) (ကျိုက်ထီးရိုး၊ ဇွဲကပင်၊ ဇင်းကျိုက် စသော ဆံတော်ဘုရားများ)၊

(၃) ဘုရားပရိနိဗ္ဗာန် စံဝင်ပြီးနောက် အနှစ်(၃၀၀)ကျော် တတိယသင်္ဂါယနာတင်အပြီး ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်စဉ် အရှင်သောဏ နှင့် ဥတ္တရတို့ ကြွရောက်တော်မူခဲ့သည်ဆိုသော သထုံမြို့ (သုမ္မဝတီ၊ သုဝဏ္ဏဘူမိ) (သာသနာနှစ် ၂၃၅၊ ဘီစီ ၃၀၉) (အယက်သမ၊ ဝင်းက၊ တိုက်ကုလား)

(၄) အရှင်မဟာ ဗုဒ္ဓဃောသမထေရ်ကြွလာပြီး ပိဋကတ်တော်များ ဆိုက်ရောက်လာခဲ့သည်ဆိုသော သထုံမြို့ (အေဒီ ၅ ရာစု) (ပိဋကတ်တိုက်စေတီ၊ ဖောင်တော်ဦးစေတီနှင့်ယခုသထုံမြို့ရှိမြို့ဟောင်း)

(၅) ပိဋကတ်တော်များကို အကြောင်းပြု၍ ပုဂံအနော်ရထာမင်းက တိုက်ခိုက်သိမ်းယူရသည်ဆိုသော သထုံမြို့ (အေဒီ ၁၁ ရာစု) (ယခု သထုံမြို့ရိုးနှင့် ခံတပ်ကုန်းများ)

ဟူ၍ သထုံခေတ်ကြီး (၅)ခေတ်ရှိခဲ့ကြောင်း အစဉ်အလာ မှတ်သားလာခဲ့ကြပါသည်။ ယင်းအစဉ်အလာဆိုရိုးစကားမည်မျှ မှန်ကန်ကြောင်း ခေတ်သစ်သိပ္ပံနည်းကျ သုတေသနပြုခြင်းက အဖြေရာပေးရမည်ဖြစ်သည်။ သို့မှသာ သုဝဏ္ဏဘူမိ အမှန်ဖြစ်ကြောင်း သက်သေထူပြနိုင်ပေလိမ့်မည်။

ယခုအခါ ခေတ်သစ်သမိုင်းပညာရှင်အချို့က "သထုံဟူသည် တကယ်ပင်မရှိ၊ စိတ်ကူးထဲတွင်သာရှိသည်" ဟုဆိုပါသည်။



*သထုံမြို့ရိုး အရှေ့မြောက်ထောင့်နေရာသို့ မြန်မာသမိုင်းအဖွဲ့ နှင့် သမိုင်းသုတေသနကွင်းဆင်းအဖွဲ့ ဆိုက်ရောက်လာခဲ့စဉ်*

> For the historical reality is that
>
> Sona and Uttara had nothing to do with the )origin of Theravade Buddhism in Burma ..... there was no conquest of Thaton by Aniruddha in 1057; and as a consequence Lower Burma did not "Civilize" Upper Burma

စသည်ဖြင့် ရေးသားတင်ပြလာသည်ကို တွေ့ရပေသည် (Aung Thwin, The Mists of Ramañña, the Legent that was Lower Burma, Honolulu, University of Hawai Press, 2005-p 321)

အချို့ကလည်း အနော်ရထာ (အနုရုဒ္ဓဒေဝ) တိုက်ခိုက်ခဲ့သော သထုံသည် အောက်မြန်မာနိုင်ငံမှ သထုံမြို့ မဟုတ်ကြောင်း၊ ယခု ယိုးဒယား(ထိုင်း)နိုင်ငံ နကွန်ပထုမ်မြို့သာလျှင် ဖြစ်ကြောင်း (Tha Hla, Dr, Thaton and Nokorn Pathom, SHIROKU, No 16, Kyoto, 1981) ရေးသားဖော်ပြ ပြန်သည်။ အကျိုးဆက်ကား သုဝဏ္ဏဘူမိသည် ယခုထိုင်းနိုင်ငံပင်ဖြစ်သည်ဟူသော အဖြေထွက်ခဲ့ပါသည်။ ဤသို့ဖြင့် မြန်မာတို့ ဂုဏ်ယူဝင့်ကြွားခဲ့ကြသော ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေအမြစ် သုဝဏ္ဏဘူမိ၊ သထုံမြို့ဟောင်းသည် တိမ်မြုပ်နေရာမှ ပျောက်ကွယ်လုလုဖြစ်ရပါသည်။ ပြန်လည်ဖော်ထုတ်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်သည်လည်း သေးငယ်လှမည်မဟုတ်ပေ၊ အချိန်၊ ငွေကြေးနှင့် ကျွမ်းကျင်သူများလိုအပ်ပါမည်။

ယခုအခါ ရှေးမြို့ဟောင်းဒေသများသည် ခရီးသွားလုပ်ငန်းနှင့်လည်း ဆက်နွယ်နေပြီး၊ သထုံဒေသသည် ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်၊ မော်လမြိုင်၊ ဘားအံ စသောပြည်နယ်မြို့ကြီးများ ခရီးစဉ်လမ်းကြောင်း၌ ကျရောက်တည်သည်ဖြစ်ရာ၊ သုဝဏ္ဏဘူမိခေတ် ရှေးဟောင်းနေရာများကို ဖော်ထုတ်ပေးနိုင်မည်ဆိုပါက ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းသာမက ခရီးသွားလုပ်ငန်းအတွက်လည်း အထောက်အပံ့ဖြစ်စေနိုင်ပေလိမ့်မည်။



*ကျိုက္ကသာမြို့ဟောင်း ဘုရားတစ်ထောင်ကုန်းမှ ဂဝံစေတီတစ်ဆူကို မပြုပြင်မီတွေ့ရစဉ်*

အချို့မြို့ဟောင်းများသည် လမ်းမကြီးနှင့် ကွာလှမ်းနေသေးသဖြင့် ဆက်သွယ်ရေးခက်ခဲလျက်ရှိ၏။ ၎င်းတို့ ပေါ်ထွက်လာစေရန် လမ်းသစ်၊ လမ်းကောင်းများ ဖောက်လုပ်ခြင်း၊ ခရီးသည်များ နားနေစားသောက်စရာ နေထိုင်ခင်း စီစဉ်ပေးခြင်းများလည်း မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။ ဒေသခံပြည်သူများ အသိပညာတိုးပွားရေးနှင့် ရှေးဟောင်း ပစ္စည်းထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဒေသအတွင်း ပြတိုက်ငယ်(Site Museum)များ တည်ထောင်ပေးခြင်းလည်း လိုအပ်ပါမည်။ သထုံတွင် ရွှေစာရံဘုရားပြတိုက်နှင့် ကျောက်စာရုံသာရှိ၍ ရှေးဟောင်းပြတိုက်မရှိသေးပေ။ ဇုတ်သုတ်တွင် ကျိုက်ထီးစောင်းရင်ပြင်နှင့် တွဲလျက်ဂဝံပြခန်းတစ်ခုရှိ၏။ ကျိုက်ထီးဆောင်းဘုရား ဆင်တပ်မြင်းတပ်တို့နှင့် မြို့ရိုးများ ကြည့်စရာရှိ၏။ ကျိုက္ကသာနှင့် ဝင်းကတွင် ပြတိုက်မရှိသေးပေ။ ကျိုက္ကသာဘုရားတစ်ထောင်ကုန်းမှာ သဘာဝအတိုင်း ပြတိုက်တစ်ခုသဖွယ် တင့်တယ်စွာရှိ၍ ကျိုက်ကသာ မြို့ဟောင်းနှင့်တွဲပြီး ခရီးသွားဧည့်သည်များ လည်ပတ်ကြည့်ရှုစရာဖြစ်အောင် ဖန်တီးပေးသင့်ပါသည်။

သထုံသည် ပုဂံမတိုင်မီက မြို့တော်တစ်ခုဖြစ်ကြောင်း အငြင်းပွားဘွယ်မရှိပါ။ မြေပေါ်တွေ့အထောက်အထား မျှလောက်နှင့်ပင် ကျောက်ခေတ်မှကြေးခေတ်၊ သံသတ္တုခေတ်များအဆင့်ဆင့် လူနေမှုမပြတ်မလပ်ရှိခဲ့ကြောင်း ခန့်မှန်း နိုင်ပေသည်။ ပိုမိုခိုင်မာသော အထောက်အထားများဖြင့် သထုံမြို့ဟောင်း သမိုင်းဖော်ထုတ်ရေးအတွက် လုံ့လစိုက် ထုတ်ကြိုးပမ်းကြရန်သာ လိုအပ်ပါသည်။





*ဘုရားတစ်ထောင်ကုန်းမှ ဂဝံပစ္စည်းအချို့နှင့် ရှေးဟောင်း လက်ရေးစင်းအုတ်ချပ်များပုံ*

## နိဂုံး

မွန်လူမျိုးတို့သည် ခရစ်နှစ်အစဦးပိုင်းကာလမှစ၍ စစ်တောင်းမြစ်နှင့်သံလွင်မြစ် နှစ်သွယ်စပ်ကြားဒေသတွင် ရာမညဒေသဟုခေါ်သော မွန်မင်းပြည်ထောင်တစ်ခုကို တည်ထောင်လျက် အတည်တကျနေထိုင်လာခဲ့ကြပါသည်။ ၎င်းမွန်ပြည်ထောင်၏ ဗဟိုချက်မသည် သုဓမ္မဝတီခေါ် သထုံပြည်ပင်ဖြစ်၍ သုဝဏ္ဏဘူမိ သို့မဟုတ် "ရွှေမြေ"ဟူ၍လည်းခေါ်ကြ၏။ သုဝဏ္ဏဘူမိဆိုသည်မှာလည်း ဘင်္ဂလားပင်လယ်ကွေ့ ပတ်ဝန်းကျင်ဒေသကိုလည်းကောင်း၊ အရှေ့တောင်အာရှကုန်းတွင်းပိုင်း တစ်ခုလုံးကိုသော်လည်းကောင်း ရည်ညွှန်းပြောဆိုမှုများရှိပါသည်။ အစဉ်အလာဆိုစကားအရ ဗုဒ္ဓဘုရားရှင်လက်ထက်မှစ၍ သီဟရာဇာမင်းသည် သုဝဏ္ဏဘူမိမြို့တော်ကို တည်ထောင်ခဲ့သည်ဟုဆို၏။ သီဟိုဠ်ရာဇဝင်တစ်စောင်ဖြစ်သော "မဟာဝံသ" ကျမ်း၌ ခရစ်နှစ်အကြို ၃ ရာစုနှစ်အတွင်း အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ ကြီးမှူးသော ဗုဒ္ဓသာသနာပြုအဖွဲ့သည် သုဝဏ္ဏဘူမိသို့ ဆိုက်ရောက်လာခဲ့ပြီး သာသနာပြုတော်မူကြောင်းဖော်ပြထား၏။ ရာဇာဓိပတိ (ဓမ္မစေတီ) မင်းကြီး၏ ကလျာဏီသိမ်ကျောက်စာတွင် သောဏနှင့်ဥတ္တရမထေရ်တို့ ဆိုက်ရောက်လာခဲ့သော သုဝဏ္ဏဘူမိမြို့ဟောင်းနေရာကို "ယောဋမတ္တိက" ခေါ် တိုက်ကုလားမြို့ဟောင်းဖြစ်ကြောင်း၊ ယခုဘီးလင်းမြို့နယ်ကေလာသတောင်ခြေရင်း၊ သထုံမှမိုင် (၃၀) ခန့်အကွာရှိ အယက်သမရွာ၌ရှိကြောင်း ဖော်ပြထားသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် သထုံမြို့မှ အရှင်မဟာဗုဒ္ဓဃောသမထေရ်ကြီးသည် အေဒီ ၄၀၀ ခန့်၌ သီဟိုဠ် (သီရိလင်္ကာ) သို့ ကြွသွားတော်မူပြီး ဗုဒ္ဓပိဋကတ်ကျမ်းစာများကို မွန်ဘာသာအက္ခရာဖြင့် ရေးကူး၍ သထုံသို့ ပင့်ဆောင်တော်မူခဲ့ကြောင်း ဖော်ပြပါရှိသည်။ ၎င်းမထေရ်ကြီးနှင့်ပတ်သက်သော သမိုင်းအထောက်အထားများအပေါ် သမိုင်းပညာ ရှင်အချို့က ဒွိဟသံသယစိတ်ဖြင့် သုံးသပ်ဝေဖန်ခဲ့ကြသည်။ သို့သော်လည်း ပျူဒေသနှင့် မွန်တို့ဒေသတွင် ခရစ်နှစ် ၅ ရာစု၌ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားနေခဲ့ကြောင်း ရှေးဟောင်းသုတေသနအထောက်အထားများ သက်သေခံလျက်ရှိသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးက ဆက်လက်၍ ပုဂံပြည်မှအနော်ရထာမင်းကြီး (၁၀၄၄-၁၀၇၇) သည် သထုံကို စစ်ချီတက်တိုက်ခိုက်ပြီး သထုံဘုရင်မနုဟာမင်းကို အောင်မြင်သောအခါ မင်းနှင့်တကွ ပိဋကတ်တော် အစုံသုံးဆယ်ကို ပုဂံပြည်သို့ယူဆောင်သွားကြောင်း၊ ထိုစဉ်အခါမှစ၍ သထုံပြည်သည် ပုဂံနိုင်ငံ၏ လက်အောက်တွင် အေဒီ ၁၃ ရာစုနှစ်အထိ ကျရောက်သွားခဲ့ကြောင်း ဖော်ပြပါသည်။

မွန်မြို့တော်ဟောင်း အကြွင်းအကျန်တို့သည် မုတ္တမပင်လယ်ကွေ့ပတ်ဝန်းကျင်ဒေသ၌ အနှံ့အပြားတည်ရှိနေပါသည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း သစ်တောဌာနညွှန်ကြားရေးမှူးဦးအောင်မြင့် (သစ်တောဓါတ်ပုံအင်ဂျင်နီယာ) သည် ကောင်းကင်ဓါတ်ပုံများကို ဖတ်ရှုလေ့လာပြီးလျှင် မုတ္တမပင်လယ်ကွေ့ပတ်ဝန်းကျင်ဒေသရှိ ကျိုက္ကသာ၊ တိုက္ကလား၊ ဇတ်သုတ်၊ သထုံ၊ စမွဲနဂို (မော်ဘီ)၊ မြို့ဟောင်းကြီးများနှင့် ကော့ထင်း၊ စစ်တောင်း၊ လိပ်ခုံး၊ ကကတစ်၊ မုသင်၊ ဇွဲဂလာ၊ မရမ်းကုန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေး၊ ဆင်ဖြူကျွန်းအစရှိသော မြို့ဟောင်းကုန်းငယ်များကို ဖော်ထုတ်ပေးခဲ့ပါသည်။

ကျိုက္ကသာ (မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၂၁ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ်) သည် မုပ္ပလင်နှင့် ကျိုက်ထိုဘူတာတို့အကြား၌ရှိ၏။ မြို့ဟောင်း၏အပြင်မြို့ရိုးသည်ပုံသဏ္ဌာန်အတိအကျမဆိုနိုင်သော အလျားရှည်ဝန်းဝိုင်းသည့်အသွင်ရှိသည်။ အရွယ်အစားမှာ အလျား အရှေ့နှင့်အနောက် ၂၅၀၀ မီတာခန့်နှင့်အနံ တောင်မြောက် ၁၀၀၀ မှ ၂၀၀၀ မီတာခန့်ရှည်လျားကျယ်ဝန်းသည်။ အရှေ့ဘက်ပိုင်းမှာ ကျယ်ပြန့်၍အနောက်ဘက်သို့ ကျဉ်းမြောင်းသွားပြီး ပင်လယ်ကွေ့ကမ်းရိုးအစပ်သို့ရောက်သည်။ အတွင်းထပ်မြို့ရိုးများသည် (၇) ထပ်ခန့်ရှိ၏။ ၎င်းမြို့ထောင့်များသည် ကွေးဝိုက်နေလျက်ရှိ၏။ အကျယ်ဆုံးအတွင်းထပ် မြို့ကွက်သည် အချင်း ၇၅၀ မီတာခန့်ရှိ၏။ အလယ်ဗဟိုတွင် ကျိုက်ခနံဟု ဘွဲ့အမည်တွင်လျက်ရှိသော စေတီတစ်ဆူအား ဝန်းရံထားလျက်ရှိသည်။

ကျိုက္ကသာမြို့ဟောင်းသည် အထူးသဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော ရှေးဟောင်းသုတေသနနှင့် သမိုင်းဆိုင်ရာ နေရာတစ်ခုပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်း၏ မြို့ကွက်ပုံသဏ္ဌာန်ထူးထွေဆန်းပြားပုံနှင့် ထိုမြို့ဟောင်းကို

မုတ္တမပင်လယ်ကွေ့ထိပ်စွန်းနေရာ၌ တွေ့ရှိရခြင်းကြောင့်ပင်ဖြစ်သည်။ ဤကဲ့သို့တည်နေပုံအနေအထားသည် ပင်လယ်ပြင်သို့ အလွယ်တကူဝင်ထွက်သွားလာနိုင်ခြင်း၊ ကုန်းတွင်းပိုင်းနှင့်လည်း ဆက်စပ်မှုရှိခြင်းစသော အခွင့်အလမ်းများရှိကြောင်းဖော်ပြနေပါသည်။ ကျိုက္ကသာမြို့ဟောင်းသို့ ကွင်းဆင်းသုတေသန ခရီးများထွက်ခဲ့စဉ်က ၎င်း၏ အပြင်ထပ်မြို့ရိုးနှင့်အတွင်းထပ်မြို့ရိုးများမှ လက်ရေးစင်းအုတ်ချပ် (အုတ်မျက်နှာပြင်တစ်ဖက်တွင် လက်ချောင်းဖြင့် အစင်းကြောင်းများရေးခြစ်ထားသောအုတ်) မြောက်များစွာကိုမှတ်တမ်းတင်ခဲ့ရပါသည်။ ၎င်းလက်ရေးစင်း အုတ်ချပ်ဓလေ့မှာ အထက်မြန်မာနိုင်ငံတွင် ပျူမြို့ဟောင်းကြီးများ၌ တွေ့ရခြင်းဖြစ်၍ ပျူအုတ်ဟုအလွယ်တကူ ခေါ်ကြသော်လည်း ခေတ်ကိုပိုင်းခြားသတ်မှတ်၍ ပျူခေတ်ဓလေ့ဆိုင်ရာအုတ်ဟူ၍သာခေါ်သင့်၏။

ကျိုက္ကသာမြို့ဟောင်းမှ မြောက်ဘက်မိုင် ၂၀ ခန့်အကွာစစ်တောင်းမြစ်၏ အရှေ့ဘက် ကမ်းပေါ်ရှိကွမ်းဆိပ် (ဘန်းမြို့ဟောင်း) တွင် ပါဠိဘာသာဖြင့် ဗုဒ္ဓအဘိဓမ္မာတရားတော် ကောက်နုတ်ချက်များရေးထိုးထားသော ကျောက်စာတစ်ချပ်တွေ့ရသည်။ ယင်းကျောက်စာ၏ လက်ရေးမှာ ခရစ် ၅-ရာစုနှစ်ခန့်က အိန္ဒိယတောင်ပိုင်း ကဒမ္ဗဒေသလက်ရေးနှင့် ဆင်တူပေသည်။ သရေခေတ္တရာတွင်တွေ့ရသော မောင်ဂံရွှေပေချပ်များမှ လက်ရေးနှင့်လည်းနီးစပ်မှုရှိသည်။ ကျိုက္ကသာအနီး စစ်တောင်းမြစ်၏ အနောက်ဘက်ကမ်းပေါ်ရှိ ကျုံတူ (ဝေါမြို့) တွင်လည်းကျိုက္ကသာနှင့်အလားတူ ယဉ်ကျေးမှုအထောက်အထားများကို တွေ့ရပါသည်။ ကျုံတူတွင်လက်ရေးစင်းအုတ်ချပ်များကိုသာမက ၎င်းအုပ်ချပ်များဖြင့် စီထားသော အုတ်တံတိုင်းနံရံတွင်ကပ်စီထားသည့် မြေမီးဖုတ်ရုပ်ကြွချပ်များကိုလည်းတွေ့ရသည်။ ထိုရုပ်ကြွများသည် နွားတိုက်ပွဲ၊ ဆင်များဖြင့် စီးချင်းထိုးဟန်၊ မြင်းများဖြင့်စီးချင်းထိုးဟန်၊ သီဆိုတီးမှုတ် ကခုန်မြူးတူးနေသောလူတစ်စုပုံ၊ ခြင်္သေ့သတ္တဝါပုံ စသည်တို့ဖြစ်ကြ၏။ ခြင်္သေ့ရုပ်ကြွပုံမှာထူးခြား၏။ သတ္တဝါကောင်၏ လည်ပင်းကိုသံကြိုးဖြင့်ချည်နှောင်ထားလျက်၊ ထိုကြိုးစအစွန်းကို လူနှစ်ယောက်ကကိုင်ကာ နောက်မှဆွဲထားပုံဖြစ်သည်။ ခြင်္သေ့သတ္တဝါသည် ကိုက်မည့်ဟန်မာန်ဖီလျက်ရှိ၏။ ၎င်း၏ရှေ့တွင် လူတစ်ယောက်က ကြောက်လန့်တကြား ထွက်ပြေးနေပုံဖြစ်သည်။ ဤရုပ်ကြွချပ်များ၏ သက်တမ်းကို ခရစ် ၈-ရာစုနှစ်ထက် နောက်မကျနိုင်ကြောင်းခန့်မှန်းမိပါသည်။

ဇုတ်သုတ်မြို့ဟောင်းသည် ကျိုက္ကသာမြို့ဟောင်း၏တောင်ဘက် မိုင် ၂၀ ခန့်အကွာ၌ ရှိ၏။ ကေလသတောင်နှင့်ဆိုလျှင် ၎င်း၏တောင်ဘက်မလှမ်းမကမ်းအကွာ၌ရှိ၏။ မြို့ဟောင်းအတွင်း ဗဟိုကုန်းပေါ်တွင် ရှေးဟောင်းဂဝံအုတ်ချပ်ဘိနပ်တော်ပေါ်၌ ရှစ်မြောင်ပနက်ဖြင့် ကျိုက်ထီးဆောင်း (ကျိုက်ထီးစောင်း)ခေါ် စေတီတစ်ဆူရှိသည်။ ထိုစေတီ၏အနောက်မြောက်ဘက်တွင် ဆင်တပ်မြင်းတပ် (ဆင်ထပ်မြင်းထပ်) ဟုခေါ်သော ဂဝံကျောက်အုတ်စီမြို့တံတိုင်းကြီးရှိသည်။ ၎င်းတံတိုင်းကြီးသည် ခြင်္သေ့ရုပ်နှင့်ဆင်ရုပ်များပါသော ရုပ်ကြွပုံများကို ဂဝံကျောက်ပြားပေါ်တွင် ထုပြီး မြို့တံတိုင်းနှင့်ကပ်လျက်စီထားသည်။ လက်ရှိတံတိုင်းအမြင့် မှာ ၈-ပေရှိသည်။ မူလက တစ်မိုင်ခန့်ရှည်လျားမည်ဟု ဆိုကြသော်လည်း ယခုအခါ ၃၆၀-ပေခန့်သာကျန်တော့၏။ ကောင်းကင်ဓါတ်ပုံပေါ်တွင်တွေ့ရသော ဇုတ်သုတ်မြို့ဟောင်းကို ဦးအောင်မြင့်က ဖေါ်ထုတ်ပေးသည့်အခါ ထီးစောင်းဘုရား၏ပတ်ပတ်လည်တွင် မြို့ရိုးနှင့် ကျုံးထပ်များ ပေါ်ထွက်လာပါသည်။ ၎င်းအနီးမြောက်ဘက်ရှိ ဇုတ်သုတ်ရွာကြီးကုန်းကိုလည်း မြို့ရိုးနှင့်ကျုံးထပ်ဝိုင်းပတ်ထားပုံကို တွေ့ရ၏။ ထို့ကြောင့် ဇုတ်သုတ်မှာ ဇုတ်သုတ်ရွာကြီး မြို့ဟောင်းနှင့်ဇုတ်သုတ်ရွာကလေး (ကျိုက်ထီးစောင်း) မြို့ဟောင်းကုန်းဟူ၍ မြို့ကွက်နှစ်ခု ထင်ရှားစွာတွေ့ရပါသည်။ ဇုတ်သုတ်သည် ကျိုက္ကသာမြို့ဟောင်းနှင့်လည်း ပုံသဏ္ဌာန်ချင်းနီးနီး စပ်စပ် ဆင်တူနေပေသည်။ ဇုတ်သုတ်နှင့်အနီးပတ်ဝန်းကျင်ရှိ ဇွဲဂလာ၊ ဝိုင်းပတ်၊ မုသင်၊ ကကတစ်၊ လိပ်ခုံ၊ ကော့ကတွဒ် စသောမြို့ကွက်ငယ်များ၌ ကျိုက္ကသာတွင်တွေ့ရသည့်နည်းတူ လက်ရေးစင်းအုတ်ချပ်အထောက်အထားများကို တွေ့ရှိရပါသည်။

တိုက္ကလား (ယောဋ္ဌမတ္ထိက) သည် ကေလာသောတောင် (ဘီးလင်း) ၏အနောက် မြောက်ဆင်ခြေလျှောပေါ်တွင် ယခုအယက်သမရွာ၌ရှိ၏။ ၁၉၇၄-၇၅ ခုနှစ်တွင် တိုက္ကလား မြို့ဟောင်း၏မြို့ရိုးကို တူးဖော်သုတေသနပြုသည့်အခါ ထိုမြို့ရိုးကို ခရစ် ၁၅-ရာစုနှစ်ခန့်က ပြန်လည်၍ အားဖြည့်တည်ဆောက်ထားခဲ့ကြောင်းသိရှိရ၏။ ထိုမြို့ဟောင်းကို ကွင်းဆင်း သုတေသန (၂၀၀၀ ပြည့်နှစ်) ပြုသည့်အခါ လက်ရေးစင်းအုတ်ချပ်များကို ရှာဖွေတွေ့ရှိရ သောကြောင့်

ဤမြို့ဟောင်းသည် ၁၅-ရာစုနှစ်ထက် ပို၍ရှေးကျနိုင်ကြောင်း ခန့်မှန်းနိုင်ပါ သည်။ အယက်သမရွာမှတောင်ဘက်ကပ်လျက် ဝင်းကရွာ၌လည်း ၁၉၇၅-၇၆ခုနှစ်များအတွင်း အုတ်ကုန်းဟောင်းခြောက်ကုန်း (W.K.1-W.K.6) ကို တူးဖော်သုတေသနပြုခဲ့ပါသည်။ ၎င်းတို့မှ ဘုန်းတော်ကြီးကျောင်းလေးကျောင်းနှင့် စေတီဟောင်းတစ်ဆူပေါ်ထွက်လာသည်။ တူးဖော်မှု ပညာရှင်များအဆိုအရ ဝင်းက အမှတ် (၁) (W.K.1) ကုန်းသည် လေးထောင့် ပုံသဏ္ဍာန်ရှိသော အကောက်အခွန်ရုံး အဆောက်အအုံဖြစ်နိုင်ကြောင်း သိရသည်။ ဝင်းက အုတ်ကုန်းများမှ လက်ရေးစင်းအုတ်ချပ်များထွက်ပေါ်နေသည်ဖြစ်၍ အလွန်ရှေးကျကြောင်း ထင်ရှားသည်။ ဝင်းက မှ ခရစ် ၆-ရာစုနှစ် လက်ရေးဖြင့် ကမ္ပည်းစာပါသောအုတ်ခွက်ဘုရား (မြေပုံဘုရား) အချို့ကိုလည်း တွေ့ရပါသည်။ မြေထည်ပစ္စည်းများတူးဖော်တွေ့ရှိသည့် အနက်အချို့မှာ ပျူမြို့ဟောင်းဗိဿနိုးတူးဖော်မှုမှတွေ့ရသောမြေထည်ပစ္စည်းများနှင့် ဆင်တူကြောင်းသိရသည်။ ပျူခေတ်ဓလေ့နှင့်နွယ်သော ကျောက်ပုတီးစေ့များကိုလည်း တူးဖော်တွေ့ရှိရသည်ဟုဆို၏။

သစ်တောမင်းကြီးဦးအောင်မြင့် (သစ်တောဓါတ်ပုံအင်ဂျင်နီယာ) ခေါင်းဆောင်သော သမိုင်းသုတေသနကွင်းဆင်းအဖွဲ့သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အတွင်း အယက်သမနှင့် ဝင်းကမြို့ဟောင်းများသို့ ကွင်းဆင်းလေ့လာခဲ့ကြသည်။ ထိုအခါ လက်ရေးစင်းအုတ်ချပ် တွေ့ရှိမှုအထောက်အထားကို အခြေခံထားလျက်ကေလာသအနောက်တောင်စောင်း ဝင်းကရွာ နေရာ၌အရှည် ၂ မိုင်ခန့်ရှိမည့်မြို့တံတိုင်းတစ်ခုကို ခြေရာခံ၍မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၎င်းမြို့တံတိုင်းသည် ကျောက်တုံးစီမြို့ရိုးဖြစ်ပြီး လက်ရေးစင်းအုတ်ချပ်များဖြင့်ရောနှောတည် ဆောက်ထားသည်။ ယင်းမြို့တံတိုင်းသည် ကေလာသတောင်အနောက်ဘက် ဆင်ခြေလျှောရှိ မြသပိတ်တောင်အထိ (ပေ ၅၀၀ အမြင့်) ရောက်ပြီး မြေပြန့်တွင် ဝင်းကရွာနှင့် တောင်ကြီးရွာတို့ကိုဝိုင်းပတ်ထားသည်။

ဗြိတိသျှကိုလိုနီခေတ်က အစိုးရရှေးဟောင်းသုတေသန အရာရှိများ အဖြစ်အမှုထမ်းခဲ့ကြသော ဒေါက်တာအီး၊ ဖော်ခမ်းမား (E. Forchhammer) နှင့် မစ္စတာတော်စိန်ခို (Mr. Taw Sein Ko) တို့သည် ၁၈၈၇ ခုနှစ်နှင့် ၁၈၉၂ ခုနှစ်တို့တွင် ကေလာသတောင်သို့ ကွင်းဆင်းခဲ့ကြပြီး၊ ဝင်းကရွာနေရာ၌ မြို့ရိုးဟောင်း၊ ကျုံးဟောင်းများကို တွေ့ခဲ့ရကြောင်း အစီရင်ခံတင်ပြခဲ့ကြပါသည်။ ကံအကြောင်းမလှခဲ့သဖြင့် ထိုစဉ်က မှတ်တမ်းတင်ခဲ့သောမြို့ရိုးဟောင်း၊ ကျုံးဟောင်းနေရာများကို ၎င်းတို့ခရီးထွက်ပြီး နောက်ပိုင်းနှစ်များမှာပင် စစ်တောင်း မြစ်ကြောင်း ပြောင်းလဲစီးဆင်းမှုကြောင့် ရေတိုက်စားရာ မြို့ဟောင်းအထောက်အထားများ ပျက်စီးပျောက်ဆုံးသွားခဲ့ရ၏။ ယခုအခါတောင်ခြေနှင့် တောင်ပေါ်နေရာများ၌ ရှိနေသောအကြွင်းအကျန်တစ်စိတ်တစ်ပိုင်းကိုသာ တွေ့မြင်ခွင့်ရတော့သည်။ ၎င်းကွင်းဆင်းသုတေသန ခရီးစဉ်အတွင်း ကျောက်ခေတ်မှစ၍လူနေမှုအထောက်အထားကျောက်လက်နက် ကိရိယာများ၊ ကျောက်ပုတီးစေ့များ၊ ဂဝံကျောက်ဆစ်ခြင်္သေ့ဦးခေါင်းပုံအုတ်ချပ်ကြီးများ၊ မြေမီးဖုတ်ခြင်္သေ့ရုပ်ကြွပုံ အုတ်ချပ်နှင့် ပန်းဒီဇိုင်းပုံများ၊ မြေမီးဖုတ်လူရုပ်လုံး၊ ဒေါင်းရုပ်၊ ငှက်ရုပ်ပုံများ ဂဝံကျောက်ဆစ်စာမရှိသားကောင် (တိုး-)ရုပ်ပုံ၊ ငွေဒင်္ဂါး (သီရိဝစ္ဆနှင့်ခရုသင်းပုံ)၊ ရှေးဟောင်းအိုးခွက်များ စသည်တို့ကိုမှတ်တမ်းတင်ခဲ့ရသည်။

သထုံ (မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ၊ ၅၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၂၂ မိနစ်)သည် အလျားရှည်လေးထောင့်ပုံမြို့ တံတိုင်းနှစ်ထပ်ဝန်းရံတည်ဆောက်ထားသော မြို့ဟောင်းကြီးဖြစ်သည်။ မြို့ရိုးများမှာ ကျောက်တုံးများ၊ ဂဝံအုတ်ချပ်များနှင့် လက်ရေးစင်းအမှတ်အသားပါ မြေအုတ်ချပ်ကြီးများဖြင့် တည်ဆောက်ထားသည်။ မြေအုတ်များ၏ အရွယ်အစားမှာ ပျူခေတ်မြို့ဟောင်းကြီးများ၌ တွေ့ရသောအုတ်ချပ်အရွယ်အစားမျိုးနှင့် အရွယ်တူ အုတ်ချပ်များပင်ဖြစ် သည်။ ၎င်းလက်ရေးစင်းအုတ်ချပ်များပေါ်မှ အရေးအစင်းကြောင်းများ ပုံသဏ္ဍာန်သည် ကျိုက္ကသာမြို့ဟောင်း၊ ဇုတ်သုတ်၊ ဝင်းကစသောမြို့ဟောင်းများမှ အုတ်ချပ်အရေးအစင်းပုံတို့ကဲ့သို့ မျဉ်းဖြောင့်နှင့် မျဉ်းကွေးများပုံပါရှိပြီး၊ အချို့မှာရေလှိုင်း သဏ္ဍာန်အကွေးများဖြစ်သည်။ အရှေ့နှင့်အနောက်ဘက်တို့မှ အတွင်းထပ်မြို့တံတိုင်း၏အရှည်မှာ ပေပေါင်း ၇,၇၀၀ မျှရှိ၍ တောင်ဘက်နှင့်မြောက်ဘက်တို့မှ မြို့တံတိုင်းများမှာ ပေ ၄၀၀၀ ခန့်စီရှည် လားသည်။ မြို့ဟောင်း၏အလယ် ဗဟိုတွင် နန်းတော်ကုန်းဟောင်းကိုတွေ့ရ၏။ ထိုနန်းကုန်း မှာအလျားအရှေ့-အနောက် ပေ ၁၁၅၀ နှင့် အနံ တောင်-မြောက် ၁၀၈၀ ပေခန့်စီရှိ၏။ မျက်မှောက်ခေတ်သထုံခရိုင်မြို့ကြီးသည်

ရှေးဟောင်းသထုံမြို့ကွက်အတွင်း၌ အပြည့်အဝတည်လျက်နေရာယူထားပြီးဖြစ်၍ မြို့ဟောင်းအတွင်းရှိ ရှေးဟောင်းနေရာများပျက်စီး၊ ပျောက်ဆုံးခြင်းအခြေ အနေသို့ ဆိုက်ရောက်သွားကာ မမြင်နိုင်တော့ပေ။

သို့ရာတွင် သထုံမြို့ဟောင်း၏ ပဓာနကျသော ရှေးဟောင်းအထောက်အထားအဖြစ် ရွှေစာရံစေတီတော်ကြီးကို နန်းတော်ကုန်းဟောင်းနှင့် တောင်ဘက်မြို့တံတိုင်းတို့အကြား၌ တွေ့နိုင်ပါသေးသည်။ ရွှေစာရံစေတီပရဝုဏ်အတွင်း၌ သိကြားဘုရားခေါ်မြသိန်းတန် စေတီ၊ ပိဋကတ်တိုက်စေတီများတည်ရှိသည်။ သိကြားဘုရားတွင် မြေမီးဖုတ်ဇာတ်ကြီး ဆယ်ဘွဲ့ သရုပ်ဖော်ရုပ်ကြွချပ်များ ကပ်စီထားလျက်ရှိသည်။ ဘုရားကြီးတောင်ဘက် ကလျာဏီသိမ်ဟောင်းမှ သဲကျောက်ဆစ်နိမိတ်တိုင်များမှာလည်း ၎င်းဇာတ်ကြီးဆယ်ဘွဲ့သရုပ်ဖော်ပုံများ ထုဆစ်ထားသည်ကို တွေ့နိုင်ပါသည်။ ထိုဇာတ်တော်ပုံများမှာ ဝေဿန္တရာဇာတ်၊ ဝိဓုရဇာတ်၊ မဟာဥမင် (မဟော်သဓာ)ဇာတ်၊ ဘူရိဒတ်ဇာတ်၊ တေမိယဇာတ် စသောဇာတ်တော်များကို သရုပ်ဖော်ထားသည်ဖြစ်၍ အရှင်ဗုဒ္ဓဃောသသမိုင်းကြောင်း နှင့်ဆက်စပ်မှုရှိကြောင်း သိနိုင်သည်။ ပုဂံမြို့ဟောင်းတွင်တွေ့ရသော ဖက်လိပ်ဘုရားနှစ်ဆူ၊ ဓမ္မရာဇိက၊ မင်္ဂလာစေတီ အစရှိသော ဘုရားများတွင် တန်ဆာဆင်ထားသော ဇာတ်တော်စဥ့်ကွင်းများနှင့်လည်း ဆက်စပ်မှုရှိနိုင်ပါသည်။ သထုံမှဇာတ်တော်ရုပ်ကြွပုံများ၏ သက်တမ်းကို၎င်းတို့ထုလုပ်မှု ဟန်ပန်အနေအထားအရ ခရစ် ၉ ရာစုမှ ၁၁ ရာစုနှစ်များအတွင်း အနုပညာလက်ရာ ဖြစ်နိုင်ကြောင်း ခန့်မှန်းကြပါသည်။ ရွှေစာရံစေတီပရဝုဏ်အတွင်းမှာပင် သထုံခေတ်ရှေးဟောင်း မွန်ကျောက်စာချပ် အချို့ကိုထိန်းသိမ်းထားပါသည်။ ၎င်းတို့နှင့်အတူ ကျောက်ဆစ်ဗုဒ္ဓရုပ်တုတော်များ မြေမီးဖုတ်ဗုဒ္ဓရုပ်တုများကိုလည်း ဖူးမြော်နိုင်ပါသည်။

သထုံသည်တစ်ချိန်က ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်ကြောင်း အထောက်အထားများရှိပါသည်။ သထုံကို သော်လည်းကောင်း၊ သထုံနှင့်ဆက်စပ်နေလျက်ရှိသော မြို့ဟောင်းငယ်များကိုသော်လည်းကောင်း စနစ်တကျတူးဖော် သုတေသနပြုခြင်းကို မဆောင်ရွက်နိုင်ခဲ့သေးပေ။ ထို့ကြောင့် သုတေသနပညာရှင်တို့သည် သထုံနှင့်၎င်းအနီးပတ်ဝန်းကျင် တို့၌ သိသာထင်ရှားသောရှေးဟောင်းအဆောက်အအုံများတည်ရှိကြောင်း အထောက်အထားများ မတွေ့ရဟု အဆိုပြု ကောက်ချက်ဆွဲခဲ့ကြသည်။ သို့ရာတွင် ကောင်းကင်ဓါတ်ပုံအထောက်အထားကို အသုံးပြု၍သထုံမြို့ဟောင်းကြီးနှင့်တကွ ၎င်းအနီးပတ်ဝန်းကျင်တွင် ရှေးဟောင်းနေရာများတည်ရှိကြောင်း သက်သေထူပြသနိုင်ပြီဖြစ်၏။

သထုံခရိုင်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအထောက်အထားများ အနှံ့အပြားတည်ရှိကြောင်း၊ ဖော်ခမ်းမားမှုအစ မျက်မှောက်ခေတ်သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာရှင်များအထိ ကွင်းဆင်းလေ့လာတွေ့ရှိရသော အချက် အလက်များ၊ ကောင်းကင်ဓါတ်ပုံလေ့လာဖတ်ရှုခြင်းနည်းပညာ(Remote Sensing)အရ ဖော်ထုတ်ထားသော မြို့ဟောင်းရာတည်ပုံ၊ ရှေးလူတို့ဖန်တီးခဲ့သော မြေပြင်အနေအထား (Man-made Land Scape)၊ ရေပေးဝေမှုစနစ် (Water Management System)များအရ သုဝဏ္ဏဘူမိမြို့ဟောင်းဟူသည် မြန်မာနိုင်ငံတွင်ရှိကြောင်း စာရှုသူများ ကိုယ်တိုင်ဆုံးဖြတ်နိုင်လိမ်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ရွှေအဆင်းဝင်းသော သုဝဏ္ဏဘူမိ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးစွာ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်သည် ရွှေနိုင်ငံသားအားလုံး၏ မဟာတာဝန်ကြီးပင် ဖြစ်ပါသည်။

ဦးစံဝင်း
သမိုင်းသုတေသန
၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ၊ (၆)ရက်(တနင်္ဂနွေနေ့)

# --ကျမ်းကိုးစာရင်း

ကိုကို - "ကျိုက္ကသာမြို့ဟောင်း ပထာမတူးဖော်လေ့လာချက်" (၁၉၇၇)

ခင်မောင်ကြီး - "ဝင်းက၊ အရက်သမနှင့် သုဝဏ္ဏဘူမိမြို့ဟောင်းအယူအဆ"၊ ရှာရှာဖွေဖွေ မြန်မာသမိုင်း၊ ဋ္ဌါက်တာသန်းထွန်း(၇၅)နှစ်ပြည့် အထိမ်းအမှတ်စာစောင်(၂)။

ချစ်သိန်း၊ ဦး၊ - မွန်ကျောက်စာပေါင်းချုပ်၊ ရန်ကုန်မြို့ ရှေးဟောင်းသုတေသနဌာန၊ (၁၉၆၅)

ငွေငွေစိုး၊ ဒေါ် - ကျိုက္ကသာမြို့ဟောင်း စတုတ္ထအကြိမ် တူးဖော်သုတေသနလုပ်ငန်း (နောက်ဆက်တွဲ) ပထာမလေ့လာတွေ့ရှိချက်များ အစီရင်ခံစာ၊ ရှေးဟောင်း သုတေသန ဦးစီးဌာန၊ ၂၀၀၁။

စံဝင်း၊ မောင်၊ - "စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်စပ်ကြားရှိ ရှေးမြို့ဟောင်းများအား ပထာမလေ့လာချက်" မဟာဇ္ဈာဘွဲ့ကျမ်း၊ ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာန။ (၁၉၈၆)

စံဝင်း၊ ဦး၊ - "မွန်ပြည်နယ် ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များသို့ သမိုင်းသုတေသန ကွင်းဆင်းခရီး(၂၇-၄-၂၀၀၁ မှ ၇-၆-၂၀၀၁)၊ မြန်မာ့သမိုင်း အဖွဲ့ သုတေသနစာစောင်၊ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်။(၂၀၀၄)

စံဝင်း၊ ဦး၊ - ကျိုက္ကသာနှင့် အနီးဝန်းကျင်မှ အရာဟောင်းများ၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၁။

စံဝင်း၊ ဦး၊ - "ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ပြသတိုက်အုပ်စု၊ တံခွန်တိုင်ကျေးရွာ၊ ရှေးဟောင်းပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်များ လေ့လာရေးခရီး အစီရင်ခံစာ"၊ (၂၀၀၅ခုနှစ်၊ ဇူလိုင်လ)။

စံဝင်း၊ ဦး၊ - "တိုက်ကုလားမြို့ဟောင်း"၊ မြန်မာ့ရှေးဟောင်းမြို့တော်များ၊ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ဖတ်ကြားသောသုတေသနစာတမ်းများ။ (၁၉-၂၀)၊ ၂၀၀၆၊ ဇန်နဝါရီ။

စံဝင်း၊ ဦး၊ မျိုးဦး၊ ဦး - သထုံမြို့ဟောင်း ကွင်းဆင်းသုတေသနအစီရင်ခံစာ၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း) ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ၂၀၀၉ ခုနှစ်၊ ဇွန်လ။

တင်မောင်ထွေး၊ ဦး - ကျိုက္ကသာမြို့ဟောင်း၊ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ဖတ်ကြားသောသုတေသနစာတမ်း များ။ (၁၉-၂၀)၊ ၂၀၀၆၊ ဇန်နဝါရီ။

တင်မောင်ထွေး၊ ဦး၊ - ကျိုက္ကသာမြို့ဟောင်းကိုလေ့လာခြင်း၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၁။

တင်လှသော် - "ရွှေတိဂုံစေတီ၏သက်တော်"၊ ကန်သာစိမ်းလဲ့စာတမ်းများ၊ ရန်ကုန်၊ မင်းလှစာအုပ်တိုက်။ (၁၉၆၉)

တောင်ပေါက်ဆရာတော် - ဗုဒ္ဓသာသနိက ပထဝီကျမ်းကြီး၊ ရန်ကုန်၊ နဒီရောရောင်စုံပုံနှိပ်တိုက်၊
ဦးစက္ကပါလ (ဒုတိယအကြိမ်)(၁၉၈၅)
နိုင်ခင်မောင်လေး၊ ဦး၊ - တိမ်မြုပ်ပျောက်ကွယ်နေသည့် မွန်တို့၏မြို့ပြနိုင်ငံများ၊ ရန်ကုန်၊ ရွှေပြည့်စုံ အော့ဖ်ဆက်၊ ၁၉၉၉။
ပညာ၊ ဦး၊ - မုတ္တမရာဇဝင်ပေါင်းချုပ်နှင့် မုတ္တမစစ်တမ်း စာပေါင်းကျမ်း၊ သထုံမြို့ သုဝဏ္ဏဝတီ ပိဋကတ်ပုံနှိပ်တိုက်။ (၁၉၂၇)
- သထုံရာဇဝင်ပေါင်းချုပ်ကျမ်းကြီး၊ သထုံ၊ သုဓမ္မဝတီ ပုံနှိပ်တိုက်၊ ၁၉၂၇။
ဖာနီဗယ်၊ သတိုးသုဓမ္မနှင့် - ဇမ္ဗူဒီပဥဆောင်းကျမ်း၊ ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်း
ဖေမောင်တင်၊ ဦး၊ (တည်းဖြတ်)။ (၁၉၆၀)
ဖိုးလတ်၊ ဦး၊ - ၁၉၅၇-၅၈ ခုနှစ်၊ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏နှစ်ချုပ် အစီရင်ခံစာ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနဌာန။ (၁၉၅၈)၊
ဖိုးလတ်၊ ဦး၊ - မြန်မာ့ရှေးဟောင်းရာဇဝင်နှင့် ယဉ်ကျေးမှုသုတေသန၊ ရန်ကုန်၊ ပညာနန္ဒာ ပုံနှိပ်တိုက်။ (၁၉၆၂)
ဘရှင်ဗိုလ်မှူး - အနော်ရထာမတိုင်မီက မြန်မာနိုင်ငံ၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။ ၁၉၇၁၊
ဘောဘီ၊ ဒေါ် - သထုံမြို့ဟောင်း၊ ပထမအကြိမ်၊ တူးဖော်သုတေသနလုပ်ငန်း အစီရင်ခံစာ၊ (၁၉၉၉-၂၀၀၀) ခုနှစ်၊ တူးဖော်မှုဌာနစု (အောက်မြန်မာပြည်)၊ ၂၀၀၀ ခု၊ ဇန်နဝါရီ ၄ ရက်။ (၂၀၀၀)၊
မောင်မောင်သိုက်၊ ဦး၊ - ပဲခူးခရိုင် သူရဲသမိန်ကွမ်းဆိပ်သို့ ကွင်းဆင်းသုတေသနခရီး အစီရင်ခံစာ၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင်၊ ၁၉၇၀။
မောင်ဘူး၊ ဦး၊ - ရွှေမောဓောရာဇဝင်သမိုင်း၊ မန္တလေး၊ ပိဋကတ်တော်ပြန့်ပွားရေးဌာန။
မုတ္တမမြို့ ၄၅ ခု စစ်တမ်း - အမျိုးသားစာကြည့်တိုက်၊ ပေအမှတ်-၂၂၇၂။
မြ၊ ဦး(၁၉၆၁) - ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ၊ ရန်ကုန်၊တက္ကသိုလ် ပုံနှိပ်တိုက်။
မြင့်အောင်၊ ဦး - သုဝဏ္ဏဘူမိ တူးဖော်မှုကို ခေတ်ခွဲခြင်း၊
မြင့်သန်းဌွေ၊ ဦး၊ - ကလျာဏီပါဠိကျောက်စာ မြန်မာပြန် (လက်ရေးမူ) မွန်ပြည်နယ်နေ့ အထိမ်းအမှတ်စာစောင်၊ ၁၉၇၇၊ မတ်လ
မြင့်အောင်၊ ဦး(၁၉၇၈)၊ - "သုဝဏ္ဏဘူမိမြို့ဟောင်း သမိုင်းအထောက်အထား"၊ တက္ကသိုလ် ပညာပဒေသာစာစောင်၊ အတွဲ ၁၂၊ အပိုင်း ၁၊ ဇာက်တင်ဘာ၊ ၁၉၇၈။
မြင့်အောင်၊ ဦး(၁၉၇၅)၊ - "သုဝဏ္ဏဘူမိ သို့မဟုတ် တိမ်မြုပ်နေသော ရှေးဟောင်းဒေသတစ်ခု"၊ မြန်မာရှေးဟောင်းယဉ်ကျေးမှုသုတေသန၊ ရန်ကုန်၊ အောင်ချမ်းသာ ပုံနှိပ် တိုက်။
မှန်နန်းရာဇဝင်တော်ကြီး၊ - ပထမတွဲ၊ မိတ္ထီလာမြို့၊ မိဘာဂုဏ် ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၆။
ရည်စိန်၊ ဦး၊ - "လင်(န်)ယန်(င်)နှင့် ဆက်စပ်သော ရှေးဟောင်းမြန်မာနိုင်ငံသမိုင်းတစ်ရပ်"၊ သန်းထွန်း ၇၅မွေးနေ့လက်ဆောင် ရှာရှာဖွေဖွေမြန်မာသမိုင်းအတွဲ- ၂၊ ရန်ကုန်၊ သိန်းထိုက်ရတနာပုံနှိပ်တိုက်၊ ၁၉၉၉။

ရည်စိန်၊ ဦး၊ - "ပျူခေတ်မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေး"၊ နိုင်ငံသမိုင်းသုတေသန စာစောင်အတွဲ ၄၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၉။
- ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၇ - ၅၈ ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာ
ရှမ်း၊ ဦး၊ ဆရာကြီး(၁၉၂၂) - သာသနဝံသစာတမ်း၊ ရန်ကုန်၊ ဗြိတိသျှဘားမား ပုံနှိပ်တိုက်၊ ၁၉၂၂၊ **J.B.R.S, Vol. XL,1921, p.133**
ရွှေနော်၊မောင်၊စစ်ကဲတော်မင်း၊ - မွန်ရာဇဝင်နှင့်စေတီတော်သမိုင်းပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၈၉၉။
လှဲလှဲဝင်း၊ ဒေါ် - သထုံမြို့ဟောင်း၊ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ဖတ်ကြားသောသုတေသနစာတမ်းများ။ (၁၉-၂၀)၊ ၂၀၀၆၊ ဇန်နဝါရီ။
လူဖေဝင်း၊ ဦး(၁၉၅၈) - ကလျာဏီမွန်ကျောက်စာ၊ ရန်ကုန်၊ ရွှေသိန်းပုံနှိပ်တိုက်၊ ၁၉၅၈၊ (တည်းဖြတ်ပြန်ဆို)။
လှတင်၊ ဦး(လယ်တီ) (၁၉၆၂)၊ - ရွှေစာရံသမိုင်း၊ ရန်ကုန်၊ ဂန္ဓမာပုံနှိပ်တိုက်၊ ၁၉၆၂။
သာလှ၊ ဒေါက်တာ(၁၉၅၆) - "ထိုင်းသမိုင်းသုတေသနနှင့် သုဝဏ္ဏဘူမိနေပြည်တော်"၊ ချယ်ရီးမဂ္ဂဇင်း၊ ၁၉၈၆၊ မေလ။
သင်းကြည်၊ ဒေါ်(၁၉၈၅) - "သုဝဏ္ဏဘူမိသထုံမြို့ဟောင်းလေ့လာချက်များ"၊ စစ်ပညာဂျာနယ်၊ အတွဲ ၃၊ အမှတ် ၂၊ ရန်ကုန်၊ စစ်ပညာအသင်း၊ ၁၉၈၅၊ ဇွန်လ။
သန်းထွန်း၊ ဒေါက်တာ၊ - "ကျိုက္ကသာမြို့ဟောင်း"၊ ကွန်ပျူတာသတင်းလွှာဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၈၊ ရန်ကုန်၊ စာအုပ်ဈေးပုံနှိပ်တိုက်၊ ၂၀၀၁။
သန်းထွန်း၊ ဒေါက်တာ၊ - "ကျိုက္ကသာမြို့ဟောင်း ၂"၊ ကွန်ပျူတာသတင်းလွှာဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၉၊ ရန်ကုန်၊ စာအုပ်ဈေးပုံနှိပ်တိုက်၊ ၂၀၀၁။
သန်းထွန်း၊ ဒေါက်တာ - တောင်မြောက်တန်းနှင့် မြန်မာ့မြို့ဟောင်းများ
အောင်မြင့်၊ ဦး၊ - ကောင်းကင်ဓါတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့တော်များ၊
(သစ်တောဓါတ်ပုံ၊ အင်ဂျင် ရန်ကုန်၊ ရောင်စဉ်ပုံနှိပ်တိုက်၊ ၁၉၉၈။
အောင်သော်၊ ဦး၊ - "ရှေးဟောင်းသုတေသနနှင့်ပုဂံ"ပုဂံရက်သတ္တပါတ်ဟောပြောချက်များ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနဌာန၊ ၁၉၆၁။
နီယာ) - "ကျိုက္ကသာမြို့ဟောင်းကို ပဏာမစူးစမ်းလေ့လာခြင်း"၊ သမိုင်းဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၊ (၁၉၈၃)၊၁၉၈၃။
ကျော်၊ ဦး၊ - "ဟံသာဝတီ ၃၂ မြို့စစ်တမ်း"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၁၊ အပိုင်း ၄၊ ၁၉၆၆။
ကျော်၊ ဦး၊ - "မုတ္တမ ၃၂ မြို့စစ်တမ်း"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၅၊ အပိုင်း ၁၊ ၁၉၇၀။

- A Modern Chinese - English Dictionary, Beging, Foreign Language Teaching and Research Press, 2002.

- Aung Myint & Elizabeth Mores, - "Finger Marked Design on Ancient Brick in Myanmar", Journal of Siam Society (J.S.S) Vol 79 Part 2, 1991.

- Aung Thwin Michael,2005 - The mists of Ramanna: the legend that was lOWER Burma. Honolulu: University of Hawaii.

- Amended List of Ancient Monuments in Burma, Rangon Government Printing, Union of Burma. 1960. (Reprint)

- Chhiber, H.L, - The Geology of Burma, Landon, Macmillan and Co, Limited, 1934.

- Furnivall, J.S, I.C.S, - "The History of Syriam", The Journal of the Burma Research Society Vol. V, 1915.

- Furnivall and W.S Morrison, - Burma Gazetteer Syriam District Vol. A, Rangoon, Supdt, Govt, Printing and Stationery, Burma, 1914.

- Hall, D.G.E, - A History of South East Asia, New York, St. Martint's Press, Inc, 1955.

- Harvery, G.E, - History of Burma, London, Frank, Cass and Company Limited, 1967.

- Higham, Carles - Early Culture of Main land Southeast Asia, Bangkok, River Books Ltd., 2002, PP-16 - 21.

- Highan, Carles and Rachanie Thosarat - Prehistoric Thailand, Landon, Thmes and Hudson, 1998

- Lu Pe Win, U - " Buddhaghosa and Burma", J.B.R.S, LV III, Part I, Octover, 1975.

- List of Objects of Antiquarian and Archaeological Interest in British Burma, Printed by the Superintendent, Government Printing, Burma, 1892.

- Lloyd, Malcoim, B.S, - Gazetteer of the District of Rangoon, Pegu Province, Rangoon, Printed and Published by J.Bartholomew, at the central goal press, 1968.

- Luce, Gordon H, - "The Advent of Buddhism to Burma", Buddhist Studies in Hanour of I B Horner, Dordecht-Holland/Boston-USA, D Reidel Publishing Company, 1974.

-Maung Mya, - "Exploration in Burma., Inscriptions from Thaton" A.S.I., 1930 - 34 Vol . I pp 176-196.
- "Terracotta Paques of The Thagyapaya at Thaton" A.S.I 1930 - 34 Vol.I pp 196-230.
- "Pillers with Kalyani Sima, Thaton" A.S.I 1930 -34 Vol.I pp 230-4.

-More, H.Elizabeth 2007 Early Landscapes of Myanmar. Bongkok River Books.

-Myint Aung - "The Capital of Suvannabhumi unearthed"? SHIROKU, No 10, Kagoshima University. Kyoto, 1977, November.

-Myint Aung - The Excavation ofAyetthama and Winka (? Suvvannabhumi), in Studies in Myanmar History, Vol.I, Sssays Given to Than Tun on his 75th Birthday, Yangon, Inwa Publishing House, 1999.

-Phayre, Sir Arthur. - P, History of Burma, London, Trubner & Co., Ludgate hill.

-Saraya, Dhida, (Sri) - Dvaravati, Bangkok, Darnsutta Press Co., Ltd, Maung Boran Publishing Hourse, 1999.

-Than Tun, Dr. - "A Forgotten Town of Burma", WPD, 24 & 25, Feb, 1978.

-Than Tun, Professor - "The Archaeology of Burma", Department of History, Mandalay University, 1980. ( Type Seript )

-Thar Hla, Dr. - "Thaton and NaKorn Pathom", SHIROKU, No.16, Kyoto, 1985.

-Tin Gyi, U.A.T.M, - Burma Gazetteer Thaton District Volume A, Rangoon, Supdt, Govt, Printing and Stationery, Burma, 1931.

-Wales, Quaritch, - "Anuruddha and the Thaton Trdition, J.R.A.S, 1947 pp-152-6.

-Wheatly, Paul - "Nagara and Commandery", University of Chicago, Departmant of Geography, Reserch Paper, 1983.